# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ

---

## အလင်္ကာကျော်စွာ သခင်ကိုယ်တော်မှိုင်း

တည်းဖြတ်၍

ဗိုလ်ချုပ်အောင်ဆန်း၊ စာရေးဆရာ၊
ရှဲဘော်၊ သခင်နှင့် ကျောင်းနေဘက်များ စုပေါင်း ရေးသားသည်။

ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ခွင့်ပြုချက်အရ၊ ဤစာမူ ပိုင်ရှင် ဗိုလ်ချုပ်စာကြည့်တိုက်ဥက္ကဋ္ဌ ဗိုလ်သိမ်းဆွေက ထုတ်ဝေ ဖြန့်ဖြူး၍၊ ရောင်းရသည့်အမြတ်ငွေများမှာ ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ် စာကြည့်တိုက် ရံပုံငွေဖြစ်ပါကြောင်း။

မူပိုင်ရှင်၏ ခွင့်ပြုချက် အမိန့်မရရှိဘဲ မည်သူမျှ တဆင့် ကူးယူဘာသာပြန်ဆို ရေးသားဖော်ပြခွင့်မပြု။

စာအုပ်ရေ ၁၀,၀၀၀။

အမျိုးသားပုံနှိပ်တိုက်။ ၂၄၁-ကြည့်မြင်တိုင်အောက်လမ်း။ အလုံ၊ရန်ကုန်မြို့။
၁၉၅၁ ခု၊ နိုဝင်ဘာလ။

# ရည်ညွှန်းချက်။


မိုလ်ချုပ်အောင်ဆန်းအားထာဝစဉ်မလေးစား
လျက် ဂုဏ်ပြုကျေးဇူးဆပ်သောအားဖြင့် ရာဇဝင်
သမိုင်းတွင် စာတင်စိမ့်သောငှါရင်း။

"မိုလ်ချုပ် အောင်ဆန်း" ကဲ့သို့သော တမျိုး
သားလုံး၏ ခေါင်းဆောင် အာဇာနည် သူရဲ
ကောင်း ပေါ်ပေါက်လာစေခြင်း အကျိုးငှါရင်း။
ပြည်သူလူထုနှင့် အထူးသဖြင့် လူငယ်များသို့ ရည်
ညွှန်း၍ ထုတ်ဝေလိုက်ရပါကြောင်း။

**ထုတ်ဝေရာဌာန**
ရဲဘော်စာအုပ်တိုက်။ အမှတ် ၂၀–ဆိဆုံသမ်း။
စမ်းချောင်း၊ ရန်ကုန်မြို့။



ဗိုလ်ချုပ် အောင်ဆန်းအား
မြန်မာအဝတ်အစားနှင့် ဘိလပ်ညှော်ခံပွဲတွင် ပြုံးရွှင်စွာ
စကားပြောနေပုံ။



ဗိုလ်ချုပ်အောင်ဆန်း မင်္ဂလာဆောင်တခု တက်ရောက်စဉ်
တွေ့မြင်ရပုံ။

# အလင်္ကာကျော်စွာ သခင် ကိုယ်တော်မှိုင်း၏

## နိဒါန်း။



လူမျိုးခြားတို့၏ လက်အောက်၌ ကျွန်သပေါက်ဖြစ်နေရသည့် ကျွန်ုပ်တို့ မြန်မာလူမျိုးတို့ လွတ်မြောက်ရေးအတွက် အသက်နှင့်လဲလှယ် ကယ်တင်ခဲ့ပါပေသော ဗိုလ်ချုပ်အောင်ဆန်း၏အရေးတော်ပုံရာဇဝင်ဟု ခေါ်ဝေါ်လောက်သည့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိစာအုပ်ကို ကြပ်မကြည့်ရှု ပြင်ဆင်ရိုက်နှိပ်နေသူ ဗိုလ်ချုပ်၏လက်ရုံးတဆူဟူလောက်သဖြင့်၊ ဗိုလ်ချုပ်စာကြည့်တိုက်နှင့် "အောင်ဆန်းလိဂ်" အသင်းကြီး၏ ဦးစီး ဥက္ကဋ္ဌ ဗိုလ်ကြီး သိမ်းဆွေသည်၊ ဤအဆိုပါ ဗိုလ်ချုပ် အောင်ဆန်း အတ္ထုပ္ပတ္တိ ရိုက်နှိပ်ပြီးသမျှ (ဖိုင်) တွဲကိုပါ ဆောင်ယူလာ၍ ဆရာအား ပြသသည့်ပြင် အကြင်သို့သော "ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ" စာအုပ်၏ အကြောင်းအရာနိဒါန်းကို ရေးသားစေလိုကြောင်းနှင့် တောင်းပန်ခြင်း အဘိယာစကပြုလေသည်။

ဤသို့ တောင်းပန်သမှုပြုသည့်အတိုင်း၊ မခိုင်းမတွ ထိုနိဒါန ကထာကို ရေးသားမည်ဟု၊ ကြံစည်ရိုးရင်း နှလုံးသွင်းသဘော ယောနိသောမနသိကာရဖြင့်၊ ယင်းသို့သော ရိုက်နှိပ်ပြီး အတ္ထုပ္ပတ္တိ (ဖိုင်) တွဲကို အစကအဆုံးထိ သုံးသပ်ကြည့်စမ်းရာ။ အခန်းကြီး ၂ စာမျက်နှာ (၂၄) (၂၅) များတွင်၊ အောင်ဆန်းသည် သူငယ်အရွယ် ပေမမယ်သေးဟု ဆိုအပ်သော ၃—၄ နှစ်အရွယ်ကပင်....

( က ) သူ၏မိခင် ဒေါ်စုက အကြွေးရစရာရှိသောသူများအား အကြွေးကို မြန်မြန် ပြန်ဆပ်မှ ကောင်းမယ်၊ ကြာလဲကြာပြီ ယခုတပါတ်မှ မပေးမဆပ်လျှင်

ဇိတ်ပျက်သွားမည်ဖြစ်ကြောင်းနှင့် အပူတပြင်း ကြွေးတောင်းနေသည်ကို အနားမှာရှိသော အောင်ဆန်းကလေးက အမ,ရာ ရှိမှ ပေးနိုင်မှာပေါ့ဗျ ဟုဝင်ရောက် ပြောဆိုဘူးကြောင်း။

( ၁ ) ၎င်းပြင် တနေ့သောအခါ၊ တောလက်ကျေးရွာမှ စပါးဝယ်သူများရောက်လာ၍ သူ၏မိခင်ဒေါ်စုက ကဲကဲ-မင်းတို့လိုချင်ရင်လဲ ယူသွားကြတာပေါ့ ငါဝယ်တုံးကတော့ (၆၀) ဈေးနဲ့ ဝယ်ထားတယ်၊ မင်းတို့ လိုချင်ရင်တော့ အရှုံးခံပြီး ပေးလိုက်မယ် (၅၀) ဈေး ထားပေါ့ဟု "မုသားမပါလက်ာမချော" ဆိုသလို၊ ပြောဆိုနေတုံး ထိုအောင်ဆန်းကလေးက သူ၏မိခင်ဒေါ်စုကို မျက်စောင်းထိုးပြီး၊အမ,ခင်ဗျား မဟုတ်တာတွေပြောရှေ့မယ်၊ဒီစပါး (၅၀) ဈေးနဲ့ ယူတားတာဗျ ကျုပ်သိတယ်၊ လိမ်ပြောတာမကောင်းဘူးဟု တလုံးတဆန်း အံ့မခန်း ပြောဆိုဘူးကြောင်းနှင့် ဘတ်ရှုတွေ့မြင်ရပေကြောင်း။

၎င်းကဲ့သို့သော အကြောင်းအရာတို့ကို ကောင်းစွာဘတ်ရှုတွေ့မြင်ရကား၊ရှေးဖျားကာလ သူရိယ သတင်းစာ ပေါ်ထွန်း ထွက်လာသည့် နှစ်ပေါင်း (၄၀) လောက်မှာအချို့သော အင်္ဂလိပ်စာတတ် တို့သည်၊ မိမိတို့ အမည်နာမကို (မောင်) (ကို) (ဦး) စသည်ဖြင့် မသုံးစွဲတော့ဘဲ။ (မစ္စတာ) ဟူသော အမြီးတပ်၍ ဂုဏ်ပြုပ်လုပ်နေခြင်းကို ပယ်ရှင်း သုတ်သင်ကြစ်မှံ့သောငှါ "ဗိုလ်ဋ္ဌိကာ" ဟူးသော စာအုပ်တအုပ်ပြုလုပ်ရေးသားစဉ်က ထိုစာအုပ်အတွင်းမှာ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဟုတ်ဘဲ လူဆင်းရဲတို့အပေါ်မှမတော်လောဘဖြင့် ဓနရှင်လူယုတ်မာတို့ကို လွန်စွာ စက်ဆုပ်ရွံရှာ မုန်းတီးစရာကောင်းကြောင်း ဘော်ထုတ်၍ ကျွန်ုပ်တို့ စိကုံး နှုန်းဖွဲ့ခဲ့ဘူးသည့် တပုဒ်သော လေးချိုးကြီးမှာလည်း အောက်ပါအတိုင်းပင်ဟူ၏။

နယ်ချဲ့ဓနံရှင်၊ အမြတ်ကြီးစား၊
အတိုးကြီးစားတို့ကြောင့် တောင်သူလယ်သမား ဆင်းရဲသားကျောမွဲတို့ဖြစ်ရပုံ။
**အညာ မင်္ဂလာဆောင်ဘွဲ့လေးချိုးကြီး။**

၁။ ကျုပ်တို့အညာမှာ-မင်္ဂလာတမျိုးသာပ၊ အဟုတ်ဗျို့မွေတာ-အစဉ်အလာမညှိုးခဲ့ပေဘု၊ အရိုးသမကျ,ရှေးလိုပ-အဖွါးကလဲ-ကျည်တဆောင်။ (ကိုမင်းရာရယ်) အမျိုးကလဲမသေးပေဘု၊ အဖိုးအဖနှင့်တကွ-မေးကြပါတော့၊ တမျိုး ငါ့မြေးဘို့ရယ်လို့၊ (အိုကွယ်) အဖိုးကပေးလိုက်ပါတဲ့ နွားညီနောင်။ ။

၂။ ဩော်-အမိအဘတို့ကလဲ ပြည့်ပြည့်ဝဝပေမို့၊ ရှိသမျှ ကုန်ချင်ကုန်ရောဟဲ့လို့၊ မယုံရင် ကြိုလျှင်မေးပါတော့၊ အလုံတခွင်မှာ၊ ဂုဏ်အင်ကလဲ မသေးပါဘု၊ မှုံရှေးကြေးမှုံ-ချောင်းဦးနယ်တလွှားဆီက၊ အလုံကျေး အကုန်မှာ-ပြောင်းဖူးသယ်တွေကလှဲ-များလိုက်ပါဘိသနှင့်၊.....ဆွေသားရင်းချာ-ညာတကာ မိတ်တို့ကိုလ၊ အဖေသွားရင်းသာ-လာစရာဖိတ်ခဲ့တာနှင့်၊ ညအိပ်ညနေ-အစုံလာကြ

တော့၊ ချုံစရာအကွက် ဖျင်စောင်နှစ်ခုရဲ့ပြင် ဂုံပုဝါပါ-တဘက်နဲ့ ခြင်ခြံထောင်ကလဲတခုပါဘဲ၊ ....လုပ်မှုကိုင်ဘွယ်-တောလယ်-ယာတခင်းရဲ့ပြင်၊ပြောင်းခင်းတစလယ်ဝင်နှင့်၊ လယ်တရှင်-စပါး နှစ်ဆယ်ထွက်ကိုလ။........ (ကိုမင်းရာရယ်) ရှေးအဆက်ဆက်၊အံကြွေးတက်ပြီး-အဝေး မထွက်ရအောင်လို့တဲ့ကွယ်၊ ပေးလက်ဖွဲ့နှောင်။ ။

၃။ လမ်းချိုးအရှေက၊....စမ်းရိုးအကွေ့-ခယောင်း(ယာ)မှာ၊ (ဟောသည်က) အထုပ်တွေ ဖြေဖြေပြီး-အကုန်သာ ကြဲလေရှော့ဟဲ့လို့၊ ခရမ်းမျိုးစေ့ကောင်းစွာ ငရုတ်,ဂျုံ,ကုလားပဲသာပ၊ နှမ်းမျိုးသွေ့သွေ့-ပြောင်း,ဝါ,ငပြုတ် ဖရုံပါ ဖရဲငှဲ့ပြင်၊ထမ်းပိုး၍ရောင်းစရာ-အထုပ်မုံလာ-ခဲဝဲတွေနှင့်၊အလုပ်စုံစရာကဘဲရယ်လို့-များလက်ဆောင်၊....(အို....ကိုမင်းရာရဲ့) သား အတွက်ဆိုတော့၊ တအားတက်အောင်ရယ်လို့၊ (ကျုပ်တို့) အမေအိုကလဲ၊ ဒမရှေ-ဒမတိုတွေနှင့်၊ အခြေကိုနှင်း၊ (ကိုမင်းရာရယ်) မယားဘက်ကမောင်တွေကလဲ-ပလွေတိုနှစ်စင်း။ ။

၄။ မျိုးဆက်ခါခြို၊ အိုးခွက်-ပန်းကန်အစုံနှင့်၊ပြေတခွင်သထုံ-ခရာက်ရာကဘဲလွှမ်းမိပါရဲ့၊မြေအင်တုံ-သောက်စရာဇွန်းငှဲ့ပြင်၊ ကွမ်းအစ်ပါ-လွယ်အိတ်တလုံးငယ်နှင့်၊ (သခင် သာဒင်ကြီးတို့ရဲ့) ပဲ့ခိုးဘူတာမှာလေ-ငနဲ့သူခိုး လူညာတွေ မှုံးလိုက်ပါတဲ့၊....ပျောက်သဟာ - ဒင်္ကောက်ဖါကလဲ တလုံးပါဘဲ့၊ စုရုံးလိုက်လျှင်တအိတ်ထောင်ပ၊လူ့ထုံးစရိုက်တွင်တသိမ်ပြောင်လောက်တဲ့၊မင်္ဂလာဆောင်မှာခန်းဝင်ကလဲမနဲပါဘု၊ မွဲဘိုရာ ကံကြမ္မာနှင့်၊ ဖန်လာပုံ ကုသိုလ်ကလဲမကောင်းချင်တော့၊.... (အို-စိန်ဝင်းရဲ့) အထက် ဟိုအညာလ- ကြက်ဆိုတာမှလဲ မလောင်းခဲ့ပါဘု။....အညာပြေ-ဌာနေ ဟောင်းဆီက၊....အကြွေး(တရာ)ကို ဒွေးခါကလဲ တောင်းပြန်ပေါ့တဲ့၊.... (အမယ်မင်း) မောင်းစရာရယ်လို့များ တပ်လိုက်မှဖြင့်၊ ဂေါင်းတခါခါနှင့် ဆပ်လှစွာသော-လှလှစေ့စွေ့ရယ်နှင့်၊ ဝဝပြေ့ပြေ့-နပြာတရှင်းကိုလ၊...,ကျောင့်ဒကာကိုသာ အင်လိုက်ပေရှော့-ရသ၍ဘာဘာညာညာ ရယ်လို့ မငြင်းလေနှင့်၊.... (မလေးရယ်) ရောင်းတာသာ ဆပ်လိုက်ပေတော့-ရွှေ့ရှေ ယာတခင်း။ ။

ယင်း အထက်အဆိုပါ အလင်္ကာ ကဗျာသည်ကား အခြားမဟုတ်၊ ဗိုလ်ချုပ်အောင်ဆန်း တည်းဟူသော တိုင်းပြုပြည်ပြု၊ သာသနာပြုအစစ်၊ သမုဒ္ဒရာဇ် ဖြစ်ပေါ်လတ္တံ့သော်ယမိုက်အလာ၊သိုက်စာတမျိုးပင်လောဟု၊တွေးတောဒွိဟ၊ သံသယဖြစ်စရာပါတကား၊

အို-တို့ဗမာအမျိုးသားအပေါင်းတို့၊ ၎င်းအဆိုပါ အကြောင်းတို့အပြင်၊ အကြင်သို့သောစာတအုပ်လုံး၌၊ ဗိုလ်ချုပ်အောင်ဆန်း၏ အံ့ခမန်းသော သတ္တိပျတ္တိတို့ကို ကြည့်ရှု၍ သာခုနမော် ခေါ်ကြပါစေတမုံ့။

အလင်္ကာကျော်စွာ သခင်ကိုယ်တော်မှိုင်း။

၂၅-၉-၅၁

# ဝန်ကြီးချုပ် သခင်နု မှာချက်။



ဗိုလ်ချုပ် အောင်ဆန်း ကဲ့သို့သော ပုဂ္ဂိုလ်ထူး၏ အတ္ထုပ္ပတ္တိ ဇာပြည့် အစုံကို ရေးဘို့ရာမှာ အလွန် ကြီးလေးသော တာဝန် ဖြစ်ပေသည်။ ဗိုလ်ချုပ်သည် ရန်သူ့ လက်ချက်ကြောင့် ကွယ်လွန်သည့် အထိ၊ လူအမျိုးမျိုးနှင့် ဆက်ဆံ ခဲ့ဘူးသည်၊ လူကြီးသူငယ် ကျား-မ မရွေးနှင့် ဆက်ဆံခဲ့ဘူးသည် မြောက်များစွာသောလူတို့နှင့်ဆက် ဆံခဲ့ဘူးသည်။ လူတန်းစား အမျိုးမျိုးနှင့် ဆက်ဆံခဲ့ဘူးသည်၊ ကလေး သူငယ်ဘဝ၊ ကျောင်းသားငယ်ဘဝ၊ ကျောင်းသားကြီး ဘဝ၊ နိုင်ငံရေး သမားဘဝ၊ စစ်ဗိုလ်ဘဝ၊ ခေါင်းဆောင်ဘဝ စသော ဘဝ အမျိုးမျိုး၌ ကျင်လည်ခဲ့ဘူးသည်။ ဤသို့ အဘက် ဘက်မှ ကြည့်၍၊ ဗိုလ်ချုပ် အောင်ဆန်း၏အတ္ထုပ္ပတ္တိကို ပြ လည်ထုထောင်ရေးသား လိုလျှင်၊ လူအမျိုးမျိုး၏ မှတ်သားချက်၊ လူကြီး လူငယ် ကျား-မ မရွေးတို့၏မှတ်သားချက်၊ လူတန်းစားအမျိုးမျိုးတို့၏ မှတ်သားချက်အပြင်၊ ဗိုလ်ချုပ်ပြောဟော ရေးသားခဲ့သော အချက်တို့ကိုပါ ပြည့်စုံနိုင်သလောက်ပြည့်စုံအောင် ရှာဖွေရမည်မှာ ပဌမတာဝန်ဖြစ်သည်။

ဤစာစောင်တွင် ဗိုလ်ချုပ်ကိုယ်တိုင် ပြောဟောရေးသားချက်လည်းပါသည်။ ဗိုလ်ချုပ်ကိုခင်သူ၊ ဗိုလ်ချုပ်ကိုသိသူအချို့၏ မှတ်သားချက်များလည်း ပါသည်။ ထိုအချက်တို့သည်ပြည့်စုံပြီဟု ဘယ်နည်းနှင့်မျှ မဆိုနိုင်သေးသော်လည်း၊ အစပဌမပွဲဦးထွက်အနေနှင့်၊ သင့်တော်သည်ဟုဆိုချင်သည်။ဤစာစောင်ဖြင့်အရှိန်ယူ၍ ဤစာစောင်ထုတ်ဝေသူတို့သည် ကျူကျူနန လုံ့လထုတ်ကာ ဗိုလ်ချုပ်နှင့်သိသူ၊ ဗိုလ်ချုပ်နှင့်ခင်သူ၊ ဗိုလ်ချုပ်နှင့် ဆက်ဆံခဲ့သူ ဟူသမျှကို၊ အယုတ် အလတ် အမြတ် မရွေး၊ ရှာဖွေတွေ့ဆုံ၍ အပြောခိုင်း အရေးခိုင်းကြလိမ့်ဦး မည်ဟု ကျွန်တော်မျှော်လင့်လျက်ရှိပါသည်။ ဗိုလ်ချုပ်ကိုသိသူ၊ဗိုလ်ချုပ်ကိုခင်သူ၊ဗိုလ်ချုပ်နှင့်ဆက်ဆံခဲ့သူအပေါင်းကလည်း မိမိတို့မြင်ခဲ့သမျှ၊ ကြားခဲ့သမျှ၊ မှတ်မိသမျှတို့ကို အလဟဿ မဖြစ်စေဘဲ၊ ပြန်ပြောခြင်း၊ ပြန်ရေးခြင်း တို့ကိုပြုကြပါကုန် ဟူ၍လည်းကျွန်တော်တိုက်တွန်းပါသည်။

ဤသို့ကြိုးစားကြလျှင်၊ တနေ့နေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ် သက် သော အကြောင်းအချက်မျိုးစုံကိုအခြေပြုလေ့လာရေးသားသော ဗိုလ်ချုပ်အောင်ဆန်း သမိုင်း အပြည့်အစုံခံ့ခံ့ညားညား ထယ်ထယ်ဝါဝါ တစောင်ပေါ်ထွက်လာမည်မှာ ကေန်မုချဟူ ကျွန်တော်ယုံကြည်ပါသတည်း။ ။

(ပုံ) သခင်နု။
၄-၁၀-၅၁
ဝန်ကြီးချုပ်
ပြည်ထောင်စု ဗမာနိုင်ငံတော်အစိုးရ

## ဗိုလ်ချုပ်ကတော်-ဒေါ်ခင်ကြည် ခွင့်ပြုချက်။



သို့.... ဗိုလ်သိမ်းဆွေ (ဥက္ကဋ္ဌ)
ဗိုလ်ချုပ်စာကြည့်တိုက်။ နန္ဒဝန်လမ်း၊ စမ်းချောင်း။

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ စာအုပ်ထုတ်ဝေရန် ယခု ဒုတိယဗိုလ်မှူးကြီး ဦးမေအောင်၊ ဗိုလ်ဘုန်းကျော်တို့ ရေးသားထားသောစာမူနှင့် ဗိုလ်ချုပ် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိအချို့တို့ကို ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကြီးကြပ်ပြင်ဆင်တည်းဖြတ်၍၊ ဗိုလ်သိမ်းဆွေ ရှာဖွေစုဆောင်းရေးသားထုတ်ဝေရန် ခွင့်ပြုပါသည်။ ဤဗိုလ်ချုပ်အတ္ထုပ္ပတ္တိ စာအုပ်မူပိုင် ပုံနှိပ် ရောင်းချခွင့်ကို ဗိုလ်သိမ်းဆွေအား လွှဲအပ်၍ အမြတ်ငွေ ရရှိသမျှကို ဗိုလ်ချုပ်စာကြည့်တိုက် ရံပုံငွေအဖြစ်အသုံးပြုရန် လှူဒါန်းလိုက်ပါသည်။ ဗိုလ်ချုပ် စာကြည့်တိုက်ရံပုံငွေအဖြစ် တိုင်းပြည်လူထု ဝိုင်းဝန်း ကူညီ ပြုစုအားပေးချီးမြှင့်ကြလိမ့်မည်ဟုယုံကြည်မိပါ၏။

"ဗိုလ်ချုပ်စာကြည့်တိုက်တည်မြဲပါစေ"

ဗိုလ်ချုပ်ကတော်
မဟာသီရိသုဓမ္မ
ညွှန်ကြားရေးဝန်နှင့် ခလေးများစောင့်ရှောက်ရေးဌာန။



နယ်ချဲ့အင်္ဂလိပ်နဲ့ ဖက်ဆစ်ဂျပန်တို့ကို
ဗမာနိုင်ငံမှ သုတ်သင်ရှင်းလင်းခဲ့သည့် ဗိုလ်ချုပ် အောင်ဆန်း။
ကျားဆိုမှကျား-မတထောင်တကောင်ဘွား။

## ဘယ်မှာလဲ
### အာဇာနည် ဗိမာန်

၁၉၄၆- ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အာဇာနည်ဗိမာန်ပေါ်မှ တပ်မတော်ခေနဲ့ မိန့်ခွန်းပြောကြားနေပုံ။ အနားတွင် အတွင်းရေးမှူး ဗိုလ်သိမ်းဆွေ။

အစိုးရထံမှ ရုံပုံငွေ ၅-သိန်းနှင့် လူထုထံမှ ငွေများရရှိပြီး အာဇာနည်ဗိမာန် ပုံစံကို အတည်ပြုခဲ့သည်မှာ သုံးနှစ်ကြာခဲ့လေပြီ။ ယခုထက်တိုင် အာဇာနည်ဗိမာန်ကြီး မတွေ့မြင်ရသေးပေ။ ဝမ်းနည်းစရာနှင့် ရှက်စရာ။ ဗိုလ်ချုပ်ဘို သချိုင်းဂူသာတွေ့မြင်နိုင်လေသည်။



# ဗိုလ်သိမ်းဆွေ (ထုတ်ဝေသူ) အစီရင်ခံစာ။

ပဥ္စဂုဏံ အဟံ ဝန္ဒာမိ။

**ဝန်ခံချက်နှင့် မေတ္တာရပ်ခံစာ။** ဗိုလ်ချုပ် အောင်ဆန်းကွယ်လွန်သော ကမ္ဘာကျော် နိုင်ငံရေး ခေါင်းဆောင်ကြီး၏အတ္ထုပ္ပတ္တိအပြည့်အစုံကို ရှာဖွေစုဆောင်း ရေးသားထုတ်ဝေရန်မှာ အလွန်ကြီးလေးလှသော တာဝန်ကြီး ဖြစ်ပါသည်။ ကျွန်တော်လို လူက ထုတ်ဝေမည်ဆိုသော် အံ့ဩစရာပင် ဖြစ်တော့မည်။ မှန်ပါသည်။ သို့သော်-ဗိုလ်ချုပ် အောင်ဆန်း အတ္ထုပ္ပတ္တိအကြောင်းအရာများကို ကျွန်တော်ပင်လျှင် အမှတ်မထင်-၁၉၄၅ ခုနှစ်တွင် **အောင်ဆန်းဘာလဲ** စာအုပ်ငယ်ကလေးကို မြဒေါင်းညိုရေးသဖြင့် ရဲဘော် စာအုပ်အသင်းမှ စတင်၍ ပဉ္စမအကြိမ် ၅၀၀၀-ထုတ်ဝေခဲ့ပါသည်။ ၁၉၄၇-ခုနှစ်တွင် **ရဲဘော်စာစောင်**တွင် တဖန် နတ်မောက် ဗိုလ်ဖုန်း ကျော်အား သေချာလေ့လာ စုံစမ်း မေးမြန်း ရေးသားဖော်ပြ၍ ၃၀၀၀-ထုတ်ဝေခဲ့ပြန်၏။ ယခု ၁၉၅၁-ခုနှစ်တွင် ဗိုလ်ချုပ် အောင်ဆန်း အတ္ထုပ္ပတ္တိကြီးကို ဘယ်သူမှ မထုတ်ဝေဘဲ လေးနှစ်တိုင်တိုင် ပျောက်ကွယ် နေသဖြင့်၊ မဖြစ်မနေ ဇွတ်ရှာဖွေ စုဆောင်း ထုတ်ဝေလိုက်ရပါသည်။ ဗိုလ်ချုပ် အတ္ထုပ္ပတ္တိ ထုတ်ဝေရန်• ကျွန်တော်မှာ အလွန်ပင် တိုက်ဆိုင်ခဲ့၏။ အခက်အခဲအစဉ် စာအမှားများ အစရှိသည်တို့မှာ ကျွန်တော်၏ ချို့ယွင်းချက်ပင် ဖြစ်ပါသည်၊ အချိန်မရ သဖြင့် တက္ကသိုလ်ဆုမြိုင်ရေးသည့် **ဗိုလ်ချုပ်ဇာတိဂုဏ်**ကို နောက်ဆုံးမှ ထည့်သွင်း လိုက်ရပါသည်။ ၎င်းပြင်ဆင်ချက်ကို တဖန်ရှု့ပြန်၍ နောက်ဆုံးမှဖော်ပြလိုက်ရပါကြောင်း။ အပြစ်အနာအဆာများမှာ ကျွန်တော့်တာဝန်ဖြစ်ပါ၍ ကျွန်တော်ထံ ဝေဖန်စာ ပြင်ဆင် ချက်များ လိုအပ်သည်တို့ကို စိစဉ်ပေးကြပါရန် အကြံဉာဏ်များ ညွှန်ကြားချက်များကို လက်ခံ လိုက်နာ ပြင်ဆင်ပြီး၊ နောက် ထပ်ရိုက်ရမည့် စာအုပ်များတွင် ဖော်ပြသွားပါ မည်ဖြစ်ပါ၍ မပျက်မကွက် ပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်။

ဝန်ကြီးချုပ်သခင်နု မှတ်ချက်ကဲ့သို့ပင် သမဘ, ဝန်ကြီးချုပ်မှအစ ရဲဘော်, စစ်သား ပြည်သူလူထု အညတြဆင်းရဲသားအထိ မည်သူမဆို ဗိုလ်ချုပ်နှင့်ပတ်သက်၍ ထူးခြား စွာ မှတ်တမ်း တင်သင့်သော ကိုယ်တွေ့ ဖြစ်ပျက်ခဲ့ပုံ အကြောင်းအရာများ ရေးသား ပေးပို့ကြပါရန် ထပ်မံနှိုးဆော် တိုက်တွန်းလိုက်ရပါကြောင်း၊ ကူညီအားပေး ရေးသားကြ လိမ့်မည်ဟု ယုံကြည်လျက်ရှိပါသည်။ ဤစာအုပ်ကို အပြစ်တင်ခံ၍ စံနမူနာပြ ပဉ္စမ ရှေးဦးစွာ ပွဲဦးထွက် ပဏာမအနေ ထုတ်ဝေလိုက်ပါသည်။ ညှာမတာ သက်သေခံ အထောက်အထားများဖြင့် ဝေဖန်ပြုပြင် ပေးကြစေလိုပါသည်။ ထိုသူများကိုသာ ပညာ ရှင်များအဖြစ် ကျွန်တော် လက်ခံရန် အသင့်ရှိပေသည်။ ကျွန်တော် တတ်သိနားလည်၍ ထုတ်ဝေခြင်းမဟုတ်ပါ။ အားပေးကူညီ ထောက်ခံကြသောကြောင့် ကျွန်တော်၏ ရည် ရွယ်ချက်အတိုင်း မဖြစ်မနေ ထမြောက်အောင်မြင်စေရန် စေတနာနှင့် ထုတ်ဝေလိုက်ရ ပါကြောင်း အစီရင်ခံပါသည်။

# ထုတ်ဝေသူ၏ အစီရင်ခံစာ။

**ရေးသားသူများနှင့် ကော်မီတီ။** အမှန်မှာ ချီးမွမ်းထောပနာပြုလိုကြပါလျှင် ဤဗိုလ်ချုပ်အောင်ဆန်း အထ္ထုပ္ပတ္တိတွင် ပါဝင် ရေးသားကြသူများကိုသာ ချီးမွမ်းကြပါကုန်။ ရှေးဦးပဌမ ဒုတိယ ဗိုလ်မှူးကြီးဘို၊ နတ်မောက် ဗိုလ်ဖုန်းကျော်၊ ဦးမေအောင်တို့ အမှုများဆုံး ရေးသား၍ အခြားသူများ ရေးသား ပေးပို့သမျှကို မူတည်၍ထုတ်ဝေရပါသည်။ ထို့ကြောင့် ဤရေးသူပုဂ္ဂိုလ်သုံးဦးအား ကျွန်တော်အထူးပင် လေးစား ချီးကျူးမိပါ၏။ အခြားသူများလည်း ထိုနည်းတူပင်။ ဗိုလ်ချုပ်တို့ ကျဆုံးပြီးသည့်နောက်၊ ဗိုလ်ချုပ်အောင်ဆန်း အထ္ထုပ္ပတ္တိ စာအုပ် ရေးသား ထုတ်ဝေရန် ၁၉၄၇-ခုနှစ်က စ၍ ကော်မီတီ ဖွဲ့ခဲ့လေသည်။ ဝန်ကြီးချုပ်သခင်နု၊ ဗိုလ်မှူးအောင်၊ ဦးအောင်သန်း၊ ဦးဗဆွေ၊ ဒေါ်ခင်ကြည်၊ ဗိုလ်ထွန်းလှ၊ ဦးပုလေး ဗိုလ်ဖုန်းကျော်တို့ကို သတင်းစာတွင် ခန့်အပ်ကြောင်းကြေညာခဲ့လေသည်။ ၎င်းကော်မီတီမှတပါး အခြားမည်သူမျှ မထုတ်ဝေရဟု ကြေညာခဲ့ပြန်ရာ၊ သခင်ကိုယ်တော်မှိုင်း အစရှိသော စာရေးဆရာများရေးချင်လျက်၊ စည်းကမ်းလိုက်နာ၍ ဗိုလ်ချုပ်ကို လေးစားသောအားဖြင့် မရေးခဲ့ကြရပေ။ တိုင်းပြည်အတွင်းရှိ ပုဂ္ဂိုလ်အသီးသီးထံသို့ ကော်မီတီက ဗိုလ်ချုပ်အကြောင်း ရေးသားပေးပို့ရန် တောင်းဆိုခဲ့လေသည်။

သို့သော် ၎င်းကော်မီတီမှာ တကြိမ်တခါမျှအစည်းအဝေးမခေါ်ဖြစ်ခဲ့ချေ။ ဗိုလ်ထွန်းလှ ရာထူး ပြောင်းရွှေ့သွားရာ၊ ဗိုလ်အောင်သန်းလွှဲအပ်ခဲ့၏။ လွတ်လပ်ရေးရပြီး တနှစ်အတွင်း ထွက်မည်ကြေညာခဲ့ပြန်၏။ သို့သော်-အထ္ထုပ္ပတ္တိကား ထွက်ပေါ်မလာခဲ့ချေ၊ နောက်ဆုံး ကော်မီတီဖျက်သိမ်းပြီးကြောင်း သတင်းစာတွင် ကြေညာ၍ ဒေါ်ခင်ကြည်၊ ဗိုလ်ဖုန်းကျော်၊ ဦးပုလေးတို့အား ထုတ်ဝေရန်၊ ၎င်းတို့ စုဆောင်းရသော ဒုတိယ ဗိုလ်မှူးကြီးဘို၊ နတ်မောက် ဗိုလ်ဖုန်းကျော်၊ ဦးမေအောင်တို့ ရေးသားထားခဲ့သည့် စာမူကို ပေးအပ်ခဲ့လေသည်။ ဤတွင် ဦးပုလေးသည် ဒါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ ပဌမ-ဒုတိယ-တတိယ ထုတ်ဝေပြီး သခင်နု အရေးတော်ပုံ ထုတ်ခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်း အထ္ထုပ္ပတ္တိကိုမူ မထုတ်ဝေဖြစ်ခဲ့ပေ။ မည်သူမျှ ဂရုမစိုက်နိုင်သော အချေရောက်နေသဖြင့်၊ လွတ်လပ်ရေး တတိယနှစ်ပါတ်လည်တော့မည်ဖြစ်ရာ ကျွန်တော်မှာ မနေနိုင်ဘဲ သတင်းစာမှနေ၍ ဗိုလ်ချုပ်အထ္ထုပ္ပတ္တိ ဘယ်မှာလဲဟု ရေးသားမေးမြန်းရာတွင် မရေမရာအဖြေသာ ပြန်ကြားခဲ့လေသည်။

**သခင်ကိုယ်တော်မှိုင်း။** ဤတွင် သခင် ကိုယ်တော်မှိုင်းသည် စိတ်ပါ

**ဒေါ်ခင်ကြည်နှင့် ကျွန်တော်။** ဝင်စားစွာနှင့် ကျွန်တော်နှင့်အတူ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်အိမ် သွားရောက် မေးမြန်းကြ၏။ စာအုပ်ထုတ်ဝေရန် တာဝန်ယူခဲ့ကြ၏။ စာမူကို ဦးပုလေးမသေမီ ကျွန်တော်ရရှိခဲ့လေသည်။ သို့ဖြစ်၍ ယခုကဲ့သို့ ထုတ်ဝေနိုင်သောကြောင့် ဦးပုလေးကို ကျေးဇူးတင်မိပါ၏။

အလင်္ကာကျော်စွာ သခင် ကိုယ်တော်မှိုင်းသည်၊ မော်စီတုံး ပြည်သူ့ အစိုးရ အောင်ပွဲမသွားမီ ၎င်းစာမူများကို ကြီးကြပ်ပြင်ဆင် တည်းဖြတ်ပေး၍ နိဒါန်းကိုလည်း ရေးသားခဲ့ လေသည်။ အထူး အားပေးတိုက်တွန်း ဆောင်ရွက် ပေးသော ကြောင့်သာ ကျွန်တော် ထုတ်ဝေ နိုင်ပါသည်။ ထိုပြင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် (မဟာသီရိ

သုခမ္မာ) ကလည်း ၎င်းစာအုပ်ကို မူပိုင် ထုတ်ဝေရောင်းချခွင့် အမြတ်ငွေများကိုဗိုလ်ချုပ် စာကြည့် ပိဋကတ်တိုက် ရံပုံငွေအဖြစ် စေတနာ ထက်သန်စွာလှူဒါန်း၍ မှတ်တမ်းတင်ပြီး ကျေးဇူးတင် မဆုံးနိုင်တော့ချေ။ ကျွန်တော်မှာ စာမူရရှိပြီး မြဟ္မာကြီးဦးခေါင်းကိုင်ထား ရသကဲ့သို့ အလွန်ပင် တာဝန်ကြီးစွာနှင့် အချိန်ကုန်ခဲ့ရပြန်၏။ ရှေးဦးစွာ စာအုပ်ရိုက်နှိပ် ထုတ်ဝေရန် ငွေ ၅၀၀၀ိ လှူဒါန်းလိုသူစေတနာရှင်ကို သတင်းစာမှ ရှာဖွေခဲ့သော်သည်း မရရှိခဲ့ပေ။

ဤဗိုလ်ချုပ် အောင်ဆန်း အတ္ထုပ္ပတ္တိကြီးကို ကျကျနန ထုတ်ဝေလိုသော်လည်း ငွေမရှိခဲ့ချေ၊ မဖြစ်မနေဖွဘ်ထုတ်ဝေရန်အစွမ်းကုန်ရှာဖွေရာ၊ ပဋ္ဌမရှေ့ဆောင်ဦးသန်းထွန်း နှင့် စီစဉ်ခဲ့သေး၏။ အခြေမလှ၍ ဒုတိယ အမျိုးသား စာပုံနှိပ်တိုက် ပိုင်ရှင် ဦးလှခင်၏ စေတနာထက်သန်စွာနှင့် လက်ခံလာသောကြောင့်၊ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေဖြစ်ပါ သတည်း။ ဤစာအုပ်တွင် ပါရှိသည့် ဗိုလ်ချုပ် ကိုယ်တိုင်ရေး ၎င်း၏အတ္ထုပ္ပတ္တိမှာ ဗမာ့ တပ်မတော် စစ်ဝန်ကြီး စင်သေနာပတိဘဝက ရေးသားခဲ့ရာ။ ၁၉၄၃-ခုနှစ်က ဖြစ်၍ ဂ-နှစ်ပင် ကြာခဲ့လေပြီ။ ရှေးဦးစွာ ဂျပန်ခေတ်တွင် မြဒေါင်းညိုသည် ဗိုလ်ချုပ်ထံမှ အကူ အညီနှင့် ရဲဘော်သုံးကျိပ် ပဋ္ဌမပိုင်း ရေးသားထုတ်ဝေရာ၊ ဗိုလ်ချုပ် - အတ္ထုပ္ပတ္တိ တပိုင်း တစ ဖေါ်ပြခဲ့လေသည်။ ဤမျှလောက်ကြာခဲ့ပြီး တဖန် ဗိုလ်ချုပ်ကျဆုံးပြီးနောက် သေသေ ချာချာ ထုတ်ဝေရန် စီစဉ်ခဲ့ရာ၊ လေးနှစ်နီးပါး ကြာသော်လည်း မထွက်ပေါ် လာသဖြင့်၊ မဖြစ်မနေ အပြင်းတင် အပြောဆိုခံ၍ ကျွန်တော် ထုတ်ဝေ လိုက်ရပါသည်။

ဦးလှခင်၊ဦးလှဖေ စာမူများ ရရှိပြီးနောက်၊ ဗိုလ်ချုပ် ဓါတ်ပုံများကို ဓါတ်ပုံ နှင့်ဦးထွန်းဧ။ သဘင်းထောက် ဦးလှဖေ ထံမှ ရှာဖွေ တောင်းယူ၍ စေတနာ ဝန်ထမ်း အမျိုးသား ဘလောက်တိုက် ပိုင်ရှင် ဦးထွန်းဧ၏ စေတနာအလျောက် လှူဒါန်း ပြုလုပ်ပေးပါကြောင်း။ ဗိုလ်ချုပ် အတ္ထုပ္ပတ္တိ ထွက်ပေါ်ရေး ပါဝင်ကူညီကြသူများ ဖြစ်၍၊ အထူး ကျေးဇူး တင်ရှိပါသည်။ ဤသည်တို့ကို အမျိုးသား စာပုံနှိပ်တိုက်၌ စက္ကူမှအစ စာအုပ်အပြီးအထိ တာဝန်ခံ ဆောင်ရွက်ပေးသော ဦးလှခင် အား ချီးမွမ်းရပေမည်။ ၅၀၀၁-မှ၁၀,၀၀၀-အထိတိုး၍ရိုက်ခဲ့လေသည်၊ ထိုကြောင့် အသားတင် အမြတ်ငွေ များမှ ၂၅-ရာခိုင်နှုန်းကို ဦးလှဒင်အား ပေးရန် သဘောတူ လက်ခံခဲ့ရပါသည်။ ကျန် ၇၅-ရာခိုင်နှုန်းကား ဗိုလ်ချုပ် စာကြည့်တိုက် ရံပုံငွေဖြစ်ပါသည်။ ထိုကြောင့် ဗိုလ်ချုပ်- အောင်ဆန်း အတ္ထုပ္ပတ္တိ ငယ်ယူ ချီးမြှင့် ခြင်းအားဖြင့်၊ ဗိုလ်ချုပ်အား ရိုသေလေးစား၍ စာကြည့်တိုက်ကြီး ထူထောင် ရေးတွင် ပါဝင်ကူညီ ထောက်ပံ့ သူများ ဖြစ်ကြပါသည်။

စတင် ပုံနှိပ်ရာတွင် စက္ကူ ပါမစ် လျှောက်ထား ခဲ့ရ၏။ စက္ကူ ရှားပါး ချိန်ဖြစ်၍ နိုင်ငံဆိုက်နှင့် စက္ကူအကောင်း ဝယ်ရိုက်ရလေသည်။ ထိုနောက်တဖန် စက္ကူများပေါလာ ပြန်၏။ သို့ရာတွင် ငွေမလိုက်နိုင်၍၊ စက္ကူ အကောင်းစား ၄-ဖေါင်သာ ရိုက်ပြီး၊ နောက် ဖေါင်များ သတင်းစာစက္ကူ အကြမ်းစားနှင့်ပင် ရိုက်ခဲ့ရလေသည်။ စာပုံနှိပ်တိုက် အလုပ် သမားများအခက်အခဲ ပုံနှိပ်စက် အခက်အခဲ မြောက်များစွာတို့ကြောင့်၊ သုံးလနှင့် အပြီး ချိန်မှန်းထားသော်လည်း ၇-လ ကြာခဲ့လေသည်။ သို့သော် မဖြစ်မနေရှာဖွေ စုဆောင်း

# ထုတ်ဝေသူ၏ အစီရင်ခံစာ။

ထုတ်ဝေခဲ့ရာ ဖြစ်မြောက်အောင်မြင်လာသဖြင့် ဤရေးသူများ၊ ပုံနှိပ်သူများ၊ ဓာတ်ပုံစာလောက်များနှင့်တကွ ကျွန်တော်ပါ ဗိုလ်ချုပ်အား ကျေးဇူးဆပ်ရာတွင် တာဝန်အချို့ ကျေပြွန်ပြီဟု ယူဆမိပါ၏။

**ပဉ္စမပိုင်းမျှသာ။** ယခုထုတ်ဝေလိုက်သော ဗိုလ်ချုပ်အောင်ဆန်း အထ္ထုပ္ပတ္တိမှာ ရှေးဦးစွာ ဇာတိဂုဏ်၊ ခလေးဘဝ၊ ကျောင်းသားဘဝ၊ စစ်သူရဲကောင်းဘဝ အစမျှသာ ပါရှိသဖြင့် ပဉ္စမပိုင်းဟု ခေါ်ဆိုနိုင်ပေသည်။ အထူးသဖြင့် ပြည်သူလူထုနှင့် လူငယ်ကျောင်းသားကလေးများကို ကွန်တော် ရည်ညွှန်းပါသည်။ ကျောင်းသုံးအဖြစ် ပြန်လည်စီစဉ်ပြီး ရေးသား ထုတ်ဝေရန် ရည်ရွယ်ထားပါ၏။ ထိုပြင် အင်္ဂလိပ် ဘာသာ ပြန်ဆိုရေးသား ထုတ်ဝေရန် စီစဉ်နေသည် ဖြစ်ပါကြောင်း။ ဒုတိယပိုင်းတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်မှ မျိုးချစ်ဗမာ့တပ်မတော်ဘဝအထိ စစ်သူရဲကောင်း အာဇာနည်ဘဝကို အထူးရှာဖွေ ရေးသားဖော်ပြလိုပါသည်။ တတိယပိုင်းကိုမူ နိုင်ငံရေးခေါင်းဆောင်ကြီးအဖြစ် နိုင်ငံရေး ဆောင်ရွက်ခဲ့ပုံကို အထူးရေးသားလိုပါသည်။ ထို့ကြောင့် ရေးဘော်ရေးဘက်များ၊ မိတ်ဆွေနိုင်ငံရေးသမားများ၊ စစ်သည်တော်သားများအားလုံး ဗိုလ်ချုပ်အထ္ထုပ္ပတ္တိ ပါဝင်ရေးသားသင့်သော တကယ့်ကိုယ်တွေ့အဖြစ်အပျက်များ ရေးသားပေးကြစေလိုပါကြောင်းကို ထင်မိတိုက်တွန်း နှိုးဆော်လိုက်ပါကြောင်း။

ဤကဲ့သို့ စုဆောင်းရှာဖွေရေးသားခြင်း ဟူသည်မှာ ပဏာမ သဘောသာ ဖြစ်ပါသည်။ ဤကဲ့သို့ ရှာဖွေ ရရှိသမျှကို အကုန်လုံးချုပ်ပြီး ပြန်လည်စစ်ဆေး သုံးသပ်ရှင်းလင်းပြီးမှ တကယ့်ပညာကျော် စာရေးဆရာကြီး တဦးအား စံနစ်တကျ ရေးသားထုတ်ဝေရန် လွှဲအပ်ဆောင်ရွက်ရန် ရည်ရွယ်ထားပါကြောင်း။

ထို့ကြောင့်။ ။သခင်နု၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်စကြာ၊ ဗိုလ်မှူးအောင်၊ ဟသ္သာတ ဦးမြ၊ ပျော်ဘွယ် ဦးမြ၊ ဒေါ်ခင်ကြည်၊ ဦး ဝမ်းသူမောင်၊ ဆမားဒူးဝါး ဆင်ဝါနောင်၊ ဦးအောင်ဇေယျ၊ ဦးဘဆွေ (သံ ့ မတ်)၊ ဗိုလ်မှူးကြီးလကျာ၊ စောကြာဒိုး၊ ဦးသိန်းဟန် (ဇော်ဂျီ)၊ ဦး ငယ် (မင်းသုဝဏ်)၊ ဦးထွန်းအုံ (မြန်မာ့ပါယ် မင်းကြီး)၊ ဦးယော (ညွှန်ကြားရေးဝန်)၊ ဦးသန့် (အတွင်းဝန်)၊ ဇဝန၊ မြမျိုးလွင်၊ တက်ဘုန်းကြီး သိန်းဖေ၊ ဦးအောင်ခြင်း (မှိုမခေါင်)၊ ဦးထင်ဖတ်၊ ဒဂုန်နတ်ရှင်၊ တက်တိုး၊ ဦးအောင်သန်း၊ သတင်းစာဆရာများ စာရေးဆရာများကို ဗိုလ်ချုပ် အထ္ထုပ္ပတ္တိအတွက် ရေးသားပေးကြပါရန် အထူးတောင်းပန် မေတ္တာရပ်ခံ လိုပါကြောင်း။ အချို့ကိုမူ မေတ္တာ ရပ်ခံ၍ ဝိုင်းကြပါသည်။ လိုက်လံစုဆောင်း၍ ပြောသမျှ ရေးကူးယူရန် အဆင်သင့်ရှိပါသည်။

**အထူးရည်ရွယ်ချက်။** ဗိုလ်ချုပ်အောင်ဆန်း အထ္ထုပ္ပတ္တိ ထုတ်ဝေရန်ကျွန်တော်၌ အထူး ရည်ရွယ်ချက် အကြောင်းရင်းတခု ရှိလေသည်။ ထိုရည်ရွယ်ချက်မှာ အခြားမဟုတ်ချေ။ ပြည်ထောင်စု ဗမာတနိုင်ငံလုံး၏ ခေါင်းဆောင်ကြီးကို မမေ့မပျောက်စေကောင်း။ ရာဇဝင် စာတင်ထားသင့်သည်ကတကြောင်း။ ကျွန်တော် ကိုယ်တိုင် အထူး

# တင်ပြသူ၏ အစီရင်ခံစာ။

လေ့လာဆောင်ရွက်လိုသော ဗမာနိုင်ငံတွင် ခေါင်းဆောင်ကြီးပီသသော အရည်အချင်း ပြည့်စုံသည့်ပုဂ္ဂိုလ်နှစ်ဦးရှိလေသည်။ ပဌမမှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်၍ ရဲစွမ်းသတ္တိရှိခြင်း၊ စွန့်စားခြင်းတော်လှန်ခြင်း၊ ရိုးသားဖြောင့်မတ်မဟုတ်မခံဆောင်ရွက်ခြင်း၊ ဆင်းရဲအပင်ပမ်းခံခြင်း၊ အာဇာနည်သူရဲကောင်းအရည်အချင်းနှင့် ခေါင်းဆောင်ပီသ၏။ ဒုတိယမှာ သခင်နု ဖြစ်၏။ လိမ္မာပါးနပ်စွာဆက်ဆံခြင်း၊ ရိုးသားခြင်း၊ စိတ်ရှည်ခြင်း၊ သာယာညှင်းပြောင်းစွာ အပြောအဟော ကောင်းခြင်း၊ ခေါင်းဆောင်တို့ လိုအပ်သော အရည်အချင်းတို့ရှိ၏။ ထိုခေါင်းဆောင် နှစ်ဦးရှိ တကဲ့အကောင်းဆုံး အရည်အချင်းများ စုပေါင်းထုတ်နှုတ်ယူ၍ ရရှိနိုင်အောင် လေ့ကျင့် ကြိုးစား ဆောင်ရွက်ခဲ့သော် ဗမာနိုင်ငံ၌ ပဌမတန်း ခေါင်းဆောင်ကြီးဖြစ် လိမ့်မည်ဟုယုံကြည်မိပါ၏ ထိုကြောင့်ကျွန်တော်အထူးလေ့လာခဲ့၏ ရှာဖွေခဲ့၏။ ဤအကြောင်းရင်းကြီးကြောင့်ပင်၊ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကို မဖြစ်မနေ ရှာဖွေ ထုတ်ဝေလိုက်ရပါသတည်း။ ရဲဘော်ပီပီ သစ္စာရှိ၍ ဘယ်သူမပြုမိမိမှု ဆိုသကဲ့သို့ ဘယ်သူမှ မပြုလုပ်ခဲ့သော် ဖြစ်သလို အစွမ်းကုန် အတတ်နိုင်ဆုံး အကောင်းဆုံး ရသမျှနှင့် ဗိုလ်ချုပ်-အား ကျေးဇူးဆပ်ရင်း ထုတ်ဝေလိုက်ရပါကြောင်း။ ကျွန်တော်၏ စေတနာ ရည်ရွယ်ချက် ရည်ညွှန်းချက်များကို သတိပြု၍ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို ပြည်သူလူထုနှင့်၊ အထူးသဖြင့် လူငယ်လူရွယ် ကျောင်းသားများ ဘတ်ရှု လေ့လာပြီး၊ တိုးတက် ပြုပြင်နိုင်သော နိုင်ငံတော်ကြီး၏ ခေါင်းဆောင်များ ဖြစ်ပေါ်လာနိုင်ကြပါစေသတည်း။ အများပြည်သူလူထု တောင်းတနေသောဆန္ဒကို တစိတ် တဒေသ ဖြည့်စွမ်းနိုင်ခဲ့သည်ရှိသော်-ကျွန်တော်၏ တာဝန် တချိုတဝက် ကျေပွန်ပြီဟု ယုံကြည်မိပါ၏။

**ဗိုလ်ချုပ်သမိုင်း နှင့် အစိုးရတာဝန်။**

ဤဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိသည်၊ ဗိုလ်ချုပ်အကြောင်း ပဌမပိုင်းအဖြစ် စုဆောင်း ရရှိသမျှ ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည် ''ဗိုလ်ချုပ်သမိုင်း'' ကျကျနန မဟုတ်သေးပါ၊ နမူနာမျှသာ ဖြစ်ပါကြောင်း အစီရင်ခံပါသည်။ ဗိုလ်ချုပ် သမိုင်းကို၊ အမှန်မှာ အစိုးရအဖွဲ့မှ ကော်မီတီ ဖွဲ့၍သာ ပြုစုသင့်ပါ၏။ ငွေကုန်မည်ကို မစိုးရိမ်သင့်ပါ၊ အစိုးရက ဂရုစိုက် ဆောင်ရွက်ခြင်းသည် ဂုဏ်ရှိလှပါပေ၏။ အစိုးရအဖွဲ့ တာဝန်ကျေပွန်းပါပေ၏။ အစိုးရ ဝါဒဖြန့်လျှင် အကောင်းဆုံးအချက်လည်း ဖြစ်ပေ၏။ အစိုးရ လုပ်လိုက်၍ ပွဲလုပ်ပြီး ပျက်ပြယ်ခဲ့ရသည်မှာ ဝမ်းနည်းစရာပင်၊ ဤကဲ့သို့ အစိုးရအဖွဲ့က ဌာနသီးခြား ဖွင့်လှစ် မပြုလုပ်သဖြင့် ကျွန်တော် မနေနိုင်၍ ရေးမိ ပြောမိ သည်နှင့်အတူ တာဝန်ယူ၍ ထုတ်သာ ထုတ်ဝေလိုက်ရပါသည်။ စိတ်ထဲတွင်ကားကျေနပ်မှုမရှိပါ အားလည်းမရ—လူလည်း ပန်း ငွေလည်းမရှိ-စိတ်ညစ်စရာပင်၊ စေတနာ့ဝန်ထမ်း ကိုယ့်အိတ်ထဲက ငွေအကုန် အကုခံ၍ ရှာဖွေစုဆောင်းပြီး ငွေစိုက်မည့် ဒါယကာရှာဖွေ ရရှိသဖြင့်သာ ထုတ်ဝေ ခဲ့ရပေသည်။ လုံးဝ ကြေနပ်စရာ မဟုတ်ကြောင်း ဝန်ခံပါသည်။ တာဝန်လည်းကြီး လေးလှပါသည်။ ထိုကြောင့် ဤဗိုလ်ချုပ် သမိုင်းကို အစိုးရအဖွဲ့က ကျကျနန ရှာဖွေ ဆောင်ရွက် ပါရန် မေတ္တာရပ်ခံ တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။

# ထုတ်ဝေသူ၏ အစီရင်ခံစာ။

ဗိုလ်ချုပ် သမိုင်းပြီးလျှင်- သခင်မြ သမိုင်းကိုလည်း ဆက်လက် ပြုစု သင့်ပါသည်၊ ထို့နောက် ကျဆုံးသော ခေါင်းဆောင်ကြီး များကိုလည်း ပြုစု သင့်ပါသည်။ ဤကဲ့သို့ ရာဇဝင်သမိုင်း မှတ်တမ်းတင်ခြင်း အားဖြင့် ဗမာ့သားကောင်း ရတနာ အာဇာနည်ကြီး များအား ကျေးဇူးဆပ်ရာ ဂုဏ်ပြုရာ ရောက်ရှိပါသည်၊ အစိုးရအဖွဲ့အား အထူးကျေးဇူး တင်ကြပေမည်၊ ဝါဒဖြန့်ရာတွင် အလွန်အရေးပါ လှပေ၏၊ ဗိုလ်ချုပ်တို့ သေပြီးနောက် ရုပ်ပုံကိုပင် အသုံးပြုနေကြရကြောင်း ဖ-ဆ-ပ-လ အမတ်ဇာမဲပုံးပေါ်တွင် ဗိုလ်ချုပ်ပုံထားခြင်းဖြင့် ထင်ရှားပါသည်။ ထိုပြင် တကဲ့အရေးထဲရောက်လျှင် ဗိုလ်ချုပ်ကို တမ်းတကြရပါသည်၊ လူထုအစည်းအဝေးတွင် ထုတ်ဖော် ချီးကျူးကြပါသည်၊ ကျွန်တော် လူက မနေနိုင်၍ လုပ်ရပါသော်လည်း အခက်ခဲတွေကြားမှ စွန့်စား၍သာ လုပ်နေရပါသည် ဒုက္ခကြီးမားလှပါသည် ထွက်လာသော်လည်း အားမရနိုင်ပါ၊ မကျေနပ်နိုင်ပါ၊ ထို့ကြောင့် အစိုးရအဖွဲ့ကသာ တာဝန်ယူလုပ်ကိုင်ပါလျှင် ကျွန်တော်စိတ်မပျက်ပါကူညီပါမည် လေးလေးနက်နက် တိုက်တွန်းပါသည်။ အမေရိကံ ခေါင်းဆောင် သမတကြီး အေဘရာဟင်လင်ကွန်း အတ္ထုပ္ပတ္တိကို ပြုစုနေသည်မှာ ယနေ့ထက်တိုင်ပင် တအုပ်ပြီးတအုပ် ထွက်ပေါ်လာနေသည်မှာ အတုယူဘွယ် ဖြစ်ပါသည်။ ငွေမရှိဟု မငြင်းဆိုနိုင်ပါ အစိုးရဘတ်ဂျက် ယခုနှစ်တိုးတက်လာလေပြီ၊ သိန်း ၄၀ ဘိုးခြင်း-သိန်း ၃၉၀-လေယဉ်ပျံကွင်း ပြီးအောင် မဆောက်လုပ် ခဲ့သော်လည်း၊ ငွေ ၁၀ သိန်း လောက်နှင့် ပြုစုလျှင် မုချ ဗိုလ်ချုပ်သမိုင်းကြီးကို ဝန်ကြီးချုပ်သခင်နု မှတ်ချက်ချသကဲ့သို့ ကကျနန ထွက်ပေါ်လာနိုင်မည်ဖြစ်ပါ၍ ထပ်မံတိုက်တွန်းလိုက်ရပါကြောင်း။

ဤကဲ့သို့ ထုတ်ဝေနိုင်သည်ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အထူးကျေးဇူး တင်ကြောင်း မှတ်တမ်းတင်လိုက် ရပါသည်။

၁။ ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင် ရေးခဲ့၍။
၂။ သခင် ကိုယ်တော်မှိုင်း (အလက်ာကျော်ဇွာ)။ တည်းဖြတ်သူ။
၃။ သခင်နု (ဝန်ကြီးချုပ်)။ မှတ်ချက်ရေးသူ။ အဆိုသွင်းချက်
၄။ ဒေါ်ခင်ကြည် (ဗိုလ်ချုပ်ကတော်)။ စာမူပိုင် ပေး၍ ရိုက်ခွင့်ပြုသူ အမြတ်ငွေများကို စာကြည့်တိုက်သို့ လှူဒါန်းသူ။
၅။ ဦးထွန်းဇေ (အမျိုးသား ဘလောက်တိုက်)။ ဘလောက်များ လှူသူ။
၆။ ဦးလှဖေ (ဓါတ်ပုံသတင်းထောက်)။ ဓါတ်ပုံများ လှူသူ။
၇။ ဦးလှဒင် (အမျိုးသား ပုံနှိပ်တိုက်)။ စာပုံနှိပ်ပေးသူ၊ ငွေ, စက္ကူ စိုက်၍ ရိုက်နှိပ်ပေးသူ။

## အတ္ထုပ္ပတ္တိကို စာမူရေးပေးသူများ။

၈။ ဒုတိယ ဗိုလ်မှူးကြီးဘိုဖ
၉။ ဗိုလ်ဖုန်းကျော်။ (နတ်မောက်)
၁၀။ ဦးမေအောင်။ ဤသုံးဦး၏ စာမူများကို မှီငြမ်း၍ ရေးသား ထုတ်ဝေခဲ့၏။

# ထုတ်ဝေသူ၏ အစီရင်ခံစာ။

၁၁။ ဦးသိန်းဟန်။ (ဇော်ဂျီ)
၁၂။ တက္ကသိုလ်-ဆုမြှင့်။
၁၃။ တက္ကသိုလ်နေဝင်း။ (ဗိုလ်ထွန်းလှ)
၁၄။ ဗဂုန် တာရာ။
၁၅။ မြဒေါင်းညို (ဦးအောင်သိန်း)
၁၆။ စိန်မင်းသား။ (ကျည့်ထောင်ကန်-ဆရာစိန်)
၁၇။ မန်းတင်။
၁၈။ သခင် တင်မောင်။ (ကျုံမငေး)
၁၉။ သခင်တင်အောင်။ (ဟံသာဝတီ)
၂၀။ သခင်ဗအေး။ (သူရဲ) သရက်
၂၁။ သခင် အုန်းမြင့်။ (ရန်ကျော်)
၂၂။ သခင်-တင်ဦး။ (အသံလွှင့်ဌာန)
၂၃။ ကိုခင်မောင်။ (ပြည်)
၂၄။ ဦးတင်လှ။ (လွှတ်တော် ရှေ့နေကြီး)
၂၅။ ဦးဝမ်းကိုဟော။ (ချင်း) (နိုင်ငံခြားရုံး အဘွင်းဝန်)
၂၆။ ဦးကျော်ညိမ်း။ (သမဝါယမဝန်ကြီး) အခိုထောက်ခံချက်။
၂၇။ ဗိုလ်ကျော်ဇော။ (တပ်မှူးချုပ်)

အချို့စာမူများကို တဖန် အောက်ဖော်ပြပါ မဂ္ဂဇင်း, သဘင်းစာ, စာအုပ် များမှ ထုတ်နှုတ်ယူရသဖြင့် ကျေးဇူး တင်ရှိပါကြောင်း။

ဂျာနယ်ကျော်၊တာရာ၊အောင်ဆန်းဘာလဲ၊ ရှုမဝ၊ ပဒေသာ၊ အိုးဝေ၊ဟံသာဝတီ-သတင်းစာ၊ သခင် အစည်းအရုံး မှတ်တမ်း၊ သခင်ဋီကာ၊ တိုင်းပြု ပြည်ပြု လွှတ်တော် မှတ်တမ်းတို့အပြင်၊ပဋ္ဌမမူတည်သည့် စာမူများကို လက်နှိပ်စက်နှင့်ရိုက်ပေးသောကိုတင်မြ တို့အား ကျေးဇူးတင်ရှိပါသည်။

ရှေ့ဆက်လုပ် ထုတ်ဝေနိုင်ရန်။ ဗိုလ်ချုပ်နှင့်ကိုယ်တွေ့ဖြစ်ပျက်ခဲ့ပုံများကို ရေးသား ပေးပို့၍ ကူညီကြပါရန် လေးစားစွာ မေတ္တာရပ်ခံ လိုက်ရပါကြောင်း။ ဗိုလ်ချုပ်နှင့် ဆိုင်သော ဓါတ်ပုံ၊ ပစ္စည်း များတိုကိုလည်း ပေးပို့နိုင်ပါကြောင်းအစီရင်ခံပါသည်။

ဗိုလ်ချုပ်အား ထာဝစဉ်လေးစားလျက်။
**ဗိုလ်သိမ်းဆွေ (ဥက္ကဋ္ဌ)**
ထုတ်ဝေသူ (စာမူပိုင်ရှင်)
ဗိုလ်ချုပ်စာကြည့်တိုက်။

## ထုတ်ဝေသူ၏ အစီရင်ခံစာ။

ဗိုလ်ချုပ် သမိုင်းပြီးလျှင်-သခင်မြ သမိုင်းကိုလည်း ဆက်လက် ပြုစု သင့်ပါသည်၊ ထိုနောက် ကျဆုံးသော ခေါင်းဆောင်ကြီး များကိုလည်း ပြုစု သင့်ပါသည်။ ဤကဲ့သို့ ရာဇဝင်သမိုင်း မှတ်တမ်းတင်ခြင်း အားဖြင့် ဗမာ့သားကောင်း ရတနာ အာဇာနည်ကြီး များအား ဘွေးဖူးဆပ်ရာ ဂုဏ်ပြုရာ ရောက်ရှိပါသည်၊ အစိုးရအဖွဲ့အား အထူးကျေးဇူး တင်ကြပေမည်၊ ဝါဒဖြန့်ရာတွင် အလွန်အရေးပါ လှပေ၏၊ ဗိုလ်ချုပ်တို့ သေပြီးနောက် ရုပ်ပုံကိုပင် အသုံးပြုနေကြရကြောင်း ဖ-ဆ-ပ-လ အမတ်ဇာ်မဲပုံးပေါ်တွင် ဗိုလ်ချုပ်ပုံထဲ ထားခြင်းဖြင့် ထင်ရှားပါသည်။ ထိုပြင် တကဲ့အရေးထဲရောက်လျှင် ဗိုလ်ချုပ်ကို တမ်းတကြရပါသည်၊ လူထုအစည်းအဝေးတွင် ထုတ်ဖော် ချီးကျူးကြပါသည်၊ ကျွန်တော် လူက မနေနိုင်၍ လုပ်ရပါသော်လည်း အခက်ခဲတွေကြားမှ စွန့်စား၍သာ လုပ်နေရပါ သည် ဒုက္ခကြီးမားလှပါသည် ထွက်လာသော်လည်း အားမရနိုင်ပါ၊ မကျေနပ်နိုင်ပါ၊ ထို့ကြောင့် အစိုးရအဖွဲ့ကသာ တာဝန်ယူလုပ်ကိုင်ပါလျှင် ကျွန်တော်စိတ်မပျက်ပါကူညီ ပါမည် လေးလေးနက်နက် တိုက်တွန်းပါသည်။ အမေရိကံ ခေါင်းဆောင် သမတကြီး အေဘရာဟင်လင်ကွန်း အထ္ထုပ္ပတ္တိကို ပြုစုနေသည်မှာ ယနေ့ထက်တိုင်ပင် တအုပ်ပြီးတအုပ် ထွက်ပေါ်လာနေသည်မှာ အတုယူဘွယ် ဖြစ်ပါသည်။ ငွေမရှိဟု မငြင်းဆိုနိုင်ပါ အစိုးရ ဘတ်ဂျက် ယခုနှစ်တိုးတက်လာလေပြီ၊ သိန်း ၄၀ ဘုံးခြင်း-သိန်း ၃၉၀-လေယဉ်ပျံကွင်း ပြီးအောင် မဆောက်လုပ် ခဲ့သော်လည်း၊ ငွေ ၁၀ သိန်း လောက်နှင့် ပြုစုလျှင် မှချ ဗိုလ်ချုပ်သမိုင်းကြီးကို ဝန်ကြီးချုပ်သခင်နု မှတ်ချက်ချသကဲ့သို့ ကကျနန ထွက်ပေါ်လာ နိုင်မည်ဖြစ်ပါ၍ ထပ်မံတိုက်တွန်းလိုက်ရပါကြောင်း။

ဤကဲ့သို့ ထုတ်ဝေနိုင်သည်ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အထူးကျေးဇူး တင်ကြောင်း မှတ်တမ်းတင်လိုက် ရပါသည်။

၁။ ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင် ရေးခဲ့၏။
၂။ သခင် ကိုယ်တော်မှိုင်း (အလက်ာကျော်စွာ)။ တည်းဖြတ်သူ။
၃။ သခင်နု (ဝန်ကြီးချုပ်)။ မှတ်ချက်ရေးသူ။ အဆိုသွင်းချက်
၄။ ဒေါ်ခင်ကြည် (ဗိုလ်ချုပ်ကတော်)။ စာမူပိုင် ပေး၍ ရိုက်ခွင့်ပြုသူ အမြတ်ငွေများကို စာကြည့်တိုက်သို့ လှူဒါန်းသူ။
၅။ ဦးထွန်းဧ (အမျိုးသား ဘလောက်တိုက်)။ ဘလောက်များ လှူသူ။
၆။ ဦးလှဖေ (ဓါတ်ပုံသတင်းထောက်)။ ဓါတ်ပုံများ လှူသူ။
၇။ ဦးလှဒင် (အမျိုးသား ပုံနှိပ်တိုက်)။ စာပုံနှိပ်ပေးသူ၊ ငွေ, စက္ကူ စိုက်၍ ရိုက်နှိပ်ပေးသူ။

### အထ္ထုပ္ပတ္တိကို စာမူရေးပေးသူများ။

၈။ ဒုတိယ ဗိုလ်မှူးကြီးဘိုမှု
၉။ ဗိုလ်ဖုန်းကျော်။ (နတ်မောက်)
၁၀။ ဦးမေအောင်။ ဤသုံးဦး၏ စာမူများကို မှီတည်၍ ရေးသား ထုတ်ဝေခဲ့၏။

# ထုတ်ဝေသူ၏ အစီရင်ခံစာ။

၁၁။ ဦးသိန်းဟန်။ (ဇော်ဂျီ)
၁၂။ တက္ကသိုလ်-ဆုမြင့်။
၁၃။ တက္ကသိုလ်နေဝင်း။ (ဗိုလ်ထွန်းလှ)
၁၄။ ဇဂန် တာရာ။
၁၅။ မြခေါင်းညို (ဦးအောင်သိန်း)
၁၆။ စိန်မင်းသား။ (ကျည်တောင်ကန်-ဆရာစိန်)
၁၇။ မန်းတင်။
၁၈။ သခင် တင်မော်။ (ကျုံမငေး)
၁၉။ သခင်တင်အောင်။ (ဟံသာဝတီ)
၂၀။ သခင်ဗအေး။ (သူရိ) သရက်
၂၁။ သခင် အုန်းမြင့်။ (ရန်ကျော်)
၂၂။ သခင်-တင်ဦး။ (အသံလွှင့်ဌာန)
၂၃။ ကိုခင်မောင်။ (ပြည်)
၂၄။ ဦးတင်လှ။ (လွှတ်တော် ရှေ့နေကြီး)
၂၅။ ဦးဝမ်းကိုဟော။ (ချင်း) (နိုင်ငံခြားရုံး အတွင်းဝန်)
၂၆။ ဦးကျော်ညိမ်း။ (သမဝါယမဝန်ကြီး) အဆိုထောက်ခံချက်။
၂၇။ ဗိုလ်ကျော်ဇော။ (တပ်မှူးချုပ်)

အချို့စာမူများကို တဖန် အောက်ဖော်ပြပါ မဂ္ဂဇင်း, သတင်းစာ, စာအုပ် များမှ ထုတ်နုတ်ယူရသဖြင့် ကျေးဇူး တင်ရှိပါကြောင်း။

ဂျာနယ်ကျော်၊တာရာ၊အောင်ဆန်းဘာလဲ၊ ရှမဝ၊ ပဒေသာ၊ အိုးဝေ၊ဟံသာဝတီ-သတင်းစာ၊ သခင် အစည်းအရုံး မှတ်တမ်း၊ သခင်ဒီကာ၊ တိုင်းပြု ပြည်ပြု လွှတ်တော် မှတ်တမ်းတို့အပြင်၊ပဌမမူတည်သည့် စာမူများကို လက်နှိပ်စက်နှင့်ရိုက်ပေးသောကိုတင်မြ တို့အား ကျေးဇူးတင်ရှိပါသည်။

ရှေ့ဆက်လုပ် ထုတ်ဝေ နိုင်ရန်။ ဗိုလ်ချုပ်နှင့်ကိုယ်တွေ့ဖြစ်ပျက်ခဲ့ပုံများကို ရေးသား ပေးပို့၍ ကူညီကြပါရန် လေးစားစွာ မေတ္တာရပ်ခံ လိုက်ရပါကြောင်း။ ဗိုလ်ချုပ်နှင့် ဆိုင်သော ဓါတ်ပုံ၊ ပစ္စည်း များတို့ကိုလည်း ပေးပို့နိုင်ပါကြောင်းအစီရင်ခံပါသည်။

ဗိုလ်ချုပ်အား ထာဝစဉ်လေးစားလျက်။
**ဗိုလ်သိမ်းဆွေ (ဥက္ကဋ္ဌ)**
ထုတ်ဝေသူ (စာမူပိုင်ရှင်)
ဗိုလ်ချုပ်စာကြည့်ပိဋကတ်တိုက်။

# အမိကရက်စွဲနှင့် အနှောင့်အယှက် အဖျက်အဆီး။

(ဦးလှခင်) ပုံနှိပ်သူ၏
ထင်မြင်ချက်။

ကျွန်ုပ်တို့ဗမာလူမျိုးများတွင် အစဉ်အလာစွဲယူ မှတ်သားခဲ့သော အယူအဆ တခုရှိသည်။ ထိုအယူအဆသည်ကား။ အမိကရ ကိစ္စများ၌ အနှောက် အယှက် အဖျက် အဆီး ရှိတတ်ကြောင်းပင် ဖြစ်ပါသည်။ ထိုသို့သော သဘော အယူ အဆကို အချို့ကား ''အယူသီး'' သို့မဟုတ် ''ယုံတမ်း'' စကားဟု ပြောဆိုကြသည်။

သို့ရာတွင် ဗမာရာဇဝင် အစောင်စောင်၌ ကန့်စေတာ မြင်း- ဆည် စတေးခြင်း မြို့စတေးခြင်း စသည်တို့ကို အထင်အရှား ဖေါ်ပြထားရာ-အဘယ်ကြောင့် စတေးခြင်း အမှု ပြုကြသနည်း ဟူသောအကြောင်းရင်းကိုရှာသော်-ထိုကဲ့သို့သော တိုင်းပြည်အတွက် အမိကရလုပ်ငန်းများကို တည်ဆောက်ကြစဉ်အခါ အနှောက်အယှက်များတွေ့ကြုံပြီးလျှင် အခက်အခဲမျိုးစုံနှင့် ဖင့်နွှေး ကြန့်ကြာမှုများကို ရင်ဆိုင်နေကြရသောကြောင့် ချောမောပြီးမြောက်အောင်မြင်စေရန် မေဒင် ယတြာ ကိန်းခန်း-ဒသာတို့ ညွှန်လာသည့် အတိုင်း ဆောင်ရွက်သမှု ပြုကြရခြင်းဖြစ်သည်ဟု သိကြရပေသည်။

အကျဉ်းအားဖြင့် ဆိုရသော် နိုင်ငံတွင် အမိကရကိစ္စကို ဆောင်ရွက်ရာ၌ အနှောက် အယှက် အဖျက်အဆီးများ ကြုံရတတ် ကြောင်းပင် ဖြစ်ပါသည်။ အလားတူပင် ဖြစ်လေရော့သလား မသိပါ-ဗိုလ်ချုပ် အောင်ဆန်း အထ္ထုပ္ပတ္တိကို ၁၃၁၃-ခုနှစ်၊ [illegible]ဆန်း တရက်နေ့တွင် အစပြု၍ စတင်ပုံနှိပ် ခဲ့ပါသည်၊ မူလက သုံးလနှင့် ပြီးစီးရန် ရည်မှန်းခဲ့သော်လည်း ခုနစ်လ ကြာခဲ့ရပါသည်၊

ဗိုလ်ချုပ်အောင်ဆန်းအထ္ထုပ္ပတ္တိစာဖေါင်ကိုစက်တင်ပုံနှိပ်သည့်အခါတိုင်းတဖေါင်မျှ ဖြောင့်ဖြောင့်တန်းတန်း တိုက်ရိုက် ပြီးဆုံးခြင်း မရှိခဲ့ပါ၊ တခါတရံ စက်ချွတ်ယွင်းသည်။ တခါတရံ မင်လုံးပျက်သည်၊ တခါတရံဓာတ်လှည့်မှားသည် စသည်ဖြင့်၊ တနည်းမဟုတ်လျှင် တနည်း-လှည့်၍ လှည့်၍ ကြန့်ကြာခဲ့သည်။

အလုပ်သမားတွေ ညံ့ဖျင်း၍လား။ ထိုသို့စွပ်စွဲရန်လည်း ခက်ပေသည်၊ အဘယ်ကြောင့်ဆိုသော်-ဤစာအုပ်ထက်ပို၍ ခဲခက်သော ကျောင်းသုံး ဂေအုပ်နှင့် ဗုဒ္ဓဘာသာ ကျမ်းစာအုပ် လေးငါးအုပ်ကိုပင်လျှင် ဤလ ဤရက် အတွင်း ရိုက်နှိပ်ပြီးစီးခဲ့၍ အမှား အယွင်း မတွေ့ ရသောကြောင့် ဖြစ်ပါသည်၊ သို့ဖြစ်လျှင် အဘယ်ကြောင့် ဗိုလ်ချုပ် အထ္ထုပ္ပတ္တိကျင်ကွက်၍ အခက်အခဲ တွေ့နေရပါသနည်း။

ဗိုလ်ချုပ် အောင်ဆန်းသည် အမိကရ ပုဂ္ဂိုလ်ကြီး မဟုတ်ပါလော။ အမိကရ ပုဂ္ဂိုလ်ကြီး၏ အထ္ထုပ္ပတ္တိ တည်းဟူသော မော်ကွန်းကို ရိုက်နှိပ် ရခြင်း သည်လည်း အနှောက် အယှက် ကင်းအံ့လော-ရာဇဝင် အစဉ်အလာ အတိုင်း တွေ့ရပေသည့်။

ကျွန်ုပ်တို့ကား မည်သို့သော အနှောက် အယှက် အခက်အခဲ တို့နှင့် ရင်ဆိုင်ရစေကာမူ-မလျှော့သောဇွဲနှင့် ကျွန်ုပ်တို့၏ စေတနာကိုသာ အမှီပြုသန် ပြုပြီးလျှင်-မပြီးမနေ အားထုတ်လုပ်ကိုင်ခဲ့ကြပါသည်။

လှခင်

၂၂-၁၁-၅၁ အမျိုးသားပုံနှိပ်တိုက် ပိုင်ရှင်။




ဗိုလ်ချုပ် အောင်ဆန်း မွေးဖွားခဲ့သော နတ်မောက်မြို့ရှိ နေအိမ်။
(ဟံသာဝတီ သတင်းစာ တိုက်မှ ကျေးဇူး ပြုသည်။)



ရန်ကုန်မြို့ တာဝါလိမ်း ၂၅-ဗိုလ်ချုပ် အောင်ဆန်း နေထိုင်
ခဲ့သော အိမ်၊ ယခုဒေါ်ခင်ကြည် ဆက်လက် နေထိုင်သည်။
(အမျိုးသား ဘလောက်တိုက်မှ လှူသည်)



ဗိုလ်ချုပ် အောင်ဆန်း၏ ဇာတိချက်ကြွေ နတ်မောက်မြို့။
(ဟံသာဝတီ သတင်းစာ တိုက်မှ ကျေးဇူးပြုသည်။)



နတ်မောက်မြို့ရှိ ဗိုလ်ချုပ်ဘခင် (ဦးဖါ) ဂူကို
ဗိုလ်ချုပ် အောင်ဆန်းနှင့် ဒေါ်ခင်ကြည် ကန်တော့နေပုံ။
(အမျိုးသား ဘလောက်တိုက်မှ လှူသည်။)

# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ။

(ဗိုလ်ချုပ် အောင်ဆန်းသည် သူ၏ အကြောင်း ဖြစ်သော ဤစာများကို ဂျပန်ခေတ်- ဗမာ့ တပ်မတော် စစ်ဝန်ကြီး နှင့် စစ်သေနာပတိ ဘဝတွင် ရေးသားခဲ့လေသည်။ သူရေးသားခဲ့သော စာမူများကို ဆက်လက် ရှာဖွေသော်လည်း အင်္ဂလိပ် ဘာသာဖြင့် ရေးထားသည်များကိုသာ တွေ့ရသည်၊ ဗမာဘာသာဖြင့် ဤမျှသာ တွေ့ရသဖြင့် ဖော်ပြလိုက်ရပါကြောင်း။)

## အခန်း ( ၁ )

### ဇာတိ။

မြေလတ် ဟု ခေါ်သော ဗမာပြည်၏ အပူပိုင်းဇုံ ဖြစ်သော မကွေး စီရင်စု၊ ယခု ရေနံချောင်း ခရိုင်အတွင်း၊ ပုဉ်းမနား၊ ကျောက်ပန်းတောင်း ရထားလမ်း တဝက်ခန့်တွင် အပူပိုင်းဇုံ ကုန်း မြေပြင်များ ဖြစ်သော၊ နှမ်း, ပဲနှင့် ဂျင်းဆီ အများထွက်၍၊ ကုန်ချောင်း ကုန်ဝယ် အတော်တွင်ကျယ်သော မြို့ကလေး တမြို့ရှိလေသည်။ မီးရထားဘူတာရုံ အနီး အနားတွင် မီးရထား ဘက်မှ ဆောက်ထားသော အိမ်တန်းလျားများနှင့် ပွဲစား ကုန်သည် ဆိုင်များ အနည်းငယ် ရှိလေသည်။ ဘူတာ၏ဝဲယာပတ်လည်တို့တွင် မြေပဲ, နှမ်းခင်းတို့ ရှိလေသည်။ ထိုယာခင်းများမှ ကျော်လွန်၍ အရှေ့ရှုးရှုးသို့ ကြည့်လျှင်၊ ရေးရေးထင်သော တောင်တန်းများကို၊နောက်ကခံကာ တောရကျောင်းနှင့် ကမ္မဋ္ဌာန်း ထိုင်သူတို့၏ ဂူလိုဏ်များကို တွေ့နိုင်ပေသည်။ ထိုဘူတာ၏ အနောက်မြောက်ယွန်း ကိုက် ၄၀၀-ခန့် အကွာတွင်ကား၊ မိုင်ဝက်ခန့်ကျယ်သော သဲချောင်းရိုးကမ်းစပ်ပေါ်၌ ''ခပေါင်းကုန်း'' (သို့မဟုတ်) န-ကျားထူး ခေါ်သော အိမ်ခြေတရာခန့်ရှိ ရွာကလေးရှိလေသည်။ ယင်းချောင်းဟုခေါ်သော သဲချောင်းကြီး၏ တဘက်ကမ်း (အနောက်ဘက်ကမ်း) ၌ကား၊ ယာခင်း,လယ်ကွင်းပြင် များနှင့် ဥယျာဉ်အချို့ကို တွေ့ရပေသည်။ ထိုမှလွန်လျှင် တောင်ကုန်း ကုကုနေရာတွင် အရှေ့ဘက်မှ တာမြောင်းခံထားသော အိမ်ခြေ ၂၀၀-ခန့်ရှိ ရွာတရွာရှိလေသည်။ ထိုရွာ၏ အနောက် ကိုက် ၃၀၀-ခန့်တွင်၊ အိမ်ခြေ ၁၀၀-ခန့်ရှိ ရွာတရွာ ရှိလေသည်။ ရွာ၏မြောက်ဘက်တွင် ကပ်လျက်၊ (ရှေးလူကြီးများ ပြောသလို) လောကဓာတ် မြန်မာ အထက်တန်းသင် ဘုန်းကြီးကျောင်း တကျောင်း ရှိလေသည်။ ထိုမှ ယာတခင်း အလွန်တွင် ငါးရက်တဈေးဖွင့်ရာ ဈေးဝိုင်းရှိလေသည်။ ထိုမှလွန်လျှင် ပုလိပ်ဂါတ်တန်းလျားများရှိလေသည်။ ထိုအနီးတွင် စာတိုက်ရှိလေသည်။ ထိုစာတိုက်၏ အနောက်မြောက် စောင်းစောင်းမလှမ်းမကမ်းတွင်အိမ်ခြေ ၁၅၀-ခန့်ရွာတရွာရှိပြန်လေသည်။စာတိုက်နှင့်ရှေ့တည့်တည့် ပေတရာလမ်းနှင့် မြေတလင်းပြောင်ပြောင်ကို ကျော်လွန်၍၊ကိုက် ၁၀၀-ခန့်အကွာတွင်

ဘုန်းကြီးကျောင်း တကျောင်းနှင့် ကပ်၍ မြို့အုပ်ရှိလေသည်။ ထိုဘုန်းကြီးကျောင်းနှင့် ဆက်၍ ထောင့်မှန် (Right angle) ကျကာ၊ ၁၅-ပေခန့် မြင့်သော အုတ်တံတိုင်းကြီး လေးဘက် လေးတန် ခြံရံလျက်၊ စေတီငယ်များ အလယ်တွင် ရွှေရောင် တပြောင်ပြောင် တောက်နေသော စေတီတော်ကြီးတဆူနှင့် သပ်ယပ်ခမ်းနားသော ဇရပ်, တန်ဆောင်း, ကျောင်းကန်များ ရှိလေသည်။ ထိုမှ မြောက် မလှမ်း မကမ်း တွင်ကား၊ အိမ်ခြေတရာ ကျော် ရွာတရွာ ရှိပြန်လေသည်။ ထိုရွာများ အနက် ရွာကြီးသဘွယ် အိမ်ကောင်း အများဆုံးနှင့် ဆိုင်ကန္တား အတော်အတန်ရှိ၍၊စာရေး, စာချီ, မြို့အုပ်, ရွှေနေ,ကုန်သည် များ နေကြသောရွာကား၊ ဆိုခဲ့ပြီးသည့် သဲချောင်းကြီးအနောက်ဘက်ကမ်းဘောင်ကုန်း ပေါ်တွင် တည့်လျက်ရှိသော ရွာပင် ဖြစ်လေသည်။ ထိုရွာကို နတ်မောက် ဟူ၍ရင်း တောင်ရွာ ဟူ၍ရင်း ခေါ်ကြ လေသည်။ ထိုရွာကို သခိုင်းစာ အရကား- ဗိဋ္ဌယကာမင်း တည်ထောင်သွားသည်ဟု ဆိုလေသည်။သို့သော် ကျွန်တော်၏ ဘေးမှတ်တမ်းအရကား ပုဂံခေတ် အနော်ရထာမင်းစော အချိန်အခါလောက်တွင် ထိုရွာကိုစတင်တည်ဆောင်ခဲ့ သည်ဟု မှတ်သားဘူးသည်။ ထိုရွာ၏ မြောက်ဘက်စွန်း၌ တရွာလုံးရှိ အိမ်ဝိုင်းများ အနက်၊ အကျယ်ဆုံး အိမ်ဝိုင်းကြီးထဲတွင် ရှေးမအိမ်ကြီးရှိလေသည်။ မူလက ဆင်တရပ် ခန့်ဝင်နိုင်အောင်မြင့်၍ အဆောင်ပေါင်းများစွာရှိသော်သည်း၊ ထိုအခါကား အတောင် ၅၊စ်တောင်ခန့်မျှသာ ရှိတော့သည်။ အိမ်အမြင့်မှာလည်း သုံးပေခွဲမျှသာ ရှိတော့သည်။ ထိုအိမ်ကြီးကား ရှေးဗမာမင်း လက်ထက်က နတ်မောက်မြို့၊ မြို့သူကြီး အိမ်ပင်ဖြစ်လေ သည်။ ယခုကား အိမ်မရှိတော့ပြီ။ ထိုအိမ် နောက်ဖေးဆောင်ငယ်တွင် ကျွန်ုပ်အား ဖွားမြင် ခဲ့သေသည်။ ကွန်တော့ကိုမွေးဖွားစဉ် အခါက ကျွန်ဘော်တို့ နတ်မောက်သို့ မီးရထားလမ်း မပေါက်သေး။ သို့သော်ရည်ရွယ်ချက်ကား ထားပြီး ဖြစ်လေသည်။ ယခု အခါကဲ့သို့ အနည်းငယ်မျှ မြို့မဆန်ဘဲ၊ တောရွာနုကြီးတရွာမျှသာဖြစ်လေသည်။ နံနက် ညနေခင်းများတွင် ခလောက်သံ တဒေါက်ဒေါက်။နေ့လည်နေ့ခင်းများတွင် ယက္ကန်းသံ တချွင်ချွင်နှင့် ကြားရတုန်းပင် ရှိလေသည်။

အချိန်ကား ၁၉၁၅-ခု၊ ဖေဖေါ်ဝါရီလ ဖြစ်၍၊ ပဌမ ကမ္ဘာစစ်ကြီး၏ ဒုတိယ နှစ်ထဲပင် ဖြစ်ပေသည်။ ထိုအချိန်, ထိုအခါကား ဂျာမနီသည် ရေငုတ် သင်္ဘော များဖြင့် ဗြိတိသျှရေတပ် တို့အား အကြီးအကျယ် ဒုက္ခပေးနေသည့် အချိန် အခါ ဖြစ် လေသည်။ အနောက် စစ်မျက်နှာပြင်ဟု ခေါ်သော၊ ပြင်သစ်နှင့် ဂျာမနီတို့ စစ်ခင်းရာ မျက်နှာ၌ကာ ၊ ပဌမ အကြိမ် တိုက်ပွဲကြီး များမှာ မပြီး မဆုံး နိုင်သော သောင်မတင် ရေမကျ ရှေ့မတိုး နောက်မဆုတ်, အခြေ အနေပင် ရှိလေသည်။ အရှေ့ချက်နှာပြင်ဟု ခေါ်သော၊ ရုရှား စစ်ခင်းရာ မျက်နှာမှာကား မဆူးရီးယားနှင့် ဝါဇနစ်ဇူ စစ်ပွဲကြီးများ ဖြစ်ပွားလျက် ရှိကြလေသည်။ ထိုနှစ် ဖေဖေါ်ဝါရီလ ၁၃-ရက်နေ့။ ၁၂၇၆-ခု၊ တပေါင်းလဆန်း တရက် စနေနေ့ နံနက် လင်းအားကြီး အချိန်တွင်၊ ကျွန်တော်သည် လူ့ပြည်သို့ ပဌမဆုံး ရောက်ရှိ လာခဲ့ရပေသည်၊ ဖေဖေါ်ဝါရီလ ၁၃-ရက် နေ့ကား။ နာမည်ကျော် နက္ခတ် ဗေဒင် ဆရာကြီး ကီရို၏ဟောပြောချက် အရဆိုလျှင်၊ တိုင်းပြည်

တပြည်၏ အစိုးရ ထီးနန်းတို့ကို ဖြိုဖျက် နိုင်စွမ်းသော သူများကို မွေးဖွားတတ်သော ဇာတာဟု ဟောထားလေသည်။ ထိုနေ့တွင် မွေးဖွားသော ကျွန်တော်မှာ သူပုန်လောင်း ကလေးဖြစ် သည်ကို၊ ထိုအခါက မည်သူမျှ ထူးထူး ခြားခြား ထည့်သွင်း စဉ်းစားခြင်း မပြုကြခဲ့ချေ။ ကျွန်တော် မွေးဖွားသည်နှင့် ပတ်သက်၍၊ကျွန်တော်၏ ဇာတာနာမည်မှာ (ထိန်လင်း) ဖြစ်လေသည်။ သို့သော် ကျွန်တော်အထက် အစ်ကို-ကိုအောင်သန်း နှင့် နာမည်လိုက်အောင်၊ ''အောင်ဆန်း''ဟု ခေါ်တွင် ခဲ့လေသည်။ မွေးဖွားစဉ်က ကျွန်တော် မထူးဆန်းလှ သော်လည်း၊ ထိုင်နိုင် ထနိုင်သော ကလေး ဘဝမှ စ၍၊ ကျွန်တော်သည် ထူးခြား ခဲ့သည်။ ငကျခဲ့သူ ဖြစ်ခဲ့ လေသည်။ ကျွန်တော် ငယ်ငယ် တုန်းက တော်တော်နဲ့ စကားမပြောတတ်ရကား၊ လူကြီး မိဘများမှာ ဆွံ့, အ, ရှိပင် နေသလားဟု စိုးရိမ် ကြောင့်ကြ ခဲ့ရသည်ဟု သိရလေသည်။ အနာ အဖျား ထူသည်။ အစားကြူးသည်၊ အမဲ, သား, ငါးကို အလွန်ကြိုက်သည်။ ကျွန်တော်၏ မိခင် ဈေးဝယ်သွားရာ၊ ရံဖန် ရံခါ ကျွန်တော်ကို ချီ၍ သွားလေသည်။ တခါသော် အမဲသား စိမ်းကို အတင်းလု၍ စားမည်ပြုသည်ဟု ကျွန်တော် မိခင်က ပြန်၍ ပြောပြ သဖြင့် သိရပေသည်။ လူရိုင်း ဘဝက ကျွန်တော် လာ သလား မသိ။ ယနေ့အထိ လူရိုင်း သဘောမျိုး နေချင်သည့် စိတ်ထားများရှိသည်၊ ရံဖန် ရံခါ လူယဉ်ကျေးများနှင့် အသား မကျခဲ့ချေ။ မျက်စိနောက် မြင်ပြင်းကပ် လာသည်။ ထိုအခါ လူယဉ်ကျေး များနှင့် ငါလူရိုင်းဘု ဇာတ်ခွဲပစ်ချင်သည့် စိတ်များရှိသည်။ လူရိုင်းကား ကြမ်း၏။ ခက်ထန်၏။ သို့သော် ဖြူဖြောင့်၏။ တည်ကြည်၏။ လွတ်လပ်၏။ ကမ္ဘာ၏။ သန်စွမ်း၏။ ငါ့မြင်းငါစိုင်း။ သြောင်ကိုင်းရောက်ရောက်ဆိုသည်ကို ကျွန်တော်ကြိုက်၏။ ကျွန်တော်၏ စိတ်တွင်အင်မတန် စိုပြေလတ်ဆတ်သောဘဝဟု ယူဆသည်။ဗမာပြည် ရှိသည့်လူသည် လူရိုင်းမျိုးဘဝ ရောက်ချင်ရောက်သွားပါစေ၊ လွတ်လပ်ချမ်းသာစွာ ခေါင်းထောင်နေနိုင် မည်ဆိုလျှင်မလွတ်လပ်သော လူယဉ်ကျေးဘဝထက်၊ ကျွန်တော်အဆတရာ ကြိုက်သည်၊ နှစ်သက်သည်။စိမ်းလန်းစိုပြေ ကျယ်ပြန့်သော လွင်ပြင်ရိုင်းပေါ်တွင်လက်ပန်းပေါက်ဝင်၍ လွတ်လွတ် လပ်လပ် မြူးထူး အော်ဟစ် နေလိုသည်။

ငယ်ငယ်တုံးက ကျွန်တော် အတီး အမှုတ်, အကအခုန်, အတော် ဝါသနာပါ၏။ အထူးသဖြင့် ဆိုင်းတီး-အတော် ဝါသနာ ပါသည်။ စာပွဲဖြစ်စေ၊ ခေါက်စရာတွေ့လျှင် အမြဲခေါက်လေ့ရှိရာ ကျွန်တော်၏ လက်မှာ ယနေ့တိုင် အချိန်မှန်မှန် လက်ရည် ကွဲကျခဲ့ လေသည်။ သို့သော် ကျွန်တော် အနည်းငယ်ကြီးပြင်း လာသည်နှင့်၊ လူကြီးမိဘများက ကျွန်တော်အား အတီးအမှုတ် ဝါသနာကို ခွင့်မပြု။ နဂိုရ်ဝါသနာ မဟုတ်၍လား မသိ။ယခု၌စိတ်မျိုး ပျောက်သလောက်ရှိခဲ့သည်။ ကျွန်တော်ကား ငယ်ငယ်ကလေးက ယနေ့တိုင် လူရော, စိတ်ရော, ပြောင်းပျောင်းသည် ဆိုသည့် အချက်ကို သက်သက် နားမလည်ခဲ့။ နားလည်ရန်လည်း မကြိုးစားခဲ့၊ ကြိုးလည်းမကြိုးစားချင်၊ ကျွန်တော်ကား စကားပြောလျှင် မဖွယ်ရာ မယဉ်ကျေး၊ အသက်ရှစ်နှစ်ထဲ ရောက်၍၊ ကျောင်းနေသည့် အချိန်၌ပင်၊ ဘုန်းကြီးကို ဘုန်းကြီးစကားနှင့် မလျှောက်တတ်။အမူအရာလည်းကြမ်း၏။

အလိုက်လည်း မသိ။ ညစ်လည်း ညစ်ပတ်သည်။ ကိုယ့်စည်းကမ်း ဟူ၍လည်း တခုမျှမရှိ။ အသက် လေး, ငါး, ခြောက်နှစ် တိုင်အောင် ညအိပ်ယာတွင် သေးပါ၏။ မီးဖိုကို ည, ညရှိနိုး၍ ''အချင်စဖို ည၊ ကျွန်တော်မ, နေ့''ဟု ဆိုခဲ့ရသည်ကို အမှတ်ရသေးသည်။ ။အသက် ဆယ့်ငါးနှစ်ထဲ ရောက်သည့်အခါ၌ပင် အခြား အိမ်တအိမ်၌ တည သေးပါဘူး သေးသည်။ ထိုအခါကား ကျွန်တော်သည် ရေနံချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းမှာ ခြောက်တန်းအောင်၍ ခုနစ်တန်း အဝင်၊ ကျောင်းအပြန် ဖြစ်သည်။ ကျွန်တော်၏ အစ်ကို အကြီးဆုံး မှာလည်း၊ ၎င်းနှစ်တွင် ဘီ-အက်-စီ-သင်္ချာ ဂုဏ်ထူးတန်းကို အောင်ခဲ့၍၊ ရေနံချောင်း ကျွန်တော်တို့ကျောင်းတွင် မိမိကျောင်းဟောင်းဖြစ်သည့်အတိုင်း၊ ကျောင်းဆရာဝင်ရောက် လုပ်ကိုင်ရန် ကျွန်တော်နှင့် အတူပင် လာခဲ့ပေသည်။ ထိုအခါ ရေနံချောင်းမြို့သို့ နတ်မောက်မှ သွားသည့် နည်းမှာ၊ တောင်တွင်းကြီးသို့ ရထားစီး။ တောင်တွင်းကြီးမှ မိချောင်းရဲသို့ ကားစီး။ မိချောင်းရဲမှ ရေနံချောင်းသို့ သင်္ဘောစီး။ သို့မဟုတ်လျှင် မကွေးသို့ ဘတ် (စ်) ကားစီး၊ မကွေးမှ သင်္ဘောစီးရလေသည်။ ၂-ရက်ကြာလေသည်။ နောက်၌ကား ကျောက်ပန်းတောင်းမှ တဆင့်၊ မီးရထား တတန်။ မော်တော်ကား တတန်သွား၍ ရေနံချောင်းသို့ နေ့ချင်း ပေါက်လေသည်။ထိုနှစ်တွင် ကျွန်တော်တို့ မကွေးမှ တဆင့် သွားကြသည်။ မကွေးမြို့တွင် အပျိုပေါက်စ ခပ်ချောချော မိန်းကလေး ရှိသော အသိအိမ်တွင် တည်းခိုကြသည်။ လူပျိုပေါက်စဖြစ်သော ကျွန်တော်မှာ တစိမ်းတရံဆန် အိမ်တွင် မနေတတ်။ အထူး ရှက်ဘတ်သည်။ မိန်းကလေးနှင့် ဆိုလျှင်သာ၍ပင် ရှက်တတ်သည်။ ထိုကြောင့် ထိုည အိပ်ခါနီး၊ ရှက်လွန်း၍ သေးမပေါက်မိဘဲ၊ ညအိပ်သည့် အခါ မအောင့်နိုင် တော့ဘဲ သေးပါကျလေ၏။ ကျွန်တော်လည်း ပါပြီးမှသိပေသည်။ ဤမျှကျွန်တော်သည် မသိမ်မွေ့။ ညီအစ်ကို မောင်နှမ များထဲတွင် ကျွန်တော် အငယ်ဆုံးဖြစ်၏။ထို့ကြောင့် ကျွန်တော်တို့ အိမ်စံချိန်နှင့်ကြည့်လျှင်ကျွန်တော်အလိုလိုက်အခံရဆုံး ဖြစ်၏။အဆိုးဆုံးဟုလည်းအိမ်နားနီးချင်းပါမက ရွာနီးနားချင်း များကပါ အသိအမှတ် အပြုခံရ၏။

ကျွန်တော်၏ အထက် အစ်ကို ကိုအောင်သန်းနှင့် ကျွန်တော်မှာ အသက် သုံးနှစ်ခွဲ လေးနှစ်မျှသာ ကွာ၏။ သူနှင့် ကျွန်တော်ကား ငယ်ငယ်က ရန်ဖြစ်ဘက်ဖြစ်၏။ သူကား လက်မြန်၏။ ကျွန်တော်ကား အားကြီး၏၊ မချိန်မဆ လက်သွက် စမွါယ်လုပ်တတ်သည်။ သူကားနု၏။ခင်းသားကျချေသည်။ကျွန်တော်ကားကြမ်း၏။ သူသည်အစားအသောက် အနေအထိုင်မှစ၍ သပ်ယပ်၏။ အစားဆိုလည်းအစားတိုင်းမစား၊ စားသောက်နေသည့် အခါ၊ မြေကြီးပေါ်သို့ ကျသွားလျှင် သူသည်မစားတော့ချေ။ ကျွန်တော်ကား ကျသွားသောအစာကိုဖုတ်,ဖက်ခါ၍စားနိုင်လျှင်ကောက်စား၏။သူကားအဝတ်များကိုသပ်သပ်ယပ်ယပ်ဝတ်တတ်၏၊ ကျွန်တော်ကားမဝတ်တတ်။ မြန်မြန်ညစ်အောင် ဖြစ်ကတတ်ဆန်းဝတ်ဘတ်၏သူသည်မြေကြီးနှင့်ကြမ်းများပေါ်တွင်မည်သည့်အခါမှကုံးလုံးမလှဲ၊ကျွန်တော်ကား ကြိုခဲ့ဖန်များစွာ လှဲဘူး၏။ သူကားပါး၏၊ လျှင်၏၊ ကျွန်တော်ကား ထူ၏၊ အ,၏၊ ကျွန်တော်၏မြို့ကားရွာသာသာတောအရပ် ဖြစ်သည်။ကျွန်တော်ငယ်စဉ်က ယခုထက်ပင်

ကျွန်တော်တို့အရပ်မှာ တောကျ၏။ ထိုအခါက (ကလီဖါး)ခေါ် ဆံပင်ညှပ်ကုလား တယောက်တလေသာ ရှိ၏။ သို့ဖြစ်ရာ ၎င်းကလီဖါးမှာ လက်မလည်၍ ကျွန်တော်တို့အား ခေါင်းတုံးရိတ်ရန် တခါတခါ, ရိတ်တတ်သည့် အိမ်နီးနားချင်းတို့ကို ငိုင်းရလေသည်။ တခါတခါ, ကျွန်တော်တို့ ဘခင် ကိုယ်တိုင် ရိတ်ပေးလေသည်။ ကျွန်တော်၏ ဘခင်ကား ယခု ကွယ်လွန်သည်မှာ (၁၅) နှစ် ကျော်လွန်လေပြီ။ ကျွန်တော်၏ ဘခင်သည် ကျွန်တော်နှင့် အမူအရာမှာ အတော်ဆင်သည်။ တနေ့နေ၍ စကား တခွန်း မပြော။ မျက်နှာထား ဆိုး၏။ ဆိုးရသည့်အထဲ ကျောက်ပေါက်မ များလည်း ရှိ၏၊ လောကွတ်မရှိ၊ ဟန်မရှိ၊ ဘာသိ, ဘာသာ နေတတ်သည်။ အကိုင်, အတွယ်, အသွား, အလာ, အမူအရာ ကြမ်းတမ်း၏။ ငြင်းမိလျှင် လျှော့မပေးတတ်။ သို့သော် စိတ်နှလုံးကား အထူး ဖြောင့်စင်း၏၊ စကားတည်၏၊ အပိုမပြော၊ ထို့ကြောင့် ရှေ့နေ စာမေးပွဲဝင်ထားသော်လည်း ရှေ့နေလိုက်၍စားသည်ကို ကျွန်တော်တို့ မမှတ်မိ။ ယာလုပ် ကုန်ကူး ငွေချေး၍သာ စီးပွါးဖြစ်၏။ စီးပွါးဖြစ်ခြင်းမှာလည်း ကျွန်တော်တို့မိခင်၏ ဒိုးတူဘောင်ဘက် ကူညီမှုကြောင့်ပင် ဖြစ်လေသည်။ ကျွန်တော်တို့အား အခြား သူတဦးက ခေါင်းရိတ်ပေးလျှင် အင်မတန် ညင်သာ၏။ ကျွန်တော်တို့ ဘဘေကား ဒါးမ ထက်ထက်ကို ကောင်းကောင်း မသွေးဘဲ၊ အတင်း တွန်းချ၍ ရိတ်ချ၏၊ အထူးပင် ခေါင်းရည် နာ၏။ ကျွန်တော်တို့သည် ၎င်းခေါင်းရိတ်မည့် အခါ ရှုံ့၏, တွန့်၏, သို့သော် ခေါင်းရိတ်သည့် အခါတိုင်း ကျွန်တော်အစ်ကိုကား အမြဲငို၏၊ ငိုတိုင်း ခေါင်းပုပ်ခံရ၏။ ကျွန်တော်ကား မငို၊ ကြိတ်ခံ၏၊ ထို့ကြောင့် ခေါင်းပုတ် လွတ်သည်။ ။ကျွန်တော်၏ အင်ကိုကား စိတ်မြန်၏။ ကျွန်တော်တို့ ညီအစ်ကို လေးယောက်ရှိသည့် အနက်၊ ဒုတိယ အစ်ကိုကြီးကိုနေအောင် သာလျှင် စိတ်ရှည်၍ သိမ်မွေ့၏။ တသက်ပတ်လုံး မည်သူနှင့်မှ ရန်မဖြစ်ခဲ့ဘူးချေ၊ ကျွန်တော်ကား စိတ်ရှုတ်၏။ ကျွန်တော် အစ်ကို ကိုအောင်သန်းကား သူများ အကြော မခံ၊ သူကသာ ဦးအောင် ကြောခဲ့သည်။ ကျွန်တော်ကား သူများ အကြောသာ ခံရ၏။ မြှောက်လို့မြှောက်မှန်းမသိ၊ ချောက်လို့ ချောက်မှန်းမသိ၊ ထုံခပေပေ အလွန်နိုင်၏။ ။ဘခါသော် ဆယ်နိုင်ခန့် အကွာ ရွာတရွာသို့ ကျွန်တော် မိဘများနှင့် လိုက်သွား၍ သူကြီး အိမ်ဘွင် တည်း ခိုနေစဉ်၊ ထိုရွာမှ ရွယ်တူသောက် ကလေး တယောက်က ကျွန်ဘော့အား မြှောက်၍ "ဗိုလ်ကြီး-ဗိုလ်ကြီး" ဟုခေါ်ရာ၊ ကျွန်တော်မှာ များစွာ သဘောကျကာ ထန်းလျက် အချိုဆုပ်ကို ခေါ်တိုင်း, ခေါ်တိုင်း, ပေးခဲ့လေသည်။ ကျွန်တော်သည် လိမ်လည်လှေ့မျိုး မလိမ်တတ်၊ လိမ်မိခဲ့ သော်လည်း ခဏချက်ခြင်း ဖြောင့်ချက် ပေး၏။ ကျွန်တော်တို့ နေသည့် ဘုန်းကြီး ကျောင်းမှာ ဥပုသ်နေ့တိုင်း ပိတ်၏၊ သို့သော် ယောကျ်ား ကလေး များမှာ ဥပုသ်နေ့ပင် ဖြစ်သော်လည်း ကျောင်းသို့ သွားရ၍၊ ရေခတ်, မြက်နုတ်, လုပ်ရသည်။ တနေ့သော် နေ့ခင်းတွင် ကျောင်းသားများ အလုပ်မရှိ၍၊ "အလုပ် မရှိလျှင် အိပ်နေကြ၊ မကစားကြနဲ့" ဟု ဘုန်းကြီးက အမိန့်ရှိလေသည်။ အားလုံး ကျောင်းသားများအား မအိပ်ချင်ဘူးလားဟု မေးသောအခါ မအိပ်ချင်ကြသော်လည်း အိပ်ချင်သည်ဟု ဘုန်းကြီးအလိုကျလျှောက်ကြ

သည်။ ကျွန်တော်အား ဘုန်းကြီးက အောင်ဆန်းကော မအိပ်ချင်ဘူးလားဟု အထူး တလည်မေးရာ၊ ကျွန်တော်က မအိပ်ချင်ပါဘုရားဟု ပြန်လျှောက်ရာ၊ ဘုန်းကြီးမှာ ပြုံး၍ နေလေတော့သည်။

ကျွန်တော်သည် ငယ်စဉ်က ချောင်တချောင်တွင် ကပ်၍ ငိုင်တွေကာ စဉ်းစား၍ နေသော်လည်း နေတတ်သည်။ ခလေးနှင့် မလိုက် အမူအရာ အားဖြင့် ဇူနွှေကြီးသည်။ ကစား ခုန်စားဆိုလျှင် များစွာ မလေ့ကျင့်၊ သို့သော် ကစားသည့် အခါ ကြမ်းတမ်း၏၊ ကြမ်းတမ်းသော ကစားမျိုးကိုမှနှစ်သက်သည်။ တွတ်ထိုးခြင်း၊ ကြည်းသားရိုက်ခြင်း၊ စသည်တို့ကို ဝါသနာပါသည်။ခြင်းလုံးခတ်ခြင်းကိုကား မကြိုက်။ရွရွကလေးလုပ်ရသော အလုပ်ဆိုလျှင် ကျွန်တော်နှင့် မဖြစ်။ အချုပ် ဆိုရလျှင် ကျွန်တော်၏ ကလေး ဘဝမှာ ချီးမွမ်းစရာ အလွန်နည်း၏။ ညစ်ပတ်၊ ပေရေ၊ ရှုံ့၊ မြှောင်၊ ချောက်စေခြင်း ကဲ့သို့ အဖု အထစ်၊ အပြစ်၊ အနာ၊ အဆာများသည်၊ စိမ်းလန်း စိုပြေ ညီညာသော မြက်ခင်း သဘွယ် ရှုချင်စရာ မဟုတ်ပေ။ အသက်ဆယ်နှစ်ခန့်အထိ အနာရောဂါ ကင်းသည်ဟူ၍ မရှိ။ သေလှုမတတ် အကြိမ်ကြိမ် ဖြစ်ခဲ့ဘူး၏။ ဝဲနာ အကြီးအကျယ်စွဲခဲ့ဘူး၏။ ထိုအခါ ကျွန်တော်သည် ဘယ်တော့ များမှ ငါကျန်းကျန်း မာမာ အမြဲနေရပါ မည်နည်းဟု တမ်းတမိသည်။ ကျွန်တော်သည် ထိုကလေး ဘဝကပင် သူပုန်စိတ်ထား ရှိလေသည်။ အကြံကြီးသူ ဖြစ်လေသည်။ ဗမာပြည်အား အင်္ဂလိပ် လက်မှ ပြန်ရရန်၊ သူပုန် ထနည်း အမျိုးမျိုးကို စဉ်းစား ခဲ့ဘူးလေသည်။တခါတရံလည်း ဟုတ္တိပတ္တိ စိတ်ကူး၏။တခါ၊တခါ လည်း ပဒါးရှင်လုံး စသည်များကို ရှာဖွေလိုသော စိတ်များပေါ်ပေါက်၏၊ ပဒါးရှင်လုံး စသောအစွမ်းအားဖြင့် ဗမာပြည်ကိုကယ်တင်လို၏။ ကျွန်တော်ရန်မဖြစ်တတ်၊ သို့သော် ကျွန်တော်သည် သတ္တိ ထူးချွန်သည်ဟု မဆိုနိုင်၊ ငယ်ငယ်က သူရဲဘဇ္ဇေ အလွန်ကြောက် တတ်သည်။ ရန်ဖြစ်ခဲ၏၊ကျွန်တော်အစ်ကို ကိုအောင်သန်းကား ခဏ၊ ခဏ၊ ရန်ဖြစ်၏။ ဦးအောင် ရိုက်နှက်၍ အိမ်ပြေး လာခဲ့၏၊ သို့နှင့် မကြာ၊ မကြာ အတိုင်ခံရ၍ မိဘများ အရိုက်ခံရ၏၊ ကျွန်တော်ကား ဤကဲ့သို့ မဖြစ်ဘူး၊ ရန်တခါသာ အကြီး အကျယ် ဖြစ်ဘူးသည်။ ထိုအခါ လူချင်းလည်း ထိုးသတ် ပုတ်ခတ်စဉ်က ကျွန်တော်က နိုင်၏။ လူချင်းဖြန်ဖြေသည့်အခါ မရှောင်မတိမ်း ထုံပေပေနေသဖြင့် ခုံဘိနပ်နှင့် အပေါက်ခံရ၍၊ ခေါင်းပေါက်ဘူး၏။ ထိုအခါမှ ကျွန်တော်၏ရန်ဖြစ်ဘက်ကိုလိုက်လေရာ၊ ခေါင်းမူး၍ မရှိ၊ ထိုးလိုက်သည့် အချိန် အထိကား သတ္တိကောင်းပါ၏။ ခေါင်းမူးလာ၍ ခေါင်းစမ်း ကြည့်မှသွေးတွေမြင်သဖြင့်ခေါင်းပေါက်မှန်းသိသောအခါ ကျွန်တော်ငိုလေတော့သည်။ သတ္တိခေသွားလေတော့သည်။ ရွယ်တူကလေးချင်းများပေါ်တွင် တခါတလေ အနိုင်ကျင့် ချင်သည့် စိတ်ကားရှိလေသည်။ ၊တခါတွင်ကား ဘုန်းကြီးကျောင်းနေစဉ် နဖူးသား များကို ကြက်တောင်စိုက်၍ ကြက်တောင်ရိုက်ကစားနေရင်းမှ ကျောင်းသားနှစ်ယောက် ရန်ဖြစ်ရာ ကျောင်းသား တယောက် ထိပ်ပေါက်၏။ သို့ဖြစ်၍ ထိပ်ပေါက် ခံရသော ကျောင်းသား မိဘများက ဘုန်းကြီးအား လာလျှောက် တိုင်တန်းရာ၊ ဘုန်းကြီးက ဤကစား နည်းမျိုးကို အားလုံး ကျောင်းသား များသည်, ကျောင်းဝင်း အတွင်းမှာ

သော်၎င်း၊ အပြင်မှာသော်၎င်း၊ မကစားရဟု ပညတ် ရလေသည်။ ထိုပညတ်ချက်ကို ကျွန်တော်နှင့် ညီအစ်ကို ဝမ်းကွဲများက သဘောမကျ ကြသဖြင့်၊ အဘဏာဗိဆန်ကာ ရွာထဲတွင် ကစားကြလေသည်။ ကျွန်တော်တို့ ကစားနေသည်ကို အခြားကျောင်းသား တဦး, နှစ်ဦးက မြင်သဖြင့် ဘုန်းကြီးအား သွားရောက်တိုင်တန်းသောအခါ၊ ဘုန်းကြီးက ကျွန်တော်၏ မိခင်နှင့် ဦးလေးများကိုပါ ခေါ်၍၊ ၎င်းတို့ရှေ့တွင်ပင် ကျွန်တော်တို့အား ပြင်းထန်စွာ ရိုက်နှက်လေတော့၏။ ကျွန်တော်မှာ ပဌမ ကြိတ်မှိတ်၍ ခံသော်လည်း နောက်ပိုင်းတွင် သတ္တိမကောင်း နိုင်တော့ဘဲ ငိုလေတော့သည်။ ကျွန်းတော်သည် ထိုသို့ သွားရောက် တိုင်တန်းသူ ကျောင်းသားကို ယနေ့တိုင် အခဲ မကျေချင်လှ။ ဤကဲ့သို့ အလုပ်ပို, မေတ္တာရှိ, မုက်နှာလို, မုက်နှာရ အထက်လူကြီးအား တိုင်ခြင်း, တောခြင်းကို ငယ်ငယ်ကလေးကစ၍ ယနေ့တိုင် ကျွန်တော်အထူးစက်ဆုပ်လှသည်။ ယခု ခေတ်သစ် ကျောင်းများတွင် ကျောင်းသားများအား ဤအကျင့်မျိုးကို အားမပေးဘဲ ဖျောက်ဖျက် စေသင့်လေသည်။ ဤအကျင့်မျိုးကား အကျင့်ယုတ်ဖြစ်လေသည်။ ကျွန်တော်တို့မိဘကား ပစ္စည်းဥစ္စာအတော်အတန်ရှိ၏။ ကြွေးရှင်, မြေရှင်ဖြစ်ရာဆင်းရဲသားများနှင့်အများအပြား ဆက်ဆံရလေသည်၊ ကျွန်တော်တို့၏ မိခင်မှာစနေရှင်ကလေးအတန်းအစားထဲတွင် သဗော, သမတ်ရှိ၍ စိတ်ကောင်းရှိလေသည်။

သို့ပင်ဖြစ်သော်လည်း နံဖန်ရံခါ ဆင်းရဲသားများက ကြွေးများ မဆပ်နိုင်၍ ကြိမ်း မောင်းသောအခါ ကျွန်တော် အထူးပင် စိတ်မကောင်းဖြစ်မိသည်။ ထိုအခါက ကျွန်တော် ကား ငွေတိုးကြီးစံနစ် ဆိုးဝါးပုံကို မျက်ဝါးထင်ထင် တွေ့ခဲ့ရလေသည်။ များစွာသော ဆင်းရဲသားတို့မှာ ကြွေးတခါယူမိလျှင် ကြေနိုင်စရာ အကြောင်း မရှိပေ။ ဤစံနစ်ကို ယနေ့ခေတ်သစ်တွင် အလျင်အမြန် ပြင်ဆင်သင့်သည်။ ၎င်းပြင် ယခု လက်ရှိဆင်းရဲသား ကြွေးမြီများကို အားလုံး လျှော်ပစ်ရန် သင့်လေသည်။ ထိုကြွေးများမှာ အဝိုး၏ အညွန့်ကြွေးများသာ ရှိတော့မည်မှာ ကျွန်တော် ယုံမှားသံသယ မရှိပေ။ ကျွန်တော် ကား—ကြွားရမည်ဆိုလျှင် မျိုးကြီး, ဆွေကြီးမှ ပေါက်ပွါးသူဖြစ်သည်။ ကျွန်တော်တို့ ရှေးအဆက်အနွယ်တို့မှာ ပုဂံပြည် တရုပ်ပြေးမင်းလက်ထက် (ဂုဂ်ဂျစ်ခံ) အဆူးရှိသော တရုပ်တို့ ဝင်ရောက်နှောင့်ယှက်သောအခါတွင် နိုင်ငံခြားသားတို့၏ လက်အောက်တွင် မနေလို၍ လွတ်ရာကျွတ်ရာ ယခု ကျွန်တော့ မွေးဖွားရာ ဒေသသို့ စုန်ဆင်းခဲ့လေသည်ဟု ဦးလေးတယောက်က ပြောပြဘူးလေသည်။ အလောင်းဘုရား တတိယ နိုင်ငံတော် တူထောင်စဉ် အခါက တိုင်းပြည်မှာ ဖရိုဖရဲ ဖြစ်၍နေရာ၊ ရွှေဘိုမြို့မှ ဦးအောင်ဇေယျသာ ထ၍ ကျွန်တော်ဘို့၏ အဆက်အနွယ် ပင်းငင်းကြီး ဦးဖြ (ဘွဲ့မည် ကောင်းကောင်း မမှတ်မိ) ဆိုသူမှာလည်း မိမိနယ်ကို အုပ်စိုးခေါင်းဆောင်၍ ဗမာ့ ယိုးနန်း ထူထောင်ရန် ကြိုးလေသည်။ နောက်မှ အလောင်းဘုရား၏ အကြောင်း ကြားသဖြင့် လူများ စုဆောင်း စုံစမ်းစေ၍ အလောင်းဘုရား၏ ဘုန်း, လက်ရုံး အကြောင်း ကြားသိသည့် အခါ အလောင်းဘုရားထံ ဝင်ရောက်၍ သက်စွန့်ကြိုးပမ်း အမှုတမ်းလေသည်ဟုလည်း မှတ် သားရဘူးသည်။

မင်းတုန်းဘုရင် လက်ထက်တွင် သက်တော်ရှည် အမတ် ဖြစ်သော ခမ်းပတ်မင်းကြီးမှာ ကျွန်တော်တို့၏ အမျိုးအနွယ်ပင် ဖြစ်သည်ဟု ကြားဘူးသည်။ မင်းတုန်းဘုရင်၏ သမားတော်တဦး (လူမည်မှာ ဦးကျော်ဇံ ဖြစ်လေသည်၊ ဘွဲ့ကိုကား မသိ။) မှာလည်း ကျွန်တော်တို့ အမျိုး အဆွေပင် ဖြစ်လေသည်။ စုံနံ့သာမြိုင် ရေးသော ဆရာကြေ့မှာ ဦးကျော်ဇံ၏မြေးပင်တည်း။ ရှင်အဂ္ဂသမာဓိမှာလည်းကျွန်တော်တို့အမျိုးဟုပင်သိရသည်၊ ကျွန်တော်တို့ ဘေးမှာ နတ်မောက်မြို့ သူကြီး ဖြစ်လေသည်။ စာတတ်သည်, ဉာဏ်ထက်သည်, လက်မြောက်သည်, စိတ်ထက်သည်ဟူ၍ ကြားနာဘူးလေသည်။ မိမိအထက်မြို့ဝန်နှင့် မတဲ့၍ အလုပ်ပြုတ်သဖြင့်၊ မန္တလေး ရွှေမြို့တော်သို့ တက်၍ အရာခံနေဆဲ အနိစ္စရောက်လေသည်ဟု တခါက ပုရပိုက် မှတ်တမ်းတွင် ဘတ်ရဘူးသည်။

(စကားအလျဉ်းသင့်၍ ရေးရဦးမည်၊ရှေးကလည်း ဗိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်း ရှိလေသည်။ အခေါ်အဝေါ်ကိုကား မေ့သွားလေပြီ။ ကျွန်တော်တို့ (ဘေး) အိမ်ကြီးတွင် တွေ့ဘူးသော ပုရပိုက်များတွင် ကျွန်တော်တို့ ဘေး နေ့စဉ် ဘာလုပ်သည်, ဘယ်သွားသည့် စသည်ကို မှတ်ထားချက်များ တွေ့ရလေသည်။) ကျွန်တော်တို့ ဘေးတွင် အစ်ကိုကြီး တယောက်နှင့် ညီ နှစ်ယောက် ရှိသည်ဟု သိရသည်၊ အစ်ကိုကြီးမှာ ရန်ကုန်ဆိပ်ကမ်းအုပ် ဖြစ်သည်ဟု သိရသည်။ ညီအငယ်တယောက်မှာ တလုပ်မြို့ဝန် ဦးဘွားယူခေါ်၏။ မြင်ကွန်း-မြင်းခုံတိုင်တို့၏ ငယ်ဆရာ ဖြစ်သည်။ ၎င်းမင်းသားများ အထတွင် မြင်းကွန်းမင်းသားတို့အတွက် ထားပြတိုက်၍ ငွေရှာပေးရလေသည်။ ထိုအချက်ကို နေပြည်တော်ကသိလေ၍ ဦးဘွားယူရာထူးမှကျလေသည်။ကျွန်ုပ်၏ သစ္စာကြီးမှုကြောင့်၎င်း၊အမှုမထင်ရှားရ၍၎င်း၊ မင်းတုန်းမင်းကဲ့သို့ သိမ်မွေ့သော မင်းလက်ထက်ဖြစ်၍၎င်း၊ အသက်ချမ်းသာရလေသည်။

နာမည်ကျော် ဦးမင်းရောင် (ဗိုလ် လ ရောင်) မှာ ကျွန်တော်တို့ အဖွား၏ တူတော်သည်။ ဦးမင်းရောင်ကား လက်ရုံးအားကိုး ဖြစ်သည်။ အမိုက်ဆုံး ဆိုသူများကို တပည့် လုပ်ထားသည်၊ ၎င်း၏ တပည့် တယောက် (နာမည်ကား မမှတ်မိ) သည်၊ ဇာတ်ပွဲများတွင် လူပျက်, ပျက်သည့်အခါ လူများရယ်တုံး မရယ်၊ အများရယ်ပြီးမှ တယောက်ထည်း ကျယ်လောင်စွာ အကြာကြီး ရယ်ဘတ်သည်ဟု သိရသည်။ ဤကဲ့သို့ အရွဲ့တိုက် ရယ်သည်ကို ဗိုလ်လရောင် တွေ့၍ အားရကာ ဆုချလေတော့သည်။ တခါလည်း ၎င်း၏ တပည့်နှင့် ၎င်း၏ ညီ သုံးမြို့ဝန် ဦးမင်းမောင်၏ တပည့်တို့သည် ၎င်းတို့၏ - ဘွားမ မယ်တော်ပျံတွင် လက်ဝှေ့ ထိုးကြသည်၊ဦးမင်းရောင်၏ တပည့်ရှုံးသည်၊ ညီဖြစ်သူ ဦးမင်းမောင်က မိမိ၏ တပည့် နိုင်သဖြင့် ပုဝါတပိုင် ဆုချလေသည်၊ ထိုအခါ ဗိုလ်လရောင်က မခံချင်၍ မိမိတပည့်ကို ရှုံးလျက်နှင့်ပင် ပုဆိုးတထည် ဆုချလေသည်။

တခါလည်း ကြက်သားဟင်း စားလို၍ ညီ ဦးမင်းမောင်အား ကြက် အသတ်ခိုင်းလေသည်၊ ဦးမင်းမောင်ကား ဗိုလ်လရောင်နှင့်တော့ လူပြော့ ဖြစ်လေသည်။ စောင်း စည် သီချင်းဆို တော်သည်။ စကားပြော ချိုသာသည်၊ အထက် လူကြီးများ၏ အချစ်တော်

တဦးဟု သိရသည်၊ ဦးမင်းမောင် ကြွက် မသတ်နိုင်၊ ထို့ကြောင့် ဗိုလ်လရောင်က သူ့ကိုယ်တိုင် သတ်၍ ချက်စားလေသည်၊ ပိုသည့် ဟင်းကို ညီအား မကျွေးဘဲ ခွေးကျွေးပစ်သော ဟူ၏။

(ဤကား ကျွန်တော်၏ အမျိုးအနွယ်အကြောင်း သိသမျှပင်တည်း။)

---

## ကျောင်းသား ဘဝ။

ကျွန်တော်၏ မိခင်, ဘခင် နှစ်ဦးစလုံးမှာ ဉာဏ်ကောင်းသော အမျိုးဖြစ်လေသည်၊ ကျွန်တော်၏ ဘခင်သည် ရှေးနေ စာမေးပွဲတွင် ဗမာတပြည်လုံး တတိယ စွဲခဲ့လေသည်၊ ကျွန်တော်တို့ ညီအစ်ကို အားလုံးလည်း ဉာဏ်ကောင်းကြသည်၊ သို့သော် ဒုတိယ အစ်ကိုကြီးကား စာသင် အထူး ပျင်းလှ၍ အခြား ညီ, အစ်ကိုများ ကဲ့သို့ ပေါက်ပေါက်ရောက်ရောက် ပညာ မတတ်ပေ။ ကျွန်တော်၏ အစ်ကိုများ ဝမ်းကွဲ ညီ, အစ်ကိုများ ဦးလေးများမှာ မိမိတို့ဆိုင်ရာ ကျောင်းစာမေးပွဲများတွင် ထိပ်တန်းကျကျ အောင်မြင်ကြသူချည်း ဖြစ်လေသည်။ ကျွန်တော်တို့၏ မိဘများသည် ပညာကိုလည်း အထူး လိုလားသည်၊ ကျွန်တော်၏ အစ်ကိုများကို ငါးနှစ်သား အရွယ်မှ စ၍ ကျောင်းထားခဲ့လေသည်၊ ကျွန်တော် တယောက်သာ အငယ်ဆုံးဖြစ်၍ အလိုလိုက်ကာ ထားသဖြင့် အသက် ၈-နှစ်ရောက်မှသာလျှင် ကျောင်း စ နေရပေသည်၊ ကျွန်တော် ကျောင်းနေလာရင်း ပြောပြရဦးမည်။ ကျွန်တော်၏ အထက် အစ်ကို ကိုအောင်သန်းအား အသက် ၁၁-နှစ်ခန့်တွင် ရှင်ပြုလေသည်၊ ထိုအခါ ကိုအောင်သန်းမှာ မြန်မာ ၆-တန်းတွင် ရှိသည်၊ ကျွန်တော်မှာ အသက် ၈-နှစ်ထဲ ရောက်သော်လည်း ကျောင်းတွင် မနေရသေးချေ။ ရှင်ပြုအခမ်းအနားဖြင့် ကိုအောင်သန်းတို့ ရှင်လောင်းဆင်သောအခါ ကျွန်တော်လည်း ရှင်လောင်းဖြစ်ချင်သဖြင့် မိခင်အား ပူဆာသေးသည်၊ထိုအခါ မိခင်က ရှင်လောင်းလုပ်တဲ့လူသည် စာတတ်မှဖြစ်သည်ဟု ပြောပြသဖြင့် ကျောင်းနေပါတော့မည်ဟု ဂတိပေးကာ၊ ထိုတွင်မှ ကျောင်းစနေ ဖြစ်လေသည်။ တန်းကျော် တက်ခဲ့ရပြန်သဖြင့်၊ လေးနှစ်နှင့် ၁၀-တန်း အောင်မြင်သည်၊အင်္ဂလိပ်,မြန်မာ သတ္တမတန်း စာမေးပွဲတွင် ဗမာတပြည်လုံးတွင် နဝမ စွဲခဲ့၍ အထက်တန်း စကောလားရှစ် ရခဲ့သည်၊ ဗုဒ္ဓဘာသာကျောင်းနှင့် အမျိုးသား ကျောင်းများတွင် ပဌမ စွဲခဲ့၍ ဦးရွှေခိုဆုကို ရရှိခဲ့ပြီးသည့်နောက်၊ ရန်ကုန် တက္ကသိုလ်တွင် ၆-နှစ် ခွဲမျှ နေခဲ့သည်။ နိုင်ငံရေးစိတ်သန်မှုကြောင့် ကျောင်းစာများကို မလေ့ကျက်သဖြင့် (ဘီ-အေ) အတန်းအထိ အောင်ရုံသာ အောင်ခဲ့သည်။ (ဘီ-အေ) အထက်တန်း နှစ်တွင် ကျောင်းသား သပိတ်မှောက် ခေါင်းဆောင်တဦးဖြစ်၍ အလုပ်ရှုပ်သဖြင့် (ဘီ-အေ) စာမေးပွဲကို တနှစ်မဖြေဘဲ နေခဲ့ရသည်။ နောက် (ဘီ-အယ်လ်) အတန်းကို တက်ခဲ့သည်၊ အတန်းလည်း မှန်မှန် မတက်, စာအုပ်လည်း မရှိ, မှတ်စုလည်း မထား, စာလည်း မကြည့်, မိမိစိတ်သန်ရာ နိုင်ငံရေးကိုသာ လိုက်စားသဖြင့် (ဘီ-အယ်လ်)

N. P. W. — 191-2, 10000

ပဌမနှစ် စာမေးပွဲတွင် ကျရှုံးလေသည်။ ဤကား ကျွန်တော့ တသက်တွင် စာမေးပွဲ ပဌမဆုံးနှင့် နောက်ဆုံး ကျရှုံးခြင်းပေတည်း။ ကျရှုံးသော်လည်း ဥပဒေရာဇဝင်ဖြစ်သော ပဌမမေးခွန်းစာတွင် ကျွန်တော် ပဌမ ရခဲ့သည်။ ဒုတိယ (ဘီ-အယ်လ်) နှစ်တွင် နှစ်စေ့ အောင် ကျွန်တော် မနေတော့ပေ။ ဥရောပတိုက်တွင် မြူးနစ် စာချုပ် မချုပ်ဆိုမီ စစ်ဖြစ် မတတ် အခြေအနေနှင့် ဗမာပြည်တွင် အဓိကရုဏ်း အခြေအနေများကို ထောက်ဆ၍ ဝိုင်းပြည်အတွက် ကိုယ်ထိလက်ရောက် လုပ်ကိုင်ရန် ကျောင်းမှ နှင်ထွက်တွင် ထွက်၍ သခင် ဘဝသို့ ပြောင်းခဲ့သည်၊ မြန်မာစာသင် ဘုန်းကြီးကျောင်း နေရစဉ်က ကျွန်တော် အထူး မပျော်ပိုက်သည့် အချက်တချက် ရှိလေသည်။ ထိုအချက်မှာ ကစား ခုန်စားခြင်း, ကလေးဘာဝ သစ်ပင်တက်, ရေကူး, အလုပ်မျိုး ပိတ်ပင်ခြင်းပင် ဖြစ်လေသည်။ ဤ အချက်တွင် ကျွန်တော်တို့ မိဘများသည်း တ သ ဘော တည်း လောက်ပင် ရှိသည်။ ကျွန်တော်တို့မှာ သစ်ပင်တက်ခြင်း, ရေကူးခြင်း စသော ကိုယ်လက် ကျန်းမာ ကျင်လည် မှုကို လေ့လာခွင့်မရ၊ သစ်ပင်တက်သည်ကိုမြင်လျှင် အဆို, အမြည်ခံရသည်။

ရေကူး သည်ကို သိလျှင် အရိုက်ခံရသည်၊ ထို့ကြောင့် ယနေ့အထိ ကျွန်တော်မှာ ဉာဏ်ပညာဘက်မှ အခွင့် အလမ်း ရခဲ့၍ ပေါက်မြောက်ခဲ့သလောက်၊ ကိုယ်လက် ကျန်းမာ ကျင်လည်ရေးတွင် အခွင့် အလမ်း မရခဲ့၍၊ များစွာ ချို့ယွင်း နေပေသည်။ ရေနံချောင်း အမျိုးသားကျောင်း နေစဉ်ကလည်း အခွင့်အလမ်း မရခဲ့၊ မရခဲ့သည်မှာ အမျိုးသားကျောင်း ဖြစ်သည်အတိုင်း၊ ဆင်းရဲသဖြင့် ကစားခုန်စား လေ့ကျင့်ရာ, နေရာ, ကိရိယာ, တန်ဆာပလာများ မထားနိုင်၍ပင် ဖြစ်သည်။ ဗမာပြည်တွင် ဘုန်းကြီးများနှင့် ရှေးလူကြီးများ၏ အချို့ အယူ အဆ များကို၊ ခေတ်နှင့်လျော်အောင် ပြုပြင်သင့်လေသည်။ သို့မဟုတ်လျှင် ဗမာပြည်နှင့် ဗမာ လူမျိုးဘို့ အခြေ အနေသည် တိုးသင့် သလောက် တိုးတက်မည် မဟုတ်ချေ။

ပညာဆိုသည်မှာ စာအုပ်စာတမ်းဘက်၌ စာသိမှုကို ပညာဟုမဆိုပေ၊ ပညာသည် ''အတိုင်း အဆ မထင်'' အလွန်ကျယ်ပြော နက်နဲလှပေသည်၊ ကမ္ဘာ့ရှိစာအုပ်အားလုံး ပင်လျှင် ပညာ အားလုံးကို လောကပြင်ကျယ် တည်းဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့ သည်ပုခက်တွင်းမှသည် မြေကြီးပေါ်သို့ ရောက်သည် အထိ ပညာသင် သားများ ဖြစ်နေ ကြစေသည်၊ ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် သူ၏ တသက်ပန် တွင် ကုန်ဆုံးသည်ဟု မဆိုနိုင်ပေ၊ ပညာတတ် သူသည် လောက၌ရှိ အရာရာကို အခွင့်, အလမ်းလိုက် ဆင်ခြင် သုံးသပ် နိုင်စွမ်းသော ဉာဏ် အားကိုရင်း။ မိမိဉာဏ် အမြော်အမြင် စိတ်နေ စိတ်ထား စိတ်ဓာတ် တို့ကိုရင်း။ (Emotion of the Education) ပြုပြင် ပြုစု စီမံ ထားခဲ့သူ သာလျှင် ဖြစ်သည်။ ဘီအေ-ပင် အောင်စေကာမူ၊ ပါရဂူ ဘွဲ့ကြီးပင် ရစေကာမူ၊ ပဌမကျော်ကြီးပင် ဖြစ်စေကာမူ၊ အသက် အရွယ် မည်မျှပင်ကြီးရင့်စေကာမူ၊ ပညာဆိုသော သဘာဝ အဓိပ္ပါယ်ကို ကောင်းစွာ သုံးသပ် နားလည်ခြင်း မရှိခဲ့သော် တကယ် အရာမရောက်၊ အသုံးမဝင်နိုင်ပေ။ ပညာသည် စာအုပ်များထဲ၌သာ ရှိသည် မဟုတ်။ စာအုပ်များကို ကျော်၍ မြင်စွမ်း နိုင်ခြင်းကို ဆောင်နိုင် ရပေမည်၊ ပညာသည်

လူ၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသာ မဟုတ်။ လူ၏စိတ်နေ စိတ်ထား အယူ အဆများကိုလည်း တိုးတက်စေရမည်။ လူ၏ဆန္ဒအား လုပ်အားကို နှိုးဆွတ်စေရမည်၊ ရာဇဝင် သိရုံသာမဟုတ်။ ရာဇဝင်ကို ဖန်တီးနိုင်စေရမည်။ လောကဓါတ် ပညာကို သိရုံသာ မဟုတ်။ လောကဓါတ် ပညာကို တိုးချဲ့နိုင်စေရမည်။ ပဌမပညာကို သိရုံသာ မဟုတ်။ မြေသစ်, ရေသစ်, တော, တောင် တို့ကို ရှာဖွေ စုံစမ်း နိုင်စွမ်း စေရမည်။ လောက အကြောင်းကို နားလည် စေရုံသာ မဟုတ်၊ သည့်ထက် ကောင်းသော လောကကို ဖန်ဆင်းနိုင်စေရမည်။ ဤကားပညာ၏ သရုပ် အကျဉ်းမျှပင်တည်း၊ ပညာသည် ကာလ, ဒေသ, ပယောဂနှင့် ယှဉ်ရမည်၊ လောက၌ လက်တွေ့အသုံးလည်းကျရမည့် ပညာတွင် သညာလည်းပါသည်။ ဉာဏ်နှင့်လည်းယှဉ်ရမည်။ဉာဏ်ချည်းသာတိုးတက်၍၊ ‘သညာ’ မရှိပါမူသည်း၊ ဤမျှ ပိုမိုဆန်းကြယ် အပြောကျယ် လှသော ခေတ်သစ် အကြောင်းကို နားမလည်နိုင်ပေ။ လောကဓါတ် ပညာကို မတတ်မသိဘဲ လောကဓါတ် ပညာဉာဏ်ကိုသာရလျှင်၊ လောကဓါတ် ပညာ၏ တန်ဘိုးကို ဒင်ပြည့် မသုံးနိုင်ပေ။ တိုင်းပြည် အခြေအနေ ပြဿနာ၊ ခေတ်၏ အခြေ အနေနှင့် မယှဉ်ပါမူ၊ တိုင်းပြည်ထောင်ခြင်း, ခေတ်ပြင်ခြင်း, မပြုနိုင်ပေ။ မွေးကတည်းက သေသည်အထိ။ အယူဝါဒ အပြောင်း အလဲမရှိသူသည်၊ ပညာ တတ်သည်ဟု မဆိုနိုင်ပေ။ လူတယောက်၏ သက်တမ်းတွင် အစပဌမက သိမြင်လာသော စိတ်နေ, စိတ်ထား ဝါဒတို့သည်၊ အမှန်ချည်း မဟုတ်။ ပြုပြင်ပြောင်းလဲ ရမည်သာတည်း။

ယခေ့ အယူအဆနှင့် နက်ဖြန် အယူအဆတို့မှာ တူချင်မှတူပေမည်။ အမှန်ကား လူတဦး၏ ဘဝတွင် ကျွန်ုပ်တို့သည် အယူဝါဒ ပြောင်းလဲခြင်းများကို တွေ့သော အခါ၊ ထိုလူသည် သမာဓိမတည်။ ရှေ့နောက်မညီဟု ထင်မှတ်မှားလေသည်။ သမာဓိ မတည်ခြင်းမှာ ကိုယ်ကျင့်တရား ဖေါက်လွှဲ, ဖေါက်ပြန် ဖြစ်ခြင်းပေတည်း။ ဝါဒပြောင်းလဲမှုမှာ ဉာဏ်အမြင်၏ ပြောင်းလဲမှုကြောင့် သမာဓိ မတည်ခြင်း မဟုတ်ပေ။ တနည်း တိုးတက်ခြင်းပေတည်း။

အမှန်အားဖြင့် သမာဓိဆိုသော စကားကို နက်နက်နဲနဲ ဆင်ခြင်လျှင်၊ လောကရှိ လူအပေါင်းတို့မှာ သမာဓိလက်ကိုင်ရကြသူ ရှားပေသည်။ သမာဓိဆိုသည်မှာလောက၏ အကောင်း, အဆိုး, အကျိုး, အပြစ်, အပျက်, သနစ်စုံကို ပိုင်းခြား ထင်ထင် သိမြင်၍၊ ဆင်းရဲလည်း ဝမ်းမနည်း၊ ချမ်းသာလည်းဝမ်းမသာ၊ပကတိစိတ်ထား ဉာဏ်အမြင် အရ လူချီးမွမ်း,လူကဲ့ရဲ့မှု ဘေးဒုက္ခအန္တရာယ်ကို မထိတ်မလန့် တသမတ်တည်း တည်ငြိမ်စွာ ရှိခြင်းကိုဆိုလေသည်၊ ဘုရားအစရှိသောသူတော်ကောင်းတို့၏စိတ်သည်နေပုံမျိုးတည်း။ သို့ဖြစ်ရာ-သာမန် ကိုယ်ကျင့်အမူအရာ အပြောအဆို ဘမ်းပြတည်ငြိမ်မှုကို လူအပေါင်း တို့က သမာဓိဟု သာမညပြောစမှတ်ပြုကြလေသည်။ အမှန်စင်စစ်ကား-ထိုဘမ်းပြတည် ငြိမ်မှုနောက်တွင် မည်မျှအတွင်း ဖေါက်လွှဲ ဖေါက်ပြန်မှုများ တိုးပွား များပြားသည်ကို လူအပေါင်းတို့ မစဉ်းစားမိကြချေ။ ကျွန်တော်သည် ဇူနြေကြီး၍ မျက်နှာထား အလွန် တည်သူတယောက်ဟု အသိအမှတ်အပြုခံရလေသည်။ ကျွန်တော်၏ ကိုယ်အမူအရာ

စိတ်ထား သရုပ်တို့သည် ဖေါက်လွှဲဖေါက်ပြန်သဘောကို မပြပေ။ သို့သော်-အကယ်ပင် ကျွန်တော်သည် သမာဓိရှိ၏။ မည်မျှသမာဓိတရားတို ပိုင်ဆိုင်ပေသနည်း။ ကျွန်တော် သာလျှင် ကျွန်တော်၏ အတွင်းလှုပ်ရှားမှုတို့ကို ဤစာအုပ်ကို ဘတ်ရင်းဘတ်ရင်း တွေ့မြင်ရပေလိမ့်မည်။

အသိဆုံး ဖြစ်ပေသည့် ကျွန်တော်၏ အတွင်း လှုပ်ရှားမှုများကား၊ သမာဓိ တရားကိုလုံးဝမပိုင်ဆိုင်သေးခြင်း၏ အမှတ်လက္ခဏာပင်တည်း။ ယခုလည်း ကျွန်တော်သမာဓိတရားကို ပိုင်ပြီလော။ လုံးဝမပိုင်ဆိုင်သေးပေ။ထို့ကြောင့် လူတိုင်းပိုင်ဆိုင်ခြင်း မရှိသေးသော သမာဓိတရားကို စကားလုပ်၍ မဆိုကြပါနှင့်ဦး။ လူတယောက်၏ ဉာဏ် အမြင် လှုပ်ရှားပြောင်းလဲမှု ဝါဒပြောင်းလဲမှုကို သမာဓိမတည်ဟု တံဆိပ် အရိုက်မခံစေသင့်ကြပေ။ ဥပမာအားဖြင့် လွန်ခဲ့သောနှစ်များက အရှင်အာဒိစ္စဝံသဆိုသော ကိုယ်တော်အား သာသနာတော်တွင် ဘိက္ခုနီမများ ရှိသင့်သည်ဟု စာအုပ် တအုပ် ရေးသားမှုကြောင့် ဝိုင်းပယ်ကြ၏။ သပိတ် မှောက်ကြ၏။ အမှန်ကား သူ၏ ပြောင်းလဲ မှုသည်၊ မှားချင်လည်းမှားပေမည်။ သို့သော်လည်း ပုထုဇန် တို့၏ ဂတိ အလားဖြင့်၊ အမှား မရှိသူ မရှိ။ အမှားသိမှ အမှန်မြင်လေသည်။ အမှားတခါ လုပ်မိလျှင်၊အမှားနှစ်ခါ လုပ်မိသောအခါ မှန်လာပေလိမ့်မည်။

သို့သော်လည်း မှားပင်မှားစေကာမူ။ မိမိဉာဏ် အမြင်အလျှောက် ပြောင်းလဲမှုမှာ ရှိအပ်သည်သာတည်း။ လှေနံဓါးထစ်ဆိုသော အလုပ်,အပြော,အတွေးတို့မှာ ပညာ၏ အဓိပ္ပါယ် ဆန့်ကျင်ဘက်ပေတည်း။

ဗုဒ္ဓဂေါတမသည် သဗ္ဗညုတရွှေဉာဏ်တော်ကို ခြောက်နှစ် တိုင်တိုင် အမှား အမျိုးမျိုးကိုကျော်ကာ ရှာဖွေ တွေ့ရှိခဲ့လေသည်။ ထို ဉာဏ်တော် ရှာဖွေရန် စိတ် ပိုင်းဖြတ်သောအစ၌ သိဒ္ဓတ္ထ မင်းသားသည် မိမိဉာဏ် အမြင်အရ၊ အနုမာန မျက်ရမ်း ဆ၍ ပြောင်းလဲမှု ရှိလာလေသည်။ အလှယ်လှယ်, အပြောင်းပြောင်း အသောင်း မကသော ခေါင်းမမိသံ ခြွေရံ ပရိသတ်တို့နှင့် တကွ၊ နန်းဆုံးဆောင်ဝယ် မင်းစည်းစိမ်ကိုစွန့်ပယ်၍ သောင်မြင်, ကမ်းမမြင် ရသေ့, ရဟန်း အသွင်၊ လျှော်တေသက်န်းကို ဝတ်ဆင်၍ ''ဘိက္ခုနသီလော ယာစနသီလောတိ ဘိက္ခု''ဟူသည်နှင့် အညီ၊ သူတောင်းစားဘဝမျိုးသို့ ပြောင်းလဲမှုသည် သာမန်ပကတိ မျက်စိအားဖြင့် ကြည့်လျှင် ရူးသည်,မိုက်သည်ဟု ဆိုရပေမည်။ မိမိ၏ မင်းစိတ်,မင်းဝါဒကို ဆန့်ကျင်သော လောကစိတ်, လောကဝါဒအား ဤသို့ ပြောင်းလွဲခဲ့လေသည်။

(ဗိုလ်ချုပ်အောင်ဆန်း။)

# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ။

## အထူးမှတ်ချက်။

ဗိုလ်ချုပ်-အောင်ဆန်းသည် အင်္ဂလိပ်စာ အရေး, အသား, အထူးကောင်းမွန်သဖြင့် သူ၏အတ္ထုပ္ပတ္တိကို အင်္ဂလိပ်လို အခန်းနှစ်ခန်း ရေးသားခဲ့ရာ၊ မည်မျှစိတ်ဝင်စားစွာနှင့် အသေးစိပ် သဘာဝ သရုပ်ဖေါ်ပြထားခဲ့သည်ကို၊ ဒုတိယ ဗိုလ်မှူးကြီးဘို ဘာသာပြန်ဆိုပေးရာ။ ဒီးဒုတ်-ဦးဘချို ပြင်ဆင်ပြီး ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင် သဘောတူ လက်ခံသည်။ ၎င်းဘာသာပြန် အတ္ထုပ္ပတ္တိ နမူနာပိုင်းကို တိုင်းပြည်အား တင်ပြ လိုက်ရပါကြောင်း။ ဗိုလ်ချုပ် အောင်ဆန်း မှတ်ချက်ကား ကဗျာဆန် လိုက်တာဗျာ ဟု ဗိုလ်မှူးကြီးဘိုအား ပြောခဲ့သေး၏။ ဗိုလ်မှူးကြီးဘိုက ဗိုလ်ချုပ်ရေးထားတဲ့ အတိုင်း ဘာသာပြန် ရတာကိုးလို့ ဖြေဆိုခဲ့လေသည်။

ငမော့ တပ်မတော် စစ်ဝန်ရုံး စစ်ပညာဌာန၌ ဗိုလ်ဘိုးကွန်း နှင့် အတူ၊ ကိုဘိုသည် ဆောင်ရွက်ခဲ့စဉ် အထူးရင်းနှီးစွာ တက္ကသိုလ် ကျောင်းဆောင်တွင် အတူနေခဲ့ကြသဖြင့်၎င်း၊ သူ၏ အတ္ထုပ္ပတ္တိကို အင်္ဂလိပ်လို ရေးရန် ဗိုလ်ချုပ် စတင် ရေးသားရာ၊ အမေရိကမှ ထုတ်ဝေရန်၎င်း၊ ဘာသာပြန်၍ ဗမာနိုင်ငံတွင် ထုတ်ဝေရန်၎င်း ထိုစဉ်က ရေးသားခဲ့လေသည်။

၎င်းအဆင့် အတန်း နမူနာထက် မနိမ့်ကျစေဘဲ၊ ဗိုလ်ချုပ် အတ္ထုပ္ပတ္တိကို ခန့်ခန့်, ငြားငြား, တိကျ မှန်ကန်သော ရာဇဝင် သမိုင်း နေ့ရက် တို့အရ ရေးသားကြရန် အထူး တိုက်တွန်း လိုပါသည်၊ မည်သူမဆို ဗိုလ်ချုပ်နှင့် ကိုယ်တွေ့ ရင်းနှီးစွာ ပူးကပ် ဆောင်ရွက်ခဲ့သည့် အချက်, အလက် များကို ရေးသား ပေးပို့ပါက၊ အခန်း ကဏ္ဍ သင့်ရာ, သင့်ရာတွင် ဖေါ်ပြ စီစဉ် ထုတ်ဝေခြင်း အားဖြင့်၊ ဗိုလ်ချုပ် အတ္ထုပ္ပတ္တိကြီး ပြည့်စုံ ကောင်းမွန်ခြင်းသို့ ရောက်ရန် ဖန်တီးကြပါဟု မေတ္တာရပ်ခံပါသည် ခင်ဗျား။

ရှာဖွေစုဆောင်း ထုတ်ဝေ ရေးသားသူ။

## အခန်း ( ၂ )

### ဇာတိ။

အချိန်ကား-ဆောင်းအကုန် နွေအကူး လေရူးသုတ်ချိန်ဖြစ်၏။ ဗမာပြည် အပူပိုင်း ဒေသအပါအဝင် အကြင်သို့သော တောရွာများတွင် ရာသီနွေဦး-မင်းလွင် မြူးသည့် အချိန်ဝယ်၊ ရွှေအင်ကြင်းတို့သည် ဂနိုင်တွင်းမှာ ကြိုင်သင်း ဝေဆာလျက် ရှိတော့၏။ မြိုင်တကြောမှာလည်း တောစပယ်ဖြူ ပန်းတို့မှာ လေယူရာသွေး ကြူကြူ မွှေးလျက်ရှိတော့၏။ ကသစ်ပန်း တို့သည်လည်း တျာတျာနီမြန်း ပွင့်သစ်ဆန်းလျက် ရှိတော့၏။ ကွေးကျစ်လုပ်လီ ပုရစ်ဖူးတို့သည်လည်း ဆော်လေရူးရာ ညွတ်မြူးရှာကြ၏။ မြက်ပင်

မြက်ခင်းတို့သည်လည်း မြအသွေးမှ ရွှေရည်လူးလျက်ရှိကြ၏။ ဆောင်းကျန်ဆောင်းကြွင်း ဆီးနှင်းပေါက်တို့သည် တဖျောက်ဖျောက် ကျဆင်း၍ သစ်ရွက်သစ်ခက်တို့ အပေါ်ငယ် ပုလဲလုံးများသဖွယ် ဥလျက်ရှိကြ၏။ မြူများမှာ တလောကလုံးဆို့ဆိုင်းလျက် ရှိရကား- သွေးလိုက်သော မြောက်လေ ကလေးသည် အဓောတ် ကဲစေသဖြင့်၊ နတ်မောက်ရွာ ကလေးမှာ ချမ်းချမ်းဆေးဆေးနှင့်အိပ်မောကျလျက်ပင်ရှိသေး၏။

ရွာခွေးများသည်၊ ဟိုတစ်ကောင် သည်တကောင်, မှောင်မိုက်ထဲတွင် ချွတ်ကနဲ ငိုပ်ကနဲ အသံကြားရာမည်းမည်းမြင်ရာကိုထိုး၍ ခွေးတို့ဘာဝ အရိုန်မတော် နှောင့်ယှက် ခြင်းပြုသည်ကို သဘောမကျသည့် အတွက်၊ ဟိန်းသံဟောင်သံဖြင့် သခင်များအား နှိုးဆော်ကာ မိမိတို့တာဝန်ဝတ်တရားများကိုကြေပွန်စွာ ထမ်းဆောင်လျက်ရှိကြ၏။ အိမ် တအိမ်၌ မှောင်မည်းလျက်ရှိသည့်အတွင်းခန်းဆီမှအိပ်ပျော်နေသူတဦး၏ လည်ချောင်း ကပ်၍ ကြောခဏချောင်းဟတ်သံမှတပါး၊ လူခြေတိတ်၍ဆိတ်ငြိမ်လျက် ရှိလေ၏။ ထိုအ ချိန်တွင်‘ မောင့်တိုင်းပြည်ငယ်ဌာနီနှင့်ကွာဝေး၊ ကြက်သံပဟိုရ်ပြုရတယ် တောစုံရွာကျေး’ ဟူဘိသောအလား၊ ရွာတွင်းမှ ကြက်တို့သည်လည်း တညတွက်တာ မွေးကျရာ အိပ် တန်းကနိုးလတ်၍ နံနက်စောစော လေပြေလေအေးကလေးတဟူးဟူး သုတ်ဖြူးခြင်းကို ခံချက် တောင်ပံနှက်ကာ ကမ္ဘာသူကမ္ဘာသားတို့အား နေအရုဏ် ကျင်း၍ လင်းလုပြီ အကြောင်းကို၊ လရောင်မရှိ မှောင်အတိထဲမှ အောင်သံကျူးကျော် လင်းကြက်သံ ဆော် လျက်ရှိပေ၏။ ကျီးငှက်တကောင်သည်ကား ကေစာကိုယ်ထူး ပျံကူးလူးလာ တအာ အာဖြင့် ၎င်း၏ ရဲဘော် ခွေညာ ကျီးတကာ တို့အား နေ့တွက် အစာရှာ အံ့သောငှါ နှိုးဆော်လျက် ရှိပေ၏။ ထိုအချိန်၌ အချို့သော တောသူ, တောင်သား, လင်နှင့်မယား တို့မှာ ချမ်းငြိမ့်စိမ့်အေး လုံမခွေးသဖြင့် ခြုံထွေးရာ စောင်ကို ဆွဲကာ အိပ်ရာမှ ထလာကြ လေတော့သည်။ လင်ယောက်ျား ဖြစ်သူမှာ သူ၏ကိုယ်တွင် စောင်ဖြင့် ရစ်ပတ်လျက် လက်မောင်း နှစ်ဘက်ကို ဖေါ်ကာ ဆေးပေါ့လိပ် ကြီးကို တဖွာဖွာ သောက်ရင်း။ နွားတင်းကုတ်ဆီ သွားလေ၏။ ပယားသယ်ကလည်း စောင်ကြမ်း တထည်ကို လွှမ်းခြုံ လျက် ဆေးပေါ့လိပ်တလိပ် ပါးစပ်တွင်ခဲကာ စပါးကို တောင်းနှင့် အပြည့်၊ ခါးစောင်း တင်ပြီးလျှင်၊ အိမ်နံဘေး၌ မောင်းတင်းကုပ်ဆီသို့ ရှေရှူ သွားလေ၏။ ခဏ ချင်းပင် ယောက်ျားသယ်၏ တအိအိ-တကျည်ကျည်နှင့်, ယာဆီသို့ ပျင်းရိ ဖင့်နွှဲစွာ မောင်းနှင် သွားသော လှည်းသံ, မယားလုပ်သူ၏ တဖျောင်းဖျောင်း ဆန်ထောင်းသောမောင်းသံ တို့သည်။ အနီးတဝိုက်ရှိ လောကအားလုံး၏ တည်ငြိမ်တိတ်ဆိတ်ခြင်းကို၊ ဖြိုဖျက်လိုက် လေတော့၏။ ထိုအသံများသာ မကြားရခဲ့လျှင်။ ဆိတ်ငြိမ်ခြင်းသည် တလောကလုံးကို ဖုံးလွှမ်းလျက်ရှိရကား။ ရွာမြောက်ဘက်အစွန်းရှိ ဘုန်းကြီးကျောင်းဆီမှ၊ ဘုရားဆည်း လည်း ကလေးတို့သည်၊ လေဟုန်စီးကာ၊ သာယာ ငြိမ့်အေး-တူရိယာ အသွင်ဖြင့်၊ တချွင်ချွင် အသံပေးနေသည်မှာ၊ ကြည်နူးဘွယ်ရာ ဖြစ်တော့၏။ ကိုယ်ထူးပျော်စံ-မိတ်နှံ့ မနှောသော ရွှေဥဩကလေးသည်ကား။ ဝေးသိမြင့်မား ပင်ထက်ဖျားက တောင်လေ ဟောမန်မှ ဂိန်မန်နွေဦးသို့ ပြောင်းကူးတော့မည့် ချိန်ခါကို၊ ကြော်ငြာဟစ်ကြွေးသကဲ့သို့၊

ကျူးရင့်သံပေးလျက် ရှိနေ၏။ အကြောင်းကိုဆိုသော်၊ ထိုနေ့နံနက်ကား၊ဆောင်းအကူး လေရူးမှုံကြွ တပေါင်းလ တည်းဟူသော၊ ဗမာ့ပြက္ခဒိန်အရ၊ နောက်ဆုံးလ၏ ဆန်းစ, တရက် နေ့ နံနက် စောစော အရုဏ်တက် အချိန်ပင်ဖြစ်၏။

ဘုန်းကြီးကျောင်းအနီး အရှေ့အနောက်ပြေး၍၊ အိမ်တတန်းနှင့် ဘေး တဘက် တချက် ကုတ်ကိုပင်များ စီတန်းပေါက်ရောက်နေသော၊ လမ်းတလမ်း ခြားလျက် ကား၊ တရွာလုံးအနက် အကျယ်ဝန်းဆုံးဟု ဆိုအပ်သော ခြံကြီးတခြံရှိ၏။ ထိုခြံကြီး၏ ပတ်လည် လေးမျက်နှာကို လမ်းကြီး လေးသွယ်တို့က၊ ညာဘယ်ရှေ့နောက် ဝန်းခံကာဆီး လျက် ရှိပေ၏။ ရှေးအခါက ဤခြံကြီးသည်၊ ဤမြေဤသင်းများအပြင်၊ သည်ထက်ပင်ပို၍ ကျယ်ဝန်းသည်ဟု ဆိုကြ၏၊ ဤမျှကြီးမားကျယ်ဝန်းသော နယ်အတွင်းတွင်။ အကိုင်း အလက်ဝေဆာလှသော၊ မန်ကျည်းပင်ကြီး နှစ်ပင်သည်။ အရှေ့ဘက်တပင်၊ အနောက် ဘက်တပင်။ အပေါက်စောင့်များအသွင်၊ မတ်မတ်မားမား ပေါက်ရောက်လျက်။ တဘက် တချက်တွင် မျှဉ်းပြိုင်ပြေးလျက်ရှိသော လမ်းများကိုပင် ရိပ်မိုး၍နေလေ၏။ပြာညိုရိုမှောင် လချောင်မဲ့သော၊ ကောင်းကင်တွင် အတိုင်းသား ထင်ပေါ်ပြီးလျှင် ရွာတရွာလုံးတွင်။ ရှေးအဆန်ဆုံး အကြီးဆုံးဖြစ်သော အဆောက်အဦကြီးတခုကို၊ ထိုသစ်ပင်ကြီး နှစ်ပင် သည်၊ မျက်နှာမူလျက် ရှိလေ၏။ ဤကြီးမားသော အဆောက်အဦကြီး၏ အိမ်တိုင်များ မှာ အနှစ်နှစ်, အလလ, မှိုတက်နေသော ဖုံသုကြီးဖြင့်ပိ၍၊ မြေအောက်သို့ ပြုပ်လျက်ရှိ လေပြီ။ မြို့စားရွာစားတို့ ကောင်းစားကြသည့် မဝေးသေးသော ရှေးခေတ်၏ လက်ငုတ် ဖြစ်သော၊ ဤခမ်းနား ကြီးကျယ်သော အဆောက် အဦကို မြင်ရသူ ဟူသမျှသည်။ ထိုအိမ်ကြီး၏ မူလပိုင်ရှင်၏ အခြေအနေ, အတန်းအစားမြင့်ပုံ, ကြွယ်ဝ ချမ်းသာပုံကို။ တွေးချင့်နိုင်ပေမည်။ ယခုအခါမူကား၊ ထိုကြီးကျယ်သော အဆောက်အဦကြီး၏ နောက် ဖေးဆောင် အခန်းတခန်းမှ မှိတ်တုတ်,မှိတ်တုတ် ဖြင့်၊ တောက်နေသော ရေနံချေး မီးခွက် ကလေးမှ မီးရောင်ခြည် တန်းကလေးသည်။ အပြင်သို့ ထင်ကြားမှ ထိုးထွက်နေသည်ကို တွေ့မြင်ရပေမည်၊ သို့တွေ့မြင်ရခြင်းမှာ ထိုမျှအချိန်မတော်သည့် ညအခါ၌၊ အိမ်တွင်းရှိ ယောက်ျား-မိန်းမ အားလုံးပင် ခါတိုင်းနှင့် မတူ အမှုထူးခြားလျက်၊ အလုပ်များနေ ကြသည့်အခြင်းအရာကြောင့်ပင်ဖြစ်ပေသည်။ ရုံဖန်,ရံခါ အိမ်တွင်းမှ မိန်းမတယောက်၏ ညည်းသံကို ကြားရမည် ဖြစ်၏။ အချိန်ကား-စက္ကန့်မှ-မိနစ်, မိနစ်မှ-နာရီ စသည်ဖြင့် ကုန်လွန်ခဲ့လေပြီ။ နောက်ဆုံး၌ ကလေးတယောက်၏ ညံစာစာ ငိုသံများသည်၊ ထို အချိန်ထိ ဆိတ်ငြိမ်စွာ အိပ်မောကျလျက်ရှိသော အိမ်နီးနားချင်းများဆီသို့ ပဲ့တင် ရိုက် သွားလေ၏။ ထိုနှစ်ကား ကောဇာသက္ကရာဇ် ၁၂၇၆-ခုနှစ်ဖြစ်၏။ အင်္ဂလိပ် သက္ကရာဇ် နှင့် တွက်မည်ဆိုလျှင်၊ ၁၉၁၅-ဖြစ်၏ ပိုငြီးသေချာစေလိုလျှင် ၁၉၁၅-ခုနှစ်၊ ဖေဖေါ်ဝါ ရီလ ၁၃-ရက်နေ့ပင်ဖြစ်၏။ ဝေးမြေနယ်ခြား တိုင်းတပါးဖြစ်သော ဥရောပ၏-ဆီးနှင်း ဖြိုက်ပြင် ရေခဲပြင်တို့ ဖုံးအုပ်သွမ်းတင်လျက်ရှိသော လွင်ပြင်တလင်းတို့၌ကား၊ လူလူချင်း သတ်ဖြတ်နေကြသည့်၊ တိုက်ပွဲခိုက်ပွဲများ၏ တိုက်သံခိုက်သံ-ပစ်ခတ်သံတို့ဖြင့် တုန်ဟီး လျက်ရှိ၏။ သို့သော် ဤဒွာန-ဤဒေသတွင်ကား၊ ဘေးဘယာ ရန်မခတဲ၊ ငြိမ်းချမ်းပြေ

သကဲ့သို့ရှိ၏။ ငြိမ်းချမ်းမြေသည် ဆိုခြင်းမှာအဟုတ်လော။ ထိုစဉ်အခါက ကောင်းကင်တွင်သွားနေသော နက္ခတ်တာရာ ဂြိုဟ်နေ ဂြိုဟ်ထားတို့သည်။ ယခုပင် ဘွားမြင်သော ကလေးသူငယ်အား။ ငြိမ်းချမ်းသာခြင်းကို အကယ်ပေးမည်ဟု အဟော ထုတ်နိုင်ရန်။ ညွှန်ပြကြပါ၏လော၊ကျွန်ုပ်တို့စောင့်ကြည့်ကြစို့။

မောင်ရင်ဖါရေ....ယောကျ်ားကလေးတော့....နက္ခတ်ကြည့်ပြီး အချိန်တွက်လိုက်စမ်းပါဘု၊ ခိုင်းသော အသံတသံသည်။ အိမ်ခန်းတွင်းမှ ထွက်ပေါ် လာလေသည်။ ထိုအသံမှာ ကေန်မုချ ရွာကလက်သည် အဒေါ်ကြီး၏ အသံနှင့်တူ၏။ အပြင်၌စောင့်နေသော ကိုရင်ဖါသည် ကပြာကရာ ထတဲ့၍ ကောင်းကင်သို့ ပတ်ချာလှည့်မော့ကြည့်တော့ကာ ထွန်းတောက်နေသော နက္ခတ်တာရာတို့၏ အနေအထားကို မှတ်သားလျက် အနီးဆုံး အချိန်ကိုတွက်ချက်လေတော့သည်။ သို့ဖြင့် ကိုရင်ဖါသည်။ သူ၏သားမွေးနေ့ မွေးရက်အချိန်နာရီတို့ကို ပေရွက်တချွက်တွင်ကညင်နှင့်ရေးသား၍မှတ်ထားလိုက်လေ၏။ ထိုအတောအတွင်း တဘက်ခန်းမှအဘိုးဖြစ်သူသည်။ကလေး၏ငိုသံများကြောင့် အိပ်ရာမှ လန့်နိုးပြီးသော်။လက်သည်အဒေါ်ကြီး၏ ပြောသံကို ကြားလိုက်သည့်အတိုင်း၊၎င်း၏ အိပ်ရာထဲမှ တဦး တယောက်ကိုမျှ တိုက်ရိုက် ရည်ရွယ်ခြင်း မရှိသော။ အမေးမျိုးဖြင့်။ အေး-အေး-ဒီကနေ့ ဘာနေ့လဲဟေ့။စနေနေ့,မဟုတ်လားဟု အော်၍မေးလိုက်လေ၏။ အဘိုး ဖြစ်သူ မေးလိုက်သည့် အခါ၊ သမီး မီးနေသည်ကို စောင့်ကြည့်ရင်း။ သမီး အခန်းတွင်းမှာ ရှိနေသည့် အဖွားဖြစ်သူက-စနေနေ့, ဖြစ်ကြောင်း ပြောပြလိုက်လေ၏။ အဘိုးဖြစ်သူမှာ တခဏမျှ ငြိမ်လျက်နေလေ၏။ ၎င်းသည်တခုခုကိုစိတ်တွက်,တွက်လျက်ရှိ၏၊ တွက်ပြီးသောအခါ ကောင်းတယ်ဟေ့။ စနေကလဲ, စနေသား၊ ရာဇာကလဲ, ရာဇာ့ဘွား။ ဘယ်လောက်ထက်ပြီး ကြောက်စရာ ကောင်းမဲ့ ကလေးလဲတော့ မပြောတတ်ဘူးဟု ပြောလေ၏။ တဖန်-အသံများ တိတ်ဆိတ် သွားပြန်၏။ တခါတခါသာ ကလေး၏ မိခင်အဆုတ်ကြီးမား သန်စွမ်းရေး လေ့ကျင့်ခဏ်းများဖြစ်သော ငိုသံ များကို ကြားရမှ အသက်ဝင်လာသကဲ့သို့ ဖြစ်တော့၏၊ နံနက်မိုးသောက် အလင်း ရောက်လတ်သော်၊ နတ်မှောက်တရွာလုံးမှာ ဦးဖါနှင့် ဒေါ်စုတို့၌ သားကလေး တယောက် ဖွားမြင်ပြန်သည့် သတင်းစကားမှာ တမုဟုတ်ချင်း ပြန့်နှံ့သွားလေ၏။ မိန်းမဘော်များ ကလည်း၊ ကျွန်တော့အမေ မျက်နှာမြင်ရာ မီးနေခန်းထဲသို့ လာရောက်ကြည့်ရှု မေ မြန်းကြ၏၊ မီးနေခန်းတခန်း လုံးမှာ ဗမာလူမျိုးတို့ ရှေးရိုးထုံးစံ အတိုင်း၊ မီးနေတွင်း-မီးနေသည်များကိုယ်၌ တကိုယ်လုံး ဆုပ်နယ်ထားရသော နနွင်းနံ့ဖြင့် စိမ်းစော်နံလျက် ရှိလေ၏၊ လူကိုယ်က နနွင်းနံ့အပြင် နှမ်းထုပ်ထဲမှ ဇာဒိပ္ဖိုလ်နံ့, စမုံနက်နံ့,တို့ ကလည်း။ တမျိုးတဖုံ, မီးနေစော်နံစေပြန်၏။ ထိုမွေးခကလေးကား။ ဦးဖါ-ဒေါ်စု,တို့၏ နောက်ဆုံးဘွားသည့်သားထွေး-ကျွန်တော်ပင်တည်း။

ရက်အနည်းငယ်ခန့် ကြာသောအခါ တမိုင်လောက်ကွာဝေးသောအခြားရွာတရွာမှာ နေသည့် မိဘများ လက်သုံး ဖြစ်သော ဗေဒင်ဆရာသည်။ ပေရွက်တွင် ရေးမှတ်၍။ ရေနံချေးသုတ်ထားသော ရက်ချုပ်ဇာတာကို ကျွန်တော်တို့အိမ်သို့ ယူဆောင် လာလေ

၏ ဇာဘာဒအဆိုကား။ ဇေယျတု သမ္ဘ ဗဂ်လံ။ သက္ကရာဇ် ၁၂၇၆-ခု၊ တပေါင်း လဆန်း ၁-ရက်။ စနေနေ့အခါ ၄-ချက်တီး၊ ၆-နာရီ၊ ၃-ပါဒ်၊ ၁၃-ဗိဇနာ၊ ၄-ပြန်၊ ၂-ခရာတွင် ကြည့်လင်သဒ္ဒါ မြတ်နိုးစွာဖြင့် ရတနာသုံးပါး ဦးထိပ်ထားလိုက်၊ ဘုန်း, တန်ခိုး, တေဇာ, ဉာဏ်ပညာနှင့် စုံစွာပြည့်ငြား သတ္တိသားကို မာတာမိခင် ဖွားသန့်စင်သည် တွင်ညီ သညာ ခေါ်စရာကား။ နာမရှိန်ဝင်း-မောင်ထိန်လင်း။ သံဝဋ္ဋဘုတ္တိ ဇာတာ အာယု ၁၂၀ ရှည်စေသော်။ ဤဇော်ပြပါများမှာ ဇာတာတွင် ပါရှိသော အချက်များမှ အကြမ်းမျဉ်း အကျဉ်းချုပ်မျှသာ ဖြစ်ပေ၏။

ဗမာလူမျိုးတို့၏ စွဲလန်းယုံကြည်သော ဓလေ့ထုံးစံအားဖြင့် လူတဦးတယောက်သည်၊ သူ၏မွေးနေ့, မွေးလ, မွေးရက်, ခုနှစ်-သက္ကရာဇ်ကို၊ ဇာတာ၌ မှတ်သား ထားရန် အရေးကြီး လသည်။ဇာတာ၌ သူမှာ အရည် အချင်းနှင့် ပြည့်စုံ၍၊ဗေဒင်, နက္ခတ်, အချော လိမ္မာကျွမ်းကျင်သော ဆရာတပါး,ပါး ဖြစ်ရ၏။ဇာတာပွဲခြင်း၏ အဓိပ္ပါယ်မှာ၊ ဇာတာ ရှင်သည်ဘယ်အသက်,ဘယ်အရွယ်တွင် ဘယ်သို့သောအဖြစ်,အပုက်များကိုတွေ့ကြုံမည် တွေ့ကြုံသည့်အခါ၊ မည်သို့ ကာကွယ် ဆီးတား ယတြာ ချေထားနိုင်သည်ကို၊ တွက်ချက် သိရှိနိုင်ရန်ပင် ဖြစ်လေသည်။ ဥပမာ ဇာတာသို့၌ နက္ခတ်အလိုအားဖြင့် ဂြိုဟ်ဆိုးကြမှာ ဆိုက်ရောက် လာမည် ဆိုက သူ၏ ဗေဒင်ဆရာက တွက်ချက် ညွှန်ကြားသော ယတြာ နည်းဖြင့် တွေ့ကြုံမည့် ဘေးရန် အပြစ်တို့ကို၊ မဖြစ်မီက ကြိုတင်၍ ချေပ တားဆီး ရန်လိုလျှင် တားဆီးခြင်း ပြုနိုင်သည် ဟူ၏။ ဗမာဘဦးတယောက်သည်။ အခြား,အခြား သော ဗမာတိုင်းရင်းသားတို့နှင့်အလားတူပင် ဗုဒ္ဓဘာသာဝင်တဦးဖြစ်၏။ဗုဒ္ဓဘာသာဝင် တဦးဖြစ်သည်နှင့် အညီ သူသည် မလွတ်ကင်းနိုင်သည့် ကံ တရားကြီး၏ စီမံခြင်းကို စွဲမြဲ ယုံကြည့်သူ တဦးဖြစ်၏။ သို့ပင်ဖြစ်စေကာမူ၊ အကောင်း, အဆိုး, နှစ်မျိုး, နှစ်စားတွင် ''ဖြစ်သမျှအကြောင်း အကောင်းချည်း'' ဟူသော၊ ဝါဒဖြင့် စိတ်သက်သာ ပျော်ရွှင်မှု ဘက်မှ ပြုပြင်၍မရအောင် အယူစွဲလန်းကာ လက်ရှိဘဝ ပစ္စက္ခကိုသာ ယုံကြည်ပျော်မွေ့ သူများဖြစ်ရကား။ ကံ,ကံ၏ အကျိုး ပေးတွင်ရှောင်မလွတ်သော ဆိုးရေးများရှိသေးသည် ဟူသော စိတ်ထားများကို လက်မခံဘဲ၊ ပယ်ရှားသူများ ဖြစ်ကြလေသည်။ သို့ဖြစ်လေရာ ကံ, ကံ၏ အကျိုးကိုလည်း ယုံကြည်သည်။ကံ,စီမံရာ အဆိုးတရား များကိုလည်း စဉ်းစား လက်ခံခြင်း မပြုလိုဘဲ၊ အသားတရား, အကောင်းတရားတို့ ဘက်တွင်သာ ပိတ်ထား၍။ ပျော်ရွှင်လှေ့ကြီသည့် ဆန္ဒကျင်ဘက်များ၊ ဒွန့်တွဲသော ဗိဘ်နေ သဘော, မနော, အသွင်, ညဉ်များကို ၎င်း၏အသွေး,အသား တွင်း၌၎င်း။ အပြုအမူများ၌၎င်း။ ခွဲခြားမရ၊ တကွနက် တွေ့မြင်နိုင်လေသည်။ကံယုံကြည်သည်ဆိုကကံကိုပြုပြင်၍ရသည်ဟုယူဆခြင်းမှာ သဘော ချင်း ဆန့်ကျင်လျက် ရှိသေ၏။ ဤသို့ ထူးဆန်းသော ဆန့်ကျင်ဘက် ညဉ်၏ သရုပ်များကို ဗမာလူမျိုးတို့ နှစ်သက်ကြသော လွမ်းဘွယ်, ဆွေးဘွယ်နှင့် ရယ်ဘွယ်ကိုဒွန်တွဲ၍ကပြလေ့ ရှိသည့် ဇာတ်သဘင် များ၌၎င်း။ ဗမာလူမျိုး တဦး၏ တသက်သျှ ပုခက်ဘွင်းမှ သင်္ချိုင်း ရောက်သည်အထိ၊ လူ့ဘဝ, အစမှ အဆုံး ပွဲဘမြိမ့်မြိမ့် တအုံးအုံးနှင့်သာ ထုံးစံ အတိုင်း ပြီးဆုံးရသည့် အလေ့ အကျင့် တို့၌၎င်း၊ ကောင်းစွာ တွေ့မြင် သိရှိနိုင်၏။ လူမျိုးအားဖြင့်

N. P. W. — 191- 3, 10000

ဆိုလျှင် ဗမာသည် ဝေးသိလှသော မွန်ဂိုလီယံ ကုန်းပြင်မြင့်မှ ပေါက်ပွား ဆင်းသက်လာခဲ့၏။ သို့သော် ဗမာ့ယဉ်ကျေးမှုကိုကား အနီးအနားရှိ ဟိန္ဒူစတန် ပြည်နယ်မှ အမွေခံယူရရှိခဲ့၏။ ဗမာလူမျိုးတို့ ကိုးကွယ် ဆည်းကပ်သော ဗုဒ္ဓဘာသာ တရားတော်မြတ်ရော ဗမာများ လိုက်စား လျက်ရှိသော ဗေဒင်ပညာပါ - ဒွေးပဝေဏီ အခါကာလ ကပင်။ အိန္ဒိယပြည်မှ ရရှိပြီးနောက် ကာလရွေ့လျော လာသည့် အလျောက်၊ အယူဝါဒ တို့မှာ ဗိသာဖြစ်၍ အရောရော၊ အနှောနှောနှင့်ရှုပ်ထွေးခဲ့လေ၏။ ထိုအယူဝါဒသည်စင်စစ် နဂိုရ်မူလအခြေခံ အားဖြင့်ခိုင်မာ၏ မှန်ကန်၏၊ သို့သော်ရှေးနှင့်ဟောင်းပရိုဏ်ဒေသည်ကြာစွာက ဖုံအထပ်ထပ်တက်လိမ်းဖုံးအုပ်ခဲ့ခြင်းဖြင့် တဖြည်းဖြည်းအကာအရံ တို့မှာ အခြေမပါဘဲလာ အထူးစိတ်ကူးသမျှသာ ဖြစ်ခဲ့ရလေသည်။ မည်သို့ပင်ဖြစ်စေ၊ ဗမာ လူမျိုးတို့သည် မိမိတို့ အယူဝါဒအတိုင်း လိုက်နာကျင့်ကြံ ကြလေသည်။

ဗမာဗေဒင်ယာယီ သဘောအားဖြင့်ဆိုလျှင် လူတယောက်၏အမည်သည် ထိုသူ၏ မွေးနေ့-မွေးနံ ကိုက်ညီ စေရသည်။ ကျွန်တော်မှာ စနေနေ့ ဘွား၊ စနေသား ဖြစ်သည့် အားလျော်စွာ ဇာတာရက်ချုပ်ထဲတွင် မှည့်ခေါ်သည့်အတိုင်း နာမည်ရင်း ''ထိန်လင်း'' ဟု ခေါ်တွင်ရပေမည်။ ထိန်, ဆိုသည့် စကားမှာ စနေနံပင်ဖြစ်၏။ ထိန်လင်း ဆိုသည့် အမည်သညာမှာ အတိတ်, နိမိတ်, ကောက်၍မှည့်ခေါ်ခြင်းနှင့် သဏ္ဍာန် တူလေသည်။ သို့စဉ်လျက် မည်သည့်အကြောင်းကြောင့်ဟုမပြောဘဲ၊ ကျွန်တော်အဘို့စင်စစ်အားဖြင့် တနင်္ဂနွေနံဖြစ်သော ယခုလက်ရှိ နံမည်ကိုပင် နအစွယ်အထိ၊ တောက်လျှောက် အခေါ် ခံခဲ့ ရလေသည်။ ဘယ်အသက်, ဘယ်အရွယ် ရောက်မှ ကျွန်တော်၏ ငယ်နာမည် ပျောက်၍ ကြီးနာမည် ရောက်သည်ကိုကား၊ မည်သို့မျှ မှတ်မိတော့ချေ။ သို့သော်လည်း ကျွန်တော့ထက် အထက်ဖြစ်သူ အစ်ကိုတော်က၊ တခါပြောပြ ဘူးသဖြင့် ကျွန်တော့ အမည်သည် ဘာ့ကြောင့် ဘယ်လို ပြောင်းရသည်ကို သိခဲ့ရ၏။ ထိုအစ်ကိုတော်၏ အကြံ ပေးချက်အရ၊ ကျွန်တော့ မိဘများ ကလည်း ညီအစ်ကို နှစ်ယောက် နာမည် ချင်းလိုက်၊ ကာရန်ကိုက်အောင် ကျွန်တော့မူလငယ်နာမည်ထက် ယခုလက်ရှိအမည်ကို မှည့်ခေါ်ရန် သဘောကျ ကြလေသည်။ ကျွန်တော့ အစ်ကို၏ အမည်မှာ တနင်္ဂနွေသား ဖြစ်၍ 'အောင်သန်း' ဟုတွင်၏။ ဗမာမိဘများ ကိုယ်၌ကလည်း၊ သား, သမီး များကို တယောက် နာမည်နှင့် တယောက်လိုက်အောင် မှည့်ခေါ် ချင်သည်မှာ ဝါသနာအတိုင်း ဖြစ်နေကြ၏။ သို့-မှည့်ခေါ်ခြင်းသည် ဗမာလူမျိုးတို့ထဲတွင် ခေတ်စားလျက်ရှိ၏။ ယခုလိုမှည့်ကြပြန်သော အခါ၊ ဗေဒင်ကိန်းခမ်း မွေးနေ့, မွေးနံတို့နှင့် မည်သို့မျှ မသက်ဆိုင်တော့ချေ။

ကျွန်တော့ အထင်အားဖြင့် ကျွန်တော်၏ တသက်လျာ ကံကြမ္မာကို ဖန်တီးမည့် ကျွန်တော် မွေးဖွားစဉ်က ဂြိုဟ်နေ, ဂြိုဟ်သွား နက္ခတ် အနေ အထားမှာ ကျွန်တော်အဘို့ အဘော်, အတန် ကောင်းမွန်သည်ဟု ယူဆမိ၏။ မည်သို့ပင် ဖြစ်လင့်ကစား ဗမာ ရှေးလူကြီးများ ပြောဘူးသည့် အတိုင်း ဆိုလျှင် တမိပေါက်တွင် နောက်ဆုံး မွေးသော သားထွေး-သမီးထွေးက စနေသား, စနေသမီးဖြစ်ခဲ့ပါက၊ ထိုတမိပေါက်မှ ထိုသား, သမီး, မွေးဖွားသည့် အချိန်ကစ၍၊ ကောင်းကျိုး ချမ်းသာ ပေးတတ်သည်ဟု အယူရှိကြ၏။

စာဘတ်သူ ယုံချင်ယုံ,မယုံချင်နေ၊ ကျွန်တော့အမေက ကျွန်တော်တို့ မိသား တစုသည်။ ကျွန်တော့ မွေးဖွားပြီးသည့် နောက်မှ မမွေးခင် ကထက် ပိုပြီး စီးပွားဖြစ်ကြောင်း တခါ ပြောဘူး၏။ ယခုလို ဗေဒင်,နက္ခတ်နည်းဖြင့် အခိပ္ပါယ်ကောက်ယူခြင်းသည် နောက်ဆုံး၌ အကယ် နိုင်နိုင်,မာမာ,မှန်သည်,မမှန်သည်ကို ပြောနိုင် လောက်အောင် ကျွန်တော် လည်း မစွမ်းချေ။ ကဏ္ဍာကျော် နက္ခတ်, ဗေဒင် - ဆရာကြီး 'ကီရို' ကမူ ရှေ့ဖြစ်များကို ယိတ်ခမန်း, လန့်ခမန်း, ဟောပြောဘူးခဲ့ပြီး ဟောသည့် အတိုင်း၊ လောဝဲကစ်ချင်းနား အနီးစွရောက်ခြင်း။ အငွေမမြောက် ဒွေက်ဘုရင် နန်းစွန့်ရခြင်းနှင့် အခြား အဖြစ်, အပျက်, အများအပြားပင်၊ မှန်ကန်ခဲ့သည်ကိုတွေ့ရလေသည်။ကျွန်တော့စိတ်၌မူ ဤသို့ဖြစ်ပျက်ခြင်း များကို အမှတ်တမဲ့ဖြစ်သည်။သို့မဟုတ်ဘဲ ဝမ်းနည်းစရာ,ဝမ်းသာစရာစသဖြင့် 'ထန်းသီး ကြွေခိုက်-ကျီးနင်းခိုက်' ဆိုသည့်အလား၊ တိုက်ဆိုင်မှု များသာ ဖြစ်သည်ဟု မယူဆအပ် ကြောင်း ထင်ရှားသည်ဟု ယုံကြည်မိ၏။ ကီရို ရေးသားသော "ဂဏန်း ဟောကျမ်း" တွင်မူ၊ကျွန်တော်၏မွေးဂဏန်းလဲ ဖြစ်သည့် (၁၃) အကြောင်းနှင့်စပ်လျဉ်း၍၊ အောက်ပါ အတိုင်း ရေးသား ဟောကြားထား၏။

လူတိုင်း လိုလိုပင် ဂဏန်း ၁၃-ကို အထူး တလည် ကြောက်ရွံ့ကြ လေသည်။ အမှန်စင်စစ်ကိုသာ သိကြလျှင်မူ၊ ဂဏန်း ၁၃-သည် သူတို ထင်သလောက် နိမိတ် မကောင်းသည့် ဂဏန်း မဟုတ်ချေ။

ဂဏန်း ၁၃-နှင့် သက်ဆိုင်သော အရုပ်ကားကို အမျိုးမျိုး, အဖုံဖုံ, ရေးကြ, ဆွဲကြသော်လည်း အမြဲတစေ သဘော တခုတည်းပင် ဆောင် လေသည်။ ထိုပုံတွင် လယ်ထဲ၌ အရိုးစုတခုသည် ကောက်ရိတ်လျက်၊ ၎င်း၏ လက်နှင့်ခြေများသည် အသစ်ပေါက်သော မြက်တောထဲမှ ထိုးထောင်နေ၏။ သရုပ် ဆောင်းထားသည့် ယောကျ်ား ဦးခေါင်း တလုံးမှာ တံဇဉ်ဖျား၌ကျလျက်၊ မိန်းမဦးခေါင်းတလုံးသည် ဆံပင်ကို ခေါင်းအလယ် တည့်,တည့်တွင် ခွဲခါ ဖါးလျား ချပြီး နောက်ပိုင်း နားတွင် ပေါ်ထွက်နေသည်။

ဤမျှထူးဆန်းထွေလာ အတိတ်ပြ,နိမိတ်ပြ အဓိပ္ပါယ်နက်နဲလှသော အရုပ်ကား၏အမှန်သဘောကို လှန်လှော၍ သိရှိနားလည်ရန်၊ ဂဏန်း ၁၃-မှ ၁-နှင့်၊ ၃-နှစ်ခု ပေါင်းရသော ၄-ဂဏန်း တခုတည်း၏ အဓိပ္ပါယ်ကို ပြန်ပြောင်း စီစစ် ရပေမည်။

၄-ဂဏန်း တလုံးထည်းသည်…. သူကိုယ်တိုင်ကပင် ထူးဆန်းသော ဂဏန်း တလုံးဖြစ်သည်။ ဤဂဏန်း စီးနင်းခြင်း ခံရသူ လူများသည်၊ အထင်လွဲ, အမြင်လွဲ, ခံရတတ်၏။ အဖေါ်မပါ ကိုယ်ထည်းသာ နေရ တတ်၏။ မိမိတို့အား အမြဲတစေ တိတ်တဆိတ် ကြိတ်၍ ကြံစည်သော ရန်သူ များနှင့် အတိုက် အခံ ပြုရတတ်၏။ ရပ်ရွာကိစ္စ, အစိုးရကိစ္စ,

တို့တွင် ထုံးတမ်း စဉ်လာကို ဖျက်၍ ခေတ်ပြောင်း တော်လှန် တတ်ကြသည်။ ၄-ဂဏန်း ပိုင်နိုင်သား သူတို့သည်၊ အမျိုးစုံသော လူမှုကိစ္စ ပြဿနာများ ခေတ်ပြောင်း ပြုပြင်ရေး ကိစ္စများကို ဆောင်ကြဉ်းရန် ဝါသနာ ပါကြသည်။ သူတို့သည် အထက်အာဏာပိုင်များကို ပုန်ကန်ခြားနား၍ သမတနိုင်ငံသစ်များကိုရင်း၊ ထီးသစ်, နန်းသစ်, များကိုရင်း ဟည်ထောင် စိုက်ထူ တတ်လေသည်။

၁၃-ဂဏန်းသည် ဤအထက်ကန်းကျသော ဂုဏ်ပုဒ်တို့နှင့်အားလုံးပြည့်စုံသည် သာမက၊ ပို၍ပင် နက်နဲထက်မြက်သေး၏။

အထက်ပါကိန်း၏ဟောစာတမ်းသည်၊ ကျွန်တော့အတွက်မူ ယခုအထိ တစ်ဆက်တဒေသ မှန်သင့်သလောက်မှန်ခဲ့လေချေပြီ။ ဗေဒင်ပညာ၌ ဤသို့သော မှန်နိုင်သည့်သတ္တိ တခုခုရှိဟန် တူလေသည်။ သို့ရာတွင် ထိုဗေဒင်ပညာ၏ သဘာဝကို လုံးဝနားလည်ကာ စံနစ်တကျ လောကဓာတ် ပညာတရပ်ဖြစ်အောင် ရှုံးစုရေးကာ ထိုပညာတွင် ပါရှိသည့် မှန်ကန်အောင် အဟောထုတ်နိုင်ခြင်း ဆိုင်ရာ အဓိကဖြစ်သော၊ အခြေခံအကြောင်းတရားများကို ဗေဒင်ပညာလိုက်စားသူတို့ ရှာဖွေတွေ့ရှိလာသော အချိန်အခါအထိ စောင့်ဆိုင်း နေကြ ရပေသည်။

လူသဘာဝါ ဆိုသည်မှာ မူလအားဖြင့်၊ ဤစကြာဝဠာ ကမ္ဘာလောက၏သား, သမီးအဖြစ်ကို ရှေးဦးစွာ ခံယူ ကြလေသည်။ ထိုနောက်မှ မိဘနှစ်ပါး၏ သား,သမီးဟု ဆိုရပေမည်။ ကြာဝဠာ ကမ္ဘာလောက၏ အမြဲတည်ရှိသော သား, သမီးများဖြစ်ကြသည့် အားလျော်စွာ ကမ္ဘာလောက၏သဘာဝ ဓမ္မနိယာမ တရားတို့၏ အသွားဖြောင့်မှန်အကျိုးသန့်ရေးတို့ကို ပါဝင်ကူညီ စွက်ဖက်နိုင်သည်ဟု ဆိုရပေကာ၊ ထိုတရားတို့၏ပြုပြင် ဖန်တီးမှုတို့ကို ခံယူလျက် ရှိနေကြရလေသည်။

---

## အခန်း ( ၃ )

ဤအခန်းမှစ၍၊ ဗိုလ်ချုပ်နှင့် ရင်းရင်း နှီးနှီး နေထိုင် ခဲ့ဘူးသော ပုဂ္ဂိုလ်တို့၏ သိမှတ်ချက်များကို စုပေါင်း ရေးသားထားသည်ဖြစ်ရာ၊ ဘဝ လမ်းစဉ်အလိုက် အခန်းစဉ် ခွဲ၍ဖော်ပြလိုက်ပါသတည်း။ (စာတည်းသူ။)

### မျိုးရိုးနှင့်ငယ်လော။

ခေတ်သစ် ဗိုလ်မြန်မာနိုင်ငံ အရေးတော်ပုံ ရာဇဝင်သမိုင်း၌ အကြီးအကျယ်အထင်ရှားဆုံးသော နာမည်မှာ ''ဗိုလ်ချုပ်-အောင်ဆန်း''ပင် ဖြစ်တော့၏။ ဤပုဂ္ဂိုလ်ကြီးမှာ

အဘဘိုင်းပြည့်ကို မိမိ၏ကိုယ်ထက် အဆပေါင်းများစွာ ပိုနိုင်ချင်၍ တိုင်းပြည်ကောင်းစားရေးအတွက် ခွန်းစွမ်းဘ္ပာန် ထမ်းရွက်နေစဉ် မသမာသော နယ်ချဲ့ အကူအညီနှင့် ယုတ်မာလှသော လူသတ်သမား၏လက်ချက်ဖြင့် ရက်ရက်, စက်စက်,စက်သေနတ်ဖြင့် ပစ်သတ်လုပ်ကြံခြင်းခံရကာ သေဆုံးခဲ့ရလေသောကြောင့်၊ ကြီးကျယ်ခြင်း,မြင့်မြတ်ခြင်း, အဘတိုင်းပြည်အား ချစ်ခင် မြတ်နိုးလှခြင်း တည်းဟူသော၊ ဂုဏ်ပုဒ်များ အစုံ, အလင် ပြည့်ဝစွာ ခံယူဆိုက်လှ ပါပေသည်။

ဤပုဂ္ဂိုလ်ကြီးမှာ မိမိ၏ ဂုဏ်ကြက်သရေ ကြီးမြင့်မှုနှင့် ကိုယ်ရေး, ကိုယ်တာ အကျိုးခံစားလိုခွင့် ဟူသမျှကို မည်သည့်အခါမျှ သတိမရ။ ခံမင်နှစ်သက်ခြင်းမရှိဘဲ အသက်၏ အဆုံးသို့တိုင်အောင်၊ရိုးရိုးနှင့် တည်ကြည်မြင့်မြတ် ဖြောင့်မတ်မှန်ကန်သူ ဖြစ်ခဲ့လေသည်။ ဗမာပြည်သူ ဗမာပြည်သားများသည်၊ ဤမျိုးချစ်သူခဲကောင်း ''ဗိုလ်ချုပ်အောင်ဆန်း'' ကြောင့်၊ တကယ်ပင် ဂုဏ်ယူလောက်ပါပေ၏။ ကြီးကျယ်ခြင်း - မြင့်မြတ်ခြင်း၊ ရိုးသား တည်ကြည်ခြင်း, ကိုယ်ကျိုး မငဲ့ခြင်း၊ အဘ တိုင်းပြည်အား အဆမတန် မြတ်နိုးခြင်း ဆိုသည်တို့မှာ မည်သို့သော အဓိပ္ပါယ်ရှိသည်ဟု ထိုပုဂ္ဂိုလ်ကြီးထံမှ သင်ခန်းစာ ခံယူရရှိနိုင်ပါပေသည်။

ဤအတ္ထုပ္ပတ္တိတွင် ကျွန်ုပ်တို့သည်၊ ဗိုလ်ချုပ် အောင်ဆန်း၏ မျိုးရိုး စဉ်ဆက်ကို အလျဉ်းသင့်၍ ဖော်ပြရသော်လည်း၊ ကွယ်လွန်သူ ဗိုလ်ချုပ် အောင်ဆန်းက မူကား-ငင်းအား ကြီးကျယ်ထင်ရှားသောမျိုးရိုးဟု ချီးမြှင့်ပြောဆိုရေးသားခြင်းကို အနည်းငယ်မျှ ဝုံမက် နှစ်သက်ခြင်း မရှိခဲ့ပေ။

၁၉၄၇-ခု၊ မတ်လ ၂၆-ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်းသည်၊ဗမာတပြည်လုံးသို့ တိုင်းပြု ပြည်ပြု လွှတ်တော် ရွေးကောက်ပွဲအတွက် သူဦးစီးသော ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးမှ ရွေးချယ်ထားသော အမတ်လောင်းများကိုသာ မဲဆန္ဒ ပေးရန် တရား လိုက်လံ ဟောပြောရင်း- မိမိမွေးရာဇာတိ ဖြစ်သော တောင်တွင်းကြီးမြို့ ခရိုင်၊ နတ်မောက်မြို့သို့ ရောက်ရှိလာခဲ့ပေသည်။ ထိုစဉ်အခါက ဆွေမျိုးတစုတို့သည်၊ ရှေးဖြစ် နောက်ကြောင်း များကို ဝိုင်းဝန်းစုရုံးကာ စကားပြောနေရင်း-သူ၏ ဦးလေးတော်သူ တဦးက....

''ဟာ....ကျွန်တော်တို့ မျိုးရိုးက ဒီလိုကလားဗျ''ဟု သတိုးသုံးဓမ္မရာဇာ သားလွှန် မင်းတရားကြီး လက်ထက်က ဦးပိန် (ဘွဲ့မည် သိဒ္ဓိဇေယျ) မှာ ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း သုံးမြို့ဝန်ဖြစ်ကြောင်းမှစ၍ ဗမာသက္ကရာဇ် ၁၂၄၅-ခု၊ အင်္ဂလိပ် ဗမာ ဒုတိယစစ်တွင်၊ တောင်ငူစစ်ကြောင်း၌ ဗိုလ်ချုပ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသော ဦးစံငြိမ်းနှင့် တူတော် ''ရွှေလရောင်'' ဘွဲ့ခံ မြို့လုင်သူကြီး ဦးမင်းရောင်တို့ အကြောင်းများကိုပါ ပြောပြရာ၊ များစွာ စိတ်ဝင်စားဘွယ်ရာ ကောင်းလေသည်။

ထိုအခါ (ဗိုလ်ချုပ်အောင်ဆန်း) က၊ လှောင်ပြုံးပြုံးလျက် ''ဒါဖြင့်ကျွန်တော်တို့ဟာ ဘုရင်မျိုးတွေ ပါ့ကလားဗျ၊ သိပ် ကြီးကျယ်တာပေါ့'' ဟု ပျက်လုံး တုတ်လိုက်ရာ အားလုံးက ဝိုင်းရယ်ရသော အဖြစ်သို့တိုင် ရောက်ခဲ့ရဘူးလေသည်။

၄၃၇၃

ကျွန်ုပ်တို့ကိုယ်တိုင်ပင် ဗိုလ်ချုပ်နှင့်ရင်းနှီးစွာ အတူနေထိုင်ရစဉ်က မျိုးရိုးဆိုသည်မှာ ထား၍အပ်သည်မှန်သော်လည်း၊ ရိုးသားဖြောင့်မတ်ခြင်း, ဇွဲသတ္တိရှိမခြင်းသာ ပဓါန ဖြစ်ကြောင်း။ ပုဂ္ဂိုလ်တဦး၏ ထွန်းကား တိုးတက်ရေးနှင့် နိမ့်ကျရေးများမှာ မျိုးရိုးနှင့် စပ်ဆိုင်သည်ဟု မိမိမယူဆကြောင်း။ ထိုပုဂ္ဂိုလ်၏ အဇ္ဈတ္တစိတ်ထားသဏ္ဌာန်နှင့် ပတ်ဝန်းကျင် ထောက်ပင့်မှုသာ ပဓါန ဖြစ်ကြောင်း ဟု မကြာခဏ ပြောပြခဲ့ဘူးလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်းအား လေးစားသောအားဖြင့် သူမကြိုက်သော အဓိပ္ပါယ်မရှိသည့် ကြီးကျယ်ခြင်းမျိုးကို ရေးသားခြင်းမပြုတော့ဘဲ အဆက်မပြတ် လောက်ရုံသာ ဗိုလ်ချုပ်အောင်ဆန်း အမေ၏ အမေ (ဘွားအေ) ဒေါ်သုဇာ၏ မောင် ဖြစ်သူ ဦးမင်းရောင် (ဘွဲ့မည် ရွှေလရောင်) ၏ အကြောင်းများမှ စ၍ ရေးသားပါအံ့။

ဗမာသက္ကရာဇ် ၁၂၄၇-ခုနှစ်တွင်၊ လူမျိုးခြား အင်္ဂလိပ်ကိုဖြင့် ငါတို့ ဘုရားမထူး ''သေလျှင်မြေကြီး-ရှင်လျှင်ရွှေထီး'' ငါတို့ လူမျိုးများအား ငါသည်ကယ်တင်အံ့ ဟူသောရည်ရွယ်ချက်ဖြင့် ဗမာပြည်အရပ်ရပ်မှ မျိုးချစ်သူရဲကောင်းများဖြစ်သည့် (၁) ပုဂံနယ် ဗိုလ်ချို။ (၂) ဝန်းသိုစော်ဘွား။ (၃) ပုပ္ပါးက ဗိုလ်နက်ကျော်။ (၄) ဝဲလောင်နယ် မောင်ရန်ညွန့်။ (၅) ကျွန်းမင်းကြီး လှကျော်၊ (၆) ဆီးပင်ကြီးက မြင်းစိုင်း မင်းသား။ (၇) မင်းတုန်း ဗိုလ်ရွှေ။ (၈) ဆင်ဖြူကျွန်း ဗိုလ်ဥတ္တမ။ (၉) ရွှေဘိုက မင်းသား ထိပ်ဘင်မှတ်။ (၁၀) တောင်တွင်းက ဗိုလ်လရောင်ဘွဲ့ခံ မြို့လုလင်သူကြီး ဦးမင်းရောင်။ (၁၁) ချောင်းဦး မင်းသား စောရန်ပိုင်။ (၁၂) ကြေးစည်ရွာ ဗိုလ်သာကွန် စသည် တို့သည် အင်္ဂလိပ်တို့အား စစ်ဘက်ပြိုင်ဆိုင်၍ တိုက်ခိုက်ခဲ့ကြလေသည်။ ရွှေလရောင်ဘွဲ့ခံ နတ်မောက်မြို့နယ်မှ မြို့လုလင် သူကြီး ဦးမင်းရောင် သည်လည်း၊ ထိုစစ်ပြိုင်တိုက်ခိုက်သော မျိုးချစ်ခေါင်းဆောင်များအနက်တွင်၊ တဦးအပါအဝင်ဖြစ်ခဲ့လေသည်။ ထိုရွှေလရောင် ဘွဲ့ခံ ဦးမင်းရောင် သည်ကား- ယခု ကျွန်ုပ်တို့ ခေါင်းဆောင် ဗိုလ်ချုပ် အောင်ဆန်း၏ အဘိုး ဖြစ်သတည်း။

ဦးမင်းရောင်သည် အင်္ဂလိပ်အလံအောက်သို့ မဝင်ဘဲ ရွှေလရောင်ဟူသော ဘွဲ့ကို ခံယူ၍ ၃-နှစ် တိုင်တိုင် မင်းခမ်း မင်းနား တို့ဖြင့် သီးဖြူ ဖွင့်ပြီးလျှင်၊ နတ်မောက် ကျောက်ပန်းတောင်း၊ ပုပ္ပါးစသော တောင်တွင်းကြီး မြောက်လတ်တခွင်၌ ဘုရင်ပြုလုပ် ပြီးလျှင်၊ ရဲမက်ဗိုလ်ခြေသိမ်းသွင်း၍ အင်္ဂလိပ်တို့အား အကြိတ်အနယ် ရင်ဆိုင် တိုက်ခိုက် ခဲ့လေသည်။ ၃-၄ နှစ်ခန့် ကြာသောအခါ ဗမာ စစ်တပ်များမှာ လက်နက် ကရိယာ, ရိက္ခာ ရှားပါးမှုကြောင့်- ရန်အောင်မြင် တန်ခိုးကြီးဘုရား တည်ရှိရာ နတ်မောက်မြို့သို့ ပြောင်းရွှေ့ကာ အရှေ့ဘက် မိုင် ၂၀-အကွာရှိ မြင်းမဏီတောင်တန်း၌ ခွေတွတင်သစ်- မြို့သစ်တည်နေပြီး လိုအပ်သော လက်နက် ရိက္ခာ, လူသူ ဆင်မြင်း စသည်တို့ကို ထပ်မံ စုဆောင်းကာ နေလေသည်။ ။ယင်းသောကာလ ညတညဉ့်၌၊ ဦးမင်းရောင်သည် သူ၏ ဗေါင်းတော်က အလိုအလျောက် မီးတောက်သည့် အပြင်၊ နတ်မောက်မြို့ တောင်ဘက် ၂-မိုင်ကွာရှိသော ရှင်ပင်ငါးမျက်နှာဘုရားကိုလည်း ငါးမာရ်အောင်ဘွဲ့သမုတ်ရသည်ဟု အိပ်မက် မြင်မက် ရလေသည်။

မြင်းဗဏီ တောင်တန်းရှိ သစ်တပ် မြို့ကို မကြာမီပင် အင်္ဂလိပ်တို့ဘက်မှ ရဲဘက် အင်အား၊ လက်နက်အင်အား များစွာနှင့် ဝိုင်းဝန်းတိုက်ခိုက်ကြသည်နှင့်၊ အားချင်းမမျှ၍ ပျက်စီးသွားရရှာသည်။ ထိုအခါ ဦးမင်းရောင်သည် ခိမ်ဇ၏ဆင်းတော်ကိုစီးလျက်၊ နတ်မောက် မြို့အနောက်တောင် တောင်တွင်းကြီးမြို့ အနောက်ဘက်သို့ ဆုတ်ခွာလာခဲ့ရာ၊ နတ်မောက် မြို့မှ ခရီး ၂၂-မိုင်ခန့် ကွာဝေးသော လေးတိုင်စင်ရွာသို့ တပ်စခန်းချရပ်နေပြန်၏။ ၎င်းသို့ တပ်စခမ်းချ၍နား နေစဉ်၊ လက်နက်လူသူရိက္ခာများ တပ်မံစုဆောင်းရင်း၊ အင်္ဂလိပ်တပ်တို့ကို တုန့်ပြန်တိုက်ခိုက်ရန်အခါအခွင့်ကို စောင့်ဆိုင်းခဲ့လေသည်။ သို့ပင်ကြိုးစားငြားသော်လည်း ရန်သူစစ်တပ်များထက် လက်နက်များ နည်းပါး ညံ့ဖျင်းခြင်း၊ နောက်လိုက် ငယ်သားများ၏ စစ်ဆင်စစ်တက်ညံ့ဖျင်းခြင်း၊ အတွင်းလူများသစ္စာဖောက်ခြင်း စသောအကြောင်း အမျိုးမျိုးတို့ကြောင့် စခမ်းချနားနေသော လေးတိုင်စင်ရွာ စစ်စခမ်းကို အင်္ဂလိပ်တို့က လာရောက်တိုက်ခိုက်သောအခါ မရှုမလှ ရှုံး၍ ဗိုလ်မင်းရောင်မှာ ရန်သူ အင်္ဂလိပ်တို့၏ လက်တွင်းသို့ သက်ဆင်းကျရောက်လေ၏။ ထိုအချိန် ထိုအခါသည်ကား ဝေဖန်ကြီးမှ ရုပ်ထွေးလျက် စစ်အုပ်ချုပ်ရေးအချိန်ပင်ဖြစ်ရကား၊ အင်္ဂလိပ်စစ်ဗိုလ် အကြီးအကဲများက ၎င်းတောင်တွင်းကြီးမြို့အပိုင် တခရိုင်လုံးတွင် တန်ခိုးဩဇာအာဏာသတ္တိနှင့် ပြည့်စုံသော ဦးမင်းရောင်ကို အုပ်ချုပ်စေမည်ဟု တောင်တွင်းကြီး မြို့ဝန်အဖြစ်နှင့် ခန့်ထားရာ၊ လူမျိုး ခြားလက်အောက်၌အမှုမထမ်းလိုဟု ငြင်းပယ်သဖြင့်၊ ဦးခေါင်းဖြတ်၍ အသတ်ခံရှာလေ သည်။ ထိုနောက်- ဗိုလ်မင်းရောင်၏ဦးခေါင်းပြတ်ကို နတ်မောက်မြို့သို့ ပို့ခဲ့ပြီးလျှင်၊ သိမ် တော်ကျောင်းတိုက်၏တောင်ဘက် ယခုမြို့ပိုင်ရုံး အနောက်ဘက်၊ ရေကန်-ကန်ဘောင် ရိုး၌ ထိနောင်းပင်တွင်ဆွဲထားကာ၊ လူအများအား လာရောက်ကြည့်စေလေ၏။ ၎င်းနည်း အားဖြင့် ဗမာနိုင်ငံအလယ်ပိုင်းမှ အမျိုးသားအပေါင်းတို့၏ အားထားရာ သူရဲကောင်း အာဇာနည် ဗိုလ်မင်းရောင်သည်၊ လူအများတို့၏ ကောင်းကျိုးချမ်းသာနှင့် တိုင်းပြည်၏ ဂုဏ်ရောင်ပြောင်လင်းစေမှုကို တော်လှန်ပုန်ကန် ဆောင်ရွက်ရင်းပင် နောက်ဆုံး၌ သူရဲ ကောင်းတို့၏ သွားရာလမ်းဖြစ်သော စစ်မြေပြင်ဝယ်၊ အသက်ကို စွန့်လှူခဲ့ရှာလေသည်။

ထိုသို့သော အကြောင်းတို့ကိုရည်ရော်၍ ရတနာပုံ မန္တလေးခေတ်တွင်၊ ပေါ်လွင် ထင်ရှားသော စုံနှံ့သာမြိုင် ဦးကြော့ စပ်ဆိုခဲ့သော ထိုရွှေလရောင်ခေါ်-ဦးမင်းရောင် ဘွဲ့ ကဗျာသံချို တပုဒ်ကို ဗမာစာပေ၌ ထင်ရှားသော စာရေးဆရာကြီး သခင် ကိုယ်တော် မှိုင်းသည် အာဇာနည်ဗိမာန် စာအုပ်တွင် ထည့်သွင်း ဖော်ပြခဲ့ဘူးသည့်ပြင်၊ ၎င်း၏ သခင်ဋီကာ စာအုပ်တွင်လည်း အောက်ပါ လေးချိုး ကဗျာတပုဒ်ကို စပ်ဆိုလာခဲ့လေ သေးသည်။

(၁) မြို့လုလင်သာတဲ့ ကွန်းဆီသို့၊ တို့သခင် စာဖွဲ့လို့ညွှန်းလိုက်မကွဲ့ (ကောင်းသာ ရယ်) ဒါနဲ့-လွမ်းကြပေတော့ကွာ။

(၂) အော်....မြို့သူကြီးရယ်လို့ တို့ထီးနေတမျှပေပေါ့၊ ရွှေလရောင် ဘွဲ့သတင်း ရယ်နဲ့ ဦးမင်းရောင် ဗိုလ်ဝင်ခံလို့မို့၊ ဟိုအရင် ပါမန် စစ်အင်္ကျင်းတယ် ကွယ်-ခင်းတဲ့ဗျူဟာ၊

(၃) မြတ်လောကီ သဘာဝတွင်ငြင့်၊ ဓါတ်ကောလိ ခါမရဘာမို့ မြန်မာမျာ့ ဘုန်းသမ္ဘာ၊ ဒို–ရှုံးမှာပေါ့ကံဘမျိုး။

(၄) မန်းပုက်မှာ စန်းလင်္ဂမသာယာတို့ ဗမာ-ဗမာခိုင်းတောင်မှ အတင်းရန် မူလို ရန်သူ-ရန်ဟူ၍ မမှတ်တဲ့အပြင်၊ ကိုယ့်တပ် ကိုယ်ပြန်နင်းကြတဲ့ဖျင်း လှတဲ့-ကမြင်းမ အကောင် ဗိုလ်တချို့ ရှေ့ယက ကိုယ်ဘို့ အလွတ်ရုံးတော့ မယ်လို့ တောင်ကုန်း သာသာယာယာ ငြင်းမဏီစခမ်းစီက တရှောင် ရှောင် ပုန်းကာ အတွင်း သ်တဲ့ မင်းကို အမိဘမ်း ချင်ကြတဲ့အပြင် ဘုရမ်းဘတ်ာ တော်ရာရော်ရာ ပြေးကြတော့၊ အရေးရှင်မကြီးသာ သနှင့်၊ ကံကြမ္မာ ရှေးဝဋ်ကြွေး ပေထင့်၊ လေးတိုင်စင် ရွာအတွင်း တွင်မြင့်၊ အင်္ဂလိပ်တွေကို အတင်းကြိုပ် မလေးလို့ စမ်းတဲ့ (ကြော်) တဖေါင်ဖေါင် သတင်းတွေနဲ့၊ တ ပြောင်ပြောင် လင်းခဲ့တဲ့၊ ဟောင်တွင်းက သခင်ကို၊ အောင်ခြင်း မရခင် အသေ သတ်ကြသတဲ့၊ မကြေနပ်ရှာသူ ချောင်တပဲ့ တပန်းတို့ရဲ့ ပြေရပ်မှာ တပေါင်နှင့် လွမ်းရ ပါတော့၊ (အမယ်မင်း) တောင်တမန်းမြို့ နေလနှစ်ဆောင် အညီးတွင်မှ၊ ပြေမြန်မာ့ဘောင်မဆိုးရှေ့ တဲ့၊ (ကြော်) အခေါင်မြန်း အမှောင်သန်းသမို့။ အောင်ပန်းညှိုးခဲ့ရ တဲ့။ (အောင်ဆန်း) တို့ရဲ့ ရွှေလရောင်အဘိုး။

ဗိုလ်မင်းရောင် မှေ့ မှိန်သွားပြီးနောက် ၎င်း၏အရီး (မယ်စိုး) ဆိုသူနှင့် (မယ်သူ ဇာ) ဆိုသူတို့မှာ ယခု ဗိုလ်ချုပ်အောင်ဆန်းတို့အထိ အဆက်အနွယ်များအနက်၊ ထင် ရှားသူများဖြစ်ပြီး၊ အချို့ ဆွေးညီမျိုးဆက်များမှာ၊ ယခုတိုင် -ပင်း-နတ်မောက်၊ကျောက် ပန်းတောင်း မြို့လုလင် တခွင်တွင် ကျန်ရှိရစ်သေး၏၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဘခင်မျိုး များမှာ ဗိုလ်မင်းရောင်ကဲ့သို့ ထင်ရှားခြင်းမရှိသော်လည်း။ နတ်မောက်-ပင်း-ပုပ္ပါးတဝိုက် တွင် အပေါင်း အသင်းကောင်းခြင်း၊မဟုတ်မခံတတ်ခြင်း၊ ရပ်ရွာတွင် ဝင်ဆန့်ကာသြဇာ ရှိခြင်း စသော လူ့ရည်ချွန်များ ဖြစ်ကြလေသည်။ မိခင်ဘက်မှ ဆွေမျိုးများတွင် ဗိုလ်မင်း ရောင် သာမက နတ်မောက်မြို့သူကြီး ဦးရွှေနီ နှင့် (ခန်းပတ်မင်းကြီး) စသူများပါ ပါဝင်ကြလေသည်။

---

# အခန်း ( ၄ )

## သူငယ်အရွယ်။

သက္ကရာဇ် ၁၂၇၆–ခု။ တပေါင်းလဆန်း (၁) ရက်။ (၁၉၁၅-ခု၊ ဖေဖေါ်ဝါရီလ ၁၃-ရက်) စနေနေ့တွင် မကွေးခရိုင် နတ်မောက်မြို့၌၊ ဒုတိယတန်းရှေ့နေ ဦးဖါ ဇနီး ဒေါ်စုတို့တွင် အထွေးဆုံးဖြစ်သော သားရတနာကလေးတဦးကို ဘွားမြင်ခဲ့ကြလေသည်။

မောင်သိန်းဝင်းခေါ် အောင်ဆန်းကလေးလား
တက္ကသိုလ် ဆုမြှင့်ရေသည့် (ဗိုလ်ချုပ်၏ဇာတိရုပ်) ကို ဖတ်ပါ။



နောက်ခံ-စစ်သူရဲကောင်းတော်လှန်ရေးသမားပုံကြီးနှင့်ခလေးဓါတ်ပုံသည်၊
ဗိုလ်ချုပ်အောင်ဆန်း မွေးကာစ ကလေးအရွယ်တွင်
ဤကဲ့သို့ နေရှာပေလိမ့်မည်ဟု ထင်ရပေသည်။
( ရဲဘော်စာစောင်မှ ကျေးဇူးပြုသည်။ )



အာဇာနည် သူရဲကောင်း ‚ခေါင်းဆောင်ကြီး၏ ‘မိခင်’’ ဟု
ဘွဲ့ပေးသင့်သော၊ ဗမာနိုင်ငံ ခေါင်းဆောင်ကြီး
ဗိုလ်ချုပ်-အောင်ဆန်း၏ မွေးသမိခင်
**အမေစု ခေါ် ဒေါ်စုပုံ။**
ဓါတ်ပုံကို ကိုလှဖေ (ဓါတ်ပုံသတင်းထောက်) က ကျေးဇူးပြု၍
အမျိုးသား ဘလော့က်ဘိုက်မှ လှူဒါန်းသည်။

စနေသားဖြစ်၍၊ ရက်ချုပ် ဇာတာတွင် (ထိန်လင်း) ဟု မှည့်ခေါ်ခဲ့ကြသော်လည်း၊ မွေးချင်းပေါက်ဘော် (၉) ဦးအနက်။ ၎င်းထက်အကြီးသားမှာ (အောင်သန်း)၊ ဟု မှည့်ခေါ်ထား၍၊ ၎င်းစနေသား ကလေးအား (အောင်ဆန်း) ဟူ၍ပင် အများက ခေါ်ဝေါ်သမုတ်လာခဲ့ကြလေသည်။

အခြား ကလေးများမှာ (၃) နှစ်သားအရွယ်တွင် စကား နည်းနည်း၊ ပါးပါး၊ ပြောတတ်သော်လည်း။ အောင်ဆန်း ကလေးမှာ အင်း၊ အဲ၊ မှလွဲ၍ ဘာမျှ ပြောလေ့၊ ပြောထ မရှိခဲ့ပေ၊ လူကြီးများကဲ့သို့ ရှုတည်တည်နှင့် မိဘများ ထားခဲ့သော နေရာတွင် ကစားနေလေ့ရှိပေသည်။ တနေ့တွင် ၎င်း၏ဘခင်က စာရင်း၊ အင်းများ ရေးမှတ်နေဆဲ၊ မိခင်မှာလည်း ကြွေးဆပ်လာသူများ ရောက်လာ၍ ဧည့်ခံစကား ပြောနေကြလေသည်။

၎င်းမိခင်က ကြွေးပေးရန် ရှိသူများအား ချေးယူထားသော ငွေများ အမြန်ပေးဆပ်မှ ကောင်းမည်ဖြစ်ကြောင်း။ မိမိတို့ချေးယူထားသည်မှာ ကြာပြီဖြစ်၍ ယခုတပတ်မှ မပေးဆပ်လျှင် မိတ်ပျက်သွားစရာရှိကြောင်း စသည်ဖြင့် ပြောကြားနေစဉ်၊ ပိတ်ဖြူ အင်္ကျီ ကလေးနှင့် ဘာမျှ မပြောဘဲ၊ ငြိမ်သက် နေသော အောင်ဆန်း ကလေးက ''အမ၊ ရာ ရှိမှပေးနိုင်မှာပေါ့ဗျ''ဟု တခွန်းချင်း ပီပီ၊ သသ ကြားက ဝင်ပြော သဖြင့်၊ ပရိသတ် အားလုံးက အံ့သြသွားခဲ့ရဘူးလေသည်။ စကားပြောလေ့၊ ပြောထမရှိသော အောင်ဆန်း ကလေးသည်ပြုံးသည့်၊ ရယ်သည်လည်းမရှိလှဘဲ၊ အမြဲတစေ တနေရာတည်းတွင် ထိုင်ခါ တုံဏှိဘာဝေ၊ ဆိတ်ဆိတ် စဉ်းစား နေလေ့ရှိတတ်၏၊ ၎င်းအား လူကြီးများကချစ်စနိုး၍ သွားရောက် မြှူကြ၊ ချော့ကြသော်လည်း၊ မကြားသလို နေရာမှထ၍ သွားတတ်လေသည်၊ မဟုတ် မမှန်သော စကားကိုလည်း ပြောလေ့၊ ပြောထ မရှိသည့်ပြင်၊ အခြားသူများ မဟုတ် မမှန်ပြောလျှင်လည်း မကြိုက်၊ မနှစ်သက်ချေ။

အသက် (၄) နှစ်သား အရွယ်က အဖြစ် အပျက် ကလေး တရပ်မှာ ရယ်ဘွယ်ကောင်း၊ မှတ်ဘွယ်ကောင်းလေသည်။

တနေ့တွင် တောမှစပါးဝယ်သူများ ရောက်လာ၍ ၎င်း၏ မိခင်က ကဲ....မင်းတို့ လိုချင်ရင်လဲ ယူသွားကြပါပေါ့။ ငါဝယ်တုံးကတော့ (၆၀) ဈေး ဝယ်ထားတာဘဲ။ မင်းတို့ လိုချင်ရင် (၅၀) ဈေးထားပေါ့ဟု ပြောဆိုနေခိုက်၊ အိမ်လှေခါးနားတွင် ကစားနေသော အောင်ဆန်းကလေးက ဖျက်စောင်းထိုး၍ ''အမ-ခင်ဗျား မဟုတ်တာတွေပြောရော့မယ်။ ဒီစပါး ၅၀-ဈေးနဲ့ ဝယ်ယူ ထားတာဗျ ကျုပ်သိတယ်။ ဟုတ်တာ ပြောမှ- ဥစ္စာ ပေါ်တယ် လိမ်ပြောတာ မကောင်းဘူး''ဟု ဝင်ရောက် ပြောလိုက်သဖြင့်၊ အနီးရှိ လူများမှာ အံ့သြရယ်မောကြလေသည်။

ဧည့်သည်များ ပြန်သွားသော အခါ ၎င်း၏မိခင်က အနားသို့ခေါ်ပြီး ပေါင်တွင်း ကြောကို လက်နှင့် လိမ်ဆွဲကာ ''ဧည့်သည်တွေနဲ့ စကားပြော နေတုံး လူကြီးတွေ ပြောနေတဲ့အထဲ မင်းဘာလို့ ဝင်ပြောရတာလဲ နောက်မပြောနဲ့''ဟု ဆုံးမရာ၊ ''အမ လိမ်ပြောတာကိုး''ဟု ဆင်ခြေကန်ခဲ့ဘူးလေသည်။

N. P. W. — 191- 4, 10000

အောင်ဆန်း ကလေးတွင် အားလုံး မွေးချင်း ပေါက်ဖော် (၉) ယောက် ရှိရာ၊ ၎င်းမှာ အငယ်ဆုံး ဖြစ်လေသည်။ အစ်မ (၃) ယောက်၊ အစ်ကို (၅) ယောက်ရှိ၏။ ၎င်း၏အစ်မများသည် မိန်းကလေးတို့ ဘာဝ ပိုင်းဝါ ယက္ကန်း ယက်ကြရသည်။ အစ်ကိုများမှာ ထိုအခါက ကိုနေအောင်မှ တပါး ကိုဘဝင်း၊ (နောင်သောအခါ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံသော အခါတွင် ၎င်းပါသေဆုံးသွားရှာသည်) မှာ၊ ကောလိပ်ကျောင်းသို့ ရောက်ရှိနေ၍ ကိုအောင်သန်း (ယခု ဖ-ဆ-ပ-လ တိုင်းပြည်ပြု လွှတ်တော် နတ်မောက် မြို့နယ် အမတ်) မှာ၊ တန်းမြင့်ကျောင်းတွင် ရှိသေးသည်။ အင်္ဂလိပ်ကျောင်းတွင် မနေသော ကိုနေအောင်မှာ ရွှေနေ့စာမေးပွဲတွင် ဝင်ရောက်ဖြေဆို၍ အောင်မြင်ခဲ့လေသည်။ အောင်ဆန်းကလေးမှာ နွေခင်း နေ့လည်များတွင် အိပ်ကာ၊ စားကာ ဖြင့်၎င်း၊ ၎င်း၏ ဘွားအေ ဒေါ်သူဇာ ၏ (ဒေါ်သူဇာမှာ ရွှေလရောင် ဘွဲ့ခံ ဦးမင်းရောင်၏ နှမဖြစ်ကြောင်းကို ယခင်အခန်းက ရေးခဲ့ပြီးဖြစ်သည်၊) ပြောသော နန်းတွင်းရေးများ၊ ဗိုလ်လရောင်၏ အရေးတော်ပုံများ၊ ရှေးဟောင်း ဒဏ္ဍာရီများကို နားထောင်ရင်း ဖြင့်၎င်း၊ တခါတရံ တယောက်တည်း အိမ်ဝင်းထဲတွင် လက်နောက်ပြစ်ခါ ပုဆိုးမပါဘဲ၊ ခန့်ခန့်ညားညား လမ်းလျှောက်၍၎င်း နေတတ်လေသည်။ ၎င်း၏ အစ်ကိုများ ကျောင်းမပိတ်သော ရာသီများတွင် များစွာ ပျင်းရိဘွယ်ရာ ကောင်းသော်လည်း၊ ၎င်းအောင်ဆန်း ကလေးမှာ အပေါင်း မရှိဘဲနှင့် ပျော်ရွှင်စွာ ကစားနေလေ့ ရှိပေသည်။

တနေ့တွင် ၎င်းအစ်မ တဦး ယက်လုပ် ထားသော အိမ်အောက်ရှိ ယက်ကန်းစင်မှ ပိုးယောလုံချည်ကို ဓားနှင့် တိုး၍ ကစားပစ်ရာ၊ အားလုံး အသုံးပြုမရလောက်အောင်ပင် ပျက်စီးသွားလေသည်။ ယက်ကန်းစင်ကို ဖျက်ဆီးပြီးနောက် သူမဟုတ်သလို တနေရာတွင် ဆက်လက်ကစားနေရာ ၎င်း၏မိခင်ကသိ၍ ခေါ်ရိုက်၏။ ကြောက်ပါပြီဟုလည်း မပြော၊ ငိုလည်း မငိုချေ။ ''အောင်ဆန်း-မင်းလုပ်တာ မဟုတ်လား'' ဟု မေးရာ၊ ဟုတ်တယ်ဟု ဖြေလေသည်။ ငယ်ပင်ငယ်သော်လည်း ၎င်းမှာမိမိတွင်အပြစ်ရှိက ရဲဝန့်စွာခံရဲကြောင်းနှင့် ရိုးသားစွာ ဝန်ခံခြင်းကို ၎င်း၏မိခင်မှာ ရယ်လည်း ရယ်ချင် သော်လည်း မျက်နှာပိုးသတ်၍ မရိုက်တော့ပေ။ ။

---

## အခန်း-၅။

## ကျောင်းသား ဘဝ။

အောင်ဆန်းကလေး အသက် (၇) နှစ်သား အရွယ်တွင်၊ နတ်မောက်မြို့ဆရာတော် ဦးသောဘိတ၏ အထက်တန်း ကျောင်းသို့ ပညာသင်ရန် စတင် အပ်နှံ ထားလေသည်။ ငယ်စဉ်က အစား အသောက်ကို များစွာ စုံမက်၍ ကြောက်လန့် တတ်လေသည်။ တစ္ဆေသူရဲနှင့်ချောက်လျှင် သေးများပါအောင်ပင်ကြောက်ရှာလေသည်၊ စာပေဘက်တွင်

ကား များစွာကြိုးစား၍ ဉာဏ်လည်း အတော် ကောင်းလေသည်။ ကျောင်းခဏဆင်းချိန်များတွင် အိမ်သို့ ဒုန်းစိုင်း ပြန်လာကာ၊ အစား အသောက် ထည့်သော ဘီရိုကို အရင်ဦးအောင်ဖွင့်ပြီး သူစားချင် သလောက် စားပြီးမှ ကျောင်းသို့ ပြန်သွားတတ်လေသည်။ အခြား ကလေးများ ကစား နေသော်လည်း၊ ၎င်းမှာ ဘတ်စာအုပ်များ ဘတ်ခြင်း, ကျောက်သင်ပုန်း ပေါ်တွင် လက်ရေး ကျင့်ခြင်းတို့ဖြင့် အနားပေးချိန် ကုန်လွန်သည့်တိုင်အောင် အပျင်း၍ဖြေလေ့ရှိ၏။ ကျောင်းတွင်နေစဉ်ကာလ အခြားကလေး ငယ်များနှင့် အတူ ရောနှော ကစားလေ့ မရှိချေ။ စိတ်တို၍ ဒေါသကြီး သဖြင့်လည်း အောင်ဆန်း ကလေးအား ရွယ်တူများက ကြောက်ရွံ့ကြသည်။ နေရာတိုင်း ငင်မစွက်ဘဲ မှုက်နှာထား အလွန် တည်သောကြောင့် သူ့ထက် ကြီးသူများကလည်း သူ့အား စကား မပြောရဲကြချေ။ သွား၍စကားပြောလျှင်လည်း ပြန်ပြောချင်မှ ပြောတတ်လေသည်။ အခါများစွာ မကြားသလို မထေမဲ့မြင် လုပ်နေ တတ်လေသည်။ နေရာ တိုင်းတွင် ဗိုလ်ဆွဲ ချင်သော စိတ်ဓာတ်ရှိသည်။

ပုဆိုးကို (၇) နှစ်သား လောက်အထိ မည်သည့် အခါကမှ ဝတ်ထားသည် ဟူ၍ မရှိဘဲ၊ ကျောင်းသွားသော အခါ လည်ပင်း ၌င်းသိုင်း၍ သွားတတ်၏။ စာပေ ပညာ ဘက်တွင် ချီးမွမ်းရလောက်အောင် မှတ်ဉာဏ်, ထိုးထွင်းဉာဏ်များ ကောင်းလေသည်။ အသက် (၁၂) နှစ်သားတွင် ဇမာစာ (၄) တန်းသို့ ရောက်၏။ ၎င်း၏အစ်ကိုများ နည်းတူ အင်္ဂလိပ် ကျောင်းသို့ နေလိုသော ဆန္ဒရှိသဖြင့် (၄) တန်း စကောလားရှစ်ကို ဝင်ရောက်ဖြေဆိုရန် ကြိုးစားရာ၊ ဆိုင်ရာ ပညာအုပ်က အသက်ငယ်သေး၍ ဝင်ခွင့်မပြုခြင်းပယ်သဖြင့် အိမ်သို့ စိတ်ဆိုးခါ ပြန်ခဲ့ဘူး၏။ အိမ်အဝင် ဝတွင် ''ဒင်းတို့ တနေ့ သိစေ့မယ်- မသင်ရတော့ ဘာဖြစ် မှာတုံး- သိမယ်'' စသည်ဖြင့် စိတ်ဆိုး လာသော အောင်ဆန်းကလေးကို ၎င်း၏မိခင်ကတွေ့၍ ဖြားယောင်း ချော့မော့ထားရဘူးလေသည်။ ထိုအခါမှစ၍ အင်္ဂလိပ်ကျောင်းသို့ ပညာသင်ကြားရန် သွားလိုသော စိတ် ဆန္ဒ များစွာ သူ့တွင် ကိန်းအောင်း လာရှာခဲ့၏။ လူအများက ဒါတော့ မဖြစ်ပါဘူးဟု ပြောလျှင် မဆုတ် မနစ် မဖြစ်, ဖြစ်အောင် လုပ်ပြတတ်၍၊ သူလုပ်ချင်သော အလုပ်ကိုလည်း ဇွတ် ဒရွတ် လုပ်တတ်သော အကျင့် ရှိလေသည်။ ၎င်းငယ်စဉ်က ''ဒီကောင် ကလေး ရှင်မပြုနဲ့ အုံး,မြင်းလဲမစီးစေနဲ့ စာတတ်တာမှမဟုတ်ဘဲ၊ ကိုရင်ဝတ်တော့ ဘယ့်နှယ် လုပ်မလဲ'' ဟု နောက်ပြောင်ဘူး၍ ကျောင်းနေဖြစ်သွားခြင်း၊ စာကြိုးစားခြင်းဖြစ်လေသည်။ နောက် စာရေး, စာဘတ် တတ်လာသော အခါ ''ကဲ- စာတတ်ပြီ-ရှင်ပြုပေး''ဟု ဇွတ်ပူဆာ၍ ရှင်ပြုပေးခဲ့ ရဘူးလေသည်။

ကမ္ဘာပေါ်တွင် ထူးချွန်ကြီးပွါးသော ပုဂ္ဂိုလ်ကြီးဟူသမျှတွင် စိတ်နေသဘောထား မြင့်မြတ် ကြီးမားသော မိခင်များ ရှိကြသည်ဟု ပြောလေ့, ပြောထ ရှိခဲ့ကြပေသည်။ ''အောင်ဆန်းကလေး''၏ မိခင် (ဒေါ်စု) မှာ စိတ်နှလုံးအေးဆေး၍ကြင်နာတတ်သော သဘောရှိခါ စကားကို အ ခါခပ်သိမ်း ပြောလေ့, ပြောထ မရှိချေ။ ခင်ပွန်းသည်မှာ ပညာဘက်တွင် ထူးချွန်သကဲ့သို့ အောင်ဆန်းကလေး၏ မိခင်မှာ စီးပွါးရှာဖွေကူးသန်း

ရောင်းဝယ်ရေးဘက်တွင် ကျနစေ့စပ် သေချာလေသည်။ အောင်ဆန်းကလေး၏ ဘခင် (ဦးဖါ) မှာ လူအများအတုယူရလောက်အောင်ပင် ဉာဏ်ပညာ ထူးချွန်သူဖြစ်လေသည် ရှေ့နေစာမေးပွဲကို ကူးသန်းရောင်းဝယ်ရေး ပွဲစားအလုပ် လုပ်ကိုင်နေရင်း ဥပဒေစာအုပ်များကိုကြည့်ကာ ဝင်ရောက် ဖြေဆိုရာ ကောင်းစွာ အောင်မြင်ခဲ့လေသည်။ အောင်ဆန်းကလေး၏ မွေးချင်းများမှာ ဘခင်၏ထူးချွန်သော လုံ့လ ဝီရိယ ချီးမွမ်းလောက်သော ဉာဏ်ပညာအတိုင်း ဘခင်ထက် မလျော့သော အရည်အချင်း စွမ်းရည်သတ္တိများ ရှိကြလေသည်။ ၎င်း၏အစ်ကိုကြီး အကြီးဆုံးမှာ ရေနံချောင်း အမျိုးသား ကျောင်းတွင် အသက်ဘန်းပြ ဆရာ လုပ်ကိုင်နေရာ၊ တနေ့သော အခါတွင် အခြား အကြောင်းကိစ္စ တခုနှင့် ရေနံချောင်းမှ နတ်မောက်သို့ လာခဲ့လေသည်။ ၎င်းအစ်ကိုအကြီးဆုံးနှင့်အတူ ရေနံချောင်း အမျိုးသားကျောင်း ဆရာကြီး ဦးကျော်ဇံလည်း ပါလာ၏။ အောင်ဆန်းကလေးမှာ နဂိုရ်ကပင် ပညာရှာမှီးရာ၌ အား မရနိုင်ဘဲ ရှိရာ၊ မိမိ အစ်ကိုကြီး လာရောက်သောအခါ၊ အပြန်တွင် တခါတည်း ရေနံချောင်းသို့ လိုက်ပါသွားပြီး၊ အမျိုးသား ကျောင်းတွင် နေရပါမည့် အကြောင်း ခွင့်ပြုရန် ဘခင်နှင့် မိခင်အား အတန်တန် ပူဆာနေလေသည်။ ၎င်း၏ဘခင်နှင့် မိခင်ကလည်း ငယ်သေး၍ တခြားမြို့သို့ မသွားသင့်သေးကြောင်း။ နဲနဲကြီးလာသော အခါမှ ပို့ပေးမည်ဟု ချော့မော့ ပြောဆိုသော်လည်း မရချေ။ ၃-ရက်တိုင်တိုင် ထမင်း မစား၊ ရေမသောက် အငြိုငြင်ယိုနေကာ ပူဆာလှသဖြင့် နောက်ဆုံးတွင် အောင်ဆန်း ကလေး၏ ဇွဲကိုသိ၍ သူ၏ အလိုသို့ လိုက်လျောခါ၊ သူ၏အစ်ကိုကြီး ပြန်သွားပြီးနောက် မကြာမီပင်ရေနံချောင်းသို့ ပို့လိုက်ရ၏။ ထိုအခါတွင် အောင်ဆန်းကလေးမှာ အသက် (၁၄) နှစ် အရွယ်ပင် ရှိချေလေပြီ။

မည်သည့် ထူးချွန်သည့် ပုဂ္ဂိုလ် ကြီးများ မဆို၊ ထွန်းကား၊ ကြီးကျယ်ခြင်း မရှိမီ ငယ်ရွယ်စဉ် ကလေးဘဝကပင်၊ အခြားကလေးတို့ထက် ထူးချွန် ထင်ရှားသော အပြု၊ အမူ စာရိတ္တ၊ စိတ်နေ စိတ်ထား တခုခု တည်ရှိပြီး ပါလာတတ်ပေရာ၊ ယခု ကျွန်ုပ်တို့၏ ခေါင်းဆောင် အောင်ဆန်း ကလေးမှာ မိမိ မှန်သည်ထင်က မဆုတ် မဆိုင်း ပြုလုပ်တတ်ခြင်း။ တဦးတည်း စဉ်းစားဝေဖန်၍ နေတတ်ခြင်း။ မှန်ကန် ဖြောင့်မတ်ခြင်းကို လိုလားခြင်းစသည်တို့မှာ၊ ငယ်ရွယ်စဉ် ကာလကပင် အခြားကလေး သူငယ်တို့ထက် သာလွန်ထင်ရှားကြောင်းကို တွေ့ရှိခဲ့ရပေသည်။

---

## အခန်း-၆။

## သူငယ့်အရွယ်။

အောင်ဆန်း ကလေးသည် ရေနံချောင်း အမျိုးသားကျောင်းတွင် ရောက်ရှိနေလေပြီ။ သူသည်-သူ့ အစ်ကိုကြီး အမျိုးသား ကျောင်းဆရာ ဦးဘဝင်း အိမ်မှနေ၍

ကျောင်းတက်ရ၏။ နဂိုရှိကပင် ပညာကို လိုလားသော စိတ်ရှိရကား၊ အတန်းစာပေများတွင် ထူးချွန်သော ကျောင်းသားတဦးအဖြစ်သို့ ရောက်ရှိလာခဲ့လေသည်။

ကျောင်းတွင် အတန်း စာပေများကို လေ့လာပြီးနောက်၊ ညအခါများတွင် သူ၏အစ်ကိုကြီးထံတွင် ဘတ်စာနှင့် ပထဝီ, ရာဇဝင် ဘာသာများကို သင်ကြားရလေသည်။ ဤနည်းအားဖြင့် အတန်းတိုင်း, အတန်းတိုင်း အောင်ဆန်း ကလေးမှာ ခက်ခဲခြင်း မရှိဘဲ အောင်မြင်လာခဲ့သည်။ (၇) တန်းသို့ ရောက်သောအခါ၊ ကျောင်းစာမေးပွဲတွင် အမှတ် အများဆုံး ရရှိခဲ့သဖြင့်၊ အလယ်မှ မိုးကြိုး ဘေးမှငွေပတ်လည် ဝိုင်းထားသော ညောင်ရွက်ဒိုင်းပုံတွင် (မောင်အောင်ဆန်း၊ ၇-တန်း၊ အမျိုးသားအထက်တန်းကျောင်း၊ ရေနံချောင်းမြို့) ဟု စာလုံးများထွင်းကာ ၎င်းတံဆိပ်ကိုလည်း အမှတ်အများဆုံးရအောင် ဖြေဆိုနိုင်သဖြင့် ပေးအပ်ကြောင်း များပါ ပါသော တံဆိပ်ကို ရရှိလေတော့သည်။

အောင်ဆန်း ကလေးသည် ယခုအခါ (၈) ဆင့်သို့ ရောက်ရှိခဲ့သည်နှင့် အလားတူ အရွယ်လည်းတဖြည်းဖြည်းပြောင်းလဲကာ ကြီးပြင်းလာခဲ့ချေပြီ။ သူကား ''အောင်ဆန်း-ကလေး''ဘဝမှ (ကိုအောင်ဆန်း) ဘဝသို့ ဝင်ရောက်ခဲ့လေပြီ။

ကိုအောင်ဆန်း (၈) ဆင့်သို့ ရောက်ခါ ပညာသင်ကြားနေရုံမှာပင် နတ်မောက်မြို့ရှိ ၎င်း၏ဖခင်ကြီးမှာ ရုတ်တရက် သေဆုံးသွားရှာလေသည်။ ဖခင်သေဆုံးကြောင်း ကြားသိရသည်နှင့် တပြိုင်နက်၊ ၎င်း၏အစ်ကို (ဦးဘဝင်း) နှင့် အတူ ရေနံချောင်းမှ ပြန်လာကြပြီးလျှင်၊ ဖခင်၏ ဈာပန မပြီးမချင်း နတ်မောက်တွင်နေကာ ကျန်ရစ်ခဲ့သော မိခင်အား ညီအစ်ကိုတစုတို့သည် ဝိုင်းဝန်းအားပေး ကြကုန်၏။

ကိုအောင်ဆန်းမှာ ကျောင်းတွင် တယောက်ထီးထီး စဉ်းစား တွေးတောခြင်းဖြင့် ၎င်း၊ စာအုပ်နှင့်မျက်နှာ အပ်လျက်သော်၎င်း အမြဲရှိတတ်လေသည်။ လမ်းသွားသော အခါများတွင် ရှေ့မျက်စိ တဆုံးသို့၎င်း, ဘေးဘက်သို့၎င်း, မည်သည့်အခါမှ မကြည့်ဘဲ မြေကြီးကိုစိုက်ကြည့်ခါ စဉ်းစား၍ သွားတတ်သည်။ တရံတခါ စာအုပ်ကိုလမ်းလျှောက်ရင်း ဖတ်သွားတတ်၏။ မည်သူကလှမ်း၍နောက်ပြောင်သည်ဖြစ်စေ, နှုတ်ဆက်ခေါ်ငင်သည် ဖြစ်စေ၊ ၎င်းမှာကား မကြားသကဲ့သို့သာ သွားမြဲ သွားလျက်, ရှိခဲ့လေသည်၊ အပေါ် အပေါ်ပွဲလမ်းသဘင် ကစားခုန်စား ခြင်းများကို ဝါသနာ မစိုက်ဘဲ၊ စာပေနှင့် အစား ကိုသာ ဂရုစိုက် တတ်လေသည်။

အိမ်သို့ပြန်လာသောအခါတွင် သရေစာတခုခုကိုရှာစားပြီး လူရှင်းသော တနေရာရာတွင်တင်ပလ္လင်ချိတ်ကာ၊ အချိန်များစွာပင်စာအုပ်ကို စွဲလန်းစွာကြည့်ရှုတတ်လေသည်။ ကိုအောင်ဆန်း နှစ်သက်သော စာအုပ် များမှာ ဗမာ-ရာဇဝင် များနှင့် ပျို့ ကဗျာ လင်္ကာ စာအုပ်များ ဖြစ်လေသည်။ ပျို့, ကဗျာ, လင်္ကာ စာအုပ်များကို အာဂုံဆောင်နိုင်သည့် တိုင်အောင် ကြည့်ရှုတတ်၏။ တခါတရံ ၎င်းနှင့်အတူ နေထိုင်သော နတ်မောက်မြို့သား များဖြစ်ကြသည့် အမိန့်တော်ရ ဦးဘသက်နှင့် ဦးဘဂျမ်း တို့အား စာအုပ်ပါ အကြောင်းအရာများကို စိတ်ရှည်, လက်ရှည် ပြန်ပြော နေတတ်လေသည်။ မည်သူမျှ နားမထောင်ချင်စေကာမူ ''ကိုအောင်ဆန်း''မှာကား ကြမ်းပြင်ကို ဂရုစိုက်

၍၎င်း၊ မျက်နှာပြင်ကို မော့ခါ ဦးခေါင်းကို ကုလားထိုင်နောက်မှီတွင် တင်၍၎င်း။သူပြောချင်သမျှကိုတန်းလျောက်ပြောပြီးနောက်၊ ''ဒါပါဘဲ'' ဟုဆိုကာ၊ ၎င်း၏အခန်းသို့မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ ထ၍ သွားတတ် လေသေးသည်။

ကိုအောင်ဆန်း အား သိကျွမ်း သူများက မူကား ''၎င်းသူငယ်သည် စိတ်ကူးအဆန်းအပြားများကို တွေးတောတတ်သူ တယောက်'' ဟု ပြောရသည့်ချည်းပင် ဖြစ်ခဲ့သည်။တဦးတည်း နေထိုင်ရင်း- ပျင်းရိသော အခါများတွင် ပါးစပ်ဆိုင်းတီးကာ မိမိကိုယ်ကို မိမိဖြေဖျော်လေ့ရှိလေသည်။ တရံတခါ မိမိနှင့်အတူနေသူများရှိသည် ဟူ၍ပင်အမှတ်မထားဘဲ၊ညဥ့်နက်သန်းခေါင် အချိန်မရွေး, ၎င်း၏စည်းဝါးမကျနလှသော အသံအက်ကြီးဖြင့် သီချင်းများကိုလည်းအော်ဟစ်၍သီဆိုတတ်ပေသေး၏။အဝတ်အစား ဝတ်ရာတွင် သန့်ရှင်းစင်ကြယ်ခြင်းမှ တပါး၊ လှပရေး, အချိုးအစား ကျနသေသပ်ရေးစသည်တို့ကိုလုံးဝဂရုမစိုက်တတ်ပေ၊၎င်း၏မိခင်ထံမှအနီရောင်ပိုးရောချည်ပါလုံချည်များကိုယက်၍ပို့လေ့ရှိရာ၊ ၎င်းအနီရောင်လုံချီကို များစွာစုံမက်လေသည်။ ဝတ်နေစဥ် အောက်အနားကစုတ်ပြတ်ခဲ့သော်- ထိုအစုတ်အပြတ်ကို ထုံးပတ်ချီနှောင်၍ပင် ဝတ်ဆင်ခဲ့၏။

လူတဦးကတဦးကို အနိုင်အထက်ကျင့်ခြင်း၊ မတရားညစ်ပတ်ခြင်းများကို ကိုအောင်ဆန်းသည်၊ များစွာစက်ဆုပ် မုန်းတီးလေ့ရှိပေသည်။ မှန်ကန်ဖြောင့်မတ်ခြင်း ကိုလည်းအထူးနှစ်သက်တတ်၏။ တရံသောအခါက ၎င်းနှင့် အတူနေထိုင်သူ အမိန့်တော်ရများဖြစ်သော ဦးဘသက်နှင့် ဦးဘဂျမ်းတို့ထံ အမှုသည်တဦးကလာ၍ ရွှေနေငှားရမ်း၏။ ''တရားသူကြီးအားငွေပေးရချင်ပေးရပါစေ ဝန်မလေးပါဘူး'' ဟု ပြောမိရာ၊ အနီးတွင်စာကြည့်နေသော ကိုအောင်ဆန်းက ''မမှန်တာဘာလို့လုပ်မလဲ၊လာဘ်ပေးဘို့မကောင်းပါဘူး၊အမှုရှုံးချင်ရှုံးပေစေပေါ့'' ဟု ရှုံ့ကာမဲ့ကာနှင့် ဝင်ပြောလိုက်ရကား၊ အမှုသည်မှာနောက်ဆုံးတွင် လာဘ်ပေးဘို့ကိစ္စအတွက် လက်လျှော့ခဲ့ရ ဘူးလေသည်။

ထိုအိမ်တွင် စာပွဲတလုံးတည်းရှိရာ၊ရွှေနေငှားလာသူများ ရှုတ်ထွေး နေသော်လည်းကိုအောင်ဆန်းမှာ အနားတွင်ဆူညံနေသောအထဲမှာပင် စိတ်မပျံ့လွင့်ဘဲ၊ စာထဲတွင်စိတ်ပါဝင်စားစွာ ကြည့်ရှုနေတတ်လေသည်။ အတူနေထိုင်သူတို့၏ကိစ္စများတွင် မိမိနှင့်မသက်ဆိုင်က မည်သည့်အခါမှဝင်ရောက်နှောင့်ယှက်ခြင်းမရှိတတ်ချေ။

ကိုအောင်ဆန်းသည်၊ အားလပ်သော အချိန်များတွင် စာကိုစွဲမြဲစွာ ဘတ်လေ့ဘတ်ထရှိခဲ့ပေသည်။ စာဘတ်သောအခါများတွင် စာလုံးတိုင်းစာလုံးတိုင်းကို သာမန်ကာ,ရှံကာမဘတ်ဘဲ၊ မိမိရရ စဥ်းစားကာဘတ်တတ်၏။ စာအုပ်ကဒီလိုဆိုလျှင် မိမိကဘယ်လိုယူဆမလဲဟူ၍လည်း စိန္တာကဝိတို့အလား စဥ်းစားမြဲဖြစ်လေသည်။

နံနက်ခင်းအချိန်များတွင် ကျောင်းနှင့်မနီးမဝေးရှိ ရွှေကြာငုံရင်ထဲမှ ဦးချမ်းမြ ဆိုသူအဘိုးကြီး၏လဘက်ရည်ဆိုင်တွင် အမြဲထိုင်ကာ လဘက်ရည်သောက်တတ်၏။ လဘက်ရည်ဆိုင်တွင် ချောင် အကျဆုံး၊ လူ, သူ အရှင်းဆုံး နေရာတွင်သာ ထိုင်လေ့ ရှိသဖြင့်ဆိုင်ရှင် အဘိုးကြီးသည် ကိုအောင်ဆန်း၏ နေပုံ, ထိုင်ပုံ စိတ်ဓာတ်ကို ရိပ်မိကာ။ ချောင်ကျသော နေရာတွင် ကိုအောင်ဆန်း အတွက် စာပွဲတလုံး သီးသန့် ထားပေး

ရလေသည်။ ။ဆိုင်ရှင်ဦးချမ်းမြမှာ စကားနည်း၍ ကိုအောင်ဆန်းကဲ့သို့ပင် တည့်တည့်နေတတ်လေရကား၊ ကိုအောင်ဆန်းသည် ၎င်းအဘိုးကြီးနှင့်မှုကား လဘက်ရည် သောက်လာတိုင်း အေးဆေးငြိမ်သက်စွာ စကား,စမည် ပြောလေ့ရှိပေသည်။ သူတို့နှစ်ဦး စကားပြောနေသည့်ဝိုင်းသို့ အခြားလူစိမ်းတဦး တယောက် ဝင်လာပါက၊ ကိုအောင်ဆန်းသည် စကားပြောရာက ရပ်လိုက်တတ်လေသည်။

၁၉၄၆-ခု၊မတ်လ ၂၄-ရက် နေ့တွင် ကိုအောင်ဆန်းသည် ဗိုလ်ချုပ် အောင်ဆန်းဘဝဖြင့် ရေနံချောင်းသို့ ရောက်လာရာ၊ ရှေးဦးစွာ နှစ်ပေါင်း များစွာ ကွဲကွာနေသော သူ၏ မိတ်ဆွေ အဘိုးကြီး ဦးချမ်းမြကို ရှာခဲ့လေသည်။ ဦးချမ်းမြမှာ ကွယ်လွန် အနိစ္စရောက်ခဲ့ပြီ ဖြစ်သဖြင့်၊ ထိုမိတ်ဆွေ ဟောင်းကြီးနှင့် တိုင်ပင် ဆွေးနွေးရန် မတွေ့ဆုံရတော့ပေ။

ကိုအောင်ဆန်းမှာ၎င်း၏အဘွားထံမှမောင်ဖြစ်သူရွှေလရောင်ဘွဲ့ခံ, ဦးမင်းရောင်၏အကြောင်းကို ပုံပြင်သဘွယ် မှတ်သား ခဲ့ရသဖြင့်၎င်း၊ ဗမာ ရာဇဝင်ကို လေ့လာခဲ့ရခြင်းအားဖြင့်၎င်း၊ အမျိုးသား ကျောင်းတွင် နေထိုင် ရသဖြင့်၎င်း။ လူမျိုးနှင့် တိုင်းပြည်ကို ချစ်ခင်မြတ်နိုးသော စိတ်များပေါ်ပေါက်လာခဲ့ ရပေသည်။

ထိုပြင် အများအားဖြင့် နွေရာသီကျောင်းပိတ်ရက် များတွင် နေရပ်သို့ပြန်လာရင်း ၎င်း၏ သူရင်းငှားများနှင့် ရင်းနှီးစွာ ဆက်ဆံမှုမှ လူဆင်းရဲ များအား သနားမိခြင်းနှင့် လူ့တန်းမစေ့ရှာသော ထိုတောင်သူ, လယ်ယာ သမားများကို ကြည့်ကာ။ လူအများ၏ကောင်းကျိုး ချမ်းသာကို ရှာဆောင်ရန် စိတ် ဓာတ်များ ဝင်စားခဲ့ လေသည်ဟု သူ၏အကြောင်းကို ကောင်းကောင်း သိရှိသူတို့က ပြောပြ၍ သိရှိခဲ့ရဘူး၏။

ကိုအောင်ဆန်းသည် အများနှင့်မတူ တမူကွဲပြားစွာ နေထိုင်ရုံတွင်မဟုတ်။ စကားကိုလည်း အဆစ် အပိုင်းကျနစွာ တိကျသော စကားလုံးများကို ပြောတတ် လေသည်။ အမျိုးသားကျောင်းတွင်နေစဉ် ၎င်းမှာ ကျောင်းသားသမဂ္ဂအသင်းတွင် အရေးပါ အရာရောက်သော ခေါင်းဆောင်တဦး ဖြစ်လာလေသည်။ ကျွန်တော်တော့- ''ဘယ်သူကမြှောက်လို့မှလဲ မမြှောက်ဘူး။ ဘယ်သူက ချောက်သော်လဲ - မကြောက်ဘူး'' ဟု ကိုအောင်ဆန်းသည် ပြောလေ့ ပြောထရှိ၏။

တရံရောအခါ၊ ကျောင်းသားများသမဂ္ဂ အစည်းအဝေးတခုတွင် ကိုအောင်ဆန်းအား စကားအနည်းငယ်ပြောပါရန် ကျောင်းသားအချို့က တိုက်တွန်းသဖြင့် ထပြော၏။ ၎င်းပြောပြသော စကားများမှာ ကျောင်းသားများသည်-ကျောင်းစာကို ကုန်းဘတ်နေရုံမျှဖြင့်-အမျိုးသား ကျောင်းသားတို့၏တာဝန် ကြေပြွန်သည်ဟု မဆိုနိုင်သေး။ တိုင်းပြည်အား ကျွန်သံသရာဝဲဩဃမှ၊ မည်သို့ ကယ်တင်ရပါမည်နည်းဆိုသော ပြဿနာကိုလည်း စဉ်းစားသင့်ပြီဖြစ်ကြောင်း။ ထို့အပြင်- ရာဇဝင်သင်ခြင်း၏ ရည်ရွယ်ချက်ကို အသစ်တမျိုး အဓိပ္ပါယ်ကောက်ရမည်ဖြစ်ကြောင်း။ ထို အဓိပ္ပါယ်မှာ ရာဇဝင်သင်သူသည်-ရာဇဝင်အကြောင်းကို သိနားလည်ရုံသာမဟုတ် ရာဇဝင်ကိုဖန်တည်းသူ (ဝါ) ရာဇဝင်ကို

ပြုလုပ်သူ အဖြစ်သို့လည်းရောက်စေရမည် ဖြစ်ကြောင်း- စသဖြင့်၊နာရီဝက်မျှ ပြောကြားသွားလေသည်။

ကိုအောင်ဆန်း၏စကားကို ကျောင်းသားများသည်၊ များစွာနှစ်ချိုက်လေရကား။ စကားရပ်သည်၏အဆုံး၌ ဩဘာလက်ခုတ်သံများမှာ ကျောင်းခန်းမကြီး အတွင်း ဆူညံဟိန်းမြည်လျက် ရှိလေသည်။

ကိုအောင်ဆန်းသည်- ၎င်း အမျိုးသားကျောင်းတွင် နေစဉ် ကျောင်းသားများ အချင်းချင်း ညီညွတ်စေရန်နှင့် အင်္ဂလိပ်ကျောင်းသားများဟု ကွဲပြားခြားနားစွာ ထင်ရှားစေရန် ရည်ရွယ်၍ ကြွားဝါမည်ကို စိုးရိမ်၍ ( SCHOOL DRESS ) ခေါ် အမျိုးသားကျောင်း အဝတ်အစားကို သူ၏ကျောင်းသား အမှုဆောင်များနှင့် စတင်တည်ထွင်ခဲ့လေသည်။ ကိုအောင်ဆန်း စတင်တည်ထောင်ခဲ့သော အမျိုးသားကျောင်း အဝတ်အစားမှာ- ရွှေတောင် ပိုးလုံချည် အနီနှင့် ပင်နီအင်္ကျီများဖြစ်လေသည်။ထို့ပြင် ကိုအောင်ဆန်း၏ နှစ်ချိုက်ထိုက်သောအပြုအမူတခုမှာ၊ အမြဲဘန်း ဘယ်သူက ဘာပြောပြော သူလုပ်လိုရာ အလုပ်ကို မဆုတ်မနစ် မဖြစ်, ဖြစ်အောင် လုပ်ဆောင်တတ်သော အလေ့ပင်ဖြစ်လေသည်။

ကိုအောင်ဆန်းသည် ရေနံချောင်း အမျိုးသားကျောင်း၌နေစဉ် အခါက၊ ၎င်း၏ စကားအပြောအဆို နှုတ်နည်းမှုနှင့် အဝတ်အစား ဝတ်ဆင်မှုတို့အတွက် ရယ်စရာ မောစရာ အဖြစ် နောက်ပြောင်ခြင်း ခံရသည့်တိုင်အောင် ပမာမထား။ ဖြုံခြင်းမျှပင်မဖြုံ၊ မည်သူ့ကိုမျှ အရေးတဝင်မပြု။ ရှုတင်း၍သာ ရှိနေခြင်းမှာ နောက်ပြောင်သူများအား ပွဲကျစေရုံမျှသာ ဖြစ်ပေသည်။ ဂိုက်ပေးခြင်း။ ဆိုက်ပေးခြင်း။ ကိုယ်ကာယအလှပြုပြင်မှုတို့တွင် စိတ်မဝင်စား အာရုံမထားသည့် ကိုအောင်ဆန်းသည်၊ အဝတ်အစားကို ဝတ်တတ်သလို ဖြစ်ကတတ်ဆန်း ဝတ်လေ့ရှိ၍။ ကတုံးဆံတောက်ကို ဆီမလိမ်းဘဲနဲ့ ဆယ်တန်း အောင်သွားသည့်အချိန်တိုင်အောင်ပင် ထားခဲ့လေသည်၊ ဤအကျင့် ဤစရိုက်ကား သေရာပင် ပါသွားကြောင်းကို ထူးခြားစွာ ချွန်နေသော ဦးခေါင်းနှင့် ဗိုလ်ချုပ်ဓါတ်ပုံကို တိုင်းပြည် ကကောင်းစွာ သိရှိမြင်တွေ့ ကြရပေသည်။

ပျင်းပျင်းရှိလျှင်အမြဲ လုပ်တတ်သည့် သူ့ဝါသနာ တခုမှာ သွားစေ့၍ နှုတ်ခမ်းကို ဖွင့်လိုက်, ပိတ်လိုက်နှင့် ပြီ-ပြီ-ဟု လေကိုမြည်အောင် စုတ်ယူခြင်း။ လက်နှစ်ဘက်နှင့် စားပွဲခေါင်းကို ဆိုင်းဝိုင်းတီးသည့်ပမာ တီးလေ့တီးထရှိပေသည်။ တီးဖန်များလတ်၍ အကျင့်သား ရလာသည့်အချိန်၌ သီချင်းသွားကဲ့သို့ နားထောင် ကောင်းလောက်သည့် အထိသို့ပင် ဆိုက်ခဲ့ရောက်ခဲ့လေသည်၊ တခြားသူများအိပ်နေသည် စာကြည့်နေသည်ဟု အမှတ်မထားဘဲ သူတီးလိုသည့် ဆန္ဒရှိသည့်အတွင်း အနည်းငယ်ဖြစ်ဖြစ် တီးလိုက်ပြီးမှ ရယ်မောကာ ရပ်သွားတော့လေသည်။

တရံတခါ တယောက်ထည်းထိုင်လျက် တကယ့်ဆိုင်းဆရာကြီးများ၏ မျက်နှာပေး အမူအရာနှင့် သဲသဲမဲမဲဖြစ်နေသည်မှာ မြင်ရသူများအဘို့ မည်သည့်နည်းနှင့် ဇာချဲ့ဆယ် နိုင်ဘွယ်ရာ မရှိအောင်ပင် ဖြစ်ခဲ့လေသည်။ သို့သော် သူ့အစ်ကို ရှိသည့်အချိန်၌ကား အလူးသဖြင့် ဆင်ခြင်မလေ့ရှိ၏။ ဝါသနာမှာ စွဲနေသည့်အတွက် ဆိုင်းတီးရင်း အမိခံရ

သည်မှာလည်း ခဏခဏပင်။ အမိခံရသည့်အခါတွင်လည်း ''မင်းဟာဘာလုပ်တာလဲ'' ဟူသော အမေးကြောင့် အာချုံ မပြေသေးဘဲလျက် ရပ်ဆိုင်း ထားခဲ့ရသည်မှာလည်း အခါခါဖြစ်၏။ အခြား အချိန် ဖြုန်းတီးမှုလည်း သူ့မှာ ရှိသေးသည်။ လုံချီ ဖြစ်စေ။ အင်္ကျီဖြစ်စေ။ ဘောလုံးကဲ့သို့လုံးပြီးနောက် အထက်သို့မြှောက်လိုက် လက်နှင့်ဖမ်းလိုက်။ ခြေထောက်နှင့်ခတ်လိုက်နှင့်မောပမ်းလာသည့်အချိန်အထိ အတော်ကြာအောင် အချိန်ကို ဖြုန်းလေ့ ရှိလေသည်။ ကိုအောင်ဆန်းနှင့် တတန်းထည်းတွင် ''ဖိုးခက်'' ဆိုသော ကျောင်းသား တယောက်လည်းရှိသည်။ ဖိုးခက်ကား မည်သူနှင့်မှ အရောတဝင် ခင်မင် ပြောဆိုခြင်း မရှိ။ ဘာသိဘာသာ တယောက်တည်း နေတတ်သည့်အကျင့်စရိုက် ရှိလင့်ကစား၊ ကိုအောင်ဆန်းနှင့် တွေ့သည့်အခါမှာ မူ,သိက္ခာပျက်တော့သည်။ လုပ်စရာဟူ၍ ဘာမျှမရှိသည့် အချိန် အခါများ၌ စာပွဲစောင်းကို ဆိုင်းတီးလျက်ရှိနေသည့် ကိုအောင်ဆန်းအား ဇတ်ကနဲခေါင်းကို လက်နှင့် လှမ်းပုတ်လိုက်ပြီး ဇာခြေကြီးစွာနှင့် သူမဟုတ်သယောင် စာဘတ်ဟန်ပြု၍ နေတတ်လေသည်။

ကိုအောင်ဆန်းကား ဤသို့ပြုမူခြင်း ခံရသည့် အခါတိုင်း ဘုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ နောက်ခုံတွင်ထိုင်နေသော ဖိုးခက်ကိုသာ,ထထိုးလေ့ရှိသည်။ ထိုအခါတွင် ဖိုးခက်သည် မရယ် မပြုံး မျက်နှာထားနှင့်ပင်၊ ''ဟ-ဘာတုံးဟ၊ ဒီကောင်ရူးပြီထင်တယ်'' ဟူ၍သာပြောတတ်သည်။လက်သီးနှင့်ထိုးပြီး ကျေနပ်မှပြန်ထိုင်သွားသည့် ကိုအောင်ဆန်းအား ချက်ခြင်းဆိုသလို လှမ်းပုတ်လိုက်လေသည်။တဖန်အထိုးခံရပြန်သည်တွင်အထက်ပါအတိုင်း၊ ဖိုးခက်က မှတ်ချက် ချသည်၊ ဤနည်း အားဖြင့် ဖိုးခက်နှင့် ကိုအောင်ဆန်းတို့မှာကျောင်းတွင် အခြားကျောင်းသားများ၏ ဖျော်ဖြေစရာ ဇာတ်လိုက်နှစ်ဦး သဘွယ် ဖြစ်နေခဲ့လေသည်။ ကိုအောင်ဆန်းသည် နေ့စဉ်ဆောင်ရွက်လုပ်ကိုင်သမျှ ကိစ္စများအပြင် တွေ့ကြုံ ဖြစ်ပျက် သမျှတို့ကို သူ၏ဒိုင်ယာရီတွင် အင်္ဂလိပ်ဘာသာဖြင့် အရေးကျင့်ခဲ့လေသည်။

တညကား....သူ၏အစ်ကို ကိုအောင်သန်း (ယခုတိုင်းပြည်ပြုလွှတ်တော်။ မကွေးအရှေ့မြောက်ပိုင်းအမတ်) သည်၊ ကိုအောင်ဆန်း ရေးထားသည့် မှတ်တမ်းများကို သူ၏အင်္ဂလိပ်အဆင့်အတန်းမည်မျှတိုးတက်နေကြောင်း သိလိုသည့်အတိုင်း တရွက်ချင်း လှန်လှောဘတ်ကြည့်နေလေသည်။ တနေရာတွင် ( I sak my debt. ) ဟူသော စာပိုဒ်၏အဓိပ္ပါယ်ကိုနားမလည်သော ဆယ်တန်းသမားကိုအောင်သန်းမှာ၊ ကိုအောင်ဆန်းအား မေးရလေတော့သည်။ ကိုအောင်ဆန်းကား စာကိုကုန်း၍ကြည့်နေရာမှ ရယ်မောလိုက်ခါ ''အကြွေးဆပ်တာ ရေးတာပါကွာ''ဟု ရှင်းပြလေသည်။''ဟ-မင်းဥစ္စာကလဲ ဘယ်လိုရေးတာလဲ'' ''ဆပ်တာကို အင်္ဂလိပ်လို မသိတာနဲ့ ငါလဲ ဖြစ်သလို ရေးထားတာ''ဟု ကိုအောင်ဆန်းက ဆက်ပြောသည်။ ''ဟာ- မင်း သိပ်ရှော်တာဘဲ။ ဆပ်တယ် ဆိုတာ တိုက်ရိုက်မသိရင်ကြံဖန်သုံးစရာစကားရှားသလားကွ ( I pay my debt.)ဒါမှမဟုတ်လို့ရှိရင် ( I clear my debt. )ပေါ့။ မင်းသိပြီး စကားနဲ့ ကိုဘဲ, ထွင်ပြီး ရေးနိုင်တယ်။

N. P. W. — 191- 5, 10000

နော်ကာဒီလိုမလုပ်နဲ့''ဟု ကိုအောင်သန်းက သင်ပြသည်တွင် ကိုအောင်ဆန်းမှာကြိတ်၍ ရယ်မောနေတတ်လေသည်။

---

## အခန်း ( ၇ )

### ပျော်တတ်လို့ပါ။

ဟည့တွင် ကိုအောင်ဆန်းတို့နေထိုင်ရာ အိမ်၏အရှေ့မြောက်ဘက်တွင် ရေကန်ကြီးရှိလေသည်။ ၎င်း ရေကန်ကြီးထဲတွင် မြူနီစီပါယ်မှ အခွင့်တောင်းခါ-သူနှင့်သူငယ်ချင်းများသည် ဘောလုံးကစား လေ့ရှိကြသည်။ရေကန်ကြီးအရှေ့ဘက် တောင်ထိပ်ပေါ်ရှိ အိမ်တအိမ်တွင် ( ဘီ၊ အို၊ စီ ) ကုမ္ပဏီတွင် အလုပ်လုပ်နေကြသည့် ကုလားစာရေးများ စု၍ ငှားရမ်းနေထိုင်ကြလေသည်။ ၎င်းကုလားများမှာ လူပျို လူလွတ်တွေချည့် ဖြစ်နေသည်နှင့် အညီ တဦးနှင့်တဦး ရယ်ရောမောစရာများကို ပြောဆိုကာ တဟားဟားနှင့် ပျော်ပွဲဆင်နေကြသည်ကို ကောင်းစွာကြားနိုင်ပေသည်။ ထိုအတွင်း တယောက်က ကုလားသီချင်းတပုဒ်ကို အသံနေအသံထားနှင့် အော်ကာ ဆိုလိုက်သည်တွင် ကျောင်းသားမျှသာဖြစ်သော ကိုအောင်ဆန်းသည် အူသဲမှယားလာအောင် ပြောင်လှောင်လိုသည့်စိတ် ပြင်းပြလာဟန် ရှိသည်။ ကုလားစကားမတတ်ဘဲနဲ့ သံယောင်လိုက်ခါ ဆိုလိုက်သည်။တကယ့်သီချင်းတပုဒ်ကို ကုလားသံကဲ့သို့ ''ဟတပါ။ဟဘပါ''ဟု အော်လိုက်သည့်အခိုက်၊ အိမ်အပေါ်အခန်း၌ အိပ်ပျော်နေသော ၎င်း၏အစ်ကို ဦးဘဝင်း နိုးလာသည်နှင့် ကြုံကြိုက်သွားသဖြင့် ''ဒီကောင်ကလေးရူးနေသလား''ဟု လှမ်းကာ မာန်လိုက်မှ ရပ်တန့်သွားတော့သည်။သူ၏မလေ့ကား၊ တခါခါ အနားတွင် မည်သူ ရှိသည်ဖြစ်စေ။ မရှိသည်ဖြစ်စေ၊၎င်းလုပ်လိုသော အခြားကိစ္စရှိသမျှကို လွတ်လွတ် လပ်လပ် စိတ်ထင်တိုင်း လုပ်လေ့ရှိတတ်လေသည်။

ကိုအောင်ဆန်းမှာ ကျောင်းသားဘဝကပင်လျှင် တိုင်းပြည်အတွက် ကောင်းသောကိစ္စများကို စိတ်ဝင်စားခဲ့လေသည်။ တနေ့တွင် ဆုံတိုက်ရပ်ရှိ လယ်ပေါ်ကျောင်းတိုက်အတွင်း၌ ကျင်းပသည့် သမတ်ကြီး ဦးစိုးသိန်း၏ ပံသာန တရားပွဲသို့ သွားရောက်ကြားနာခဲ့သည်၊ သို့သွားခြင်းမှာလည်း သဘောကျ၍မဟုတ်ဘဲ နိုင်ငံနှင့် တိုင်းပြည်ရေးရာများကို နားလည်လိုသော ဆန္ဒဖြင့် သွားရောက်ခြင်းဖြစ်လေသည်။အိမ်သို့ပြန်ရောက်သည့်အခါတွင်- ကိုအောင်ဆန်းသည် ''စိုးသိန်း။ စိုးသိန်း။ စိုးသိန်းကို ဂျာနယ် တစောင်က ရေနံသယ့် သားလို့ ခေါ်တယ်။ ဒါပေမဲ့ ရေနံသည်ဆိုတဲ့ အလုပ်ဟာ သမ္မာအာဇီဝဖြစ်တယ်ဆိုတာ သူတို့ နားမလည်ဘူး''ဟု စာပွဲကို တူကလေးနှင့် ထုကာ, ထုကာ, ဦးစိုးသိန်း ဂိုက်မျိုးနှင့်လည်း ပြောဆို တတ်လေသည်။

ကိုအောင်ဆန်းသည်ကျန်းမာရေးအတွက်ဘောလုံးကစားခြင်းမှအပ၊အခြားကစားနည်းတွင် စိတ်ဝင် စားခြင်း မရှိ။ ဘော်လီ ဘော ကစား ခြင်းတွင် တခါ တရံ ပါဝင်

သော်လည်း၊ ဘတ် (စ) ကက်ဘော ကစားခြင်းကိုကားတခါမှမမြင်ဘူးပေ။ ကျောင်းသူမိန်းကလေးများနှင့် ပတ်သက်၍ ဆက်ဆံရာတွင် မည်သည့် အခါမဆို၊ ၎င်းသည်ခပ်တည်တည်နှင့် နေတတ်, ထိုင်တတ် လေသည်။ ကျောင်းနေဘက် မိန်းကလေး အချို့က၊ ကိုအောင်ဆန်းကိုတွေ့သည့်အခါတွင် ''ဒါ ဆရာ-ကိုဘဝင်း ညီ''ဟု အချင်းချင်းတီးတိုးစကား မကြား တကြား ပြောဆို မိတ်ဖွဲ့ လိုသည့် အနေနှင့် ''ရေလာ မြောင်းပေး'' စကား ပြောကြားသော်လည်း၊ ကိုအောင်ဆန်းကား၊ ၎င်းတို့အား ဖုတ်လေသည့် ငါးပိ၊ ရှိသည်ဟုပင်မထင်။ အငြာမဝင် ဂရုမစိုက်ခဲ့ပေ၊ကလေးသူငယ်များကိုပင် အရောဝင်ခြင်း, ချစ်ခင်ခြင်းမျက်နှာသာပေးခြင်းမရှိ၊အိမ်နီးနားချင်းကလေးများမှာသူ့ကိုမြင်လျှင်ထွက်ပြေးလေ့ ရှိတတ်ကြသည်။

ကိုအောင်ဆန်း၏ လေ့ကျင့်ခန်း စာအုပ်များကို ယူ၍ကြည့်လျှင်၊ ပန်းချီ ဝါသနာပါသူတယောက်ဟု မှတ်ယူလောက်အောင်ပင် စိတ်ကူးနှင့် ရေးဆွဲထားသည့် ဘီးဆံထုံးကြီးများကို ဆံမြိတ်ကွင်း ချလျက် မျက်စိမှိတ်နေသည်ဟု ထင်ရသော မိန်းမဦးခေါင်းပုံများကို အများ အပြား တွေ့ရ မည်ဖြစ်လေသည်။

ထိုစဉ်အခါက၊ ကဘိုကရိုလုပ်၍ ဘိနပ်မပါဘဲ လမ်းသွား လေ့ရှိကာ၊ လူ့လောကပေါင်း သင်း ဆက်ဆံ မှုတွင် ပျင်းကျ သော ကိုအောင်ဆန်း အား၊ မည်သူ က မျှ ဗမာပြည်၏ အမျိုးသား ခေါင်းဆောင်ကြီး တယောက် ဖြစ်လာလိမ့်မည်ဟု မမျှော်မှန်းခဲ့ကြပေ။ ထိုစဉ်က ထင်မြင်ချက်နှင့် မှတ်ချက်များကား ထင်မြင်ချက်နှင့် မှတ်ချက် များသာ ဖြစ်ခဲ့လျက်၊ ထိုထင်မြင်ချက် မှတ်ချက်များနှင့် ဆန့်ကျင်ဘက် ဖြစ်တတ်သော အကျိုးတရားတို့သည်သာ ဖြစ်ပေါ်ခဲ့လေသည်။စိတ်ပညာဆရာများ၏ အဆိုအားဖြင့်၊ ငယ်စဉ်က တစုံ တခု ကိစ္စကို လူကြီးများက စေခိုင်းသည့်အခါ၊ မဖြစ်မနေ လုပ်တတ်သည့် ကလေးများသည် လူကြီး, လူကျယ်များ ဖြစ်လာမည်ဆို၏။ သို့သော်ကျွန်ုပ်တို့၏ ကိုအောင်ဆန်းကား၊ ထမင်းပွဲတွင် ဟင်းဖတ်ကို ဇွန်းနှင့်ဆယ်၍ မရသည့် အတွက်၊ဇွန်းကို ချထားကာ အခြားဟင်းခွက်များကိုသာ နှိုက်ဆယ်၍ စားတတ်သည်များကိုသာ မကြာခဏကြုံကြိုက်ခဲ့၏။ ငယ်စဉ်က စိတ်နေ, စိတ်ထားကို ကြည့်၍ နောက်ပိုင်း အခြေ, အနေကို အကဲခတ်ခြင်းဖြင့် အခြား နေရာများတွင် တိကျမှန်ကန်မည် ဖြစ်သော်လည်း၊ကိုအောင်ဆန်း၏ အဘို့တွင်မူကား၊ အကဲခတ်ရန်, ခန့်မှန်းရန် လူတိုင်းအဘို့ ခဲယဉ်းခဲ့လေသည်။

---

## အခန်း ( ၈ )

### အပြော ကောင်း၍ ချီးမွမ်းခြင်း။

သီတင်းကျွတ် ကျောင်းပိတ်ရက်များနှင့်နွေရာသီ ကျောင်းပိတ်ရက်များ အတွင်း၌လည်း၊ ကိုအောင်ဆန်းမှာ အိပ်ကာ, စားကာ, လည်ပတ်ကာနှင့် ပေါ့ပေါ့, တန်တန်နေသိုင်မှုမျိုးဖြင့် အချိန်ဖြုန်းခွင့်ကို မရရှိခဲ့ပေ၊ အစ်ကိုဖြစ်သူ ဦးဘဝင်းနှင့် ကိုအောင်သန်း

တို့၏ ကြပ်မတ် ထိန်းသိမ်းမှု, သွန်သင်မှု များကြောင့် အင်္ဂလိပ်စာ အခြေခံ များသည် တိုးတက် လာလေ့ ရှိသည်။ စာဘတ်ခြင်း, စာစီ စာကုံး အရေး အသား လေ့ကျင့် ခြင်းဖြင့်သာ များသော အားဖြင့် အချိန်ကို ကုန်လွန်စေခဲ့ရကြောင်းနှင့် ပြောပြဘူးပေ သည်။ အစ်ကိုဖြစ်သူ ကိုအောင်သန်းကား ကိုအောင်ဆန်း၏ (ကျူတာ) ပင် ဖြစ်လေ သည်။ ကိုအောင်ဆန်းဘတ်ရန် စာအုပ်များကိုရွေးချယ်ရာတွင်၎င်း။ ကိုအောင်ဆန်း ရေး သည့် လေ့ကျင့်ခဏ်းများကို စစ်ဆေးပြင်ဆင်ရာတွင်၎င်း။ အစ်ကိုကြီး ဦးဘဝင်းကတာဝန် ပေးထားသည့် အတိုင်း လိုက်နာ ပြုလုပ် ခဲ့သည်။ တနေ့တွင် ကိုအောင်ဆန်း၏ အရေး အသားနှင့် ပတ်သက်၍၊ ချို့ယွင်း တိမ်းစောင်းမှု များကို အကြောင်းပြု၍၊ ကိုအောင်သန်းက (So poor amount of English.) ''မင်းအင်္ဂလိပ်စာ သိပ်ညံ့တယ်'' ဟု ဗိုလ်လို ကြိမ်းမောင်း ဘူးကြောင်း ကိုအောင်ဆန်းက ပြောပြကာ ရယ်မောဘူး လေသည်။

ကိုအောင်ဆန်း (၇) တန်းအောင်ပြီး လောက်သည့် အချိန်တွင်၊ ကိုအောင်သန်းမှာ ကောလိပ်သို့ရောက်ရှိခဲ့ပြီး၊ (အိုင် အေ) ပဌမနှစ်ကိုပင်အောင်မြင်ပြီးခဲ့ လေပြီ။ကျောင်းပိတ် ရက်များအတွင်း ညီအစ်ကိုချင်း တွေ့ဆုံခဲ့ကြရာ၊ ကောလိပ်ကျောင်းတွင် ပညာ သင်ကြား ရခြင်းဖြင့် တွေ့ကြုံ ခံစား ခဲ့ရသမျှ လေ့သံ ခပ်ကြွား,ကြွားနှင့် တဆင့် ဖေါက်သည်ချသည် များကို ကိုအောင်ဆန်းက ကျွန်ုပ်တို့အား လက်လီစိတ်၍ ပြောပြသည်ကား၊ ''သူတို့ ကောလိပ်မှာ (Debate) ရှိတာကိုကွ။ ကိုအောင်သန်းလဲ (Debating Society) စကား အခြေ, အတင်, ပြောတဲ့ အဖွဲ့မှာပါတော့ အင်္ဂလိပ်စာ သိပ်တိုးနေတာပေါ့။သူ- (Debate) မှာ ပြောခဲ့တဲ့ပုံ ပြောပြတာ ပါကွာ။ ....ဖရူး....ဖရူး....ဖရူးနဲ့ နေတာဘဲ။ ငါတော့ ဘာတွေမှန်းလဲ မသိဘူး'' ဟူ၍လည်း ဖြစ်လေ၏။ ၎င်း၏အစ်ကို ဦးဘဝင်းမှာ ကိုအောင်ဆန်းအား မည်သည့် အခါမှ၊ ပေါ့ပေါ့, တန်တန် နေမှု လည်ပတ် သွားလာမှု များကို မရှိစေရဘဲ၊ စာပေဘက်တွင် လူတော်တဦး ဖြစ်လာစေရန် ကြိုးပမ်းလျက် ရှိခဲ့သည်။ စာပေ ကြိုးစားသည်နှင့် အမျှ ကျန်းမာရေးတွင် ထိခိုက်နေမည်စိုး၍ ကျောင်း တောင်ဘက်ရှိ ကလပ် တခုတွင် နံနက် တင်းနစ် ရိုက်ရန် စီစဉ် ပေးခဲ့၏။ ခုနစ်တန်း စာမေးပွဲပြီးစ- တန်းတက်စ ဖြစ်သော၊ ကိုအောင်ဆန်းအား နံနက် တိုင်းတွင် 'တင်းနစ်' ရက်ကက်ကို ဂျိုင်းတွင်ညှပ်လျက်၊ထိုကလပ်ဆီသို့ ထွက်သွားလေ့ရှိသော်လည်း၊အထက် တန်းကျောင်းသားပီပီ, စတိုင်မများ, ရှပ်အင်္ကျီလက်ပင့်လျက်၊ ချိုလုံချည် နှင့်ပင် သွားလေ့ သွားထရှိသည်။ ကစားသည့် အခါတွင်လည်း အဝတ် ဘိနပ်ကို မသုံး၊ ဘိနပ် မပါ၊ ခြေထောက် ဗလာနှင့်ပင် ကစားလေ့ရှိသည်။ နဂိုရ်နေ အားဖြင့်လည်း ဖေါက်ပြန်ခြင်း မရှိ။ အစ်ကို ဖြစ်သူကလည်း လွှတ်မထား။ ဦးဘဝင်းမှာ ယခင် နေရှင်နယ် ကျောင်း ဆရာကြီး ကွယ်လွန်သူ ဦးအေးမောင်၏ ဇနီးအိမ်တွင်၊ သားနှင့် သမီးများကို သင်ပြ ပေးရန်ညတိုင်းသွားရောက်အိပ်ရရာ၊ကိုအောင်ဆန်းအား၎င်းနှင့်အတူခေါ်သွားလေ့ရှိ၏။ ကိုအောင်ဆန်းအား အိပ်ရေးပျက်သည့် တိုင်အောင် စာကို အလွန်အကျွံ ကြည့်ခွင့်မပြု။ အိပ်ဆိုလျှင် အိပ်ရသည်။ ကိုအောင်ဆန်းသည် ရေနံချောင်းကျောင်း၌ နေစဉ်အခါက

ကျောင်းသားသမဂ္ဂတွင် အမှုဆောင်တယောက် ဖြစ်ခဲ့လေသည်။ ၎င်းသည် စကားအချေအတင် ပြောပွဲများတွင်လည်း ပါဝင်ပြောဆိုလေ့ရှိသည်။ တခါကား၊ တောမှာ နေထိုင်ရခြင်းသည် မြို့မှာ နေထိုင်ရခြင်းထက် သာလွန် ကောင်းမွန်သည် ဟူသော ပြဿနာကို ရွေးချယ်လိုက်ခါ-စကား အချေအတင်ပြောပွဲတခုကို ကျင်းပခဲ့လေသည်။ ထိုစကားအချေအတင်ပြောပွဲတခုတွင် သူ့အား ခေါင်းဆောင်ပြောကြားသူ အဖြစ်ဖြင့် ထည့်သွင်းထားခဲ့သည်ကိုတွေ့ရသည်။ ကိုအောင်ဆန်း စကားပြောရန် စလျှင်စခြင်း ရှုတည်တည်နှင့် ပြောကြားသည်မှာ ''တောက မြို့ထက်သာတယ်ဆိုတဲ့ အကြောင်းကတော့ အထူးပြောစရာလိုမယ်တောင်မထင်ပါဘူး။ ယခု ပြောရမဲ့ (Subject.) ကိုက ဒီ (Board.) မှာရေးထားတဲ့အတိုင်း တောမှာ နေထိုင်ရခြင်းသည် မြို့မှာ နေထိုင် ရခြင်းထက် သာလွန်ကောင်းမွန်သည် လို့ ဆိုထားပါတယ်။ ဒါတွင် ထင်ရှားနေပါတယ်။'' သူပြောသည့်အခါတွင် ညာဘက်တွင် စာရွက်များနှင့် ဘယ်ဘက်ကား ကျောက်သင်ပုန်းကြီး ဆီသို့ညွှန်လျက် မျက်နှာကား အသားမသေ အချိုးမကျ ရှက်သွေးရောင်ဖြန်းလျက်။ ပြောရင်းပြောရင်းနှင့် အားကြွလာကာ ပြောဆိုသည့်စကား အချက် အလက်များမှာ ပို၍ စိတ်ဝင်စားဘွယ် နိုင်လုံသည့် ရာဇဝင်အကိုးအကားတို့ဖြင့် တန်ဆာဆင်လျက် ရှိပေသည်။ စကားအသုံးအနှုန်း ယဉ်ကျေးထယ်ဝါခြင်းကို ပမါနမပြု။ ပြောလိုသည့် အဓိပ္ပါယ်ပေါ်လွင်အောင်သာလျှင် ဒိုးဒိုးဒေါက်ဒေါက် ပြောဆိုခဲ့လျက် ကိုယ်ဟန် အမူအရာ မျက်နှာပေးကို ကြည့်ခြင်းအားဖြင့် နံမည်ကောင်းရလိုစိတ်။ အသားယူလိုစိတ်မျိုးနှင့် ကင်းဝေးကာ ရှိသမျှသော စိတ်အာရုံကို မိမိပြောဆိုသည့် စကားတွင်သာ လုံးဝ သွတ်သွင်းအသုံးပြုထားသည်ကို ထင်ရှားစွာ သိမြင်နိုင်ပေသည်၊ တခါတရံ ပြောသားကျသူ တယောက်မဟုတ်သေးသည့်အတွက် ရှေ့လာကြီးပြီး ထစ်ငေါ့သွားသည့်အခါ ရယ်မောခြင်းခံရသည်။ သို့ရယ်မောခြင်း ခံရသည့်တိုင်အောင် ရှက်သွေးဖြန်းခြင်း၊ ယောင်မှားခြင်း မရှိ။ ရှေ့ကိုသာ အစဉ်တစိုက် ဆက်လက်ပြောဆို သွားတတ်လေကြသည်။ ဝတ်ကြေဝတ်ကုန်မျှသာ သဘောထားကို ကြားကောင်းရုံမျှ ပြောဆိုခြင်းမဟုတ်။ မိမိ၏ (Conviction.) ကို ယုံကြည်စိတ်ရှိသည်ကိုသာ ပြောခဲ့သည့်အလျောက် ကြားရသူတိုင်း ဤသို့ဘာထစ်ချယူဆကြလေသည်။ ကိုအောင်ဆန်းသည်ကား တောသားပီပီ တောသားတွေကို အညွှန့်တင်လိုက်ရကား ဤမြန်မာပြည်တခွင် ရာဇဝင် အဆက်ဆက်တွင်၊ ပေါ်လွင်ထင်ရှားသည့် ရဟန်းပညာရှိ လူပညာရှိ ကဝိ သုခမိန်တို့မှာ တောဘော ကျေးလက်မှသာ ထွန်းကား ပေါ်ပေါက်၍ ရပ်ကြီးပြည်မ ရာဇဌာနီ မင်းနေပြည်စသော မြို့ကြီး ပြကြီးများမှ ယေဘုယျအားဖြင့် လူနုပ် လူပါး၊ ပျော်သမားဟု ဆိုအပ်သော ညာဏအဗလ သမားများနဲ့သာ ထွန်းကား ပေါ်ပေါက်တတ်ကြောင်း။ ၎င်းပြင် အင်္ဂလိပ်ရာဇဝင်များနှင့် (Industrial Revolution.) အကြောင်းကို ထည့်သွင်း ပြောဆိုရာတွင် မီးရထားကို စတင်တည်ထွင်သူ (ဂျော့စတီဗင်ဆင်) သဘော်စတွင်သူ (ဂျိမ်းဝပ်) စသော ပုဂ္ဂိုလ်ပေါင်းမြောက်မြားစွာနှင့် နိုင်ငံ ခေါင်းဆောင်ကြီးများ ဖြစ်ကြသော (ဒေါက်တာမာဒင်) (အီဘရာဟင်လင်ကွန်း)' စသော သူများသည် တောသားများထဲမှသာ ပေါ်ပေါက် ခဲ့ကြောင်း။

ငင်း ပုဂ္ဂိုလ် အကျော် အမော် တွေမှာ မြို့သားတွေမဟုတ်။ တောသားတွေသာ ဖြစ်ကြောင်း ကမ္ဘာကြီးတခုလုံး ယခုတိုးတက်ရေးအတွက် ကြိုးစားခဲ့ကြရာတွင် တောသားတွေမပါဘဲ မြို့သားချည်းသာဆိုရင် တိုးတက်ရေးနှင့် (အ-ဝေး-ကြီး) ဟု ဘယ်လက်ကို အထက်သို့တအား မြှောက်ကာ ဟစ်အော်လိုက်သည်။ ထိုစကားအချေအတင်ပြောပွဲပြီးသည်နှင့်တပြိုင်နက် ကိုအောင်ဆန်းအားငင်း၏ကျောင်းနေဘက်များက ဝိုင်းဝန်းချီးကျူးကြသည်ကို တွေ့မြင် ခဲ့ရသည်။ ဤကဲ့သို့ချီးမွမ်းသည့် အခါတွင်လည်း သူ့မှာ သွေးကြွမြောက်တက်ခြင်း မရှိ။ မိမိကိုယ်ကို အထင်ကြီးခြင်း ကင်းလျက် ဘာမှပြန်မပြောဘဲ၊ ငင်းသွားလိုရာသို့ ဇွတ်တိုး၍၊ သူငယ်ချင်း အပေါင်း, အဖေါ်, များကိုမှ နှုတ်မဆက်ဘဲ ထွက်သွားတတ်လေသည်။

ဆယ်တန်းတွင် သင်ကြားဆဲ စကား အချေ, အတင် ပြောပွဲ များတွင် အသံလေထား လေယူ ဟန်အမူအရာတို့မှာ ဒီအတိုင်းပင် ဖြစ်လေသည်။ ဆရာကြီး ဦးကျော်ဇံသည်၊ (Eloquent) ဟူသော စကား အဓိပ္ပါယ်ကို တိုက်ရိုက် သင်ကြားခြင်း မပြုဘဲ၊ (Eloqent Speaker) ဆိုရင် ဘယ်လို အဓိပ္ပါယ် ပေါက်မည်လဲဟု ဆယ်တန်း ကျောင်းသား များအား မေးသော်လည်း၊ မည်သူ တဦး, တယောက်မျှ မဖြေနိုင်ဘဲ ရှိနေရာမှ (Eloquuent Speaker) အဓိပ္ပါယ် မင်းတို့ မသိဘူးလား။ ဒီလိုပြောတတ်တဲ့လူ မင်းတို့ အတန်းထဲမှာကို ရှိနေတယ်ကွာဟု ထပ်မံ ပြောသည်တွင်၊ ကိုအောင်ဆန်းကို ဆိုလိုကြောင်းကို ရိပ်မိခဲ့ ကြလေသည်။ ဤနည်းအားဖြင့် ကိုအောင်ဆန်းသည်၊ ဤအခါကတည်းက မည်သည့် ကိစ္စတွင် မဆို လုပ်ကိုင်သည်နှင့် တပြိုင်နက်၊ အများက ချီးမွမ်းလာရသည့်တိုင်အောင် မဟုတ်မနေ ကြိုးစားတတ်သော ဇွဲရှိခဲ့လေသည်၊ ဆယ်တန်းတွင် နေစဉ်က၊ လူငယ်ပိုင်းဟွင် ထားရှိအပ်သော ကာယဉာဏ အင်အား ယုတ်လျော့စေတတ်သည့် အကျင့်ဆိုးကြီး ဖြစ်သော ဆေးလိပ်သောက်ခြင်း အပြစ်ကို အံ့ဩဖွယ်ရာနှင့် ဖြတ်တောက်ပစ်လိုက်လေသည်။

ဤအကြောင်းကို ကြည့်ခြင်း အားဖြင့်၊ ကိုအောင်ဆန်းသည် သူ၏ စိတ်ကိုနိုင်နင်း အောင်မြင်နေကြောင်း သိသာနိုင်ပေသည်။

---

## အခန်း ( ၉ )

## ကောလိပ်ကျောင်းသား - ကိုအောင်ဆန်း။

၁၉၃၂ -ခုနှစ်၊ ဇွန်လ အလယ်ကား ရာဇဌာနီ မင်းနေပြည် ဖြစ်သော ရန်ကုန်မြို့တော်ကြီး၏မြို့ထိပ်ဗဟို တက္ကသိုလ်ကျောင်းတိုက်ကြီးတခုလုံးပူပြင်းသော နွေဥတုမှဝဿန်ခါဦး မင်းလွင်မြူး၍ မိုဃ်းဖူး,မိုဃ်းပွင့် ကလေးတို့၏ အငွေ့အသက် ပက်ဖြန်းခြင်း အပြုခံရသည်နှင့် လန်းဆန်းဝေဆာ အသက်ဝင်၍ လာချိန် ဖြစ်လေသည်။ တက္ကသိုလ်ကျောင်းတော်သား အဟောင်း,အသစ်တို့သည် တဖွဲဖွဲနှင့် မစဲသော မိုဃ်းနှင့် အညီ၊ အစီ, အရီ

ရောက်လျက် ရှိကြ၏။ မိတ်ဟောင်း ဆွေသစ်၊ တွေ့သည့် အဖြစ်ကား။ ဂိမာန်လွှန်ကျူး ဝဿန်ကူး၍၊ ရှင်မြူးသောဟန်-စာ, စာ ညံ့လျက်၊ ကျေးငှက် သာရကာ၊ မာဂဓာနှော။ ဘာသာရောယှက်- နှုတ်ဆက်သံနှင့် အတူ၊ အူအူ, သောင်းသောင်း၊ ထွေးပေါင်း ဆူညံ့ လျက် ရှိတော့၏။ ကျောင်းတော်တဝိုက်-မြေစိုက်သစ်ပင်၊မြက်ခင်းပြင် ဟူသည် တို့လည်း မြရည်လိမ်းသကဲ့သို့ စိမ်းလွဲ့လွဲ့ လူးလျက် ရှိတော့၏။မိုးဆီးပွင့်မိုးဆီးပေါက်တို့ သည်လည်း တဖြောက်ဖြောက်, တဖွဲဖွဲ၊ ပုလဲ ဥပမာ မြက်လက်,မြက်ခက်တို့ အပေါ်ဝယ်၊ ညှုလျက် ခလျက် တွဲရွဲခိုလျက် ရှိကြသတည်း။

ထိုမျှသာတောင့်သာယာဝေဆာလန်းဆန်းသည့်တက္ကသိုလ်နန်းဝယ်၊အသွယ်သွယ် သော ကျောင်းဆောင်များ ဖြစ်သည့် စစ်ကိုင်း-ပင်းယ-အင်းဝ -သထုံ-ပဲခူး စသည်တို့မှာ ကား၊ တင့်တယ်ခမ်းနားသော ကျောင်းဆောင်သစ်များ ပေတည်း။ သို့ ရာဇဝင်ထင်ရှား ထီးစိုက်နန်းစိုက် မြို့တော်များ၏ အမည်ကို မှည့်ခေါ်သုံးစွဲခဲ့ရကား မွန်လေးတိုင်းတို့တွင် တလိုင်းမင်း ရာဇာဓိရာဇ်ဘုရင် ထီးနန်းစိုက်ထူ မင်းမူခဲ့သော ဟံသာဝတီ, ပဲခူးမြို့တော် အမည်ခံ ပဲခူးကျောင်းဆောင်ကား အခြားသောကျောင်းဆောင်တို့ထက် ထူးခြားချက်ဖြင့် ပြည့်စုံလေ၏ ဟု မဆိုသာပေ။ သို့သော်....

ပဲခူးကျောင်းဆောင်ကြီးသည်ကား၊ လူပေါင်း (၁၃၀) မျှနေထိုင်ရာ အဆောက် အဦးကြီး ဖြစ်၏။ ကျောင်းသားသစ်ဦးရေထက် နှစ်ဆမျှများပြားသော ကျောင်းသား ဟောင်းတို့ကားနေရာတကာတွင်လူဟောင်းပြီပြီအထက်ကသာနေကြစမြဲဖြစ်သော်လည်း ၎င်းတို့အနက် လူတယောက်ကား အဖြူစင်း ပိတ်ချောပေါ်တွင် အနက်စက် ကွက်ထင် နေသည့်အလား ထူးခြားစွာတွေ့မြင်ရ၏။

ထိုသူသည် အရပ်မနိမ့်မမြင့် ကိုယ်လုံးကိုယ်ပေါက် ပိန်ပိန်ပါးပါး အသား မဖြူမညို နဂိုရ်ကပင် မျက်နှာပေါက်ဆိုးဆိုး ရှုသိုးသိုး ခေါင်းမွေးစုတ်ဖွားနှင့်တွေ့ရ၏။ ထိုသူသည် ပါးရိုး နားရိုး ပေါ်အောင် အံ့ကိုကြိတ်လျက် ခေါင်းငိုက်စိုက်နှင့် လမ်းလျှောက်တတ်၏။ ဖါးလျားကျသော ပင်နီအင်္ကျီ၊ ခြေသလုံးပေါ် ဘန်ကောက် တပတ်ရစ်လုံချီ၊ ဘုံဘိုင်ရေ ဘိနပ်တို့ကို ဝတ်စားဆင်ယင်လျက် လက်တွင် အိမ်တော်ရာ ထီးတချောင်းကို၊ နေပူ မိုးရွာမရှောင် အမြဲတမ်း ဆောင်းသည်ကို နေ့စဉ်နှင့်အမျှ တွေ့ရ၏။ ထို သူသည် စကားနည်းပုံကြောင့် ထုံပေပေထင်ရ၏။ အတွေးနယ်ချဲ့သူတဦး၏ အသွင်ဆောင်၏။ အဝတ်အစားကို ဂရုစိုက်ပုံမရ။ အမြဲတစေ စဉ်းစား နေသည်ကိုသာ တွေ့ရတတ်၏။ တစုံတရာကို- ကျေနပ်နှစ်သိမ့်ခြင်းငှါ မဖွမ်းနိုင်သည့်အမှုအရာကို ဆောင်သည်။ ထိုသူ သည် အကြွားအဝါ ပကာသန တို့ဖြင့် ပြည့်နှက်လျက်ရှိသော လူ့ဘုံအလယ်တွင် မဖွယ် မရာရောက်ရှိနေဘိသည့်အလား၊ ထင်များထင်ရ၏။

ကြော့ကြော့ မော့မော့ ဆံပင်ကို ကော့အောင်ဖြီး။ ဟော်လံဒိယာ ပင်းမင်းပြန် ပိုး သက္ကလပ် အင်္ကျီ ကြွေပြောင်တိုက် ကော်လာနှင့် ရှပ် ရှမ်းရှမ်း မြည်သည့် ရွှေတောင် မန္တလေး ပိုးလုံချီ မှန်ကဲ့သို့ ဖိတ်ဖိတ်တောက် လက်ပြောင်နေသည့် ရှူးဘိနပ် အပြင် မျက်နှာတွင်အလှရည် တဖုံ နံ့သာ အမျိုးစုံ ချယ်လှယ်ကာ တသသနှင့် နေသည့်အလုပ်

မှအပ အခြားသော လောကကြီးတခုလုံး မေ့ပျောက်ခြင်းဖြင့် ဖုံးလွှမ်းနေသည့် ကောလိပ် ကျောင်းသားများ၏ ခေတ်ဝယ်- ခေတ်နှင့် မလိုက်လိုသူသည် လောက အပြင်ဘက်သို့ ရောက်နေပေ၍လော။ သို့မဟုတ် လောကဓါတ်ကြီး၏ သာယာခြင်းအလင်းရောင်ပင်လျှင် သူ့အား မဖေါက်ထွင်း မချဉ်းကပ်နိုင်ခြင်း ပေလော။

လူ၏စိတ်သည် လူ၏မျက်နှာ၌ ထင်ရှားစေ၏၊ လူ၏ စိတ်အတိုင်း အနေ, အထိုင်, အမူ,အရာကို ဖန်တီးစေ၏။ ကြည်လင်ခြင်းမရှိ ပကတိ ဟန်,ပန် ကင်းမဲ့သော ထိုသူ၏ အခန်းသည်ကား အခြားသော အခန်းများနှင့် လားလားမျှမတူ။ တမူခြားနားလျက် တွေ့ ရ၏။ အမှောင်နှင့် အလင်းကဲ့သို့ ကွာခြား၏။ အဆင် အပြင်မရှိ။ အလှအပ နားမလည်၊ ပကာသန နတ္ထိ။ မသေမသပ်သည့် အခြင်းအရာအပေါင်းနှင့် ပြည့်စုံသော ထိုသူ၏အခန်း မှာ၊စိတ်မနှံ့သူအဘို့ရှုံးစေနိုင်၏။ အမြင်အားဖြင့်ထိုအခန်းသည်၊ထိုသူ၏စိတ်ကိုထုတ်ဖေါ် ပြသလျက်ရှိ၏။

ဆယ်ပေပတ်လည် တုံးဖြူသုတ် အခန်းဒေါင့်တွင်၊ တောင်ဘက် ခေါင်းဆိုက်သော ကုတင်ပေါ်တွင်၊ ထိုသူသည် ခြေတွဲလွဲချကာ ဘေးစောင်း ထိုင်နေ၏။ သူ၏ မျက်နှာမှာ သုန်မှုန်မြဲ သုန်မှုန်လျက်ပင်။ ကုတင်ပေါ်ရှိ အိပ်ရာကို ကြည့်ခြင်း အားဖြင့်၊ ကျောင်းဖွင့်စ ရောက်ကတည်းက ဖြန့်ခင်းထားသော အိပ်ရာ ဖြစ်သည်ကို တပ်အပ်သိသာ၏။

အခန်း ခေါင်းရင်းဘပ်လျက် ဘီရိုမှာမူ၊ မိမိကျရောက်သော တာဝန် အမှုတော်ကို မထမ်းရသည့် အသွင်မှ၊ ဗလာဟင်းလင်း၊ အရှက်ကင်း သလို၊ အလျဉ်းဘာမှ ထည့်သို ထားခြင်း မတွေ့ရ။ အဝတ်, အစား သေတ္တာနှင့် တူသော သံသေတ္တာအနက် တလုံး သာလျှင်၊ ကုတင်ခြေရင်း မကျတကျတွင် အဆွဲအရမ်း မကြာခဏ ခံထားရသည့် အလား၊ နေထား တကျ မရှိဘဲတွေ့ရ၏။ အခန်းလယ် ဗဟိုချက်တွင် စာအုပ်ထည့်သည့် ထင်းရှူး သေတ္တာမှာ ကျောင်းဖွင့်၍ ပြန်ရောက်စကတည်းက၊ ကူလီထမ်းဝါလား ချပေးထားသွားသည့် နေရာက တလက်မ,မရွေ့။ အခြေတကျနေရာရွေး၍ ပန္နက်သဲ ချထားသည့်ပမာ တွေ့ရ၏၊ စာအုပ် သေတ္တာ တွင်းမှ စာအုပ်များမှာ ခြံတောင်ပို့ပမာ တအုပ်ပြီး တအုပ် ထုတ်၍ စာအုပ် သေတ္တာပေါ်မှာပင် တင်ကာ, ပစ်ကာ, ထားပုံရ၏။ စာအုပ်တို့မှာ တအုပ်ပေါ် တအုပ်။ စီစီ,ရီရီ မရှိ။ ဟိုစောင်း ဒီရွဲ့နှင့် ထပ်လျက်သာရှိ၏။ စာအုပ်ပုံထိပ်၌မူ၊ ညတိုင်း ၁၁-နာရီ ဓါတ်မီး ငြိမ်းသတ်ပြီး သည့်နောက်၊ စာဘတ်ခြင်း ပြုသည်လား မဆိုနိုင်။ ဖယောင်းတိုင် ထွန်းရာများ တွေ့ရ၏။ ဖယောင်းတိုင်ထွန်းပုံမှာ အောက်ခံခွက်စသည်တို့ မတွေ့ရ။ စာအုပ်ပေါ်တွင် ကင်ထွန်းခြင်း ထင်ရှားစွာ တွေ့မြင်ရ၏။

ခေါင်းရင်းနားရှိ ဘီရိုပေါ်မှာလည်း ဖယောင်း စက်များ ယိုစီး ကျထားသည့် ဖယောင်းတန်းများ မြင်ရ၏။ သို့အတူ စာအုပ်သေတ္တာ တခုလုံး ထိပ်ဆုံး စာအုပ်ပေါ်မှ ဖယောင်းရည်များ စီးကျသည်မှာ ရွှံ့မိုးတောင်မှပွက်၍, ချော်များထွက်ကာ တောင်ဘေး ပတ်လည်သို့ စီးဖြာထားသည့် အတိုင်း နှင်နှင် တွေ့မြင်ရသောဟူ၏။

ထိုအခန်းရှင်ကား ကုဘင်ဘေးတိုက် ထိုင်ကာ၊ ခေါင်းငုံ့၍သာ စဉ်းစားခြင်း ပြုမူ နေ့ဟန်။ လက်နှစ်ဘက်ကို တင်းကြပ်စွာဆုပ်လျက်၊ ဒူးပေါ်တွင် တထောင်တင်ထား

သည်ကို တွေ့မြင်ရ၏။ ထိုသူသည် ဘာကို တွေးတော ငေးမော တွေဝေ နေဘိသနည်း။ လောကကြီးသည် သူ့အတွက် အဘယ် နေရာ၌ အဆင်မပြေရှိနည်း။ လောကကြီးကို ငြီးငွေ့ဟန်ညှိုးနွမ်းခွေယိုင်မှိုင်တွေခြင်းမျိုးလည်းမဟုတ် မိဘ်ခက်ထန်လျက် အကြံကြီးနေပုံ, အားမရပုံ, မကျေနပ်ပုံကိုသာ ပြ၏။ ပြင်းပြသော စိတ်သည် လူ၏ အရာခပ်သိမ်းကို ဖုံးလွှမ်းထားလေ၏။ ထိုသူသည် ထိုင်နေရင်း တွေးတောရင်းပင် ဆေးပေါ့လိပ်ကို တဖွားဖွား ဖွာပြန်၏။ ပင်နီအင်္ကျီ၊ ဘုံဘိုင်ရေဘိနပ်၊ အိမ်ထောင်ရာထီး၊ ယခု ဆေးပေါ့လိပ် သူများလို အလှအပ ချယ်လှယ်စရာ မရှိ။ ပကာသနကို အန္တိုတိုက် နေသူကား၊ အဘယ် သူမျိုးဖြစ်နိုင်ပါမည်နည်း။ အိပ်ယာဆိုလျှင် ခေါင်းအုံးနှင့် စောင် မွေ့ရာနှင့်ပြီးစတမ်း နေပုံရ၏။ အခါခပ်သိမ်း ဖရိုးဖရဲ ခေါင်းစုတ်ဖွား နေခြင်းဖြင့် အလှအပ မကြိုက် စိုက်လိုက် မတ်တတ် နေကြောင်း ထင်ရှား၏။ စားပွဲပေါ်၌ရင်း, စာအုပ်သေတ္တာ ပေါ်၌ရင်း၊ တွေ့မြင်ရသော စာအုပ်များမှာ အလျှပွဲတွင် ပန်းပေါက်ပေါက် ကြဲထားဘိသည်နှင့် မခြားဘဲ ပြန့်ကြဲပွလျက်ရှိတော့၏။ ဖယောင်းစက် များကား နေရာတကာတိုင်းလိုလိုပင်။ ထိုသူသည် အခန်းကို ပြန်ကြည့်ပုံ မရ။ အခန်းအောင်းချိန် နည်းပုံ ရ၏၊ စာအုပ်တွေကိုသာ မရပ်မနား ဘတ်နေပြီး တစုံတရာ လေ့လာကြံစည်နေခြင်းသာ ဖြစ်ရပေမည်။ သူ့အခန်းထဲတွင်တွေ့ရသော စာအုပ်များမှာ (ဆိုကရေးတီးစ်)၏ လူမှု ပဋိညာဉ်ကျမ်းနှင့် (ပလေတိုး)၏ (နိုင်ငံရေးအဘိဓမ္မာကျမ်း) ထို့ပြင် (ကားလ်မတ်စ်)၏ စာပေတို့သာ များလေသည်။

ထိုသူကား။ နေ့စဉ်နှင့်အမျှ မူမပြောင်း၊ နံနက်မိုးလင်းကစ၍ ညဉ့်အိပ်သည့်အချိန်ထိ မျက်နှာမှာ မှုန်တေတေထားရာမှ၊ တရွေးသားလျော့တာမမြင်ရ။ အမြဲ ခေါင်းငိုက်စိုက် နဲ့သာ မြင်ရ၏။ ကျောင်းဝိုင်းထဲတွင်မူ၊ ထိုသူသည် ချည်ကြမ်းပုဆိုးနှင့် ဘလေဇာကွတ် အင်္ကျီအစိမ်းရောင် ခပ်နွမ်းနွမ်းကို အမြဲအချမ်း ခံနိုင်ရုံ ဝတ်ဆင်လေ့ ရှိ၏။ တခါတရံ လည်ပတ်ကြီးကို ကပိုကရိုပတ်လေ့ရှိ၏။ သူသည် ဘလေဇာအစိမ်းကို နံနက်တိုင်း ခါးမှ ချွတ်သည်မရှိချေ။ သူ့ကိုကြည့်ရသည်မှာ အဝတ်အစား သားနားတင့်တယ် ဝင့်ထယ် မှုကို ဂရုမထား။ အရေးစိုက်ပုံမို ဖြည်းမျှမပေါ်ချေ။ ဖြစ်ကတတ်ဆန်း ဝတ်ဆင် တတ်သူ တဦးဟု မှတ်ချက်ချလျှင် မှားမည်မထင်ချေ။ သို့ နေ့စဉ်နေ့တိုင်း ကျောင်းတက် ကျောင်း ဆင်း၊ ထမင်းစားအသွားအပြန် မြင်နေရစေကာမူ၊ သူနှင့်သိကျွမ်းဘို့ အခွင့်အလမ်းမှာ မပွင့်ခဲ့။ အံ့ဩလျက်သာ အချိန်ကုန်ခဲ့ရာ၊ တလကျော် နှစ်လမျှကြာရှိခဲ့လေ၏။

---

## အခဏ်း။ (၁၀)

## ထိုခေတ်က-တက္ကသိုလ်။

တက္ကသိုလ်ကျောင်းကြီးမှာ ဗမာပြည်တဝှမ်းလုံးရှိ မြို့အသီးသီးမှ ကျောင်းသား ပေါင်းစုံ တွေ့ဆုံ စည်းဝေးရာဌာနကြီးဖြစ်ရကား- ကျောင်းတိုက်တွင် အသင်း အမျိုးမျိုး ဘာသာ ဘာဝ ဌာန အရပ်အလိုက်ရင်း။ မြို့အလိုက် စရိုက်အလိုက်ရင်း။ နေ့ကျောင်း သား၊ ကျောင်းအိပ်ကျောင်းစားဟူ၍ရင်း၊ ကျောင်းဆောင် အလိုက်ရင်း။ ကစားနည်း

N.P.W. — 191-6, 10000

အလိုက်ဝင်း၊ အသင်းအမျိုးစုံ ရှိကြ၏။ ကော်မီတီများမှာလည်း။စားရေး, သောက်ရေး, ကော်မီတီ။ကျောင်းဆောင်သဟာယကော်မီတီ၊ကျောင်းသားသမဂ္ဂကော်မီတီစသည်ဖြင့် အသီးအသီးဖွဲ့စည်းထားကြ၏။

ဘုမသိ - ဘမသိ လူဟောင်းများ သွေးညှိရာ ခေါင်းငြိမ့် နေရသော လူသစ်ကျောင်းသားများ အဘို့ကား၊ ဟိုအသင်းကလာ၍ အသင်းဝင်ခိုင်းလည်း မဝင်လျှင် ဝိုင်းပယ်ခြင်းခံရမလား။ လူလူချင်းကြည့်ခြင်းကိုပင် ခံရမလားနှင့် ယုံမှားဒွိဟသံသယဖြစ်၍ 'ဟုတ်ကဲ့- ဝင်ပါ့မယ်'' ဟူ၍သာ- လာသမျှ အသင်းကို မငြင်းမပြု စုဝင်ရလေရာ၊ အသင်းပေါင်း မည်မျှ၏ အသင်းသား ဖြစ်မှန်းကိုပင် မတွက် နိုင်တော့ချေ။ အသင်းဝင်ကြေး ကောက်ခံသည့် အခါကျမှသာ အိမ်မှမိဘက ပေးလိုက်သောမုန့်ဘိုးမှာ တပြားတချပ်မှမကျန်။ စာအုပ်ဘိုးထဲကပါ ပါသွားသည်ကို တွေ့ရတော့၏၊ မဝင်လျှင် ဘယ်လိုအဖြစ်မျိုးဖြစ်မည်ကို မတွေးတောတတ်ခြင်းကြောင့်၊ (ဘုမသိ–ဘမသိ) လူဟောင်းများ လှည့်စားသည်နှင့်မခြား၊ ဆွဲဆောင် သိမ်းသွင်းခြင်းကို အကဲမခတ်တတ်သူ လူသစ်တို့မှာ ကျောင်းဖွင့် မည်မှ မကြာသေးမီပင်။ ဘိုင်ကျသော ဘဝသို့ ဆိုက်ရလေ၏။ အိမ်ကိုလဲ မိဘများထံ အကြောင်းပြ မကောင်းသဖြင့် မတောင်းချင် ဖြစ်နေကြရ၏။ ဤသို့လာသမျှ အသင်း ခြေစုံပြစ်ခါ ဝင်မိ၍''ဘကြိုင်''ဖြစ်နေ ကြသော လူသစ် တို့မှာ၊ အသင်းအဖွဲ့ အစည်း, ကော်မီတီ ရွေးကောက်ပွဲ များတွင် မည်သူ, မည်ဝါအား မဲဆန္ဒ ပေးပါဟု ပြောလာလျှင် မငြင်းမပြု။ ပုတ်သင်ညို ခေါင်းငြိမ့်သည် အတူ အလွယ်တကူ ခေါင်းငြိမ့်ဂတိ ပြုလေ့ရှိကြ၏။ မည်သူ - မည်သို့မှ အကြောင်း မသိဘဲလျက် မဲပေး ခိုင်းသည်ကို ပုတ်သင်ညို မင်းသား တို့သည်၊ အသင့်ပင် ခေါင်းငြိမ့်ရန် အသင့် စောင့်သည်နှင့် တူတော့၏။

ထိုနှစ် အဘွက် ''ပဲခူး ကျောင်းဆောင် သဟာယ အသင်း'' ကော်မီတီ များ အတွက် ကျောင်းဖွင့် စတွင် ရွေးကောက်ပွဲ ကျင်းပရာ။ ကိုယ့်လူစုနှင့် ကိုယ့်ကော်မီတီဝင် အဖြစ် အရွေးခံရန် မဲဆွယ်ခြင်းစိုင်းပြင်းကြ၏။

ရွေးကောက်ပွဲတွင် အဆိုသွင်း ထောက်ခံကြ၍ ယှဉ်ပြိုင်သူ ရှိက မဲခွဲကြရာ၊ အကျိုးဆောင် ရာထူးအတွက် ကိုအောင်ဆန်းအား တယောက်က အဆိုတင်သွင်း၍ တယောက်ကထောက်ခံလိုက်၏။ ထို့အတူ ယှဉ်ပြိုင်တင်မြှောက်သူ ပေါ်လာ၏။

မဲခွဲရာ ကိုအောင်ဆန်း မဲရှုံး၏။ ကိုအောင်ဆန်းအတွက် မဲရေရာတွင် မဲရေသူက တဘက်သတ်မရှုံးရှုံးအောင် နှိမ့်၍ ရေတွက်သည်ဟု ကိုအောင်ဆန်း ကန့်ကွက်၏။ သို့သော် ကိုအောင်ဆန်းနောက်မှ ထောက်ခံသူ နည်းပါးသေးသည့်အတွက် ကန့်ကွက်ခြင်းပါ ဆုံးရှုံးရပြန်လေ၏။

ထိုအတူ တက္ကသိုလ်ကျောင်းသား သမဂ္ဂတွင်လည်း ၁၉၃၄-၃၅ ခုနှစ်အတွက် အမှုဆောင်များ ရွေးကောက်ပွဲကျင်းပ၏။ တက္ကသိုလ် သမဂ္ဂကြီးသည် ထိုနှစ် ထိုအခါ အထိ ကျောင်းသားအပေါင်းတို့ စုရုံးဖွဲ့စည်းရာ အဆောက်အအုံ ဘုံဗိမာန်ကြီး ဖြစ်လင့်ကစား အမှုဆောင်အဖွဲ့ဝင်၊ ကျောင်းသားများမှာ နိုင်ငံရေးစိတ်ဓာတ် မရှိချေ၊ ရင်ရှင်

မင်းသားလို အလှပြင်နေသည့်ခေတ်တွင် ပေါ့ပေါ့စားစား နေသည်မှတပါး ဘာမျှထူးကဲခြင်းမရှိ။ သမဂ္ဂဆိုလျှင်လည်း ကျောင်းသားအကျိုး မည်သို့နစ်နာသည် မည်သို့ပြုပြင်လျှင် မည်သို့တိုးတက်မည်ဟု ကြံဆပြုပြင်ခြင်းမရှိ။ တနှစ်ဆန်းလျှင် အမှုဆောင်ရွေးရွေးပြီးလျှင် အသင်းဖွင့် ၊ အချေအတင် စကားပြောပွဲ၊ တရားဟောပွဲ၊ နှုတ်ဆက်ပွဲ စသဖြင့် ကျင်းပ ပေးရုံမျှနှင့် နှစ်ကုန်လွန်စေ၏။

၁၉၃၄-ခု နှစ်ကား၊ သုံးရာခိုင်နှုန်းမျှသော လူငယ်တို့သည်၊ နိုင်ငံရေး စိတ်ဝင်စားလျက် ရှိ၏။ တက္ကသိုလ် ကျောင်းတိုက် တခုလုံး ပြုပြင်စရာ ရှိသမျှ ပြုပြင်နိုင်သည်မှာ၊ ဤတက္ကသိုလ် သမဂ္ဂ သာလျှင် အင်အားစု ဖြစ်ကြောင်း သိကြသည်နှင့်အညီ၊ သမဂ္ဂအမှုဆောင် အဖွဲ့ဝင်ဖြစ်ဘို့ရာ လုံးပမ်းကြ၏။ သို့အသိဉာဏ် ပွင့်လင်း လာသည့် ရာခိုင်နှုန်းမှာ မပြောပ, လောက်အောင်သာ ရှိနေလေ ရကား။ ထိုနှစ် အမှုဆောင်ရွေးကောက်ပွဲတွင် ခေတ်မစား သေးသောလူစုမှ၊ ကိုကျော်ငြိမ်းနှင့် ကိုသိန်းဖေ သာလျှင် အရွေးခံရ၏။ ထိုလူငယ် နှစ်ယောက်မှ အပ၊ အခြား အမှုဆောင် များမှာ ခေတ်ဟောင်း သမားများချည်းဖြစ်ကြ၏။ကိုကျော်ငြိမ်းနှင့် ကိုသိန်းဖေသာလျှင် ခေတ်ပြောင်း သမားများ ဖြစ်ကြ၏။ သူတို့သည် ကိုနု၊ ကိုအောင်ဆန်းတို့ အပေါင်း, အဖေါ်များ ဖြစ်ကြ၏။ ကိုနု၊ ကိုအောင်ဆန်း တို့ကား လူကြိုက် မများသေးသော 'မင်းသား' များ ဘဝက မတက်သေးချေ ။

တနည်းအားဖြင့် ဆိုသော်၊ ကိုကျော်ငြိမ်း ကိုသိန်းဖေတို့မှအပ၊ ကျန်အမှုဆောင်တို့မှာ ကျောင်းအာဏာပိုင်များ အကြိုက်သာလိုက်၏။ ၎င်းတို့ မလိုလားသည်ကို ရှောင်သူများ ဖြစ်၏။ ကိုကျော်ငြိမ်း - ကိုသိန်းဖေတို့မည်သို့ပင် စိတ်ထက်သန် စေကာမူ၊ အားမမျှ၍ အရှုံးချည်းသာဖြစ်၏။ ကျောထောက် နောက်ခံဖြစ်သော ကိုနု၊ ကိုအောင်ဆန်းတို့ လူစုမှာအင်အားလည်းမများသေး၊လူကြိုက်လည်း မများသေးဖြစ်ရကား၊ကြွတ်လျက်သာ အားစုဆဲဖြစ်၏။

အချိန်ကား - ကိုးလိုးကန့်လန့် အချိန်ဟု ဆိုရပေမည်။ အထက် အာဏာပိုင်တို့ အကြိုက် လိုက်လုပ်နေသော စံနစ်ဆိုးကြီးကို စံနစ်ဆိုးမှန်း အသိဉာဏ် ဝင်သူမှာ ရှာမှရှားသည် ဆိုလောက်အောင် နည်းပါးသဲဖြစ်၏။ စံနစ်ဆိုးကြီးမပြိုသမျှ 'တက္ကသိုလ်' စက်ယန္တရားကြီးမှ ပုံသွင်း ထုတ်လွှတ်လိုက်သော ကျောင်းသားများမှာ ပဋိညာဉ်ခံ ရာထူး, ဘုရားထူးခံ ရာထူး စသည့်ရာထူးတို့ လက်လှမ်းဘို့ရာ တခုသာသိ၍၊ တိုင်းပြည်အတွက်။ အကျိုးရှိစေရန် အဘိုးတန်အောင် အသုံးချ၍မရချေ။တနည်းအားဖြင့်ဆိုသော်၊ ပညာမှာကျွန်ပညာရ၍ ကျောင်းထွက်သည်နှင့်အလိုတော်ရိ မလုပ်ပါက-အလုပ်ကောင်းမရ၊ မရလျှင် ဂုဏ်မထင်ပေါ်- သူဌေးသဌီးမရ၊ လူရာမဝင် သကဲ့သို့ ခေတ်တုံးခလုံးဖြစ်နေ၏။ စံနစ်၏အပြစ်ကို အပြစ်မှန်းမသိဘဲ မိန်းမောနေသူတွေသာ များ၏။

''အရင်းစစ်လျှင် - အမြစ်မြေက'' ဆိုဘိသကဲ့သို့၊ ထိုထိုသော မိန်းမောမှုကြီး၏ ရေ သာက်မြစ်ဖြစ်သည့်၊ ,'တက္ကသိုလ်-ပညာရေးစံနစ်'' ဆိုးကြီးကို တွန်းလှန်ဝိုက်ဖျက်ကာ၊ တိုင်းပြည်အကျိုး ငဲ့ရာ, ရှိကြောင်း မြင်မြော်မိသူတို့မှာ၊ ကိုနု- ကိုအောင်ဆန်းတို့

တသိုက်ပင်ရှိသေး၏။ ထိုအချိန် အခါ၌ ဤလူစုသည် ရည်ရွယ်ချက် ပြည့်မြောက် ဘို့ရန် အင်အား စုရန် အထူး စိုင်းပြင်း ရကြရှာ၏။

၁၉၃၅-ခုနှစ်တွင်၊ တက္ကသိုလ်သပိတ် မှောက်တော့မည့်ကဲ့သို့ လှုပ်လှုပ် ရွရွဖြစ်လာ၏။ ကျောင်းသားခေါင်းဆောင်များ ခေါင်းချင်းရိုက်နေကြ၏။ ထိုသို့သမဂ္ဂအမှုဆောင်တို့ကတမျိုး။ ကိုနုတို့အစုကတဖုံ။ ခေါင်းချင်းရိုက်ကြ၏။ ကျောင်းသမဂ္ဂအပေါင်းကလည်း မှောက်ဖြစ်လိမ့်မည်ဟု တထစ်ချမှတ်ယူသားကြ၏။ သို့ရာတွင် ထိုစဉ် ထိုအခါ မှောက်ရမှာကြောက်သူကများ၏။

ရွာမယောင်ယောင်နှင့် ညို့မှိုင်းအုံ့ဆိုင်းလာပြီးမှ မရွာဘဲ မိုးသားရိပ် မိုးသားငွေ့များ ကင်းစင်၍လွင့်ပျောက်သွားသည့်နယ်- သပိတ်ရိပ် သပိတ်ငွေ့တို့သည်လည်းတရွေ့ရွေ့ပင် အထင်တခြား အမြင်တခြားဖြစ်ပြီး- အာဏာပိုင် တို့၏ အလှည့် ကောင်းသည်က တကြောင်း။တက္ကသိုလ်သမဂ္ဂ အမှုဆောင်အများ မှိုင်းမိသည့်စက်ကွင်းက မလွတ်ကင်းသေးသည်က တကြောင်းကြောင့် ၎င်း သပိတ်မှောက်ကိစ္စကြီး အထမမြောက် လွင့်ပျောက်သွားလေ၏။

သို့သော်- ထိုသပိတ်အရိပ်အငွေ့တို့၏ ဂယက်မှာ- အရိုက်မလွတ်။ ကျောင်းသားတို့၏ စိတ်၌ အသိဉာဏ်ပွင့်လင်းမှုတခု ကျန်စေခဲ့၏၊ ''အဘယ့်ကြောင့် ဒါလောက် မှောက်ဘို့ကောင်းလျက်နှင့် မမှောက်ဖြစ်ရသနည်း'' ဟူသောအတွေးမျိုး၊ လူငယ်တိုင်း ခေါင်းတွင်းသို့ ချဉ်းနင်းဝင်ရောက်စေခဲ့၏။ မမှောက်ဖြစ်သည့် အကြောင်းရင်းကိုရှာကြ၏၊ ဝေဘန်ကြ၏။ လက်သယ်ရှာကြ၏။ ခြေထိုးမှုကို စီစစ်ကြ၏။ အခြေအနေကိုသုံးသပ်ကြ၏။ တခုသော အကြောင်းကား၊ တက္ကသိုလ် သမဂ္ဂ နှင့် အာဏာပိုင် တို့ သည် လင်မယားဘဝမျှသာ ရှိသေးခြင်းဖြစ်၏။ ဘဝ ရေစက် မကုန်သေးချေ။

နှစ်ကုန်ခါနီးတွင်- ထိုကဲ့သို့ မှောက်မယောင်နှင့် မမှောက်ဖြစ် သည့်နောက် သမဂ္ဂ ဒုတိယ ဥက္ကဋ္ဌ နေရာလစ်လပ်သဖြင့် ကိုနုအရွေးခံရ၏။ ကိုနုနှင့်တကွ ကိုအောင်ဆန်း၊ ကို ကျော်ငြိမ်း၊ ကို လှ ဖေ၊ စသည့် လူစု ၏ ခြေလှမ်းကို ကျောင်း သား များ မြင်စပြုလာပြီ။ အာရုံ ပြု၍ ဂရုစိုက် လာပြီ၊ လက်ရှိ အမှုဆောင် တို့နှင့် ချိန်တိုးလျက် ရှိချေပြီ။ ဤအာရုံစိုက်မှုကို အခွင့်ကောင်းပြု၍ ကိုနုတို့ကယူပြီး အားစု ကြတော့၏။ နောက်နှစ် ဆက်လက် တိုက်ပွဲဆင်နွှဲရန်အတွက် လိုအပ်သည့်အခြေခံ ပဏာမ ပြင်ဆင်မှု ကြိုးပမ်းကြ၏။

ထို ခေတ်ကာလ၊ ထို သမယအခါ၌င်၊ သခင် နာယကဖြစ်သော၊ သခင်ကိုယ်တော်မှိုင်းသည်၊ တက္ကသိုလ် ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ် သမဂ္ဂတို့မှာ နာယက တင်မြှောက်ထားသော အချိန်ပင်ဖြစ်ရကား။ တက္ကသိုလ်သမဂ္ဂမှထုတ်ဝေသည့်။ ''အိုးဝေ မဂ္ဂဇင်း'' ကြီးတွင် '' အောင်ဆုအလှဲ-တကဲ့ မြန်မာနှင်းမကွဲ့လို့၊ ထောင်အမှုနှင့် မကြာမကြာ ဆင်းရမည့်။ မောင်နုနှင့် ဆရာမှာမကင်း '' စသည့်ဖြင့် ရေးသား၍ လေးလေး စားစား ကူညီခဲ့ပုံများကို တက္ကသိုလ်သမဂ္ဂ '' အိုးဝေမဂ္ဂဇင်း '' ဟောင်းများကို ပြန်ပြောင်းဘတ်ရှုကြစေတမုံ့။ (ဤကားစကားချပ်တည်း။ )

တက္ကသိုလ်သမဂ္ဂအသင်း။
RANGOON UNIVERSITY STUDENTS' UNION

နံပါတ်
No.

ရန်ကုန်တက္ကသိုလ် [illegible]
Rangoon University, 193

ဆရာကြီး ခင်ဗျား

[illegible]

အောင်ဆန်း
ဒုတိယဥက္ကဋ္ဌ

ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ် ကျောင်းသား သမဂ္ဂ ဒုတိယဥက္ကဋ္ဌဘဝတွင် နာယက ဆရာကြီး သခင်ကိုယ်တော်မှိုင်းထံသို့ ပေးသော စာမူ။

# အခဏ်း ( ၁၁ )

## "တောက်မည့် မီးခဲ။"

တခါ တရံ ကောလိပ် ကျောင်းတွင် နေထိုင်စဉ်က၊ နတ်မောက်မြို့ရှိ၊ ၎င်း၏မိခင် ထံသို့ စာရေး သည့်တွင် ( I am now free from the yoke of my parents) ဟု ထည့်ရေးသောအခါ၊ ဆရာဦးဘဝင်းကား ဒီကောင် ခွေးမသားလေး၊ ဘယ်လိုရေး ရမှန်းမသိ။ ဘာမသိ,ညာမသိနဲ့၊ဒီလိုရေးတာ ကိုယ်ကိုယ့်ကိုနွားဖြစ်လို့ဖြစ်မှန်းမသိဘူး၊ ဒီကောင်ရေးလိုက်ရင် အရမ်းချည့်ဘဲဆိုပြီး ဒေါပွနေသည်ကို တွေ့မြင် ခဲ့ရဘူး၏။ ။

ကိုအောင်ဆန်း အိုင်အေ အထက်တန်းတွင် သင်ကြားနေဆဲ အချိန်မှာ၊နာမည်ကျော် အီတလီ ဘုန်းတော်ကြီး-ဦးလောကနာထကား၊တကမ္ဘာလုံးတွင် ဗုဒ္ဓဘာသာသာသနာ ပြန့်ပွါးစေလိုသည့်အာသီသဆန္ဒပြင်းပြသည့်အတိုင်း၊သာသနာဖြန့်ဖြူးရေးကိစ္စအောင်မြင် ရန်အတွက် ဟောပြော ကြိုးပမ်းနေခဲ့၏။ ဗုဒ္ဓဘာသာတရားတော်ကြီးနှင့် မှန်ကန်မှုတို့ကို အကိုးအကား ဥပမာ,ဥပမေယျတို့ဖြင့် တန်းဆာဆင်လျက်ရှိ၏။ထိုအတွင်း ဆရာတော်-ဦးလောက နာထသည်၊ မည်သူတဦး, တယောက်၏ အကူအညီမျှ မပါဘဲလျက်။ ကမ္ဘာပေါ်ရှိ နိုင်ငံတော် - အသီးသီးသို့ ဗုဒ္ဓဝါဒ ပြန့်ပွါးရေး ကိစ္စကို ဆောင်ရွက်ရန် ဒေသစာရီ ကြွတော့မည် ဖြစ်ကြောင်းနှင့် ရှင်တော်ဂေါတမ၏ တပည့်သား ပိသစွာ တွေ့ကြုံရလတံ့သောဘေးဒုက္ခအပေါင်းကိုသည်းခံလျက် ငြိုငြင်ဆင်းရဲစွာနှင့်အသက်သေ သည်အထိ အားထုတ်မည်ဖြစ်ကြောင်း၊ လမ်းတွင်ဘုဉ်းပေးသုံးဆောင်ရန် ရေကိုမျှမရက၊ နွားခြေရာကွက်မှ နွားကျင်ငယ်ရေကိုပင် သောက်သုံး တော့မည့် အကြောင်း များနှင့်၊ သတင်းစာကြီးများတွင် အကျယ်တဝင့် ပါလာခဲ့သ ည့်ကို ဘတ်ရှုကြရလေသည်။

သူရသတ္တိကိုအရင်းပြု၍ စွန့်စွန့်,စားစားခက်ခဲပင်ပမ်းစွာ လုပ်ကိုင်ရမည့် လုပ်ငန်းကြီး များတွင် အာရုံကျက်စားနေပြီးဖြစ်ဟန်ရှိသော ကိုအောင်ဆန်းသည်၊ မိမိပညာသင်ကြား ရေး ကိစ္စကိုပါယ်ဖျက်၍၊ဦးလောကနာထ၏အလုပ်အကြွေးဒါယကာအဖြစ်နှင့်လိုက်သွား လိုသည်ဆန္ဒရှိနေသဖြင့်၊ ခွင့်ပြုပါမည့် အကြောင်းနှင့် ပန်ကြားစာကို၊ နတ်မောက်မြို့နေ ၎င်း၏အမိထံသို့ ပေးပို့လိုက်ရာ၊ မကြာမီတွင်ပင် သဘော မတူကြောင်းနှင့် အမိထံမှ ကန့်ကွက်စာကို ရမှငြိမ်သက်သွားသည်ဟု ကြားရလေသည်။ ။

ဆွေမျိုးထဲမှ အချို့ကမူကား၊ ဒီကောင်သိ်ရူးတဲ့ အကောင်ဘဲဟုပင် မှတ်ချက်ချ ခဲ့သေးသည်။

''ရန်ကုန်-တက္ကသိုလ်'' နယ်ကြီး တဝိုက်လုံး သပိတ် ဒီရေအလွှမ်း ခံလိုက်ရ၍ လှုပ်လှုပ်, ရွရွဖြစ်ပြီး ကျန်ခဲ့သည့်အတိုင်း၊ ကျောင်းသားတို့လည်း များသောအားဖြင့် တမျိုးတဖုံ မှ ပြောင်းလာကြ၏။ အမြင်ပြောင်း လာကြ၏။ပြောင်းလဲမှု တမျိုး ဖြစ်လာရာ ပြောင်းလဲမှု အရှိန်သည် တဖြည်းဖြည်း, တရွေ့ရွေ့ မသိ,မသာ, တက်ကြွသာခြင်းဖြစ်၏။ မည်သူပြောင်း,ပြောင်း ကိုအောင်ဆန်းခေါ်သူကား မပြောင်း ထိုသူ,ထိုသူပင်ရှိသေး၏။

ကော်လာမပါသည့် ရှပ်အင်္ကျီ အပေါ်တွင် လုလားမြောက် စက ဝတ်လာသည်နှင့်တူသောဘလေဇာအစိမ်းအနွမ်းကိုဎင်း။လုံချိ တိုတို။ဘုံဘိုင်ရေဘိနပ် နောက်မြီးတပိုင်းစားကိုဎင်း ဝတ်ဆင်လျက်ပင် ရှိသေး၏။ အပြင် လောကကြီး၏။ လှုပ်ရှားမှုသည်သူနှင့်မဆိုင်သကဲ့သို့ တည်ငြိမ် ငြိမ်သောစိတ်ထားနှင့် သူ၏ အမှုအရာများကို မြင်ရဆဲပင်ရှိပေသည်။

ရေငြိမ်လျှင် နက်တတ်သည် ဆိုသကဲ့သို့၊ သူသည်လည်း သူ့စိတ်ကူး နှင့် သူလူတကိုယ် ထင်တလုံးဆိုဘိသကဲ့သို့၊ သူ့လမ်းစဉ်အတိုင်း လှေ့လာ ပြုကျင့်နေပုံရ၏။ သူ့အဘို့မှုမပြောင်း။ ညနေတိုင်း သူသည် သူ့ပတ်ဝန်းကျင်ဖြစ်သော သူ့အသိသူငယ်ချင်းဟု အသိအမှတ် ပြုခံရသူ သုံးလေးယောက်နှင့် သူ့အခန်းရှေ့ကြိုနံ့တွင် စကားပြောလေ့ရှိ၏။ သူပြောသမျှမှာ ကျောင်းစာနှင့်မဆိုင်။ ကိုယ်ရေး ကိုယ်တာမပါ။ မိန်းမပြဿနာအကြောင်းမစွက်။ သက်သက်၊ ပညာရေး-နိုင်ငံရေးတို့နှင့်သာ အခါ ကာလကိုကုန်လွန်စေသည်။

သူ့သာပြောမည်။ သူများ နားထောင်ခိုင်းသည်၊ သူပြောခိုက် ငြင်းချက်ထုတ်လျှင်မကြိုက်။ ထိုသို့ ငြင်းချက်တုတ်သူကို သူသဘောမကျ၊ သူ့ဝိုင်းမှ ပယ်မည်ဖြစ်၏။ သူပြောသမျှ သဘောကျသော တရားနာပရိသတ်ကဲ့သို့ နားထောင်နေလျှင် အလွန်ပီတိသောမနဖြစ်၏။ ထိုကဲ့သို့ ငြိမ်ငြိမ်ဆိမ်ဆိမ် နားထောင်သူကို သူသည် ဒေ့မြဲဘိတ်၍ "တရား" ဟောမည်ဖြစ်၏။ သူ့အပေါင်းအသင်း ကျောင်းသားများမှာ သူ့သဘောတဖြည်းဖြည်း နားလည်လာသဖြင့် ပို၍သည်းခံ နားထောင်ကြလေသည်။

သူသည်- 'တိုင်းပြည်အသီးသီးက ပညာရေးစံနစ်ကို မည်မျှလေ့လာထားသည်မသိ တပြည်ပြီး တပြည် အကြောင်း၊ ဓမ္မကထိကအလား ပါဠိ ပါဠိသားပါညှပ်၍ ဟောသည့်အလား အကိုးအကားပါ ရွတ်၍ပြောနိုင်၏။ နားထောင်သူများ ပျင်းစရာကောင်းသလောက်၊ သူ့အတွက် စိတ်ဝင်စားကာ၊ ပျော်ရွှင်သော အမူအရာကို တွေ့ရ၏။ တခါတရံ မှောင်မှန်းသတိမရ။ မီးပွင့်လာမှသိကြရ၏။ ထိုသို့ စကားမပြောရလျှင် သူသည် အိမ်တော်ရာ ထိုးဆွဲ၍ လမ်းလျှောက်မည်ဖြစ်၏။

ကျောင်းဆောင်၌လည်းကောင်း။'တက္ကသိုလ် သမဂ္ဂ'၌လည်းကောင်း၊တရားဟောပွဲစကားပြောပွဲများ ကျင်းပလေ့ရှိရာ၊ စကားပြောပွဲ မှန်သမျှကို ကိုအောင်ဆန်းမှာ လွတ်သည်မရှိ။ မှန်မှန်တက်ရောက် နားထောင်လေ့ရှိ၏။ တရားပွဲမှန်သမျှ သူမသွားသည်မရှိ။ တရားပွဲစကားပြောပွဲအပြီး ပရိသတ်ထဲမှ ပြောခွင့်ဆိုခွင့်ပြုသည်ဟု သဘာပတိလုပ်သူက ကြေညာသည်နှင့် တပြိုင်နက်၊ ကိုအောင်ဆန်းသည်။ ဖျပ်ကနဲတချောင်းချောင်းမှစ၍ စကားပြောတတ်၏။ စကားပြောပွဲ၌မူ - အကြောင်းမရွေး ဝင်၍ပြောလေသည်။ များသောအားဖြင့် ကျောင်းသားများသည် စကားပြောပွဲကျင်းပလျှင်၊ကျောင်းဆောင်မှအပြင် ထွက်ခွင့်ရရန် စကားပြောပွဲ၌ ကျောင်းသူများ ပိုးပန်းရန်တို့ကို ရည်ရွယ်ချက်ထား၍ လာကြ၏၊ စကားပြောပွဲ၌ အသောအရွမ်း။ ရယ်စရာရှိလျှင် လေချွန်လက်ခုပ်တီး၍ဆူမည်ဖြစ်၏။စကားပြောပွဲ ပြောသည့် အကြောင်းကို ဂရုမထားလှချေ။

ကိုအောင်ဆန်းကား– ခေါင်းမွေးစုတ်ဖွား ဘလေဇာစိမ်း သို့မဟုတ် ပင်နီအင်္ကျီနှင့် ဘေးတန်းနောက်ခုံတို့တွင်ထိုင်တတ်၍အခွင့်ပြုမှထပြောတတ်၏။ စတိုင်လည်းမထုတ် ကျောင်းသူတို့ကိုလည်း၊ စဉ်းစာချက်ထဲမသွင်း။ သူ့ဘာသာသူ စဉ်းစားချင်ရာ စဉ်းစားမည်သာဖြစ်၏။ ကျောင်းသူတို့ကသူ့ကို မြင်သည့်တိုင် အပိုးခံထိုက်သည်ဟု အသိအမှတ်ပြုကြမည်မဟုတ်ချေ။ မျိုးတော ကျီရောက်နေသကဲ့သို့ရှိတော့၏။

သဘာပတိက နားထောင်သူပရိသတ်ထဲမှ တဦးလျှင် ၅-မိနစ်ကျဘယ်နှစ်ယောက် ပြောနိုင်ပါသည်ဟု ကျေညာသည်နှင့် နောက်ခုံဘေးတန်းမှ ပင်နီအင်္ကျီနှင့် မှုံတေတေလူတယောက်ထ၍ ပြောစရာအကြောင်းကို စိတ်ပါလက်ပါ နက်နက်,နဲနဲ တွေးတွေး၍ ပြော၏။ နားထောင်သူတို့က ပေါ့ပေါ့ဆဆ နားထောင်သလောက်၊ သူကအတည်ပေါက်ပြော၏။ သူတခါပြောလျှင်၊ ခွင့်ပြုသည့် ငါးမိနစ်စေ့သော်လည်း ပြီးမည်မဟုတ် သဘာပတိသတိပေး ခေါင်းလောင်းသံ ပေး၍လည်း ရပ်မည် မဟုတ်၊ ပြောစရာရှိသမျှ ပြီးမှ ရပ်မည် ဖြစ်၏။နားထောင်ရသူ တို့ကလည်း၊ ရယ်စရာပေါ်လျှင် ပွဲကျ။ ရူကြိုက်နည်း၏။ ကျောင်းသားတို့ထုံးစံအတိုင်း မကြိုက်လျှင် လက်ခုပ်တီး၍ မကြိုက်ကြောင်း ပြဘာပေကြ၏။ အာကာသတ္တိနှင့် လက်ခုပ်သံဒဏ်ကို မခံနိုင်။ ထိုင်ရသည်သာများ၏။ ထို့အတူ ကိုအောင်ဆန်းပြောတိုင်း လူကြိုက်နည်းရုံမက– လက်ခုပ်သံတမြောင်းမြောင်းနှင့် ''ဟေ့ အောင်ဆန်း အရူး ထိုင်ကွ။ ဟေ့ အောင်ဆန်း အရူး။ ထိုင်-ထိုင်'' ဟူ၍ ပြောင်လှောင် သရော် အော်ကြ ဟစ်ကြ ဆူပွက်ကြ၏။ ကိုအောင်ဆန်းကား၊ ဆူပြီးမှသူ ရပ်၍ထိုင်၏။ လက်ခုပ်သံတို့ အကြားတွင် သူ့အသံ သူ့စကား မကြားမည်ကို ဂရုမစိုက်။ သူပြော ချင်သည်ကို ပြောရ်လျှင် သဘောကျ သွား၏။ စကား ပြောလျှင် ဖြောင့်ဖြောင့် မတ်မတ်မပြောနိုင်။ စကားတလုံးနှင့်တလုံး ပြတ်တောင်း ပြတ်တောင်း၊ နှင့် တွေးပြီးမှ ပြော၏။ သွက်သွက်,လက်လက်၊ တခါမှပြောသံမကြားခဲ့ရ။ ပရိသတ်က လက်ခုပ်တီးလျှင် သူဒေါသကြီးဘိုရာသာသိ၏။ သို့သော်မည်သို့မျှ ရန်မမူ စကားပြောပြီးလျှင်၊ အောင့်သိုးသိုးနှင့် သူ့အခန်းထဲသို့ထပြန်သွားတတ်၏။ ရယ်ခြင်းပြုံးခြင်းမတွေ့ရ။ စကားပြောရာ၌မူ ဗမာလို ပြောပြော။ အင်္ဂလိပ်လို ပြောပြော၊လျှာလေးအာလေးသံကြီးနှင့် ထစ်ထစ်ငေါ့ငေါ့ တလုံးနှင့်တလုံး တမိနစ်ဝက်ခန့် ခြား၍ပြောလေ့ရှိ၏။ ပရိသတ်မကြိုက်၍ နောက်တခါ ကြောက်မည် မပြောဘဲ နေလိမ့်မည်ဟု မထင်နှင့်။ ရှက်ခြင်း ကြောက်ခြင်း၊ အလျဉ်းနားမလည်။ ပြောမည်အမှန် ဧကန်ဖြစ်၏။ စကားပြောပွဲတရားဟောပွဲမည်သည် လူဟောင်းထက်လူသစ်ကျောင်းသားများက ပိုမိုများပြားစွာတက်ကြ၏ ကျောင်းသား ဟောင်းများကမူ အချိန်ကုန်ခံ၍ မတက်ကြ။ သို့ အဟောင်းအသစ် ရောနှောတက်ရောက်သည့်အတွက်၊ ကိုအောင်ဆန်း အကြောင်း လူတိုင်းလိုလို သိကြ၏၊ မတက်ရောက်သူကို-တက်ရောက်သူကတဆင့် ဖေါက်သယ်ချ၍ သိကြ၏။ သိခြင်းကား။ အကောင်းဟု သိခြင်းမဟုတ်။ အရူးဟုသိခြင်းဖြစ်၏။

သာမန် လူတို့၏သဘာဝမှာ အများမကြိုက်လျှင် ငါမှန်သည်ကိုပင်မလုပ်ဝံ့၊ ကြောက်ရွံ့ကြချေသည်။ လူကြိုက်များမှ မှန်သည်ဟုထင်ကြ၏။ ဤနေရာ၌ ကိုအောင်ဆန်း၏

အယူအဆနှင့် ကွဲလွဲကြ၏။ ကိုအောင်ဆန်းကား၊ အာဇာနည် စိတ်ထားမျိုးဖြင့်ရိုးသားစွာပင် အရှက်အကြောက် ကင်းသည့် အမူအရာကိုပြ၏။ တရားဟောပွဲ ဆိုလျှင်လည်း ဟောသည့်ပုဂ္ဂိုလ်အား သူမကျေနပ်သည့် အချက်ကို ဝ်တိ ကျကျ ကျေနပ်သည် အထိ မေးမြန်းလေ့ရှိ၏။ အားနာခြင်းမထားတတ်ပေ။

အောင်ဆန်းအရူးဟူသောကဲ့ရဲ့သံပြိုင် အတင်းဆိုကြသည့် ထိုထိုသို့သော ဂရက်သည်အဟောင်း အသစ်မရွေး ကျောင်းသားတိုင်း ရိုက်၏။ အောင်ဆန်းမြင်လျှင် အရူးဟုသာအသိအမှတ်ပြုကာ ခေါ်ဝေါ်သမုတ်ကြ၏။ အရာမဝင်သကဲ့သို့ ထားကြ၏။

ကိုအောင်ဆန်းကား။သူကျင့်ရိုးကျင့်စဉ်အတိုင်း။မူမပျက်ကျင့်လျက်ပင်ရှိခဲ့လေသည်။ ဘတ်နေကျစာအုပ်ဘတ်ပြီး ပြောနေကျအချိန်-ပြောနေကျနေရာတွင်၊ ပြောနေကျလူစုနှင့် ပြောနေကျစကားမျိုးပြောမည်သာဖြစ်၏။သူဘတ်သမျှစာအုပ်များမှာနိုင်ငံရေးစာအုပ်များ ပညာရေးစာအုပ်များ ဖြစ်၏။အသမ်း, အဆည်း, အထား, အသိုမှာ နေထွက်ကနေဝင် လဆန်းကလကုန်, နှစ်ဟောင်းကုန်လုက် နှစ်သစ်တက်လိမ့်မည်။သူ့အတွက် တစုံ တရာ အပြောင်း အလဲ မတွေ့ရ။ စာအုပ်ပုံမှာ မြင့်သထက်သာ မြင့်၍၊ ဖယောင်းခဲ ဖယောင်း ရည်ထုသည် ထူသထက်သာထူစွာ၊ စီးဖြာသည်ကို တွေ့ရ၏၊ ပြုမူနေကျအတိုင်း စာအုပ် ထဲမှ ဘတ်မှတ်သည့်နည်းဥပဒေများဖြင့် စကားပြော ကျင့်ခြင်းဖြစ်၏။ လေယူ လေသိမ်း မမှန်၊ နားထောင်သူကို မဆွဲဆောင် နိုင်စွမ်းသေးချေ၊ အလှောင် အပြောင် အသရော်ခံ၍သာ-ကြက်တူရွေးသင် သင်လျက်ပင် ရှိ၏။ ပတ်ဝန်းကျင်၏ သရော် လှောင် ပြောင်မှုကြောင့် သူ၏တိုးတက်မှု လေ့ကျင့်စဉ်ကို အနှောင့် အယှက်အဖြစ် မခံချေ။ သူသည်သူ၏ ရည်ရွယ်ချက် ဖြစ်မြောက်ရန်၊ အကြိမ်လျှော့၊ မပေါ့လေးစား၊ မနားမနေ ကြိုးစားလျက် ရှိ၏။ အခြေခံ ကောင်းအောင် ကျင့်ကြံနေခြင်းဖြစ်၏။

ရည်မှန် ချက်အတွက် ဖူလုံအောင် လမ်းစဉ်လျှောက်ဆဲ ဖြစ်၏။ ကျောက်ရိုင်းကို အရောင်ထွက်အောင် သွေးဆဲ, အကွက်ဖေါ်ဆဲ ဖြစ်၏။ သူပြောသမျှ စကားတိုင်း တိုတို, တုပ်တုပ်နှင့် ရှင်းလင်းပြတ်သားစ ပြုလာလေသည်။ သူအပေါင်း အဘော် လက်တဆုပ် လောက်ကို သူ၏ တရားနာ ပရိသတ် အမှတ်ထားလျက်၊ ရှက်ခြင်း ရွံ့ခြင်း ကင်းမှုကို ရည်စူးလျက် ပြောကြားခြင်းဖြစ်၏။ သူပြောပုံ ဆိုပုံ စကားအသွား အလာကို ကြည့်ခြင်း အားဖြင့်၊ သူ၏စိတ်ထက်သန်ပုံကို သိသာ၏။ သူ၌ ပြုပြင်လိုစိတ်များ၏။ ဝတ်ပုံ, စားပုံ ကြည့်ခြင်းဖြင့် မျိုးချစ်စိတ်ရှိကြောင်း မပြောဘဲနှင့်သိသာ၏၊ သူ၏ အလိုဆန္ဒသူ့အာသီသ မှာ၊ အိုမင်းဆွေးမြေ့နေသော တခေတ်လုံးကို ပြောင်းပြန်လှန်လို၏။ သူ့လိုလူ- သူ့လို စိတ်မျိုး များများ လိုချင်၏။ သို့သော်- ''ရွှေခါချဉ် မာန်ကြီးလို့၊ တောင်ကြီး ဖြိုမယ့်ကြံ ခါးကမသန်'' ဆိုဘိသည့်အလား၊ ခါးမသန်သေးရကား၊ စိတ်သွားတိုင်း ကိုယ်မပါနိုင် သေးကြောင်း သူသိ၍၊ သူ့ကိုယ်သူ ပြုစုပျိုးထောင် ကျင့်ကြံ နေခြင်းဖြစ်၏။

နွေရာသီ ကျောင်းပိတ် လေပြီ၊ ဂျာဒုးဝါလား ထားသမျှ မရွှေ့, မပြောင်းဘဲ နေခဲ့ ရသော အဝတ်သေတ္တာ, စာအုပ်သေတ္တာတို့သည်၊ ကျောင်းပိတ်မှလှုပ်ရှားကြ၏။ မပြန့် မပြူး၊လူးချင်တိုင်း, အလူးခံကာ ဖရိုဖရဲ ဖြစ်နေခဲ့ရသော အိပ်ရာမှာလည်း၊ ကျောင်းပိတ်

မှသာ လိပ်လေ့ရှိတော့၏။ ဖြူဖြူဖွေးဖွေး အကြောင်းလိုက် အခဲလိုက် ဖယောင်းတို့ဖြင့် ယိုစီး ဖုံးလွှမ်းခြင်း ခံရသော စာအုပ်တို့လည်း ထိုအခါမှပင် သေတ္တာထဲဝင်၍ အနား ယူကာ၊ အပူဒဏ်မှ သက်သာ ကြတော့၏။

---

# အခန်း ( ၁၂ )

## စာတည်း–ကိုအောင်ဆန်း။

မန္တလေးရာသီ ပြောင်းကူး၍ မိုးဦးကျခဲ့ပြီ၊ တနှစ်ကုန် တနှစ်ဆန်း ကျောင်းကြီးလည်း လန်းဆန်းသာယာ၍ အသက်ဝင် လာပြန်လေပြီ။ မနှစ်က ကျောင်းသားသစ် များသည် ယခုနှစ်ကျောင်းသားဟောင်းများ ဖြစ်ကြလေပြီ။ ကျောင်းသားဘဝ သစ်ရာမှဟောင်းခဲ့ သော်လည်း၊ စိတ်ဓာတ်တို့မှာ ဟောင်းရာမှ တခေတ် သစ်ခဲ့စ ပြုလေပြီ။ ယမန်နှစ်က မမှောက်ဖြစ်သည့် သပိတ်ရှိန်ပင်လျှင်ကျောင်းသားတို့၏မှုန်ဝေသောစိတ်ဓာတ်တို့အတွင်း သို့အမှောင်ခွင်း၍အလင်းရောင်ကျင်းစလေရကား၊ကျောင်းသားအများနိုးကြားစပြုလာ၏။ ဇာတ်မင်းသားတို့ ရှုံးလောက်အောင်၊ အလှ အပ မှုန်နံ့သာ တို့ဖြင့် ချယ်လှယ်ကာ။ အဝတ်ကောင်း, အစားကောင်းမှ ဝတ်စား ဆင်ယင် တတ်သူများပင် စိတ်ပြောင်း ကိုယ်ပြောင်းနှင့် အသွင်ပြောင်း အပြင်ပြောင်း ခဲ့လေပြီ။ ပင်နီအင်္ကျီ လုံချည်တိုနှင့် ပုသိမ် ထီးဆွဲ၍ ဘုံဘိုင်ရေဘိနပ် စီးသည့် အမူအရာမှာ ခေတ်စားစ ပြုလာလေပြီ။ ရှေးအခါက အလိုတော်ရိ ကျောင်းသားများ ကဲ့သို့ အာဏာပိုင်တို့ အကြိုက် လိုက်လုပ်သည့် သူများ ကဲ့သို့ မဟုတ် မှု၍ လက်ရှိ ခေတ်ကို ပုန်ကန် ပြောင်းလဲမည် တကဲကဲ ပြုလုပ်နေသူ လူတစုတို့ဘက်သို့ကျောင်းသားတို့သည်အာရုံစူးစိုက်ကြလေသည်။ ယမန်နှစ်က အင်အား နုံ့နဲ့ သေးသော လူတစုမှာ၊ ယခုနှစ်တဖြေးဖြေးခေတ်စားလာလေပြီ။ သို့နှင့်ဒေ့ခေတ်နှင့် လူငယ့်ခေတ်တို့၏ ချိန်ခွင်လျှာသည် ယခုနှစ် တန်းမတ်လျက်ရှိချေပြီ။ ကျောင်းဖွင့်၍ မကြာ မီပင်၊ ခေတ်ဟောင်းမှိန်၍ ခေတ်သစ်ရှိန် တို လာ လေရကား၊ (တက္ကသိုလ် - သမဂ္ဂ) အမှုဆောင်လူကြီး ရွေးကောက်ပွဲကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်၏။ ကိုနုက–ဥက္ကဋ္ဌ၊ ကို အောင် ဆန်း က ''အိုးဝေ မဂ္ဂ ဇင်း'' အယ်ဒီတာအဖြစ် အရွေးခံရရုံမက၊ သူတို့ လူ့သိုက် အားလုံး ပါဝင် လေသည်။

''သမဂ္ဂ'' ခြေလှမ်းသည် မြဲလာ၏။ ခါတိုင်းနှစ် အလုပ် အမှုဆောင်တို့၏ လုပ်ရိုး လုပ်စဉ်နှင့် မတူတော့ချေ။ လှုပ်ရှားမှုပိုမိုများပြားလာ၏။

ပဲခူး ကျောင်းဆောင် အခန်းရှေ့ကြိုတွင် လေ့ကျင့်ခဲ့သော ကိုအောင်ဆန်းလည်း အမှုဆောင်ဖြစ်လာ၍၊ သူ၏ဆည်းပူးလေ့လာခဲ့သမျှ အသိပညာ ဗဟုသုတတို့ကို အသုံးချ လေတော့သည်၊ သူသည် နေ့မအား, ညမအား၊ ''သမဂ္ဂ''အလုပ်နှင့် အချိန်ကုန်စေ၏။ အောင်ဆန်း ''အရှုးဘဝ''မှ ''အယ်ဒီတာ'' ကိုအောင်ဆန်း ဖြစ်လာ၏။

ကိုအောင်ဆန်း၏စိတ်ထက်သန်မှု,ဝီရိယရှိမှု,စေတနာကောင်းမှုတို့မှာ မပြောဘဲနှင့် အလုပ်ကပြလာ၏။ လူလေ့လာသမျှကျောင်းနှင့် မဆိုင်သည့် စာပေတို့မှာ၊ အယ်ဒီတာလုပ်ရာတွင် အသုံးကျအောင် ချလျက်ရှိပေပြီ။ ယမန်နှစ်က မချော မမော, ပြောချင်ဇောနှင့်သာ လက်တန်းပြောခဲ့ရသမျှ၊ ယခုနှစ်စာနှင့်ရေး၍ပြလျက်ရှိချေပြီ။လူပုံမှာ မှုန်တေတေနေ့သလောက် အရေးအသားနက်နဲ၏။အသားပါ၏။တရားဟောပွဲ စကားပြောပွဲရှိသည့်အခါ ညတို့တွင်ခန်းမကြီးထဲသို့ဝင်လာသည့်အခါပင်သူ့မှာ ခေါင်းငိုက်ဆိုက်နှင့်ရှိသေး၏။ စကားလည်း ရှည်ရှည် မပြော၊ တွင်တွင်သာ ရေးမှတ် ဘတ်ပြခြင်း ပြုတော့၏။ အရင့်အရင် နှစ်များက ဝတ်ကြေ ဝတ်ကုန်သာ ပြုလုပ်သော အမှု ကိစ္စမှာ၊ ယခုအခါ အထူးကြိုးကြိုးစားစားဖြင့်၊ မကြာခဏ ကျင်းပလျက်ရှိတော့၏။ သမဂ္ဂကြီးသည် ကျောင်းသားတို့၏ အားထားရာ၊ ပျော်စံရာ၊ နိုးကြားရာ၊ အင်အားစုရာ ဌာနကြီး တခုအဖြစ်သို့ပြောင်းလဲခဲ့လေ၏။

ကိုအောင်ဆန်းကား၊ သင်္ကြံန်သင်တန်းကို မပျက်မကွက်တက်ဆဲဖြစ်၏။ သူ့အတို့နားချိန်ဟူ၍ မတွေ့ရ။ အားလပ်သော အချိန်တခုခုတွင် အလုပ်လုပ်လျက် တွေ့ရ၏။

စာဘတ်စခန်းမှ စာရေးသော စခန်းသို့လည်း ကူးခဲ့လေပြီ။ အပြောနှင့် အလုပ်အလုပ်မှုကသာ ပို၍များလေသည်။ သို့သော် သူ၏ လုပ်ရည် ကိုင်ရည် ကြံရည် ဖန်ရည်စသည်တို့၏ အသွေး အရောင်တို့ကား တောက်ပြောင်ခြင်းမရှိလှသေးချေ။

ကိုအောင်ဆန်းသည်ငယ်စဉ်အခါက၊ ''ဘဂဝါ''ကောလိပ်ဖြစ်သော ဦးသောဘိတကျောင်းမှဘဆင့်ရေနံချောင်းနေရှင်နယ်အမျိုးသားကျောင်းကြီးမှထွက်မြောက်အောင်မြင်ခဲ့သူဟုသာ သိရှိရသည့်အတိုင်း၊ သူလည်း အခြား အခြားသော နယ်ကျောင်းသားများကဲ့သို့ပင် အင်္ဂလိပ်စာ အရေးအသားတွင် အလွန်ဆုံး အလယ် အလတ်လောက် ရှိရမည်ဟု၊ မည်သူမဆို သူ့ကိုအကဲခတ်၍ ပြောကြမည် အမှန်ဖြစ်၏။ ထိုထင်ကြေးထက်ပင်လျော့၍ ထင်ကြပေလိမ့်မည်။ သူ၏ ဝတ်ပုံ, စားပုံ, နေပုံ, ထိုင်ပုံကို ကြည့်လျှင် ပကတိတောသား ဘုန်းကြီး ကျောင်းထွက် ရုပ်ပုံ အဆင်းကို ထင်းထင်းကြီး ဘော်ပြလျက်ရှိရကား၊ မြင်သူတိုင်းသည် သူ့အား စာပေဘက်တွင် ထူးချွန်သော သူတဦးဟု၊ မယူဆခဲ့ကြချေ။

ရွှေကဲခတ်ရလွယ်သော်လည်း၊ လူကဲခတ်ရ မလွယ်ချေ။ရွှေကို မှတ်ကျောက်တင်လျှင် နဂိုရ် အရောင် ထွက်၏။လူကို မှတ်ကျောက်တင်ခြင်းငှာ အလုပ် တခုသာလျှင် နည်းလမ်းရှိ၍ အကြောင်း အခွင့် ကြုံကြိုက်သလိုသာ အလုပ်နှင့် မှတ်ကျောက် တင်၍ လူကဲ လူရည် ခတ်ရမည်ဖြစ်ပေသည်။၁၉၃၅-၃၆ ခုနှစ်တွင်ကိုအောင်ဆန်းသည်ဝိဇ္ဇာအထက်တန်းတွင် သင်ကြားလျက်ရှိ၏။ ကိုအောင်ဆန်းသည် ထိုနှစ်က အင်္ဂလိပ် ဘာသာအတွက် အင်္ဂလိပ်စာ ပါမောက္ခ-မစ္စတာ ရုဒ် (စ) ကိုယ်တိုင်ကိုင်သော အတန်းသို့ တက်ရ၏။

အင်္ဂလိပ်စာပေ ဌာနတွင်- ဆက်ရှင်း (ခေါ်) အတန်းတူသော်လည်း လူဦးရေမျှ၍ ဆရာ အသီးသီး, အခန်းအသီးသီးတွင် ခွဲ၍ ပြကြ၏။

ပါမောက္ခ ရှဒ် (စ) ထံသို့ ရောက်လာရခြင်း မှာလည်း၊ တခြားမဟုတ်။ ကိုအောင်ဆန်းကို အခြားအတန်းများမှ ဆရာများက လက်ခံရမည်ကို ကြောက်ကြ၏။ သူကျောင်းမှန်မှန်တက်လိုမှတက်သည်ကို ကြိုတင်၍ကာကွယ်သည့်သဘောဖြင့် ပါမောက္ခ ရှဒ် (စ) အား ပြောရာ၊ရှဒ် (စ) ကသူ့အတန်းတွင် စာရင်းထည့်သွင်းထားခြင်းဖြစ်လေသည်။

တခါသော် အင်္ဂလိပ်ဝတ္ထုစာအုပ်ထဲမှ အကြောင်းကို ရက်သတ္တ တပတ် ကြိုတင်၍ ဘတ်စေပြီး တပတ်စေ့သောအခါ စာစီစာကုံးနေ့၌ ရေးခိုင်းလေ့ရှိရာ( Wuthering Heights.) ဝတ္ထုစာအုပ်မှ အခန်း တခန်း ရေးရ၏။ ကိုအောင်ဆန်းကား ရေးရန်အတန်းတက်လာသော်လည်း စာကိုလည်းမဘတ်ခဲ့။ ရေးခိုင်းသည့် အကြောင်းအရာ ခေါင်းစဉ် မြင်မှ အနီးရှိ သူငယ်ချင်း တယောက်အား သဘောသွားကို ပြောကြားစေ၍ ရေးလေဘော့၏။ စာကိုလုံးလုံးမဘတ်မိသည့်အတွက် ပါစပ်နှင့် ပြောသည်မျှသာ ကြားဘူးသော်လည်း၊ ဝတ္ထုပါ ဇာက်လိုက်တို့၏ နာမည်ကိုပင် မှန်ကန်အောင် စာလုံးမပေါင်းနိုင်ချေ။

သို့နှင့် စာစီစာကုံးများကို ဆရာက ဖျက်၍ စာအုပ်များ ပေးသော နေ့တွင် ကိုအောင်ဆန်းကား ကျောင်းမတက်။ သူ၏ စာအုပ်ကိုမူ အခြား ကျောင်းသားတဦး အား ယူခဲ့ရန်မှာလိုက်၍ ဆရာကြီးထံမှယူရ၏။ စာအုပ်ကို ဖွင့်ကြည့်သောအခါ၊ ဝတ္ထုစာအုပ်ဘတ်ပြီးရေးသူတို့ထက် အမှတ်များသေး၏။ ဇာတ်လိုက်နာမည်ကိုပင် တလွဲတချော် အသံထွက်မှန်ရုံမျှ ပေါင်းထားလေသည်။ တဆင့် ဖေါက်သယ်ခံ၍ ရေးသားထားသည်ကို ဆရာကြီး ရှဒ် (စ်) သိသလားမပြောတတ်။ စာစီစာကုံးအဆုံး၌ မှတ်ချက်ချထားသည်မှာ '' မင်းစာအုပ်မဘတ်ဘဲ ရေးတယ်။ နာမည်တွေတောင် ဖြစ်ကတတ်ဆန်း စာလုံးပေါင်းထားတယ်။ ဒို့အတွက် မင်းကို ၇၅ အမှတ်သာ ပေးလိုက်တယ်။ နို့မို့မင်း ၈-မှတ်ရထိုက်တယ်'' ဟု ရေးထား၏။ ဆယ်မှတ်တွင် ၇၅ မှတ်ရသည်မှာ ၇၅ ရာခိုင်နှုန်း ရခြင်း ဖြစ်၏။ စာမဘတ်ဘဲ ရေးသည်ကို ဆရာက သိလျက်နှင့် ၇၅ ရာခိုင်နှုန်း ပေးရသည်မှာ အခြား အကြောင်းကြောင့် မဟုတ်ချေ။ သူ၏ အင်္ဂလိပ်စာ အရေးအသား ကောင်းလွန်းခြင်းကြောင့်ပင်ဖြစ်သည်။ ဦးသောဘိတကျောင်း၊နေရှင်နယ်ကျောင်းကထွက်လာကြောင်း ကြားဘူးထားသော သူ့မိတ်ဆွေ ကျောင်းသားများကမူကား၊ သူ့ကွယ်ရာ၌ '' ဒီလူဟာ ဘုန်းကြီးကျောင်းကထွက်လို့သာဟော့။ ဒိုင်အိုတို့ စိန်ပေါ်တို့က ထွက်ရင် အင်္ဂလိပ်တွေကို သူကပြန်သင်မှာ''ဟု ချီးကျူးမှတ်တမ်းတင်ကြရ၏။ သူရေးသားသော အင်္ဂလိပ်စာမူမှာ- (E. Burke.) ဆိုသည့် အင်္ဂလိပ်စာရေး ဆရာကြီး အက်ဒမန်ဘတ် ရေးသောမူမျိုးနှင့် တူလေသည်။ စကားသံပြောင်၏။ ခက်ခဲ နက်နဲသော စကားလုံးအသုံးများ၏။ လက်ရေးကလည်း သော့လည်းသော့၏။ သော့ပေမင့် လက်ရေးညီ၍ မလှဟုမဆိုနိုင်။ ကြောင်ချစ်သလိုမဟုတ်။ တမျိုးပင်ကြည့်၍ကောင်းလေသည်။ လက်ရေးကြည့်လျှင် စိတ်မြန်ပုံကို မြင်ရုံနှင့် ခန့်မှန်းနိုင်ပေ၏။

လူလောကတွင် မည်သည့်အရာကိစ္စကိုမဆို ကိုအောင်ဆန်းသည် စိတ်နေသဘောထား တိကျမှန်ကန်စွာနှင့် ရိုးသားဖြောင့်မတ်မှုကိုသာ လိုလားခဲ့လေသည်။ မှန်ရာလုပ်

သည့်အတွက် အသက်ပင် သေသေ။ လမ်းလွဲကို မလုပ်ဟု အဓိဋ္ဌာန် ကြီးလှသည့် ကိုအောင်ဆန်းအား၊သူနှင့်နီးစပ်သောသူတိုင်းကချစ်ခင်ကြည်ညို လေးစားခဲ့ကြသည်ပင် ဖြစ်ပေသည်။ ကိုအောင်ဆန်း ကောလိပ်တွင်ရှိနေဆဲ-မည်သည့်အတန်းတွင် ရောက်နေသည်ကိုကား မမှတ်မိ။ အမျိုးသားအောင်ပွဲနေ့ ကျင်းပရာဝယ်- တက္ကသိုလ်ကျောင်းသားများသမဂ္ဂသည်လည်းပါဝင်ခဲ့ရကား၊ဘုရင်မပန်းခြံအတွင်း၌ကျင်းပသောဟောပြောပွဲတွင် ကိုအောင်ဆန်းသည် ပဌမဆုံးအချိန်၊ ရန်ကုန် လူထုကြီးအား ဟောပြောခြင်းပြုသည့်အကြောင်းကို သတင်းစာတွင် ဘတ်လိုက်ရလေသည်။ ရှေးက ကောလိပ်ကျောင်းသားများမှာလည်း ကျောင်းသားများသာဖြစ်ခဲ့၍ လူလားမြောက်သူများကို ကျော်လွန်ခဲ့ဘူးသည့်သူမတွေ့ရ။ ကမ္ဘာလောကကြီးအား ဖန်တည်းနိုင်စွမ်းရှိသူတို့၏ လက်ခုတ်တွင်းရှိရေမျှသာဖြစ်ကြောင်း သဘောမပေါက်သေးသောကျွန်ုပ်တို့သည်၊ ကိုအောင်ဆန်းအားမိမိတို့နေရပ်မှနေ၍ အထူးအဆန်းသဘွယ် ထင်မှတ်ခဲ့လေသည်။ အဘယ်သို့လျှင်ကြံဖန်ဟောပြောခဲ့လေဘူးသနည်းဟူသော ပြဿနာကြောင့် အတော်ပင် အထင်အမြင်လည်းကြီးခဲ့၏။ရှေးကကောလိပ်ကျောင်းသားတိုင်းပင် အစိုးရလက်တွင်ရာထူးကိုနောက်ဆုံးထား၍ အထက်တန်း ရာထူးကြီးများကို မှန်းထားခဲ့ကြသည့်အတိုင်း၊ နိုင်ငံရေးကိစ္စများတွင် စွက်ဘက်ရန်မဆိုထားဘိ စိတ်ဝင်စားခြင်းမျှ မရှိခဲ့သည်မှာ၊ ရာထူးရရှိရေးတွင် နှောင့်နှေးခဲ့ယဉ်းခြင်း ရှိမည်ကို စိုးရိမ်ခဲ့ကြခြင်းကြောင့် ဖြစ်လေသည်။ ကိုအောင်ဆန်းအကို ကိုအောင်သန်းမှာ အမျိုးသားကျောင်းထွက် ပီသစွာ မျိုးချစ်စိတ်ကို အရင်းခံထား၍ နာမည်ကြီးအင်္ဂလိပ်သတင်းစာ တိုက်တတိုက်သို့ ဆောင်းပါးတစောင် ရေးသားပေးပို့ခဲ့ဘူးရာ၊ သတင်းစာတွင်မပါဘဲ၊ ဆိုင်ရာအယ်ဒီတာက ခင်ဗျားကျောင်းကကျောင်းသားတယောက် ဒီဆောင်းပါးရေးတယ်ဟု တိုင်သည့်စာနှင့် အတူ ဆောင်းပါးကိုသာ ကောလိပ် ကျောင်းအုပ်ကြီး ဆီသို့ ပေးပို့လိုက်သဖြင့် သတိ အပေး ခံရသည်မှ စ၍ ကိုအောင်သန်းမှာ နောက်ထပ် ထိုကိစ္စမျိုးမလုပ်ဝံ့တော့ဘု ကြားသိခဲ့ရဘူး၏။ ဤမျှစည်းစနစ်ကျနစွာနှင့် တိုင်းပြည်နိုးကြားမှု ကျောင်းသားများ၏ တိုးတက်မှုကို ကြီးကြပ်တားဆီးခဲ့ပါလျက်နှင့် ကိုအောင်ဆန်းသည် ကျောင်းစည်းကမ်းများ အတွင်းမှ စနစ်တကျ သံပဟိုးစုံး ကုန်း၍ ရုန်းကာထခဲ့သဖြင့် ဗျူရိုကရက်တို့ ပက်လက်လန် ကျသွားရခြင်းကား အံ့ဘွယ် သရဲ၊ ထူးကဲသော အထိမ်းအမှတ် အထ္ထုပ္ပတ်ကြီး တရပ်ပင်တည်။

---

## အခဏ်း ( ၁၃ )

### "အိုးဝေနှင့် သပိတ်ကြီး"

ဥက္ကဌကိုနု အမှူးပြုသော သမဂ္ဂအမှုဆောင်တက်သောနှစ်တွင်၊ သမဂ္ဂမှ မဂ္ဂဇင်းတစောင် ထုတ်ဝေရန် စိုင်းပြင်းကြ၍ "အိုးဝေ" ဟု အမည်ပေးကာ၊ ကိုအောင်ဆန်းကိုယ်တိုင်လိုက်၍ " အိုးဝေဘို့ ဆောင်းပါးတွေရေးကြဗျာ။ ရေးချင်တာရေး။ ကျင်တာ

ဝန်ခံတယ်။ ချစ်ရေးကြိုက်ရေးတော့မလိုချင်ဘူး။ ကျောင်းသားတွေ တိုးတက်မှာ ရေး။ ကျုပ်မျက်နှာ မလိုက်ဘူး။ကောင်းတာဆိုထည့်မှာဘဲ''ဟုဆို၍ ဆောင်းပါးများတောင်းလေ၏။

အိုးဝေ ထွက်လာသည့်အခါ (Hell Hound At Large) ခေါ်၊ "ခွေးသရမ်းကြီး လွတ်နေသည်'' ဆိုသော ဆောင်းပါးတစောင် ပါလာ၏။ မည်သူကို ရည်ရွယ်ရေးသည်ကို ပြောစရာမလို။ တက္ကသိုလ်နယ်ပယ်တွင် သိမ့်သိမ့် တုန်သွားစေ၏။ အနာပေါ် ဒုတ်ကျသည့်အတူ၊ နာသူ နာပြီး ကျောင်းအုပ်ကြီးထံ အစီရင်ခံသဖြင့် အရေးယူ၏။ ဆောင်းပါးအတွက်မှု ကိုအောင်ဆန်း တာဝန်ခံသဖြင့်- ကိုအောင်ဆန်းထံ အာဏာပိုင်တို့က အကြပ်ကိုင်၏။ မှိုတေတေ ကိုအောင်ဆန်းသည်၊ တာဝန်ကို တာဝန်ခံ ပီသစွာ မှိုတေတေနှင့်ပင် ရဲရင့်စွာ ယူထား၏။ အာဏာပိုင်တို့အား အလျှော့ မပေး၊ ရေးသူကို ထုတ်ဖေါ် မပြောသဖြင့် သမဂ္ဂနှင့် ကျောင်းအုပ်ကြီးတို့ အရေးဆိုပွဲ ပြင်းထန်ခဲ့ရာမှ၊ ကိုအောင်ဆန်းကို ကျောင်းမှ ထုတ်ပယ် ခံရ၏။ သမဂ္ဂ ဥက္ကဋ္ဌ ကိုနုကိုလည်း အရေးယူသဖြင့်၊ ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ကြီး အတိုက်အခံ ဖြစ်ကြရ၏။

မျက်ဖြူဆိုက်လေ- ဆရာကြိုက်လေ ဆိုသည့်အတိုင်း အာဏာပိုင်တို့က အရေးယူလေ, သမဂ္ဂက ကြိုက်လေပင်၊အာဏာပိုင်တို့သည် သမဂ္ဂ၏ နှပ်ကြောင်းကို ချိုးမိလေပြီ။ ကိုနုကိုပါ ကျောင်းမှထုတ်၏။သမဂ္ဂကကြိုက်၏။ကျောင်းသားအများပို၍ သွေးဆုလာ၏။ မရခဲ့ဘူးသော စည်းလုံး မှုကို ရခဲ့တော့၏။ တသွေးတည်း, တသံတည်း ဖြစ်လာ၏။ ၁၉၃၆-ခုနှစ် ဖေဖေါ်ဝါရီလ ၂၂-ရက်နေ့တွင် သပိတ်ကြီး မှောက်လိုက်၏။

မာလိန်မှူး ကိုနု နှင့် ပဲ့ကိုင်ကိုအောင်ဆန်းတို့ ခေါင်းဆောင်သောသပိတ် ကရဝိတ်ဘောင်တော်ကြီးသည် မြန်မာပြည်တခွင် ပြိုပြင်အောင် အန့်ံ အပြား ရွက်တိုက်ခဲ့၏။ အနယ်နယ်က ကျောင်းသားများပါ မှောက်ကြ၏။ သပိတ် အင်အား တနေ့ တခြား တိုးတက်ကြီးမားခဲ့၏။ရှေးက သပိတ်မျိုး မဟုတ်၊အကြံသစ်,ဉာဏ်သစ်,ခြေလှမ်းသစ်များနှင့် တိုက်ပွဲကို ဆင်နွှဲကာ အရေးဆိုလျက် ရှိ၏။ဤအခြင်းအရာများကို ကြည့်ခြင်းအားဖြင့် ကိုနု၊ ရာရှစ်၊ ကိုအောင်ဆန်းတို့၊ ကိုလှဖေ၊ ကိုအုန်း၊ ကိုကျော်ငြိမ်း၊ ကိုသိန်းဖေ ကိုထွန်းအုန်တို့လူသိုက်၏ကြံရည်,ဖန်ရည်ပေါ် လွင်စေ၏။အစိုးရစုံထောက်ကိုပင် တုန့်ပြန်စုံထောက်၍ ဘုရားစောင်းတန်းမှ နှင်ထုတ်ခဲ့၏။ တက္ကသိုလ် အာဏာပိုင်တို့၏ အကြံအစည်ကို ညဥ့်တွင်းချင်း သိနိုင်ခဲ့၏။ ကျောင်းသားတို့၏ စိတ်ဓာတ် အမြဲတက်ကြွစေခဲ့၏၊

သပိတ်အတွင်း ကိုအောင်ဆန်းဆိုသူမှာ ကုလားကာနောက်ကွယ်မှ အလုပ်လုပ်၏။ ပေါ်ထင်မှုကို မရှာ။ ကုတ်ကုတ်နေသည်သာ တွေ့ရ၏။ အခြားခေါင်းဆောင်များကိုသာ ရှေ့ကထား၍ သူအလုပ်လုပ်သွား၏။ ရေးမှု,သားမှု,ရှုံးအလုပ်မှန်သမျှ သူဒိုင်ခံ၍လုပ်၏။ သုံးလကြာမျှ ကိုအောင်ဆန်းသည် တကုတ်ကုတ်နှင့် မဆုတ်,မနစ် သပိတ် ကာဝန်ကို ထမ်းခဲ့၏။

သပိတ်ကြီး လှန်လိုက်၏။ တက္ကသိုလ် အခြေအနေ အနည်းငယ် ပြောင်းလဲစေ၏။ တနှစ်ကုန်၍ တနှစ် ဆန်းခဲ့၏၊ ခေါင်းဆောင် အချို့ စာမေးပွဲ ပြန်ဝင်သူ ဝင်၍ မဝင်သူ မဝင် ထွက်သူ ထွက်ကြ၏။

---

## အခန်း ( ၁၄ )

### နယ်ကျောင်းသား-သမဂ္ဂ များသို့။

ရန်ကုန်ကောလိပ် သပိတ်ကြီး လှန်ပြီးသည့်နောက်၊ ကိုအောင်ဆန်းသည် ဗမာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ တည်ထောင်ရန် စိုင်းပြင်လျက် ရှိကြောင်းနှင့် ကြားသိရသည့်အတွက်၊ ဗမာတပြည်လုံးနှင့်သက်ဆိုင်ရာကိစ္စကား လူငယ်ပိုင်းအဘို့တွင် လွယ်ကူခြင်း မရှိခဲ့သည်ကို ထောက်၍၊ အောင်မြင်ခြင်းနှင့် နီးကပ်ရန် ခဲယဉ်းဘိ၏ဟု အများက ထင်မြင် ခဲ့လေသည်။ ကျောင်းသား သာသာ မျှသာ ရှိသေးသည့်၊ ကို အောင်ဆန်းကား ''မဆုတ်မနစ်၊ မဖြစ်မနေ၊ပေပေ တေတေ၊သေချင်သေ လုပ်မဟေ့'' ဟူသော၊ ဇွဲသတ္တိ ကြီးမားစွာဖြင့် သူ၏ရည်ရွယ်ချက် ပန်းတိုင်သို့ရောက်အောင်၊ မြို့တိုင်း ရွာတိုင်း၌ 'ကျောင်းသား-သမဂ္ဂ'များ တည်ထောင်ပြီး၊ တည်ထောင်ဆဲဖြစ်နေသည်ကို တွေ့ရလေသည်။ ထိုအတွင်း ဂန္တလောက မဂ္ဂဇင်းတွင် ကျောင်းသူ ကျောင်းသားများ ယူနီဖောင်း ဝတ်ရေးနှင့် စပ်လျဉ်း၍၊ ကိုအောင်ဆန်းနှင့် ပန်းတနော် ဦးသန့်တို့ အပြန် အလှန် ဝေဘန် ရေးသားသည့် ဆောင်းပါး များကို ဘတ်ရှု ခဲ့ရသည်။ ဦးသန့်ကား ယူနီဖောင်း ဝတ်ခြင်းတွင် အပြစ်ကိုသာမြင်၍၊ ယူနီဖောင်း ဝတ်ခြင်းသည် ချုယ်လှယ်ခြင်း ပင် ဖြစ်သည်။ မိမိစိတ်တိုင်းကျ ဝတ်လိုသည့် အဆင်အသွေးကို မဝတ်ရ၊ မဝတ်လိုသည့် အထည်ကိုမှ ဝတ်ဆင်နေရခြင်းကား စိတ်ဒုက္ခကို ဖြစ်စေ၍ ယူနီဖောင်းကို မလိုလားအပ် ဟူသော အဓိပ္ပါယ်နှင့် တခမ်းတနား ရေးသား ထားသည်။ ကိုအောင်ဆန်းကား ရေနံ ချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းတွင် နေစဉ် ကတည်းက၊ ကိုယ်တိုင် ယူနီ ဖောင်းဝတ်ခြင်းမှ ဖြစ်ပေါ်လာသော အကျိုးတရားများကို ကိုးကားလျက် အသားပါပါ ရေးသားခဲ့လေသည်။ နှစ်ဦးစလုံး လူတော်ချည့်ပင် ဖြစ်၍၊ ဘတ်၍ ကောင်းလှ ပေတော့ သည်။ ထိုစဉ်ကမူ စာပေလောကမှ ပါရဂူတို့မှာ ထိုအချက်နှင့် ပတ်သက်၍၊ ထောက်ခံ ခြင်း၊ ကန့်ကွက်ခြင်း မပြုခဲ့ကြသည့်အတွက် များစွာ အရေးကြီး လှသည်ဟု ထင်မှတ်ခဲ့ ကြဟန် မရှိကြောင်း ထင်ရှားသည်။

သို့သော် နောင်သောအခါ ဗမာပြည်၏ အမျိုးသား ခေါင်းဆောင်ကြီး ဖြစ်သော ဗိုလ်ချုပ် အောင်ဆန်း ၏ ကျောင်းသားဘဝရှိ ထင်မြင်ချက်နှင့် ရေးသားချက်တို့ကို ပြန် လှန်မသုံးသပ်နိုင်ခဲ့ခြင်းဖြင့်၊ ကျွန်ုပ်တို့တွင် တန်ဘိုးတခု ဆုံးရှုံးခဲ့ရလေပြီ။

ကျောင်းသားသမဂ္ဂအား ဖွဲ့စည်း တည်ထောင်ခြင်းနှင့် လိုအပ်သည့် ရံပုံငွေများ ကောက်ခံ စုဆောင်းရေး ကိစ္စများအတွက်၊ မကွေး၊ ရေနံချောင်း စသည့်မြို့များသို့ သွား

လာ လှည့်လည်ရန် တာဝန်မှာ ကိုအောင်ဆန်း အပေါ်တွင် ကျရောက်ခဲ့သည့် အတိုင်း ဖြိုးကနဲ မမျှော်လင့်ဘဲနှင့် နတ်မောက်, တောင်တွင်း, မကွေး, ရေနံချောင်း မြို့များသို့ ထွက်လာခဲ့ရပေသည်။ အချိန်မှာ ၁၉၃၇-ခုနှစ်ဖြစ်၍ (၉၁) ဌာန အုပ်ချုပ်ရေး အသက်ဝင်လာပြီးနောက်၊ ဒေါက်တာဘမော်မှာ ဝန်ကြီးရာထူးကိုလက်ခံပြီး အစည်းအဝေးပွဲပင် ကျင်းပပြီးခဲ့လေပြီ။ ထိုစဉ်က ကိုအောင်ဆန်းနှင့်ဆွေးနွေး၍ သိရသော အချက်များကား။ သူသည် နိုင်ငံရေး လိုက်စားမည်ဟု စိတ်ကူးကြောင်း။ နိုင်ငံရေးမှာ သမံကာ၁ရှန်ကာနှင့် မဖြစ်နိုင်၊ ဗဟုသုတ များနိုင်သမျှများမှ အရေးပါ အရာရောက်အောင် ဆောင်ရွက် နိုင်မည့်အကြောင်း။ ထို့ကြောင့် ယခု အချိန်တွင် နိုင်ငံရေးနှင့် ပတ်သက်သည့် စာအုပ်များ-ကိုသာ အများဆုံး ဘတ်ရှုနေကြောင်း။ နိုင်ငံရေးသမား၏ဘဝကား ဘေးဒုက္ခများပြား၍ ဆူးညှောင့်ခလုတ် ပြည့်နှက်နေသည့်အတွက် လူတိုင်း၏ စိတ်၌ပေါ်ထွက်နိုင်သည့် လုပ်ငန်း မဟုတ်ကြောင်း။ (Live Dangerously) ခေါ် စာအုပ်ကို ဘတ်ကြည့်လျှင် သေမင်းနှင့် နဘမ်းလုံးရင်း လက်တလုံးကြား သေဘေးမှ သီကာ,ပွတ်ကာ လွတ်ထွက် လာသည့် အဖြစ်အပျက်များကို တွေ့ရမည် ဖြစ်ကြောင်း။ တော်ရုံစိတ်ဆိုလျှင် စာအုပ်ကို ဘတ်ပြီး၊ နောက်ဆုတ်သွားစေတတ်ကြောင်းများကို ပြောဆိုခဲ့လေသည်။ တခါနိုင်ငံရေး သမား ဖြစ်လာလို့ရှိရင် စကားလဲ ကြွယ်ဝနိုင်မှ တန်ကာကျတယ်။ လွှတ်တော် အစည်းအဝေးများတွင် (Order in Council) အရ၊ အမတ်တယောက် စကား ပြောနေစဉ် အခြားတယောက် ဝင်ရောက်ပြောဆိုခွင့် မရှိကြောင်း။ တခါက အစည်းအဝေး တခု၌ အမတ်ဧယောက် ပြောဆိုနေစဉ် အခြား အမတ်တယောက်က မေးခွန်းထမေးသည့် အတွက် မူလ စကား ပြောနေသူက ဥက္ကဋ္ဌကြီးအား ဤသို့ ပြောဆိုနေခြင်းကို တားမြစ်ပေးပါရန် တိုင်လိုက်ကြောင်း။ မေးခွန်း မေးသူကလည်း (Order in Council) အရ၊ စကားမပြောရဘူး ဟူ၍သာ ဆိုထားကြောင်း။ မေးခွန်းမမေးရ ဟူ၍ မပါ မေးခွန်းသည် စကားလောဟု အကြပ်ကိုင်လေရာ၊ မေးခွန်းပြဿနာကို ဥက္ကဋ္ဌကြီးပင် မဖြေဆို, မရှင်းလင်းနိုင် ဖြစ်သွားတော့ကြောင်း။ ဤကိစ္စကို နောက်ဆုံးဖြတ်ချက် ချပေးရန် ဟိုက်ကုတ်သို့ ရောက်သွားရာ၊ လည်ချောင်းတွင်းရှိ (Vocal Organ) ခေါ် အသံစတင်ဖြစ်ပေါ်ရာဌာနမှ ပေါ်လာသည်မှာ စကားချည်းသာ ဖြစ်ကြောင်း။ မေးခွန်း မေးရာတွင်လည်း (Vocal Organ) ကိုသာ အသံမပြုက မဖြစ်နိုင်။ ထို့ကြောင့် မေးခွန်း သည်လည်း စကားပင် ဖြစ်ကြောင်းနှင့် ဟိုက်ကုတ်က ရှင်းလင်း ဆုံးဖြတ် ပေးလိုက်သည့် အတွက်၊ လွှတ်တော်အစည်းအဝေးများတွင် အမတ်တယောက် စကားပြောနေခိုက် မည်သူတဦးတယောက်မှ မေးခွန်း မေးခွင့် မရတော့ကြောင်းကိုလည်း ရယ်ကာ မောကာနှင့် ပြောပြခဲ့ဘူးလေသည်။

ကိုအောင်ဆန်း, နတ်မောက်သို့ လာစဉ်အခါက နိုင်ငံရေး သမားလုပ်ရန် စိတ်ကူးပြင်ဆင်နေဆဲသာ ဖြစ်ပေသည်။ သခင် အစည်းအရုံးတွင် အတိအလင်းပါဝင်ခြင်းကား မပြုသေးပေ။ သို့သော်- ထိုစဉ်ကာလ ကတည်းကပင် တကယ်တန်း လွတ်လပ်ရေးမှာ အလှမ်း မဝေးလှကြောင်းနှင့် ပြောဆိုသွားဘူး လေသည်။ ၎င်း ပြောပြသော အချက်

အလက်များမှာ၊ တချို့အင်္ဂလန်ပြည်မှာရှိတဲ့ အင်္ဂလိပ်တွေဟာ စိတ်ကောင်းရှိတယ်။ဗမာပြည်မှာရှိတဲ့ အင်္ဂလိပ်တွေလို မဟုတ်ဘူး။ အတော်သဘောထား ပြည့်ဝပြီး ဆင်ခြင်တုံတရားရှိတဲ့ လူကျတော့ ဘယ်သူမှ ဒီကကောင်တွေ လုပ်တာမျိုးကို သဘော မကျဘူး။ ကမ္ဘာလှည့်တဲ့ အင်္ဂလိပ်တယောက် ရေးထားတဲ့ စာအုပ် တအုပ်ရှိတယ်။ သူဗမာပြည် ရောက်ခဲ့တုန်းက တွေ့ကြုံခဲ့တဲ့ အဖြစ် အပျက်တွေနဲ့ သူ့ယူဆချက်တွေ ပေါ့လေ၊ အဲဒီ စာအုပ်ကို ဗမာပြည်မှာ ဘတ်ခွင့် မပြုဘူး။ ကျုပ်ကိုယ်တိုင် ခိုးဘတ် ခဲ့ရတယ်။ အဲဒီ အထဲမှာ ဘာရေးထားသလဲဆိုတော့ သူက ကားနှင့် လှည့်တာဆိုဘဲ။အဲတာနဲ့ လမ်းမှာ ဗမာလူမျိုး တောသား တယောက်ကို မတော်မဆ ကားနှင့် ပွတ်တိုက် မိသွားတာနဲ့ ကားရပ်ပြီး၊ အဲဒီလူ ပွန်းတဲ့ ပဲ့တဲ့ နေရာတွေမှာ အသင့် ပါလာတဲ့ ဆေးတွေနဲ့ ပတ်တီး စည်းပေးပြီး၊ ငွေစက္ကူတွေ ထုတ်ပေးသတဲ့၊ သူ့စိတ်ထဲမှာ အဲဒီငွေပေးပြီး၊ မကျေနပ်, ကျေနပ်အောင် တောင်းပန်ဘို့ စိတ်ကူးထားသတဲ့။ တောင်းပန်လို့မှ ကြေနပ်ပါ့မလားလို့ စိတ်တတင့်ထင့်နဲ့ဘဲတဲ့၊ ဒါပေတဲ့ ငွေမြင်တော့ အဲဒီ ဗမာ တောသားဟာ ပြုံးရယ်ပြီး စိတ်မဆိုးကြောင်း၊ ဆေး ထည့်ပေးတာလဲဘဲ ကျေနပ်တဲ့ အကြောင်း ငွေမလိုချင်တဲ့အကြောင်းများကို ခြေဟန် လက်ဟန်နှင့် ပြောပြလို့ သူ့မှာ အံ့ဩသွားသတဲ့။

ပြီးတော့-ဒီဇလောက် သဘောကောင်းတဲ့ ဗမာလူမျိုးတွေဟာ လွတ်လပ်ရေး ဆိုတဲ့ စကားပြောတာ ထောက်ရင်၊ဧကန္တဗမာပြည်မှာရှိနေတဲ့ အင်္ဂလိပ်လူမျိုး အရာရှိတွေရဲ့ အုပ်ချုပ်ပုံ, ပြုမူပုံတွေဟာ အလွန့် အလွန်ဆိုးဝါး နေတာကြောင့် ဖြစ်ရမယ်။ ဒါကြောင့် မို့လို့သာ ဒီလူတွေလွတ်လပ်ရေးကို တောင်းနေတာဘဲလို့ ရေးသွားတယ်ဟု ပြောပြသွားခဲ့လေသည်။

နယ်များတွင် သပိတ်ကြီး အပြီး နိုးကြား လာသည်နှင့် အမျိုးသမဂ္ဂများ ထောင်ကြ၏။ အချို့ ကျောင်းများတွင်လည်း ဆရာကြီးကို ကြောက်ရသဖြင့် မထောင်ရသည့် ကျောင်းများ ရှိကြသေး၏။သမဂ္ဂ မထောင်ရသေးသော နယ်များတွင် ဖွဲ့စည်းရန်အတွက်၊ ဆိုင်ရာနယ်ကျောင်းသားများကို တာဝန်လွှဲပေးလိုက်၏။ ဆရာကြီးကို မလွန်ဆန်ရဲသော ကျောင်းသားများအတွက် ဤကိစ္စမှာ အခက်အခဲတခုဖြစ်နေ၏။ဆရာများလည်းကောင်း။ အစိုးရက လည်းကောင်း၊ ကျောင်းသားသမဂ္ဂ တည်ထောင်ခြင်းကိုပင် မနှစ်မြို့ မလိုလား၊ ဥပဒေနှင့် မကိုက်ညီ ကျော်လွန် သည်ဟု အထင်ရောက်ခါ၊ ကဖျက် ယဖျက် လုပ်ကြ၏။ စင်စစ်မှာမူ ဗြူရိုကရက် အစိုးရ၏ အာသီသနှင့် ဗီလာ ကျသည့် အရာ ခပ်သိမ်းသော အလုပ်ကို မလုပ်ဝံ့ကြချေ။ အမျက်တော်ယှမည်ကို စိုးရွံ့ကြ၏။ ပြေနေသော ထင်းချောင်းများ တပေါင်းတည်း စုစည်း မိမည်ကို စိုးရိမ်ကြ၏။

---

N. P. W. — 191- 8. 10000

# အခန်း ( ၁၅ )

## ဗမာ နိုင်ငံလုံး ဆိုင်ရာ ကျောင်းသား ညီလာခံကြီး။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂကြီး ၏ ပဌမဆုံး အကြိမ်ဖြစ်သော ညီလာခံကို၊ မန္တလေးမြို့တွင် စတင်ကျင်းပရန် နေ့ရက်များပင် ကန့်သတ်ပြီး ခဲ့ပြီ။ ညီလာခံ ကျင်းပမည့်နေ့ နီးကပ်လာသောအခါ၊ ကိုအောင်ဆန်းသည် အမိဖြစ်သူ ဒေါ်စုထံမှ စရိတ်ငွေတောင်းဆိုရာ၊ အမိဖြစ်သူမှာ ကိုအောင်ဆန်းအား ဤကဲ့သို့ နိုင်ငံရေး ကိစ္စနှင့် အလားတူဖြစ်သော အရာနှင့် သက်ဆိုင်သည့် ကိစ္စများကို ဆောင်ရွက်စေလိုသော ဆန္ဒမရှိသည့်အတိုင်း "မင်းကိုစရိတ်မပေးနိုင်ဘူး၊ ဒါ့တွေလုပ်နေတာလဲ ငါသဘောမတူဘူး" ဟု ပြောသည့်အတွက် "ကိုယ် စထွင်တဲ့ လမ်းဖြစ်နေလို့ မသွားရင်မဖြစ်ဘူး။ လေုင်ဘဲလဲ မနေနိုင်တော့ဘူး။ စရိတ်မပေးချင်ရင် နေပါ။ ခြေလျင်ဘဲ မန္တလေးရောက်အောင် သွားတော့မယ်" ဟု ခွန်းတုန့်ပြန်လည်ပြောဆိုပြီးနောက်၊ ကျွန်ုပ်တို့ခေါင်းဆောင်လောင်းဖွတ်သမား ဇွဲသမား ကိုအောင်ဆန်းသည်၊ အိပ်ရာလိပ်ကို ထမ်းရင်း နောက်လိုက် အဘော်မပါ နေအိမ်မှ ထွက်ခွါ သွားလေသည်။ ၎င်း၏မိခင် "အမေစု" မှာ ယတိပြတ်ဆုံးဖြတ်ချက်ချမိကာနောက်သို့မဆုတ်၊ တုံးတိုက်တိုက်တိုင်တိုက်တိုက်လုပ်တတ်သည့် သားထွေး၏ သဘောပင်ကိုယ် စိတ်ထားကို သိပြီးဖြစ်သည့် အတိုင်း၊ သွေးတိုးစမ်းသည့် သဘောမျိုးနှင့်သာ မူလက ပြောခဲ့ခြင်းဖြစ်ရာ၊ တယောက်တည်း အဖေါ်မပါဘဲ ထွက်ခွါသည့်အခါတွင် လျစ်လျူရှု မနေနိုင် တော့ဘဲ၊ ချက်ခြင်းပင် "ဘယ်သူရေ- ဘယ်ဝါတို့ရေ- အောင်ဆန်းနောက် လိုက်သွားပြီး ဒီငွေ ပေးလိုက်စမ်းပါ။ ဘူတာရောက်အောင် လိုက်ပို့ပြီးမှ ပြန်ခဲ့" ဟု ခိုင်းစေရသည်ကို နတ်မောက်မြို့တမြို့လုံး ထိုစဉ်က အထူးအဆန်းသဘွယ် ပြောဆိုခဲ့လေသေးသည်။

မန္တလေးမြို့၌၊ နွေရာသီ အတွင်း ပဌမဆုံး ဗမာ နိုင်ငံလုံး ဆိုင်ရာ ကျောင်းသား ညီလာခံ ကျင်းပကြလေပြီ။ မစ္စတာ-ရာရှစ်အား ဥက္ကဋ္ဌ၊ ကိုအောင်ဆန်း- အတွင်းရေးမှူး အဖြစ် ရွေးချယ်ကြ၏။ ညီလာခံ အသွား ကိုအောင်ဆန်းသည်၊ သူ၏ အစ်ကို မြို့အုပ် ဦးအောင်သန်းထံ ဝင်လာ၏။ လွယ်အိတ်တလုံး ပါလာ၏။ လွယ်အိတ်ထဲ၌မူ-ပညာရေး စံနစ်အကြောင်း စာအုပ်များနှင့်အတူတကွ၊ ရောမအဘိဓမ္မာ ဆရာကြီး (ပလေတိုး) ရေးသားသော (နိုင်ငံရေး အဘိဓမ္မာကျမ်း) နှင့် ၎င်းအပြင် အဝတ်အစားဆို၍လုံချီ ၂-ထည်သာ မြင်ရ၏။ သူပြန်သွားသောအခါ လုံချီတထည် ကျန်ခဲ့လေသည်။ အဝတ် အစားကို ဂရုစိုက် မစိုက် သိသာ၏။ သူစူးစိုက်သွားသည့် ကိစ္စမှာ မန္တလေး ညီလာခံသာ ဖြစ်ရာ၊ သဘော်ဆိပ်သို့အသွား မြင်းရထားပေါ်ပါသွားသော ကိုအောင်ဆန်းအား မြင်းရထားနောက်မှ လုံချီကျန်ခဲ့၍ လိုက်အော်ကာ တကြော်ကြော် ပေးသူ၏ အသံကိုပင် ဂရုမထားချေ။ ကိုအောင်ဆန်းကား မန္တလေးသာ ရောက်သော်လည်း လုံချီကျန်ရစ်ခဲ့မှန်းကို မသိရှာခဲ့ချေ။

သူ၏အစ်ကိုဖြစ်သူကသာ သူ့ညီအတွက်ခေါင်းတငြိမ့်ငြိမ့်နှင့်အံ့သြခြင်းဖြစ်ကာ....

''ဖြစ်မှဖြစ်ရလေ အောင်ဆန်းရယ်၊ လုံချီပါတာမှ နှစ်ထည်- တထည် ကျွန်သွားရသေးသကိုး၊ တော်တော်နတဲ့အကောင်''ဟု ရေရွတ်ရှာ၏။

ထိုစဉ်အခါက အညတြ အောင်ဆန်းအား၊ လူသူလေးပါး ဂရုမထားကြလှသေး။ ဦးအောင်သန်း ကသာ သူ့ညီအကြောင်း စကားဆက်မိရင်း သူ့ညီ၏ နိုင်ငံရေး စိတ်ထက်သန်ပုံကို ပြောပြကာ....

''သူနဲ့ ကျနော်နဲ့ဟာ ညီအစ်ကိုချင်း ဆိုပေမဲ့ သဘောချင်း မတိုက်ဆိုင်တဲ့ အချက် ရှိတယ်။ (We never agree to talk politics) ကျနော်တို့ချင်း နိုင်ငံရေး စကား ဘယ်တော့မှ မပြောဘူး။ ပြောရင် သဘောကွဲ ကြရော။''

ကျောင်းသား ခေါင်းဆောင် ဖြစ်သဖြင့်၊ အချို့ကလည်း ကိုနု - ကိုအောင်ဆန်း အကြောင်း တယောက်တခွန်း ကြားဘူးသည့်အတိုင်းပြောကြ၏။ ထိုအခါဦးအောင်သန်း ကပင် ကိုနုနှင့် သူ့ညီအကြောင်း ထပ်လောင်း၍ပြောသည်မှာ-

ကိုနုက သူ့အဘေဆီ ကောလိပ်ကနေ ငွေတောင်းတော့ ''အဘေ ကျနော် စာအုပ်ဘိုးဘယ်လောက်၊မုန့်ဘိုးဘယ်လောက်၊ကျောင်းလခ ဘယ်လောက်၊ ယောက်ျား တို့ထုံးစံအတိုင်း ပျော်တို့ ပါးတို့ ဘယ်လောက် ဆိုပြီးတောင်းသတဲ့၊ ဒီတော့ သားက အဲဒီလိုတောင်းတာကို အဘေ လုပ်သူကတခါ သားတောင်းတာတွေ အပြင်၊ ဆေးဘိုး ဝါးခကပါ ဘယ့်လောက် ဆိုပြီး ထည့်ပေးသတဲ့။ အဘေနဲ့ သားနဲ့ လိုက်သဗျာ''ဟု ဆိုကာ ရယ်ကြရင်း၊ ကိုအောင်ဆန်း အကြောင်း ရောက်သွားပြီး-

အောင်ဆန်းကတော့ ဒီလိုမဟုတ်ဘူး၊ သူတောင်းပုံက ''အမေ ကျုပ်ကတော့ ခင်ဗျားသားကြီးတွေလို လခစား အလုပ်တော့ လုပ်မဲ့သူမဟုတ်ဘူး၊ ကျုပ်တော့နိုင်ငံရေး လုပ်မှာဘဲ။ ဒါကြောင့် သုံးတို့ စွဲဘို့ ငွေရှစ်ဆယ်လောက် ပို့လိုက်ပါ။ ကျုပ်တော့ ဒီကျောင်းပိတ် အိမ်မပြန်တော့ဘူး''လို့တောင်းသတဲ့ဟု ပြောပြရှာ၍ ဘေးကလူများမှာ အံ့အာ သင့်ကာ မျက်လုံး ပြူးနေကြ၏။ အတော်ပြောင်ကျတဲ့ လူတွေဘဲဟု မှတ်ချက်ချ ကြသည်ကို ကြားသိရဘူးလေသည်။

---

## အခန်း ( ၁၆ )

## ကော်ခြံဘောက်စွပ်ပြုပ်။

၁၉၃၇-ခုနှစ် ရောက်ခဲ့ပြီး၊ သပိတ် အရှိန်ကြောင့် ကျောင်းသားများ ပြောင်းလဲမှု များစွာ တွေ့ရ၏။ နံ့သာ ချယ်မှုန် သီခြင်းများယုတ်လျော့သွား၏။မင်းသားကိုက်မှအမျိုး ကို ချစ်ခင်သော စိတ်ဖြင့် တိုင်းရင်းဖြစ် အထည်များကို ပြောင်းလဲ ဝတ်ဆင်လာကြ၏။

တက္ကသိုလ်သမဂ္ဂတွင် ခေတ်ပြောင်း တော်လှန်ရေး သမားတို့ စုဝေးရာ ဌာနဟု ပိုမို သိရှိကြ၏။ သမဂ္ဂအသင်းတိုက်မှာ ပိုမိုစည်ကားလာ၏။ အင်အား စုလာကြ၏။ သမဂ္ဂအမှုဆောင်တွင် အလိုတော်ရိများ မတိုးနိုင်တော့ချေ။ မဟုတ်မခံ အဆောက်အအုံကြီး သဘွယ် ပြောင်းလဲခဲ့၏။ သမဂ္ဂ အမှုဆောင်တို့သည် သာလျှင် ကျောင်းသားတို့၏ တိုင်ကြားရာ လူကြီးခေါင်းဆောင်များဟု အသိဉာဏ်ပေါ်လာကြ၏။

ကိုအောင်ဆန်းကား၊ ဝိဇ္ဇာအထက်တန်းတွင် ကျောင်းပြန်နေလျက်ရှိ၏။ တနှစ်လုံး သမဂ္ဂအလုပ်နှင့် အချိန်ကုန်၏။ သူ့အမူအရာအသွင်အပြင်ကား၊ ပြောင်းလဲခြင်းအလျှဉ်းမရှိ။ သို့သော် သူနှင့်သူ၏အပေါင်းအဖော်တသိုက်၏ လုပ်ရည် ကိုင်ရည် ကိုကား ဆရာများနှင့်ကျောင်းသားများကပါ အလေးမူလာကြရလေပြီ၊ သူ့အားထက်မြက်သောလူတယောက်ဖြစ်ကြောင်း သိကြပြီ။ သူသည် ခေါင်းမာသည်ဟု အသိ အမှတ် ပြုကြရလေသည်။ သူသည် သူ့ကိုယ်ကျိုး တွက်တာကို လုံးလုံး သတိမရ။ ကျောင်းသားတို့ အကျိုးသာ ရှေ့ရှုဆောင်ရွက်နေသည်ကို လူတိုင်းသိကြတော့လေပြီ ''အောင်ဆန်းအရူး'' ပျောက်၍ '' ကိုအောင်ဆန်း ကျောင်းသား ခေါင်းဆောင်၊ အိုးဝေ တာဝန်ခံ '' ဟူ၍ သိကြ၏။ ကိုအောင်ဆန်းကား ဝင့်ဝါပလွှားခြင်းမရှိ။ မော်ခြင်း ကြွားခြင်းမရှိ၊ ထုံးစံအတိုင်းပင် နေထိုင်သွားလာ၏။

ကိုအောင်ဆန်းအား၊ ပဲခူး ကျောင်းဆောင်မှ ကိုယ်စားလှယ် အဖြစ် ( Mess Committee.) ခေါ် စားရေး သောက်ရေး ကော်မီတီတွင် တင်မြှောက်ပိုက်ကြ၏။ ကော်မီတီတိုင်း ကျောင်းဆောင်အတွက် တကြိမ်လျှင် နှစ်ရက်ဆက်၍ (Menu.) မီးနူး ခေါ် ဟင်းလျာစာရင်း ရေးပေးရ၏။ ကိုအောင်ဆန်းသည် တညသော် အလယ်ဟင်း မကြီးတခွက်အတွက် ဝက်ခြေထောက်စွပ်ပြုတ် ချက်စေ၏၊ ထမင်းချက်တို့လည်း ရေးပေးသည့်အတိုင်း ချက်ရလေသည်။ ညစာထမင်းစားချိန်တွင် ဟင်းမကိုကြည့်ရာ ကျောင်းသားတိုင်း ဒေါ်ပွကြကုန်၏။ '' ဟေ့ ဒီနေ့ည ဘယ်သူရေးတဲ့ ဟင်းလဲကွ။ ဟင်းနဲ့မှ ထမင်း စားဘူးရဲ့လားဟေ့- ဒါ တောလက် ကျေးရွာ ဇနပုဒ် မဟုတ်ဘူးကွ။ '' နှင့် ကျောင်းသားအများ စားပွဲတိုင်းမှ ကြွက်စီကြွက်စီ ဖြစ်လာကြ၏။ ဝက်ခြေထောက်ဟင်းနှင့် မစားနိုင်ကြဘဲ ဆူဆူပူပူဖြစ်ကုန်၏။ အချို့ ကျောင်းသားကြီး များသည်၊ စမိုမှူးကို ခေါ်ကာ မီးနူးစာအုပ်တောင်းကြည့်ရာ၊ ကိုအောင်ဆန်းတရားခံဖြစ်နေ၏။ကိုအောင်ဆန်းအား ဝိုင်းအုံကြည့်ကြသောအခါ၊ သူ့မှာ ဣန္ဒြေမပျက်- သူရေးသည့် ဟင်းစာရင်းနှင့် သူ ဘာမျှ မဖြစ်သည့်နှယ် ထိုင်လျက် စားလုက်တွေ့ရ၏။ အခြား ကျောင်းသားများမှာမူ မရှုံးမရွှနှင့်စိတ်ဒေါသဖြစ်ကာ သူ့အား စူးစူးစိုက်စိုက် မျက်စိပေါင်းစုံ ကြည့်နေကြ၏၊ သူ စားဝသောအခါ၊ သူသည် ထမင်းစားခန်းထဲမှ ခပ်တည်တည်နှင့်ပင် ထွက်သွား၏။ ကျန်သောကျောင်းသားများစိတ်ဌကား မခံချိ မခံသာဖြစ်လျက် '' ဒါကြောင့်လူ့ဥစာပါ လို့မပြောဘူးလား''ဟု မှတ်ချက်ချကာ ဝက်ခြေထောက် ဟင်းနှင့်ပင် ပြီးကြရတော့သည် ဟူ၏။

# အခန်း ( ၁၇ )

## ဝိဇ္ဇာတန်းတွင်။

၁၉၃၆-ခုနှစ် သပိတ်မှောက်သည့် အချိန်မျိုးရောက်ခဲ့ပြန်၏။ ကျောင်းသားများမှာ ရှုးရှုးမိုက်မိုက်နှင့် သပိတ်မှောက်ရသည်ကို၊ အပျော်ထမ်း ကစားနေရာဟု ထင်နေကြသူများက ထင်နေကြ၏။ ယမန်နှစ်ကအချိန် ရောက်သောအခါ ကျောင်းကြီးတပိုက်လှုပ်လှုပ်ရွရွ ဖြစ်လာပြန်၏။ သပိတ်မှောက်ရန် အကြောင်းရှာ၍ လှုံ့ဆော်ကြ၏။ ခေါင်းဆောင်လုပ်ရသူများအတွက် ဝန်လေးသလောက်၊ မှောက်သူ နောက်လိုက်တို့အတွက် ပေါ့ပေါ့တန်တန်နှင့် ပျော်ပွဲထင်နေကြ၏။ ကျောင်းသား ခေါင်းဆောင်များအဘို့ အရေးဆိုစရာ လက်နက်သဘွယ်သာ အသုံးပြုရသည့်သပိတ်မှာ ကျောင်းသား လူမမယ်တို့ အဘို့ စာကျက်ရသက်သာပြီး၊ စာမေးပွဲ မဖြေဘဲ အောင်နိုင်သည့် လက်နက်ဟု ထင်ကြ၏။ အကြောင်းမသိသော ကျောင်းသားများအတွက် ခေါင်းဆောင်များခေါင်းခဲ့စရာအခြေသို့ပင် ဆိုက်ရောက်ခဲ့လေသည်။

ထိုနှစ်တွင် နယ်အထက်တန်းကျောင်းများမှ ကျောင်းသားသပိတ်ခေါင်းဆောင်များ ကောလိပ်သို့ ရောက်ရှိလာသောနှစ်ဖြစ်၏။ကောလိပ်ကျောင်းရောက်စဖြစ်၍ နေရာတကာတွင်ကြွယ်ချင် ကြ၏။ သပိတ်သည် ပျော်စရာ ကစားမျိုး ထင်ကြ၏။ လူသစ်များစုပေါင်းပြီး တက္ကသိုလ်သမဂ္ဂ သပိတ်မှောက်ရန် အစည်းအဝေးတခုတွင် အဆိုသွင်းကြ၏။ ငွေကြေးအခက်အခဲ မည်မျှကြပ်တည်းစွာနှင့် တိုင်းသူပြည်သားတို့အပေါ် မည်မျှ ဒုက္ခပေး၍ မှောက်ရကြောင်းကို သိပြီးသော ကျောင်းသားကြီးများမှုကား သပိတ်မှောက်စရာ အကြောင်းမလုံလောက်။ သပိတ်လက်နက်ကို အပေါစားအဖြစ်မခံနိုင်၊ သူ့နေရာနှင့်သူ အံကျမှ သုံးချင်၏။ မသိမလိမ္မာသူများကား သပိတ်မှောက်ရန် တောင်းဆိုနေကြ၏။

ကိုအောင်ဆန်းသည် ကျောင်းသားများနှင့်ရော၍ သူထိုင်နေကျ ဘေးတန်း ဒုတိယထိုင်ခုံမှထ၍ " ကဲ ခင်များတို့ ဒါလောက်တောင် သပိတ်မှောက်ချင်ရင် ဒီလို ခဏခဏမှောက်မနေနဲ့ သပိတ်ဈေးပျက်တယ်။ (Perpetual Strike) ဘယ်တော့မှ ကျောင်းပြန်မဝင်စတမ်း ထာဝစဉ် သပိတ်မှောက်မလား။ ကျုပ်ခေါင်းဆောင်မယ်။ ကဲသတ္တိရှိရင် ထွက်လိုက်ခဲ့ကြ " ဆိုကာ သူရှေ့ကထွက်သွားလေ၏။ ဘယ်သူမျှမလိုက်ဝံ့။ အကြောင်းမဲ့ သက်သက်မှောက်ရန် သူသဘောမတူ။ ထိုသို့ပြောသည့်အခါမှ ကျောင်းသားများ ငြိမ်သက်သွားလေ၏။

ထိုနှစ်တွင် ကိုအောင်ဆန်းသည် ဝိဇ္ဇာ အထက်တန်းသားဖြစ်၏။ ယမန်နှစ်က စာမေးပွဲ မဝင်။ယခုနှစ်မှ ဝင်ရန်ပြင်ဆင်၏။ သို့သော် သူ၏အချိန်များမှာ ခါတိုင်းလိုပင် အပြင်၌ကုန်၏။နေ့မနား လုပ်လွန်း အားကြီးသဖြင့်၊ စာမေးပွဲ နီးသောအခါ ဆေးရုံတက်ရ တော့၏။စာမေးပွဲရက်လည်း နီးကပ်လာလေပြီ။ ရက်နီးကပ်ရုံမက၊စာမေးပွဲရက် ဆိုက်ရောက်ခဲ့လေပြီ။

ကိုအောင်ဆန်းသည် စာမေးပွဲအချိန်ဝေးစဉ်ကလည်း ကျောင်းစာနှင့် အရောမဝင် စာမေးပွဲအချိန်နီးတော့လည်း စာအုပ်တခြား လူတခြား၊ စာအုပ်များကား ကျောင်းဆောင်အခန်းတွင်း သော့ပိတ်လျက် ဖုံထူ၍ဖုံးလွှမ်းမိန္ဒြခြင်းဖြင့် နစ်မွန်း နေကြရှာ၏။ လူကားဆေးရုံတွင် ရောက်နေ၏။ အရှင်နှင့်ကင်းကွာသော စာအုပ်များမှာမူ၊ မျက်နှာငယ်နှင့် ရတက်ကြွယ်ကာ-''တို့အရှင်ကိုအောင်ဆန်း စာမေးပွဲအောင်ပန်းမှ ဆွတ်လှမ်းနိုင်ပါ့မလား'' ဟု အပူပွားနေကြရှာမည်မှာ မလွဲပေ။ သို့သော်– ကိုအောင်ဆန်းကား စာမေးပွဲနေ့၌ဆေးရုံမှ စာစစ်ခန်းသို့သွား၍ ဖြေဆို၏။ သို့နှင့် စာမေးပွဲသာ ပြီးခဲ့သည်။ စာအုပ်များ ဖုံမခါမိ။

အောင်စာရင်းများ ထွက်လေပြီ။ ကိုအောင်ဆန်း အောင်လေပြီ။ အင်္ဂလိပ်စာကလည်းအလိုအံ့လျောက်ကောင်း (Political Science) ပေါ်လစ်ထစ်ကယ်ဆိုင်းရင့် (စ) ဘာသာကလည်း နိုင်ငံရေး လိုက်စားသူမို့ တစိတ်တဒေသ ဖြည့်စွမ်း နိုင်ခဲ့၏။ ရာဇဝင်ကလည်း နိုင်ငံရေးသမားအတွက် ရာဇဝင်သမိုင်းများ ဘတ်ရင်း လေ့လာရင်း အနည်းနှင့်အများ သိကျွမ်းသည်သာများရကား၊စာမေးပွဲတွင် ထူးချွန်စွာနှင့် အောင်ခဲ့လေသည်။ သူနေမကောင်းမှန်းသိ၍ အစ်ကိုဖြစ်သူကပင် နေမကောင်းဘဲစာမေးပွဲမဝင်ရန် တားသေးသည်ကိုပင် ဝင်ဖြစ်အောင် ဝင်၍ အောင်ဖြစ်အောင် အောင်လိုက်သေးသည်။ စာမေးပွဲအောင်သည်ကို သူကိုယ်တိုင်မအံ့သြသလောက် သူ၏ သူငယ်ချင်းကျောင်းသားများအား အံ့သြစေ၏။ ဆေးရုံမှ သွားရောက်ဖြေဆိုပြီး အောင်လာသည်မှာ ကိုအောင်ဆန်းဆိုသည့် နာမည်ကြီး လူဆိုးတယောက်ကို ကျောင်းမှ မြန်မြန်ထွက် မြန်မြန်အေးသည် ဟူသော သဘောနှင့် အာဏာပိုင်တို့က အအောင်ပေးလိုက်သည်ဟုပင် ထင်ကြေးပေးကြသူ ပေးကြသေးသေးသည်။

သူက သူစာမေးပွဲ ဖြေဆိုခဲ့ပုံတွေ ပြောပြသော အခါ မသိသည့် ပုစ္ဆာကို မဖြေ။ သိသည့် ပုစ္ဆာနှင့် သိမည် ထင်သည့် မေးခွန်းတို့ကိုသာ ဖြေဆိုခဲ့သည်ဟု ပြန်ပြော၏။ သူ၏ အင်္ဂလိပ်စာနက်နဲ၍ အရေးအသား ကောင်းခြင်းကြောင့် မေးခွန်း၏ ဆိုလိုရင်းကို အနည်းအကျဉ်း သိလျှင်ပင် တက္ကသိုလ် စာမေးပွဲကို အောင်မြင်နိုင်လေသည်။

---

# အခန်း ( ၁၈ )

## ဗွတ်သမား။

၁၉၃၈–ခုနှစ်တွင် ကိုအောင်ဆန်းသည် ဥပဒေတန်း ပဌမနှစ်တွင် တက်ရောက်သင်ကြားလျက် ရှိ၏။ပဲခူးကျောင်းဆောင်မှာပင် နေမြဲ အခန်း၌ နေ၏။ ဝတ်မြဲ အဝတ်၊ ကိုင်မြဲ ထီး၊စီးမြဲ ဘိနပ်နှင့်ပင်တွေ့ရသည်။သူ့မူလလည်း အပြောင်းအလဲမရှိ၊မှန်တတော တွေဝေသည့် ဘဝက မတက်။ စကား မပြောဘဲ တွေ၍ စဉ်းစား နေလေ့ ရှိသည်။ ကိုအောင်ဆန်းကို တဖန် တွေ့ကြရပြန်လေသည်။

နေထိုင်မှု မူမပြောင်း သော်လည်း သူ၏ အသိတရားများ တိုးတက်လျက် ရှိလာလေသည်။ သူ၏ စွမ်းဆောင်မှု အရှိန်သည် ကြီးမားပြင်းထန်ခဲ့လေသည်။ သူ၏ စေတနာ သူ၏ လုပ်ရည် ကိုင်ရည် ကြံရည် ဖန်ရည်ကို ကျောင်းသားများ လေးစားခဲ့လေပြီ။ သူ၏ ဝိရိယကိုကား ပြိုင်နိုင်သူ ရှားသလောက် ဖြစ်၏။ သို့သော် ချုပ်ချယ်သော စည်းကမ်းကိုကား သူဂရုမထား၊ စည်းကမ်းပြင်ပတွင် အမြဲရောက်လျက်ရှိ၏။ သူသည် ဥပဒေအချုပ်အချယ်ကို သူ၏ အမျိုးသားရေး ကြိုးပမ်းဆောင်ရွက်မှုတွင် ဆူးညှောင့်ခလုတ်ဟု မှတ်ယူထားလေသည်။

တက္ကသိုလ်ကျောင်းဆောင်တို့တွင် ည ၇-နာရီ ထိုးလျှင် ဝင်းတံခါးပိတ်၏။ ၈-နာရီမှစ၍ ၁၁-နာရီ အထိ စာကြည့်ချိန် ဖြစ်၏။ စာကြည့်သည် မကြည့်သည်မှာ ကျောင်းသားတာဝန်။ သို့သော် ကြည့်လိုသည့် ကျောင်းသားကို မကြည့်လိုသူက မရှုပ်ရ။ မနှောင့်ယှက်ရ။ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်သည့် အရွယ်သာ ကျောင်းဝင်ခွင့် ရကြသဖြင့် ဆရာများက တာဝန် မယူချေ။ ညအချိန်များတွင် လူစုံ ရှိမရှိသာ ကျောင်းဆောင်မှူးက စစ်ဆေးသော ထုံးစံရှိ၏။ လိုက်လံစစ်ဆေးချိန်၌ မရှိသူကို လက်ထောက် အဆောင်မှူးလုပ်သူက အဆောင်မှူးအား တိုင်ရ၏။

ကိုအောင်ဆန်းကား မနက်ပိုင်း ကျောင်းတက်ပြီးသည်နှင့် တနေကုန် သမဂ္ဂအလုပ်နှင့် အချိန်ကုန်လေ့ ရှိ၏။ ပင်နီအင်္ကျီ၊ အိမ်တော်ရာထီးနှင့် လုံချည်တို့ကို ဝတ်ကာ အမြဲထွက်လေ့ရှိ၏။ အပြင်လူများနှင့်လည်း ဆက်သွယ်လျက် ကျောင်းသားအကျိုး သည်ပိုးလျက်ရှိ၏။ အပြင်လူများမှာ ဗမာပြည်တွင်းမှသာမက အိန္ဒိယပြည် နေရူး, ဂန္ဒီကြီးတို့နှင့်ပင်၊ ထိုစဉ် အခါ ကတည်းက အဆက်အသွယ် ရှိသည်ကို သူ့ကိုယ်တိုင် ပြောပြသဖြင့် သိရှိခဲ့ရလေသည်။

ကျောင်းသားများသည် နိုင်ငံရေးတွင် လိုက်စားထိုက်သည်ဟု သူ့၌ စွဲလန်းမှုရှိသည်အတိုင်း တက္ကသိုလ်သမဂ္ဂကြီးလည်း နိုင်ငံရေးကို ရှေးရှုလျက်သာ အစစ ခြေလှမ်းပြင်လျက် ရှိ၏။ သို့ခြေလှမ်းပြင်လေလေ ကိုအောင်ဆန်း အလုပ် ရှုပ်လေလေ ဖြစ်၏။ ထိုနှစ်တွင် ကိုနုလည်း ကျောင်းတွင် မရှိ။ သပိတ်မှောက်ပြီးကတည်းက မဝင်။ ဝိဇ္ဇာဘွဲ့ကိုပင် ပြန်အပ်ခဲ့ပြီး ဖြစ်၏။ မစ္စတာ ရာရှစ်မှာလည်း ဥပဒေဘွဲ့ ရ၍ ကျောင်းမှ ထွက်ပြီး ဖြစ်၏။ ကိုအောင်ဆန်းသာလျှင် ကျန်ခဲ့၏၊ သို့သော် ကိုနုနှင့် အဆက်အသွယ်ကား ပြုလျက်ပင် ရှိသေးသည်။

ကိုအောင်ဆန်းသည် ညစဉ် ညတိုင်း လူစစ်ချိန်၌ ကျောင်းဆောင်တွင် မရှိ။ အမြဲအပြင် ရောက်၍ အခန်း တံခါး ပိတ်လျက်သာ တွေ့ရ၏။ စစ်ရသူ အဆောင်မှူးကလေးများလည်း မရှိလျှင် မရှိကြောင်း စာရင်းသွင်းရ၏။ မရှိသူများအနက် ခွင့်ယူ မယူ ခွဲခြားသော်လည်း ခွင့်ယူသည့်အထဲ ကိုအောင်ဆန်း ဘယ်သော အခါမှ မပါ။ သို့ တခါတွေ့လျှင် နောက်နေ့ နံနက် စောစောတွင် လက်ထောက် အဆောင်မှူးက ခေါ်ယူတွေ့ဆုံပြီးလျှင် ထုချေချက် အကြောင်းပြရ၏။

ကိုအောင်ဆန်းအဘို့ တခါမဟုတ်။ နှစ်ခါမဟုတ်။ ကြိမ်ဖန်များစွာ အပြင်သို့ ခွင့်မယူဘဲ ထွက်ခဲ့၏။ ထွက်တိုင်း မိ၏။ မိတိုင်း အရေးယူကာ အဆောင်မှူးက ခေါ်၏။ အခြားကျောင်းသားများအဘို့ အဆောင်မှူးက ခေါ်လျှင် ကြောက်ရွံ့၍ ကြေနပ်အောင် အကြောင်းပြရန်သာ စဉ်းစားကြရ၏။ သူ့အဘို့ကား ကျောင်းစည်းကမ်းနှင့် မဆိုင်သည့်နှယ် ခပ်ထယ်ထယ်ပင် နေ၏။

တနေ့သော နံနက်သော် လက်ထောက် အဆောင်မှူး၏ တပည့်တယောက်သည် ကိုအောင်ဆန်း၏ အခန်းကို တံခါးခေါက်လျက်တွေ့ရ၏။ အတွင်း၌နေမြင့်အောင် အိပ်တတ်သော ကိုအောင်ဆန်းအား နာမည်ကိုခေါ်၍ နှိုးနေ၏။တံခါးကို တဝုန်းဝုန်းနှင့် နှိုးနေသည်ကို အထဲက စကားပြန်မပေး။ အတန် ကြာကာမှ''ဟေ့-ဘယ်သူလဲကွ'' ဟု မေးသံကြားရ၏။

''ကိုအောင်ဆန်း ဆရာက ခဏလာပါအုံးတဲ့''

''ဘာလုပ်မလို့လဲ''

''တွေ့ချင်လို့တဲ့''။

''တွေ့ချင်ရင်-မတွေ့နိုင်ဘူးပြောလိုက်''။

''ခဏပါ-အခုချက်ခြင်းလာပါတဲ့''။

''မလာနိုင်ဘူး-အိပ်နေတယ်ပြောလိုက်''။

တံခါးကိုကား မဖွင့်ချေ။ အိပ်ရာထဲမှ အာလုပ်သံကြီးနှင့် ပြောနေသံ ကြားရ၏။ လာခေါ်သူ ပြန်သွား၍ အဆောင်မှူးအား ပြော၏။ တဖန် နှိုးခိုင်းပြန်၏။ ''မလာနိုင်ဘူး ပြောလိုက်''ဟူသော အဖြေသာ ရသွား၍ ကိုအောင်ဆန်းကိုကား ခေါ်မရခဲ့ချေ။

လက်ထောက် အဆောင်မှူးလည်း အာစရိ ဇွဲမြဲ အပျက်မခံ၊ ထပ်မံကာ စာနှင့် ရေးလျက် စာပေး စာယူ မှတ်ပုံတင် စာအုပ်နှင့် အပေး ခိုင်း၍ ခေါ်၏။ တပည့်လည်း စိတ်ညစ်ညစ်နှင့် သွားရပြန်၏။ အဆောင်မှူးလည်း မခံချိ မခံသာ ဖြစ်နေ၏။ ကိုအောင်ဆန်းကား အိပ်ရာထဲမှ မထသေး။ ညဥ့်နက်သန်းခေါင်မှ ပြန်ပြီး၊ နေမြင့်မှ ထရေ့ရှိသည် အတိုင်း အိပ်ဆဲပင် ဖြစ်၏။ တံခါး ခေါက်ပြန်လေပြီ။ ကိုအောင်ဆန်းလည်း ဒေါသ သံဖြင့်....

''ဟေ့- လာပြန်ပြီလား၊ ငါ အိပ်နေတာ မသိဘူးလား။ ဘာ လုပ် မလို့လဲ''ဟု အော်ငေါက်ရင်း တံခါးကို စိတ်ဆိုး မာန်ဆိုးနှင့် ဖွင့်၏။ လာနှိုးသူလည်း သူ့အား စာရွက်ဘခုပေး၍ စာအုပ်တွင် စာရကြောင်း လက်မှတ်ထိုးခိုင်း၏။ ကိုအောင်ဆန်းသည် ထိုစာရွက်ပါ စာများကို အိပ်မှုန်စုံမွှားနှင့် ဘတ်၏။ ဘတ်ပြီးလျှင် လက်မှတ် ထိုးရန် စာအုပ်လှမ်းယူပြီး။ ဆုတ်ဖဲ့ပစ်လေ၏။ နောက်လက်ထဲမှ စာရွက်ကိုပါ ချေမွဆုတ်ဖြဲပစ်လေ၏။ ပြီးလျှင်တံခါးပြန်ပိတ်၍''မလာဘူးသွား''ဟု နှင်သံကြားလိုက်ရ၏။ အဆောင်မှူးလည်း စိတ်ညစ်၏။ သူ့ကိုကျောင်းဆောင်တွင် ထားရသည်မှာ တာဝန်လေးလှ၏။

# အခန်း ( ၁၉ )

## ဂွတိုက်လေပြီ။

ထိုသို့ အခါပြီးသည့်နောက် သူ့အား အဆောင်မှူးက အပြစ်ထားမည်ကို သိ၏၊ (Hall Tutor.) များကလည်း မတွေ့တိုင်း သူ့အား တိုင်တော့မည်ကို ကြိုတင်သိပြီး ဖြစ်၏။ ထို့ကြောင့် အခါတိုင်းထက် ပိုမို၍ပင် ဂွတိုက်သေး၏။

တညသ၌ သူသည် အပြင်သို့မထွက်ဘဲ မနေစဘူး-ကျောင်းဆောင်တွင် ရှိနေ၏။ သူမထွက်ခြင်းကား ရည်ရွယ်ချက်နှင့် မထွက်ခြင်းဖြစ်၏။ ဝင်းတံခါးပိတ်ခေါင်းလောင်း ထိုးပြီး ကျောင်းသားများကိုယ်စီ ကျောင်းဆောင်တို့သို့ပြန်စုကြလေ၏။ ဂ-နာရီသာသာ လူစစ်ချိန် အနီးတွင်၊ အခြား ကျောင်းသား တဦး၏ အခန်းထဲသို့ သူပေါက်လာ၏။ သူမရှိစဘူးကျောင်းဆောင်တွင်ရှိနေသည်ကို အထူးအဆန်းဖြစ်နေသဖြင့်ဝိုင်း၍လှောင်ကြ ပြောင်ကြရာ၊ သူကပင် တိတ်တိတ်နေ၊ ကျုပ်ရှိတာ လူ မသိစေနဲ့၊ ကျုပ် အခန်းတံခါး ပိတ်ထားခဲ့တယ်။ ကျုပ် အပြင်ထွက်တာကိုဘဲ မျက်မှန်းကျိုးနေကြတယ်။ ဒီနေ့ည ကျုပ် ဘယ်မှ မသွားဘူး၊ ခင်များတို့ သက်သေ၊ ဒီနေ့ည ကျုပ်မရှိဘူး ပြောရင် ချမယ်''ဟု တိုးတိုး ပိတ်ပင်၍ အခြား စကားများကို ပြောနေကြ၏ စာကျက်ချိန်ဖြစ်သဖြင့် တိုးတိုး ပြောရ၏။ အခန်း တံခါးများကို စေ့ထားကြသည်။

ထုံးစံအတိုင်းအဆောင်မှူးလည်း အောက်ဆုံးထပ်မှစ၍ တခန်းပြီးတခန်း၊ တထပ်ပြီး တထပ် စေ့စပ်သေချာစွာ စစ်ဆေးလာ၏။ အခန်းတံခါးများကို ဆွဲကြည့်တန် ကြည့်၏။ နာမည်ဆိုး သူတို့အခန်း လစ်တတ်သူ ရှိဟန် ဆောင်တတ်သူတို့ အခန်းကိုမူကား သာ၍ ဂရုပြုကြည့်၏။ အပေါ်ဆုံးထပ်သို့ ရောက်ခဲ့ပြီ။ ကိုအောင်ဆန်း အခန်း ရောက်ပြီ၊ အခန်း တံခါး သော့ပိတ်ထားသည်ကိုတွေ့၏။ ခါတိုင်းကဲ့သို့ မရှိဟုမှတ်သွား၏။ တဖန်လျှောက်၍ ဆက်လက် စစ်ဆေးခဲ့ရာ၊ ကျွန်ုပ်တို့ ရှိရာ အခန်းသို့ ရောက်လတ်သော် တံခါးက မစေ့ တစေ့- လူသံကမကြား တကြားဖြစ်၍ တမှတ်တမဲ့ ဆွဲဟ၍ အတွင်းကို ကြည့်လိုက်ရာ ကိုအောင်ဆန်းကိုမြင်သွား၏။ ကိုအောင်ဆန်းကား သူ့ထောင်ချောက်မိပြီဟု တွက်ထား ရာမှ၊ ပျက်သွားသည်ကို မကြေမနပ် ဖြစ်သွား၏။ ကျူတာလည်း မိပြီဟု မှတ်ထားရာမှ တဖန်ရှိသည်ဟု ပြောင်းလိုက်ရ၏။ သို့သော် မမေးမမြန်းဝံ့။ ကျူတာ ထွက်သွားသော အခါ၊ ကိုအောင်ဆန်းက ''ဒီလူ ကံကောင်းတယ်။ ဒီနေ့ညသာ မရှိဘူးပြောရင် ဒုက္ခဘဲ ကျုပ်အနံ့ဘဲ''ဆို၍ အကြံပျက်သွားသဖြင့်၊ အခန်းသို့ပြန်ကာ လူစု ခွဲလေ၏။ သို့သော်- သူ့မီး မအေး၊ အဆောင်မှူး ကြီးလာသည့် အခါ လက်ထောက် အဆောင်မှူးက အမြဲ လိုပင် သူ့အကြောင်းကို တိုင်ကြား၏။ ကျောင်းဆောင်မှ ထုတ်ပစ်ဘို့ ရန်သာ ကြံ၏။ သို့ရာတွင် သူနှင့် ခင်မင်ရင်းနှီးသော အဆောင်မှူး တဦးက ''ကိုအောင်ဆန်း- ခင်ဗျား ကိုတော့ ဒီကျောင်းဆောင်က ထုတ်ပစ်ဘို့ တိုင်ပင်နေကြတာဘဲ၊ ခင်ဗျား ဘယ်လိုသဘော ရသလဲ၊ မတတ်သာ ခွင့်တော့ရေးသွားပေါ့ဗျာ''ဟု သူ့အား သတိပေးရှာ၏။ သူကား ဘာမှ ပြန်မပြော။ သူစိတ်၌သာ သူအကြံထုတ်နေ၏။

N P. W. — 191 9 10000

နောက်တနေ့တွင်၊ သူသည် ကျောင်းဆောင်မှ ဘယ်သူကိုမျှ နှုတ်မဆက်၊ မပြောကြားဘဲ ပြောင်းသွား၏။ ပဲခူး မှ ပင်းယ ဆောင်သို့ ပြောင်းသွား၏။ ပင်းယ အဆောင်လက်ထောက် အဆောင်မှူးကလည်း သူ့အဖြစ်ကို မသိ၍ ခွင့်ပြုလိုက်၏။ သူ့အဘို့မှာမူ သက်သက် မခံချင်၍ အရွဲ့တိုက်ခြင်းသာ ဖြစ်၏၊ သူ့အား ထုတ်မပစ်မီ သူ့ အလိုအလျောက် ပြောင်းသည့် သဘောနှင့် ပြောင်းခြင်း ဖြစ်၏။

ပဲခူးမှပင်းယဆောင်သို့ ပြောင်းသွားလေပြီ။ ပြောင်းမည့်အကြောင်းလည်း မပြော၊ ကိုယ့်စိတ်နှင့်ကိုယ် ပြောင်းသွားသဖြင့်၊ ပဲခူးဆောင်မှူးမှာ မကြေမချမ်းဖြစ်ကာ ကျန်ခဲ့၏။

ပင်းယဆောင် လက်ထောက် အဆောင်မှူးမှာ၊ ကိုအောင်ဆန်း အပေါ်တွင် အပြစ်မတွေ့သဖြင့် လူကောင်းစာရင်းသွင်းထား၏။

တညနေသော် အဆောင်မှူးများသည်၊ ဘက်မင်တန်ကြက်တောင်ရိုက်ပွဲ ကစားကြ၍ ကြကစားကြရင်း ဆုံမိကြသောအခါ၊ စကားစပ်မိ၍ ပဲခူးအဆောင်မှူးက ပင်းယဆောင်မှူးအားစတင်ပြီးလျှင်-

''ဘယ်နှယ်ဆရာ၊ ခင်ဗျား-ဘာကြောင့် ဟိုဘိုးချောကို လက်ခံထာရသလဲ''ဟု ကိုအောင်ဆန်းအကြောင်းမေးရာ၊ ပင်းယဆောင်မှူ က....

''ဘာပြုလို့လဲဆရာ၊ သူ-ဘာဖြစ်လို့လဲ''။

''ဘာဖြစ်ရမလဲ၊ ကျောင်းဆောင်မှာ နွားသိုးကြီးပြတ် ရောက်တတ်ရာရာ ပေါက်လွှတ်ပဲစား သူသွားချင်တဲ့ အချိန်သွား၊ ပြန်ချင်တဲ့အချိန်မှပြန် ခွင့်မတိုင် ဘာမတိုင် သူ့သဘောအတိုင်းချည်းဘဲ၊ စည်းကမ်းမှမရှိတာ''။

''အခုတော့ ကျွန်တော့ ကျောင်းဆောင်မှာ ကောင်းနေလို့ပါလား၊ ညထွက်ရင် ခွင့်ယူသွားတယ်။ စည်းမဲ့၊ ကမ်းမဲ့တော့ မရှိသေးပါဘူး။ ဒါပေမဲ့- ဆရာပြောလို့ ကြည့်ရအုံးမယ်။''

''သူ့သာ လက်ခံထားရင်တော့၊ ဆရာခေါင်းရှုပ်အုံးမှာဘဲ''ဟု ပြော၍ ထိုညနေအဘို့ ဆရာများ ခွဲခဲ့ကြ၏။

## ဗမာ နိုင်ငံလုံး ဆိုင်ရာ ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌ ကိုအောင်ဆန်း။

ဝိဇ္ဇာဘွဲ့ရ ပြီးသည့်နောက်၊ ကိုအောင်ဆန်းသည် ဥပဒေတန်းကို ဆက်လက် သင်ကြားလေသည်။ ၁၉၃၈-ခုနှစ်သည်၊ ကိုအောင်ဆန်းအဘို့ အလုပ်များစေသော နှစ်ဖြစ်သည်ဟု ဆိုရပေမည်။ သပိတ်ကြီးပြီးသည်ကစ၍ ကိုအောင်ဆန်း၏ အကြောင်း ကောင်းစွာ သိရှိကြပြီ ဖြစ်ရကား၊ သူ့အား အားပေးသူ များပြား တိုးတက် လာခဲ့လေသည်။

ကိုနုကလည်း ကျောင်းတွင် မရှိတော့ သည့်ပြင်၊ မစ္စတာ ရာရှစ်မှာလည်း ကျောင်းထွက်ပြီ ဖြစ်သည်အတိုင်း၊ ကိုအောင်ဆန်းသာလျှင် ရှေ့တန်းမှ မားမား မတ်မတ် ရပ်တန့်ကျန်ရှိလေတော့၏။ ဝိဇ္ဇာဘွဲ့ ရသည့်အတွက်၊ သူ့အဘို့ ထူးခြားခြင်းမဖြစ် ဝိဇ္ဇာ

တန်းအောင်ပြီး ဥပဒေတန်းတက်၏။ သို့ဥပဒေဘာန်း ဆက်လက် တက်ရောက်သင်ကြား ခြင်းမှာလည်း၊ စင်စစ်အားဖြင့် သူ၏ကျောင်းသား ခေါင်းဆောင် လုပ်ငန်း တာဝန်များ မပြီးပြတ်သေးခြင်းကြောင့်သာ ကျောင်းသားဘဝကိုဆက်လက်ပျော်ပိုက်နေရခြင်းဖြစ်၏။ သူ၏အလိုဆန္ဒ အာသီသမှာ ကျောင်းသား များအား မျိုးချစ်စိတ် နိုင်ငံရေး စိတ်ဓာတ် များ ဖွင့်ဖြိုးအောင် လှုံ့ဆော် နှိုးဆွ မွေးမြူ ပေးရန် ဖြစ်၏။ လူငယ် လောက ဖြစ်သည့် ကျောင်းသားတို့သည်သာလျှင် နိုင်ငံရေးကို မြှင့်တင်ခြင်းငှါ စွမ်းဆောင်နိုင်သည်။ အား ထားရာ ဖြစ်သည်။ ယုံကြည် ကိုးစားရာ ဖြစ်သည်။ နိုင်ငံရေး စားဖါးကြီးများ လက်သုံး စံနစ်ဖြင့် နိုင်ငံကို မကယ်တင်နိုင်။နစ်သထက်သာ နစ်မွန်းစေသည်ဟု သူ့အယူရှိ၏။ သူ့ အဘို့မှာလည်း အနှစ်နှစ်က အောင့်အီး သည်းခံခါ၊ လေ့လာဆည်းပူးပြီး အကျိုး အပြစ် ဝေဘန်လျက်၊ စေတနာ ထက်သန်စွာနှင့် ပြုပြင် ပေးလိုစိတ်များ အရ၊ လုပ်ခွင့် ကိုင်ခွင့် ခေါင်းဆောင်ခွင့် ရသည်မှာလည်း တနှစ်သာသာသာ ရှိသေးရကား၊ ကျောင်းသားတို့ စိတ်၌ အမြစ်မတွယ်တဘွယ် အပင်ပျိုးစဖြစ်၍လိမ့်လဲသွားမည်ကိုစိုးရိမ်ကြီးလျက်ရှိ၏။မြဲ တောင်မြဲ့ာက်ရန် ကြိုးစားလျက်၊သမဂ္ဂလုပ်ငန်းများတွင်သာ အချိန်ကုန်ခမ်းနစ်မွန်းလျက် နေတော့ရကား၊ နှစ်ကုန်၍ စာမေးပွဲစမ်းသောအခါ ဥပဒေ ပဌမနှစ် စာမေးပွဲကို မအောင်နိုင်တော့ချေ။ ကျက်စာများကို မဖြေနိုင်ရှာဘဲ။ တော်ရီ ရော်ရီ ကြားဘူးနားဝ ဗဟုသုတနှင့်သာ ဖြေကြားရလေရာ၊ ဥပဒေရာဇဝင် ဘာသာရပ်တွင် ပဌမ ရလိုက်သေး လေသည်၊ သို့သော် စာမေးပွဲအောင်သည့်ရှုံးသည်မှာ သူ့အဘို့လိုအပ်သော အဓိက မဟုတ်။ သူ၏ရည်စူးချက်ဖြစ်သော ကျောင်းသားများပို၍ နိုင်မြဲစွာတောင့်တင်းညီညွတ် ရေးသည်သာ လိုရင်း အဓိက ဖြစ်လေသည်။

စာမေးပွဲလည်းရှုံးလေပြီ။ တက္ကသိုလ် နွေရာသီ ကျောင်းပိတ်ရက်ကြီးလည်း ဆိုက် ရောက်လျက်ရှိရကား၊ ကိုအောင်ဆန်းသည် အခြားကျောင်းသားများနည်းတူ၊ ကိုယ့်ရပ် ကိုယ့်ဌာန်ပြန်သည်မရှိ။တက္ကသိုလ်သမဂ္ဂတွင်သာ ရွှေပြောင်းနေထိုင်လျက်၊ ကျောင်းသား လောကကို ကျော်၍ ပြင်ပ နိုင်ငံရေး အစည်းအရုံး တို့သို့ ခြေတဘက် လှမ်းကာနေ တော့၏။ သူ၏ဝါဒအတိုင်း ကျောင်းသားမှန်လျှင် နိုင်ငံရေးကိုလိုက်စား၍ နိုင်ငံအကျိုး သည်ပိုး ရန် သူကိုယ်တိုင် ပြင်ဆင်လျက်ရှိ၏။ တို့ဗမာအစည်းအရုံးအသင်းနှင့် သခင်များ ခေတ်စားနေသော အချိန်အခါတွင် သခင်စိတ်ပြောင်းလျက် ရှိလေတော့သည်။

## ထောင်ဆိုသည်ကား

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌကြီး ကိုအောင်ဆန်းသည် နွေရာသီ ကျောင်းပိတ်ရက်အတွင်း၊ တက္ကသိုလ်သမဂ္ဂ အဆောက်အဦးတွင် ပြောင်းရွှေ့ နေထိုင်ခဲ့ရာ၊ သူသည် ရိုးရိုးတန်းတန်း ကျောင်းသားအများကဲ့သို့- အိပ်ရာ ခြင်ထောင် စသည်တို့ဖြင့် သက်သာရာ သက်သာကြောင်း ရှာကြံ၍နေထိုင်သည်မဟုတ်။ သူသည် သူများထက်တူးစွာ ဆန်းဆန်းပြားပြား ကျင့်ကြံနေထိုင်သည်ကို တွေ့ကြရလေသည်။

တက္ကသိုလ်သမဂ္ဂကြီးတွင် အစည်းအဝေးပွဲတရားပွဲစသည်တို့ကျင်းပရာ ခန်းမကြီးကား ကြိန်ခင်းခုံတန်းလျားများနှင့် ပြည့်နှက်လျက်ရှိ၏။ ခုံတန်းလျားတို့မှာ၊ ဂျပိုးအလွန်ထူထပ်သောင်းကျန်းသော နေရာများ ဖြစ်ကြ၏။

ကြိန်ခင်းဖြစ်သဖြင့်။ ဂျပိုးတို့ခိုအောင်းလျက်၊ ပေါက်ကြားကိုက်ဘို့ရာ အလွန်သင့်တင့်လျောက်ပတ်သော ခုံများဖြစ်ရကား- အကြောင်းမဲ့သက်သက်၊ မည်သူ တဦး တယောက်မျှ စည်းစိမ်ခံ၍ထိုင်မနေနိုင်ချေ။ ထိုမျှနာမည်ကြီးစွာ ဂျပိုးသောင်းကျန်းလှသော ခုံတန်းလျားမှာ၊ ကိုအောင်ဆန်းအဘို့မှာမူကား စည်းစိမ်ရှင်တို့ မွေ့လျော်ရာကုတင်ကြီးသဘွယ်ဖြစ်၏။ မင်္ဂလာဆောင်သတို့သား၏ ကြေးကုတင်ကြီးပေါ်တွင်၊ တမံတောင်ခန့်ထူထပ်အောင် ခင်းထားသော၊ ပိုးဖဲကတ္တီပါမွေ့ရာနှင့်၊ ကိုအောင်ဆန်းသည် မလဲနိုင်ပေ။ ကြိန်တန်းလျားသာလျှင် သူ၏ မွန်မြတ်သော မြတ်နိုးသော အိပ်ရာ နေရာဖြစ်၏။ အခင်းကားကြိန် ခေါင်းအုံးကားလက်တန်း။ ခြုံစောင်မှာ ခါးဝတ်လုံချည်။ ခြင်ထောင်ဟူ၍ ဗလာနတ္ထိအပြင် ဂျပိုးတို့ မှုံဆန် ပုန်ကန်ထကြွရာဖြစ်သော ခုံတန်းလျားသည်သာလျှင် ကိုအောင်ဆန်း၏ မွေ့ရာနေရာ ဖြစ်၏၊ သူ့အဘို့ အကြောင်းရှိသော်လည်း မြင်ရသူအဘို့ တွေးမရအောင် အံ့သြစရာဖြစ်၏။

တနေ့မှာသော်- သမဂ္ဂ လဘက်ရည်ဆိုင်ရှင် အဒေါ်ကြီးသည်၊ ကိုအောင်ဆန်း၏ ဖြစ်ပျက်နေပုံကို တွေ့ရှိတော့၏။ မိမိရင်မှဖွားသော သားကဲ့သို့၊ အမြဲဘစေ ဂရုစိုက်နေသော အမိသဘွယ်အဒေါ်ကြီး၏ မျက်စိထဲ၌ ကိုအောင်ဆန်း၏ အဖြစ်ကို ကြည့်ရမြင်ရသည်မှာ ရင်ထုမနာ ဖြစ်မိတော့၏။ သို့နှင့် ကိုအောင်ဆန်းအား....

အဒေါ်ကြီးက ''မောင်အောင်ဆန်းမင်းဘယ့်နှယ်ကြောင့် ခုံတန်းလျားပေါ် အိပ်ရသလဲကွယ်။ စောင်မရှိ ခေါင်းအုံးမရှိနဲ့။ ဂျပိုးကကိုက်။ ခြင်ကကိုက်သနဲ့။ ဘာပြုလို့ဒါလောက် အဆင်းရဲခံနေရလဲ။ ကြီးကြီးတို့ ပြောရောပေါ့။ မင်းမြင်ရတာ စိတ်မကောင်းလိုက်တာကွယ်။''

ကိုအောင်ဆန်း ''ကျနော့မှာ စောင်တို့ ခေါင်းအုံးတို့ ရှိပါတယ် ကြီးကြီးရ။ ကျနော်တမင်သက်သက်ခုလိုနေတာပါ။ ဂျပိုးတို့ ခြင်တို့ကိုက်တာလဲသိပါတယ်။ ဒါပေမဲ့ စောင်ခြင်ထောင် မဆောင်တာက မဆောင်ချင်လို့ပါ။ ဒါမှကျနော်တို့ နိုင်ငံရေး လုပ်တဲ့အခါထောင်ကျလို့ရှိရင် ထောင်ထဲမှာ အဆင်းရဲခံနိုင်မယ်။ ထောင်ထဲမှာ ဘယ်က စောင်တို့ ခြင်ထောင်တို့ လာပေးမလဲ။ ဂျပိုးတောမှာ သမံတလင်း ကြမ်းပြင်ပေါ်မှာ ခေါင်းအုံးမပါ စောင်မပါ။ ခြင်ထောင်မပါ အိပ်ရမှာ။ ခုကနေကျင့်ထားမှ ကျင့်သားရမှာပေါ့ကြီးကြီးရ။ ဒါကြောင့် ခုကထဲက ကြိုတင်ပြီး ခံနိုင်ရည် ရှိအောင် ကျင့်နေတာ။ ပွဲဝင်ခင် ပြင်ကကျင်းပဆိုသလိုပေါ့။ နိုင်ငံရေးလုပ်တယ်ဆို။ ဒါတွေ အရေးထူနေမှ- ထောင်ဆိုတာက နိုင်ငံရေးသမားတို့ သွားရာလမ်း။အနားယူရာ ဗိမာန်ဆိုပဲ တော့ ''ဟု အရွှမ်းကလေးညှပ်ကာ ကျေးဇူးတင်ကြောင်း ပြော၍ လွှတ်လိုက်၏။

အဒေါ်ကြီးလည်း ''ဖြစ်မှဖြစ်ရလေကွယ်'' ဟုသာ ဂရုနာသက်ရုံသာသက်နိုင်ဘာမျှ မတတ်နိုင်တော့သဖြင့်၊ ရင်ထုမနာ လက်လျှော့လျက်သာနေရရှာ၏။ (အံ့ဘွယ်ကောင်းအောင် ထူးဘဲ ထူးဆန်းတဲ့ အောင်ဆန်းပေတကား)

---

# အခဏ်း ( ၂၀ )

## သခင်အောင်ဆန်း။

အချိန်အခါအားဖြင့်၊ လူငယ်တို့၏ နိုင်ငံရေးခြေလှမ်း သွက်နေသည့် အချိန်ဖြစ်၏။ ကျွန်ခေတ်ကိုတော်လှန်၍ သခင်ခေတ်သို့ အတင်းပြောင်းနေသောအချိန် ဖြစ်လေသည်။ သခင် ဟူသော ဝေါဟာရကို နာမည်ရှေ့တွင်တပ်ခါ ခေါ်ဝေါ် သမုတ်ကြ၏။ တို့ဗမာအစည်းအရုံးသည် သခင်တို့၏ အစည်းအရုံးကြီး ဖြစ်၏။ ၎င်းတို့ဝါဒမှာ တို့ဗမာဝါဒ။ အမျိုးသားဝါဒဖြစ်၏။ ဗမာ အမျိုးသားတခုလုံးကို ကောင်းစားဘို့သာ ရှေ့ရှုလျက်ဆောင်ရွက်လုပ်ကိုင်လျက်ရှိ၏။ သို့သော် သခင်နှင့်အစိုးရ၊ သခင်နှင့်ဗြိတိသျှ ဆိုသည်မှာ စမ္ဗာ သောက - အင်းဝ ရာဇာ ဆေးချီးနှင့် တောက်တဲ့ ကဲ့သို့ ဖြစ်နေ၏၊ သခင်ဟူသော ဆေးလုံးသည် ဗြိတိသျှအစိုးရအတွက် အဆိပ်အတောက်ဖြစ်၏။ သခင်လုပ်လျှင်ထောင်ဆု သေချာသလောက်ဖြစ်၏။

ထိုအတောအတွင်း၊ သခင် ထွန်းအုပ်၊ သခင်ဗစိန်တို့ ဦးစီးသော လူစုနှင့် သခင်-ကိုယ်တော်မှိုင်းကြီး ဦးစီးသော သခင်သိန်းမောင်တို့ လူစုတို့သည်၊ သဘောကွဲလွဲမှုများ ပေါ်ပေါက်ပြီးလျှင်၊ သခင် နှစ်ခြမ်းကွဲကြ၏။ တောင့်တင်း ခိုင်မာလျက် ရှိသော ထင်းအစည်းကြီးသည် ပြေသကဲ့သို့ ဖြစ်တော့၏။ ထို့ကြောင့်-သခင်ကိုယ်တော်မှိုင်းက သခင်ဋီကာတွင် အောက်ပါအတိုင်းဖေါ်ပြခဲ့ဘူးလေသည်။

အကြင်ပြည် မြန်မာမှာ- နန်းမရှိတုံးတွင်မှ၊ ''သခင်မဟာ ဋီကာ'' ကျမ်း၏ အဆုံးမှာတော့၊ ကမ္ဘာ့ဒွါန်း, မိတဘုန်းရယ်တို့- ကြည်ပြုံး ဘတ်စရာ အလို။ (အိုကွယ်) ဘန်းအပြည့်ဖုံးပါလို့- နိဂုံးသတ်မှာကို။ ။(ပြော်) အတက်နွေးပြန်သနဲ့၊ ရတက်မအေးသူ မဖြင့်နှော်။ အထက်ကျေးဆီက၊ လက်ရွေးစင် သခင် တပည့်တွေနဲ့၊ အတွင်လှည့်ကာ တရားပေစာ ပေါချက၊ မနားမနေသာ သောဒုခါမှာ ဒဘာငကြန်တို့က၊ စာတတန် ပေတထောက်ကယ်နှင့်၊ ကးဝလျှောက်ရှာတာ-အဘိယာစကရယ်ကြောင့်၊ တပည့်ဒကာ ဒကမတွေ အစဉ်မှီစရာဘို့၊ ဓမ္မိကာရာမမှာ မရှင်မကြည်စွာနှင့်၊အကြင်ဤအခါမှာ''သခင်ဋီကာ'' အရေးတွင်ဖြင့်၊ဖေးမ,သူ ကေသာဝတီရဲ့ပြင်၊ဇေယာပြည် သမထ ဂိုဏ်းတွေပ၊ မေခါဒီ လှာသိုဏ်းတို့ကလဲ.....၊ လူစည်အောင် ကူညီလို့ဝိုင်းကြသမို့၊ သမိုင်းတလှဲ ယခုဆိုမယ်နော်ကွယ်၊ ဘဂိုဏ်းတဖွဲ့၊ စကိုင်းတပွဲတွေနဲ့၊ မှိုင်းရဲ့ကုသိုလ်၊ ။မန်းထီးပလ္လင်အနိစ္စ အရေးလိုပ၊ ကျမ်းမပြီးခင် ကိစ္စ မအေးသေးဘို့၊ အနိဋ္ဌ ဘေးရယ်တို့ ဖန်လာသကို၊ ရန်ဘယာ ထိုထိုနှင့် မဖြောင့် မဖြူ တနည်း။ (အိုကွယ်) မြန်ဗမာ ဗဟိုမှာဖြင့် တမှောင့်တပူမီး။ ။တမင်ရိုင်းစွာ သခင်ဂိုဏ်း ညီညီ ညာညာနှင့်၊ ထင်တိုင်း မစည်မရာဘို့၊ ပလီ

ပလာ ''သိန်းမောင်'' တပည့်ရဲ့ပြင်၊ ကလီကမာ ယိမ်းထောင် သကဲ့သို့ လှည့်ချင်တဲ့၊ တပည့်ဌကလိန် ''ဗစိန်''ကလဲ သရဲပြန်သန့်၊ဒကမ, ထမိန်ထဲ အမှောင်ခိုတဲ့။ပေါင်တိုလို နိပါတ် ခင်းတယ်လို့၊ အသင်း အပင်းတွင် နှစ်တန်ကွဲစေဘို့၊ အချင်းချင်းပင် တရန်နဲ့ကြ (ဩြ) အမျိုး ဗမာ့ တခို မှာဖြင့်၊ အဆိုး တကာ့ ဗိုလ်၊ အစိုးရဒရှို့လို့ ဆွဲပြီး၊ မိုက်သန့် ကြိုကြို ဖန်ဖန်၊ ကိုက်တဲ့ရန်ပွဲကိုဖြင့်၊ ပြီးစဲအောင် နှစ်စုံနှစ်ပြင်ပ၊ခံတင်ကာဆရာ ဖြတ်ခဲ့ပြီး၊ အနာဂတ်အခါမှာ ကောင်းအောင် လုပ်မယ်လို့၊ခေါင်းဆောင်နှစ်ရှုပ် ဖယ်ကာ ရှင်းသော်လဲ့၊ မကင်းသူ ၎င်းနှစ်ကောင်က မွေးခဲ့တဲ့၊ ကျောင်းခွေးလို ''အမှုဆောင်'' ငမိုက် တို့ကလဲ၊ အကိုက်ခိုင်းလျှင် မိုက်ရိုင်း ချင်တဲ့ စရိုက်တွေကြောင့်။ စိတ်အိုက်ခါ မကြည်မရှင်တဲ့၊ ဒီသခင်,ဋ္ဌိကာမဆုံးမှိုပ၊မညီမညာဆုံး တပွဲတွေကို၊တဲ့စေမယ်လို့ ငတ်တ် သာသဖြင့်၊ခတ်ခွါခွါနေကြအုံးစို့ရဲ့လို့၊ အဆုံးသတ်ခါကျမ်းစာရေးပြီး၊ နောင်ဘို့ တက် စရာကို၊ မောင်တို့တွက်တာ မအေးသူက....၊ မသေမီ အမွေညီညီ ပေးခဲ့တဲ့ပြင်၊ အဝေး တပွဲတွေကိုသာ ညီညာဘို့၊ ကြည်ကြည့် သာသာ နှုတ်တော်ဆက်ထဲ့ပြီး၊ ရုတ်တရက်ပင် သခင်ဂိုဏ်း ရယ်က....၊ မနေသာ သွေ့ခွါလို့ စိုင်းရော့မယ်လို့၊ ဇေယာကေသာတို့နှင့် ဆိုင်းတော့မကွဲ့၊ (အမယ်မင်း) တမိုလ် တဂိုဏ်းနဲ့ ဗမာ မနုဿ ဘွေရဲ့၊ မဟာ ဒုက္ခ ယခုလို မီးကိုဖြင့်၊ သူ့အလိုလိုပြီးကြမဲ့ပြင်....၊ ထိုထိုစကိုင်း တပဲ့တွေနဲ့၊အလိုအတိုင်းတဲ့ စေမည့်။ (ဩြ) ကိုမှိုင်းရဲ့ ဓမ္မာနုဂ္ဂဟ ကုသိုလ်ကြီး။

၁၉၃၇-၃၈-ခုနှစ် တနှစ်လုံး ကိုအောင်ဆန်းသည် ကျောင်းသားတို့ စည်းလုံး တောင့်တင်းမှုကိုခိုင်မြဲစေရန်၊နေ့ညမအား စွမ်းဆောင် ကြိုးစားခဲ့လေပြီ။ သခင်ပေါက်စ သခင်စိတ် ဝင်ခဲ့သော ကိုအောင်ဆန်းသည် ကျောင်းသား ရေးမှ နိုင်ငံရေးသို့ လုံးလုံး ကူးပြောင်းရန် ခြေလှမ်း ပြင်ခဲ့သည်မှာ ကြာခဲ့ပြီ။ ကျောင်းသား အဖြစ်နှင့် နိုင်ငံရေး လုပ် ဆောင်ရသည်ကိုကား သူအားမရ။ ဟင်းမတိမ် နိုင်သေး သဖြင့်၊ ပြင်ပ နိုင်ငံရေးအဖွဲ့သို့ ဝင်ရန် ဆုံးဖြတ်လိုက်၏။ သူစိတ်နှင့် ကိုက်ညီ မည်ထင်သော တို့ဗမာ အစည်း အရုံးတွင် သခင်အောင်ဆန်း အမည်နှင့်ဝင်လာတော့၏။

မိကျောင်းသည်ကျဉ်းမြောင်းသောချောင်းမှ မြစ်ကိုဆင်းသကဲ့သို့၊အရှုးအောင်ဆန်း ကိုအောင်ဆန်း ကျောင်းသား ခေါင်းဆောင်ဥက္ကဋ္ဌ ကိုအောင်ဆန်းလည်း၊ ကျောင်းသား ဘဝမှ နိုင်ငံရေးနယ်ပယ်တွင်းသို့ ခြေစုံပစ်၍ ချဉ်းနင်း ဝင်ရောက်ရန် ကျောင်းမှ ထွက်လိုက် တော့၏။တို့ဗမာအစည်းအရုံးတွင် သခင်အောင်ဆန်းသည် အစည်းခွဲပြနေသည့် တို့ဗမာ အစည်းအရုံးကြီးကို ပြန်လည်စည်းရုံးရန်၊အထွေထွေ အတွင်းရေးမှူးအဖြစ်နှင့် တိုက်ရိုက် ဝင်ရောက် ဆောင်ရွက်လေ၏။ တပြိုင်တည်းပင် ကိုနု၊ ကိုလှဖေ၊ ကိုသိန်းဖေ တို့လည်း သခင်များဖြစ်လာကြ၏။

ကျောင်းသဝးဘဝ၌ပင် ဟန်ပန် မရှိ။ အဆင်းရဲခံကာ ရည်စူးချက် တခုကိုသာ အမြဲ တစေ၊တွေဝေစဉ်းစား စိတ်ကူး ကြံစည်ခဲ့သောသခင်အောင်ဆန်းသည်၊သိန်းလက်ကလွှန် စွန်လက်ရောက်သည့်ဥပမာ၊ ယခုအခါ ရေကျော်ရပ်ရှိ တို့ဗမာ အစည်း အရုံးတွင် ရောက် လျက်ရှိချေပြီ။ ဆင်းရဲကလေးမှ ဆင်းရဲကြီးဘဝသို့ တဆင့်တက်ခဲ့ ပြန်လေပြီ။ (အဟော

ဒုက္ခ၊ အဟောဒုက္ခ၊ ဩော်-ဆင်းရဲစွ၊ ဩော်-ဆင်းရဲစွ။) ထိုအစည်းအရုံးတွင် အိပ်ရာလိပ်ပုံများပေါ်၌ မာတင်လက်သစ်များ အသွင်၊ မထတမ်း လဲလျောင်း နေကြသော လူတစုကိုတွေ့ရ၏။ ထိုသူတို့ကား အခြားမဟုတ်။ သခင်ဘကြိုင်တို့ ဖြစ်၏။ ဘိုင်ကျ၍ ကျွေးမွေးမည့် ဒါယကာတို့ကို မျှော်နေကြသလား မပြောတတ်။ သခင်အောင်ဆန်းကား မူရင်းအသွင်အပြင်အတိုင်း၊ ဦးကျော်ကိုသာအလုပ်ပေးလျက် အလုပ်တွင်တွင်လုပ်နေလေတော့၏။ သူ့အထွေထွေ အတွင်းရေးမှူးလုပ်မှပင်၊ တို့ဗမာ အစည်းအရုံးကြီးလည်းပို၍ အသက်ဝင်လာ သကဲ့သို့ ရှိတော့၏။ သူလည်း တွေးတော ကြံဆလျက် ဗမာပြည်အခြေအနေ တိုးတက်ဘို့ရာသာ၊ အပတ်တကုတ် ကြိုးစားအားထုတ် နေလေသည်။

နတ်ဘုံနတ်နန်းပမာ လွန်စွာပျော်စရာ ကောင်းလှသော တက္ကသိုလ်ကျောင်း သမဂ္ဂအပေါင်းတို့၏ခေါင်းဆောင် ဥက္ကဋ္ဌကြီးကိုအောင်ဆန်းသည်၊ သခင်အောင်ဆန်း ဘဝသို့ကူးပြောင်းသွားသဖြင့်၊ ကျောင်းမှထွက်ခွာသွားပြီဖြစ်သော်လည်း သူသည် ကျောင်းသားသံယောဇဉ်မကင်းသေးချေ။ ကိုအောင်ဆန်းသည်ပင် ကျောင်းသားသမဂ္ဂ၊ ကျောင်းသားသမဂ္ဂသည်ပင် ကိုအောင်ဆန်း ဖြစ်လျက်ရှိ၏။ ကိုနု (ဝါ) သခင်နုကား လူကြီးပိုင်း အကြံပေး ဏ်ပေး အတိုင်ပင်ခံပိုင်းမှနေ၍အသုံးတော်ခံရ၏။ကိုနု,ကိုအောင်ဆန်းတို့ ကျောင်းမှထွက်သွားကြသော်လည်း ဆက်ခံလုပ်ကိုင်ကြသည့် ကျောင်းသားခေါင်းဆောင်တို့ကားသူတို့၏ဩဝါဒကိုပင်အမြဲခံယူလျက် တိုင်တိုင်ပင်ပင်ဆက်သွယ်လုပ်ကိုင်ကြဆဲဖြစ်၏။ရေကိုဓါးနှင့်ဖြတ်၍မပြတ်သကဲ့သို့၊ ကိုအောင်ဆန်းနှင့် ကျောင်းသား အရေးသည်လည်း ပြတ်စဲခြင်းမရှိ။သံယောဇဉ်ငြိလျက်ရှိသေး၏။

၁၉၃၆-ခု၊ ကျောင်းသားသပိတ်ကြီး၏ ကျေးဇူးကြောင့် ကျောင်းသားတို့၏ အခွင့်အရေးမှာ တိုးတက်လာခဲ့သည့်အလျောက်၊ ကျောင်းသားခေါင်းဆောင်တို့ကို မတိုင်ပင်ဘဲနှင့် မည်သည့်ကိစ္စကြီးငယ်မျှ ယတိပြတ်ပြီးမြောက်သည် မရှိတော့ချေ။ ကျောင်းအုပ်ကြီးသည် ကျောင်းတွင်းကိစ္စအရပ်ရပ်ကို ကျောင်းသား ခေါင်းဆောင်များနှင့် ညှိနှိုင်းတိုင်ပင်လုပ်ကိုင်ရတော့၏။ထို့အတူ အာဏာပိုင်ပိုင်းတွင်လည်း ကျောင်းသား တို့အားယခင်ကထက် အခွင့်အရေးပေးလာရ၏။ တက္ကသိုလ်တွင် ယူနီဘာစီတီကောင်စီ အဖွဲ့နှင့်အုပ်ချုပ်ရေးအဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ဖြင့်အုပ်ချုပ်၏။

ထိုနှစ်တွင် တက္ကသိုလ်သမဂ္ဂမှ ကျောင်းသားကိုယ်စားလည်များရွေးချယ်၍ ကောင်စီတွင်တဦး၊အုပ်ချုပ်ရေးအဖွဲ့တွင်တဦး တင်မြှောက်ရမည်ဖြစ်၏။ ကျောင်းသားများသည်တက္ကသိုလ်သမဂ္ဂအစည်းအဝေးကျင်းပ၍ ကိုယ်စားလှယ်များ ရွေးချယ်ကြရာ၊ မစ္စတာရာရှစ်အား ကောင်စီအဖွဲ့ဝင်၊ ကိုအောင်ဆန်း (ဝါ) သခင်အောင်ဆန်းအား အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် အသီးသီးရွေးချယ်တင်မြှောက်ကြလေသည်။ ရှေးအစဉ်အလာအားဖြင့်ဘယ်နံ့ရောအခါကမှ မရခဲ့ဘူးသောအခွင့်အရေး အရ သခင်အောင်ဆန်းသည်၊ ပဌမဆုံးကျောင်းသားကိုယ်စားလှယ် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးအဖြစ် ခန့်ထားခြင်းခံရ၏။ဤသို့ အဖွဲ့ဝင်လူကြီးဖြစ်ရသည့် ဂုဏ်သည်လည်း အလွန်တရာ မွန်မြတ် လှပါပေ၏။ ကျောင်းသားတို့၏အခွင့်အရေးကို ကျောင်းသားတို့ကိုယ်တိုင် ကိုယ်စားလှယ်ခန့်ထား၍

ဝင်ရောက်ပြောဆို စွက်ဖက်ပိုင်ခွင့်ရသည်မှာ အလွန်အဘိုးတန်သော အခွင့်အရေးကြီး ပင်တည်း။

## ညီညွတ်ကြစို့။

ညီညွတ်မှု-စည်းလုံးမှုသည် သခင်အောင်ဆန်း၏ လိုရင်းပဌမ အဓိကဝါဒ ဖြစ်၏။ ဝါးအစည်းပြေသကဲ့သို့ မစည်းမလုံး၊အကွဲကွဲ, အပြဲပြဲဖြစ်နေခြင်းကို သူစက်ဆုပ်ရွံမုန်း၏၊ သူမနှစ်မြို့၊ နွားကွဲကျားကိုက် သကဲ့သို့ ဗမာအချင်းချင်း စည်းလုံး ညီညွတ်မှုကို မရမချင်း တိုင်းပြည်အမျိုးသားတို့အရေးမှာမလှသည့်ဘဝမှတက်စရာလမ်းမမြင်။သူ၏ ( Principle of toleration ) အောင့်အီးသည်းခံ စိတ်ဖြင့် တဖွဲ့နှင့်တဖွဲ့၊ တပါတီနှင့် တပါတီ အပေးအယူမျှတ ညီညွတ်မှုကိုသာ သူလိုလား၏။ သူအတွင်းရေးမှူး ဖြစ်သော၊တို့ဗမာ အစည်းအရုံးမှ ဦးဆောင်ကာ ညီညွတ်မှုကို သူကြိုးစတော့၏။

မန္တလေးဆရာတော် ဦးကလျာဏကိုယ်တော်တို့ ခေါင်းဆောင်သော ရဟန်းပျို များသည်၊ ရန်ကုန်သို့ ကြွဆင်းလာ၍ ရွှေတိဂုံဘုရား အရှေ့ဘက် ဦးအုံးခင်၏ ဇရပ်တွင် ဗမာပြည်လွတ်လပ်ရေးအတွက်၊ ဗမာပြည် နိုင်ငံရေး ခေါင်းဆောင်များ ညီညွတ်စေရန် ကြွရောက် ဆွေးနွေး ကြခြင်းဖြစ်၏။ ထိုအစည်းအဝေးသို့ ပါတီခေါင်းဆောင်များ တက်ရောက်ကြ၍ တို့ဗမာအစည်းအရုံးကမူ၊သခင်အောင်ဆန်း၊သခင်လှဘော်၊သခင်ဗဟိန်းတို့ တက်ရောက်ကြ၏။

ထိုအစည်းအဝေးပွဲတွင် သခင်အောင်ဆန်း၏ ထင်မြင်ချက်မှာ၊ ဗမာပြည် လုံးဝ လွတ်လပ်ရေး ဖြစ်၏။ သခင်ဝါဒမှာ- ဗမာပြည် ဗမာပြန်ရရေးဖြစ်၏။အခြားခေါင်းဆောင်များ ဖြစ်ကြသော ဆာပေါ်ထွန်း၊ ဦးဘဝင် တို့နှင့် ဂဠုန်စော တို့ကား၊ လုံးဝဆိုသော စကားကို မထည့်သွင်းရန် အငြင်းပွါးပြီးသော်။နောက်ဆုံး-ဂဠုန်စောကမြန်မာပြည် ပြန်ရရေးဟု ပြင်ဆင်လိုက်ရာ အဖြေမပေါ်သောပုစ္ဆာကဲ့သို့ မရေမရာ၊နဝေနဝါ၊ မသေမချာ၊ သောင်မတင် ရေမကျနှင့် အစည်းအဝေးပြီးဆုံးခဲ့ရ၏။

ရဟန်းပျိုများ၏ အာသီသမှာ ဗမာခေါင်းဆောင်များ ညီညွတ်စေ၍၊ ဗမာပြည်၏ လွတ်လပ်ရေးကို ဗမာများ သူ့ပါတီ, ငါ့ပါတီမခွဲခြားဘဲ၊ တဖွဲ့တည်း- တစည်းတည်း တဝါဒဘည်း- တသံဘည်း-တအားတည်း ကြိုးပမ်းစိမ့်သောငှါ၊ စေ့စပ်ပေးခြင်း ဖြစ်၏။ ရဟန်းပျိုတို့၏ဆန္ဒကား ကောင်းမြတ်ဖြူစင်သော ဆန္ဒပင်ဖြစ်၏။ပါတီကောင်းစားရေးကို တိုင်းပြည် ကောင်းစားရေးတွင် မနှစ်မြုပ်စေနိုင်သောခေါင်းဆောင်တို့အဘို့ ညီညွတ်ရေး အဆိုမှာ နားဝင် မချိုလှချေ။ ညီညွတ်မှ အင်အားရှိမည်ကို ယုံကြည် စွဲလန်းသူ သခင်အောင်ဆန်း အဘွက်သာလျှင်၊ ပျားသကာလို- နားမှာချို၏။ သူသည် ရဟန်းပျိုတို့၏ စီမံဆောင်ရွက်ချက်ကို လုံးဝထောက်ခံကာ ပြည့်ဝစေလို၏။

ဤသို့ အဦးအစ ပဏာမအားဖြင့် ဘုရားမှုထမ်း ရဟန်းပျိုအရှင်မြတ်တို့ ရန်ကုန်သို့ ကြွရောက်ဆွေးနွေးပွဲမှာ မအောင်မြင်စေကာမူ၊ သခင်အောင်ဆန်းသည် အလျှော့မပေး၊ သူဆောင်လျှင် အောင်ရမည်ဟူသော စိတ်ဓာတ်ဖြင့်၊ ထပ်မံ ဆက်လက်ကြိုးစား ပြန်၏။

# အခန်း ( ၂၀ )

## ဒုတိယကျောင်းသား သပိတ်ကြီး။

သခင်အောင်ဆန်းသည်၊ ကျောင်းသား မဟုတ်တော့ပြီ။ တက္ကသိုလ် အုပ်ချုပ်ရေး အဖွဲ့ဝင်အဖြစ်နှင့်သာ ကျောင်းသားများအရေးနှင့် ဆက်စပ်လျက်ရှိတော့၏။ သူ၏လက်ငင်း လုပ်ငန်းကား- သခင်လုပ်ငန်းပင်ဖြစ်၏။ သို့သော် ကျောင်းသားခေါင်းဆောင်များ ဖြစ်ကြသော-ကိုဗဟိန်း။ကိုဗဆွေ။ကို လှရွှေ။ ကိုသိန်းအောင်တို့နှင့်။ ကိုနု၊ ကိုအောင်ဆန်း တို့ကား အဆက် အသွယ် မပြတ်ချေ။ ဆိုးတူ ကောင်းဘက် တိုင်ပင်လျက် ရှိကာ- ကိုနုတို့ ကိုအောင်ဆန်းတို့ လက်ထက်က ချမှတ်ခဲ့သော လမ်းစဉ် အတိုင်း၊ မဖိုတ် မသုံ လိုက်နာဆောင်ရွက်လျက်ရှိကြ၏။

၁၉၃၈-ခုနှစ်သည် အရေးတော်ပုံနှစ်ဖြစ်ကြောင်း အထက်၌ ဘော်ပြခဲ့ပေပြီ။ ထိုနှစ်သည် ကိုအောင်ဆန်းအဖို့မှာ၊ ခေါင်းရှုတ်စရာ တာဝန်အများဆုံး ဆောင်ရွက်ရသော နှစ်ဖြစ်ခဲ့၏။ အထက်ဗမာပြည်တွင် အလုပ်သမားတို့ အင်အား အတောင့် အတင်းဆုံး နယ်ဖြစ်သည့် ရေနံမြေမှ အလုပ်သမားများသည်၊ ဆိုင်ရာကုမ္ပဏီနှင့် လိုလားချက်များကို အရေးဆိုရာမှ မကျေနပ်သဖြင့် ရန်ကုန်မြို့တော်သို့ ကုန်းကြောင်း ချီတက်ခဲ့ကြ၏။

ရေနံမြေ သပိတ်မှောက် အလုပ်သမားတပ်ကြီး ရန်ကုန်မြို့သို့ ချီတက်လာရာ၊ လမ်းတလျှောက်၊ အမြို့မြို့မှပင် ပုလိပ်တို့က တားကြ၏။ သို့သော် အချည်းနှီးပင်။ ထိုအခိုက် ထိုအခါ ကျောင်းသားခေါင်းဆောင် တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်းနှင့် အတွင်းရေးမှူး ကိုဗဆွေတို့သည်၊ မကွေးသို့ ကျောင်းသား ကိစ္စများ ရှင်းလင်းရန် သွားရောက်သည်နှင့် ကြုံကြိုက်သဖြင့်၊ တရားပွဲတွင်တက်ရောက်ဟောပြောရာ၊ ပုလိပ်ဆွဲခံရတော့၏။ ပုလိပ်တို့လည်း ကိုဗဟိန်းတို့လာရောက်မည့်ကို မရောက်မီကပင် ကြိုတင်သိရှိ၍ သင်္ဘောဆိပ်မှ ဆီး၍ဘမ်းဆီးရန် စောင့်ဆိုင်းနေကြ၏။ သို့သော် ပုပု ပြတ်ပြတ် အသားဖြူ ရုပ်ချော ကိုဗဟိန်းကို လူပုံလူပန်း မဘမ်းမိသဖြင့်၊ ၎င်းတို့မျက်စိအောက်မှပင် သင်္ဘောမှ တက်ရောက်သွားသည်ကို ပုလိပ်တို့ လက်လွှတ်သွားခဲ့ရလေသည်။ သို့အတွက် တရားပွဲတက်ရောက်ဟောပြောခါမှ ဘမ်းဆီးရလေတော့၏။

အစိုးရသည် ကျောင်းသား ခေါင်းဆောင်တို့ကို ယခုလို ဘမ်းဆီး လိုက်ခြင်းဖြင့် ကျောင်းသားတို့ ထောင်ချောက်တွင်းသို့၊ သက်ဆင်း ကျွံနင်းမိလေပြီ။ ကျောင်းသား ခေါင်းဆောင်များကို ဘမ်းဆီးချုပ်နှောင်ခြင်းကို အကြောင်းပြု၍၊ တနိုင်ငံလုံး ကျောင်းသားများဆူပူကြ၏။ ရေနံမြေ သပိတ်ကြီးသည်လည်း၊ ထိုအချိန်အတွင်း တလိမ့်လိမ့်နှင့် ရန်ကုန်မြို့တော်သို့ ချဉ်းကပ်ခဲ့လေပြီ၊ကျောင်းသားများလည်းကျောင်းသားခေါင်းဆောင်များ၊ ပုလိပ်ဆွဲခြင်းမှ လွှတ်ပေးရန် ဆူပူတောင်းဆိုကြ၏။ အင်အားပြကြ၏။ သို့သော်-

N.P.W. — 191-10, 10000

တပိုလ်ဆင်း တပိုလ်တက် စံနစ်ဖြင့်၊ ကိုဗဟိန်း ကိုဗဆွေတို့ကို ဘမ်းထားစဉ်၊ ကိုလှရွှေ တက်၍ ခေါင်းဆောင်၏။

ကျောင်းသားအရေးသည် ဆူသထက်ဆူခဲ့လေပြီ။ ဒေါက်တာဘမော် အစိုးရသည် ငြုစ်လျှုရှုလျှက်၊ မီးပွားမှမီးတောက်အောင် လက်ပိုက်၍ စောင့်နေ၏။ ။၁၉၃၈-ခု ဒီဇင်ဘာ၂၀တွင် ရန်ကုန် ကျောင်းသားများသည် အတွင်းဝန်ရုံးကြီးကို ဝိုင်းကြလေ၏။ နံနက်စောစောမှစ၍ဝိုင်းရံကာ ဝန်ကြီးဝန်ငယ်တို့အားသပိတ်တားနေသည်မှာ ၁၁-နာရီ ထိုးလောက်ထိဖြစ်၏။ဆိုအတွင်း ပုလိပ်များချထားသည်မှပြန်လည် ရုပ်သိမ်းသွားပြီးလျှင် ၁၁-နာရီထိုး အချိန်လောက်၌ တဖန်-မြင်းစီးတုတ်ကိုင် ဂေါ်ရာကုလားပုလိပ် များကို ထပ်မံလွှတ်၍ လူစုခွဲစေရာ၊ ကျောင်းသားတို့၏ သွေးမြေသို့ကျရုံမက၊ ဗိုလ်အောင်ကျော် အသက်ဆုံး ရှုံးရှာသည် အထိ မှုလှုခံခဲ့ရလေသည်၊ ဒေါက်တာ ဘမော်အစိုးရသည် တက်ကြွနေသော ကျောင်းသားများအား သွေးမြေကျရုံမျှမက၊သေရသည်အထိ၊သေမင်း တမန်တော် အဖြစ်နှင့် စော်ကားခဲ့လေသည်။

၎င်းသို့အတွင်းဝန်ရုံးကြီးကို ဝိုင်းရံအင်အားပြကြရန် အကြံပေးသောပုဂ္ဂိုလ်များကား ဂျာနယ်ကျော် ဦးချစ်မောင်။ သခင်နု၊ သခင် အောင်ဆန်း တို့ပင် ဖြစ်၏။ ကျောင်းသား များအား၊ လူတန်းစား တိုက်ပွဲ ဝင်ရောက် စွက်ဖက်ခါ ကူညီပေးရန် အလုပ်သမား သပိတ်ကြီးပေါ်ပေါက်ခိုက် အခွင့်အခါကို၊ အချက်ကျကျ အသုံးပြုလိုက်ခြင်း ဖြစ်ပေ၏။ ၎င်းအကြံသည် ကျောင်းသားများအား နိုင်ငံရေး နယ်ပယ်ထဲသို့ တဆင့်တိုး၍ ရောက်စေ တော့၏။ကျောင်းသားသွေးမြေ ကျသည်အတွက်ကျောင်းသား လူငယ်ဟူသမျှ နိုင်ငံရေး မျက်စိပွင့်၍၊ ရင့်သထက် ရင့်စေတော့၏။ ကိုအောင်ဆန်းတို့လူစုသည် ကျောင်းမှ ထွက် သွားသည့်တိုင်အောင် ကျောင်းနှင့် မကင်းကွာဘဲ အမြဲဆက်သွယ် လမ်းညွှန်လျက် ကျောင်းသားနှင့် နိုင်ငံရေး အဆက်ဖြတ်၍ မရနိုင်အောင် ဖန်တည်း လှုံ့ဆော်ပေးလျက် ရှိလေသည်။

## ထွက်ရပ်ဂိုဏ်း

ထိုနှစ်မှာပင်- သောင်မတင် ရေမကျ ဖြစ်ခဲ့သော ရဟန်းပျို အစည်းအဝေးမှ ဆွေးနွေးချက်တို့ကို တဖန်လှုံ့ဆော်ကာ၊ သခင်အောင်ဆန်းသည်ကာမကထပြု၍စိုင်းပြင်း ပြန်လေ၏။ သူကိုယ်တိုင် မဏ္ဍိုင်သဘွယ် အစပြု၍ ဂိုဏ်းပေါင်းစုံ, ပါတီ ပေါင်းစုံ ခေါင်းဆောင် တို့အား ဘိတ်ကြား၍၊ မန္တလေး မြို့တွင် ဆွေးနွေးပွဲ တရပ် ကျင်းပ ပြန်လေ၏။ ထိုဆွေးနွေးပွဲသို့ ဘိတ်ကြားချိန်တွင်၊ ဒေါက်တာ ဘမော် အစိုးရမှာ ကျောင်းသားတို့ အရေးကြောင့်ပြုတ်ကျပြီးလေပြီ။ ဦးပုအစိုးရတက်နေလေပြီ။ ဂဠုန်စော ကား ဦးပုအစိုးရတွင် သစ်တောရေးဌာန ဝန်ကြီးဖြစ်လေ၏။ ထို အစည်း အဝေးသို့ ဒေါက်တာဘမော်။ ဦးစော၊ ဦးဘဦးတို့ စသည့် ခေါင်းဆောင်များ တက်ရောက်၏။ ပါတီများ စည်းလုံး ညီညွတ်ရေးကို အဓိကထားကာ ဗမာ့ လွတ်လပ်ရေးကို တင်သွင်း ဆွေးနွေးကြရာ၊ နောက်ဆုံး၌ ထွက်ရပ်ဂိုဏ်းဟူသော အမည်ဖြင့် လွတ်လပ်ရေး တပ်ဦး

တခု ဖွဲ့စည်းကာ၊ ဗြိတိသျှကိုစစ်အကူအညီမပေးရန် ဆုံးဖြတ်လျက် ဒေါက်တာ ဘမော်အား၊ အာဏာရှင် တင်မြှောက်လိုက်လေ၏။ ဒေါက်တာဘမော်ကမူ ပြဋ္ဌာန်းချက် (၇) ချက်ထုတ်ပြန်ကာ၊ အစည်းအဝေးပွဲများ ဗမာပြည် အနှံ့အပြား ကျင်းပစေလျက်၊ ထို ပြဋ္ဌာန်းချက်များကို ဘတ်ကြားထောက်ခံစေ၏။ ဤ အဆိုပါ ပြဋ္ဌာန်းချက်တို့တွင် အင်္ဂလိပ်အစိုးရအား၊ စစ်အတွက် မကူညီရေးပါဝင်သဖြင့်၊ အစိုးရက ဘတ်ပြအဆိုသွင်းသူ မှန်သမျှကို ကာကွယ်ရေးပုဒ်မဖြင့် ဘမ်းဆီးတော့၏။

ထွက်ရပ်ဂိုဏ်းကြီး ပေါ်ပေါက်လာသည်မှာ၊ သခင်အောင်ဆန်း၏ ကြိုးဝမ်းမှု၏ကျေးဇူးဖြစ်ကြောင်း၊ မည်သူမျှ မငြင်းဆိုနိုင်ပေ။ သခင်အောင်ဆန်းသည် ဗမာအမျိုးသားများကိုအား ဂဏ ပါတီများ သွေးစည်း ညီညွတ်မှုကိုသာ စိတ်အားထက်သန်လျက်အပေးအယူ သဘောထားကြီးစွာဖြင့် မင်းသားလုပ်ချင်သူများကို မင်းသားလုပ်စေလျက်သူ၏အတ္တကိုဘာမျှ ကိုယ်ကျိုး မဘက်စေဘဲ၊ ညီညွတ်ရေးတပ်ဦး တောင့်တင်းခြင်းကိုသာ လေးလေးစားစား အရေးထားလျက်၊ ဗမာ့လွတ်လပ်ရေးတိုက်ပွဲကို အင်နှင့်အားနှင့် ဆင်နွှဲရန် ထွက်ရပ်ဂိုဏ်း ထောင်လိုက်ခြင်း ဖြစ်၏။ ပါတီတခုထက်ပို၍ စည်းလုံးမိအောင် ကြိုးစားသည်မှာ၊ သခင်အောင်ဆန်းပင် ဖြစ်၍ သခင်အောင်ဆန်း သာလျှင်ထိုသို့ ကြိုးပမ်းရာတွင် အောင်မြင်သင့်သလောက် အောင်မြင်၍၊ ပဌမဆုံး အောင်မြင်သူဟုဆိုရပေမည်။ အချိန်အခါနှင့် နိုင်ငံရေးအခြေအနေ။ ပါတီတို့၏ရာထူးငန်းဘမ်းသည့်ရောဂါဆိုးသောင်းကျန်း၍ ဘရမ်းဘတာဖြစ်နေသည့်အချိန်ကို ထောက်ရှုလျှင်၊ ဤမျှစည်းလုံးမိသည်ကို အချိန်အခါအလျှောက်၊ ကြီးစွာသော အောင်မြင်ခြင်းဟု ဆိုရပေမည်။

ထွက်ရပ်ဂိုဏ်းဝင် ပါတီခေါင်းဆောင်တို့သည်၊ မြို့နယ် အသီးသီးသို့ တာဝန်ခွဲ၍လှည့်လည်တရားဟောကြ၏။ သခင်အောင်ဆန်းလည်း ကုလားကာ နောက်ကွယ်မှ တကုပ်ကုပ်လုပ်ကိုင်ရာမှ အပြင်ထွက်၍ နယ်လှည့် တရားဟောလေပြီ။ သူသည် မြစ်ဝကျွန်းပေါ်တလျှောက်တွင် ဟော၏။ ရန်ကုန်မြို့ပေါ်တွင်လည်း ဟော၏။

ပုလိပ်တို့သည် ဇရပ်တွင်းသို့နှိုး၍ဝင်လာသောအခါ၊သခင်အောင်ဆန်းမှာအိပ်ပျော်လျက်ပင်ရှိသေး၏။ ခေါင်းစုတ်ဖွား လူမှုံတေတေ သခင်အောင်ဆန်းကို အသာပုတ်နှိုး၍ ဝရမ်းပြခါ ဘမ်းလေတော့၏။

နိုင်ငံရေးလိုက်စားသူမှန်လျှင် အဘမ်း,အငတ်,သတ်သည်ကိုပင် မကြောက်ရသည့်အတိုင်း၊ သခင်အောင်ဆန်းအဘို့မှာ မဒွံသြ။ အများဘမ်းနေစဉ် သူ့ကိုလည်း ချန်ထားလိမ့်မည်ဟု ရှေးဦးမဆွကပင် မမျှော်လင့်ခဲ့ချေ။ သို့အဘမ်း ခံရန်ပင် မဘုတ်လော။ သူသည် သမဂ္ဂပေါ်တွင် ထောင်အိပ် ထောင်နေ ကျင့်ခဲ့သေးသည် မဘုတ်ပါလော။ ကိုယ်ကျိုးကိုမငဲ့။ သူ့အမျိုးနှင့် တိုင်းပြည်အကျိုးကို မဆုတ်မနစ်၊ မဖြစ်မနေ ဆောင်ရွက်နေသော သခင် အောင်ဆန်းကို ဗြိတိသျှ၏ လက်ပါးစေ များက ထောင်ဆုနှင့် ပူဇော်ကန်တော့ပြီးခါ၊ နောက်ဆုံးတွင်ပြန်၍လွှတ်လိုက်ရလေသည်။

ရန်ကုန်မြို့ ရေကျော်လမ်း အမှတ် ၇၆-သည်၊ သခင်အောင်ဆန်း၏ နိုင်ငံရေး ကျက်စားရာ ရိပ်မြုံ-ဘုံဗိမာန်ကြီး ဖြစ်လေသည်။ အကြောင်းကား သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော တို့ဗမာ အစည်းအရုံး တည်ရာ ဌာနချုပ် ဖြစ်သောကြောင့် ပင်တည်း။

၎င်းအိမ် တဘက် တချက်၊ အရှေ့ အနောက် ဝဲယာ အိမ်များ၌ စုံထောက် သူလျှို သတင်းပေး။ ကိုယ့်လူသူ့ ဘက်သားများသည်၊ မျက်စိအောက်က အပျောက် မခံနိုင်ကြဘဲ ဝိုင်းဝန်း နေထိုင်ကြ၏။ သခင်များသည် ဘယ်နေ့ ဘယ်နာရီ ဘယ်အဝတ် အစားဝတ်၍ ဘယ်ဘက်ခြေကစပြီး မြေကြီးနင်းကာ၊ ဘယ်ထောင့်အရပ်သို့၊ ဘယ်လို လက်ဟန်လွှဲ၍ ဘယ်လိုသွားသည်မှစ၍ မှတ်တမ်း တင်နေကြသဖြင့်၊ စုံထောက်များ၏ အလုပ်များရာ ရပ်ကွက်ကြီးတခုလည်းဖြစ်၏။ သခင်အောင်ဆန်းမှာ လုံချီတထည်ကို တခါလာလဲမဲ့ပြာ ပုဆိုး အဖြစ်နှင့်ပင် ဆယ့်ငါးရက် တလကြာအောင် ဝတ်၍၊ ဗိုလ်ဆံထောက် ကိုလည်း တခါတလေမညှပ်ဖြစ်ဘဲ၊ လမ်းဘေး ထမင်းဆိုင်ဝယ်စားကာ၊ ဆင်းရဲခြင်းမလှ ကြီးစွာ သော ဆင်းရဲခြင်း ဒုက္ကရစရိယာ ကျင့်နေသောအခါ ဖြစ်ပေသည်။ "ခင်ဗျား ဆံပင်တွေ မုတ်ဆိပ်တွေ ရှည်လှပါပကော။ တောထွက် မလို့လား။ လာဗျာ ဆံမင်ညှပ်ဆိုင် သွား ညှပ်ရအောင်"ဟု အလုပ်ခွင်တွင် ခေါင်းမှောက်၍ အလုပ်ရျာန် ပွားနေသော သခင် အောင်ဆန်းကို ရဲဘော်များက ပြောပြောဆိုဆို အတင်းဆွဲ သွားပြီး၊ ဆံပင်ညှပ်ဆိုင်၌ ဆံပင်ညှပ်၊ အမွေးအမှင်များ ရှင်းလင်း သုတ်သင် ခိုင်းကြ၏။ ဌာနချုပ် အစည်း အဝေး များတွင် ဒိုးဒိုး ဒေါက်ဒေါက် မထောက်မညှာ ပြောင်ပြောင် တင်းတင်း ဘွင်းဘွင်းကြီး ပြောလေ့ရှိသူမှာ သခင်အောင်ဆန်းပင် ဖြစ်၏။

တခါတရံဘယ်သူက ဘာပြောပြော၊ ဘာလုပ်လုပ် မျက်မှုံကြုတ်၍ ပေါင်နှစ်ဘက် ပေါ်၊ ကွေးနေသောလက်နှစ်ဘက်တင်၍၊ ခေါင်းငိုက်ဆိုက်နှင့်စဉ်းစားခန်းဝင်၍၊ လျှာမဲ့ ငါးကဲ့သို့ နှုတ်ဆိတ် နေသူ မှာလည်း သခင် အောင်ဆန်းပင် ဖြစ်လေသည်။ သခင်-အောင်ဆန်းမှာ စိတ်ပျက်ပြီး ပျော့ခွေ ကျသွားပြီဟု မတွေ့မြင်ခဲ့ရ။ ဘာဘဲ ဖြစ်ဖြစ်၊ လက်သီးလက်မောင်းတန်းခါတသမတ်တီး ဆုံးဖြတ်ချက်အတိုင်းလုပ်ကိုင်သွားတတ်လေ ခေါင်းမွေးစုပ်ဖွားနှင့် မိုသီဗတ်သီဝတ်စား၍ ကိုးယိုးကားယားနေထိုင်လျက် ရှုတင်းတင်း ထားတတ်သောသခင်အောင်ဆန်းကို၊သူ့ ရဲဘော်များသည်၊လူ့တမျိုးဘဲလို့အသိအမှတ် ပြုထားကြလေသည်။ လေးလည်းလေးစားကြသည်။ ထိုစဉ်အခါက ၇၆ ရေကျော်အိုး ထောင်ကို ခြင်ထောင်မှတ်ထင်၍ စုံထောက် စာရင်းဝင်မှာ မကြောက်သူ လူငယ်အချို့ သာလျှင် ဥဒဟိုသွားရောက်ခဲ့ကြ လေသည်။ သခင်အောင်ဆန်းသည်၊ အပျော် အပါး မကြိုက်။ သို့ရာတွင် နိုင်ငံရေး ပုန်ကန်ရေး စစ်ရေးရာနှင့် ပတ်သက်သော ရုပ်ရှင်ကား များကို သွားရောက် ကြည့်ရှုလေ့ရှိခဲ့သည်။ တရံရောအခါ သခင်အောင်ဆန်း။ သခင် သန်းထွန်းတို့လူသိုက်ကို အင်္ဂလိပ်ရုပ်ရှင်ရုံ တရုံ တမတ်တန်း ရှေ့ဆုံး တန်းလျားပေါ်တွင်၊ ဘယ်သူ့မှ အရေးမစိုက်သော ကြည့်ရှုမျိုးဖြင့် ရုပ်ရှင် ကားကိုသာ စူးစိုက် ကြည့်နေ သည်ကို ဂရုပြုမိခဲ့၏။ နောက်တပတ် ထိုရုပ်ရှင်ရုံ ထိုရုပ်ရှင်ကားကိုပင် တမတ်တန်းမှ လာကြည့်သော သခင်အောင်ဆန်း တို့ကို တွေ့ရမည်ဖြစ်၏။ ရုပ်ရှင်ကား နာမည်မှာ

'' ဝွာရက်ဇ် '' ဖြစ်၏။ ဇာတ်လမ်းမှာ မက္ကဇီကို လူမျိုးများသည် မျိုးချစ်ခေါင်းဆောင်ကြီး ဝွာရက်ဇ် ၏ ခေါင်းဆောင်မှုဖြင့်၊ ဩစလီယာ အဓမ္မ ရှင်ဘုရင်ကို တော်လှန်ခြင်းဖြင့် အောင်မြင်ခဲ့၏။ အမေရိကန် သမတ '' အီဘရာဟင်လင်ကွန်း '' တို့က၊ထိုသူပုန်ကို လက်နက်အား ငွေအားဖြင့် အားပေး၏။ အတွင်းသူပုန်များက ပျောက်ကြား စံနစ်ကို လက်ကိုင်ထား၍တိုက်၏။ ရန်သူများ၏ စစ်တပ်ရှေ့သို့ ကောက်ရိုး လှည်းတန်းရှည်ဖြတ်သွားနေစဉ်၊ ကောက်ရိုးလှည်းထည်း၌ရှိသော သေနတ်များကို အနီးအနားရှိ တောသားများက စီစဉ်ထားသည့်အတိုင်း ဆွဲထုတ်ပြီးလျှင် ရန်သူ အစောင့်စစ်သားကို ပစ်သတ်၍၊ စစ်တပ်ကိုဝင်စီးပုံများပါရှိ၏။ အတုမြင်အတတ်သင် အရိပ်ပြအကောင်ထင် ဆိုသလို၊ထိုရုပ်ရှင်ကားတဲကအဖြစ်အပျက်များနှင့် ရဲဘော် ၃ ကျိပ်သည် နိပွန်အကူအညီဖြင့် မြန်မာပြည်အတွင်း သူပုန်လမ်းခင်းရာမှ၊ နိပွန်တပ်မတော်နှင့် ဘီ-အိုင်-အေ တပ်မတော် ပူးပေါင်းပြီး၊ အင်္ဂလိပ်များကို မြန်မာမြေပေါ်မှ မောင်းနှင်ထုတ်ခဲ့မှုမှာ၊ ဆင်တူရိုးမှား အလားတူအကြောင်းချင်း လုပ်ပုံချင်း တူလှပေသည်။ မြန်မာ့ လွတ်လပ်မှုသည် မက္ကဇီတို့လွတ်လပ်မှုကဲ့သို့၊ နိုင်ငံခြား အကူ အညီဖြင့် တော်လှန်ပစ်မှရပေမည်ဟု သခင်အောင်ဆန်းသည် ထိုစဉ်အခါက နှစ်နှစ် ကာကာကြီး သဘောပေါက်ခဲ့ဟန် တူလေသည်။

## ဆုငွေ ၅ ကျပ်နှင့် သခင်အောင်ဆန်း

ကျောင်းသားခေါင်းဆောင်၊ တို့ဗမာ အစည်းအရုံး၊ အထွေထွေ အတွင်းရေးမှူး တက္ကသိုလ် အုပ်ချုပ်ရေး အဖွဲ့ဝင်လူကြီး သခင်အောင်ဆန်းသည် အမြို့မြို့ အနယ်နယ်သို့ နိုင်ငံရေးတရား လှည့်လည်၍ ဟောခဲ့သည်မှာ အနံ့အပြားဖြစ်၏ ဟင်္သာတတွင် ဟောသည့်အခါက၊ အစိုးရအပေါ် အစွန်းငြိသည်ဆို၍ ဟင်္သာတရာဇဝတ်ဝန် '' မစ္စတာအော '' က သခင်အောင်ဆန်းဘမ်းဆီး ရမိလျှင် ဆုတော်ငွေ အသပြာငါးကျပ်တိတိ ပေးသနားတော်မူမည်ဟု ဝရမ်းထုတ်ခါ စော်ကားလိုက်လေသည်။

သခင်အောင်ဆန်းအဘို့ မတုန်လှုပ် မခြောက်ခြား အမှုမထားသော်လည်း နိုင်ငံတဝှမ်းလုံး မခံနိုင် မရပ်နိုင် ဖြစ်ကြကုန်၏။ သတင်းစာ အသီးသီးကလည်း သခင်အောင်ဆန်း၏ မျိုးချစ်စိတ်။ သူ၏စေတနာ။ သူ၏လုပ်ငန်း၊ သူ၏ဂုဏ်ပုဒ်တို့ကို ဖွင့်ထုတ်ခါ ဆင်ကန်းတောတိုး၊ နွားသိုးကြိုးပြတ်၊ ရောက်တတ်ရာရာ၊ရိုင်းစိုင်းစွာသော၊မနော်ဆိုးသဘောမျိုးနှင့်၊ အသိခေါက်ခက်အငင်နက်စွာ၊ လူ အများက ကြည်ညိုအားထားနေသူ သခင်အောင်ဆန်းအား အညွန့်ကျိုးအောင် အဘိုးမရှိအောင် နှိမ်ရလျှင် ပြီးစတမ်းဟု၊ ထိုသို့သော လူကြီးလူကောင်း လူရာ ဝင်သူတဦးကို ချိုးချိုးနှိမ်နှိမ် ဆုငွေ ၅ိ ထုတ်ပြန်ခြင်းကို၊ ခွေးသေကောင် ဋွင်းဒ ဝိုင်းဆွဲသည့်ပမာ၊ အမျိုးမျိုးပြစ်တင် ရှုံ့ချ ကဲ့ရဲ့ကြလေ၏၊ ထိုအချိန်တွင်သခင်အောင်ဆန်းသည်၊ လူထု၏မျက်စိထဲတွင် ပုလဲမျက်ရှင်သဘွယ်ဖြစ်စရှိချေပြီ။ သူ၏ လုပ်ပုံကိုင်ပုံကို လူအများအားပေးလျက် ရှိချေပြီ၊ သူ့အား လူတိုင်းက ချီးမြှောက်နေချိန် ဖြစ်လေသည်။ ဤမျှတိုင်းကျိုး ပြည်ကျိုးဆောင် ပုဂ္ဂိုလ် တဦးကို

၅၀၀၀-တန်ဝရမ်းပင်၊ ၎င်း၏ဂုဏ်နှင့် မမျှဟုထင်နေချိန်၌ ၅ တန်ထုတ်ခြင်းမှာ သက်သက် မတော်မတရား မိုက်ရိုင်းစွာ စော်ကားခြင်း ဖြစ်လေသည်။ လူထု၏ တုန့်ပြန်မှုသည် တနိုင်ငံလုံး အုံးအုံးကြွက်ကြွက် တခဲနက် ခြောက်ခြား နွှဲသည်မှာ ကြောက်ပါး လိလိ ဖြစ်ဘိသော ဟူ၏။

သို့သော်—၅တန် ဝရမ်းကားဝရမ်းသာလျှင်ရှိ၏။ လူကိုကားမမိ။ သခင်အောင်ဆန်း ၏ နိုင်ငံရေးလုပ်ငန်းမှာ ခြေလှမ်းသွက်လျက်ရှိချေပြီ။ အနောက်နိုင်ငံတွင် ဖြစ်နေသော စစ်ပွဲကြီး၏ အခိုးအငွေ့တို့မှာ၊ အရှေ့ဘက်တလွှားသို့လည်း မီးလုံးရိုက်လျက် ရှိချိန်ကို။ အလဟဿ အဖြစ်မခံနိုင်တော့ချေ။ သို့အတွက် ဝရမ်းကိုရှောင်ကာ ရှားကာနှင့် မိမိ လုပ်စရာ့ လုပ်ငန်းတို့ကိုသာ၊ ပုန်းရာကွယ်ရာမှ လုပ်ကိုင်နေလေ၏။ တက္ကသိုလ် အုပ်ချုပ် ရေး အဖွဲ့ဝင် လူကြီးအဖြစ်မှလည်း ဝရမ်းပြေးရာကပင် နှုတ်ထွက်လိုက်၏။

သခင်အောင်ဆန်းသည်၊ ရှိမ်းဆားယာပိုမောက်၍ကိုယ်ပျောက်သည်မဟုတ်၊ အဘမ်း ခံရမည်ကို ကြောက်ရွံ့၍ ရှောင်တိမ်းနေခြင်းမဟုတ်။ ထိုအချိန်မှာအင်္ဂလိပ်တို့ အနောက် ဘက်စစ်မျက်နှာတွင်သေမင်းရိုက်၍မျက်ဖြူဆိုက်ချိန်ဖြစ်သည့်အတွက် အခွင့်အခါကောင်း ကိုယူ၍ လုပ်စရာလုပ်ငန်းများထိုမလွှတ်တန်းလုပ်နေရခြင်းကြောင့်ဖြစ်သည်။ သူ၏အဓိက ရည်ရွယ်ချက်မှာ ဗမာ့လွတ်လပ်ရေးပင် ဖြစ်၏။

ဤသို့ ကိုယ်ဖျောက်ခါ ရှောင်ရင်း တိမ်းရင်းလုပ်ကိုင်နေရင်းပင်၊ အရှေ့အာရှဘက် မှစစ်မီးကြီးသည်လည်း ထလောင်တော့ မယောင်ယောင်နှင့် တကဲကဲရှိတော့၏။

## ကိုယ်ပျောက်သွားခြင်း

သခင် အောင်ဆန်းသည်၊ ဝရမ်းပြေးရင်း ရုပ်ပြောင်း ရုပ်လွှဲ အမျိုးမျိုးနှင့် လှည့်ခါ ရှောင်တိမ်းခဲ့ရာမှ၊ သူ၏ သတင်းကိုလည်း မကြားရ။ ပုလိပ်တို့လည်း ဗျာများကာ၊ ခေါင်းချင်းရိုက်နေကြ၏။ သူကား အဘယ်အရပ်တွင် ရှိလေသနည်း။ အဘယ်ကြောင့် မမိကြသနည်း၊ သခင်အောင်ဆန်း ဗမာမြေ ပေါ်တွင် ရှိပါသေးသလော။ ပုလိပ်တို့ မသိလိုက်။ ယုန်တောင်ပြေး၊ ခွေးမြောက် လိုက်ပုံကဲ့သို့ ဖြစ်တော့၏။ သခင်အောင်ဆန်း အဘယ်အရပ် အဘယ်ဒေသတွင် ရှိနေသည်ကို မပြောတတ်ကြပေ။

သခင် အောင်ဆန်းကား၊ ဗမာမြေပေါ်တွင် မရှိတော့ပြီ။ ၁၉၄၀-ခုနှစ်၊ ဩဂုတ် လဆန်း ၁၄-ရက် နေ့တွင် ဗမာပြည်မှ ထွက်သွားလေပြီ။ ကိုယ်ပျောက် သွားလေပြီ။ ဝရမ်းမှာ စက္ကူပေါ်တွင် ကျန်ခဲ့လေပြီ။ သခင်အောင်ဆန်းသည် တရုပ်ပြည် ဟန်ဒိုင်း မြို့သို့ ရှေ့ရှုလျက် ပင်လယ်ကူး သင်းဘောဖြင့် ကိုယ်ရောင် ဖျောက်လျက် လိုက်ပါသွား ချေပြီ။ ဝရမ်းကိုင် ပုလိပ်များမှာ လင်ပစ်သွားသော မယားသယ်ကဲ့သို့၊ မလိုက်တတ်ရှော တတ် ကျန်ခဲ့ရှာလေပြီ။ အဘမ်းခံထောင်ကျ၍အချိန်ဖြုန်းခြင်းထက်၊ ထိုအချိန်ကို ဒင်ပြည့် ကြပ်ပြည့် တိုင်းပြည်အတွက် အချက်ကျကျ အသုံးချခြင်းကပို၍ ခရီး ရောက်မည်ဟု သခင်အောင်ဆန်း သဘောပိုက်မိလေသည်။ ထောင်ကိုကြောက်၍လည်း မဟုတ်။ ဘမ်း

မည်ကို တုန်လှုပ်၍လည်း မဟုတ်။ တိုင်းပြည်အတွက် အကျိုးယုတ်မည်ကို စိုးရိမ်၍ပင် ဖြစ်လေသည်။

၅-ကျပ်တန် ဝရမ်းထုတ်ခါမှ သခင်အောင်ဆန်းသည် ဗမာပြည် ပြင်ပသို့ ရောက်သွားလေ၏။ သခင်အောင်ဆန်း ဗမာပြည်ပြင်ပသို့ ရောက်သွားလေကြောင်း၊အစိုးရတို့ သိလေပြီ။ သိသည့်အတိုင်း အစိုးရစုံထောက်များ မျက်လုံးပြူးလျက်ရှိ၏။စုံထောက်တို့၏ မျက်စိအောက်မှပျောက်ကွယ်သွားသည့်အတွက်၊ စုံထောက်များ ခေါင်းကြိမ်းကြလေပြီ။ အရှေ့ဘက်တ လွှားမှာလည်း ဝင်ရိုးတန်းနိုင်ငံတခုဖြစ်သည့် ဂျပန်တို့၏ ခြေလှမ်းကြောင့်၊ ရှမ်းခိုးစစ်ဌေ့ များ သန်းလျက်ရှိရကား၊ စုံထောက်တို့သည် နိုင်ငံခြားမှ လူဝင် လူထွက်များကို၊အထူးသဖြင့် ဂရုပြု၍ စောင့်ကြပ် စစ်ဆေး လျက်ရှိ၏။ ထိုသို့စိုးရိမ်တကြီး ရှိသည့် အချိန်၊ စုံထောက်ဘက် ပုလိပ်ဘက်၌ အထူး လှုပ်ရှား သွားလာသည့် အကြောင်းတခု ပေါ်လာ၏။

ဂျပန်ပြည်မှ ဗမာသံ၊ ဗမာသီချင်း၊ ဗမာဘာသာဖြင့် နိုင်ငံရေး တရားများမှာ၊ ညစဉ်ဝေဟင်ခရီးက လေယာဉ်စီးလျက် ရေဒီယို အသီးသီးမှ ထွက်ပေါ် လျက်ရှိ၏။ အစိုးရကလည်း ဂျပန်ပြည်မှငင်း၊ ဝင်ရိုးတန်းနိုင်ငံတို့မှငင်း၊ ရေဒီယို အသံများ ဘမ်းယူ နားထောင်ခြင်းကို မပြုရန် အမိန့်ထုတ်ဆင့်ထား၏။ စကြာသိုက်သီချင်းမှာ ညတိုင်းလိုပင် အသံလွှင့်၏။ ဗမာတွေ အာရှတိုက်သားချင်း ကူညီဘို့။ အထောက်အပံ့ပေးဘို့၊ နယ်ချဲ့ အင်္ဂလိပ်တို့ကို တော်လှန်ဘို့ ရေဒီယိုမှ လှုံ့ဆော် ပေးလျက်ရှိ၏။

ထိုအခိုက်-တနေ့သော်၊ သခင်အောင်ဆန်း-ဂျပန်သင်းဘောဖြင့်ဗမာပြည်သို့ပါလာ လိမ့်မည်ဟု သတင်းရသည်ဘု- ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက် ဆိုက်ကပ်မည့် ပင်လယ်ကူးသင်းဘော ဆိုက်ကပ်လျက်ရှိသော သင်းဘောများ ပေါ်တွင်၊ အပျော်ထမ်း ပုလိပ်များ ခါတိုင်းထက်နှစ်ဆတိုး၍ တာဝန် ချထားလေ၏။ အရှေ့ဘက် နိုင်ငံများမှ ဝင်ရောက်လာသော သင်းဘောများကိုမူ၊ စုံထောက်များ ပုလိပ်များ အထပ်ထပ်ညှပ်၍ ရှာဖွေ စစ်ဆေးကြ၏။ သို့သော် သခင် အောင်ဆန်းကား ပါမလာချေ။

၁၉၄၁ခုနှစ် ဇန်နဝါရီလဆန်းတွင်၊ တနင်းသာရီကမ်းရိုးတန်း ဆိပ်ကမ်းမြို့ တမြို့သို့ သွား ခေါ်ခေါ် မျက်ခုံးပါးပါး၊ နှုတ်ခမ်းမွေးရေးရေးနှင့်၊ ပေါက်ဘော်တရုပ်တယောက် သည် မျက်မှန်နက်တပ်ဆင်လျက်၊ ပင်လယ်ကူး သင်းဘောပေါ်မှ ဆင်းလာ၏။ သူ၌ လိုအပ်သော နိုင်ငံကူးလက်မှတ်များ အပြည့်အစုံပါ၏။ ထိုတရုပ်ကြီးသည် ဆိုင်ရာတို့က မသင်္ကာစရာမတွေ့၍၊ ဗမာပြည်တွင်းသို့ ဝင်ခွင့်ရသွား၏။ ထိုတရုပ်ကြီးကားအဘယ်သူ နည်း။ သခင်အောင်ဆန်းပင်ဖြစ်၏။ သခင်အောင်ဆန်း အဘယ်ကိစ္စကြောင့် ယခုလို ဗမာပြည်တွင်းသို့ တခေါက်ပြန်ဝင်လာသနည်း။ အကျိုးရှိက အကြောင်းရှိရပေမည်။

သခင်အောင်ဆန်း၊ ဗမာပြည်တွင်းသို့ တခေါက်ပြန်လာခြင်းမှာ အကြောင်းရှိ၏။ သူသည် တရုပ်ပြည်သို့ သွားရိုးမှန်သော်လည်း၊ အကြောင်း မသင့်၍ ဂျပန်တို့နှင့်ဆက် သွယ်ကာ၊ဂျပန်သို့ဆက်လက်သွား၍၊ဗမာပြည်အရေးကိုဂျပန်တို့နှင့်ဆွေးနွေးလေတော့၏

ဂျပန်တို့နှင့် သဘောတူညီချက်များ ပြုလုပ်ပြီးသည်နှင့်၊ သူ၏ အကြံဉာဏ်အတိုင်း၊ ဗမာပြည်သို့ပြန်လာကာ၊ သခင်မြ၊ ကိုဗဆွေ၊ ကိုကျော်ငြိမ်း စသည်တို့နှင့် တွေ့ဆုံပြီးလျှင်၊ ပြည်တွင်းပြည်ပတော်လှန်ရန်ကြံစီစိုင်းပြင်းလေ၏။ ထိုသို့ ပြန်လာသည့်ခေါက် အတွင်းမှ တော်လှန်ရန်စီစဉ်စရာတာဝန်တို့ကိုသခင်မြတို့အားလွှဲအပ်ပြီးအဆက်အသွယ်မည်သို့လုပ်မည်ကိုနားလည်ပြီးသကာလ၊ သခင်လှမြိုင်၊ (ယခုဗိုလ်ရန်အောင်ကွန်မြူနစ်) သခင်ဗဂျမ်း (ယခု ဗိုလ်လရောင် ရဲဘော်ဖြူ) တို့အား ခေါ်ဆောင်၍ ဂျပန် သင်္ဘောနှင့် ဗမာပြည်မှ ရုပ်ဖျောက်ကာ တဖန် ထွက်သွားပြန်လေ၏။

သခင်အောင်ဆန်းလာသည်ကို လုံးဝမသိလိုက်ကြ။ သူလာခြင်းမှာ လူငယ်အချို့ ဂျပန်ပြည်သို့ ခေါ်၍ စစ်ပညာ သင်ကြားစေရန် ဖြစ်၏။ ပြည်တွင်း၌ ကျန်ရစ်ခဲ့ သူတို့ကလည်း၊ လူထုစည်းရုံးလျက်၊ ချက်ကောင်းဆိုက်သည်နှင့် နယ်ချဲ့အင်္ဂလိပ်အစိုးရကို တော်လှန်ရန် ဖြစ်၏။ ဂျပန်ကလည်း တရုပ် ဗမာ လမ်းမကြီး ပိတ်ဆို့ဘို့ရာ အပြင်းအထန်တောင်းဆိုနေသဖြင့်၊ အင်္ဂလိပ်ကလည်း လိုက်လျောနေရချိန် ဖြစ်၏။ လူငယ် တို့လည်း အစိုးရဌာန အသီးသီးတွင် ဝင်ရောက်အမှုထမ်းလျက် ပွဲကြီး လမ်းကြီး တွေ့ရတော့မည် အရေး မဝေးတော့ပြီဟု သွေးတကြွကြွ ရှိနေကြ၏။

သခင်အောင်ဆန်းတို့ ဗမာပြည်မှ ပြန်ထွက်သွားပြီးနောက်၊ ပြည်တွင်း၌ ကျန်ခဲ့ သူတို့က လူငယ်များကို ရွေးချယ်၍ တသုတ်ပြီးတသုတ်၊ ဂျပန်သို့လျှို့ဝှက်စွာ ပို့လျက်ရှိ၏။ သို့နှင့် လူငယ်ပေါင်း နှစ်ဆယ်ကျော် သုံးဆယ်မျှ၊ ဂျပန်သို့ရောက်သွားကာ၊ သခင်အောင်ဆန်းအမှူးပြုလျက်၊ စစ်သင်တန်းတက်ကြရလေသည်။


ဗမာပြည်တွင်းရှိ ရဲဘော် ရဲဘက်များကလည်း၊ သခင်အောင်ဆန်း၏ ညွှန်ကြားချက်အတိုင်း၊ စည်းကိုက် ဝါးကိုက် လိုက်နာစီစဉ်လျက် ရှိလေသည်။ သခင်အောင်ဆန်းတို့ စစ်ပညာသင်သောနေရာမှာ တရုပ်ပြည်၏ အရှေ့ တောင်ဘက်ကမ်းခြေရှိ၊ ဂျပန်ပိုင် (ဖေါ်မိုဆာ) ကျွန်းအနီးရှိ (ဟိုက်နံကျွန်း) ပေါ်တွင် ဖြစ်လေသည်။

## အခန်း (၁၈)

## ရဲဘော်သုံးကျိပ်။

ဝင်ရိုးတန်း နိုင်ငံ တနိုင်ငံဖြစ်သော ဂျပန်သည်၊ (၁၉၄၁) ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင်၊ ဗြိတိသျှ အမေရိကန်စသည့် မဟာမိတ်တို့အပေါ် စစ်ကြေညာကာ၊ တိုက်စစ် ဆင်လေသည်။ ပုလဲဆိပ်ကမ်း၊ ဟောင်ကောင်၊ ဆက်ဘပူစသည့်ခံတပ်ကြီးများ၊ ကမ်းပါး ပြိုသကဲ့သို့ တခုပြီးတခု မရှုမလှ ပြိုကျဆုံးရှုံးကြလေ၏။ မဟာမိတ်တို့၏ခံစစ်မှာ ပြင်ဆင်မှု မရှိသဖြင့် တဆုတ်တည်းဆုတ်နေရကား၊ ဂျပန်တို့သည် ဒီရေ တက်သည့်အလား မဟာမိတ်တို့နယ်များကိုချီတက် သိမ်းပိုက်အုပ်စီးမိကြလေတော့၏။ အင်ဒိုချိုင်းနား၊ ယိုးဒယား စသည့်နိုင်ငံတို့မှာလည်း၊ အားမတန်သည့်အထဲမှာ မဟာမိတ်တို့၏ ကူညီမှုကို မျှော်လင့်

တက္ကသိုလ်ကျောင်းသားသမဂ္ဂ (၁၉၃၅-၃၆)



ရှေ့တန်းမှထိုင်သူများ။ ကိုသိန်းဟန် (ယခု တပ်မတော်ဘပ်ထောက်ကြီး)
မစ္စတာရာရှစ်၊ သခင်နု (ယခုဝန်ကြီးချုပ်)။ ကိုအုံး (ရုရှားသံအမတ်)
ကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)
နောက်တန်း အမှုဆောင်များတွင် ကိုထွန်းအုံ
(ယခု မြူနီစီပါယ်မင်းကြီး) က ကျေးဇူးပြုသော ဓါတ်ပုံဖြစ်ပါသည်။
(အမျိုးသား ဘလောက်တိုက်မှ လှူဒါန်းသည်)

ဗမာ့ လွတ်လပ်ရေးအတွက် ချမ်းမြေ့ပြည်မှ စစ်ပညာ သင်ကြားခဲ့သော ရဲဘော်သုံးကျိပ်မှ အချို့။

ရှေ့တန်းမှထိုင်နေသူများ။ ဝဲမှယာ ဗိုလ်ဇေယျ၊ ဗိုလ်မှူးအောင်၊ ဂုပန် ဘုန်းကြီး၊ ဗိုလ် ချစ်၊ ဗိုလ်မိုး ကြိုး၊ ဗိုလ်နေဝင်း၊ ဗိုလ်လရောင်၊

နောက် တန်း မှ။ ဗိုလ် ရန် နိုင်၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ် စောနောင်၊ ဗိုလ်ကျော်ဇော၊

နောက်ဆုံး တန်းမှ။ ဗိုလ်ဘဇာ၊ ဗိုလ်မင်းခေါင်၊ ဗိုလ်လင်းယုံ ဗိုလ်ခင်ယော်၊ ဗိုလ်ဗလ၊ ဗိုလ်ရဲထွဋ်၊



ချက် ကင်းဝေခြင်းကြောင့်ဂျပန်အလိုတော်ကျ ခေါင်းငုံ့ရသည့်ဘဝသို့ ဆိုက်ရောက်လေတော့၏။

ဂျပန်တို့သည် ဗမာပြည်တွင်းသို့ စစ်ကြောင်း သုံးကြောင်းမှ ထိုးဖေါက် ဝင်ရောက်ကြလေပြီ။ အားလုံးသောစစ်ကြောင်းတို့မှာ ယိုးဒယားပြည်မှအခြေခံပြု၍ခွဲဖြာ ထွက်လာသော စစ်ကြောင်းများဖြစ်၏။

ယိုးဒယားပြည်၌ပင်လျှင် ဂျပန်တို့အား, အားပေးအားမြှောက်ခြင်းသဘောနှင့်မဟုတ်ဘဲ အင်္ဂလိပ်တို့ ဗမာပြည်မှ မြန်သထက်မြန်စွာ၊ စောသထက်စောစွာ၊ စွန့်ခွာထွက်ပြေးရလေအောင်ဂျပန်တို့နှင့် တွဲဘက်လျက်၊ ပခုံးချင်းယှဉ်ကာ တိုက်ခိုက်ရန် စစ်ခေါင်းဆောင်တစုရှိသေး၏။ ထိုလူစုကား အခြားမဟုတ်။ သခင်အောင်ဆန်း အမှူးပြုသော စစ်ခေါင်းဆောင်များဖြစ်လေသည်။ ဗမာတမျိုးလုံး၏ လွတ်လပ်ရေးကို သွေးနှင့်လဲ၍ အရယူရန် သခင်အောင်ဆန်းသည် " ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး "ကိုယိုးဒယားပြည်တွင် ဖွဲ့စည်းခဲ့လေသည်။

(ဤသို့ ရဲဘော် ရဲဘက် ပန္နက်မိဋ္ဌာန်လျက် ဖွဲ့စည်းခြင်းသည်ကား၊ မြန်မာရာဇဝင်သမိုင်းတို့တွင် စကိုင်းမြို့တည် နန်းတည် သခ်ယာစောယွန်းသည်၊ မုဆိုးဘိုစသောမြောက်ဘက်တခွင်တပြင်ကို မြင်းယာဉ်တပ် ဖွဲ့စည်း သကဲ့သို့ရှင်း။ တပင်ရွှေထီးသည် မုဆိုးဘိုတခွင်ကို မြောက်မြင်းနယ် မိတ္ထီလာတခွင်ကိုတောင်မြင်းနယ် ဖွဲ့စည်းသကဲ့သို့ရှင်း။ မုဆိုးဘိုအစီရင်စုဦးအောင်ဇေယျသည်၊ မုဆိုးဘို တဝှမ်းမှ စွမ်းရည် သတ္တိ ဗျတ္တိနှင့်၊ ဂတိသစ္စာရှိသူတို့ကို ရဲဘော်ခြောက်ကျိပ်ရှစ်ယောက် ဖွဲ့စည်းသကဲ့သို့ရှင်း။ အကြောင်းချင်း တူမျှပေသတည်း။)

ထိုသို့တပည့် ရဲဘော်သုံးကျိပ်ဟူသောအမည်တွင်ရှိလေအောင်၊ သခင်အောင်ဆန်း ခေါင်းဆောင်ကာ ရဲဘက်ရဲဘော် စုစုပေါင်း သုံးဆယ်တိတိရှိလေသည်။ သခင်ထွန်းအုပ်မှလွဲ၍ အားလုံးသော ရဲဘော်အပေါင်း တို့သည်၊ ဂျပန်စစ်ပညာကို၊ ဟိုက်နန်ကျွန်း၌ အပူတပြင်း စိုင်းပြင်း သင်ကြား လေ့ကျင့်ခဲ့ကြရ၏။

ဂျပန်စစ်ဦးလည်း ဗမာပြည်တွင်းသို့ ခေါင်းတည့်လျက် နေလေပြီ။ ရဲဘော်သုံးကျိပ်တို့သည် ယိုးဒယားပြည်မှစ၍ မြန်မာသူရဲကောင်းတို့ကိုစုကာ၊ တပ်ဖွဲ့ကြလေ၏။ ရဲဘော်သုံးကျိပ် တို့၏ အမည်များကား၊ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ သခင်အောင်ဆန်း .... ဗိုလ်တေဇ။ (လူသတ်သမား၏ လက်ချက်ကြောင့် ကျဆုံးခဲ့ရ၏)

၂။ သခင်လှဖေ၊ .... ဗိုလ်လက်ျာ။
၃။ သခင်ရှုမောင်၊ .... ဗိုလ်နေဝင်း။
၄။ ကိုလှမောင်၊ .... ဗိုလ်ဇေယျ။
၅။ ကိုထွန်းရှိန်၊ .... ဗိုလ်ရန်နိုင်။
၆။ သခင်လှမြိုင်၊ .... ဗိုလ်ရန်အောင်။

N.P.W. — 191-11, 10000

၇။ ကိုရွှေ။ .... ဗိုလ်ကျော်ဇော။
၈။ သခင်စံလှိုင်၊ .... ဗိုလ်မှူးအောင်။
၉။ ကိုဆောင်း။ .... ဗိုလ်ထိန်ဝင်း၊ (အင်္ဂလိပ်အဝင် သေဆုံးသွား၏။)
၁၀။ သခင်ထွန်းရွှေ၊ .... ဗိုလ်လင်းယုန်။
၁၁။ သခင်အောင်သိမ်း၊ .... ဗိုလ်ရဲထွဋ်။
၁၂။ သခင်ဗဂျမ်း၊ .... ဗိုလ်လရောင်။
၁၃။ သခင်တင်အေး၊ .... ဗိုလ်ဘုန်းမြင့်။
၁၄။ သခင်ထွန်းခင်၊ .... ဗိုလ်မြင့်ဆွေ။
၁၅။ သခင်သန်းတင်၊ ၁ .... ဗိုလ်သန်းတင်။ (ဇင်းမယ်တွင် ကျဆုံးခဲ့၏)
၁၆။ သခင်ထွန်းအုပ်။
၁၇။ သခင်အောင်သန်း၊ .... ဗိုလ်စကြာ၊
၁၈။ သခင်စိုး၊ .... ဗိုလ်မြင့်အောင်။ (အင်္ဂလိပ်ပြန်အဝင်၊ ငိုယ့်ကိုယ်ကို သတ်သေသွား၏)
၁၉။ သခင်စံမြ၊ .... ဗိုလ်တောက်ထိန်။
၂၀။ ကိုလှ၊ .... ဗိုလ်မင်းရောင်။
၂၁။ သခင်စောလွင် .... ဗိုလ်မင်းခေါင်။
၂၂။ သခင်ကျော်စိန်၊ .... ဗိုလ်မိုးညို။
၂၃။ သခင်သစ်၊ .... ဗိုလ်စောနောင်။
၂၄။ သခင်ခင်မောင်ဦး .... ဗိုလ်တာရာ။
၂၅။ သခင်ထွန်းလွင်၊ .... ဗိုလ်ဗလ။
၂၆။ သခင်သန်းညွန့်၊ .... ဗိုလ်ဇင်ယော်။
၂၇။ သခင်အေးမောင်၊ .... ဗိုလ်မိုးယံ။ (တိုက်ကြီး တိုက်ပွဲတွင် ကျဆုံးခဲ့၏။)
၂၈။ သခင်မောင်မောင် .... ဗိုလ်ညာဏ။ (ဖါပွန် တိုက်ပွဲတွင် ကျဆုံး ခဲ့၏။)
၂၉။ သခင်ငွေ၊ .... ဗိုလ်စောအောင်။ ( ရွှေကျင်တိုက်ပွဲတွင်ကျဆုံးခဲ့၏။)
၃၀။ သခင်သန်းတင်၊ ၂ .... ဗိုလ်မြဒင်။ (ဟိုက်နန် ကျွန်းတွင် သေဆုံ ခဲ့၏)

ဗြိတိသျှနယ်ချဲ့ ခြေဘဝါးအောက်တွင်၊ ပြားပြားမှောက် ဝပ်စင်းနေရသောငါတို့ဗမာများ၏ လွတ်လပ်ရေးအတွက်၊ အသက်သွေးခဲဖြင့် ရင်းနှီးယူခဲ့ရသော ထို ရဲဘော်(၃)ကျိပ်တို့၏ ဂုဏ်ကျေးဇူး သတင်းမှာ၊ ကမ္ဘာကြေသော်လည်း ရာဇဝင် ဥဒါန်း လူ့တမ်းတခွင် တွင်ရစ်ခဲ့ရမည်သာတည်း။

ကျွန်သံသရာပဲ့ဩဃ အတွင်းမှ၊ သောင်မမြင် ကမ်းမမြင် လူးလိှမ့်ခံနေရသော ကျွန်ဘဝမှ ''သခင်အောင်ဆန်း''သည်၊ လွတ်လပ်ရေး ရောင်ခြည်မြူးရာ ဒေသကျွန်းဆွယ်သို့ ရဲရင့်စွာဖြင့် မဖြစ်မနေ ကြိုးပမ်းပို့ဆောင်ခဲ့ ပါပေသည်။ ကျွန်ုပ်တို့အမျိုးသားအားလုံးသည်၊ မည်သည့်အခါမှာမျှ၊မမေ့ပျောက်နိုင်·ကောင်းသော အကြောင်းကိစ္စမဟုတ်ပါပေ။

သူနှင့်အတူ တိုင်းပြည်၏ လွတ်လပ်ရေးကို အသက်သေသေ။ အရေခမ်းခမ်း ကြိုးပမ်းခဲ့ကြသော ရဲဘော် (၃၀) ကျိပ်တို့၏ ကျေးဇူးကြောင့်၊ ဗမာ့တပ်မတော်ကြီး ပေါ်ပေါက်ခဲ့ရသည်ကိုလည်းမမေ့ထိုက် ကောင်းပါပေ။

## ဗိုလ်တေဇ။

ထိုရဲဘော်သုံးကျိပ်အနက် ဗိုလ်တေဇအမည်ခံဗိုလ်မှာ၊ အခြားသူ မဟုတ်၊ သခင်အောင်ဆန်းပင်ဖြစ်လေသည်။ ထိုဗိုလ်တေဇအမည်ခံနှင့် ဂျင်နရယ် ဗိုလ်ချုပ်ကြီး ရာထူးကို ထိန်းသိမ်းကာ ယိုးဒယားပြည်မှစ၍ စစ်သည်တပ်သား စုခဲ့၏။ ဗိုလ်တေဇ၏ အကြံပေးအရာရှိဖြစ်သူဂျပန်စစ်ဗိုလ်ကား-ကာနယ်ဆူဇူကီးခေါ်ဂျင်နရယ်မီနာမီခေါ်ဗိုလ်မိုးကြိုးဖြစ်၏။ဗိုလ်မိုးကြိုး၏တာဝန်မှာ ဗမာစစ်ဗိုလ်များနှင့်တကွ၊ဗမာ့တပ်များကိုအကြံပေးအုပ်ချုပ်ရန်ပင်ဖြစ်လေသည်။ ဗိုလ်မိုးကြိုးဟူသောအမည်ကို၊ အင်္ဂလိပ်ဟူသော စနေနံ ထီးရိုးကို ငိုးကြိုးပစ်မည့်သိက်တဘောင်စနည်းအရ၊ နံနိမိတ်ကာ မှည့်ခေါ်ခြင်း ဖြစ်လေသည်။ သခင်နာမည်ပျောက်၍ စစ်ဗိုလ်အမည်ရောက်ခဲ့သောဗိုလ်တေဇ၏ ပုံပန်းသွင်ပြင် မျက်နှာအနေ အသား သွင်ပြင်မှာ၊ ကျောင်းသားဘဝကစ၍ ရှုသိုးမြဲရှုသိုးလျက် ရှိသောမျက်နှာထားနှင့် ခေါင်းဝိုက်ဆိုက်ချလျက်ပင် ရှိသေး၏။ သူ့ခေါင်းတွင်မူ ဖေါ့ဦးထုပ်ကာကီရောင် တရုပ်ကုန်သည်များ ဆောင်းသည့်အစားနှင့် သူ့ကိုယ်တွင်မူ ကာကီအဝါရောင်ရှပ်လက်ရှည်၊ ကာကီမြင်းစီးဘောင်းဘီနှင့် ခြေသလုံးမြုပ် သားရေဘိနပ် ခါးတွင်ခါးဝတ် (ရော့ဒ်ရီး ရော့ခ်) နှင့် ဓါးရှည်ချိတ်လျက် တွေ့ရ၏။အင်္ဂလိပ် စစ်ဗိုလ်တို့ကဲ့သို့ ပုံပန်းကျကျ နန မဟုတ်။ စစ်ဗိုလ်အဆောင် အယောင်ပါရုံ မျှသာ ဝတ်ဆင်လျက်- စစ်စိတ်စစ်မာန်သာ တက်ကြွနေ၏။ ''ဗိုလ်တေဇ'' ဟူသောဘွဲ့နှင့်အညီ၊ တန်ခိုး တေဇာအရှိန်အဝါ ပြင်းပြတောက်ပြောင်ခဲ့လေသည်။ မြန်မာပြည်တရိုး အမျိုးဘာသာမရွေးပန်သပြေ ရေချမ်းအိုးတို့ဖြင့်၊ ဟိုးဟိုးကျော်ကာ ကြိုကြိုဆိုကြသည်မှာ၊မြို့တိုင်း ရွာတိုင်းပင်ဖြစ်သတည်း။

## ဘီ-အိုင်-အေ။

ဘီ-အိုင်-အေ ဆိုသည်ကား၊ အင်္ဂလိပ် စကား အတိုကောက် သုံးသည့် သင်္ကေတစကားသုံးမျှသာဖြစ်၍ အရှည်တဝင့် အဓိပ္ပါယ်ဖွင့်သော်၊ ဘားမား အင်ဒီပင်ဒင့် အားမီး (Burma Independent Army) (ဝါ) ဗမာ့လွတ်လပ်ရေး တပ်မတော်ဟုခေါ်တွင်လေသည်။ ''ဘီ- အိုင်- အေ''တည်းဟူသော စာသုံးလုံးသည် တပ်မတော်သားတိုင်း၏ ဦးထုပ်၌၊ အဘင်းသား ပေါ်လျက်ရှိ၏။ တို့ဗမာသခင် အပေါင်းတို့၏ အောင်ကြောင်းမင်္ဂလာ၊ လက္ခဏာ အထိမ်းအမှတ်ဖြစ်သော၊ အဝါ,အစိမ်း, အနီရောင်ခံ ဒေါင်းရုပ်ပေါ်လက်ပတ်သည်၊ ရဲဘော်တိုင်း၏ လက်မောင်းထက်၌ လွတ်လပ်ရေး တပ်မတော်၏ ကြက်သရေကို ဆောင်လျက်ရှိ၏။

ဘီ-အိုင်-အေ-တပ်မတော်သည်၊ ဗိုလ်တေဇအမှူးပြုသော ရဲဘော်သုံးကျိပ်တို့ ကြီးကြပ်အုပ်ချုပ်သော တပ်မတော်ဖြစ်၍၊ ဗမာပြည်သို့မဝင်မီ ယိုးဒယားပြည်မှာ ရှိစဉ်ကပင်၊ စတင်စုဆောင်း ဖွဲ့စည်း တည်ထောင် လာသော တပ်မတော်ဖြစ်၏။

ဗမာပြည်တွင်းသို့ ကုန်းကြောင်းတထွေ့၊ ရေကြောင်းတဖုံ၊ စုံနှင့်ဂနိုင်၊ ရိပ်မြိုင်တကြောတောအထပ်ထပ်၊ တောင်အထပ်ထပ် တို့ကို ကျော်လွှား ချီတက်ခဲ့ကြ၏။

ဘီ-အိုင်-အေ တပ်များသည် နယ်၏ငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက် ကြရပေရာ၊ ဗိုလ်တေဇသည် သူ့စစ်သားများ ငြိမ်ဝပ်ပိပြားရေး အုပ်ချုပ်ရာတွင်၊ ဒမြများ ထွက်ဖမ်းသည်ကို သူကိုယ်တိုင် လုံးဝ မကျေနပ်ပေ။

တခါကရွှေဘိုတွင်အုပ်ချုပ်နေရန် တာဝန်ကျနေသော ဗိုလ်တဦးမှာဒမြများသောင်းကျန်းနေသည်ဟု သတင်းလာပို့သည့် အတွက် ဖြစ်ပွါးရာ ကျေးရွာအတွင်းသို့ ထွက်ခွါသွားသည့်အတွင်း၊ ဗိုလ်တေဇမှာ စစ်ကိုင်းမှရွှေဘိုသို့ ကားနှင့်ဆိုက်ရောက်လာပြီး တာဝန်ခံဗိုလ်ကို မေးမြန်းရာ၊ အစောင့် တပ်သားများက ဒမြသွားဖမ်းကြောင်း ပြောပြသည့်အတွက်၊ ဗိုလ်တေဇမှာ အလွန်ဒေါပွလျက်၊ ''ဒါလား စစ်ဗိုလ်တွေ။ စစ်သားတွေ ဒမြဖမ်းနေရတာနဲ့ အချိန် ကုန်တာဘဲ''ဟု ရေရွတ် သွားခဲ့ဘူးလေသည်။

(ဘီ-အိုင်-အေ) တပ်မတော် အဘယ်ကြောင့် တည်ထောင်ရသည်ကို ဗိုလ်ချုပ် အောင်ဆန်းသည်၊ ဗမာ့ လွတ်လပ်ရေး အရေးတော်ပုံ အမည်နှင့်၊ အောက်ပါအတိုင်း ဆောင်းပါးရေးသားခဲ့ဘူးလေသည်။

'' ကျွန်ုပ်တို့ ထောင်အပြင်ဘက်တွင်၊ ကျန်ရစ်သူ တစုမှာ ( သခင်အောင်ဆန်း၏ ရဲဘော်များထောင်ချခံရခြင်းကြောင့်) စုဝေးစည်းရုံး၍ လက်နက်စွဲကိုင်ကာ တော်လှန်ရေးပြဿနာကို ဆွေးနွေးမိကြတော့သည်။ ကျွန်ုပ်တို့တွင် လက်နက်လည်းမရှိ၊ ဘယ်သို့ လက်နက်ရအောင် ရှာရမည်နည်း။ ဤပြဿနာသည် ပေါ်ပေါက်လာတော့၏။

နောက်တလ နှစ်လ အခါကျတော့၊ ကျွန်ုပ်တို့သည် ဝင်ရိုးတန်းသူလျှိုတယောက်နှင့် တွေ့ဆုံမိကြသဖြင့်၊နိုင်ငံတွင်းမှနေ၍အုပ်ချုပ်ရေးဖျက်ဆီးမှုများကို အနှံ့အပြားပြုလုပ်ကြရန် စီစဉ်ခဲ့ကြသေး၏။ သို့သော် ထိုအစီအစဉ်များအတိုင်း ဆောက်ရွက်နိုင်ခြင်း မရှိခဲ့ချေ ထိုအတွင်းမှာပင် ကျွန်ုပ်တို့၏ အဆက် အသွယ်ရအောင် ကြံစည်ကြပါသေး၏။ ဆက်သွယ်ရေး တာဝန်ကျသော ရဲဘော်အချို့ အဘမ်းခံကြရပြန်သဖြင့်၊နောက်ထပ်တဖန် အဆက်အသွယ်ရရေးသည် ပျက်ပြားရ ပြန်လေသည်။ မြန်မာ့ ''ရော်ဂျာကေး စ် မင်း'' တယောက် ပေါ်ပေါက်လာမှ ဖြစ်မည်ဟု ကျွန်ုပ်တို့အားလုံး သဘောတိုက်ညီ ကြ၏။ ကျွန်ုပ်တို့၏ ကိုယ်နှင့် အသက် ကိုပင် မြန်မာ '' ရော် ဂျာကေး (စ်) မင်း '' အဖြစ်ယူရန်၊ နိုင်ငံအတွက် စွန့်လှူလိုက်၏။ ထို့ကြောင့် ၁၉၄၀-ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဂျာမနီ လေတပ်ကြီးက၊ ရာဇဝင်တွင် မကြုံဘူးသော လေကြောင်းစစ်ပွဲဆင်နွှဲကာ လန်ဒန်မြို့ကြီးကို တိုက်သောနေ့တွင်ပင် မြန်မာနိုင်ငံမှ ကျွန်ုပ်တို့သည် တရုပ် သင်းဘောပေါ်တွင်တိတ်တိတ်ပုန်းအောင်း ထွက်ခွါလိုက်ပါသွားရလေတော့သည်။ ယခုအခါတပ်

ပေါင်း ဗိုလ်တဦး ဖြစ်နေသော ရဲဘော်တဦးလည်း ကျွန်ုပ်နှင့်အတူ ကူညီသော အဖြစ်ပါခဲ့၏။

ကျွန်ုပ်၏ခရီးဆုံးရာဌာနမှာ၊ အမွိုင်မြို့ဖြစ်၏။ ထိုမြို့မှနေ၍ ကျွန်ုပ်၏ လုပ်ဆောင်စရာရှိသည့်ကိစ္စအများကို ခန့်ခွဲစီမံရမည်ဖြစ်၏။ ကျွန်ုပ်၏ အဖြစ်ကား၊ သန်းခေါင်လကွယ်၊ တောရပ်လယ်၌ ရောက်ရှိနေသောသူပမာ ရှိနေတော့သည်။ ကျွန်ုပ်သွားရမည့် နေရာနှင့် ပတ်သက်၍ ကျွန်ုပ်ဘာတခုမျှမသိ၊ ဆွေလည်းမရှိ၊ မျိုးလည်းမရှိ၊ ကမ္ဘာ့ အရှေ့ပိုင်းသားသည်၊ အရှေ့ပိုင်းအကြောင်း အတုအယောင်မျှ လောက်သာ သိကြ၏။ သိသမျှလည်း မရေရာလှ။ ဆိုးဝါးလေစွ။

ကျွန်ုပ်ရှေ့သို့ ထွက်လာသည့်အရေးမှာ၊အမှောင်တိုက်တွင်းသို့ သက်ဆင်းသည်နှင့် တူလှ၏ဟု ကျွန်ုပ်ဆို၏။ လူငယ်တို့၏တရှူးထိုး (တုံးတိုက်ကျားကိုက်) စိတ်၏ လှုံ့ဆော်မှုကြောင့်သာ ထွက်လာခဲ့မိခြင်းဖြစ်သတည်း။ အလုပ်အစီအစဉ်ဟူ၍ အတိအကျ ဘာမျှရှိသည်မဟုတ်ချေ။ ကျွန်ုပ်၏ မျှော်မြင်တတ်သမျှ ဉာဏ်ဖြင့်သာ ကြုံရမည့် အရေးဟူသရွေ့ကို စီမံအုပ်စီးရန် ကျွန်ုပ်၏ ရဲဘော်များက အာဏာကုန်လွှဲအပ်လိုက်ခြင်း ဖြစ်လေသည်။

အဘယ်သို့ပင် ဖြစ်စေ၊ ငါသည် အကယ်၍ သေသွားသည့် တိုင်အောင် မြတ်သောသေခြင်း။ နိုင်ငံအတွက် သေခြင်းသာ ဖြစ်သည်ဟု ကိုယ့်ကိုယ်ကို ကိုယ်နှစ်သိမ့် စေရတော့၏။ ၁၉၄၀-ခုနှစ် ဩဂုတ်လ ၂၄-ရက်တွင် အမွိုင်မြို့သို့ ရောက်ခဲ့ လေသည်။

အမွိုင်မြို့၌ ၂—လကြာမျှ စောင့်ဆိုင်း ပြီးနောက် နိပွန်ဗိုလ်မှူး ကလေးတဦးက၊ ကျွန်ုပ်တို့အား အခေါ်လွှတ်ကာ မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့၏ ရဲဘော်များက ပို့လိုက်သော ကျွန်ုပ်တို့၏ဓါတ်ပုံများကို ပြသလျက် ထိုက်ဝမ်ကျွန်းရှိ''မစ္စတာ မီနာမိ''ဆိုသူနှင့်တွေ့ဆုံလို စိတ်ရှိမရှိမေးလေသည်။ တွေ့ရမည်ဆိုက အထူးဝမ်းသာသည့် အကြောင်းပြသည်ကို အကြောင်းပြု၍ ကျွန်ုပ်တို့တိုကျိုမြို့တော်သို့ ၁၉၄၀-နိုဝင်ဘာလ ၁၂-ရက်နေ့တွင်ရောက်သွားလေသည်။ကနေဒါ လေယာဉ်ပျံ ကွင်းတွင် (ဗိုလ်မိုးကြိုး) ဝါ မစ္စတာ မီနာမီသည်၊ ကျွန်ုပ်တို့အားသူ့လက်ထောက်တဦးနှင့်အတူလာရောက်ကြိုဆိုလျက်ရှိလေသည်၊(မီနာမီ) ကာနယ်ဆူဇူကီးနှင့်အတူ ကျွန်ုပ်တို့သည် တိုကျိုမြို့တော်၌၃-လကြာမျှ အလုပ်အစီအစဉ်များကိုလုပ်ကိုင်စီစဉ်ပြီးနောက်၊ဂျပန်သင်းဘောတစင်းဖြင့်မြန်မာနိုင်ငံသို့ပြန်ခဲ့၏။ကျွန်ုပ်တို့သည်လုပ်စရာလုပ်ငန်းများကိုသိရှိစေခဲ့၏။ရန်ကုန်မြို့သို့ ၁၉၄၁-ခု။ မတ်လ၃-ရက်နေ့တွင် ဆိုက်ရောက်၍၊ မတ်လ ၉-ရက်နေ့အထိနေ၏။ (ထိုအတွင်းကျွန်ုပ်မှာ တရုပ် အမျိုးသားအဝတ်အစားကိုဝတ်၍ရုပ်ဖျောက်နေခဲ့ရ၏၊) စစ်ပညာသင်ကြားရန် အတွက်၊ ပဌမနိုင်ငံချစ်လုလင်တစုကို ကျွန်ုပ်နှင့် တပါတည်း ခေါ်ဆောင်ခဲ့ကာ တိုကျိုမြို့သို့ သင်းဘောဖြင့် ပြန်လာခဲ့၏။ မတ်လ ၂၇-ရက်နေ့တွင် တိုကျိုမြို့သို့ ရောက်ခဲ့၏။ ၁၁-ရက်ခန့်မျှ တိုကျိုမြို့တွင် နေပြီးနောက်၊ စစ်အတတ် သင်ကြားရန် ဟိုက်နံကျွန်းသို့ ကျွန်ုပ်တို့တစု ထွက်ခဲ့ကြလေသည်။ ဇူလိုင်လ၊ဩဂုတ်လလောက်တွင် မြန်မာနိုင်ငံအတွင်းသို့ လက်နက်များကို ပို့ဆောင်ရေးကို မစ္စတာဆူဇူကီးနှင့်အတူ ဆောင်ရွက်ရန် ကျွန်ုပ်ဟိုက်နံမှ ယိုးဒယားသို့ ထွက်ခဲ့လေသည်။ သို့သော်- အင်ဒိုချိုင်းနားကို အထူး ပူးပေါင်း ကာကွယ်ရေး စာချုပ်

တခု နိပွန်နှင့် ပြင်သစ်တို့ ချုပ်ဆိုသည့်အခါတွင်ကား နိုင်ငံချင်း ဆက်သွယ်ရေးသည် အတော်ပင် ပျက်ပြား ဆိုးဝါး လာလေသဖြင့်၊ ကျွန်ုပ်မှာ နောက်ပိတ်ဆုံးအစီအစဥ်များကို အပြီးသတ် စီစဥ်ဆွေးနွေးပြုလုပ်ရန်၊ ဟိုက်နံသို့ပြန်ခဲ့ရ၏။

ထိုမှတဖန် တိုကျိုသို့ သွားရပြန်လေသည်။အောက်တိုဘာလအတွင်း၌ တဖန် ဘန်ကောက်သို့ ထွက်ခဲ့ရပြန်၏။ သို့သော် အရှေ့အာရှ စစ်မကျေညာမီ ၂-ရက်လောက်တွင် ဆေးဂုံသို့ ပြန်ပြေးခဲ့ရပြန်၏။ စစ်ကျေညာပြီးနောက် ယိုးဒယားနေ မြန်မာများနှင့်ပင်၊ လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းရန်အတွက် ဘန်ကောက်သို့ ပြန်သွားရ၏။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် စစ်ကြောင်းသုံး ကြောင်းဖြန့်ကာ မြန်မာနိုင်ငံ အတွင်းသို့ ဝင်ခဲ့ကြ၏။ (တနင်းသာရီနယ်မှဝင်) မြောက်ဘက်၌ မဲဆောက် မြို့မှရင်း၊ တပ်မတော်ကြီးသည် မြစ်သာမှရင်း ဝိတိုရိယအငူမှရင်း ဝင်ရောက်ခဲ့ကြ၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည်၊ရန်သူသံချပ်ကာ ကားများနှင့် ပဲခူးအနီး၌ တိုက်ကြရ၏။ မြိတ်မြို့ကို သိမ်းခဲ့၏။ ထားဝယ်သိမ်းရန်ကိုနိပွန်တို့အား တွဲဘက် ကူညီပေးခဲ့၏။ဟင်းသာတတွင်ရင်း ဖျာပုံတွင်ရင်း။ တိုက်ပွဲများနွှဲလိုက်ရသေး၏။ မြစ်ဝကျွန်းပေါ်တခုလုံးကို သိမ်းရာတွင်ပုသိမ် မြောင်းမြ တို့ကိုသိမ်းပိုက်ခဲ့၏။ ဒေးဒရဲ၌ရန်သူလေယာဥ်ပျံနှစ်စင်းကို ပစ်ချခဲ့၏။ရွှေတောင် တိုက်ပွဲတွင်ကား။ ပြင်းထန် ထူးချွန်စွာတိုက်ခိုက်ကြ၏။

ရွှေကျင်မှာလည်း တိုက်ခဲ့၏။ အထက်နိုင်ငံ တိုက်ခိုက်သိမ်းယူရေးတွင် ရန်သူများအား စစ်ပရိယာယ်ဆင်၍ ဝိုင်းမိအောင် နိပွန်တပ်မတော်ကြီးအား ကူညီရာ၌၊ ဧရာဝတီ အနောက်ကြောင်း ချီတက်ကူညီဖေးခဲ့၏။ နိပွန်တို့နှင့်အတူတိုက်ကာ၊ ရခိုင်ကို သိမ်းကြ၏။ နိုင်ငံတွင်း ငြိမ်ဝပ် ပိပြားမှုကိုလည်း တဘက် တလမ်း ကူညီ ဆောင်ရွက်လိုက် ရပြန်၏။

အမြဲတမ်းစစ်တပ်ကြီးတခု၏ အမျိုးအစားသို့ရောက်အောင်၊ ၁၉၄၂ခု၊ ဇူလိုင်လ တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို၊ ဗမာ့ကာကွယ်ရေး တပ်မတော်ဟူ၍ ပြောင်းလဲဖွဲ့စည်းလိုက်လေသည်။ ကျွန်ုပ်မှာ ထိုတပ်မတော်၏ ဗိုလ်ချုပ်ကြီး ဖြစ်လာခဲ့၏၊ ဗမာ့ကာကွယ်ရေး တပ်မတော်သည်၊ ယခုအခါစစ်မျက်နှာ၌ နိပွန်တို့နှင့် အတူတွဲဘက် တိုက်ခိုက်လျက် ရှိနေပေပြီ။ '' ဟူ၍ ရေးခဲ့ဘူးလေသည်။

**ဗမာ့ လွတ်လပ်ရေး တပ်မတော် (ဘီ-အိုင်-အေ) ဆိုတာ ဘာလဲ။ ဘာကြောင့်ထောက်ပံ့သင့်သလဲ၊ ဘာကြောင့် ကူညီသင့်သလဲဆိုသည်နှင့်စပ်လျဥ်း၍၊ အောက်ပါ ဗိုလ်တေဇ၏ ကြေညာချက်များကို ဖတ်ရှုပါက ဘီ-အိုင်-အေ အကြောင်းစဥ်ကို ထင်းထင်းကြီး သိရှိနိုင်ပေမည် ဖြစ်ကြောင်း။**

## ဗမာ့လွတ်လပ်ရေး တပ်မတော်။

## (အကြောင်းနှင့်အကျိုး)

ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ယိုးဒယားပြည်တွင် ဖွဲ့စည်းခဲ့သည်။ တပ်မတော်ကြီး ဦးစီးရန်အတွက် ဗိုလ်များကို နိပွန်ပြည် ဟိုက်နံကျွန်း ဖော်မိုဆာကျွန်းတို့တွင် စစ်

ပညာသင်ကြားစေခဲ့သည်။ ဗမာ့ လွတ်လပ်ရေး တပ်မတော်သည် မြန်မာပြည်တွင်းသို့ စစ်လေးကြောင်းချီ၍ ယိုးဒယားပြည်မှ ဝင်ရောက်ခဲ့သည်။ ၎င်း စစ်လေးကြောင်း အနက်၊ တကြောင်းမှာ ဟင်းသာတ အထိ- ရေကြောင်းချီခဲ့သည်။ မြိတ်နယ်ကို ယခု ဗိုလ်မှူးကြီး ဗိုလ်ရန်နိုင် ကြီးမှူးသော တပ်မတော်ခွဲက သိမ်းပိုက်ခဲ့သည်။ ထားဝယ်နယ်ကို နိပ္ပွန်ဗိုလ် ဗိုလ်အေးနှင့် ထိုစဉ်က ဗိုလ်မှူးကြီး၊ ယခု ဗိုလ်ချုပ်ကလေး ဗိုလ်လက်ျာ (သခင်လှဖေ) တို့ကြီးမှူးသော တပ်မတော်ခွဲနှင့် နိပ္ပွန်တို့ ပူးတွဲသိမ်းယူခဲ့သည်။ အထက်စစ်ကြောင်းတွင် တပ်မတော်၏အဘဂျပန်ဗိုလ်ကြီး (ဗိုလ်မိုးကြိုး) နှင့်ထိုစဉ်ကဗိုလ်ချုပ်ကလေးယခုဗိုလ်ချုပ် ဗိုလ်တေဇ အောင်ဆန်း,ဗိုလ်နေဝင်း,ဗိုလ်ဇေယျတို့ ကြီးမှူး၍ချီတက် လာကြသည်။မြစ်ဝကျွန်းပေါ်ကို ဗိုလ်ရန်နိုင်တပ်နှင့် တက္ကသိုလ် ကျောင်းသား ဗိုလ်အောင်၊ ဗိုလ်ဝင်း၊ ဗိုလ်သိမ်းဆွေ၊ ဗိုလ်ထိန်ဝင်း၊သခင်သိန်းဖေတို့ ကြီးမှူးသောအတွင်း သူပုန်တပ်များ သိမ်းပိုက်ခဲ့လေ၏။ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ထားဝယ်၊ဖျာပုံ၊ ဟင်းသာတ၊ဒေးဒရဲ၊ ပဲခူး စစ်တောင်းတဝိုက်၊ရွှေကျင်၊ရွှေတောင်ဖါပွန်တိုက်ပွဲများတွင်ဝင်နွှဲခဲ့သည်၊ ရန်သူလေယဉ်ပျံ သံချပ်ကားနှင့် အဆမတန်များသော ရန်သူအားများကို အကြိမ်ကြိမ် ချိုးနှိမ်ဖျက်ခဲ့သည်။ အင်္ဂလိပ်လူမျိုးနှင့် အင်္ဂလိပ်တပ် စစ်သားအများကိုလည်း သုံ့ပန်းအဖြစ် ဘမ်းဆီးရခဲ့၏။ ရခိုင်ပြည်တပြည်လုံးကို ဗိုလ်မှူးဗိုလ်ရန်အောင်ကြီးမှူးသော ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် နိပ္ပွန်တပ်မခွဲတို့သိမ်းပိုက်ခဲ့ပြီးလေပြီ။

အထက်မြန်မာပြည်သို့ အကြောင်းကြောင်းချီတက်ခဲ့၍ တိုက်ပွဲအမျိုးမျိုး နွှဲခဲ့လေပြီ။ ဤချီတက်တိုက်ခိုက်နေသော တပ်ပေါင်းစုကို (ဗိုလ်တေဇ) ''သခင်-အောင်ဆန်း''က ကြီးမှူးအုပ်ချုပ်သည်။

ရဲဘော်တို့- တို့ဗမာတို့- ဗမာ့ လွတ်လပ်ရေး တပ်မတော်ကြီး ချီတက် လာလေပြီ။ ကြိုကြ- ဆိုကြလော့။ သုံးရောင်ချယ်နှင့် ဒေါင်းအလံကိုလွှင့်တင်ကြကုန်လော့။ တပ်မတော်သို့ အစုလိုက် အပြုံလိုက် ဝင်ကြလော့။ အမှုထမ်းကြလော့။ အနှစ်ငါးဆယ်မှ တရာမျှ မှေးမှိန်နေသည့် မြန်မာ့ရာဇဝင်ကို ပြန်လည် ထွန်းတောက် စေလော့။ မြန်မာ့ခေတ်သစ် လွတ် လပ် သော မြန်မာ ပြည်ကို ထူထောင် ကြလော့။ ဤမလျှော့တန်း နောက်ဆုံး မြန်မာ့လွတ်လပ်ရေးစစ်ပွဲကြီးတွင် မြန်မာ့သတ္တိမြန်မာ့သွေးကိုလေးလေးနက်နက်ထဲခဲနက် ပြကြလော့။

ဗိုလ်ချုပ် ဗိုလ်တေဇ၊ (သခင် - အောင်ဆန်း)
ဗမာ့လွတ်လပ်ရေး — တပ်မတော်။

### ဗမာ့လွတ်လပ်ရေး တပ်မတော်ဆိုတာ ဘာလဲ။

(၁) ဗမာ့ လွတ်လပ်ရေး တပ်မတော်သည်မြန်မာ တမျိုးသားလုံး၏ လွတ်လပ်ရေး လွတ်လပ်ကြောင်း အတွက်၊လူလားမြောက်သူ ကျန်းမာသူ မြန်မာတိုင်း မြန်မာတိုင်း ပါဝင်သော တပ် ကြီးဖြစ်သည်။ ၎င်းတပ်ကို သခင်တပ်ဟု အချို့က ထင်မြင်ကြသော်လည်း သခင်များ၏ တပ်မဟုတ်၊ဂိုဏ်းဂဏပါတီမရွေး မြန်မာ

လွတ်လပ်ရေးကို လိုလားသည့် မြန်မာတိုင်း မြန်မာတိုင်း ပါဝင်သော တပ်သာလျှင် ဖြစ်၏။ မြန်မာတမျိုးသားလုံးနှင့် သက်ဆိုင်၏။

(၂) ၎င်းတပ်သည် နိပ္ပွန် မဟာမိတ် တပ်ကြီးနှင့် ပူးပေါင်းပြီး သကာလ၊ ရန်သူ အင်္ဂလိပ်တို့ကို ဗမာ့မြေပြင်မှ နှင်ထုတ်ပြီးဖြစ်လေသည်။

(၃) ၎င်းတပ်ကို ဦးစီး အုပ်ချုပ်လျက် ဗိုလ်မှူးအဖြစ် ဆောင်ရွက် သူများကား၊ နိပ္ပွန်ပြည် ဟိုက်နံကျွန်း ဖေါ်မိုဆာကျွန်း တို့တွင် ၂-နှစ်ခန့် စစ်အတတ်ကို တဘက်ကမ်းခတ် သင်ကြားလာသူများ ဖြစ်၏။

(၄) တပ်သားများသည်လည်း၊ မြန်မာပြည် တောင်ဘက် အစွန်းမှ မြောက်ဘက် အစွန်းအထိ၊ ခြေလျင်ခရီး ချီတက်လာပြီး။ ရင်မြေကတုတ် လုပ်ခါ သက်စွန့်ကြိုးပမ်းတိုက်ခဲ့သူများဖြစ်၏။

(၅) လွတ်လပ်ရေးဆိုသည်မှာ- အပြောနှင့် ပြီးနိုင်သောကိစ္စမဟုတ်၊ လုပ်ယူမှရ၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးနှင့်သာလျှင်မြန်မာ့လွတ်လပ်ရေးကိုရအောင် ယူနိုင်မည်၊ ရပြီးသော့လွတ်လပ်ရေး မဆုံးရှုံးရအောင် ကာကွယ်နိုင်ပေသည်။

(၆) ဗမာ့လွတ်လပ်ရေး တပ်မတော်သည်၊ မြန်မာအားလုံး နိုင်ငံရေး ညီညွတ်မှု ရရှိအောင် လုပ်မည် ဖြစ်၏၊ တကယ့် လွတ်လပ်ရေးကို လိုလားသူတို့သည်၊ တစည်းတလုံးတည်းရှိအောင် လုပ်မည်ဖြစ်၏။ မြန်မာ့ လွတ်လပ်ရေးအနှောက်အယှက်ပြုသူ။ ဆူးညှောင့်ခလုတ်ဖြစ်သူတို့ကို ကြူပင်ခုတ် ကြူငုတ်မကျန်အောင် သုတ်သင်ရှင်းလင်းမည်ဖြစ်၏။


(၇) ဗမာ့လွတ်လပ်ရေး တပ်မတော်သည်၊အင်္ဂလိပ်အစိုးရလက်ထက်က အမှုထမ်းခဲ့သောသူတို့အား ဂလဲ့စားချေမည်ဟူသော သဘောမရှိ၊ အရည်အချင်းရှိက အရည်အချင်းအလျောက် ပြန်လည် အမှုထမ်းစေမည် ဖြစ်၏။

(၈) ဗမာ့လွတ်လပ်ရေး တပ်မတော်သည်၊ ရှမ်း၊ ချင်း၊ ကချင်၊ စသော တိုင်းရင်းသားတို့နှင့် တသွေးတည်း တစိတ်တည်းရှိ၏။ မြန်မာပြည်အတွင်းရှိ တိုင်းရင်းသား အားလုံး ဗမာအပေါင်းတို့သည်၊ အခွင့်အရေး တန်းတူရစေမည်ဖြစ်၏။

(၉) ဗမာ့လွတ်လပ်ရေး တပ်မတော် ဗိုလ်မှူးတို့သည် ရာထူးကြီးငယ် လက်ဝယ်ခံယူလိုသောစိတ်မရှိ၊ ဗမာ့လွတ်လပ်ရေး တပ်မတော်အတွက် အနစ်နာ ခံခဲ့သော ပုဂ္ဂိုလ်များ၏ ခေါင်းဆောင်မှုကို လိုက်နာဆောင်ရွက် အမှုထမ်းရန် အသင့်ရှိ၏။

(၁၀) ထို့ကြောင့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို အလုံးအရင်းနှင့် ဝင်ကြလော့။ အချိန်ရှိခိုက်စစ်အတတ်နှင့်လက်နက်ကိုင်ပညာကိုအကုန်သင်ပေးမည်၊တပ်ကြီးတည်တန့်ရေးအတွက် ရိက္ခာထောက်ပံ့ကြလော့၊ နေရာထိုင်ခင်းများ စီစဉ်ပေးကြကုန်လော့။

**ဗိုလ်ချုပ်ကလေး-ဗိုလ်တေဇ။**
ဗမာ့ လွတ်လပ်ရေး တပ်မတော်။




ရုပ်ရှင်နှင့် ပြဇာတ် အစည်းအရုံးကြီး-မှ ကြီးမှူးသော ပြပွဲမြို့ငှ ပေးပွဲ ၌
ဗိုလ်ချုပ်အောင်ဆန်းအား တွေ့မြင်ရပုံ။
ဓါတ်ပုံကို ကိုလှဖေ က ကျေးဇူးပြု၏။ ဘလောက်ကို ပျိုးသော
ဘလောက်တိုက်မှ လှူသည်။

ဗိုလ်ချုပ်အောင်ဆန်း ရွှေတိဂုံဘုရား အနောက်ဘက်စောင်းတန်း အဝတွင် တရားဟောပြော နေပုံ။

စင်ပေါ်တွင် ဗိုလ်သိမ်းဆွေ၊ ဗိုလ်မှူးအောင်၊ ဗိုလ်မင်းခေါင်၊ ဦးကျော်ညိမ်း အောက်တွင်သခင်နု၊သခင်မြ၊ဦးတင် မြန်မာ့အလင်း။ ဦးဘဘော၊ သခင်-ဝတင် တို့ကို တွေ့မြင် နိုင်သည်။

(ဓါတ်ပုံဘလောက်ကို ဗိုလ်သိမ်းဆွေ ကျေးဇူးပြုသည်။)



# အခန်း ( ၂၃ )

(ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ ဗိုလ်ချုပ်အောင်ဆန်းအား၊ ဂျပန်တွေကို ဗမာပြည်သို့ ခေါ်ဆောင်လာသော ဖက်ဆစ်လက်ပါးစေ တယောက်ဟူ၍ မဟာမိတ်ဘက်တော်သားအချို့က စွပ်စွဲခဲ့ဘူးလေသည်။ ထိုအခါကဗိုလ်ချုပ်က ဘယ်လို အခြေအနေများကြောင့် ဂျပန်နှင့်အတူဗမာပြည်သို့ဝင်ခဲ့ရပုံ။ သူကိုယ်တိုင်က ဂျပန်ကိုအလွန်မုန်းတီးခဲ့ပုံ။ သူနှင့်တကွ တပ်မတော်သားတွေ ဂျပန်နှင့် အတိုက်အခံဖြစ်ခဲ့ပုံများကို ဖေါ်ပြပါရှိသော ဆောင်းပါးကို အင်္ဂလိပ်ဘာသာ ဖြင့်ရေးသားခဲ့ဘူးရာ၊ ၎င်းဗိုလ်ချုပ်၏ရေးသားချက်များတွင် ယနေ့ဗမာ့တပ်မ တော်၏မိခင်၊ ဘီ-အိုင်-အေ တပ်မတော်ကြီး၏ ခေတ်ကိုပါ ဇာတ်ကြောင်း ပြန်ထားပုံမှာ စိတ်ဝင်စားဘွယ် ကောင်းသဖြင့်၊ ကောက်နှုတ်ဘာသာပြန်၍ ဖေါ်ပြလိုက်ရပေသည်။)

ထုတ်ဝေသူ။

## ဗိုလ်ချုပ်အောင်ဆန်း၏ တပ်မတော်သမိုင်း။

### ဂျပန်နှင့်ပေါင်းရပုံ။

၁၉၄၀- ၄၁- ခုနှစ် ကဆိုလျှင် ကမ္ဘာ့ အရှေ့ဖျားတွင် လူသွား လိုပ်နေသော ဂျပန်၏စစ်မက်အင်အားနှင့် စွမ်းရည်ကို ဗြိတိန်နှင့်တကွ အခြား နိုင်ငံကြီးများကပါ အ ထင်သေးခဲ့ကြလေသည်၊ ။ဗမာပြည်၏ ပြင်ဘက်သို့ ရောက်နေကြသော ကျွန်ုပ်တို့ လူငယ် တစုအဘို့မှာကား ဂျပန်တို့အရှေ့ အာရှတခွင်ကို သိမ်းပိုက်တော့မည်မှာ မလွဲနိုင်ကြောင်း သိနှင့်ပြီးဖြစ်ရာ၊ ထိုသို့ အင်္ဂလိပ်အပြေး ဂျပန်အဝင် စပ်ကူး မတ်ကူးတွင် ကျွန်ုပ်တို့ ဗမာ ပြည်၏ လွတ်လပ်ရေးကို အရယူကြအံ့ ဟူသော၊ ကျွန်ုပ်တို့၏ (ရှင်းရှင်း ဝန်ခံရလျှင်)၊ အရင်းရှင်ပေါက်စ လူတန်းစားအတွေး အခေါ်တို့ကြောင့် ဂျပန်တို့နှင့် စတင် ပူးပေါင်း ရသောအခြေသို့ ရောက်ခဲ့လေသည်။ ဂျပန်တို့ကိုကြည်ညို၍၎င်း၊ ဖက်ဆစ်စံနစ်ကိုအားပေး လို၍၎င်းလုံးဝမဟုတ်ပေ။

### ဂျပန်ကို မုန်းကြပြီ။

ကျွန်ုပ်အဘို့ကား ယိုးဒယား ပြည်မှာ ရှိစဉ်ကပင် ကျွန်ုပ်၏ ရဲဘော် အချို့ကို ဗမာ ပြည်တွင်းသို့ တိတ်တဆိတ်စေလွှတ်ပြီးခဲ့လေပြီ။

ဂျပန်တွေကား ဖက်ဆစ်ပြီပြီ သစ္စာ မရှိကြောင်းကို သိရှိပြီးဖြစ်သော ရဲဘော်တွေက ဗမာပြည်တွင်းသို့ဂျပန်အရင် ဦးအောင်ဝင်နှင့်၍ ပြင်ဆင်မှု အရပ်ရပ်ကို ပြုလုပ်ရန် ဖြစ်လေ သည်။ ကျွန်ုပ်၏အကြံမှာ ဂျပန်တို့ကား လာချေပြီ။ သို့ဖြစ်လျှင် အင်္ဂလိပ်ကို ဗမာလူထု ကပင် ဦးအောင်တိုက်ထုတ်နှင့်ပြီး လွတ်လပ်ရေးကို ကာကွယ်ရန် ဖြစ်သည်၊ သို့မှသာရလျှင် ဗမာပြည်တွင်း၌ ဂျပန်တို့အင်အား မစုရုံးနိုင်အောင် လူထုနှင့်ချီပြီး။ မြေအောက် စည်းရုံး ရေးများနှင့် တကွ တော်လှန်ရန်လည်း ဖြစ်ပေသည်။ ဤအချက်တွေ ကြောင့်လည်း ကျွန်ုပ်၏ စိတ်ကူးထဲတွင် အလွန်အားကိုး မျှော်လင့်သော ဘီ-အိုင်-အေ တပ်မတော် ကြီးသည်အကောင်အထည်ဘဝသို့ ရောက်လာ ရပေသည်။

N.P.W. — 191- 12, 10000

## ဘီ-အိုင်-အေနှင့် ၊ ဂျပန်။

၁၉၄၂-ခုနှစ် မတ်လဆန်းလျှင်ပင် ကျွန်ုပ်တို့မှာ ရန်ကုန်မြို့ကို သိမ်းပိုက် ပြီးလေပြီ။ ရန်ကုန်ရောက်သည်ဆိုရင်ဘဲ ဂျပန်တို့က ပြည်သူ လူထုအား ရိုင်းစိုင်းစွာ ဆက်ဆံပုံတွေ ပေါ်လာတော့သည်။ ကျွန်ုပ်တို့က ဆိုင်ရာ အာဏာပိုင်တွေကို အရေးယူဘို့ တိုင်ကြား သော်လည်း အချည်းနှီး ဖြစ်ရသည်သာ များ၏။ ထိုအခါ ကျွန်ုပ်တို့၏ ဘီ-အိုင်-အေ ရဲဘော်များနှင့် ဂျပန်စစ်သားတို့ ပဋိပက္ခဖြစ်မှုများသည် တနေ့တခြား တိုး၍လာ၏။ မခံချင်စိတ်ရှိသော ဗမာ ဗိုလ်တွေနှင့် ဂျပန်တို့ မကြာခဏ ''တွေ့'' ကြတော့သည်။

## ပဥ္စမ တော်လှန်ရန် အကြံ။

ရန်ကုန်မြို့ကို သိမ်းပိုက်မိသည် အထိ ကျွန်ုပ်မှာ ဘီ-အိုင်-အေ သေနာပတိ ဗိုလ်မိုးကြိုး၏ လက်ထောက်စစ်ဦးစီးမှူး ဖြစ်နေသေးသည်။ ထိုအချိန်မှာပင်ဖက်ဆစ်ဂျပန်အား တော်လှန်တိုက်ခိုက်ရန် ကျွန်ုပ် ကြံစည်ခဲ့သေး၏၊ သို့သော် မအောင်မြင်ခဲ့။ အကြောင်းကား၊ ကျွန်ုပ်တို့၏ တပ်မတော်နှင့်တကွ နိုင်ငံရေး ခေါင်းဆောင်များ ပိုင်းမှာလည်း ဖယို ဖရဲ ရှုပ်ထွေးနေလျက် စံနစ်ကျသော စည်းရုံးမှုမရှိခဲ့သေး သောကြောင့် ပင်တည်း။

## အထက်ဗမာပြည်၊

ထိုအတောအတွင်း ဗိုလ်မိုးကြိုးက ဘီ- အိုင်- အေ- တပ်မတော်၏ သေနာပတိ။ အဖြစ်ခန့်ထားပြီး၊ အထက်ဗမာပြည် စစ်ကြောင်းသို့ ချီတက်ရန် အမိန့်ပေးလာလေသည်။ ကျွန်ုပ်လည်း ဧရာဝတီမြစ်ဝှမ်း စစ်ကြောင်းအတိုင်း ချီတက်ခဲ့လေသည်။

## ဂျပန်အပေါ် သဘောထား

ထိုအချိန် လောက်တွင် ကျွန်ုပ်တို့ဗမာနိုင်ငံရေး ခေါင်းဆောင်လူငယ် (သခင်) များ ထဲတွင်၊ ဂျပန်အပေါ် သဘောထား ရေးနှင့် ပတ်သက်၍၊ ပြင်းပြင်း ထန်ထန် ဝေဘန် ဆွေးနွေးသံများ ကြားရစပြုလာလေသည်။ စင်စစ် ဗမာလူငယ် နိုင်ငံရေးသမား (၀ါ) လက်ဝဲအင်အားစုတွင် ကျနပြတ်သားသော စည်းရုံးမှု မရှိဘဲ တွေဝေ ယိမ်းယိုင်၍ နေကြချိန် ဖြစ်လေသည်။ ကျွန်ုပ် ရွှေဘို အရောက်တွင် နိုင်ငံရေး ရဲဘော်ထဲမှ သခင်စိုး သခင်မြသွင်နှင့် ကိုသိမ်းဖေ (တက်ဘုန်းကြီး) တို့ တရုပ်ပြည် ဘက်သို့ တိတ်တဆိတ် ထွက်ခွါ သွားကြပြီဟူသော သတင်းကို ကြားရသောအခါ။ စိတ်ထဲတွင် အတော်အား တက်သွားမိ၏။ တဖန်၎င်းတို့၏အကြံ အထမမြောက်ကြောင်းသတင်းကို ဝမ်းနည်းဘွယ် ကြားရပြန်လေသည်။

## ဗိုလ်ဇေယျနှင့် ဂျပန်ကင်ပေ။

ဘီ-အိုင်-အေ တပ်များကို ဧရာဝတီမြစ်ညာ ဗန်းမော်မြို့ထိအောင် ဆက်လက် ချီရမည်ဟူသော အမိန့်ထွက်လာသဖြင့် ဗိုလ်မှူးကြီး ဇေယျအား တပ်များကို ဦးစီးကာ ချီတက်စေလေသည်။ ဘီ-အိုင်-အေ တပ်များ အထွက် ဗမာပြည် တခွင်တွင် နှိုးဆော်ပင်

အရေးကြီးသော အချင်းအရာ တခု ဖြစ်ပွား ခဲ့လေသည်။ စည်းမဲ့, ကမ်းမဲ့ ပြုမူသော ဂျပန်စစ်သားရိုင်းများနှင့် ဗိုလ်ဇေယျ၏ အမူးပြုသော ဘီ၊ အိုင်၊ အေ၊ အရာရှိတို့ ပဋိပက္ခ ဖြစ်ရာက၊ ဗိုလ်ဇေယျတို့ကို ဂျပန်ကင်ပေက ဖမ်းဆီးလေတော့သည်။ ထိုအချိန်က ဂျမန်ကို မုန်းတီးသောစိတ်မှာ ဘီ၊အိုင်၊အေ၊ တပ်များတွင် အထူးပြင်းထန်နေခိုက်ဖြစ်၍၊ ဂျပန်ကို တပြိုင်နက် တော်လှန် တိုက်ခိုက် ကြတော့မည် ဆဲဆဲတွင် ဂျပန် ဆက်သွယ်ရေး အရာရှိ တဦး၏ လိမ္မာမှုကြောင့် ဗိုလ်ဇေယျတို့ လွတ်မြောက်လာပြီး ထိုကိစ္စမှာ ငြိမ်းသွား တော့သည်။

### အချင်းချင်း စောင်လျက်။

အခြေအနေကား လုံးဝရှင်းလင်း ပြတ်သားခြင်း မရှိသေး။ ဂျပန်နှင့်ဗမာ (ဘီ-အိုင်-အေ) အချင်းချင်း စောင်လျက်ပင် ဗမာပြည်တိုက်ပွဲမှာ ပြီးဆုံး သွားလေသည်။ ကျွန်ုပ်က အခြေအနေမဟန်ကြောင်း ရှေ့ရှောက်လုပ်ငန်းတွေ လုပ်စရာ အများကြီး ရှိသေးကြောင်း များကို သခင်သန်းထွန်းအားယင်းမာပင် (မုံရွာခရိုင်) မှာတွေ့စဉ်က ပြောပြခဲ့သေးသည်။ ကိုသိန်းဖေ ကိုတော့ ရွှေဘိုနယ်တွင် နောက်ဆုံးတွေ့ရပြီး သူလည်းအိန္ဒိယသို့ ရောက်သွား လေသည်။

ဤသို့လျှင်ဂျပန်နှင့် ကျွန်ုပ်တို့ (ဘီ-အိုင်-အေ) အတိုက်အခံ ဖြစ်ရင်း ဗမာစစ်ဗိုလ် တွေကို ဂျပန်ကင်ပေက ဘမ်းဆီးညှဉ်းပန်းရက်စက်ရင်းနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် ၏ ပဌမကဏ္ဍမှာ ပြီးဆုံးခဲ့လေသတည်း။

---

## အခန်း ( ၂၄ )

ဤအခန်းများမှာ ဗိုလ်ချုပ်နိုင်ငံရေးရဲဘော်တပည့်ရင်း ပြောမနာဆိုမနာ မိတ်ဆွေများ၏ဆောင်းပါးသုံးခုကို ဖေါ်ပြလိုက်ပါကြောင်း။ ဂျာနယ်ကျော်တွင် ရေးသား ဖေါ်ပြခဲ့သည်ပင် ကျေးဇူး တင်စွာနှင့် ထပ်မံတင်ပြရခြင်း ဖြစ်ပါကြောင်း။

(ထုတ်ဝေသူ။)

### ကျွန်တော်တို့ မှတ်မိ သိရှိသမျှ ဗိုလ်ချုပ်။

ကျွန်တော်သည် သခင်အောင်ဆန်းအား ၁၉၃၈-ခုနှစ်တွင် မော်လမြိုင်တွင်ကျင်း ပသော တို့ဗမာအစည်းအရုံး နှစ်ပတ်လည် ညီလာခံသဘင်ကြီးတွင် စတင် မကျွင်းပမိ သိကျွမ်းခဲ့သည်။ သို့သော် ခင်မင်ရင်းနှီး အကျွမ်းတဝင်ကား မဟုတ်ခဲ့ပေ။

ထိုညီလာခံအပြီး၊ ရန်ကုန်မြို့ အမှတ် ၇၆- ရေကျော်လမ်း တို့ဗမာ အစည်းအရုံး တည်ရာ ဌာနသင်တွင် ကျွန်တော်သည် တို့ဗမာ အစည်းအရုံး၏ အမြဲတန်းအလုပ်သမား တဦးအဖြစ် တာဝန်လွှဲအပ်ခြင်းခံရပြီးသည့်နောက် တနေ့သ၌၊ သခင်အောင်ဆန်းသည် သူ၏ ဟောင်းနွမ်း နေသော မွေ့ရာလိပ်ကြီးနှင့် စာအုပ်သေတ္တာ-၂ လုံး အဝတ်အစား သေတ္တာတလုံးတို့ကို လန်ချားနှင့်တို့ဗမာ အစည်းအရုံးသို့ သယ်ယူရောက်ရှိ လာသည်မှ အစ သူနှင့်ကျွန်တော်သည် ထပ်မံ တွေ့ဆုံခါ ချင်ကျွမ်းဝင် တော့သည်။

ကျွန်တော်သည် မိမိဘာသာအလျောက် ဖြစ်ကတတ်ဆန်း အေးအေး နေတတ်သူ တဦးဖြစ်ရာ။ ကျွန်တော့ထက် ပို၍အေးပြီး၊ ဖြစ်ကတတ်ဆန်းနေတတ်သော သူ့ကိုတွေ့ရသောအခါ ဖက်မိသွားသည်။

တက္ကသိုလ် ကျောင်းထွက်ဟူ၍ သူ့ကို မြင်လျှင် ယုံနိုင်စရာ မရှိပေ။ ထိုအခါသူ့ကို မြင်လျှင်ခေါင်းစုတ်ဖွား ရှုသိုးသိုးနှင့် လုံချည်ကိုတိုဝတ်ပြီးလျှင် လေယာဉ်ပျံ ဘိနပ်သော်၎င်း ခုံဘိနပ်သော်၎င်း စီးလျက်သားသာ တွေ့ရမည်ဖြစ်သည်။ သူသည် ထိုအခါက မော်လမြိုင်ညီလာခံမှ တင်မြှောက်ခြင်းခံရသော တို့ဗမာ အစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူး အမြဲတန်း အလုပ်သမားဖြစ်သည်။

သို့အတွက်ကြောင့်ပင် သူသည်အခြားအလုပ် အမှုဆောင်များနည်းတူ မိမိတို့နေ့လိုရာတွင် မနေဘဲ။ အစည်းအရုံးတွင် အစည်းအရုံး၏ စည်းရုံးရေးကို လုပ်ဆောင်ရန် လာရောက်နေထိုင်ခြင်းဖြစ်သည်။

## သူ့အကျင့်တခု။

တခါက သူနှင့် ကျွန်တော် အစည်းအရုံးမှ မောင်ဂိုမာရီလမ်းအတိုင်း ခြေလျင် လျှောက်လာကြသည်၊ သွင်ရုံအနီးတွင် သူ့အားလူတယောက်က နှုတ်ဆက်လိုက်သည်၊ သူကမူ ပြန်၍နှုတ်မဆက်ဘဲ ခေါင်းငိုက်စိုက်ဖြင့်သာ လျှောက်သွားသည်၊ ကျွန်တော်က စောစောက ခင်ဗျားတို့လူတယောက်က နှုတ်ဆက်သွားတယ်၊ ခင်ဗျားမကြားဘူးလား။ ဟုမေးရာ ဟင်- ဟုသာကျွန်တော့အား တခွန်းတည်းပြောပြီး၊ သွားမြဲဆက်သွားခဲ့သည်။ ဤသည် တို့ကြောင့်ပင် သူ့အကြောင်းကို မသိသူများက လူတမျိုးဘဲ၊ ဆိုရှယ်မဖြစ်ဘူး။ ဟူ၍ စွပ်စွဲကြသည်။

လမ်းသွားလျှင် ပတ်ဝန်းကျင်ကို ဂရုပြုလေ့ မရှိသည်မှာ၊ သူ့အကျင့်တခုဖြစ်သည်။ သူကား အစဉ်းစားကြီးသူ ဖြစ်သည်။

## နောက်တခု။

တခါကလည်း တို့ဗမာ အစည်းအရုံးသို့ နယ်မှ သခင်ခေါင်းဆောင် တဦး ရောက်ရှိလာသည်။ ကျွန်တော့အား သခင်အောင်ဆန်းနှင့် အရေးတကြီးတွေ့လိုသည်ဟု ပြောသဖြင့်၊ အိပ်ရာစည်းတွင် စောင်ကို ခေါင်းမြီး ခြုံနေသော သခင် အောင်ဆန်းအား အစည်းအရုံးဧည့်ခန်းသို့ ခေါ်ဆောင်ခဲ့ရသည်။ ရောက်လျှင် ဘာမျှမပြော။ ကုလားထိုင်တလုံး၌သာ ထိုင်ပြီး ဆိတ်ဆိတ်နေသည်၊ သူကုလားထိုင်ပေါ်သို့ ထိုင်မိလျှင် ထိုင်မိခြင်း၊ နယ်သခင်ခေါင်းဆောင်က ၎င်းတို့နယ်တွင် ဖြစ်ပျက်နေသည့် အခြေအနေ အခက်အခဲတို့ကို အားရပါးရ တိုင်ကြားပြောဆိုသည်။ ထိုသို့ ပြောဆိုတိုင်ကြားသည်ကို အင်းမလုပ် အဲမလုပ် နေသော သခင် အောင်ဆန်းသည်။ ထိုသူ ပြောပြီးလျှင်ပြီးချင်း ဘာမျှ မပြောမဆို နေရာမှထသွားသည်၊ နယ်မှလာသူသည်း ခဏတဖြုတ် တမိုတပါး သွားသည် အထင်ဖြင့်စောင့်နေသည် သို့သော် ငါးမိနစ်နှင့်လည်း မပေါ်လာ။ ၁၀ မိနစ်နှင့်လည်း မပေါ်လာ။ နာရီဝက်ခန့် ကြာသောအခါ။ထိုသူမှာသည်းခံ၍ စောင့်ဆိုင်းနေလိုဟန် မတူ

တော့ ဒေါပွလာသည်။ ကျွန်တော်လည်း သခင်အောင်ဆန်း၏ အကြောင်းကို သိပြီးဖြစ်ရာ။ အိပ်ခန်းတွင်းသို့ တောက်လျှောက်ဝင်သွားပြီး စောင်ကို ခေါင်းမြီးခြုံ အိပ်မော့နေသော သခင်အောင်ဆန်းအား အပြင်တွင် နယ်မှသခင်ခေါင်းဆောင် စောင့်နေကြောင်း ပြော၍ပြရသည်။ သူက ခြုံထားသော စောင်ကိုဖွင့်၍ "ကြည့်သာပြောလိုက်ပါတော့" ဟု ပြောပြီး။ ပြန်၍ ခေါင်းမြီး ခြုံမြဲ ခြုံ၍ နေလိုက်သည်။

ကျွန်တော်လည်း သူ့အနားမှခွါထွက်လာခဲ့ကာ။ နယ်သခင် ခေါင်းဆောင်အား သခင်အောင်ဆန်းမှာ အခြားသူများကဲ့သို့ မဟုတ် နေ့တွင်အလုပ်လုပ်လေ့မရှိ။ ညမှသာ တညလုံး စာပွဲတွင်ထိုင်ခါ အလုပ် လုပ်လေ့ရှိသူတဦး ဖြစ်ကြောင်း။ ယမန်နေ့ညကလည်း ၁၀ နာရီကျော်ခန့်မှ နံနက် လင်းအားကြီးအထိ အလုပ်လုပ်ရာ အိပ်ရေးပျက်သည့်အတွက် မဟန်နိုင်တော့ဘဲ၊ အိပ်နေပြီဖြစ်ကြောင်း။ ယခုနေ့ခင်းမှ မအိပ်ပါက။ သူ့ခခြာ ပန်းဖျားဖျားရတော့မည် ဖြစ်ကြောင်း။ ယခုလည်း ခင်ဗျားပြောသမျှကို သူမှတ်သားထားပြီး။ မကြာမီနယ်သို့ ညွှန်ကြားလွှာများ ပို့ပေးလိမ့်မည် ဖြစ်ကြောင်းဖြင့် နှစ်သိမ့်ရသည်။ဤတွင်မှ ထိုသူလည်း ကျေနပ်ခါ အစည်းအရုံးမှ ထွက်ခွာသွားတော့သည်။

သခင်အောင်ဆန်းမှာ လောကဝတ် ဆိုသည်မှာ အပိုအလုပ် ပကာသန ဟုသာ သဘောထားသည်။ သို့သော်-သူ့အား တပါးသူက တိုင်ကြား ပြောဆိုသည်တို့ကို သူ့ဦးဖျောက် အတွင်းဝယ် မေ့ပျောက်ခြင်းမရှိအောင် စွဲမြဲမှတ်သားနိုင်သည်။ မှတ်သားနိုင်သလောက် လုပ်ဖွယ်ရှိသမျှ တာဝန်မပျက်ခဲ့ပေ။ လမ်းတွင် တွေ့ရှိသူများအား နှုတ်မဆက်ခြင်း သူစကားပြောလိုမှသာ ပြန်၍ပြောဆိုခြင်းတို့မှာ သူ့ဝသီဖြစ်သည်။ သူ့အား အထင်အမြင် လွဲမှားကြသည်။ သို့သော် သူကား....သူ၏ စဉ်းစားခြင်း အလုပ်မှတပါး အခြား ဂရုမစိုက်ခဲ့ပေ။ သူ၏စဉ်းစားချက်များမှကား လွတ်လပ်မှုတခုတည်းသာဖြစ်သည်။

တခါကလည်း။

တခါက သူနှင့်ကျွန်တော် ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက် သွားကြသည်။ သခင်အောင်ဆန်းက ရုတ်တရက် တိုင်းပြည် လွတ်လပ်ပြီး ကိုယ်သာခေါင်းဆောင်ဖြစ်ရင် အိမ်ကရှိတဲ့ လယ်တွေ,ယာတွေကို အကုန်လုံး ဆင်းရဲသားတွေကို ဝေပေးလိုက်မယ် ငွေတိုးချေးတဲ့လူတွေကိုလျှော်ပစ်လိုက်မယ်။ အမယ်ကြီး မကျေနပ်ရင်လဲ အတင်းလုပ်ရမှာဘဲ၊ ဟု ပြောဘူးသည်။ သူသည် ဤမျှ လက်ဝါးကြီးအုပ် အရင်းရှင်များကို ရွံမုန်းခဲ့သည် တိုင်းသူ ပြည်သားများအပေါ်၌လည်း။ ဤမျှ စေတနာ ထားခဲ့သည်။

နေ့စဉ်လိုပင် စားချိန်သောက်ချိန်မှလွဲ၍ အိပ်ရာထဲတွင် စောင်ကို ခေါင်းမြီးခြုံကာ နေတတ်သည်။ အလုပ်ရှိလျှင် ညဉ့်လူချေတိတ်ချိန်တွင်မှစ၍ မိုးလင်းသည့် တိုင်အောင် တမှေးမှမအိပ်ဘဲ၊ အလုပ်လုပ်တတ်သည်၊ ညွှန်ကြားလွှာများ။ ကျေညာချက်များ ရေးစရာရှိလျှင်။ တညည့်လုံး အင်္ဂလိပ်ဘာသာဖြင့်ရေးပြီးမှ ဘာသာပြန်လေ့ရှိ၏။

အစဉ်းစားလွန်ခဲ့သည့်နေ့။

တခါကလည်း သူအတော်ပင် အစဉ်းစားလွန်သွားခဲ့သည်။ လူရယ်စရာဖြစ်အောင်ပင် အစဉ်းစားလွန်ခဲ့သည်။ တို့ဗမာအစည်းအရုံးနှင့် ဝါးမ ပါတီတို့ ပူးပေါင်းခါ။ ဗမာ့

ထွက်ရပ်ဂိုဏ်းဟု ဖွဲ့စည်းရန်အတွက်၊ သခင် ခေါင်းဆောင် အချို့တို့သည် တညတွင် စတော့ကိတ်လမ်းရှိ သခင်နု၏အိမ်တွင် အစည်းအဝေးတရပ် ပြုလုပ်ကြသည်၊ ထိုအစည်း အဝေးလုပ်နေစဉ်။ သခင်အောင်ဆန်းသည် နောက်ဖေးသွားလိုသဖြင့်၊ အိမ်သာသို့စည်း ဝေးနေရင်းမှ ထသွားခဲ့သည်၊ သခင်အောင်ဆန်း အိမ်သာမှ ထွက်လာပြီး၊ သခင်နု၏ ဇနီး မမရီ အိမ်သာသို့ ဝင်သောအခါ၊ ခြေတင်သည့်နေရာတွင် မစင်များတင်နေသည်ကို တွေ့ရသည်။ မမရီက အိမ်ရှေ့သို့ ပြန်လာပြီးပြောရာ။ အားလုံးပင် ဝိုင်း၍ရယ်ကြသည်။ ထိုအဖြစ်အပျက်ကို နောက်တနေ့တွင် မမရီက ကျွန်တော့အား ပြောပြသည်၊ သခင် အောင်ဆန်းကမူ ဗမာ့ ထွက်ရပ်ဂိုဏ်းအကြောင်း စဉ်းစားရင်း အစဉ်းစား လွန်သွားခဲ့ သည်ဟု နောက်တနေ့တွင် ကျွန်တော့အား ပြောပြသည်။

### အဆင်းရဲ အခံနိုင်ဆုံး။

ထိုစဉ်အခါက တို့ဗမာအစည်းအရုံးတွင် အဆင်းရဲခံနိုင်ဆုံး နိုင်ငံရေးသမားတဦး ကိုပြပါဟုဆိုလျှင် သူ့အားပြရမည်၊ တို့ဗမာအစည်းအရုံးတွင် အမြဲတန်း အလုပ်သမား များအတွက် သတ်မှတ်ထားသော ထောက်ပံ့ငွေမှာ။ အစည်းအရုံး၏ ဘဏ္ဍာရေးကြပ် တည်းမှုကြောင့် လပေါင်းများစွာ ပြတ်သပ်ခဲ့သည်။ သူနှင့်ကျွန်တော် အပြင် သခင် လှမောင်လေးနှင့် သခင်သက်တင်တို့မှာမူ များသောအားဖြင့်နံနက်စာကိုနပ်မှန်အောင်မစား ခဲ့ကြရပေ။ ညစာအတွက်မှာမူ။ ထိုအချိန်က ရေကျော်ညဈေးတန်းတွင် ထမင်းရောင်းချ နေသော ညီအစ်မ နှစ်ယောက်က နိုင်ငံရေးသမား အဖြစ်ဖြင့် ကြည့်ညိုပြီး လျှင်၊ အကြွေး ပေး၍သာ စားကြရသည်။ သို့သော်- ထိုဆိုင်တွင်တခါတရံ၊ အားနာလှသဖြင့် ဘိုက် မှောက်ခါ အိပ်ကြရပါသေးသည်။

ဤမျှသူ့တွင် စားရမဲ့သောက်ရမဲ့ဝတ်ရမဲ့ ဖြစ်နေစေကာမူ၊ သူ့အား လစဉ်ငွေကြေး လိုသမျှ ထောက်ပံ့နိုင်သော သူ့မိခင်ကြီးအား ဒုက္ခမပေးခဲ့ပေ။ တခါမျှသာ သူ့မိခင်ကြီး ထံ ငွေ ၈၀-ပေးပို့ရန် စာရေးတောင်းဆို ခဲ့ဘူးသည်။

### အဝတ်အစား။

အဝတ်အစား ဝတ်ဆင်ရာ၌လည်း၊ သူ့ခေါင်းကိုသူ သ၊သည် ဟူ၍မရှိ။ အမြဲ သဖြင့် ဘိုကေမှာရှေ့သို့သာ ဖွားရယားကျနေသည်။ သူစိတ်ကူးရ၍ ခေါင်းဖြီးသည့်အခါ တွင်မူ။ မှန်တွင်ကြည့်ပြီးမျက်နှာ အမူအရာပြုံးတုံးတုံးလုပ်နေလေ့ရှိသည်။ ထိုအမူအရာမှာ လည်းသူစိတ်ရွှင်မြူးသည့် အခါမှသာ ဖြစ်ပေါ်လေ့ရှိသည်။ သူ့အိပ်ရာမှာလည်း ဟောင်း နွမ်းလှသည့် လွှာချင်းစောင်တထည် ခေါင်းအုံး ၂ လုံးနှင့် လျှော်ဖွတ်လေ့မရှိသော မွေ့ရာ ခင်းများအပြင်၊ ဗလပွကြဲနေသောသတင်းစာစက္ကူ အဟောင်းများနှင့်သာ ရောနှောလျက် ရှိသည်။ သူသည်တိုင်းပြည်အတွက် ဤမျှအဆင်းရဲ ခံနိုင်ရှာပေသည်။

### လွတ်လပ် ရေး တိုက်ပွဲ။

နယ်ချဲ့စံနစ်ကို သူသည် လက်နက်ကိုင်၍ တော်လှန်မှ လွတ်လပ်မည်ဟု ထိုစဉ်အခါ ကပင် သူယုံကြည်ခဲ့သည်၊ ၁၉၄၀-ခုနှစ်တပေါင်းလ ညတညတွင် ပူပြင်းလှသဖြင့်။ သူနှင့်

ကျွန်တော်သည် ဘိုတထောင် သင်္ဘောဆိပ်တွင် လေညှင်းခံရင်း နိုင်ငံရေးနှင့်အကြောင်း ပြောဆိုကြသည်။ သူကအင်္ဂလိပ်ကို လက်နက်ကိုင်ပြီး မတော်လှန်ရင် ဗမာပြည် ဘယ်တော့မှ မလွတ်လပ်ဘူး-ဟူ၍ ကျွန်တော့အား ပြောပြသည်။ ဤစကားကိုပြောပြီး မကြာမီပင်၊ သူသည် ဗမာပြည်မှ ပျောက်ကွယ်သွားပြီး ဂျပန်ပြည်သို့ ရောက်ရှိသွားခဲ့သည်။

**အားမနာသူ။**

စကားပြောရာ၌မည်သို့မထောက်ဘွင်းဘွင်းပြောတတ် လွန်းသဖြင့်ကျွန်တော့မှာတခါတွင် ကြားထဲက အားအနာကြီး နာခဲ့မိသည်။ ၁၉၄၀-ခုနှစ်ကုန်ခါနီး၊ ဂဠုန်ဦးစော နန်းရင်းဝန် ဖြစ်စဉ်အခါက ကျွန်တော့အား အစိုးရက ဘုန်းကြီးလမ်းတွင် တရားဟောပြောသည်ကို ပုဒ်မ ၁၂၄-(က) ဖြင့် အရေးယူ ဘမ်းဆီးပြီးလျှင် ရန်ကုန် ဒိဗြိတ် ရာဇဝတ်တရားသူကြီးဦးဘသွယ်၏ရုံးတွင် စစ်ဆေးခဲ့သည်။ ထိုအခါ (ယခုပြန်လည် ထူထောင်ရေးဝန်ကြီး) ဦးဘဂျမ်းက ကျွန်တော့ဘက်မှ ရှေ့နေအဖြစ် အခမဲ့ကူညီလိုက်ပါ ဆောင်ရွက်ခဲ့သည်၊ ဦးဘဂျမ်းမှာ ထိုစဉ်က ဝတ်လုံ လိုက်စသာဖြစ်ရာ၊ လျှောက်လဲပုံတို့ကို သခင်အောင်ဆန်းသည် ကြိုက်မနှစ်သက်ခဲ့ပေ၊ အမှုစစ်ဆေးသော နေ့တနေ့တွင် သခင်အောင်ဆန်းသည် ရုံးသို့လာရောက် နားထောင်ပြီး ဦးဘဂျမ်း လျှောက်လဲပြောဆိုချက်တို့ကို သူသဘောမကျကြောင်းပြစ်တင်ပြောဆိုနေသည်မှာကျွန်တော်ပင် ကြားကမနေတတ်ဖြစ်ခဲ့ရသည်။

သို့သော်အများအတွက်သူသာလျှင်ဒုက္ခခံလိုစိတ်မှာသူတွင်အမြဲကိန်းအောင်းနေသည်တခါ၊ ၁၉၃၉-ခုနှစ် ဒီဇင်ဘာလ ဆာစတက်ဖို့ကရစ် ဗမာပြည်သို့ ဝင်လာစဉ်က၊ မန္တလေးမြို့တွင် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး အမှုဆောင်များ အစည်းအဝေးကို ပြုလုပ်ကြသည်၊ အစည်းအဝေးပြီးသောအခါ၊ အလုပ်အမှုဆောင်များ အားလုံးကို ရှိသမျှ ငွေကလေးဖြင့် တသုတ်စီ ပြန်စေပြီးလျှင်၊ မန္တလေးမြို့တွင် သူနှင့်ကျွန်တော် ၂ ယောက်ထည်းသာ ရန်ကုန်မှ ငွေပို့လိုက်မည် ဆိုသူတို့၏ အပြောဖြင့် ပြန်စရိတ်ကို စောင့်မျှော်ရင်း တဝဲလယ်လယ် ကျန်ရစ်ခဲ့ကြသည်။ ထိုသို့ကျန်ရစ်ခဲ့ပြီး နောက်တရက်မှာပင် ကျွန်တော်တို့ တည်းခိုနေသည့်၊ ကွယ်လွန်သူ ဝန်ကြီးဦးဘဦး၏တိုက်တွင် မန္တလေးသခင်များကကျွန်တော်တို့အားထမင်းကျွေးမွေးခြင်းကိုတာဝန်မယူကြတော့ပေ၊ကျွန်တော်နှင့် အခင်အောင်ဆန်းမှာ လက်ထည်းတွင်လည်း လဘက်ရည်ဘိုးမျှပင် ပိုက်ဆံမရှိကြပေ။ တမြို့တရွာတွင် ယောင်လယ်လယ်ဖြင့် ဒုက္ခကြုံကြရ ပေတော့သည်။ ထိုအတွင်း ဒေါ်အုန်း၊ အမ်-အေတို့၏ အိမ်မှ ထမင်းတနပ်နှင့် ကျောင်းဆရာ ကိုခင်မောင်လေး ယခု (ဗိုလ်ခင်မောင်ကလေး) က တရပ်ဆိုင် တဆိုင်တွင် ထမင်းတနပ် ကျွေးမွေးပါသေးသည်။ သူတို့တတွေမှာလည်း ထိုထက်ကျော်လွန်အောင် ပြုစုနိုင်အောင်ငွေကြေးမချောင်လည်ကြ၍၊ ထိုမျှသာကျွေးမွေးနိုင်တော့သည်။ စားရေးသောက်ရေးထက် ရန်ကုန်ပြန်နိုင်ရေးမှာ အရေးကြီးလှရာ၊ရန်ကုန်မှငွေပို့လိုက်မည်ဟုပြောသွားသူ များကလည်း ငွေကြေးမချောင်လည်၍ ရုတ်ရက်ငွေမပို့နိုင်သေးဘဲရှိရာ၊ သခင်အောင်ဆန်းမှာမနေသာ တော့ရှာ

ဘဲ။ ထိုနေ့တွင် သူ၏အစ်ကို ဝမ်းကွဲတော်သူ မန္တလေးမြို့၊ စမော်ကော် တရားသူကြီး ဦးဘသိုက် ယခုသာယာဝတီတရားမဝန်ထောက်ခွင့်နှင့်နေသူထံသို့တနေ့တွင် သွားရောက်လည်ပတ်ပြီး ၎င်း၏ရုံးသို့ ကျွန်တော့အားစေလွှတ်ခါ၊ ငွေ ၁၀ဝိ တောင်းခိုင်းရာ ရရှိလာသည်။ တဖန်နောက်တနေ့တွင်လည်း နော်မံကျောင်းအုပ်ကြီး ဦးတင့်ဆွေ၊ (ယခု ဘားမင်းသတင်းစာ အယ်ဒီတာချုပ်) ထံသို့ သူနှင့်ကျွန်တော်သွားကြပြီး။ ရန်ကုန်သို့ပြန်ရန်စရိတ်တောင်းခဲ့ပြီး။ နောက်တနေ့တွင် မန္တလေးမှ ရန်ကုန်သို့ ပြန်ဆင်းခဲ့ကြရသည်။ ဤသည်တို့မှာ သူသည် အမှန်အားဖြင့်အခြားသူ တဦးဦးအား မန္တလေးတွင်ထားရစ်ခဲ့ပြီး ပြန်နိုင်သည်။ သို့သော်-သူကားထိုသို့မဟုတ် အများအတွက် သူဒုက္ခခံမည်ဆိုသည့် စေတနာကောင်းကြောင့်ပင် မန္တလေးတွင် ပိုက်ဆံတပြားမှမရှိဘဲ၊ ယောင်လယ်လယ်ဖြင့် တမြို့တရွာတွင် ဒုက္ခခံခါ နေရစ်ခဲ့ခြင်းဖြစ်သည်။

### သခင်မှ ဗိုလ်ချုပ်သို့။

နောက်များ မကြာမီပင် ကျွန်တော့မှာ ပုဒ်မ ၁၂၄- (က)နှင့် တရားစွဲ ခံရပြီး ထောင်ဒဏ် တနှစ်ကျခံရသည့် အချိန်မှစ၍ သူနှင့်လူချင်း ကွဲကွာသွားကြသည်။ ဂျပန်များ ဗမာပြည် အတွင်းရောက်လာမှသာ ဗိုလ်ချုပ် အောင်ဆန်း အဖြစ် တဖန်ပြန်လည် တွေ့ဆုံရတော့သည်။

ဗိုလ်ချုပ်သည် ရန်ကုန်သို့ ရောက်ရှိပြီး မကြာမီ အထက် ဗမာပြည်သို့ သူ့တပ်ဖြင့် ချီတက်သွားပြီး၊ ရန်ကုန်သို့ပြန်ရောက်သော အခါ၊ ကျွန်တော်လည်း သခင်ဗအေးနှင့်အတူ အပါးသို့ တဖန် ပြန်လည်ရောက်ရှိရပြန်သည်။

### ဗိုလ်ချုပ်၏ ဖူးစာ။

တခါတွင်ဗိုလ်ချုပ်သည် အပြင်း အထန်ဖျားသဖြင့် အလံပြ ဘုရားလမ်းရှိ ဘီ၊အိုင်၊ အေ၊ ဆေးရုံတွင် တက်ရောက်ကုသရသည်၊ ဗိုလ်ချုပ်၏အနားဝယ် ကျွန်တော်ပင် နေ့ညမပြတ် စောင့်ရှောက် ပြုစုရသည်။

ထိုအခါက ဘီ၊အိုင်၊အေ၊ ဆေးရုံမှာ ဖွင့်ကာစကသာလျှင် ရှိသေး၍၊ ဗိုလ်ချုပ်၏ ဇနီးလောင်း ဒေါ်ခင်ကြည်၊ ၎င်း၏အစ်မ သခင်သန်းထွန်း၏ ဇနီးလောင်းဒေါ်ခင်ကြီးနှင့် ကျွန်တော်၏ အစ်မဝမ်းကွဲတော်သူဒေါ်တင်ထွေးတို့ သာလျှင် ပြည်သူ့ဝန်ကိုထမ်းရွက်လျက်ရှိသည်။

### ငါမိန်းမယူတော့မယ်။

ထိုသို့ဆေးရုံဘို့တက်နေရစဉ် အဖျားသက်သာလာသည့်တနေ့တွင် ကျွန်တော့အား ''ဟေ့- တင်ဦး ငါ့ကို လက်စွပ်လဲဘို့ စိန်လက်စွပ် တကွင်း ဝယ်ပေးစမ်းကွာ'' ဟု ပြောသည်။ ကျွန်တော်လည်းပြုံးပြီး ''ဘာလုပ်ဘို့လဲ''ဟု မေးရာ၊ ''ငါမိန်းမ ယူတော့မလို့ကွ''ဟု သံပြတ်ပြောပြီး ဆက်လက်၍ ''အင်္ကျီနှင့် လုံချီပါ ဝယ်ပေးပါအုံး''ဟု ပြောပြန်ပါသည်။ ကျွန်တော်လည်း သူမပြောစဘူး ထူးထူး ခြားခြား ပြောလိုက်သဖြင့် အံ့အားသင့်ကာဟက်ဟက်ပက်ပက် ရယ်မောမိလိုက်သည်။ ထိုအခါသူက ''ဟေ့ကောင် ရယ်မနေနဲ့ကွ ငါအတည် ပြောနေတာ''ဟု ထပ်ဆင့် ပြောပြန်သည်။ ကျွန်တော်လည်း



(ဗိုလ်တေဇ)

ဗိုလ်ချုပ် အောင်ဆန်း၏ ဗိုလ်တေဇ။ ဗမာ့လွတ်လပ်ရေး တပ်မတော် ဗိုလ်ချုပ် ဘဝရွေ့ မြင်ရပုံ။


ဓာတ်ပုံကို ကိုလှဖေ ကျေးဇူးပြု၍ အမျိုးသား ဘလောက်တိုက်မှ လှူဒါန်းသည်။



၁၉၄၂ - ခုနှစ်၊ ဗိုလ်ချုပ် အောင်ဆန်း အင်္ဂလိပ် နယ်ချဲ့ကို တော်လှန် အပြီး ဂျပန် ဘုရင်က ချီးမြှင့်သော တံဆိပ်များနှင့်ပုံ။



၁၉၄၅-ခု၊ ဗိုလ်ချုပ်အောင်ဆန်း ဂျပန်ဖက်ဆစ်ကို တော်လှန်
အပြီး၊ မျိုးချစ်တပ်မတော်ဗိုလ်ချုပ်အဖြစ် ပခုံးတံဆိပ်အသစ်များနှင့်
တွေ့မြင်ရပုံ။
(အမျိုးသား ဘလောက်တိုက်မှ လှူသည်)



၁၉၄၂-ခုနှစ်၊ စက်တင်ဘာလ ၆-ရက်နေ့တွင်
ဗမာ့တပ်မတော် စစ်သေနာပတိကြီး
ဗိုလ်ချုပ် အောင်ဆန်း နှင့် ဒေါ်ခင်ကြည်တို့
လက်ထပ်မင်္ဂလာ ပြုပြီးစဉ်ကပုံ။

ပြုံးပြီးလျှင် ဘယ်သူနဲ့လဲဟုမေးရာ၊ ''မခင်ကြည်''နဲ့ဟုပြော၍ ပြုံးတုံးတုံးလုပ်နေသည်သို့နှင့် ကျွန်ုပ်တော်လည်း သူ့အပေါ်မှထွက်ခွါလာခဲ့ရတော့သည်။

## လူ့အခွင့် အလန်း။

တနေ့သူ့အခန်းသို့ ကိုအုန်းမြင့်နှင့်အတူ ဝင်သွားကြသောအခါ၌ဆရာမတယောက် ဆေးလာတိုက်သည်နှင့် ကြုံနေသည်။ သူက ''မသောက်ချင်ဘူး''ဟု အတင်းငြင်းဆိုလိုက်သည်။ ဆရာမခမြာမှာ သူ့အားကြောက်သဖြင့် အခန်းတွင်းမှ ထွက်ခွါသွားရသည် ထိုသို့ဆရာမှထွက်သွားလျှင်သွားချင်းပင်''သူကို ဟော့တင်ဦးသွားပြောချေ၊ဆရာမ-မခင်ကြည်တိုက်မှ သောက်မယ်လို့'' ဟုပြောရာ၊ ကျွန်တော်လည်း စောစောကဆေးတိုက်ရန်ဝင်လာသော ဆရာမအား အကျိုးအကြောင်းပြောပြလိုက်ရသည်။နောက်တနေ့ နံနက်စာစားချိန်တွင်လည်း ဆရာမတဦးက ထမင်းလာကျွေးရာ၊''ဟင့်အင်း မစားဘူး၊မခင်ကြည်ကျွေးမှစားမယ်''ဟုငြင်းဆိုနေပြန်သည်။တဖန်''ဟော့တင်ဦးမခင်ကြည်သွားခေါ်ချေ''ဟု ခိုင်းစေရာ၊ ကျွန်တော်လည်း၎င်းကိစ္စမျိုးတွင် သတ္တိကြောင်သူတဦးဖြစ်သဖြင့်၊ဒေါ်ခင်ကြည်အားလည်းသွားမပြောရဲ၊သူ့ထံသို့လည်းမပြန်ရဲနှင့် ထိုနေ့တနေ့လုံးသူ့အပေါ်မှကျွန်တော်ရှောင်နေရတော့သည်။

သူသည် တခုခုလုပ်မည်ဆိုလျှင် မဖြစ်မနေဇွဲသန်သန်ဖြင့် ပြုမူတတ်သည့်သူ့ဝါသနာအတိုင်း၊ နောက်ဆုံး ဒေါ်ခင်ကြည်နှင့် မင်္ဂလာဆောင်သည် အထိ သူ ရောက်လိုသည့်အိမ်ထောင်ရေး ပန်းတိုင်သို့ ထမြောက်အောင်မြင်စွာ ရောက်ရှိခဲ့တော့သည်။

သို့သော် သူမဖြစ်မနေ၊ အရောက်လှမ်းရန် ကြိုးစားအားခဲနေသော လွတ်လပ်ရေးပန်းတိုင်ကား သူ့လက်လှမ်းနှင့် မီလုဆဲအခါရောက်မှ သူကား သူတပါး လက်ချက်ဖြင့်ကွယ်လွန်ရရှာပြီ။

အို.... လူသတ်တို့ သင်တို့ကား မိုက်တွင်း နက်လှချေတကား။

ဤကား သခင်တင်ဦး-(ယခုအသံလွှင့်ဌာန)၏ အမြင်ဖြစ်သည်။

---

# အခန်း (၂၅)

(ဤဆောင်းပါးရှင် ဦးအုန်းမြင့်မှာ ကွယ်လွန်သူ ဗိုလ်ချုပ်ဦးအောင်ဆန်း၏ အရင်းနှီးဆုံးမိတ်ဆွေတဦး ဖြစ်သည်။ ဦးအုန်းမြင့်နှင့် သခင်တင်ဦးတို့မှာသခင်ဘဝကပင် ဗိုလ်ချုပ် ဦးအောင်ဆန်း၏ ပြောမနာဆိုမနာ မိတ်ဆွေရင်းများဖြစ်ကြသည်။ ဦးအောင်ဆန်း မကွယ်လွန်မီကလေးက ကျင်းပခဲ့သော သတင်းစာဆရာများ အစည်းအဝေးတွင် ဦးအောင်ဆန်းက ''ကျုပ်အကြောင်းသူတို့နှစ်ယောက်သာ ကောင်းကောင်းသိတယ်''ဟု ပြောဆိုခဲ့ဘူးသည်။ဤဆောင်းပါးမှာ ဦးအုန်းမြင့်၏ ဆောင်းပါးပင် ဖြစ်သည်)

## တိမ်ဖုံးသော လပမာ။

ဗိုလ်ချုပ် ကွယ်လွန်ပြီဟု ပြောသံ ကြားလိုက်ရသည်နှင့် တပြိုင်နက်၊ ကျွန်တော်၏ အနီးတွင် ကပ်၍ ဗုန်းကျပြီး ပြင်းထန်စွာ မြည်ဟီး ပေါက်ကွဲကာ၊ မီးခိုးလုံးတွေ ဝိတ်ဖုံး

N'P.W. — 191-13, 10000

မှောင်မဲသွားသကဲ့သို့ ထင်မှတ် လိုက်မိတော့သည်။ လျှပ်တပျက်ခန့် လုံးလုံးသတိလစ်ခါ လဟာပြင်ကြီးကဲ့သို့ ရှိနေရာမှ တဖြေးဖြေးပင် တရေးရေး ထင်မြင် ပေါ်ပေါက်လာသည်မှာကား၊ ယခင်နှစ်ပေါင်း အတော်ကြာမှ ယခုအထိ ဗိုလ်ချုပ်နှင့်အတူ နေထိုင်လုပ်ကိုင်စားသောက် သွားလာ ပြောဆို ရပုံများပင် ဖြစ်ပေသည်။ သို့စိတ်ထဲတွင် ထင်ယောင်မြင်ယောင် ပေါ်ပေါက်လာသော်လည်း သာယာသော နွေလည်နေ့ခင်းတွင် မြင်ရတွေ့ရသော အခြင်း အရာမျိုးကဲ့သို့ မဟုတ်ဘဲ၊ တိမ်ဖုံးသော လရောင် အောက်တွင် မြူတွေ အုံ့ဆိုင်းနေသည့်ကြားမှ မြင်ရသော အရိပ်အရောင်ကဲ့သို့ပင် ဖြစ်ပေသည်။

## သခင်အောင်ဆန်း

တက္ကသိုလ်ကျောင်းတော်သားပင် ဖြစ်သော်လည်း ကော့စမ်တစ်- ဟဲရားကရင်းတို့နှင့် ဝေးစွ။ အုန်းဆီပင် ထိတွေ့ဘူးဟန် မတူသော ဇုတ်ဖွားဖွား ဆံပင်၊ ကြမ်းပေ့ဆိုသော ကော်လာ မပါသည့် ပင်နီရောင်မွဲ ရှပ်လက်တို။ အရောင်မပြောင်သော ကြေးနီရောင် ဘန်ကောက်လုံချီကိုတိုတိုဝတ်ဆင်လျက်၊ အမြီးပိုင်း ပါးလျက်ရှိသော လေယာဉ်ပျံဘိနပ်နှင့် သခင်ပေါက်စ ကိုအောင်ဆန်းကို ပြန်၍ မြင်ယောင်မိသည်။ မျက်နှာထားမှာမူ ရှုသိုးသိုးပင် တက္ကသိုလ်ကျောင်းသားဆို၍ယုံနိုင်စရာ အလျဉ်းမရှိသည့် သခင်အောင်ဆန်းကို တက္ကသိုလ် ပဲခူးကျောင်းဆောင်တွင် စ၍တွေ့ရပေသည်။

## သူကား ဒီလို

ထိုအချိန်မှစ၍ သခင်အောင်ဆန်းနှင့် မကြာခဏတွေ့ရသည်။ တို့ဗမာအစည်းအရုံးသို့ မကြာ, မကြာ ပေါက်၍, ပေါက်၍ လာတတ်သည်။ သခင် အုန်းထွန်း၊ သခင်စိုးနှင့် ကျွန်တော်တို့ ၃-ဦးနေသော အိမ်သို့လည်း လှည့်၍ လှည့်၍ လာတတ်လေသည်။ သူနှင့် တနေ့တခြား ပို၍ရင်းနှီးလာလေလေ, သူ့အားကြည်ညိုလာလေလေ ဖြစ်တော့သည်မှာ တခြားမဟုတ်။

ကျွန်တော်တို့နှင့် တွေ့ဆုံတိုင်း တခြားစကားကို မပြော၊ လွတ်လပ်ရေး အကြောင်းကိုသာ ပြောသည်။ အချိန်နာရီရှိသမျှ လွတ်လပ်ရေးအတွက် အမြဲတန်း အလုပ်လုပ်ဘို့စိတ်သာ စောနေသည်။ သူ့မှာ လွတ်လပ်ရေး အတွက် စိတ်စောလွန်း အားကြီး၍သာ အခြားသူများကခေါ်လျှင် ကြားချင်မှကြားသည်။သူများပြောလျှင် ဂရုတစိုက် နားထောင်ချင်မှထောင်သည်။သူ့ဘာသာသူ စဉ်းစားနေသည်သာဖြစ်သည်။ထို့ကြောင့်ပင်မိတ်ဆွေရင်းများကပင် သူ့အား ဟန်ကြီး,ပန်ကြီး လုပ်သည်၊ သွေးကြီးသည်၊ ငွကျူသည်၊ အူကြောင်ကြောင်နိုင်သည်၊ ဦးဏှောက် ကျဉ်းနေသည်ဟု အမျိုးမျိုး အထင်မှား အမြင်မှား ဖြစ်ကြသည်။သူ့အကြောင်းနှင့် စပ်လျဉ်း၍ အဖြစ်အပျက်ကလေးကို ပြန်၍ မြင်ယောင်လျက်ရှိရပေသည်။ တနေ့သော် သခင်မို (ဂျပန် တော်လှန်ရေး အတွက် အိန္ဒိယ ပြည်မှ မြန်မာပြည်သို့ လေယာဉ်ပျံနှင့် အလာ လေယာဉ်ပျံ ပျက်ကျ၍ သေဆုံး သွားရ ရှာသူ) သည်၊ ကျွန်တော်နှင့် သခင်သန်းထွန်းတို့ဆီသို့ ဒေါကြီး, မောကြီးနှင့် ရောက်လာသည်၊ ''ဟော့-

ကိုမို ဘာဖြစ် လာတာလဲဗျ''ဟု ဆီး၍မေးကြရာ၊ ''သခင်အောင်ဆန်းပေါ့၊ ကျွန်တော် သူ့ကို ကွန်တီနယ်တဲလ် ဒေါင့်မှာ ယောင်ချာချာနဲ့ တွေ့တယ်၊'' တွေ့လို့ ''ဟေ့ သခင်အောင်ဆန်း ဘယ်လဲ ဘိုင်စကုတ် ကြည့်မလို့လား၊ ကျွန်တော်နဲ့ အတူတူ ကြည့်မယ်'' လို့ နှုတ်ဆက်တယ်၊ သူက ခတ်တည်တည် လူကိုကြည့်ပြီး ချာကနဲလှည့်ထွက်သွားတယ်။ လူတွေအများကြီးထဲမှာ သိပ်ရှက်စရာ ကောင်းတာဘဲ''ဟု ရှုံးရှုံး,ရှားရှားဖြစ်နေသဖြင့် ''ကိုမိုကလဲဗျာ၊ သူ့အကြောင်း အသိသားနဲ့ဘဲ''ဟု ဝိုင်းဝန်း ဖြောင့်ဖျ လိုက်ရသည်။ နောက်တနေ့ မနက် သူကိုယ်တိုင် ပေါက်လာ သည်နှင့် တပြိုင်နက်၊ ''ဟေ့ - သခင်အောင်ဆန်း ခင်ဗျား မနေ့က ကိုမိုကို အူခကြောင်ကြောင် လုပ်လွှတ်လိုက်လို့ ကိုမိုဒေါပွနေတယ်''ဟု ပြောရာ၊ သခင်အောင်ဆန်းမှာကျွန်ကော်ပြောသည်ကို အရှင်း နားမလည်၊ ''ဘာလဲကွ''ဟု ဆိုနေပြန်၍ အကျိုး အကြောင်း ပြောပြမှ ''ငါသူနဲ့မတွေ့ပါဘူး''ဟု ပြန်၍ဖြေလေသည်။

## တို့ဗမာအစည်းအရုံး၌။

တက္ကသိုလ်ကျောင်းတွင် အေးအေးလူလူစာသင်နေရာမှ လွတ်လပ်ရေး စိတ်စောမှုဖြင့် အင်္ဘင်ဇတ် အပြတ်ပြတ်နေရသော သခင်ဘဝသို့ လုံးလုံးလျားလျား ရောက်လာလေပြီ။ တို့ဗမာအစည်းအရုံး အမြဲတန်းအလုပ်သမား အတွင်းရေးမှူး အလုပ်ကို လက်ခံပြီး၊တို့ဗမာအစည်းအရုံးအမြဲတန်း အလုပ်သမား အတွင်းရေးမှူးအလုပ်ကိုလက်ခံပြီး တို့ဗမာအစည်းအချုံးသို့ ပြောင်းရွှေ့လာလေသည်။ ချွေးနံ့တသင်းသင်း ထွက်နေသော လွှာချင်းစောင် တထည်။ ချေးညှော်လှိုင်၍ မာသောနေရာ မာ၍ မှို့များထွက်နေသည့်နေရာ ထွက်နေသော မွေ့ရာခေါင်းအုံးတို့ဖြင့် ဖုံအထပ်ထပ်တက်နေသော ကြမ်းပြင်တွင် စာအုပ်ပုံကြီးငယ် သတင်းစာ အဟောင်းအမြင်းများ ပတ်လည်ဝိုင်းနေပြီး အမြဲ မခါမရှင်းသည့် အိပ်ယာထက်တွင်အိပ်ခါ၊ လမ်းဘေးဆိုင်တွင် စားခါသောတ်ခါနှင့်ပင် လွတ်လပ်ရေး တိုက်ပွဲကို သဲသဲမဲမဲလုပ်လေသည်။

သို့သော်-တခါတခါတွင်ကား၊ ဘိုင်အမြဲကျနေသည့် အပေါင်းအဖေါ်များတွင်ပိုက်ဆံ၌မရှိ နားမလည်၊ ဟေ့- ငါဘာစားချင်သည်ဟု ပြောပြောဆိုဆို ထွက်ခါ၊ သူဝင်ချင်သည့်ဆိုင်ဝင်ပြီး စားချင်တာတွေစား၍ အတူပါလာသူ အပေါင်းအသင်းများမှာ ပိုက်ဆံမရှိ၍ ဂျောက်ကျခဲ့ပေါင်းမှာ မရေတွက်နိုင်တော့ပေ၊ တခါတခါလည်း ပိုက်ဆံမရအရချေးခိုင်းပြီး ရုပ်ရှင်ပြခိုင်းတတ်သည်၊ ရုပ်ရှင်ကြည့်သည့်အခါလည်း အတန်းမရှောင် တမတ်တန်းကလည်း တိုးဝှေ့၍ဝင်သည်၊ ပြနေစဉ်လည်း တားမရ သူဝင်ချင် ဝင်ကြည့်သည်၊ ကြည့်နေရင်းလည်း စိတ်မထင်က တပိုင်းတစနှင့် ထွက်သွားတတ် လေသည်။ ရုပ်ရှင်ကြည့်ရင်းလည်း သူသဘောကျပါက အားရပါးရ ဝါးကနဲ ရယ်ချလိုက်လေသည်။ ပတ်ဝန်းကျင်ကို ဂရုမစိုက်၊ သူများရယ်လို့ ရယ်ချင်မှရယ်သည်။ သူ့ရယ်လျှင်ကား သူတမွေယာက်ဆဲရယ်သံသာ ထူးထူးခြားခြား ထွက်လာတတ်လေသည်။

## ရေနစ်စဉ်က။

ပြန်၍ မြင်ယောင်ပါသေးသည်။ အချိန်မှာ ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ကွန်ဖရင့် ပုသိမ်မြို့တွင်ကျင်းပပြီး၊ မော်တင်စွန်းသို့ နွေရာသီ စခန်းထွက်ခဲ့ကြသည်။ တခု သော နံနက်လင်းအားကြီးတွင် ကျွန်တော်တို့လူပေါင်း ၁၄-ယောက်၊ ဇီးချိုင့် (ရခိုင်ရွာ) သို့ ထွက်ခွာသွားကြသည်။ လမ်းတွင် တောင်ကျချောင်းတခုကို ဖြတ်ကူး နေကြရင်း တောင်ရေ ကျလာရာ။ ၁၄-ယောက်အနက်၊ ၃-ယောက်သာ ရေကူးတတ်၍ သခင် အောင်ဆန်း သခင်သန်းထွန်းနှင့် ကျွန်တော်တို့ ရေနစ်ကြတော့သည်။ ထိုအခါ အားလုံး မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေရာမှ သခင်ဗဟိန်း၊ (ကွယ်လွန်သူ) ဦးဇေ၀်ဒ်ဘ် (ကာထ ဗလ) နှင့်၊ အခြားတဦးတို့က ကယ်၍သက်သာတော့သည်။ တဘက်ကမ်းသို့ရောက်သော အခါ။ အားလုံးပင် ရေအောက်ကျောက်ဂူင်းများ ထိခိုက်၍ ဒဏ်ရာအနည်းအများရကြ ရာ သခင်အောင်ဆန်းခြေထောက်မှာ ရစရာမရှိအောင် အရှအနာများ အစင်းများ ထင် နေသော်လည်း ဒူနံ့ပူကြဲကြဲ သဲသောင်ပြင်တွင် မငြီးမတွား လျှောက်၍သွားလေသည်။

## သူပုန်ထရမယ်။

ဇီးချိုင့်ရွာသို့ ရောက်သောအခါ၊ ဘုန်းကြီးကျောင်းတွင် နံနက်စာစားပြီး၊ ရွာသူရွာ သားများအား တရား ဟောတော့သည်၊ ဤတွင်မှ “ လွတ်လပ်ရေးကို လက်နက်ကိုင် တော်လှန်မှသာ ရမယ်။ ကျုပ်တို့ သူပုန်ထရမယ် ” ဟုသခင်အောင်ဆန်း အတိအလင်း ဟောပြောခဲ့လေသည်။ (သူပုန်ထမှ လွတ်လပ်ရေးရမယ်- သူပုန်ထရမယ်) ဟု ဒေါမာန် ပါပါ ဟောလိုက်သံကြားရသဖြင့်၊ ထိုအခါက ကြက်သီး တဖြန်းဖြန်းထခဲ့ရာ၊ ယခုတိုင် တွေးမိတိုင်း ကြက်သီးထလာ ပေတော့သည်။

ဇီးချိုင့်ရွာတွင် ဟင်းအမျိုးပေါင်း ၄၀ ကျော်နှင့် စားသောက်လာကြရာ။ အပြန်တွင် သခင်အောင်ဆန်း ဓါတ်တွေလျော့သဖြင့်၊ အတော်ကို အလူးအလဲ ခံခဲ့ရသေးသည်။ သူ ကား။ ဓါတ်လျော့သည်မှာ ခဏ-ခဏပင်။

## သံယောဇဉ်မရှိအောင်နွားတွေလို

၁၉၃၈-ခုနှစ်လောက်က။ အိန္ဒိယသို့ သွားကြသည်။ သင်္ဘော ကုန်းပတ်ပေါ်တွင် ခေါ်တောကုလားများ၊ ဂေါရင်ဂျီ ကုလားများ၊ ဗိလ္လာသိမ်းကုလားများနှင့် အရောရော အနှောနှော သွားကြရသည်။ အခြားသူ အားလုံး လိုလိုအက္ခ မသတီစရာကြီးလို ဖြစ်နေ သော်လည်း၊ သခင်အောင်ဆန်းမှာ ဘာမှဂရုမစိုက်၊ သတိထားမိဟန်မတူ။ စကားဝိုင်း ဖွဲ့၍ ပြောကြတိုင်း၊ လူငယ် လူရွယ်တိုင်း-နိုင်ငံရေးကို အမြဲတန်း(Whole time) လုပ်ဘို့ လိုတယ်။ ဒီလိုလုပ်ဘို့လဲ သံယောဇဉ်မရှိမှ ဖြစ်မယ်၊ သံယောဇဉ်မရှိအောင် နွားတွေလို ဖွေးသင်းထားရင် ကောင်းမယ်ဟု ပြောခဲ့လေသည်။

သခင်အောင်ဆန်းကား။ သူ့စိတ်ထဲရှိသမျှ ပြောချ လိုက်သည်။ ဖြစ်နိုင်သည် မဖြစ် နိုင်သည်ကို ဂရုမစိုက်။ လွတ်လပ်ရေးအတွက် ဘာမဆို လုပ်ချင်သည်-လုပ်သည်။

## ပျောက်သွားပုံ

အိန္ဒိယအသွား ပြန်လည်း လမ်းတလျှောက်လုံးခဏ-ခဏာ မ်းလျှောသဖြင့်၊ အလူး အလဲခံရရှာသည်။ သို့သော်လည်းတချက်မျှ မညီးမတွားခဲ့၊ အိန္ဒိယမှပြန်လာကြပြီးနောက် ဗမာပြည်တွင် လွတ်လပ်ရေးတိုက်ပွဲ ပိုမို ပြင်းထန် လာရာ၊ သခင်သန်းထွန်း၊ သခင်စိုး၊ ကိုဘဟိန်းစသည့် လုပ်ဖေါ်ကိုင်ဘက်များ။ တယောက်ပြီး တယောက် အဖမ်း ခံရသည့် ကြားထဲမှ သခင်အောင်ဆန်း ပျောက်ချင်းမလှ ပျောက်သွားတော့၏။

## ခွေးမသား စစ်ထည်းဝင်

ထိုနောက်မှာကား။ ဂျပန်တို့ ဗမာပြည် ဝင်လာသည့်အခါ။ သူ့အား ဗိုလ်တေဇ အဖြစ်နှင့် ပြန်၍တွေ့ရ၏။ ကျွန်တော်လည်းတောမှ ရန်ကုန်သို့ တက်လာပြီး၊ သူ့အား ဒီဇွန်းကုတ်တွင် စစ်ဝတ်စစ်စားနှင့် တွေ့လိုက်ရသောအခါ။ သူက-ကျွန်တော့အား သုံးသုံး မှုံမှုံကြီး ကြည့်နေသည်။ ကျွန်တော်က-'ဗိုလ်တေဇနေကောင်းရဲ့လား'ဟုစကားစလိုက် သည်နှင့်တပြိုင်နက်၊ဘာဗိုလ်တေဇလဲ ခွေးမသားစစ်ထဲဝင်ရမယ်ဟုပြန်၍ နှုတ်ဆက်လိုက် သည်ကို ယခုတိုင်ကြားယောင်လျက် ရှိပါသေးသည်။

ထိုနောက်သခင်အောင်ဆန်း၊ သခင်တင်ဦး (ယခုအစိုးရအသံလွှင့်ဌာန-အီစီအစဉ် လက်ထောက်) သူရဲဗအေး။ (ယခုအာလံ ကွန်မြူနစ်ပါတီခေါင်းဆောင်) တို့ ဂိုးလ်ဒင်း ဘဲလ်လီ့တွင် အတူနေကြသည်။ တနေ့နံနက် သူ့အိပ်ရာထဲတွင် ကျွန်တော်က မုံရွာ ထောင်ထဲတွင်ရှိသည့် သခင်သန်းထွန်း။ သခင်စိုးနှင့်-အခြား ရဲဘော်များကို သွားထုတ် ရန်လက်နက်နှင့် လူပေးဘို့ ပြောသည့်အခါ'ခွေးမသား-မင်း....သေချင်သလား။ သူတို့ လဲ သူတို့ဘာသာ ထွက်လာကြမှာပေါ့၊မင်း-မသွားရဘူး''ဟုပြတ်ပြတ် တောက်တောက် ပြောလေသည်။ ကျွန်တော်လည်း အံ့အားသင့်သလို ကြည့်နေစဉ်-''ဒီပြင်လူတွေ ကြည့် လွှတ်ပို့မယ်ကွယ်-မင်း-လိုက်မသွားပါနဲ့''ဟု မလေချိုကလေးနှင့် ပြောသံကို ယခုတိုင် နားမှ မထွက်နိုင်-မမေ့နိုင်-ကြားယောင်လျက်ပင် ရှိပါသေးသည်။

သို့-ကျွန်တော့အပေါ် ကြင်နာစိတ် ရှိသော်လည်း၊ သခင်တင်ဦး၊ သခင်ဗအေး-ကျွန်တော်နှင့်သူ မျက်နှာချင်း ဆိုင်မိတိုင်း''ခွေးမသားတွေ မင်းတို့စစ်တိုက်ရမယ်'' ဟု အမြဲပြောလေ့ရှိသည်။

## သူနှင့်အရက်

တညသော်-ကျွန်တော်တို့ ဗိုလ်စကြာ-အိမ် ရောက်သွားကြသည်။ ဗိုလ်စကြာတို့ အိမ်တွင် သခင်တင်-(ယခုလယ်ယာ စိုက်ပျိုးရေးဝန်ကြီး) နောင်ကြီးလင်း-(ကွယ်လွန် သူ သထုံခရိုင်ဝန် သခင်လင်းကြီး) တို့လည်းရှိရာ။ အားလုံးကပင် စစ်ဗိုလ် ဆိုရင် အရက် သောက်ရအယ်ဟု ပြောပြောဆိုဆို သခင်အောင်ဆန်းအား ဝိုင်း၍ အရက်တိုက်ကြတော့ သည်။ ပဌမသော်-မသောက်ဖွတ်ငြင်းသေးသည်။နောက်မနေနိုင်တော့။''စစ်တိုက်မှာဘဲ သောက်မယ်၊ ငါသောက်ယ် ဟေးဟမ်း ဟဲ-ဟဲ''ဟုဆိုကာ တခွက်မော့လိုက်လေသည်။

မော့ပြီးသည်နှင့် တဖြိုင်နက် ''မင်းတို့ဥစ္စာ မကောင်းဘူး။ နံလနံတယ်-ပုလ္လပုတယ်'' ဟု မှတ်ချက်ချလေသည်။ ဗိုလ်ကြော သခင်တင်နှင့် နောင်ကြီးလင်းတို့ ကောင်းမှုကြောင့်-၃-၄ ခွက်လောက် သောက်ပြီးနောက် ''သူ့ကို အတင်းတိုက်ရမလေား'' ဟု ဆဲသည်။ နောက်-''ငါအိမ်ပြန်မယ်'' ဟု ပြောပြောဆိုဆို ထပြန်လေသည်။ အိမ်ရောက်သော အခါ ''ငါမူးတယ်-အိပ်မယ်'' ဟုပြောကာ အိပ်ရာ ဝင်လေသည်။ ခဏမျှ ငြိမ်နေပြီး အိပ်ပျော်သွားပြီဟု ထင်နေစဉ်-''ဟေ့ ခွေးမသား အုန်းမြင့်-တင်ဦး-ငါမူးတယ် အိပ်လို့ မရဘူး'' ငါ့အမူးပြေအောင် လုပ်ပေကြဟု အော်တော့သည်။ ကျွန်တော်တို့ ဝင်သွားသောအခါ ဒေါ်မိန်းဒရိုင်ထပြီး ''ငါအမူးပြေအောင်လုပ်ပေးကြခွေးမသားတွေ'' ဟုတကြိမ်းတည်းကြိမ်းနေ၍ ''ရေချိုးမှာ-ပျောက်သွားမှာဘဲ'' ဟု ပြောလိုက်သည်နှင့် တဖြိုင်နက် ဆင့်ကာဆင့်ကာ ကြိမ်းတော့သည်။ သခင်အောင်ဆန်းမှာ ရေကို ၇-ရက် ၈ ရက်ကြာ မှချိုးချင်မှချိုးသည်။ အမြင် မတော်၍ အခြားလူများက အတင်း ချိုးခိုင်းမှချိုးတတ်သည့် အလေ့မှာ မပျောက်။ ထိုနောက်မှ သူ့အား သခင်တင်ဦးနှင့်ကျွန်တော် ၂-ယောက်တွဲ၍ လမ်းလျှောက် နေရတော့သည်။ နောက်တနေ့မနက်တွင် အိပ်ရာထ ခါတိုင်းထက် နောက်ကျပြီး။ အိပ်ရာမှနိုးလျှင်-နိုးချင်း-ခွေးမသားတွေ ငါမူးနေသေးတယ်ဟု မနက်ခင်း နှုတ်ဆက်လိုက်လေသည်။

နောက် ဗမာ့တပ်မတော်ဖွဲ့လေပြီ၊ သခင်တင်ဦး။ သခင်ဗအေးနှင့် ကျွန်တော်တို့စစ်ထဲ မဝင်၍-''ခွေးမသားတွေ စစ်ထဲ ဝင်ရမယ်'' ဟု တကြိမ်းတည်း ကြိမ်းနေသည်။ သခင်အောင်ဆန်းကား စစ်တပ် ကြီးကျယ်မှ လွတ်လပ်ရေးရမည်။ စစ်တပ် ကြီးကျယ်မှ လွတ်လပ်ရေးအစစ်ခိုင်လုံမည်ဟု တထစ်ချယုံကြည်သည်။ စစ်တပ်ကြီးကျယ်မှုကိုကြိုးစားသည် လုပ်ခဲ့သည်။

## ဒေါ်ခင်ကြည်နှင့်

ကျွန်တော်နယ်သို့ထွက်သွားပြီး ပြန်လာသောအခါ၊ သူဆေးရုံတွင် ရောက်နေလေပြီ သခင်တင်ဦးနှင့်ကျွန်တော်-သူ့အခန်းထဲ ဝင်သွားကြရာ။ ''ဟို-ခွေးမသား တင်ဦးကို ငါ့မိန်းမတို့ လက်စွပ်ဝယ်ခိုင်းတာမရဘူး-မင်းဝတ်ပေးရမယ်'' ဟု စကား စလေသည်၊ ကျွန်တော်လည်း သူကျေနပ်အောင် ''ဝယ်ပေးပါမယ်'' ဟုပြော၍ ''ဟေ့ တင်ဦး အုန်းမြင့်ကိုပိုက်ဆံပေးလိုက်၊ ဟေ့ကောင် လက်စွပ် ဝယ်ဘို့နော်-ခွေးမသား မင်းသုံး မပစ်လိုက်နဲ့အုံး'' ဟု တဆက်ထည်း ပြောလေသည်။ ထိုအခိုက် ဆရာမကလေးတယောက် ဆေးခွက်ကိုင်၍ ဝင်လာရာ ''မသောက်ဘူး-မသောက်ဘူး ဆရာမ မခင်ကြည် တိုက်မှ သောက်မယ်'' ဟု ခေါင်းတခါခါပြောသဖြင့်။ ဆရာမ ကလေးပြုံးပြီးလှည့်ထွက်သွားလေသည်။ တဘက်ခန်းမှဦးကျော်ငြိမ်း ယခုပြည်ထဲရေးဝန်ကြီး က ''မြန်မြန်ရအောင် လုပ်ပေးလိုက်စမ်းပါဗျာ-ဟဲ-ဟဲ'' ဟု ထုံးစံအတိုင်း-လေအေးလေပြေ့ကလေးနှင့်လှမ်း၍ နောက်လိုက်လေသည်။

ထိုနောက် ကျွန်တော် တောသို့ ပြန်သွားရာ၊ သခင် အောင်ဆန်း-ဒေါ်ခင်ကြည်နှင့် လက်ထပ်သည့်သတင်းကို ကြားရလေသည်။ ထိုစဉ်က သခင်အောင်ဆန်းမှာ လွတ်လပ်ရေး အတွက်-ဆင်းရဲ ပင်ပမ်း ကြီးစွာ ကြိုးပမ်း၍ အတော် မကျန်း-မမာ ဖြစ်နေရာ။ ဒေါ်ခင်ကြည်၏ ဂရုတစိုက် ကြည့်ရှု ပြုစုမှုကြောင့်သာ နလံ ထူလာခြင်း ဖြစ်ပေသည်။ သို့မဟုတ်က တရှောင်ရှောင်နှင့် ထိုစဉ်ကပင် လုံးလုံး လဲဘွယ်ရာ ရှိပေသည်။ ဒေါ်ခင် ကြည်၏ကျေးဇူးကြောင့်သာ ယခုကဲ့သို့ လွတ်လပ်ရေးကို ဆက်လက် ကြိုးပမ်းနိုင်ခြင်းဖြစ် လေသည်။ သို့သော်-လွတ်လပ်ရေး အတွက် တိုက်ခနေရင်းပင်၊ လွတ်လပ်ရေး မရခင် ခုသပ်တွင်ပင် ရန်သူ့လက်ချက်ဖြင့် အသက်ဆုံးရှုံးရရှာလေပြီ။

## တော်လှန်ရေးအပြီး

ထိုနောက် ဂျပန်ကို တော်လှန်ကြလေပြီ။

အင်္ဂလိပ်ပြန်၍ဝင်လာပြီးမကြာမတင်ပင်သခင်အောင်ဆန်း-ဗိုလ်လက်ျာ (ယခုကာကွယ်ရေးဝန်ကြီး) မုက်နှာဖြူ စစ်ဗိုလ်နှင့် စစ်ဗိုလ်ကလေးအချို့ ဟသ်ာတသို့ ရောက် လာသည်တွင်မှ။ သူနှင့် ကျွန်တော် ပြန်တွေ့ရသည်။ ကျွန်တော်နှင့်တွေ့သောအခါ ''ဟေ့ ကောင် ခွေးမသား-မင်းဒီမှာ ဘာလုပ်နေသလဲ။ စစ်ထဲဝင်ရမယ်—ငါ့နဲ့လိုက်ခဲ့''ဟု ခေါ် ပြန်သည်။

## ရုံးထိုင်သည့်နေ့

ကျွန်တော် ရန်ကုန်သို့ပြန်၍ ရောက်လာသော အခါ၌ကား။ သူ့မှာ-နေ့မအား ည မအားအလုပ်လုပ်နေရသဖြင့်၊ အေးအေးလူလူ ရယ်ရွှန်းပတ်ရွှန်းနေခွင့်မရခဲ့ပေ၊သို့သော် ဖဆပလအစိုးရအဖွဲ့စ၍ ရုံးထိုင်သည့်ညနေတွင် အတွင်းဝန်များရုံး လှေခါးအဆင်း၌ သူနှင့် ဗိုလ်ထွန်းလှကိုတွေ့ရာ ''အစိုးရ လုပ်ရတာ မနိပ်ပါဘူးကွာ-အုန်းမြင့်ရာ....ဟု ညီးညီး ညူညူ ရှုံ့ကာ မဲ့ကာပြောပြီး ကားပေါ်သို့ တက်သွားသည်ကို ယခုတိုင် ကြားယောင် မြင်ယောင်လျက် ရှိတော့သည်။

## ဘိလပ်ပြန် ကွန်ဖရင့်၌

ဘိလပ်မှပြန်လာကြပြီ။ တည္သူ့အိမ်တွင် သတင်းစာ ဆရာများကိုဖိတ်ခေါ်ကာ ရှင်းလင်းပြောပြလေသည်။ ရှင်းပြကြပြီးနောက် အသီးသီးထ၍ ပြန်ကြစဉ် ''ကျွန်တော့အ နီးသို့ကပ်လာပြီး၊ ''ဟေ့ကောင် မင်းကဘာနားလည်လို့ သတင်းစာထဲမှာ တောရေး တောင်ရေးနှင့် ထည့်ရတာလဲ''ဟု မျက်နှာထားနှင့် ပြောပြော ဆိုဆို သူ့လက်ထဲရှိ လန်ဒန်တိုင်းသတင်းစာခေါက်နှင့် ရိုက်လေတော့ရာ၊ အနီးရှိ ပုဂ္ဂိုလ်များ ဒွဲ့အား သင့် နေကြ၏။ နောက်မှ''ခွေးမသား မင်းတနေ့လာခဲ့အုံး၊ ဟဲ-ဟဲ''ဟု ရယ်တော့မှ၊ အားလုံးကြက်ခသေ နေရာမှ ပိုင်း၍ရယ်နိုင် ကြတော့သည်။ သခင် အောင်ဆန်းကား ဝန် ကြီးဖြစ်လို့လည်း ဟန်မကြီး စတိုင်မလုပ် သူ့သဘောရိုးအတိုင်း ပြောနေ ဆိုနေဆက်ဆံ နေကြ အတိုင်းပင်။

## သူ၏ဇာတ်သိမ်း

ထိုနောက်တဖန် အစိုးရအဖွဲ့သစ် ပြန်လည်ပြင်ဆင်၍ ဖွဲ့မည့် နံနက်က သူ့အိမ်တွင် သတင်းစာဆရာများနှင့် ဝန်ကြီးများဆုံကြပြန်သည်။ ထိုနေ့ နံနက်က ၇-နာရီခွဲ သာသာလောက်တွင်၊ သူ့ခလေးအထွေးဆုံး အနိစ္စရောက်သွားသဖြင့်၊ ဧည့်သည်တွေရှေ့မှောက်တွင်ပင်၊ အိမ်ပေါ်မှ ချသွားရလေသည်။ သို့သော်ဧည့်သည်များအနက် တဦး-နှစ်ဦးသာ သိသည်။ ဆရာချို (ကွယ်လွန်သူ-ဒီးဒုတ်ဦးဘချို) ကား-စုတ်တသတ်သတ်နှင့် ရှိတော့သည်။ နိမိတ်သိပ် မကောင်းကြောင်းနှင့် ပြောရှာသေးသည်။ သို့သော်သူကား ခလေးသေ၍ဘာမျှမထိခိုက် မတုန်လှုပ်၊ သူ၏လုပ်ငန်းများကို ခါတိုင်းလိုပင် ရှင်းလင်းပြောပြခဲ့ရှာလေသည်။

## သူ့ဇာတာ

ထိုနောက် ကျွန်တော်နှင့် ကိုသိန်း(ဇဝန)တို့သည်၊ ဆရာချို၏ စကားကိုသာစိတ်တွင် တအုံ့နွေးနွေးဖြစ်ခါ၊ မကြာခဏ သူ့အကြောင်းကိုပြောရသည်။ တနေ့ ညနေခင်းတွင် သခင်အောင်ဆန်း-ဒေါ်ခင်ကြည်နှင့် ခလေးတွေပါ ဗဟန်း ပလာတာဆိုင်၌ တွေ့ကြသည်။ ဟန်ကြီး ပန်ကြီး မလုပ်တတ်သော သခင်အောင်ဆန်းသည်။ ပလာတာဆိုင်၌ ကုလားထိုင်ပေါ်တွင် ဒူးတဖက်ထောင်ထိုင်ခါ ပလာတာ စားသည်။ သူ့ဇာတာ စမ်းလဂ်အကြောင်း-ကိုသိန်းက စကားစ၍။ ကျွန်တော်ကပင် ဇာတာပေးရန်ပြောပြီးသူ့အိမ်သို့လိုက်သွားကြသည်။ အိမ်ရောက်သောအခါ ဇာတာကို ဒေါ်ခင်ကြည်က ထုတ်ယူလာသဖြင့်၊ ကျွန်တော်လည်း ဇာတာကိုကိုင်ပြီး "ဟင် ခင်ဗျားဇာတာက ရေနံလဲမရှိဘူး ဝဲ့ရွဲ့တောင်နေပြီ"ဟုပြောရာ။ "အောင်မာ-မင်းက၊ ဒီဇာတာဟာ နာမည်ကျော်ဆရာဦးထွန်းမြတ်ဖွဲ့ပေးတာကွ"ဟု ရယ်ရယ်မောမော-ပြောလိုက်သေးသည်။

သူ့ဇာတာမှာ ဖွဲ့ရိုး ဖွဲ့စဉ်-ရေးရိုး ရေးစဉ်အတိုင်း ဖြစ်သော်လည်း။ အလွန့်အလွန် ထူးခြားချက်တခု ပါရှိသည်ကား။

(....ဘုံ ပညာနှင့် ပြည့်စုံသော သတို့သားကို မာတာမိခင်—ဖွားသန့်စင်သည်။ နာမသညာခေါ်တွင်ရာကား။ မောင်ထိန်လင်း ဒုသက်ရာကျော် ရှည်စေသောဝ်) ဟု ပါရှိလေသည်။

အမှန်မှာ။ (ဘုန်းပညာ) ဟု ဖြစ်ရမည့်အစား။ (ဘုံပညာ) ဟု သူ့ဇာတာတွင် ထူးထူးခြားခြား ပါရှိခြင်းကို ကိုသိန်းရော-ကျွန်တော်ပါ ပြော၍ မဆုံး နိုင်အောင် ရှိရလေသည်။

## သူနှင့်နောက်ဆုံးတွေ့ရသည့်နေ့

သူနှင့် နောက်ဆုံး တွေ့လိုက်ရသည်မှာကား။ ဆရာချို၏ အခန်းထဲ သတင်းစာဆရာများ ကွန်ဖရင့်တွင်ပင် ဖြစ်ပေသည်။ ထိုနေ့ကမူ သခင်အောင်ဆန်းမှာ တချိန်လုံးလုံး ရယ်ကာပြုံးကာဒေါ်မာန်ပါပါပြောသွားလေသည်။တသက်နှင့်တကိုယ်၌မျှ အာဝဇ္ဇာန်း

ရှင်ရှင် ရယ်ရယ် မောမော ကြေကြေနပ်နပ် စကားပြောသွားသည်ကို တွေ့ရလေသည်။ ပြောဆိုပြီးနောက် အသီးသီး ပြန်ကြသောအခါ။ ကျွန်တော်လည်း သူ့အနားသို့ ကပ်သွားပြီး 'မြို့ရွာ လှုပ်လှုပ် ရွရွနဲ့ အကာအကွယ်တွေများ လုပ်ထား ရဲ့လား'' ဟု မေးရာ ''ဟေ့အုန်းမြင့်ရ–သူတို့က ကာကွယ်ပေးနိုင်လိမ့်မယ်လို့ မင်းထင်လို့လား'' ဟု နှုတ်ခမ်းနှစ်ခု စေ့ကာ ပြန်၍ပြောသွားလေသည်။

ဤစကားများ ပြောပြသွားခဲ့ပြီး၍မှ များမကြာမီပင် မြန်မာတပြည်လုံးကို အုပ်ချုပ်ရသော အစိုးရ ဗဟိုဌာန မြန်မာပြည်၏မြို့တော် ရန်ကုန်မြို့ အလယ်ခေါင် အတွင်းဝန်များရုံးပေါ်သို့ ရန်သူတို့ အတင့်ရဲရဲ ချင်းနင်းဝင်ရောက်ခါ၊ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခြင်းကြောင့် သူ့မှာ လွတ်လပ်ရေး ရခါနီး လမ်းခုလပ်တွင် ကျဆုံးသွားရရှာလေပြီ။

သူအလိုရှိသော တကဲ့လွတ်လပ်ရေး။ သူအလိုရှိသော ခေတ်မှီ လက်နက်များဖြင့် လုံးဝပြည့်စုံသော စစ်သားတသန်းရှိ စစ်တပ်ကြီးကို ဖြစ်မြောက်အောင် လုပ်နိုင်ရန်ကား။ သူအလိုရှိသော တမျိုးလုံးညီညွတ်ရေးဖြင့် သဲသဲမဲမဲ ဇွဲကောင်းကောင်းဖြင့် သူ့အလိုကို ဖြည့်စွမ်းကာ သူ့ကျေးဇူးကို ဆပ်ကြဘို့သာ ရှိပေတော့သတည်း။ ။

အုန်းမြင့်။

## အခဏ်း ( ၂၆ )

(ဤဆောင်းပါးရှင် သခင်ဗအေးမှာ ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်းကို ကျောင်းသားဘဝက စတင် သိခဲ့၍၊ သခင်ဘဝနှင့် အင်္ဂလိပ်ကို တော်လှန်စဉ်ကငင်း၊ ဂျပန်ကို တော်လှန်စဉ်ကငင်း၊ ဗိုလ်ချုပ်၏ အပါးတော်မြဲ အဖြစ် ၂–ကြိမ်တိုင် ဆောင်ရွက်ခဲ့သူဖြစ်သည်။)

### ကျနော်သိသောဗိုလ်ချုပ်

၁၉၃၄–ခုနှစ် တက္ကသိုလ်တွင် သမဂ္ဂအမှုဆောင်များ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကျောင်းသား အများအပြားပင် အတော် စိတ်ဝင်စားခဲ့လေသည်။ အကြောင်းကား။ ယခုအခါ ဗမာနိုင်ငံကို ခေါင်းဆောင်များအဖြစ် ဆောင်ရွက်မည့်သူများ (ဝါ) သခင်ပေါက်စများ ဟု နာမည်ပြေးသူ ဗိုလ်ချုပ်အောင်ဆန်း။ ပြည်ထဲရေးဝန်ကြီး ကိုကျော်ငြိမ်း ဗမာပြည် ကွန်မြူနစ်ပါတီ ကိုသိန်းဖေ။ အပါအဝင် လူတစုနှင့် အင်္ဂလိပ်ကျောင်း ဆရာ မြူရိုကရက်တို့ အလိုကျ အလိုတော်ရိများဟု သတင်းကြီးသူများ အကြိပ်အနယ် အရွေးခံကြသောကြောင့် ဖြစ်လေသည်။ ထို ရွေးကောက်ပွဲတွင် ကိုကျော်ငြိမ်း မှတဆင့် ကိုအောင်ဆန်း ဆိုတာ သူဘဲ။ မဲရအောင် လုပ်ပေးပါ ဟု ပြောဆိုခြင်းက စတင်သိခဲ့လေသည်။

**အိုးဝေ အယ်ဒီတာ၊**

ကိုအောင်ဆန်းအား၊ ၁၉၃၅–ခုနှစ်တွင် သမဂ္ဂမှ ထုတ်ဝေသည့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်စေလေသည်။ ၎င်းမဂ္ဂဇင်းတွင်၊ ဘာဆာဦးတင်နှင့် ပတ်

N.P.H.—191-14, 10000

သက်သော ဆောင်းပါးကို ယခုအိုးဝေသတင်းစာ ညွှန့်မြကရေးသားခဲ့သဖြင့်။ တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့မှ ရေးသားသူကို ဖေါ်ထုတ်ရန် တောင်းဆိုရာ၊ ၎င်းက ငြင်းပယ်ခဲ့လေသည်။

၎င်း ငြင်းပယ်ခြင်းနှင့်ပတ်သက်၍ ၎င်းအားကျောင်းမှ ထုတ်ပယ် ပစ်ခြင်း။ သမဂ္ဂ ဥက္ကဋ္ဌ ယခု (နန်းရင်းဝန်သခင်နု) တို့အား အရေးယူခြင်းများ ခံရသည်ကို အကြောင်းပြု၍ လျှို့ဝှက်သော အစည်းအဝေးတရပ် ကျင်းပလေသည်။

## ပြန်ကြားရေးဌာန။

နောက်ဆုံး ၁၉၃၆-ခု မတ်လတွင် သပိတ်မှောက်၍ ရွှေတိဂုံ ဘုရားပေါ်တွင် နေထိုင်ကြရာ။ (၃) လမျှကြာခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်း။ ညွှန့်မြနှင့် ကျွန်တော်တို့အား ပြန်ကြားရေးဌာန တာဝန်ကို ထမ်းဆောင်ကြရလေသည်။

သပိတ်မှောက်စဉ် (၃) လ ကျော်ကျော် ဘုရားပေါ်တွင် တကုတ်ကုတ်နှင့် အမြဲ ရေးသားလုပ်ကိုင်နေသူမှာ ဗိုလ်အောင်ဆန်းပင် ဖြစ်လေသည်။

သပိတ်အပြီးတွင်ကား...၎င်းနှင့် ကွဲကွာခဲ့လေတော့၏၊

## သခင်ဘ၀, တွေ့ရပုံ၊

နောက် (၂) နှစ်လောက် ကြာသောအခါ၊ သခင် အရေးတော်ပုံ တခုဖြစ်လေ၏။ သခင် ကိုယ်တော်မှိုင်း တို့ဗမာ အစည်းအရုံးနှင့် သခင်ထွန်းအုပ် တို့ဗမာအစည်းရုံး ၂-ခု ပေါ်လာရာ၊ သခင်နု၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်လှဖေ။ ယခု (ဗိုလ်လက်ျာ) တို့ပါဝင်လာ တော့၏။

## မန္တလေးရဟန်းပျိုများ အစည်းအဝေး။

တနေ့ ကျနော်နယ်မှ ရန်ကုန်ဆင်းလာရာ၊ ရေကျော်ရပ်ရှိ တို့ဗမာ အစည်းအရုံးသို့ ရောက်သွား၏။ သခင်အောင်ဆန်းက အစည်းအဝေးသွားရန်ခေါ်၍၊ ဘာအစည်းအဝေး လဲဟု မေးရာ၊ မန္တလေးဆရာတော် ဦးကလျာဏ ခေါင်းဆောင်သော ရဟန်းပျိုများသည် ရန်ကုန်ဆင်းလာ၍ ရွှေတိဂုံဘုရား အရှေ့ဘက် ဦးအုံးခင်ဇရပ်တွင် ဗမာပြည်လွတ်လပ်ရေး အတွက် ဗမာပြည်ခေါင်းဆောင်များ ညီညွတ်စေရန် လာရောက်ဆွေးနွေးသော အစည်း အဝေးသို့ တက်ရောက်ရန်ဖြစ်ကြောင်းသိရ၏။

သခင် လှဘော်၊ သခင် အောင်ဆန်းနှင့် ကျနော်တို့သည်။ တို့ဗမာ အစည်းအရုံး ကိုယ်စားလှယ်များအဖြစ် တက်ရောက်ခဲ့၏။

## ထိုစဉ်အခါက ဂဠုန်နှင့် ဘာသဘောကွဲခဲ့သနည်း။

၎င်းအစည်းအဝေးတွင် သခင်အောင်ဆန်းက ဗမာပြည် လုံးဝလွတ်လပ်ရေးကိုတင် ပြ၏။ အခြားခေါင်းဆောင်များဖြစ်သော ဦးပေါ်ထွန်း၊ ဦးဘဝင်း၊ ဦးသိန်းမောင် ကြီးတို့ တတွေနှင့်ဂဠုန်စောတို့လူတစုကလုံးဝလွတ်လပ်ရေးစကားတွင် (လုံးဝ) ဆိုသောစကားကို

မထည့်ရန် အငြင်းပွားတော့၏။ နောက်ဆုံး ဦးစောက မြန်မာပြည်ဖြိုးရေးဟု ပြင်ဆင်လေတော့၏။

ဤသို့အားဖြင့် ၎င်းအစည်းအဝေးကား....တောင်, မရောက်၊ မြောက်, မရောက် အဆုံး သတ်တော့၏။

## ဗိုလ်ချုပ်အပါးတော်မြဲဖြစ်လာပုံ။

ဗိုလ်ချုပ်အောင်ဆန်းသည် သခင် အဖြစ်နှင့် ဟင်းသာတတွင် တရားဟောစဉ်၊ ရာဇဝတ်ဝန်က ဆုငွေ ၅-ကျပ် ထုတ်ရာမှစပြီး အင်္ဂလိပ် နယ်ချဲ့စံနစ်အား တော်လှန်ရန် ဗမာပြည်မှ ထွက်ပြေးခဲ့ပြီး၊ ဂျပန်တို့နှင့်တွေ့ဆုံ၍ ဗမာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့ကာ၊ ယိုးဒယားပြည်မှဖြတ်၍ ဗမာပြည်သို့ ဝင်လာခဲ့ရာ ရန်ကုန်မြို့သို့ ရောက်လာ၏။

ကျနော်မှာကား....ဗမာပြည်အတွင်းမှ တော်လှန်ရန် သခင်ချစ်၊ ဦးကျော်ငြိမ်း၊ ဗိုလ်နေဝင်း၊ သခင်တင်၊ သခင်တင်ဦး၊ အစရှိသည်တို့နှင့် ပြည်တွင်းမှ ဆောင်ရွက်နေရ၏။ ရန်ကုန်မြို့တွင် ဖက်ဆစ်ဂျပန်တို့ ဝင်လာရာ ၎င်းတို့၏ ကောက်ကျစ်စဉ်းလဲခြင်းကို သိလျှင် သိခြင်း၊ ပြန်လည်တော်လှန်ရန် လက်ရွေးစင် စစ်ဗိုလ်သင်တန်းကို မီဂွန်း - ကုတ်ထွင် လျှို့ဝှက်စွာ သင်ကြားနေစဉ် ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ ရွေးချယ်ကြတော့၏။ ထိုအခါ ကျနော်မှာ တာဝန်ကျတော့သဖြင့်၊ ၎င်းတာဝ န်ကို ယူရတော့၏။

## အိပ်ရာအိပ်ခင်း ဘာမျှမရှိ။

ယခု ဗမာနိုင်ငံတခုလုံးက၊လေးစားကြည်ညိုခြင်းခံရသော ဗိုလ်ချုပ်အောင်ဆန်းကား အိပ်ရာ ကုတင် ဝေးစွ။ စောင်, ခြင်ထောင်, ခေါင်းအုံး, ဘာမျှမရှိခဲ့သဖြင့်၊ ကျနော်ကိုအုန်းမြင့်၊ သခင်တင်ဦးတို့သည်၊ အသိမိတ်ဆွေများထံမှရှင်း၊ နီးရာအိမ်များမှ၎င်း၊ ၎င်းအတွက် ကုတင်, ခြင်ထောင်, စောင်များ ရှာဖွေပေးရ၏။ ၎င်း နေထိုင်ရန် ရွှေတောင်ကြားရှိ အိမ် တအိမ်ကို ရွေးချယ်ရ၏။ ထိုအိမ်တွင် သခင်သန်းထွန်း (ထောင်မှလွတ်လာသူ) ကိုကျော်ငြိမ်း၊ ကျနော်တို့တတွေ စောင်မရှိသဖြင့်၊ ခင်းသော ကော်ဇောကို အားလုံးခြုံကာ အိပ်ခဲ့ရ၏။

## ဗိုလ်ချုပ်အောင်ဆန်း၏အကျင့်။

ဗိုလ်ချုပ်အောင်ဆန်းကား၊စာအလွန်ဘတ်သူဖြစ်၏။ တခါတရံ နောက်ဖေးသွားစဉ် နောက်ဖေးသွားရင်းစာဖတ်နေရာ၊နာရီဝက်ကျော်ကြာသဖြင့် ခေါ်ယူရ၏။ထမင်းကိုလည်း အမှတ်တရ မရှိ စားချိန်တွင် ခေါ်ယူကျွေးရ၏။ မုန့်ပဲသရေစာကို စားရန် ကောင်းစွာ ဂရုမစိုက်၊ ဖောက်ကား အတင်း ချီးစေရ၏။

## ဂျပန်ကိုတော်လှန်ရန်မည်းဝေးခြင်း။

ရွှေတောင်ကြားလမ်းရှိ ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်တွင် ဂျပန်ပြန်ရဲဘော်များနှင့် ဂျပန်ကိုတော်လှန်ရန် အကြိမ်ကြိမ် ဆွေးနွေးခဲ့၏။ ကျနော်ကား-တံခါးမှူးအဖြစ် အမြဲ ဆောင်ရွက်ခဲ့ရ၏။ ထိုဆွေးနွေးချက်တို့ကား၊ မပေါက်ကြားခဲ့ပေ။

## ဗိုလ်ချုပ်စစ်တိုက်ထွက်ခဲ့ပုံ။

ဤကဲ့သို့ဆောင်ရွက်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းအားဗမာ့လွတ်လပ်ရေးတပ်မတော် အထက် ဗမာပြည် စစ်ဗိုလ်ချုပ်အဖြစ် ဆောင်ရွက်တိုက်ခိုက်ရန် ဂျပန် စစ်ဘက်ဆိုင်ရာမှ အမိန့်ပေးသဖြင့်၊ ဗိုလ်ချုပ်သည် စစ်မြေပြင် ထွက်ခဲ့ရတော့၏။ ကျနော်မှာကား၊ ၎င်း၏ အပါးတော်မြဲအဖြစ် ဆက်လက် ဆောင်ရွက်ရတော့၏။

## ဗိုလ်ချုပ်ကားမှောက်ခြင်း။

ဗိုလ်ချုပ်အောင်ဆန်းသည်၊ ဗမာ့ လွတ်လပ်ရေး တပ်မတော် အထက် ဗမာပြည် ဗိုလ်ချုပ်ဖြစ်လာသော်လည်း ၎င်းစီးစရာကားမရှိ၍၊ ကားဘက်ဆိုင်ရာတို့မှ လက်ပန်တန်း ဒေါ်ခါတွန်၏ကား ဆိုသည့်ကားကို ပေးတော့၏။ ထိုကားမှာ ကားပုံသဏ္ဍာန် လှသော်လည်း မီးမရှိ၊ ဘရိတ်မမိပေ။ ဗိုလ်ချုပ်အောင်ဆန်းသည်၊ စစ်တိုက်ထွက်ရန် တာဝန်ကြသည့်အတိုင်း ထွက်ရာ ၎င်းကားတွင် ကျနော်နှင့် ကားမောင်းတာဝန်ကျသူ ဗိုလ်ရှိန် (ဝါ) သခင်လှရှိန် (မင်းလှ) တို့နှင့် ၎င်းသာပါ၏။ ရဲဘော်တယောက်ကားကားပေါ်မှလက်နှိပ်ဓါတ်မီးနှင့် မီးထိုးရင်းလိုက်ရ၏။ ဗိုလ်နေဝင်း စီးသောကားသည်၊ ရှေ့မှလမ်းပြသောအနေဖြင့် မောင်းရ၏။ တိုက်ကြီးအလွန် ရွာကလေးတရွာ အရောက်တွင် ဗိုလ်ချုပ်နှင့် ကျနော်တို့ စီးသောကားသည် လမ်းဘေး အုဋ်ခုံနှင့် တိုက်မိပြီး ကားလမ်းဘေးချောက်ထဲ ရွာစီးရိုးအတွင်းသို့ထိုးဝင်လေတော့၏ ဗိုလ်ချုပ်အားကားဖင်ထိုင်ခုံနှင့်မတိုက်မိရန်ကျနော် အမြန်ပွေ့ဖက်လိုက်ရတော့၏။အကယ်၍ မပွေ့လိုက်က ကားဖင်တိုင်ခုံနှင့်တိုက်မိပြီး၊ ၎င်း အတွက် စိုးရိမ်ရ၏။ ခဏကြာမျှ ဗိုလ်ချုပ်သတိမေ့သွားသေး၏။ ကျနော်လည်း ရွာလူကြီးများကိုခေါ်၍ အကြိုးအကြောင်းပြောပြစဉ်၊ ဗိုလ်နေဝင်းကားသည်၊ ပြန်လာပြီးမေးမြန်း၍ တိုက်ကြီးမြို့ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှဖေထံမှ ကားတစင်း တောင်း၍ ညတွင်းချင်း ခရီးထွက်ခဲ့တော့၏

## ဗိုလ်ချုပ်ကိုယ်ရံတော်ကင်း။

နောက်တနေ့ ပြည်မြို့သို့ရောက်ရာ၊ ဗိုလ်ချုပ်၏အသက်ကို စောင့်ရှောက်ရန် ဗိုလ်ချုပ်ကိုယ်ရံတော်ကင်းအဖြစ် တပ်ကြပ်တယောက်နှင့် ရဲဘော် ၁၀ ယောက်တို့ကို ဗိုလ်ဖုန်းမြင့်တပ်မှ လက်ရွေးစင် ရွေးချယ်ခေါ်ယူထားလိုက်၏။

## ဗိုလ်ချုပ်အိပ်သောကုတင် စက်သေနတ်ထိခြင်း။

ဗိုလ်ချုပ်နှင့်ကျနော်တို့သည် အာလံမြို့တွင် ၂ -ရက်မျှနေပြီး။ ဗိုလ်ချုပ်သည် သဘော်ာဖြင့်ချီတက်သွား၏၊ ကျနော်ကား ဗိုလ်လက်ျာကို စောင့်နေရ၏။ ဗိုလ်ချုပ် သဘော်ာထွက်သွား၍ နောက်တနေ့မနက် ကျနော်လည်း အာလံမှ ကားနှင့်ထွက်၍ ၁၅-မိနစ်အကြာတွင် အာလံမြို့သို့ အင်္ဂလိပ် လေယာဉ်ပျံတို့သည်၊ စက်သေနတ်ပစ်, ဗုံးနှင့် ကြဲတော့၏။ စက်သေနတ် ကျည်ဆံသည် ဗိုလ်ချုပ်အိပ်သော ကုတင်ကို ထိမှန်ခြင်း၊ ဗိုလ်ချုပ်နေသော တိုက်လှေခါး ပြုတ်ကျသွားခြင်း၊ လူတယောက် စက်သေနတ် ထိသွားစေခဲ့၏။

## ဗိုလ်မိုးကြိုးကိုပြန်ခေါ်စေ။

မင်းဘူးသဘော်သဆိပ်သို့ ရောက်ရာ၊ ဗိုလ်မိုးကြိုးကိုအမြန်ဆုံး ခေါ်ယူရမည်ဟု အမိန့်ကပြန်တော့၏။ ရန်ကုန်သို့ နွေချင်းကားနှင့်ပြန်၍ တညအိပ်ပြီး ပြန်လာရာ၊ ဆင်ဖြူကျွန်းရောက်တွင် ဗိုလ်ချုပ်တို့ကို မှီတော့၏။

## ဗိုလ်ချုပ်ခြောက်လုံးပြူးဆွဲခြင်း။

ဆင်ဖြူကျွန်းမြို့တွင် နေထိုင်စဉ် တပ်မတော် ရဲဘော် အချို့တို့သည်၊ ဝမ်းရောဂါဖြစ်တော့၏။ ဗိုလ်ချုပ်သိရှိသောအခါ၊ ကျနော်နှင့် ၎င်းရဲဘော်များ နေထိုင်မှုကို စစ်ဆေးရာ ရဲဘော်များတွင် မြို့အပြင် ဇရပ်တွင် အကာမရှိ၊ အခင်းမရှိ၊ ခြင်စရာစောင်မရှိ၊ ရေဆာလို့မှ ရေပေးမည့်သူမရှိ။ မရှုမလှဖြစ်နေသော ရဲဘော်များကိုမြင်သောအခါ၊ ဗိုလ်ချုပ်မျက်ရေဖြိုင်ဖြိုင် ကျတော့၏။ ဒေါသလည်းအထူး ကြီးတော့၏။ ညတွင်းချင်းပင် ဆင်ဖြူကျွန်း အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးများကိုခေါ်ပြီးလျှင် တန်းစီ၍ အမျိုးမျိုးပြောဆိုပြီး အားလုံးကို ရဲဘော်များအား ဤမျှရက်စက်စွာ ထားရမည်လားဟု ၎င်း၏ ခြောက်လုံးပြူးကို ထုတ်၍ ပစ်မည်လုပ်တော့၏။ ကျနော်ကား အတင်းဆွဲထားရတော့၏။ ၎င်း၏ဒေါသကိုအမျိုးမျိုး အေးငြိမ်းအောင် ပြောပြရတော့၏။

## ရန်သူကိုအလေးမပြု။

ဆင်ဖြူကျွန်းမှထွက်ခဲ့ရာ။ အင်္ဂလိပ်စစ်တပ်တို့မှာလည်း မနီးမဝေးတွင်ရှိ၏။ ဗိုလ်ချုပ်အောင်ဆန်းကား များစွာအလေးမပြု၊ မကြာခဏ တပ်ကြီးများကို ကျော်လွန်၍၊ ကျနော်ကားမောင်းသူ ကိုယ်ရံတော် တပ်သားအချို့နှင့် မကြာ ခဏနယ်ကျွန်ခဲ့၍ မကြာ ခဏ သတိပေးရ၏။ ၎င်း၏ သဘောကား အခြား သူများတိုက်ခြင်းထက် ကိုယ်တိုင်ကိုယ်ကျ ရှေ့မှ ၎င်းကိုယ်တိုင် တိုက်ချင်စိတ် များစွာရှိတော့၏။

## သံပုရာအိုင်။

ပခုက္ကူခရိုင် သံပုရာအိုင်သို့ မရောက်မီတွင်၊ ရန်သူများရှိသည်ဟု ကြားရ၍တပ်များသည် အပြေးတက်ခဲ့ရ၏။ ဗိုလ်ချုပ်ကား ရှေ့ဆုံးမှ မကြာ မကြာ တက်ခဲ့၏။ တညလုံး ရန်သူ တယောက်မျှ မတွေ့သော အခါ ညအိပ် ကြတော့၏။ မိုးလင်း ဝေလီ ဝေလင်း အချိန်တွင် သေနတ်သံများ အမြောက်အမြား ကြားရတော့၏။ သံပုရာအိုင်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျနှင့် ဂျပန်အကြံပေး အရာရှိ အမြောက်အမြား ရှိတော့၏။ ဗိုလ်ချုပ်ကား ကိုယ်တိုင် ထွက်မည်လုပ်၍ ဆွဲထားရ၏။ မကြာမီ ဗိုလ်ဇေသက်တပ်မှ ကုလားစစ်သား ၃၀-မျှ ဖမ်းမိလာရာ ၎င်းက ကောင်းမွန်စွာ ထားရန် အမိန့်ပေး၏။

## အစ်ကို ကို အရှာခိုင်းခြင်း။

တမာတောရွာတွင် စခန်းချစဉ်၊ ၎င်း၏အစ်ကို ကိုအောင်သန်း (မြို့အုပ်) အားရှာဖွေရန် မဲရဲဘော်အချို့အား လွှတ်လိုက်၏။ ကိုအောင်သန်းကား၊ ထိုစဉ်က တမာတောရွာ အနီး ရွာတရွာတွင် ရှိ၏။

## ဗိုလ်များ ထမင်းစားပွဲ။

ယင်းမာပင်မြို့သို့ ရောက်သောအခါ၊ ၎င်းမြို့နေ ဒိစတြိတ် ကောင်စီ ချယ်ယာမင် ဦးကျွန်းကျော်ဆိုသူက ဗိုလ်ချုပ်အမှူးပြု၍ ဗိုလ်အားလုံး ထမင်းစားဘိတ်၏။ ထမင်းစား ပွဲတွင်နို့ကြက်သွန်နှင့် ထမင်းသာကျွေး၏။ အချို့ဗိုလ်တို့ကား ဒေါ်ပွကြ၏၊ ဗိုလ်ချုပ်ကား ရယ်ရယ်မောမောနှင့် ဂရုမစိုက်ဘဲ စား၏။ ဗိုလ်ချုပ်ကိုကြည့်ပြီးလျှင် အခြားဗိုလ်တို့မှ ပြော ဝံ့တော့ပေ။

## ဗိုလ်ချုပ်ဒုတိယအကြိမ် ဒါးဆွဲခြင်း။

ယင်းမာပင်စခန်းမှ ဗိုလ်နေဝင်းတပ်သည် ကန္နီသို့ချီရ၏။ ဗိုလ်ချုပ်နှင့် တခြားတပ် တို့ကား ဏန္နီနှင့် ဓညောင်ပင်ကြီးကြားရှိ၊ အိုင်တောင်၊ မောင်းတောင်လမ်းသို့ ချီတက်ရန် ဖြစ်၏။ ယင်းမာပင်မှ လမ်းပြရန် ထည့်ပေးသောသူသည်၊ ၎င်းလမ်းကိုမပြဘဲ၊ ညောင်ပင် ကြီးလမ်းဘက်သို့ ၃-မိုင်မျှခေါ်သွား၏၊ ၃-မိုင်မျှခေါ်သွားပြီးမှ လမ်းမှားနေကြောင်း သိရသည့်အခါ ဗိုလ်ချုပ်သည် အထူးဒေါသထတော့၏။ စစ်တပ်တို့မည်သည် အချိန်မှီနှင့် လမ်းမှန်မှ တိုက်ခိုက်မှု အောင်မြင်၏။ ဗိုလ်ချုပ်ကား လမ်းပြကို သတ်မည်ဟု ဒါးဆွဲရာ တောင်းပန်ထားရ၏။

## မျက်ခွန်မှ သွေးချင်းချင်း ထွက်ခြင်း

၎င်းည အပြင်း ချီတက်ခဲ့ရာ၊ လမ်းတွင်လှည်းများနှင့် ချီတက်ရ၏။ လှည်းတန်းမှာ အလွန်ရှည်ရှားသဖြင့် မကြာ ခဏ အမိန့်ပေးရ၏။ လမ်းကလည်းကျဉ်း၊ ဖုတ်ကလည်းခိုး သဖြင့် နောက်အနည်းငယ် ကျန်နေရာ၊ ၎င်းက အော်ဟစ်ခေါ်ယူသဖြင့် အပြေးသွားရာ၊ လမ်းဘေးမှ ဆူးခြိုင့်ငြိ၍ မျက်ခွန်မှ သွေးပေါက်ပေါက်ကျတော့၏။ ကံကောင်း၍ မျက်လုံး မထိခဲ့ပေ။

## ဗိုလ်ချုပ်အားခေါ်ယူခြင်း

ကောလင်းအရှေ့ဘက် မြေနီစခန်းသို့ ရောက်သောအခါ၊ ဗိုလ်ချုပ်အောင်ဆန်းကို ခေါ်ယူသဖြင့် မန္တလေးသို့ ဆင်းသွားခဲ့ရ၏။ မန္တလေး ရောက်သောအခါ၊ ဒေါက်တာ ဗမော်အား ဥက္ကဋ္ဌအဖြစ်နှင့် မြန်မာပြည် အုပ်ချုပ်ရေးကို ဂျပန်တို့ကကိုင်စေခဲ့၏။ ဤသို့ အထက်ဗမာပြည် ဗန်းမော်မြို့ထိအောင် တိုက်ခိုက်သိမ်းယူပြီးနောက်၊ မန္တလေး၊ အမရပူရ ပြန်ရောက်သောအခါ ရန်ကုန် ပြန်ဆင်းခဲ့ကြ၏။

## မှူးအောင်လုပ်ရမည်

ရန်ကုန်ရောက်၍ မကြာမီ ဗိုလ်မိုးကြိုးသည်၊ ဂျပန်ပြည်သို့ ပြန်တော့မည်ဟု သိရရာ ၎င်းပြုန်ခါနီးတွင် ဂျပန်ပြန်စစ်ဗိုလ်များ ညစာ, စားပွဲကျင်းပ၏။ ဗိုလ်ချုပ်က ၎င်းစစ်ဗိုလ် များမှူးအောင်တိုက်ရမည်ဟု မပြောဘူး အမိန့်ပေးသဖြင့်၊ ကျနော်လည်း အရက်မျိုးစုံကို စုပေါင်းရောပြီးတိုက်ရာ ဗိုလ်ဇင်ယော်၊ ဗိုလ်ရန်နိုင်၊ သခင်ဘဟိန်း၊ ဗိုလ်လင်းယုံတို့ကား အထူးမှူးကြတော့၏။

## ဗိုလ်ချုပ်နှင့် (၆) မိုင်အိမ်တွင်တွေ့စဉ်

ကျနော်သည်၊ ဗမာ့တပ်မတော်ပြန်လည်ဖွဲ့စည်းရာ မပါဝင်ခဲ့တော့ပေ။ ဒေါ်ခင်ကြည်နှင့်လက်ထပ်ပြီး၍ တနှစ်ကျော်မျှရှိသောအခါ ရန်ကုန် (၆) မိုင် ၎င်း၏နေအိမ်သို့အလည်ရောက်သွား၏။ သူကား—ဘာမပြော, ညာမပြော အခန်းတွင်းထဲသို့ ဝင်သွားတော့၏။ ထိုနောက်အခန်းထဲမှမခင်ကြည်ကိုဖက်၍ထွက်လာပြီး၊ ''မင်းမရှိလို့ မိန်းမယူရတယ်ကွ'' ဟု တိုးတိတိ ပြုံးစိစိနှင့် ပြောလေသည်။

## ကန်တော်ကြီးစောင်းအိမ်

ကန်တော်ကြီးဘေးရှိ အိမ်၌တွင်နေစဉ်၊ ၎င်းက လာရောက်ရန် မှာယူသဖြင့် သွားရောက်ရာ ၎င်း၏အိမ် အပေါ်ထပ်သို့ခေါ်သွားပြီး ကျနော်အား တို့ဂျပန်ကို ချတော့မည်၊ မင်းနယ်မှာ ကျကျနနစီစဉ်။ ဗိုလ်ရန်အောင်နှင့်လည်း အထူး တိုင်ပင်ရန်ပြော၏။ ထိုစဉ်က ဗိုလ်ရန်အောင်မှာ အနောက် ဝိုင်းမှူးဖြစ်ပေသည်။

## တော်လှန်ပြီးသည့်နောက်

ဂျပန်ကိုတော်လှန်ပြီး၍ ကန္ဒီစာချုပ်အရ၊ဗမာ့တပ်မတော်ပြန်လည်ဖွဲ့စည်းရာတနေ့တွင် ကျနော်ကို ခေါ်၍ ''မင်း, ဘာလုပ်မည်လဲ''ဟု မေး၏။ ကျနော်က တပ်မှထွက်ပြီး နိုင်ငံရေးဆောင်ရွက်မည်ပြောရာ ၎င်းကငါလည်း၊ တပ်မှထွက်ပြီး နိုင်ငံရေး ဆောင်ရွက်မည်ကောင်းသည်ဟု ပြောတော့၏။

ကျနော်လည်း တပ်များပြန်လည် ဖွဲ့စည်းရာ မပါဝင်တော့ဘဲ မိမိနေရပ်သို့ ပြန်ခဲ့ပေတော့သည်။

လွန်ခဲ့သည့် ရွေးကောက်ပွဲ လုပ်ခါနီးတွင် ကျွန်တော် နေထိုင်သော အာလံမြို့သို့ ဗိုလ်ချုပ်အောင်ဆန်းသည် ရွေးကောက်ပွဲ တရားဟောရန် လာတော့၏။ ဗိုလ်ချုပ်ကား အာလံမြို့တရားပွဲတွင် အခြားမြို့ရွာများတွင် ဟောပြောသကဲ့သို့ မဟုတ်ဘဲ၊ ရှုရှားပြည် တော်လှန်ရေးအကြောင်းနှင့် ၎င်း၏ ဖ- ဆ- ပ- လ-မှ၊ မည်သူ့အား အသိအမှတ်ပြု၍၊ထိုသူအား မဲထည့်ရန်ကိုမဟောဘဲ ချန်လှပ်ထားခဲ့၍။ တော်လှန်ရေးသမား စစ်စစ်ကိုသာ မဲပေးရန် နိဂုံးချုပ်သဖြင့်၊ ကြားသူအပေါင်းတို့ အံ့အားသင့်ကြ၏။

## ဗိုလ်ချုပ်ကားကွယ်လွန်လေပြီ

ယခုကား ဗိုလ်ချုပ်ကားကွယ်လွန်လေပြီ။ ဤကဲ့သို့ တိုင်းပြည် အမျိုးသားခေါင်းဆောင်ကြီးနှင့် အပေါင်းပါ ဝန်ကြီးများ သေဆုံးခြင်းသည်။ ရာဇဝင် တွင်စေတော့သည်။

အို....ဗိုလ်ချုပ်၊ ရဲဘော်ကား သေလွန်လေပြီ။ သို့သော်- ရဲဘော် အလွန်လိုချင်တောင့်တလှသော လွတ်လပ်ရေးကား ရဲဘော်၏ တမလွန်ဘဝက ခေါ်ဆောင်နေသည့် အတိုင်းငါနှင့် တိုင်းပြည်ချစ်သောရဲဘော်အမြောက်အမြားတို့သည်၊ မရမချင်း ဆောင်ရွက်ကုန်အံ့။

N.P.H.—191-15, 10000

ရဲဘော်ကား....ရန်သူ နယ်ချဲ့သမားများနှင့်၊ ၎င်းတို့ အပေါင်းပါတို့၏ လက်ချက်ဖြင့် ဦးသွားလေပြီ။သို့သော်-ငါတို့သည်ပူဆွေးတောင့်တ နေခြင်းထက် ရဲဘော်လိုလားသော လွတ်လပ်ရေးခစန်းသို့ အပြင်းချီတက်ကြတော့အံ့။ (ပုံ-ဘဒေအး)

---

## အခန်း ( ၂၇ )

ဤဆောင်းပါးရှင် သခင် တ မောင် (ကျုံမငေး) မှာ
ဗိုလ်ချုပ် အောင် ဆန်း၊ ကို ဆု ငွေ ၅-ထုတ် စဉ် က
ဗိုလ် ချုပ် နှင့် အတူ တရား ဟော ခဲ့ သူ ဖြစ် သည်။

## တို့ဗမာအစည်းအရုံးခေတ်က သခင်အောင်ဆန်း

ဗိုလ်ချုပ် အောင်ဆန်း အထွေထွေ အထိပ် ရောက်လာပြီးသည့်နောက်၊ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကိုတတိုင်းပြည်လုံးသိပြီးဖြစ်သော်လည်း၊ အထွေထွေအထိပ်မရောက်မီ အညတြ သခင်အောင်ဆန်းဘဝက အကြောင်းများကို သိသူအလွန် နည်းပါးပေမည်။ သို့ကြောင့် တို့ဗမာ အစည်းအရုံးခေတ် သခင်ဘဝနှင့် သခင်အောင်ဆန်း၏ မမေ့နိုင်ဘွယ်ရာ အကြောင်းကလေးများကို ရေးလိုပေသည်၊

### ၁၃၀၀ ပြည့်နှစ်တုံးက

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံအတွင်း မော်လမြိုင် ညီလာခံအတွက် တို့ဗမာသခင်အပေါင်းတို့ ကိုယ့်တာဝန်နှင့်ကိုယ် အလုပ် များနေကြစဉ်၊ ကျွန်တော်မှာလည်း သခင်အောင်ဆန်း၏ သံကြိုးရိုက်ခေါ်မှုကြောင့်၊ ရန်ကုန်ဌာနချုပ်သို့ ရောက်ခဲ့ရပေသည်။ သခင်အောင်ဆန်းနှင့် ပဌမအကြိမ် တွေ့ဆုံရခြင်း ဖြစ်ပါသည်။ ရောက်လျှင် ရောက်ချင်း ကျွန်တော်မှာမြောင်းမြခရိုင်ဒုတိယဥက္ကဋ္ဌဖြစ်ပြီး။ ပဌမဥက္ကဋ္ဌ သခင်အုံးဖေမှာ အကြောင်း မညီညွတ်၍ မလာအားသေးကြောင်း၊ ကိစ္စအဝဝကို ကျွန်တော်ပင် တာဝန်ယူမည့် အကြောင်းများကိုသခင်အောင်ဆန်းအားပြောပြသောအခါ၊ သခင်အောင်ဆန်းက ကျုပ်တို့အစည်းအရုံးမှာ ပဌမအင်အား အကြီးဆုံးကတော့ ခင်ဗျားတို့ မြောင်းမြခရိုင် ဒုတိယကတော့ သာယာဝတီဘဲဗျ၊ ငွေရေးကြေးရေး အတောင့်ဆုံးကတော့ ထားဝယ် ခရိုင်ဘဲ ဒီတော့ မော်လမြိုင် ညီလာခံ အောင်မြင်ရေးအတွက် ဒီ ၃-ခရိုင်ကို ပိုပြီးအားကိုးတာဘဲ အစွမ်းကုန်သာ ကြိုးစားကြပေတော့ဗျာဟု ပြောပြီး သခင်အောင်ဆန်းမှာ ရေချိုးခန်းသို့ ဝင်သွားပါတော့သည်။ကျွန်တော်မှာလည်းစပ်တငန့်ငန့်စောင့်နေရရာ မိနစ် ၂၀ ခန့်တွင် ထွက်လာပြီး ကဲ-ခင်ဗျားနဲ့ကျွန်တော် ရွှေတိဂုံ သပိတ်လွတ်တော်ကို သွားရအောင် ''ဟေ့ သခင်တင်ဦး-ငါ့အင်္ကျီခပေးပါဦးကွ'' ဟု အော်တောင်းပြီး အင်္ကျီများဝတ်ပါတော့သည်။ (သခင်တင်ဦးမှာ ယခုအသံလွှင့်ဌာနတွင် အလုပ် လုပ်နေပါသည်။ သခင်အောင်ဆန်း၏ရွှေတိုက်စိုးဝန် ဖြစ်ပါသည်။အပေါင်လက်မှတ်မှန်သမျှ သူကသိမ်းထားရပါသည်။ ၃ လ ပြည့်ခါနီးတွင် 'ကြည့်လုပ်ကြပါဦး' ဟူသောခေါင်းစဉ်ဖြင့် နယ်အမှုဆောင်များ မြင်နိုင်သောနေရာတွင် ကပ်ထားရပါသည်။ နယ်အမှုဆောင်များကာမနေသာသည့်အခါ

ရွေးပေးခဲ့ကြရပါသည်။ သခင်အောင်ဆန်းတွင် ကိုယ်ပိုင်အဝတ်အထည် မည်မျှရှိသည်ကို အတိအကျမသိရသော်လည်း၊ အစည်းအရုံးပေါ်တွင်ရှိသမျှ သူပိုင်လိုလိုချည့် ဖြစ်ပါသည်။ တွေ့ကရာ အဝတ်အစားများကို လွယ်သလို ဆွဲဝတ်လေ့ရှိပါသည်။ အထူးသဖြင့် သခင်သန်းထွန်း၏ သေတ္တာတွင်းရှိ ပစ္စည်းများကို သူချယ်လှယ်ချင်သလို ချယ်လှယ်ပါသည်၊ သခင်သန်းထွန်းမှာ ကန်တော်ကြီးစောင်းရှိ ကုလားကျောင်း တကျောင်းတွင်၊ ဆရာလုပ်နေသည့်အတွက် သူ့လခနှင့်သူ ဝယ်နိုင်စွမ်း ရှိပါသည်။ သခင်သန်းထွန်းသည် အရပ်ဆိုးသလောက်အလှ အနု အလွန်ကြိုက်ပါသည်။ လုံချီများမှာ ပန်းနုရောင်-ဝါနုရောင်၊ ဖက်ဖူးရောင် စသော လုံချီများ ၄-၅ ၁၀—ထည်ခန့် ရှိပါသည်။ သခင် အောင်ဆန်းက ၎င်းလုံချီများကို ခဏခဏယူဝတ်ပါသည်။သခင်သန်းထွန်းမှာ သူ အမြတ်တနိုးထားသော လုံချီများကို ယူဝတ်သည်ကို သဘောမကျသော်လည်း ဖွင့်၍မကန့်ကွက်ပါ။ကွယ်ရာတွင် (ဒီလူကိုတော့ဒီလိုတဲ ပါရမီဖြည့်နေရတယ်။ကျုပ်ကို အနိုင်အကျင့်ဆုံးလူ၂ ‧ယောက်ဟာ သူ့ရယ် သခင်ဗဟိန်းရယ်ဘဲ) ဟု ပြောပြဘူးပါသည်။လုံချီများကိုသူဝတ်သွားလျှင်လည်း တခါဝတ် ဖြစ်ပါသည်။ သူတခါ ဝတ်လိုက်လျှင် ဥစ္စာရှင် သခင် သန်းထွန်း က ပြန်မယူ တော့ပေ။ ယူချင် စရာလည်းမကောင်း တော့ပါ၊ စွန်းထင်း ပေ ယေပြီး ဖြစ်နေပေသည်။

## အောင်ဆန်း၏ ဖွဲ့

သခင်အောင်ဆန်းတွင် ချစ်စရာအကောင်းဆုံးအင်္ဂါတခုမှာ လို့လဝိရိယဇွဲပင်ဖြစ်ပါ သည်။ ဘယ်သူတွေ ဘယ်လိုစိတ်ပျက်နေနေ သူမပျက်၊ ဘယ်သူတွေလုပ်လုပ် မလုပ်လုပ် သူလုပ်ပါသည် လုပ်စရာရှိလျှင် သူ့ဟာသူ လုပ်ပါသည်။ ရေးစရာရှိလျှင်လည်း သူ့ဟာသူ ရေးပါသည်။ အထူးဆန်းဆုံး အချက်တခုမှာ သူနှင့် သခင်သန်းထွန်း၏ (အမြင်) များ ဖြစ်ပါသည်။ နိုင်ငံရေး ပြဿနာ တခုအတွက် သခင်သန်းထွန်းက သူ့အိမ်တွင် သူ ကျေညာချက်တခုကိုရေးဆွဲသည် ဆိုပါစို့။ သခင်အောင်ဆန်းကသူ့အမြင်နှင့်သူအစည်း အရုံးတွင်ရေးဆွဲလေ့ရှိပါသည်။၎င်းကျေညာချက်များကိုတိုက်ဆိုင်ကြည့်လိုက်သောအခါ မူချင်းမှာ တထေဝါထည်း ဖြစ်နေလေ့ ရှိပေသည်။ ဤမျှအမြင်ခြင်း တူသူများ ဖြစ်ကြပါ သည်။ စစ်ပြီးခေတ် ဖ-ဆ-ပ-လ မှ ကွန်မြူနစ်ကို ထုတ်ပြစ်သည့် အချိန် အထိ သခင် သန်းထွန်းနှင့် သခင်အောင်ဆန်း အမြင်ချင်း အလွန် တူကြပါသည်။ နောက်ပိုင်း ကွဲကြ သည်မှာ အထူးပင်ကြေကွဲ ဝမ်းနည်းဘွယ် ဖြစ်ပေသည်။ မည်သည့်အတွက် ကွဲကြသည် ကိုမူကား ဤဆောင်းပါတွင် မဆွေးနွေးလိုပေ။

သခင်အောင်ဆန်းသည် အလုပ်လုပ်စရာရှိလျှင် မိုးလင်းသည်အထိ အလုပ်လုပ်တတ် ပေသည်။မပြီးမချင်းမညည်းမညူ လုပ်လေ့ရှိပါသည်။စိတ်လည်းအလွန်မြန်သည်။ အကြောင်းတခုခုကြောင့် သူစိတ်ညစ်လျှင် အလွန်သနားစရာ ကောင်းပေသည်။ ချစ်စရာ လည်း ကောင်းပါသည်။ သို့အတွက် သခင်အောင်ဆန်း စိတ်ဆိုးစိတ်ညစ် ဖြစ်နေလျှင် အားလုံးကပင် ဝိုင်း၍ သနားချစ် ချစ်ကြပါသည်။ ဤကဲ့သို့ အဖြစ်အပျက်များကို ဒုတိယ စစ်ဖြစ်ခါနီး (ဗမာ့ထွက်ရပ်ဂိုဏ်း) ကိစ္စကို ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင် အစည်း

အဝေးတွင် ချဉ်းစားကြသောအခါ ခဏ ခဏတွေ့ရပေသည်၊ ထွက်ရပ်ဂိုဏ်းအရေးကို ဆန့်ကျင်သူများနှင့်နားလည်မှုမရနိုင်ဘဲအပြင်းအထန်ငြင်းခုံနေကြစဉ်သခင်အောင်ဆန်း၏ စိတ်ညစ်သည့် မျက်နှာထားမှာ ပြော၍မပြနိုင်လောက်အောင်သနားစရာ ကောင်းပေသည်။ အချို့အမှုဆောင်များမှာ သူ့ကိုသနားသည်နှင့်၊ "ကဲ–မှားရင်လဲ မှားပေစေ။ ဒီလူဟာ ဒါလောက်တောင်းဆိုတဲ့မှာ ခဟုတ်ဘူး။သူ့စေတနာကိုကျုပ်တို့ယုံကြည်တယ်။ သူ့ဘက်ကဘဲ ကျုပ်တို့ထောက်ခံမယ်" ဆိုပြီး ထောက်ခံကြသည်ကိုပင် တွေ့ရပါသည်။

**သူ၏စွမ်းရည်**

တနေ့တွင် ဗမာ့ထွက်ရပ်ဂိုဏ်း အာဏာပိုင် အမှုဆောင် အစည်းအဝေးကို တက် ရောက်ရန် ကျောင်းသားသမဂ္ဂမှ သခင်ဗဟိန်း တို့ဗမာအစည်းအရုံးမှ သခင်အောင်ဆန်း သခင်လှဖေ (ယခုဗိုလ်လက်ျာ) နှင့်ကျွန်တော်တို့ဒေါက်တာဗမော်အိမ်သို့သွားကြပါသည် အစည်းအဝေးတွင် ဗမာ့ထွက်ရပ်ဂိုဏ်း ဝါဒစည်းမျဉ်းနှင့် လုပ်ငန်းစဉ်များ ရေးဆွဲရန် အဖွဲ့ငယ်တခု ဖွဲ့ရာတွင် ဒေါက်တာဗမော်က ချယ်ယာမင်။ သခင်အောင်ဆန်းက အတွင်း ရေးမှူးအဖြစ် အရွေးခံရပါသည်။ အမှုဆောင်များက၊ ၎င်းအဖွဲ့ငယ်၏ စည်းမျဉ်းဝါဒနှင့် လုပ်ငန်းစဉ် အကြမ်းမူကို မည်သည့်နေ့တွင် တင်ပြနိုင်မည် နည်းဟု မေးရာ။ ဒေါက်တာ ဗမော်က တနင်္ဂနွေ ၂ ပတ်အတွင်း တင်ပြမည်ဟု ဖြေသည်ကို သခင်အောင်ဆန်းက ဒီလောက် အလုပ်ခလေးကို ဒီလောက် အချိန်ယူ လုပ်နေရင်၊ဗမာ့ လွတ်လပ်ရေးကြီးသာ ဆိုလျှင် ၁ နှစ်နဲ့ ပြီးနိုင်ပါတော့မလားဟုပြောခါ၊ "ကဲ-ခင်ဗျားတို့လဘက်ရည်သောက် နေတုံး ကျုပ်ပြီးအောင်ရေးပြီး ၂ နာရီအတွင်း တင်ပြမည်" ဟု ပြောကာအခန်းထောင့် တခုသို့ထသွားပြီး ရေးလေတော့၏၊ အားလုံးလူကြီးများမှာ အံ့အားသင့်ပြီး စောင့်နေ ကြရပါသည်။ ၂ နာရီခန့်အကြာတွင် အင်္ဂလိပ်လို ရေးထားသော သူ၏ အကြမ်းမူကို တင်ပြပါတော့သည်။ စကားလုံးအနည်းငယ်ကို ပြင်သည်မှတပါး အားလုံးသော အချက် များကိုလက်ခံ လိုက်ကြရ ပါသည်။ ဤတွင်မှ လူကြီးပိုင်းက နိုင်ငံရေးသမား များသည် သခင်အောင်ဆန်း၏ ထက်မြက်ပုံ အဘက်ဘက်က အရည်အချင်းပြည့်စုံပုံများကို တီးတိုး ချီးမွမ်းကြပါတော့သည်။

တခါသော် ၁၉၄၀ ခုနှစ် နှစ်ဦးတွင် ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင် ညီလာခံကို မန္တလေးမြို့၌ ကျင်းပနေစဉ်၊ ဆာစတက်ဖို့ကရစ်ပ်စ် ယခု ဘိလပ် ရှေ့တိုက်စိုးဝန်ကြီး ဗမာ ပြည်သို့ ရောက်လာပါသည်။ သခင်ခေါင်းဆောင် များနှင့်တွေ့ရန် မန္တလေးသို့ လိုက်လာ ပါသည်။ အမှုဆောင်များနှင့် တွေ့ကြရာ၊ ဗမာနိုင်ငံရေး အခြေအနေများကို ဆွေးနွေးကြ ပါသည်။ ကရစ်ပ်စ်မှာ ဗမာ့အခြေအနေနှင့် သခင်များအကြောင်းကို ဘုရင်ခံနှင့် အစိုးရ အဖွဲ့ဝင်များ၏ ပြောပြချက်များကို အခြေခံထားပြီး ဆွေးနွေးဟန် တူပါသည်။ သခင် အောင်ဆန်းနှင့် သခင်သန်းထွန်း တို့က တကဲ့အခြေအနေ အမှန်များနှင့် တကွ၊ ဗမာ့ လွတ်လပ်ရေး ကြိုးပမ်းမှုများကို အသေးစိတ်တိတိလင်းလင်း ပြောပြကြရာ၊ ကရစ်ပ်စ်က 'ကျုပ်အစက ခင်ဗျားတို့ လူငယ်တွေအပေါ်မှာ တော်တော် အထင်သေးမိတယ်၊ အခု ခင်ဗျားတို့ ပြောပြတဲ့ လေးနက်တဲ့ ရည်ရွယ်ချက်၊ မှန်မြတ်တဲ့ လမ်းစဉ်တွေအတိုင်းဆိုရင်

ခင်ဗျားတို့လုပ်ငန်း စဉ်၊ ခင်ဗျားတို့လွတ်လပ်ရေးကြိုးပမ်းမှုဟာ တရားပါတယ်''ဟုချီးကျူး ဝန်ခံသွားရပေသည်။ ဤ ခင်အောင်ဆန်း၏တည်ကြည် လေးနက်သောမျက်နှာကို အစဉ် သဖြင့် စူးစူးစိုက်စိုက် ကြည့်ပြီး အကဲခတ်နေသည်ကိုလည်း သတိထားမိ ပါသည်။ တခါ တရံ တုန်လှုပ် ခြောက်ခြားခြင်း ဖြစ်တတ်သည်မှတပါး မြင်တွေ့သူတိုင်းက မလေးစားဘဲ မနေနိုင်လောက်အောင် လေးနက်သော သဘောထား။ လေးနက်သော မျက်နှာပေးနှင့် လေးနက်သော စကားလုံးများကို ပိုင်ဆိုင်သူမှာ သခင်အောင်ဆန်း ဖြစ်ပေသည်။

## ငါးကျပ်တန် သခင်အောင်ဆန်း။

တခါသော် ဟင်းသာတခရိုင် ညီလာခံကို ဇလွန်မြို့တွင် ကျင်းပနေပါသည်။ သခင် အောင်ဆန်းနှင့် ကျွန်တော်မှာ ဌာနချုပ် ကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် ဇလွန်သို့ သွားကြရပါသည်။ ညီလာခံအပြီး ရန်ကုန်သို့အပြန်တွင် ဒေါင့်ကြီးရွာ အစည်းအရုံး၏ ဘိတ်ခေါ်ချက်အရ တရားပွဲတခု ကျင်းပပါသည်။ တရားပွဲတွင် ကျွန်တော် ပထမ ဟော ပါသည်။ သခင်အောင်ဆန်းအလှည့် ရောက်၍ ၁၀-မိနစ်ခန့် စကားပြောနေစဉ်။ ပုလိပ် အရာရှိ ၁ ဦး ဝင်ရောက်လာပြီး နို့တစ်စာ တခု ပေးပါသည်။ နို့တစ်စာတွင် ရာဇဝတ် ဝန်ကြီး မစ္စတာ ဇေးဗီးယားက။ ချင်း တောင်နယ် အကြောင်းများ- နိုင်ငံရေးတရားပွဲ များတွင် ထည့်မဟောရ။ ဟောလျှင် ကာကွယ်ရေး ဥပဒေအရ အရေးယူမည်ဟု ဖြစ်ပါ သည်။ သခင်အောင်ဆန်းက နို့တစ်စာကိုပရိသတ်အားဘတ်ပြပြီး။ ''ကဲ-ချင်းတောင် နယ်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ ခင်ဗျားတို့ သိကြရဲ့လား။ ဒီကိစ္စကို ကျုပ် မေ့နေ တယ်။ အခု နို့တစ်စာရောက်လာမှ သတိရတယ်။ ခင်ဗျားတို့ ချင်းတောင်နယ်အကြောင်း သိချင်ကြသလား''ဟုမေးလိုက်ရာ ''ပရိသတ်ကသိချင်တယ်-သိချင်တယ်''ဟုဝိုင်းအော် ကြ၏။ သခင်အောင်ဆန်းလည်း ချင်းတောင်နယ် အကြောင်းကို စေ့ငှစုံလင်စွာ ဟောပြ ပါတော့သည်။

(၎င်းအချိန်တွင်ချင်းတောင်နယ်၌ယခုချင်းဝန်ကြီးဖြစ်နေသူဦးဝမ်းသူမောင်မှာနယ်ခံချ သမားတို့၏ အနှိပ်စက် အညှဉ်းပန်း ခံနေရ၏။ ဗမာပြည်နိုင်ငံရေး အသင်းအပင်းများမှ ယခုကဲ့သို့ နယ်ခံချသမားက လူနည်းစု ခေါင်းဆောင် တယောက်အား နှိပ်စက်နေသည်ကို အရေးတယူ ဆူပူ ဆောင်ရွက်သော အသင်းမှာ၊ တို့ဗမာ အစည်းအရုံးသာ ရှိပေသည်။ တို့ဗမာအစည်းအရုံး၏ သဘောထားမှာ လူနည်းစု အရေးကို အထူးပင် ဦးစားပေးခဲ့ လေသည်။)

၎င်းတရားပွဲပြီးလျှင် ပြီးခြင်း၊ သခင်အောင်ဆန်းနှင့် ကျွန်တော်အား ကာကွယ်ရေး ဥပဒေနှင့် ဖမ်းဆီးဝရမ်းထုတ်လိုက်လေသည်။ ကျွန်တော်တို့ ၂-ယောက်မှာ ဟင်းသာတ မြို့ရှိ မြန်မာပုလိပ်အရာရှိကြီး ၁ ဦး၏ အကူအညီနှင့် လွတ်ထွက်လာပြီး ရန်ကုန်မြို့ ၅၃- လမ်းရှိ အိမ်တအိမ်တွင်ပုန်းနေကြလေသည်။ ၎င်းရက်အတွင်း သခင်အောင်ဆန်အား ဖမ်း ပေးလျှင် သို့မဟုတ် သတင်းပေးနိုင်လျှင် ဆုငွေ ၅ ပေးမည်ဟု မစ္စတာ ဇေးဗီးယားက ကြေညာလေတော့သည်။

ထိုကဲ့သို့ ပုန်းနေရစဉ်၊ တို့ဗမာအစည်းအရုံး ခေါင်းဆောင်များမှာတကွဲတပြားစီဖြစ်နေကြသည်။ သခင်နု၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း စသော သူများမှာ ထောင်ထဲတွင်ရှိကြပြီ။ သခင် မြ၊ သခင် လှဘော်။ သခင် လှဖေ၊ (ယခု ဗိုလ်လက်ျာ) သခင် တင်မောင်စသည်တို့ အပြင် မှာကျန်ခဲ့ကြလေသည်။ ကျန်ခဲ့သော ခေါင်းဆောင် များမှာ လည်းစစ်ရေးနှင့် ပတ်သက်၍ သဘော ကွဲလွဲနေကြရာ၊ သခင် အောင်ဆန်းမှာ စိတ်အတော်ပင်ပျက်နေပေသည်။ သခင်လှဖေနှင့် ကျွန်တော်မှာ စတော့ကိတ်လမ်း လူအိုရုံအနီး ရှိ သခင်နုအိမ်တွင်၊ သခင်နုဇနီးမမရီအား စောင့်ရှောက်ရင်းထမင်းကပ်စားနေကြရပါသည်။မျှားမကြာမီ၊ သခင်အောင်ဆန်း မြန်မာပြည် အပြင်ဘက်သို့ ထွက်သွားရေး ပြဿနာ ပေါ်လာပါတော့သည်။ ၎င်းကိစ္စကို သခင်လှဖေနှင့် ကျွန်တော်ပင် ကမ္မကထ ပြုနေကြရပါသည်။ ထွက်မသွားမီတညတွင် ကျောင်းသားသမဂ္ဂအသင်းတိုက်တွင် သခင်အောင်ဆန်း ခရီးထွက်ရေးအတွက်ဆွေးနွေးပွဲတခုလုပ်ကြပါသည်။ ၁၂ နာရီခန့်တွင်သခင်အောင်ဆန်းအား ၅၃-လမ်းတိုက်မှ မော်တော်ကားနှင့် ကျွန်တော်သွားခေါ်လာခဲ့ရပါသည်။

အစည်းအဝေး တက်ရောက် သူများမှာ ကိုကျော်ငြိမ်း (ယခု- ဝန်ကြီးဟောင်း) ကိုထွန်းအုံ (မြူနီစီပါယ်မင်းကြီး။) နဂါးနီ ကိုထွန်းအေး-ကိုလှမောင် (ယခု-ယိုးဒယားသံ။) ကိုမောင်မောင် (မြန်မာ့ရုပ်ရှင်။) ကိုလှမောင် (ယခု-ဗိုလ်ဇေယျ တောခို။) သခင်ထွန်းရွှေ (နဂါးနီ) စသောသူများဖြစ်ပါသည်။သခင်အောင်ဆန်းမှာ သွားခါနီးဖြစ်သည့်အလျောက် မှာစရာ စကားများကို မှာ၍ အားမရအောင် ဖြစ်နေရှာသည်။ ၁၂ နာရီမှ နံနက် ၄ နာရီခွဲအထိ တယောက်ထည်း စကားပြောနေလေတော့သည်။ စကား မပြောလျှင်လည်း လုံးလုံးမပြော၊ ပြောလျှင်လည်း အိပ်နေသူကိုပင် နှိုး၍ ပြောတတ် လေသည်။

ဆောင်းပါးရှည်အံ့စိုး၍ နိဂုံး ချုပ်ရပေတော့မည်၊ သခင်အောင်ဆန်း၏ နုစဉ်ဘဝအဖြစ်အပျက်များကို ရေး၍ပင် ကုန်နိုင်ဘွယ် မရှိပေ။ ကျွန်တော်အဘို့တွင် အထွဋ်အထိပ်မရောက်မီက (သခင်အောင်ဆန်းအား) အထွဋ်အထိပ်ရောက်ပြီး (ဗိုလ်ချုပ်အောင်ဆန်း) ထက်ပင် ကြည်ညို လေးစားမိပါတော့သတည်း။ သခင်တင်မောင်။

---

# အခန်း ( ၂၈ )

ဗိုလ်ချုပ် အောင်ဆန်းနှင့် အတူ လိုက်ပါ သွားသော ဗိုလ်ရန်နိုင်အောင် ကိုယ်တွေ့ ပြောပြချက်ကို အိုးဝေ၊ မဂ္ဂဇင်းကလျာ တွင်ရေးသား ဖေါ်ပြသည်၊ ကျည်းထောင်ကန် ဆရာ ဖိုးနဲ ခေါ် စိန်မင်းသား၏ ရေးသားသည့် ဆောင်းပါး ဖြစ်ပါသည်။ (ထုတ် ဝေသူ)

## သခင်အောင်ဆန်း နိုင်ငံခြားသို့ စွန့်ထွက်ပုံ။

ခင်ဗျား မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် အသက်စွန့်ပြီး "နိုင်ငံခြား သွားရမယ် ဆိုရင် လိုက်နိုင် ပါ့မလား" ဟု သခင် လှဖေ ယခုဗိုလ်လက်ျာ ကာကွယ်ရေး ဝန်ကြီးဟောင်းက သံလျှင် အလုပ်သမား အတွင်းရေးမှူး သခင်လှမြိုင်ကိုမေးလိုက်၏၊ အလုပ်

သမားကိစ္စ အရေး တော်ပုံကြောင့်၊ ထောင် ခဏ ခဏ ကျနေသော သခင် လှမြိုင်က "သွားမယ်-လိုက်မယ်" ဟု ဂတိပေးလိုက်လေသည်။

အချိန်ကား-ဒုတိယ ကမ္ဘာစစ်ပွဲထဲသို့ ဂျပန်ပြည်က မပါသေး အနောက် နိုင်ငံမှာ ချိမ့်ချိမ့်သဲမျှ တိုက်ပွဲ ဆင်နေကြလေပြီ၊ တရုပ်လူမျိုးအပြည့်နှင့် တရုပ်ပြည်သွား သင်္ဘော ပေါ်၌ တရုပ်လူမျိုးကဲ့သို့ ဝတ်စားထားသော တရုပ်စကား မတတ်သည့် သခင်အောင် ဆန်းနှင့်သခင်လှမြိုင်တို့ ၎င်းသင်္ဘောပေါ်၌ ပါဝင်လျက်ရှိရာ ၃-ရက်ရှိပြီး၊ ကော့ပူကိုလည်း ရောက်လှလှ ဖြစ်သောအခါ။ သခင်လှမြိုင်က အနီးရှိ စကားမပြော တုံကျိဘော လုပ်နေ သော သခင်အောင်ဆန်းအား။

''အစ်ကိုကြီး ကျွန်တော်တို့ ဘယ်သွားလို့ ဘယ်ရောက်ကြမှာလဲ''ဟု မေးလိုက် သောအခါ လုံးဝ စကားမပြောဘဲ အစဉ်သဖြင့် တွေဝေစဉ်းစား နေရာက။ "အသာနေ စမ်းပါ မမေးစမ်းနဲ့" ဟု မာန်လိုက်လေသည်။ သိချင်သူ သခင်လှမြိုင် အရှုံး ပေးရ၏။ စကားပြန်မပြောဘဲ နေမြဲနေလေသည်။

## အုံးသီးများနှင့်အတူ သင်းဘောစီးရခြင်း

ယင်းသို့လျှင် သင်္ဘောကြီး သွားမြဲ သွားနေရာ၊ ကော့ပူ ခံတပ်မှ လွတ်ငြိမ်း တရုပ် ပင်လယ်သို့ ရောက်သွားတော့လေရာ။ဆိုင်ကလုံ လေနီကြမ်းသည် ပြင်းပြင်းထန်ထန်တိုက် ခပ်သည်နှင့် သင်္ဘောကြီး ပုခက်လွှဲသကဲ့သို့-၂-နာရီ နီးပါးခန့် ကြုံရလေပြီ။ သင်္ဘောပေါ် ရှိကုလားထိုင် စားပွဲပန်ကန်များ အမျိုးမျိုးမှ မျိုးထိုး မှောက်ခုန် စီးနင်းသူတို့လည်း ရပ်တည် မနေနိုင်၊ ပုန်းစရာရှာမတွေ့မူး၍ အံ့၍ အော့၍ ပျော့ခွေတော့လေရာ၊သခင်အောင်ဆန်းမှာ အုံးသီးများ ထားသော အခန်းထဲ၌ သင်္ဘောမူးလျက် သတိမေ့ပျော့ ပျော့ခွေ သွား တော့လေသည်။ သခင်လှမြိုင်က သင်္ဘောမမူးတတ်၊ သခင်အောင်ဆန်း၏ ကိုယ်ပေါ်၌ ကြွက်ငယ်များ လိုက်တန်း ပြေးတန်း ကစားနေသလို ဖြတ်ကျော်နေသောအုံးသီးများကို ဖယ်ပေးနေရတော့သည်။ လေနီကြမ်း မရပ်မချင်း သခင် အောင်ဆန်း သင်းဘောမူး မပျောက် အလူးအလဲ ခံနေရတော့ လေသည်။

တဖန် စုံထောက် နာမည်ကျော်များ ပြည့်နှက်သော ဟောင်ကောင် သင်္ဘောဆိပ်မှ လွတ်ထွက်၍ ကောလုံစု ကျွန်းငယ်သို့ရောက်၍ သင်းဘောပေါ်မှ ဆင်းလေရာ ၎င်းကျွန်း သည်အမေရိကန်,အင်္ဂလိပ်,တရုပ်,ဂျပန်,စသော နိုင်ငံတို့က ၇-ရက်တလှည့်စီ အုပ်ချုပ် ရသောကျွန်း ဖြစ်လေသည်။ ထိုနေ့က အင်္ဂလိပ် အုပ်ချုပ်ရသော အပါတ်ဖြစ်၍ အင်္ဂလိပ် အစိုးရက သခင် အောင်ဆန်းမိလျှင် ဆုငွေ ၅-ကျပ် ထုတ်ထားသော ဝရမ်းပြေး ဖြစ်ရာ၊ စိုးရိမ်ဘွယ် ဖြစ်သွားလေသည်။ရှေ့တိုး နောက်ဆုတ် ခက်နေသည် တရုပ်စကားမတတ်၍ တရုပ်လူမျိုးများအနီးသို့ ယှဉ်မရပ်ရဲသော သခင်အောင်ဆန်းနှင့် သခင်လှမြိုင်မှာ အိပ်ရာ လိပ်သေတ္တာကိုဆွဲလျက်မရဲသော်လည်းပြေးခဲစေ ဆိုသကဲ့သို့ ဟန်မပျက်နေ၍သွားနေးစဉ် အစဉ်ပြတ် အကဲခတ်နေသောတရုပ်လူမျိုး ပုလိပ်တို့က မသင်္ကာ၍ ဘမ်းတော့လေသည် ဤသို့အဘမ်းခံရသည်အထိ သခင်အောင်ဆန်းမတုံမလှုပ် သူတို့ခေါ်ရာသို့လိုက်ပါမြဲလိုက်

ပါသွားလေရာ။ အတူပါ သခင်လှမြိုင်မှာ ဇာကြီးအမျိုးမျိုးထုတ်ရာမှ နောက်ဆုံး ပုလိပ်ကို ငွေ ၇၅-ကျပ် ပေးလိုက်မှ လွတ်ရတော့လေသည်။

### မဟော်သဓာနည်းနှင့် ပြည်ကြီးသူများကို မိတ်ဆက်ခြင်း။

ကော်လုံစုကျွန်းပေါ်၌ တနေ့ ၄-ကျပ်ပေးရသော တရုပ်ဟော်တယ်ပေါ်၌ ခရီးလမ်း အစီအစဉ်မရှိ တည်းခိုနေရလေရာ၊ ၃-လခန့် ကြာသွားလေပြီ၊ ပါလာသမျှ စရိတ်လည်း မရှိတော့ မြန်မာနိုင်ငံသို့ပြန်၍ ငွေစရိတ် ပြန်မှာသောအခါ၊ ထိုစဉ်အခါက သခင် အစည်း ရုံးဝင်မှန်လျှင်ငတ်သည့်-ပြတဲသည်၊ လူတိုင်းလူတိုင်း အထင်သေးနေသည်၊ စရိတ်ပေးပို့ ရန်မဖြစ်နိုင်ကြောင်း စာပြန်လာသည်။ ရှေ့အဘို့ မည်ကဲ့သို့ ကြံရ ပါမည်နည်း။ သခင် အောင်ဆန်းမှာမူ ဟော်တယ် အခန်းထဲက မထွက် စကားမပြော စာအုပ် ကြည့်၍သာ၊ နေထိုင်သည်။ စားစရိတ်မရှိ၊ စားစရာမကျန် ဝတ်စရာမရှိ၊ ဟိုသည်ကို မသိ သလိုပင် နေထိုင်လေတော့သည်။ သခင်လှမြိုင်မှာ နေ့စဉ် နေ့တိုင်း ငွေရရန် ရှာဖွေ ရလေရာ၊ နောက်ဆုံး အင်္ဂလိပ်စာပြဆရာ တလ-၃ဝိနှင့် အလုပ်တည့်လာသည်နှင့် အားရဝမ်းသာ ဟော်တယ်သို့ ပြန်လာလေသည်။ သို့သော် အချိန်ကား ညနေ ၄-နာရီခန့် ဖြစ်၍။ ဟော်တယ်နှင့် မနီးမဝေးတွင် တရုပ်လူမျိုး ဖြူဖြူချောချော အပျိုကလေးမှာ နေ့စဉ် နေ့တိုင်း ကြည့်နေရာက ထိုနေ့မှာလည်း ကြည့်နေခိုက် ဖြစ်သည်နှင့် သခင် လှမြိုင်လည်း မနေနိုင်ပြန်၍ ကြည့်မိသည်။ နိုင်ငံရေးသမား ဖြစ်နေသည်နှင့် စတင်ရန် ခက်နေရာက လက်မောင်းကြွက်သားကို ထုတ်ပြလိုက်၏။ အပျိုကလည်း ပြုံးရယ်၍ကြည့်နေ၏။ ခဏ ကြာသည်အထိဖြစ်ရာ။ သခင်လှမြိုင်မှာ၊ သခင်အောင်ဆန်း၏ အိန္ဒြေ မူလ သိက္ခာကို ချစ်ကြောက် ရိုသေခဲ့ရသည့်အတိုင်း အိန္ဒြေဆည်၍ အခန်းထဲသို့ ကျောင်းသားကလေးက ဆရာကိုကြည့်ရှု ရှာဖွေသလို ကြည့်မိသောအခါ၊ သခင် အောင်ဆန်းမှာလည်း ပြူတင်း ပေါက်မှရပ်၍ (မာဆယ်) လက်မောင်းကြွက်သားကို ထုတ်ပြနေကြောင်း ဘွားကနဲတွေ့ရ လေသည်။သခင်လှမြိုင်မှာ ပါးစပ်ပိတ်၍မျက်လုံးပြူးပြီး အံ့အားသင့်သွားကာ ခဏချင်းပင် ဩော်....ငြီးငွေ့လွန်းလို့ ထင်ပါရဲ့ဟု ကြိတ်မှိတ်၍ မပြောဝံ့ မပြုံဝံ့ မျိုသိပ်နေရလေသည်။ တရုပ်မကလေးကား ပြုံးမြဲပြုံးလျက်ပင်။

ထို့နောက်၊ ရှန်ဟဲမြို့။ ၎င်းမှ ဖေါ်မိုဆာကျွန်းက တဖန်ဂျပန်ပြည် ယိုကိုဟာမမြို့သို့ ရောက်ကြသောအခါ၊တိုကျိုသို့သွားရန် လေယာဉ်ပျံကွင်းသို့ရောက်ပြီး ထိုအချိန်၌ သခင် အောင်ဆန်းနှင့် သခင် လှမြိုင်မှာ၊ ဂျပန်လူမျိုး အဝတ် အစားနှင့် ဖေါ်မိုဆာကျွန်းမှ စီမံ ပေးလိုက်ပြီး။လေယာဉ်ပျံစီးအံ့ဆဲဆဲတွင် ဂျပန်ပုလိပ်တို့ကဆွဲပြန်ပြီး။ ပုလိပ်စခန်းသို့ခေါ် သွားပြီးလျှင်၊ပုလိပ်များက ဂျပန်ဘာသာဖြင့်မေးရာ။မေးမရသည်နှင့်အင်္ဂလိပ်ဘာသာဖြင့်

"ခင်ဗျားတို့ဘယ်သွားမလဲ"
"သခင်အောင်ဆန်းမှာ ဇူန္နြေနှင့် ကျုပ်တို့ တိုကျိုသွားမလို့။"
"ခင်ဗျားတို့ ဘယ်သူ့ဆီသွားမလို့လဲ"
'မိန်မိဆိုတဲ့ မိတ်ဆွေဆီသွားမလို့။"

ထိုအခါ-သခင် အောင်ဆန်း၏ အမူအရာ မထူးခြား သော်လည်း၊ သခင်လှမြိုင်မှာ အထူးစိုးရိမ်သွားလေသည်။ တိုကျိုမြို့က-မိနမိ-တွေ့ချင်လို့ အဖြေသည်၊ ရှေ့အဘို့အဆင် မပြေနိုင်၊ လမ်းနံပါတ်၊ အိမ်နံပါတ်၊ အလုပ်အကိုင်-ဂုဏ်ထူးမသိ၊ မိနမိ-ဆိုသူကိုလည်း မမြင်ဘူး ဖြစ်နေ တော့လေရာ။ အမှန် စိတ်ရှုတ်ဘွယ် ဖြစ်နေ လေသည်။ ပုလိပ်တို့က ဖုံးဆက်လိုက်သောအခါ၊ ကံအား လျော်စွာ မိနမိဆိုသူကိုတွေ့လာပြီး စကားပြန်လာ၏။ သွားခွင့်ရပြီး တိုကျိုသွား လေယာဉ်ပျံပေါ်၌ ပြုစုနေသော ဂျပန်မကလေး ချောချောမှာ။ အလွန်သဘောကောင်း အစစ ကြည်နူးစရာ ဖန်တီးနေသောအခါ၊သခင်လှမြိုင်မှာအလွန် ပျော်ရွှင်သွားလေသည်။ ကြောက်ချစ်ရိုသေ ရှိရသော သခင်အောင်ဆန်းကို အကဲခတ် သောအခါမှာလည်း။ အုံ့ပုံးကြီး သခင် အောင်ဆန်းမှာ ပြုံးပြုံးကြီး ခဏ ခဏ ဖြစ်နေ လေသည်။

## ဗိုလ်ချုပ် ဘိနပ်စွပ်ပေးသည့်ဝန်ကြီး။

ဟိုင်နံကျွန်း၌ စစ်ပညာသင်ကြပြီ။ ရဲဘော်သုံးကျိပ်ဝင်များ စုလင်ကြပြီ၊ ဂျပန့်စစ် ပညာသည်။ အလွန်ကြမ်း၊ အလွန်ဆန်း၊ အထူးအံ့ခမန်းတွေ ပြည့်နှက်လျက်ရှိရာ။ သခင် အောင်ဆန်းမှာ၊ အလုံးအရပ် ပြတ်ပြတ်ပင်ဖြင်ရာ။ နုနယ်သူဟု ဆိုထိုက်လေရာ။ ရဲဘော် တို့အထဲ နံပါတ် (၁) စွဲနိုင် ပါ့မလား၊ စုံစမ်းကြည့်သောအခါ၊ သခင် အောင်ဆန်းမှာ ရဲဘော်တို့အထဲတွင် စစ်ဆင်, စစ်တိုက်, သတ္တိ ဗျတ္တိ၊ အကြံဉာဏ် ထူးချွန်လျက်ပင် ဖြစ်ကြောင်း သိရလေသည်။ ဗိုလ်မင်းခေါင် (ယခုထူထောင်ရေးဝန်ကြီး) သည်၊ရဲဘော် သုံးကျိပ်တို့အထဲတွင် အငယ်ဆုံးဖြစ်ရာ။ ညီအငယ်ဆုံးကို အစ်ကိုကြီးက ယုယနည်းဖြင့်၊ သခင်အောင်ဆန်းသည်။ ယုယနိုင်၏။ အလိုဖြည့်နိုင်၏။

စစ်ပညာ တတ်မြောက်၍၊ ဂျပန်ကသည်း ဒုတိယ ကမ္ဘာ စစ်ပွဲထဲသို့ ပစ်ဝင်သော အချိန် သခင်အောင်ဆန်းခေါ် ဗိုလ်တေဇ....ခေါင်းဆောင်သည့် ရဲဘော် သုံးကျိပ်တို့ ယိုးဒယားဆိုက်ရောက်ကြပြီ။ ဘီ-အိုင်-အေ-တပ်ဖွဲ့များ တည်ထောင်ရန် အထူးစိုင်းပြင်း နေသောအချိန် ဖြစ်လေ၏။ တနေ့သောအခါ အလွန်စကား နည်းလှသော ဗိုလ်အောင် ဆန်းမှာ အစည်းအဝေးသို့သွားရန်မေ့သယောင်ယောင်ဖြစ်နေခိုက်။ ဗိုလ်မင်းခေါင်က၊

''အစ်ကိုကြီးအစည်းအဝေးရှိတယ်စကားပြောရမယ်''ဟုသတိပေးလိုက်မှ''အေး.... ဟုတ်လား'' အနည်းငယ် လှုပ်ရှားလာလေသည်။အင်္ကျီဝတ်၊ ဘောင်းဘီစွပ် ဒါးကိုချိတ်၊ ဘိနပ်ကိုစီး၍၊ ဗိုလ်မင်းခေါင်နှင့်တွဲ၍ အစည်း အဝေးသို့ လာသော အခါ၊ လမ်း ဟ လျှောက်တွင် ဗိုလ်အောင်ဆန်း၏ ဒါးသည်။ တလမ်းလုံးတရှောရှောနှင့် ဒရွတ်တိုက်နေ လေသည်။ ဗိုလ်မင်းခေါင်ငုံ့ကြည့်မှ''ဟာ....အစ်ကိုကြီး ဒါးချိတ်ပုံ မဟန်သေးပါဘူး ပြင်ချိတ်ပါအုံး''ဟု ပြောပြီး ပြင်ချိတ်ပေးရ၏။ တဖန် ဗိုလ်မင်းခေါင်က အင်္ကျီကို လိုက် ကြည့်မိရာ၊ အင်္ကျီ ကျီသီး မြောင်းပြန် တပ်ထားသည်နှင့် ပြင်ဆင် တပ်ပေးရပြန်၏။ သို့နှင့် ခရီးအတန် ရောက်သောအခါ ဗိုလ်အောင်ဆန်းက။

N.P.W.—191-16, 10000

''ညီလေးရာ ငါ့ဘိနပ်ကြပ်နေတယ်-ဘာဖြစ်လို့လဲ''ဟုမေးလေသည်။ ဗိုလ်မင်းခေါင် ဘိနပ်ကိုကြည့်သောအခါ-ဗိုလ်အောင်ဆန်း စီးထားသော ဘိနပ်သည်၊ ဘယ်နှင့် ညာ လွဲ၍နေသည်ကို တွေ့ရသည်နှင့် ပြန်ချွတ်၍ ပြန်ဝတ်ပေးလိုက်ရလေသည်။

စိန်မင်းသား (ကျည်ခထောင်ကန်-ဆရာစိန်)

---

## အခန်း ( ၂၉ )

[ယခု ဟံသာဝတီ သတင်းထောက် ကိုတင်အောင်သည် ဟိုယခင် သခင် ဘဝက ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ နိုင်ငံရေး ရဲဘော်-ရဲဘက် တပည့်တဦး အဖြစ် ကိုယ်တွေ့ တာဝန် ထမ်းဆောင် ခဲ့ရပုံကို ထည့်သွင်း ဖော်ပြလိုက် ပါကြောင်း။] (ထုတ်ဝေသူ။)

### သခင်အောင်ဆန်း နိုင်ငံခြားထွက်မသွားမီ ဇာသွန် တရားဟောသွားခြင်း။

ရေကျော်လမ်းမကြီး အိုးဘိုရပ်ကွက်တွင်ရှိသော ဗမာနိုင်ငံလုံး ဆိုင်ရာ တို့ဗမာ အစည်းအရုံး ဌာနချုပ်ဘွင် ကိုအောင်ဆန်းသည်၊ ရန်ကုန်တက္ကသိုလ်ကျောင်းမှ ထွက်လာ ပြီး၊ တို့ဗမာဝါဒကို အမိက ထားသော နိုင်ငံရေး နယ်ပယ်သို့ ခြေစုံပစ်၍ ဝင်ရောက် ခဲ့ လေသည်။ ကိုအောင်ဆန်းအမည်မှ သခင်အောင်ဆန်း အမည်သို့ ပြောင်းလိုက်သည်။

သခင်အောင်ဆန်းဖြစ်လာသည့် အချိန်တွင် ပင်နီအင်္ကျီဂုတ်ပြဲ-ချည်လုံချီ အဟောင်း ကိုဝတ်၍ ဆံပင်စုတ်ဖွါးနှင့် နေသည့်ဘဝသို့ ရောက်သွားလေသည်။ နေ့ရောညပါ အစည်း အရုံး ဌာနချုပ်၏ အိမ်ခန်းဒေါင့်တွင် ဆောင့်ကြောင့်ထိုင်-ဒူးတုတ်-လက်ပိုက်-ခေါင်းငုံ့ ကာ၊ အင်္ဂလိပ်အစိုးရလက်အောက်တွင်ကျွန်ဘဝနှင့် နေရသောဘဝမှကိုယ့်မင်းကိုယ့်ချင်း သခင်ဘဝသို့ ရောက်အောင် ဘယ်လိုလုပ်ရမည်ဆိုသော လမ်းစဉ်ကို စဉ်းစားနေသည်ကို တွေ့ရှိရပါသည်။

အပြင်ပလူများမှာ နေ့ရောညပါ အချိန်မရွေး စားကြ သောက်ကြ-ပျော်ကြ ပါးကြနှင့် အချိန်ကုန်ကြသော်လည်း။ သခင်အောင်ဆန်းမှာ ထမင်းမစား-ရေမသောက်ဘဲ နေ့ရော ညပါ လွတ်လပ်ရေးလမ်းစဉ်ကို အမြဲတွေးတောနေသည်ကိုလည်း တွေ့ကြုံဘူးပါသည်။

တခါတရံ နယ်မှတို့ဗမာအစည်းအရုံးဝင်များသည်၊ ဌာနချုပ်သို့လာရောက်ကြသည့် အခါ ဤကဲ့သို့ ဌာနချုပ်တွင်အငတ်ပြဿနာကိုတွေ့ရသဖြင့်၊ ဝမ်းနည်း၍စေတနာ ထက် သန်စွာနှင့်ကျွေးမွေးကြရာ၊ သခင် အောင်ဆန်းမှာ စားစရာမရှိခင်ကမစားဘဲ နေခဲ့သမျှ စားစရာရှိလျှင် အဝစားတတ်လေသည်။

ဤကဲ့သို့အစာငတ် ခံနိုင်သူ သခင် အောင်ဆန်းမှာ၊ သူမတူအောင် နေနိုင်ခဲ့သည့် အတွက်၊ ရာဇဝင်မှာ မှတ်တမ်းတင်စရာ ဖြစ်ပါသည်။

ဤကဲ့သို့ အငတ်ငတ်အပြတ်ပြတ်နှင့်၊ လွတ်လပ်ရေး လုပ်ငန်းစဉ်ကိုတသွေမတိမ်း လုပ် ကိုင်ခဲ့ရာမှ၊ နယ်ချဲ့အရင်းရှင်တို့အား တွန်းလှန်ဖြိုဖျက်ရန်အတွက် တော်လှန်ရေး လမ်းကို အသက်စွန့် ဆောင်ရွက်ရန် သံန္နိဋ္ဌာန် ချလိုက်သော အချိန်သို့ ရောက်ခဲ့လေသည်။

ထိုအချိန်သို့ရောက်သည့်အခါ မော်လမြိုင်မြို့၊ တို့ဗမာအစည်းအရုံးမှသခင်ထွန်းစိန်၏ မင်္ဂလာဆောင်နှင့် ဇလွန် တို့ဗမာအစည်းအရုံး ညီလာခံကို တက်ရောက်ရန် ဘိတ်ကြား ကြရာ၊ ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့မှ နာယကကြီး သခင် ကိုယ်တော်မှိုင်းကြီးအား ဇလွန် ညီလာခံသို့ တက်ရန်၊ သခင်အောင်ဆန်း နှင့် စာရေးသူတို့အား မော်လမြိုင်သို့ သွားရန် စီစဉ်ပါသည်။

သွားရမည့် အချိန် နီးသည့် အခါတွင် အစီအစဉ်ကို ပြောင်း၍ နာယကကြီး သခင် ကိုယ်တော်မှိုင် ကြီးအား မော်လမြိုင်သို့သွားရန် တောင်းပန်ပြီး ဇလွန်ညီလာခံကို သခင် အောင်ဆန်းနှင့် စာရေးသူတို့အား သွားရောက်ကြရန် အစီအစဉ်ပြောင်းလိုက်ပါသည်။

ဇလွန်သို့ သွားရန် သင်္ဘောဆိပ်အဆင်းတွင် စုံထောက်များစောင့်နေသဖြင့်၊ သခင် အောင်ဆန်းမှာ ဌာနချုပ်တွင် လက်နှိပ်စက်ရိုက်သူ သခင်ဖသောင်းရွှေအား အိပ်ရာလိပ်ကို သင်္ဘောပေါ်သို့တင်ထားရန်ပြောပြီးဇလွန်သင်္ဘောတံတားမှ အခြားသင်္ဘောတံတား တခုပေါ်သို့တက်၍သမ္ဗာန်ကိုခေါ်ကာ သင်္ဘောထွက်သည့်အခါ သမ္ဗာန်ပေါ်မှလက်ပြ ရပ်ခိုင်းရာ သင်္ဘောရပ်ပေးသဖြင့်၊သင်္ဘောပေါ်သို့တက်၍ လိုက်ပါ သွားခဲ့ကြရပါ၏။

ဇလွန်မြို့သို့ ညနေ ၆ နာရီခန့်တွင် သင်္ဘောဆိုက်ရာ၊ဇလွန်တို့ဗမာအစည်းအရုံးမှ သခင်များ အသင့်ကြိုဆိုနေကြ၏။ သခင်ကိုယ်တော်မှိုင်းကြီး ပါလာမည်အထင်နှင့်စောင့် နေကြရာ၊ သခင်အောင်ဆန်းနှင့်စာရေးသူတို့ ပါလာသဖြင့်၊ အံ့ဩစွာဖြင့် ကြိုဆို ဧည့်ခံ ကျွေးမွေးကြပါသည်။ ည ၇-နာရီအချိန် ဇလွန်မြို့ တန်ဆောင်းကြီးတွင် တရားဟောပြော ပွဲကိုသခင်အောင်ဆန်းက နယ်ချဲ့ အင်္ဂလိပ် အစိုးရ၏ ဖိနှိပ်ချုပ်ချယ်ရေးကို အမြစ်ဆုံး တိုက်ဖျက်တွန်းလှန်ပစ်ရန် တို့ဗမာသွေးချင်းသားချင်းတို့က အင်တိုက် အားတိုက် ရုန်းပြီး ဆောင်ရွက်ကြရန် တိုက်တွန်းဟောပြောရာ၊ ည ၁၂ နာရီအထိ သူ့စိတ်ထဲတွင် ရှိသမျှကို ထုတ်ဖော်ပြောခဲ့လေသည်။ ထိုအချိန်တွင် ရန်ကုန်မှ စုံထောက်များ မော်တော်ဘုတ်နှင့် ဆိုက်ရောက်လာကြ၏။

ဇလွန်မြို့တွင် တညအိပ်ပြီး၊နောက်တနေ့ နေ့လည် ၁ နာရီခွဲအချိန် ဒေါင့်ကြီးရွာ သို့သွား၍ ဟောပြောရာ ညနေ ၄ နာရီခွဲ အချိန် ဇလွန်သို့ ပြန်လာကြသည်။

## ရုံပုံငွေ ( ၁၀ ) နဲ့ ရန်ကုန်အပြန်။

ဇလွန်ဆိပ်ကမ်းတွင်၊ ရန်ကုန်သွားမည့် ဟင်းသာတမှ လာသောသင်္ဘောမှာ၊ ၄-နာရီ ၄၅-မိနစ်တွင် ဆိုက်ကပ်သဖြင့်၊ သင်္ဘော ထွက်ချိန် အမှီ၊ ဂမန်းဂတန်း သင်္ဘောပေါ်သို့ တက်သွားရပါသည်။ ဇလွန် တို့ဗမာအစည်းအရုံး အဖွဲ့ဝင်များက၊ ဌာနချုပ်ရုံပုံငွေအတွက်ငွေ (၁၀) ကို သခင်အောင်ဆန်းအား ပေးလိုက်ပါသည်။ထိုညနေ တွင်အချိန်မရ၍ထမင်းမစားရချေ၊သခင်အောင်ဆန်းမှာသူ့အိပ်ရာကိုခင်းပြီးအိပ်တော့သည်

စာရေးသူ၏ အိတ်ထဲတွင် ပိုက်ဆံတမူးသာရှိသည်။ ညနေကထမင်းမစားရဘဲလာခဲ့ ရသဖြင့် ဆာလောင်မွတ်သိပ်လျက် ရှိပါသည်။ အခန့်သင့်ပင် သမ္ဗာန်များသင်္ဘောကို ကပ်၍ရောင်းသည့် ဈေးသယ်များကိုတွေ့ရပါသည်။ ငှက်ပျောသီး၊ ကနစိုးသီးများ ပါလာ သော ဈေးသယ်တဦးထံမှ ငှက်ပျောသီးတဖီးကိုတပဲ၊ ကနစိုးသီး တတွဲနှစ်ပြားနှင့်ရောင်း

သဖြင့်၊ ငှက်ပျောသီးတဖီးနှင့် ကနစိုးသီး တတွဲကိုဝယ်ရာ ပိုက်ဆံ နှစ်ပြားအမ်းပါသည်။ အိပ်နေသော သခင်အောင်ဆန်းကို ''ဒီမှာ-ငှက်ပျောသီး စားရအောင်''ဟု နှိုးသည်ကို ရုတ်တရက် အိပ်ရာမှ မထဘဲ ''ဘာစားရမှာလဲ''ဟု မေးသေး၏။ အိပ်မှုံစုံဖွါးနှင့်ထ၍ ငှက်ပျောသီးကိုစားတော့သည်။ ငှက်ပျောသီး တဖီးမှာ ၁၀-လုံးပါရာ၊ စာရေးသူက ၂ လုံး စားရသေးသည်။ သခင်အောင်ဆန်းမှာ ၈ လုံးကုန်အောင်စား၍ ကနစိုးသီးများကိုလည်း စားပြီး ပြန်အိပ်ပါသည်။

ည ၁၀ နာရီအချိန် ဓနုဖြူမြို့သို့ သင်းဘောဆိုက်ရာ၊ သခင်ဘသိန်း (ယခု-ဘားလမ်း မန္တလေးပန်းခြံနှင့် မျက်နှာချင်းဆိုင် ဘီ-တီ-ဓါတ်ပုံတိုက်ပိုင်ရှင်) သည်၊ သင်းဘောပေါ်သို့ တက်လာသည်ကို တွေ့ရသဖြင့်၊ ဇလွန်ညီလာခံမှ ပြန်လာကြောင်းပြောပြပြီး သခင်အဖွဲ့ဝင် ဖြစ်သဖြင့် ရင်းနှီးစွာ ကျွန်တော်နဲ့ သခင်အောင်ဆန်း ထမင်းမစားရသေးသည်ကို ပြော ပြရာ၊ သခင်ဘသိန်းက ကျွန်တော်အိမ်မှာ ထမင်းနဲ့ ဟင်းတွေရှိတယ်ပြော၍ ဆင်းသွား ကာ၊ ထမင်းထုပ်ကြီး တထုပ်ကို ယူလာပါသည်။

သခင် အောင်ဆန်းမှာ အိပ်မြဲအိပ်နေပါသည်။ ထမင်းစားရန် နှိုးရာ၊ ''မင်း—သိပ်ရှုတ် ထာဘဲကွ။ငါကောင်းကောင်းမအိပ်ရအောင် ခဏ-ခဏနှိုးတာဘဲ''ဟုညည်းတွား၍ပြော လေသည်။ စာရေးသူက ထမင်း စားရအောင်လို့ ပြောပြီး ထမင်းထုပ်ကြီးကို ဖြိပြ ရာ။ ''ဟာ-ချဥ်ပေါင်ဟင်းနှင့် ငပိကျော်လှဲ့ ပါသကိုး၊ဒါဖြင့် စားရတာပေါ့ကွာ''ဟု ပြော၍ ပလုပ်ပလောင်း စားတော့သည်။

ထမင်းစားနေစဥ် ''ဒီထမင်းကို မင်း-ဝယ်သလား''ဟု မေးရာ၊ စားရေးသူက ''ကျွန်တော်ဝယ်တာ မဟုတ်ဘူး- သခင်ဘသိန်းက ထမင်းထုပ် လာပို့တာ''ဟု ပြောပြ သဖြင့် ''ဟေ-ဟုတ်လား''ဟု ပြော၍ ထမင်းကိုဝအောင်စားပြီး ပြန်အိပ်တော့သည်၊

နံက် (၆) နာရီခွဲအချိန် ရန်ကုန်ဆိပ်ကမ်းသို့ သင်းဘောဆိုက်ရာ၊သခင်အောင်ဆန်း ကိုရှာမတွေ့ဘဲ သူ့အိပ်ရာလိပ်ကြီးကိုသာ တွေ့ရသဖြင့်၊ သင်းဘောအောက်ထပ်ဆင်းပြီး ရှာရာ မတွေ့တော့ချေ။

ကျွန်တော်မှာ အခက်အခဲနှင့်ကြုံနေတော့သည်။သူ့အိပ်ရာလိပ်နှင့်ကျွန်တော့အိပ်ရာ လိပ်များကို ကူလီငှါးပြီး သယ်ခိုင်းလျှင် အနဲဆုံး တမူးပေးရမည်။ အိတ်ထဲတွင် ပိုက်ဆံ ၂-ပြားသာရှိသဖြင့် ကူလီမခေါ်ဝံ့ဘဲ ကိုယ်တိုင်ထမ်းပြီး ကမ်းပေါ်သို့အရောက် သယ် ခဲ့ရပါသည်။

သင်းဘောဆိပ်မှ ပုဇွန်တောင်ကို ဘတ်စ်ကားစီးလျှင်-၃-ပြားပေးရသည်။ ပိုက်ဆံ တပြားလိုနေရာ ခေါင်းကုတ်ပြီး စဥ်းစား၍ သူငယ်ချင်းများနှင့် တွေ့မလားဟု ကြည့် သော်လည်းမတွေ့ရပါ-စိတ်ရှုတ် လာသောကြောင့် ဘာဘဲ ဖြစ်ဖြစ် လန်ချားနဲ့ သွားရင် ပိုက်ဆံ မပေးရဘဲ-ဌာနချုပ် ရောက်မှ တယောက်ယောက်ထံမှ တောင်းပြီး ပေးမယ်ဟု စိတ်ကူးပေါ်လာပြီးလန်ချားကိုခေါ်ကာ ပုဇွန်တောင်ကိုသွားမယ် ဘယ်လောက် ပေးရ မလဲဟုမေးရာ၊ ဒ်-ပေးရမည်ဟု ပြောသဖြင့်လန်ချားစီး၍ ဌာနချုပ်သို့ရောက်ပါသည်။

အိမ်ရာလိပ် (၂) ခုကို လံခြားကုလားကို ထမ်းယူလာရန်ခိုင်းပြီး လှေကားပေါ်တက်သွားရာ၊ ဌာနချုပ် အရှေ့ခမ်း၌ သတင်းစာများ ထားသော စာပွဲတွင် ရန်ကုန် ဂေဇက်သတင်းစာကို ဘတ်နေသည်ကို တွေ့ရပါသည်။ ကျွန်တော် တက်လာသည်ကို ကြည့်လိုက်ပြီး''မင်းဘာဖြစ်လို့ နောက်ကျရတာလဲ''ဟု မေးပါသည်။ နောက်ကျတာက အိမ်ရာလိပ် (၂) ခုကို ကူလီ မငှါးနိုင်လို့ ထမ်းလာရတယ်။ ဘတ် (စ်) ကား စီးဘို့ ပိုက်ဆံ ၂–ပြားသာရှိလို့ လန်ချားကို ဒီ- ပေးမယ်ဆိုပြီး စီးလာရလို့နောက်ကျတာဘဲ''ဟု ပြောပြပြီး''လန်ချားခ-ဒီ-ပေးပါ''ဟုသခင်အောင်ဆန်းကိုပြောရာဟိုကပေးလိုက်တဲ့ငွေ-၁ဝိ ကိုအစည်းအရုံး ရုံပုံငွေစာရင်းထဲ ထည့်ပြီးလို့-ငါမပေးနိုင်ဘူးကွာဟု ပြောသောကြောင့်၊ အထွေထွေ အတွင်းရေးမှူး သခင်မောင်ထံမှ ငွေ-ဒီ တောင်းပြီး လန်ချားခ ပေးလိုက်ရပါသည်။

## သခင်အောင်ဆန်းလွတ်၍ ကျွန်တော်အဘမ်းခံရခြင်း

ဌာန ချုပ်နှင့် မျက်စောင်းထိုး နေရာတွင် ဝိုင် အင်-ဘီ-အေ-အသင်း တိုက်တွင် စုံထောက်များ အမြဲစောင့်ကြည့် နေကြသည်။ သခင် အောင်ဆန်းမှာ အိမ်ရှေ့ဆောင်ပြူတင်းပေါက်မှရပ်၍ စုံထောက်များ မြင်အောင် နေခဲ့သည်။ ဌာနချုပ်တွင် (၂) ရက် နေပြီး–ည (၇) နာရီခွဲအချိန်တွင်ဌာနချုပ်ဥက္ကဋ္ဌ-ပါလီမန်အမတ် သခင်မြသည် ကားနှင့် လာ၍ ကားပေါ်မှနေပြီး ''မင်းတို့ ထမင်း စားကြ ရရဲ့လား''ဟုမေးသဖြင့် ''ဟုတ်ကဲ့ စားပြီးပါပြီ''ဟု ပြောနေစဉ်၊ သခင်အောင်ဆန်းမှာအောက်ဆင်းသွား၍သခင်မြကားမှာ ထွက်သွားသည်ကို မြင်လိုက်ပါသည်။ ထို့ကြောင့်သခင်အောင်ဆန်းသည် သခင်မြကား နှင့်လိုက်သွားကြောင်း သိရပါသည်။

ထိုအချိန်တွင် စုံထောက်များသည် အစည်းအရုံးပေါ်တက်လာပြီး''သခင်အောင်ဆန်းရှိသလား''ဟုမေးပြီး အတင်း တက်ရောက် ရှာကြရာ၊ မတွေ့ ရတော့သဖြင့် လက်လျှော့ကာဆင်းသွားကြတော့သည်၊ ထိုအချိန်တွင်အင်္ဂလိပ် အစိုးရက သခင် အောင်ဆန်းကိုမိအောင် ဘမ်းပေးနိုင်လျှင် ဆုငွေ (၅) ပေးမည်ဟု သတင်းစာတွင် ကြော်ငြာကြလေသည်။

သခင် အောင်ဆန်း ပျောက်သွားသည့် နှစ်မှာ ၁၉၄ဝ-ခု ဇွန်လ-၅-ရက် နေ့က ဖြစ်ပါသည်။ ဇွန်လ- ၁၆-ရက်နေ့တွင် သခင်အောင်ဆန်းနှင့်အတူ သွားလာနေခဲ့သူ (စာရေးသူ) အား ည-၈-နာရီအချိန် ပုဒ်မ (၂၆) က နှင့် ဘမ်းဆီးပြီး၍ ဘားလမ်းအချုပ်ခန်းမှ မြောင်းမြထောင်၊ ထိုမှတဖန်ရွှေဘိုထောင်များတွင် အကျဉ်းခံခဲ့ရပါသည်။

သခင်ကင်အောင်။

# အခန်း (၃၀)

ယခင်က- ချင်းဝန်ကြီး-ဦးဝမ်းကိုဟော၊ ယခု-နိုင်ငံခြားရေးဌာန
အတွင်းဝန်၏ ကိုယ်တွေ့ ရေးသား ဖေါ်ပြချက် ဖြစ်ပါကြောင်း။
(ထုတ်ဝေသူ။)

## ချင်းအမြင်နှင့် ဗိုလ်ချုပ်။

ဗြိတိသျှလူမျိုးများ အုပ်စိုးစဉ်က၊ ဗိုလ်ချုပ် ရှေးဦး ပဌမ စစ်ဆေး ကြည့်ရှု သည့် စစ်တပ်မှာ၊ ချင်းတောင်တပ်ဖြစ်ပါသည်။ ဤတပ်မှာ၊ မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးများထဲမှ၊ ၁၇၉၄-ခုနှစ်တွင်၊ ကနဦး တည်ထောင်လိုက်သည့် တပ်ဖြစ်လေသည်။ ၎င်းတပ်တွင်၊ ဆီးရင်း ချင်းနှင့်-ဟွလ်ငို ချင်းလူမျိုးများ ပါဝင်လေသည်။ ချင်းလူမျိုးများထဲမှ၊ ပဌမဦးစွာ ဆူဗေဒါမေဂျာ ရာထူးကို ရသူမှာ၊ ယခု ကပ္ပတိန် ပေါ်ချင်း O.B., K.S.M , T.D.M., ဖြစ်ပါသည်။ ၁၉၄၆-ခုနှစ် ဧပြီလတွင်၊ဗိုလ်ချုပ်အောင်ဆန်း ချင်းတောင်စစ်တပ်များကိုစစ်ဆေးကြည့်ရှုစဉ်အခါကမူ၊ ၎င်းတပ်တွင်၊ ဆီးရင်း- ဟာခါး ခွင်ဆိုင်း-ထာဒိုး-နှင့် ဟွလ်ငို- ချင်းလူမျိုးများ ပါဝင် လေသည်။ ခွင်ဆိုင်း နှင့် ထာဒိုး ချင်းများမှာလည်း၊ ကလေး-ကဘော် တဘက်ရှိ၊ ဆီးရင်းနယ်ဝှမ်းနေ၊ ဆီးရင်းချင်းလူမျိုးများမှ၊ ဆင်းသက်ပေါက်ဖွား လာကြသူများ ဖြစ်ပါသည်။ ၎င်းတို့၏ ဘိုးဘွားများသည်၊ ကလေး- ကဘောချိုင့်ဝှမ်းမှ ပြောင်းရွှေ့ လာကြသူများ ဖြစ်လေသည်။ ဖေါ်ပြပါ တပ်စုများသည်၊ ယခင်က ချင်းတောင်တပ်တွင် ပါဝင်ခဲ့ကြသည့် ဂေါ်ရခါးနှင့် ကုမော တပ်စုများ၏နေရာတွင်၊ ဝင်ရောက်ခဲ့ကြလေသည်။ အဆိုပါတပ်ကို ဖွဲ့စည်းရခြင်း အကြောင်းရင်းမှာ၊ ချင်းတောင် ဒေသများကို သိမ်းသွင်းပြီးသည့်နောက်၊ ချင်းလူမျိုးများ ပုန်ကန်ထကြွကြသဖြင့်၊ ချင်းတောင်နှင့် ကလေး-ကဘော်နယ်ဝှမ်းတွင်၊ ငြိမ်းချမ်းရေး ပြန်လည်ရရှိရန် ဖြစ်လေသည်။ ထိုစဉ်က ရန်ကုန် နှင့် မန္တလေးမြို့များမှ၊ သောင်းကျန်းသူများကို နှိမ်နင်းရန် စေလွှတ်လိုက်သည့် တပ်များ မှာလည်း၊ ၎င်းဒေသများကို ငြိမ်းချမ်းအောင် မအုပ်စိုးနိုင်ခဲ့ချေ။ အကြောင်းသော်ကား၊ ချင်းလူမျိုးများမှာ၊ မွေးကတည်းက အတိုက်အခိုက် ဝါသနာပါသူများဖြစ်ကြပြီး၊ ကလေးမြို့အနီးရှိ ထူထပ်သော တောင်တန်းများကလည်း၊ ၎င်းတို့အတွက် ရန်သူများ မကျော်လွှန်နိုင်သည့် ခံတပ်ကြီးများ အဖြစ် အသုံးခံခဲ့ကြလေသည်။

ယခုခေတ် သေနင်္ဂဗျူဟာတွင်၊ ချင်းလူမျိုးများ၏ အစွမ်းအစကို၊ ပြီးခဲ့သည့် ပဌမ ကမ္ဘာစစ်ကြီးတွင် သိကြရပေသည်။ လွန်ခဲ့သည့်အနှစ် ၃၀-က၊ စစ်သားကလေးဘဝမှ တဖြည်းဖြည်းတက်လာသူ၊ ဆီးရင်းလူမျိုး ဆူဗေဒါ မေဂျာ- ငင်းဇမ်း O.B.,B.G.M. က၊ ဗိုလ်ချုပ်အား ဂုဏ်ပြုသောတပ်ကို၊လှည့်လည်ပြသလေသည်။ဗိုလ်ချုပ်သည်၊၎င်းတပ်သားများ၏ဖြတ်လတ်ပုံနှင့် စည်းကမ်းသေဝပ်ပုံကို၊အထူး သဘောကျလေသည်။ ထို့ကြောင့်လည်း၊ဗိုလ်ချုပ်ကချင်းစစ်သည်တော်များ၏ကောင်းသတင်းများကိုမကြာမကြာကြားဘူးသော်လည်း၊ ယခုမှပင် ကိုယ်တိုင်မြင်တွေ့ရပါသည်ဟု ဆူဗေဒါမေဂျာအား၊ထုတ်ဖော်

ပြောပြလေသည်။ ဗိုလ်ကြီး-ငင်းဇမ်း ကလည်း၊ ၎င်း၏စစ်သည်တော်များသည်၊နောက်ဆုတ်ပေးခြင်းကို လုံးဝနားမလည်ဘဲ၊ လျင်မြန် ဖြတ်လတ်မှုတွင်၊ ဂေါ်ရခါး- စကော့တလန်သား-စသည်တို့ထက် ညံ့ဖျင်း လိမ့်မည် မဟုတ်ကြောင်းကို၊ ဗိုလ်ချုပ်အား ရှင်းလင်းပြောပြလေသည်။ ချင်းစစ်သည်များသည်၊ မည်သည့်အခါမျှနောက်ဆုတ်မပေးဘဲ၊ယနေ့ ၎င်းတို့စစ်ရေး နိမ့်သွားလျှင်၊ နက်ဖြန် ၎င်းတို့၏ ရဲဘက်များက လာရောက် ဂလွဲစားချေမည်မှာ မလွဲပါ။ ဤသည်ကား ၎င်းတို့၏ ရေးမှတ်ထားသော ဥပဒေသာ ဖြစ်လေသည်။ ချင်းစစ်သည်တော်များသည်၊ ၎င်းတို့ဘာသာနှင့် မြန်မာဘာသာကို မသင်ယူရဘဲ၊ အင်္ဂလိပ်ဘာသာကို သင်ယူရကြောင်းကို၊ ဆူမေဒါမေဂျာထံမှ ကြားရသောအခါ၊ ဗိုလ်ချုပ်မှာ များစွာစိတ်မကောင်း ဖြစ်ရလေသည်။ ချင်းတောင်သို့ မြန်မာဘာသာကို၊ ၁၉၁၇-ခုနှစ်လောက်ကပင်၊ အမေရိကံသာသနာပြုအဖွဲ့များက စတင်ယူဆောင်ခဲ့သော်လည်း၊ဗြိတိသျှလူမျိုးတို့က ၁၉၂၅-ခုနှစ်တွင်၊ ၎င်းဘာသာကို ပယ်ဖျက် ခဲ့လေသည်။ ချင်းလူမျိုးများအား၊ လွင်ပြင်နေ ၎င်းတို့၏ ညီအစ်ကိုတော်များနှင့် စိတ်ဝမ်း ကွဲစေရန် တခုတည်းသောရည်ရွယ်ချက်ဖြင့်၊ဗြိတိသျှတို့က ဤသို့ မြန်မာဘာသာ သင်ယူခြင်းကိုပိတ်ပင်ခဲ့သည့်အကြောင်းကို သိရသဖြင့်၊ ဗိုလ်ချုပ်မှာ အထူးပင် ဒေါသ ဖြစ်မိ လေသည်။ သို့ဖြစ်၍၊ ၎င်းကုလားဘာသာအစား မြန်မာနှင့် ချင်းဘာသာကို သင်ယူရန်၊ အမြန်အစီအစဉ်များပြုလုပ်မည်ဟုဆိုလေသည်။ ထို့ပြင် ဗိုလ်ချုပ်က ချင်းလူမျိုးများမှာ၊ စစ်သားကောင်းများဖြစ်ကြသော်လည်း၊ ၎င်းတို့တမျိုးလုံးကို စစ်သည်တော်များ အဖြစ်သာ၊ အင်္ဂလိပ်အစိုးရများလုပ်ခဲ့သလို အသုံးမချလိုဘဲ၊ ပညာအရည်အခြင်းနှင့် ပြည့်စုံသူများကို၊ အုပ်ချုပ်ရေးအဖွဲ့တွင်လည်းပါဝင်စေလိုကြောင်း၊သို့မှလည်း နားလည်မှုပိုမိုရရှိမည့်အကြောင်းများကို၊ ရှင်းလင်း ပြလေသည်။ မြန်မာပြည် အတွင်းဝန်များ ရုံးသို့လည်း၊ အတွင်းဝန်လုပ်သင်ရန်၊ ပညာတတ် ချင်းများကို ခေါ်ယူလိုကြောင်း၊ အစတွင်-ဟိုက်စကူးဖိုင်နယ် သမားများကို၊ စဉ်းစားမည် ဖြစ်သည့်အကြောင်းနှင့်၊ ဗြိတိသျှတို့၏သွေးခွဲအုပ်ချုပ်မှုကြောင့်၊ချင်းတောင်ဒေသ ပညာရေးမှာ၊ပြည်မပညာရေးထက် နောက်ကျရကြောင်းများကိုပြောပြလေသည်။ ဗိုလ်ချုပ်က သူကိုယ်တိုင်လည်း ကာကွယ်ရေး အတိုင် ပင်ခံ ဝန်ကြီး ဖြစ်လာ ပြီးသည့်နောက်မှသာလျှင်၊ချင်းတောင်တပ်ရှိ ညီအစ်ကိုတော်များနှင့်၊ ဆွေးနွေးခွင့်ရရှိကြောင်းကို ပြောပြလေသည်။

### ဗိုလ်ချုပ် အောင်ဆန်း နှင့် တောင်တန်း ပင်လုံ စာချုပ်။

ပဌမတွင် မြန်မာတို့၏ လွတ်လပ်ရေး အောင်ပန်းကို၊ မြန်မာပြည် နှစ်ခြမ်းကွဲပြီးမှ ဆွတ်လှမ်း နိုင်မည် ကဲ့သို့ရင်း၊ မြန်မာပြည် အကျယ် အဝန်း၏ ၄၇-ရာခိုင်နှုန်းရှိသော နယ်ခြားဒေသတို့သည်၊ဗြိတိသျှတို့၏လက်အောက်တွင်၊ ရာသက်ပန်နေရလိမ့်မည်ဟုရင်း ထင်မှတ် ကြရ ပေသည်။ သို့သော်- ဗိုလ်ချုပ် အောင်ဆန်း သည်။ ဗြိတိသျှ အစိုးရနှင့်၊ အောင်ဆန်း-အက်တလီ စာချုပ်ကို ချုပ်ဆိုပြီးနောက်၊ပင်လုံတွင် လူမျိုးစုံကွန်ဖရင့်ကြီးကို ထမြောက် အောင်မြင်စွာ ကျင်းပ နိုင်ခဲ့ ခြင်းဖြင့်၊ ထိုမလိုလား အပ်သည့် အဖြစ်များမှ ကင်းလွတ်ခဲ့ရပေသည်။

အဆိုပါ ကွန်ဖရင့်ကြီးသို့ ဗိုလ်ချုပ် အောင်ဆန်းသည်၊ သူနှင့်အတူ ဝန်ကြီးများ ဖြစ်ကြကုန်သော၊ ဦးတင်ထွဋ်- ဆာ ဒေါင်ကြီး- ဦးအောင်ဇံဝေ နှင့်၊ ဖ-ဆ-ပ-လ-မှ၊ ဗိုလ်ခင်မောင်ကလေး၊ (ယခု- သစ်တောရေး ဝန်ကြီး။) ဗိုလ်သိမ်းဆွေ- ဦးဖေခင်၊ (ပါကစ္စတန်) သခင်-ဝတင် နှင့် ဗိုလ်ထွန်းလှ တို့ကိုပါ၊ တပါတည်းခေါ်ခဲ့လေသည်။

နယ်ခြားဒေသများမှ ထင်ရှားသည့် ခေါင်းဆောင် ပုဂ္ဂိုလ်ကြီး များမှာ၊ ညောင်ရွှေ စော်ဘွားကြီး၊ (ယခု-သမတကြီး။) ဆမားဒူးဝါး၊ ( ကချင်ဝန်ကြီး ဖြစ်လာသူ။ ) ဦးဝမ်းကိုဟော၊ ချင်းဝန်ကြီး ဖြစ်လာသူ။ ( ယခု-နိုင်ငံခြားရေးရုံး။ ) ဒူးဝါးဇော်လွန်း၊ (ကချင်) နှင့်၊ မိုင်းပွန် စော်ဘွားကြီး၊ (ကွယ်လွန်သူ-ရှမ်းဝန်ကြီး) တို့ ဖြစ်ပေသည်။

အခြားခေါင်းဆောင်များမှာ၊ ကချင်ဒေသမှ လဘန်ဂရောင်း၊ (နောင်-လွှတ်တော် အမတ်။) ဒူးဝါးဇော်ရစ်၊ (နောင်-လွှတ်တော်အမတ်၊) ဦးဂျိုး ထိန်နန်း နှင့်၊ ချင်းတောင် ဒေသမှ၊ ဦးကျော်မန်း၊ (နောင်-လွှတ်တော်အမတ်။) ဦးလှိုင်းမုံ၊ (နောင်-လွှတ်တော် အမတ်) နှင့် ဦးထောင်းဇခွတ်၊ ရှမ်းပြည်မှ တောင်ပိုင် စော်ဘွား။ (နောင်-လွှတ်တော် အမတ်။) သမခန်း စော်ဘွား နှင့်၊ ဦးထွန်းမြင့် တို့ ဖြစ်လေသည်။

ဆွေးနွေးပွဲကို ငယ်သော်လည်း၊ နယ်ခြားဒေသ၏ အချက်အခြာ ဗဟိုဖြစ်သော ပင်လုံမြို့ကလေးတွင်၊ ၃-ရက်ကြာမျှ ကျင်းပကြလေသည်။ သို့ဆွေးနွေးကြရာတွင်လည်း၊ "ဒိပလိုမေစီ" ခေါ် နည်း ပရိယာယ် များကို မသုံးဘဲ၊ ပွင့်ပွင့် လင်းလင်း ဆွေးနွေးကြလေသည်။ ထို ကွန်ဖရင့်ကြီးမှ ပေါက်ဖွား လာသည့် မကြုံဘူးသည့် ညီညွတ်မှုကြီးမှာ၊ ဗိုလ်ချုပ်၏ သန့်စင်သော စေတနာ၊ ဖြောင့်မှန်သော လမ်းစဉ်နှင့်၊ နယ်ခြားခေါင်းဆောင် များ၏ ရိုးသားမှုတို့ အပေါ်တွင်၊ အခြေတည်ခဲ့လေသည်။ ဗိုလ်ချုပ် ရိုးသားပုံ သာဓက တခုမှာ၊ တနေ့သော် သူသည် ဗိုလ်သိမ်းဆွေ တို့နှင့် အတူ၊ ချင်းကိုယ်စားလည်များရှိရာ ဝါးတဲကလေးသို့ ရောက်လာလေသည်၊ ၎င်းတဲအတွင်းတွင်၊ ချင်းကိုယ်စားလည်အဖွဲ့၏ ခေါင်းဆောင်– ဦးဝမ်းကိုဟော၊ ( နောင်–ချင်းဝန်ကြီး ) နှင့် တွေ့ကြ လေသည်၊ ဦးဝမ်းကိုဟောမှာ၊ ဗိုလ်ချုပ်ထက် ၂-နှစ်မျှငယ်ပြီး၊ ဂျပန်ခေတ်ကတိုင်းမင်းကြီးအဖြစ်၎င်း ချင်းတောင်ဒေသရှိ၊ဂျပန်ခေတ်က ချင်းကာကွယ်ရေးတပ်မတော်၏သေနာပတိအဖြစ်၎င်း တီးတိန်မြို့တွင် ဆောင်ရွက်ခဲ့ပြီး၊ ဆီးရှင်း ချင်း လွတ်လပ်ရေးတပ်မတော် ခေါ်တွင်သည့် ချင်းတောင်ဒေသ တော်လှန်ရေး လုပ်ငန်းစဉ်ကို စတင်တည်ထောင်သူတဦးဖြစ်သည့်ပြင်၊ No. 17, Indian Division နှင့်တွဲသော Chinwags ချင်းစစ်ခေါ်အာဏာပိုင်အဖွဲ့၏ အုပ်ချုပ်ရေးဗိုလ်မှူး ဖြစ်လေသည်။ ၎င်းတဲငယ်ကလေးအတွင်းတွင်၊လူငယ်ခေါင်းဆောင် ၂-ဦးသည်၊ လဘက်ရေကြမ်း တခွက်စီဖြင့်၊ ချင်းလူမျိုးများ ဆန္ဒကို၊ ပြတ်ပြတ်သားသား ဆွေးနွေးကြလေသည်။ မြန်မာပြည်မကာ၊ ချင်းတောင်နယ် အုပ်ချုပ်ရေးတွင်၊ ငွေကြေး ဖြင့် ထောက်ပန့်မည်လော ဟူသော မေးခွန်းကို၊ ဗိုလ်ချုပ်က "ဟုတ်ကဲ့" ဟု မဆုတ် မဆိုင်း ဖြေဆိုခဲ့လေသည်။ဗမာ့တပ်မတော်တွင်းရှိ၊ချင်းတပ်များ၏နောင်ရေးကို မေးသော အခါ၊ ဗိုလ်ချုပ်က လက်ရှိ ချင်းတပ် အားလုံးကို တည်မြဲ စေမည့် အပြင်၊ လွတ်လပ်သည့် နိုင်ငံတနိုင်ငံသည်၊ စွမ်းရည် သတ္တိရှိသည့် ကာကွယ်ရေးတပ်များ လိုအပ်သည့်အတိုင်း၊


**တောင်တန်း၊ ကိုယ်စားလှယ်တော်များနှင့် ဗိုလ်ချုပ်အောင်ဆန်း**
**ပင်လုံတွင် တွေ့စဉ်။**

ရှမ်းလူထုနှင့်တကွ တောင်တန်းလူထုပါချစ်ကြည်ညီမှု ရရှိခဲ့၏။



ဝဲမှယာသို့- ဦးဝမ်းကိုပေါ်၊ (ချင်း [illegible] ဆောင်)။
ဦးဖေခင်၊ (မူဆာသင် [illegible]
သိန္နီစော်ဘွား။
ဗိုလ်ချုပ်အောင်ဆန်း။
ဦးတင်ထွဋ်။
စကားစော်ဘွားနှင့် (ကျော)
ညောင်ရွှေ စော်ဘွားကြီးများဖြစ်သည်။

အမျိုးသားဘလေ့ကတိုက်မှ ရှုသည်။



ချင်းတောင်တပ်ကို ဗိုလ်ချုပ်က ပဌမအကြိမ် စစ်ဆေးနေစဉ်၊
ဆီးရှင်း ချင်း လူမျိုး ဗိုလ်ကြီး ငင်းရမ်း
ရှေ့တန်းတွင် ငေ့ဝ်လျက်ရှိ၏။

အမျိုးသားဘလောက်တိုက်မှ လှူသည်။

ဗမာ့တပ်များနှင့် အတူ တိုးချဲ့ရန် စဉ်စားပါသည်ဟု ဖြေဆိုပါသည်။ စစ်သား ကောင်းများ နယ်ခြားဒေသ- အရေး သဖြင့် ချင်းတောင် နှင့် ကချင်တောင် များမှ ထွက်ကြောင်းကို ဗိုလ်ချုပ်က အသိအမှတ် ပြုပါသည်။ နယ်ခြားဒေသ လူမျိုးများ မပါသည့် ဗမာ့ အင်အားသည်၊ ချိနဲ့မည့်နည်းတူ။ ဗမာ ကင်းမဲ့သည့် နယ်ခြားဒေသ လူမျိုးများ၏ အင်အားသည်လည်း ပြောပလောက်မည် မဟုတ်ကြောင်းကို၊ ဗိုလ်ချုပ်က နယ်ခြားဒေသ ခေါင်းဆောင်များကို၊ ရှင်းပြပါသေးသည်။ ဗမာ့အင်အား သည်၊ နယ်ခြားဒေသ လူမျိုးများနှင့် ပူးပေါင်းခြင်းအားဖြင့်၊ များစွာ တောင့်တင်း လာမည့်အကြောင်းနှင့်၊ ယခုခေတ်ကြီးတွင် အခြားနိုင်ငံ များနှင့် ရင်ဘောင်တန်း လိုက်နိုင်ရန်၊ အင်အား လိုသေးကြောင်း ကိုလည်း ထပ်လောင်းပြောဆိုပါသေးသည်။ဤမည်သောဗိုလ်ချုပ်၏သန့်စင်သော ရည်ရွယ်ချက်နှင့် သွယ်ဝိုက်ခြင်းကင်းမှုတို့သည်။ နယ်ခြားဒေသ လူမျိုး၏ ယုံကြည်ကိုးစားမှုကို၊ ရယူစေနိုင်ခဲ့လေသည်။

ဤပင်လုံညီလာခံကြီးတွင်။ ၃-ရက်တာမျှ ဆွေးနွေးတိုင်ပင်ကြပြီးနောက်၊ စာချုပ်ကို လက်မှတ်ရေးထိုးကြလေသည်။ "အောင်ဆန်း-အက်တလီ" စာချုပ်က၊ နယ်ခြားဒေသ များနှင့်စပ်လျဉ်းသည့်ကိစ္စများတွင်၊ ဘုရင်ခံကိုအကြံဉာဏ်ပေးရန်နှင့် အစိုးရအမှုဆောင် အဖွဲ့နှင့်အဆက်အသွယ်ရှိစေရန်၊နယ်ခြားဒေသမှကိုယ်စားလှယ်တော်တစုကို ခန့်ထားရန် သို့မဟုတ်- နယ်ခြား ဒေသမှ ကိုယ်စား လှယ်တော် တယောက်ကို အစိုးရ အမှုဆောင် အဖွဲ့တွင်၊ နယ်ခြား ဒေသဆိုင်ရာ အတိုင်ပင်ခံ ဝန်ကြီးအဖြစ် ခန့်ထားရန် သတ်မှတ်ခဲ့လေသည်။ နယ်ခြားဒေသကိုယ်စားလှယ်တော်များက၊ မြန်မာအစိုးရအမှုဆောင်အဖွဲ့တွင် ပါဝင် ဆောင်ရွက်ရန် သဘောတူညီကြပြီး၊ ရှမ်း,ချင်း,ကချင်, လူမျိုး ၃-မျိုး အတွက် ၎င်းအမှုဆောင် အဖွဲ့တွင် ၃-နေရာ တောင်းကြ လေသည်။ သို့-၃-နေရာ ပေးရန် ထိုအခါကမဖြစ်နိုင်ချေ။ အကြောင်းမှာ ထိုစဉ်က- ၁ ၉ ၃ ၅- မြန်မာ နိုင်ငံတော်အစိုးရ အက်ဥပဒေမှာ အတည်ဖြစ်လျက်ရှိနေသေးရာ၊ နောက်ထပ် အတိုင်ပင်ခံ ဝန်ကြီးတနေရာသာ ပေးနိုင် တော့ လေသည်။ ထို့ကြောင့် ကျန် ၂-ယောက်ကို၊ ၎င်းတို့မှာ ၎င်းတို့လူမျိုး အသီးသီး၏ ကိုယ်စားလှယ်တော်များ ဖြစ်ကြ လင့်ကစား၊ ဒုတိယ အတိုင်ပင်ခံ ဝန်ကြီး အဖြစ်သာ ခန့်ထား နိုင်ခဲ့ လေသည်။ အတိုင်ပင်ခံ ဝန်ကြီး ရာထူးကို ပေးရန် အတွက် ရှမ်း,ချင်း,ကချင်,လူမျိုးများ တိုင်ပင်ကြပြီး၊ နောင်ကို ဗိုလ်ချုပ် အောင်ဆန်း တို့နှင့်အတူ လုပ်ကြခြင်းခံရသူ၊ ရှမ်း ကိုယ်စားလှယ်တော် မိုင်းပွန် စော်ဘွားကြီး ကို ရွေး ချယ် ကြလေသည်။ ထိုစဉ်က ချင်း နှင့် ကချင် ခေါင်းဆောင် များလည်း ရှိပြီးဖြစ်နေ သည့်အပြင်၊ အကယ်၍ ရွေးကောက်ပွဲ ပြုလုပ် ပါကလည်း၊ မည်သူ မည်ဝါ ရရှိ လိမ့်မည်ကို ကြိုတင် မမြင်ကြသော်လည်း၊ ရွေးကောက်ပွဲများ ပြုလုပ်ပါက အများသဘောကြ ပိုမိုကောင်း မွန်လိမ့်မည်ဟု ယုံကြည်သည့်အတိုင်း၊ ရွေးကောက်ပွဲများကို ထပ်မံကျင်းပ ခဲ့လေသည်။ ချင်းလူမျိုးများသည်၊ ၎င်းတို့ ပင်လုံ သို့စေလွှတ်သည့်ကိုယ်စားလှယ်တော်ကိုပင်၊ချင်းပြည်မှ မှဲ့ စုစုပေါင်း၏ -၇၅- ရာခိုင်နှုန်း ကျော်ကျော်ကို ပေး၍ ရွေးချယ် လိုက်ကြ လေသည်။ ကချင် လူမျိုး များက၊ ( ဆမားဒူးဝါး ဆင်ဝါးနောင် ) ကို ရွေးချယ် ကြလေသည်။

N.P.W.—191-17, 10000

ထိုခေါင်းဆောင်နှစ်ဦးမှာ၊ ၎င်းတို့လူမျိုးအသီးသီးက ဤသို့အတိုင်ပင်ခံဝန်ကြီးများအဖြစ် ရွေးချယ်မစေလွှတ်မီကပင်၊ နယ်ခြားကွန်ဖရင့်မှာကတည်းက ဗိုလ်ချုပ်အောင်ဆန်း၏ချစ်ခင်လေးစားမှုကို ရယူခဲ့သူပုဂ္ဂိုလ်များဖြစ်လေသည်။၎င်းတို့သည် ဗိုလ်ချုပ် လုပ်ကြံခံရသည် အထိ၊ ဗိုလ်ချုပ်၏ ညာလက်ရုံးသဘွယ် အားကိုးခြင်း ခံရသူများဖြစ်လေသည်။

ပင်လုံ ကွန်ဖရင့်ကြီးသို့၊ ဗြိတိသျှဘုရင်ခံသည် ၎င်းတို့၏ ဒိုမီနီယံအတွင်းဝန် မစ္စတာ-အေဘော့တွမ်လေး ကို၊ လေ့လာကြည့်ရှုသူအဖြစ် စေလွှတ်ခဲ့လေသည်။ ထိုသူ မြင်တွေ့သွားရသည့်တခုတည်းသောအကြောင်းထူးမှာ၊ဗိုလ်ချုပ်နှင့်နယ်ခြားဒေသ ခေါင်းဆောင်များ စည်းစည်းရုံးရုံးနှင့် တဦးကိုတဦး ယုံကြည်စွာ စာချုပ်ကို သဘောတူ လက်မှတ် ရေးထိုးကြခြင်းပင် ဖြစ်လေသည်။

ဤရာဇဝင်တင်ရမည့်မြေပြန့်နှင့်တောင်ပေါ်သားများချုပ်ဆိုကြသည့်စာချုပ်ကို၊သတိတရ အထိမ်း အမှတ် ဖြစ်စေရန်၊ မော်တွန်း ကျောက်တိုင် တတိုင် စိုက်ထူရန် ဆုံးဖြတ်ကြလေသည်။ ထိုအတွက်လည်း ဗိုလ်ချုပ်က ဖ-ဆ-ပ-လ-ဥက္ကဋ္ဌအနေဖြင့်၊ ငွေ တထောင် ပေးလှူခဲ့လေသည်။ ၁၉၄၇-ခုနှစ်။ ဇန်နဝါရီလက၊ "ပင်လုံစာချုပ်ကိုလက်မှတ်ထိုးကြသည့်နေရာတည့်တည့်ပေါ်တွင်" မော်ကွန်းကျောက်တိုင် စိုက်ထူပြီးခဲ့လေပြီ။

## တောင်တန်း ကော်မရှင်။

အုပ်ချုပ်ရေးသစ်ရေးဆွဲရာတွင်၊ နယ်ခြားဒေသရှိလူမျိုးများပါဝင်ဆောင်ရွက်နိုင်ရန် အကောင်းဆုံး နည်းလမ်း ရှာဖွေ ရန်။ စုံစမ်းရေး ကော်မရှင် တခု ဖွဲ့စည်း ရမည် ဟု "အောင်ဆန်း-အက်တလီ"စာချုပ်က ဆိုလေသည်။ ဤစုံစမ်းရေးကော်မရှင်သည်၊ ဗမာ့ရာဇဝင်တွင် စာတင်ရမည့် ညီညွတ်မှုကြီးကို ဖွေးရှုသည့် လမ်းစဉ်တွင်၊ အရေးပါ အရာရောက်သည့် မှတ်တိုင်တခုဖြစ်လေသည်။

ဤရာဇဝင်တွင်ရစ်မည့် တောင်တန်းကော်မရှင်တွင် ပါဝင်ဆောင်ရွက်ကြသူများမှာ၊ ဗမာပြည်မမှ ဖ-ဆ-ပ-လ-ဒုတိယဥက္ကဋ္ဌ၊ သခင်နု (ယခုဝန်ကြီးချုပ်။) ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း။ ဗိုလ်ခင်မောင်ကလေး၊ (ယခု-သစ်တောရေးဝန်ကြီး။) နိုင်ငံခြားရေးဝန်ကြီး ဦးတင်ထွဋ် နှင့် နယ်ခြား ဒေသ ဘက်မှ ရှမ်းဝန်ကြီး - မိုင်းပွန်စော်ဘွား။ ချင်းဝန်ကြီး ဦးဝမ်းကိုဟော။ (ယခု-နိုင်ငံခြားရေး ရုံးတော်) နှင့် ကချင်ဝန်ကြီး - ဆမားဒူးဝါး တို့ ဖြစ်လေသည်။

ဗိုလ်ချုပ် အမှူးပြုသည့် ဘော်ပြပါ နယ်ခြားဒေသ စုံစမ်းရေး ကော်မရှင်တွင် ပါဝင်ကြသူ ပုဂ္ဂိုလ် များသည်၊ ယခုလက်ရှိ အစိုးရ၏ ယန္တရား ဖြစ်သော အုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲ ရာတွင်၊ ခရီး ပေါက် အောင် ဆောင် ရွက် ခဲ့သူများ ဖြစ်လေသည်။ ထိုအမျိုးသား ခေါင်းဆောင်ကြီး များသည်၊ ရှေးပဝေသဏီမှ စ၍၊ ၁၈၈၅-ခုနှစ်တွင် လွတ်လပ်ရေးဆုံးရှုံးရသည်အထိ၊ အရေးကြုံသည့်အခါ စည်းလုံးညီညွတ် ညှိနှိုင်း တိုင်ပင်ခဲ့ကြပုံ များနှင့် အနော်ရထာ, ဘုရင့်နောင်, အလောင်းဘုရား, နှင့် ဆင်ဖြူရှင်, တို့ လက်ထက်များတွင် ရရှိသည့် စည်းလုံး ညီညွတ်မှုများကို၊ ကျွန်ုပ်တို့၏ စိတ်တွင် ထင်မြင်လာအောင် ဖန်တီးနိုင်ကြလေသည်။

အလောင်းဘုရား ခေတ်လွန်သည့်နောက်မှ ဗမာပြည်သည်၊ မိုးကြိုးမှာကို မိမိဖန်တီးနိုင်သည့် လွတ်လပ်သော နိုင်ငံတော် အဖြစ်သို့ ဗိုလ်ချုပ် အောင်ဆန်း ၏ ခေါင်းဆောင်မှုဖြင့်၊ ပဌမဆုံးအကြိမ် ပြန်လည်ရောက်ရှိလေသည်။ အထက်ပါ မြေပြန့်နှင့် တောင်ပေါ်သားများ၏ စတင် လုံးပန်း မှုကြောင့်၊ နှစ်ပေါင်းများစွာက မိမိတို့ကိုယ်ကို မိမိတို့လူမျိုး တမျိုးဟု အယူရှိခဲ့ကြသည့်၊ မြန်မာပြည်ရှိ လူမျိုးကြီးများ ဖြစ်ကြကုန်သော မွန်,ရခိုင်, ဗမာ,ရှမ်း,ချင်း,ကချင်,နှင့် ကရင်,တို့သည်၊ ယခုအခါ ပြည်ထောင်စုသား အဖြစ်၊ တစုတရုံးတည်း ပေါင်းစည်း မိကြ ပေပြီ။ ထို့ပြင်- ပြည်ထောင်စု ကြီး ကြီးပွား တိုးတက်ရန် အရေးနှင့် ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုနိုင်ငံတော်ကြီး တင့်တယ်စွာ မိမိ၏နေရာကို မိမိယူနိုင်ရန်တညီတညွတ်တည်း ကြိုးစားဆောင်ရွက်ကြရန်လည်း၊ သန္နိဋ္ဌာန်ပြုပြီးကြပါပြီ။

တောင်ပေါ်သားများနှင့် ဗမာလူမျိုးများ ယခုကဲ့သို့ ချစ်ကြည်ရင်းနှီးစွာ ရှိကြခြင်း အကြောင်းရင်းမှာ၊ အခြား အကြောင်း များထက် ဗိုလ်ချုပ်၏ စွဲဆောင်နိုင်သော သတ္တိပေါ်တွင် တည်ခဲ့ သေသည်။ ကရင်, မြန်မာ, ပြန်လည် အစေးကပ်ခဲ့ကြသည် မှာလည်း၊ တောင်ပေါ်သားများက ဗိုလ်ချုပ်အပေါ်တွင်ထားရှိသည့် ကြည်ညိုလေးစားမှုကြောင့်ပင် ဖြစ်လေသည်။ ဗမာလူထု အတွက်မူကား၊ ဗိုလ်ချုပ်သည်- လူထု။ လူထုသည်- ဗိုလ်ချုပ် ခွဲ၍မရပေ။ ဤကဲ့သို့ ခွဲမရ နိုင်လောက် အောင် သွေးစည်း ကြသဖြင့်လည်း၊ အဓမ္မသမားတို့က သွေးခွဲ-ခွဲခြင်း တည်းဟူသော တခုတည်း ကျန်ရှိသည့် နည်းကို သုံးကာ၊ ဗိုလ်ချုပ်တို့ကို လုပ်ကြံခဲ့ခြင်းဖြစ်လေသည်။

မြန်မာတမျိုးလုံးသည်၊ ဗိုလ်ချုပ်ကို အကြောင်းပြု၍ ယခုကဲ့သို့သော ညီညွတ်မှုကို ရရှိခဲ့ပေသည်။ ကျွန်ုပ်တို့ရာဇဝင် နှစ်ပေါင်း ၂၀၀၀-လောက်အထိ ပြန်လည်သုံးသပ်မည်ဆိုလျှင်၊ ဤသို့သောညီညွတ်မှုမျိုးကို “အနော်ရထာမင်းစော လက်ထက်တွင်တကြိမ်” “ဘုရင့်နောင် လက်ထက်တွင်တကြိမ်” “အလောင်းဘုရား လက်ထက်တွင်တကြိမ်”နှင့် “ဆင်ဖြူရှင် လက်ထက်တွင် တကြိမ်” ပေါင်း ၄-ကြိမ်သာ၊ ရရှိခဲ့ကြောင်း တွေ့ရပေလိမ့်မည်။ ဗိုလ်ချုပ်တည်ဆောက်ခဲ့သည့်ညီညွတ်မှုမှာ၊ပဥ္စမအကြိမ်မြောက်ဖြစ်လေသည်။

၁၉၄၇-ခုနှစ်။ ဇွန်လ (၁၆) ရက်နေ့က ကျင်းပသည့်၊ တိုင်းပြုပြည်ပြု လွှတ်တော်ကြီးတွင်။ ဗိုလ်ချုပ်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေသည်၊ လူနည်းစုများ အတွက် လုံလောက်သော ကာကွယ်ချက်များ ပါရှိစေရမည်ဟု အကြံပြုသည့် အဆို-၇ ရပ်ကို တင်သွင်းခဲ့လေသည်။ ဤသည်ပင်-ဥင်းပင်လုံတွင် ပေးခဲ့သည့် ဂတိများကို၊ ပဌမအကြိမ် အကောင်အထည် ဖေါ်လိုက်ခြင်း ဖြစ်လေသည်။ ဤအချက်ကို လေးစား လိုက်နာခြင်းအားဖြင့်၊ တောင်ပေါ်နှင့် မြေပြန့်သား ခေါင်းဆောင်တို့သည်၊ အခြေခံ ဥပဒေ ရေးဆွဲကြသည့် အချိန် တလျှောက် လုံးတွင်၊ သဘောကွဲလွဲမှု အလျှင်းမရှိဘဲ၊ ပြီးဆုံးသည့်တိုင် နားလည်မှု ရရှိခဲ့လေသည်။

ဗိုလ်ချုပ်၏ ကျေးဇူးကြောင့် ကျွန်ုပ်တို့ စည်းလုံးမိကြပြီမှာ မှန်ပါသည်။ ရှမ်း,ချင်း, ကချင်,ဂျင်းဖေါ, ကရင်,ဗမာ,တို့ အမြင်မှန်ရရှိပြီး၊ အတ်ဝင်ကိုမေ့ပျောက်ခါ၊ ပိုမိုရင်းနှီးလာကြပြီဖြစ်သည်မှာလည်း မှန်ပါသည်။ သို့သော်- ပြည်ထောင်စုသားများ၏ စည်းလုံး

မှုမှာ၊ အခြေတည်စ ဖြစ်သည့် အလျောက်၊ သေးကွေး နုနယ် သေးကြောင်းကို အစဉ် မပြတ်သတိချပ်ရပေမည်။ ဤစည်းလုံးမှုကြီး မယိမ်းမယိုင်-ကျောက်စာတိုင်အလား ခိုင်မြဲ တည်တန့်နေစေရန်၊ အစွမ်းရှိသမျှ ကြိုးစားကြရပေမည်။ ကျွန်ုပ်တို့ ပြည်ထောင်စုသား အချင်းချင်းများတွင်၊ လူမျိုးရေး ခွဲခြားစိတ်များ၊ မည်သည့်အခါမျှမကိန်းအောင်းစေရန် အထူးသတိပြုရပေမည်။

## ဗိုလ်ချုပ်နှင့် နယ်စပ်ဒေသ စီမံကိန်းများ။

ဗိုလ်ချုပ်အောင်ဆန်း နယ်စပ်ဒေသရှိ တိုင်းရင်းသူ တိုင်းရင်းသားများနှင့် အဆက် အသွယ် ပြုလုပ်ရသည်မှာ မကြာလှသော်လည်း၊ ဗိုလ်ချုပ်သည် လူမသမာများ၏ လုပ် ကြံခြင်းမခံရမီ၊ ထိုဒေသများ၏ တိုးတက်ရေး စီမံကိန်း အုတ်မြစ်များကို ချပြီးခဲ့လေသည်။ ဆိုရန်တိုဗီလာတွင် နေ့စဉ်ကျင်းပခဲ့သည့်၊ ကွန်ဖရင့်များတွင် ဗိုလ်ချုပ်သည် ထိုဒေသ များ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျောက်မီးသွေး တူးဖော်ရေး နှင့် စပ်လျဉ်း သည့် ကိစ္စများအပြင်၊ စစ်ဘက်ဆိုင်ရာကိစ္စအရပ်ရပ်ကိုလည်း၊ ဆွေးနွေးခဲ့လေသည်။

နယ်စပ်ဒေသများ၏ တိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးနှင့် ပညာရေးသည်၊ အထူးသဖြင့် ချင်းနှင့်ကချင်ပြည်နယ်များအတွက်၊ အရေးအကြီးဆုံး အချက်များဖြစ်သည် ဟု ဗိုလ်ချုပ်ကအမြဲ ပြောဆိုခဲ့လေသည်။ ထိုဒေသများတွင် ရှမ်းပြည်၌ အကောင်းဆုံး လမ်းများရှိပြီး ကချင်ပြည်နယ်က ဒုတိယလိုက်လေသည်၊ ချင်းတောင် ဒေသများတွင်မူ လမ်းကောင်းဟူ၍မရှိပေ။ အစိုးရတွင် ဘဏ္ဍာရေးမလုံလောက်သဖြင့်၊ ချက်ခြင်းလက်ငင်း ဆိုသလို လမ်းများ မဖောက်လုပ်ပေးနိုင်သည်ကို ဝမ်းနည်းကြောင်းနှင့် ဇက်ကိုစလိုဗေ ကီးယားနှင့် ယူဂိုစလေဗီးယားပြည်များရှိ လူငယ်များကဲ့သို့ ဤဒေသရှိလူငယ်များကလည်း လမ်းပန်းဆောက်လုပ်ရာတွင်စေ... နှာဝန်ထမ်းကူညီဆောင်ရွက်ကြမည်ဆိုပါကအစိုးရက ကမကထ ပြုလုပ်ကာ တတ်နိုင်သမျှသော အကူအညီများကို ပေးမည် ဖြစ်ကြောင်း ဗိုလ်ချုပ်က ထုတ်ဖော်ပြောဆိုခဲ့လေသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ချင်းနယ်တွင် အလယ်တန်းကျောင်း ၃-ကျောင်းမျှသာရှိသည်ဟု ကြားသိရသဖြင့်၊ ဗိုလ်ချုပ်မှာအထူး ပင် စိတ်မကောင်းဖြစ်ရကြောင်း။ ကျောင်းသားသူငယ်များ၏ မိဘများဆောက်လုပ်ပေး သည့် အဆောက်အဦးတွင် နယ်သူနယ်သားများထံမှ ကောက်ခံ ရရှိသည့် အလှူငွေဖြင့် အထက်တန်းကျောင်း တကျောင်း ဖွင့်လှစ်ခဲ့သည်ကိုကြားသိရသဖြင့်၊ အထူးဝမ်းမြောက် လှသဖြင့် တိုင်းပြည်နှင့်အဝှမ်းကျောင်းဆရာဆရာမများနည်းပါးနေသော်လည်း၊ ဗိုလ်ချုပ် ၏ ဆန္ဒအရ ထိုကျောင်းကို အားပေးသောအနေဖြင့် အစိုးရက အသိအမှတ်ပြုလုပ်ခဲ့ရာ ထိုစဉ်ကစ၍ အဆိုပါကျောင်းမှာ နိုင်ငံတော် အစိုးရ အထက်တန်းကျောင်း တကျောင်း အဖြစ်သို့ရောက်ရှိခဲ့လေသည်။ ၁၉၄၇-ခုနှစ်က စလုပ်သော အထက်တန်းကျောင်းပေါင်း ယခု (၇) ကျောင်းရှိပြီဖြစ်ကြောင်း။

ကလေးဝရှိ ကျောက်မီးသွေးနှင့် စပ်လျဉ်း၍မူကား ဗိုလ်ချုပ်ကထိုနယ်မှ ကျောက် မီးသွေးများကို အမြန်ဆုံးတူးဖော်သင့်ကြောင်း။ ယခုအခါ ကျောက်မီးသွေးများကို အဘိုး ကြီးစွာပေး၍ အိန္ဒိယပြည်မှ ဝယ်ယူနေရကြောင်းဖြင့် ပြောဆိုသွားလေသည်။ မြန်မာပြည်

သည်၊ ဆံ, သစ်, ဘော်, အစရှိသည်တို့ကို ရောင်းချနိုင်ရုံဖြင့် တင်းတိမ်မနေဘဲ အခြား မီးသွေး စက္ကူ အဝတ်အစရှိသည့် ပြည်တွင်းသုံး ကုန်ပစ္စည်းများကို မိမိတို့ပြည်တွင်းတွင် လုံလောက်စွာရနိုင်ရန် ကြိုးစားရန် တိုက်တွန်းခဲ့လေသည်။ ကလေးဝ မီးသွေးတွင်းကို ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဂျပန်အင်ဂျင်နီယာများက တွေ့ရှိခဲ့လေသည်။ ၎င်းတို့က ဤတွင်းမှာ နောက်အလားအလာ များစွာရှိသည်ဟု ပြောကြားခဲ့လေသည်။

စစ်သည်တော်များကိုစွန့်ပါတ်သက်၍ ဗိုလ်ချုပ်က ပင်စင်ရနိုင်ရန် လုပ်သက်ရှိသူများအား ပင်စင်သွားလိုပါကသွားခွင့်ပြုရန်နှင့်အခြားစစ်သည်တော်များအား ဆက်လက်အမှုတော်ကို ထမ်းရွက်စေပြီး၊ နောက်ဖွဲ့စည်းမည့် တပ်များတွင် နည်းပြဆရာများ အဖြစ်အသုံးပြုမည်ဖြစ်ကြောင်း ပြောဆိုခဲ့လေသည်။ ဗိုလ်ချုပ်စကားအတိုင်းပင်လျှင်နှစ်များသွားသော စစ်သည်တော်များမှာ ပင်စင် ရပ္ပူနေကြပြီဖြစ်ပြီး အခြားသော မျိုးချစ် စစ်သည်တော်များမှာ လွတ်လပ်ရေး တည်တန့်ခိုင်မြဲစေရန်နောက်ထွက်လာသွားကြသော အင်္ဂလိပ်နှင့် အိန္ဒိယ အရာရှိများ၏ နေရာများသို့ တင်ပေးခြင်းခံရပြီး အမှုတော်ကို ထမ်းဆောင်လျက်ရှိကြလေသည်။

ဦးဝမ်းကိုဟော။

---

## အခန်း ( ၃၁ )

၁၉၅၀ - ပြည့်နှစ်။ ဇွန်လ ထုတ် ပဒေသာ မဂ္ဂဇင်းတွင်။ စာရေးဆရာ မန်းတင်က။ (သည့်ပြင်) သောင်းပါး၍ ကိုယ်တွေ့ ရေး ... အားပုံ ဖော်ပြ လိုက်ရပါကြောင်း။ (တည်းဖြတ်သူ။)

### နေ့ညဉ်း-အိန္ဒိယနှင့်-ကိုအောင်ဆန်း။

တက္ကသိုလ်သို့ သွားရတော့မည်။

မသွားမီ နွေဥတု ကျောင်းပိတ်ချိန်တွင်၊ မြန်မာနိုင်ငံ လုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ၏ ဒုတိယ အကြိမ်မြောက် ညီလာခံ ... ကျင်းပ ... ။ ကျင်းပသည့် နေရာကား မန္တလေးမြို့ ဗဟို အမျိုးသား အထက်တန်း ကျောင်းတွင် ဖြစ်သေးသည်။ မြန်မာပြည်အရပ်ရပ်မှ ကျောင်းသား ... အတိုင်း ... ရောက်၍ နေကြလေသည်။တက္ကသိုလ်မှ ကျောင်းသားခေါင်းဆောင်များကိုလည်း ... တွေ့မြင်ရလေသည်။ကိုအောင်ဆန်း- ကိုလှရွှေ- မန္တတာရာ ... ကိုညွန့်- ... ကိုဗဟိန်း ကိုသိန်းအောင်- ကိုခင်မောင်လေး- ကျွန်တော်လည်း ... နေရာတွင် ရောက်နေပါသည်။ ... သည့် ကျောင်းကမှ ကိုယ်စားလှယ် အဖြစ်နှင့် ရောက်ရှိနေခြင်း မဟုတ်ပါ။ သပိတ် မှောက်စဉ်က သိဟောင်း ကျွမ်းဟောင်း ရဲဘော် — ရဲ... ပါနေ သော ကြောင့် ဆောင်ရွက်ဘွယ်ကိစ္စ အဝဝ တို့ကို ကူညီ ဆောင်ရွက်၍ ရောက်ရှိနေခြင်း ဖြစ်ပါသည်။ ညီလာခံသို့ ရောက်ရှိလာကြသည့် ကျောင်းသူ-ကျောင်းသား များအား ထမင်းကျွေးရန်

''အိုးသူကြီး''အဖြစ် တာဝန်ယူ ဆောင်ရွက်ရမည့်သူမှာ။ မန္တလေးသား ကိုစိန် ဖြစ်ပါသည်။ ကျွန်တော်သည်သူ့အား အကူအညီပေးရင်း ထမင်းပွဲပြင်ခြင်း-ပုဂံသိမ်းခြင်း အစရှိသည့် ဝေယျာဝစ္စ ကိစ္စများကို လုပ်ကိုင်နေရ ပါသည်။ ကျွန်တော်တို့ မီးဖိုချောင်တာဝန်ခံများသည်၊အများကိုကျွေးပြီးသည့်နောက်ဆုံးမှ ထမင်းစားကြရပါသည်။ အများအားဖြင့် ထမင်းရေပူဟင်းပေါ် တက်တက်ပြောင်နေတတ်သည်ကများသောကြောင့် အစာငတ်ခံကြရသည်၊ညီလာခံကျင်းပရာအမျိုးသားကျောင်းကြီးသည်၊မြန်မာဆန်ဆန်ဆောက်လုပ်ထားသဖြင့်စုလစ်မွန်းချွန်များအနည်းငယ်တပ်ထားသောကြောင့်၊အလွန်ကြက်သရေရှိလေသည် ထိုကျောင်းအဆောက်အဦးမှအဆင်း မုခ် ဦး အလံတိုင် မြင့်မြင့်တွင်၊ ကျောင်းသားတို့၏ ခွပ်ဒေါင်းလံ ကြီးသည်၊ တလူလူ လွင့်နေလေသည်။ ကျွန်တော်တို့ မန္တလေးကား နေပူလှပါသည်။ ဖုံထူလှပါသည်။ မော်တော်ကား စိမ်းကြီးနှင့် ဓါတ်ရထားစိမ်းကြီး တို့သည်၊ နံနက်တခါ—နေ့လည်တခါ ဖုံသိပ်စေခြင်းငှါ၊ ဘယ်လောက်ပင် ရေဖြန်းဖြန်း နေမင်း၏ အရှိန်ကို မနိုင်နိုင်ပါ။ ခဏကြာလျှင် ဖုံတို့သည် ထမြဲတိုင်း ထကြွကုန်ပါသည်။ လမ်းမကြီးဆီမှ ဖုံတို့သည်၊ မကြာခဏပင် လေယဉ်စီးကာ ညီလာခံကျင်းပရာ အမျိုးသားကျောင်းဝင်းအတွင်းသို့ ရောက်လာကြလေသည်။

ညီလာခံ သဘင်ကြီးကား နှစ်ရက်လား - သုံးရက်လား ကြာပါသည်။ မည်သည့် အခါတွေသွင်း၍ မည်ကဲ့သို့သော မိန့်ခွန်းစကားတွေကို ပြောကြပါသလဲ၊ သည်ဟာတွေကိုတော့ ကျွန်တော်သတိမရတော့ပါ။သို့သော်-မျက်စိထဲတွင် စွဲနေရစ်သည့် ပုဂ္ဂိုလ်သုံးဦးရှိပါသည်။ သူတို့ကား"နေရူး-သူ့သမီး-အိန္ဒြာနှင့်-ကိုအောင်ဆန်း''တနေ့သောအစည်းအဝေးတွင်၊ နေရူးနှင့်သူ့သမီးအိန္ဒြာတက်ရောက်လာကြလေသည်။ သူတို့ကိုကျောင်းသားကြီးများကခရီးဦးကြိုကာအစည်းအဝေးခမ်းမကြီးအတွင်းသို့ ခေါ်ဆောင် လာလေသည်။ ဂျဝဟလာ နေရူးသည် တကိုယ်လုံးပင်တိုင်းရင်းဖြစ် အဖြူများကိုဝတ်ဆင်ထားလေသည်။ ဦးထုပ်ပါးကလေးကအဖြူ၊ အင်္ကျီခတ်ရှည်ရှည်အဖြူ၊ ဒိုတီအဖြူ၊သူ့နှာခေါင်းသည်ပေါ်လွင်၍၊သူ့မျက်လုံးအစုံသည် တောက်ပနေလေသည်။သူ့ချစ်သမီးအိန္ဒြာကားအဝါနုဆာရီကိုဝတ်ချုံ၍၊ဖခင်၏နောက်မှ ကပ်ပါလာလေသည်။ကြီးပွားရေးမဂ္ဂဇင်းများတွင်၊နေရူးကထောင်တွင်းမှ သူ့ချစ်သမီးထံ ပေးစာများကို ဖတ်ဘူးနေသည့် ကျွန်တော်သည်၊ စာရေးသူဖခင်နှင့် စာလက်ခံသူ သူ့သမီးကို အသေအချာ ကြည့်နေ မိပါ တော့သည်။ အိန္ဒြာသည် အရှေ့တိုင်း၏ အလှကို ပေါ်လွင်စေလေသည်။ နေရူးသည် မိန့်ခွန်းစကား အနည်းငယ် ပြောပြီးနောက် သမီးနှင့်အတူ ပြန်သွားလေသည်။ ငြီးလျှင် ကိုအောင်ဆန်း မိန့်ခွန်း ပြောလေတော့သည်။ သူသည် အစည်းအဝေး၏ သဘာပတိ ဖြစ်လေသည်။ ပင်နီအင်္ကျီနှင့် ပိုးလုံချီအနီကို ဝတ်ဆင်ထားလေသည်။သူသည် စကားကိုအားရပါးရပြောနေလေသည်။ ပြောစက ခတ်လေးလေးပင်- ထစ်ထစ်ငေါ့ငေါ့နှင့် ပြောနေလေသည်။ တော်တော်အရှိန်ရသောအခါ သွက်လာလေသည်။အထစ်အငေါ့လည်း အစတုံးကလောက်မရှိတော့ပါ။ ကြာလာ လေလေ- ဒေါပါလာ လေလေ၊ စားပွဲနောက်မှ ပြောနေရာမှ တဖြည်းဖြည်း စားပွဲစွန်းသို့ ရောက်လာသည်။ နောက် စားပွဲရှေ့သို့ ရောက်လာ လေသည်။နှုတ်ထောင်

နေသည့် ကျောင်းသား-ကျောင်းသူများမှာ စိတ်ဝင်စားစွာ နားထောင်နေဟန် မတူပါ။ တခါတရံ- ကြွက်စီကြွက်စီ ဖြစ်လာပါသည်။ မိန့်ခွန်းကလည်း ရှည်လျား ပါဘိသည်။ ပြောယင်း ပြောယင်းပင် သူ့လုံချိကို မ,၍ မ,၍ ဒူးနှင့် ညှပ်ထား လေသည်။ ခဏ ခဏ မ,ပါများသောအခါ၊ ဒူးပေါ်ကာ နီးလာ လေသည်။ သည်အထဲ လုံချိက ရုတ်တရက် ပြုတ်ကျ၍ ကတိုက်ကရိုက်ဖမ်းပြီး ပြန်ဝတ် ရသေးသည်။ အတော်ကြီး ကြာမှ မိန့်ခွန်း ဆုံးသွားလေ၏။ညီလာခံကြီးကျင်းပနေပုံကို ကျွန်တော့ မျက်စိထဲတွင် ရေးရေးသာမြင်ပါတော့သည်။

မန်းတင်။

---

# အခန်း ( ၃၂ )

တပ်မှူးချုပ် ဗိုလ်ကျော်ဇော ဗိုလ်ချုပ်တို့ကျဆုံးသည့် ၁၉၄၉ ခု။ ဇွန်လ (၁၉) ရက်နေ့ ၂ နှစ်မြောက် နေ့တွင်။ တပ်ပေါင်းစုံ အား ဟောပြောချက်ကို ဖေါ်ပြလိုက်ရပါကြောင်း။ (ထုတ်ဝေသူ။)

## ဗိုလ်ချုပ် ကျေးဇူး။

ရဲဘော်တို့....။

ယနေ့ ဤနေရာသို့၊ ဟပ်ပေါင်းစုံ ကိုယ်စားလှယ်များ ရောက်ရှိ ကြခြင်း အကြောင်းမှာ၊ ဗိုလ်ချုပ် အောင်ဆန်းနှင့် နိုင်ငံ ခေါင်းဆောင်ကြီး များအား၊ နှစ်ကြိမ်မြောက်ကျဆုံးသောနေ့တွင်၊ ချီးကျူးဂုဏ်ပြုရန်ဖြစ်လေသည်။ ဗိုလ်ချုပ်သည် ၁၉၄၇-ခုနှစ် ဇူလိုင်လ ၁၉—ရက်နေ့တွင်၊ လုပ်ကြံခြင်း ခံခဲ့ရပေသည်။ ကျွန်ုပ်တို့သည် ဘာကြောင့် ဗိုလ်ချုပ်ကြီးအား ချီးကျူးဂုဏ်ပြုရပါသနည်း၊ ဗိုလ်ချုပ်ကြီးအပေါ်တွင် ကျွန်ုပ်တို့နှင့်တကွ တနိုင်ငံလုံးက ဆပ်၍ မကုန်သော ကျေးဇူးများရှိ၍နေခြင်းကြောင့် ဖြစ်ပေသည်။ ကျွန်ုပ်တို့ ကျေးဇူးတင်ဂုဏ်ပြုရန် များစွာသော ဗိုလ်ချုပ် အသက်ရှိစဉ်က ဆောင်ရွက် ကြိုးပမ်းချက် အထဲတွင်။ နောင်—ရာဇဝင် သမိုင်း၌ ထင်ရှားမည့် အချက် နှစ်ချက် ရှိပါသည်။ ပဌမ နိုင်ငံတော် စည်းလုံး ညီညွတ်ရေး။ ဒုတိယမှာ နိုင်ငံ လုံးဝ ကိုယ်ပိုင် လွတ်လပ်ရေး ရရှိမှု ဖြစ်ပါသည်။ နိုင်ငံတော် စည်းလုံး ညီညွတ်ရေးတွင် ဗိုလ်ချုပ်သည် အဆင့်နှစ်ဆင့်ပြုလုပ်ခဲ့သည်။ ပဌမအဆင့်မှာ ဗမာနိုင်ငံ၏ နိုင်ငံရေးပါတီ အသီးသီးညီညွတ်ရေးနှင့် ဒုတိယမှာ အမျိုးသားညီညွတ်ရေးကို ကြိုးစားခဲ့သည်။ ပါတီညီညွတ်ရေးအတွက် ဗိုလ်ချုပ်အဘယ်မျှ အမြော်အမြင် ကြီးစွာ ပြုလုပ် ခဲ့သည်တို့မှာ၊ ဗြိတိသျှတို့အား တိုက်ခိုက် တော်လှန်ရန် ၁၉၄၁-ခုနှစ်။ ဂျပန်ပြည်တွင် ရဲဘော်သုံးကျိပ် စစ်ပညာများ လေ့ကျင့်စဉ်က စတင်၍ ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က ရဲဘော်သုံးကျိပ်မှာ တဖွဲ့တပါတီမှ လူများမဟုတ်။ ဗမာပြည်တွင် အင်အားအကြီးဆုံး သခင်ဂိုဏ်း ၂-ဂိုဏ်းက လူများဖြစ်ပေသည်။ ဗမာပြည်တွင် တဦးနှင့်တဦး အတိုက်အခံ ဆဲရေးခဲ့သော်လည်း၊ ဗြိတိသျှတို့ကို တော်လှန်ရေးအတွက် တခုတည်းသော ရည်ရွယ်ချက်ဖြင့် ဟေနံ ကျွန်းပေါ်တွင် စစ်ပညာသင်ရန်၊ ၁၉၄၁-ခုနှစ်တွင် စုရုံးမိကြသည်။ ထိုဂိုဏ်း ၂-ခု ဟေနံ ကျွန်းပေါ် ကတည်းက ညီညွတ်မှုသာလျှင်၊ ဗမာပြည်တွင်းရှိ ကျန်သခင်ပါတီ များ ညီညွတ်မည်။ ထိုသို့ညီညွတ်မှ အခြား ပါတီများ


ပူးပေါင်းလာမည်။ သို့မှသာ ဗမာပြည်တွင် ဗြိတိသျှတို့နှင့် ရေရှည်တော်လှန်ရေး တိုက်ပွဲကြီးကို အောင်မြင်နိုင်မည်ဟု မြော်မြင်ခဲ့သည်။ ထိုကြောင့် ရဲဘော်သုံးကျိပ်ကိုတဖွဲ့တည်းဖြစ်ရန် ထိုစဉ်အခါကပင် ပေါင်းစပ်ဆောင်ရွက်ခဲ့ပေသည်။

၁၉၄၆-ခုနှစ် ဗမာပြည် ဗြိတိသျှလက်မှလွတ်ရန် ကြိုးပမ်းရာတွင်၊ ပဋိမဆိုးနိုင်ငံရေးပါတီများ စုရုံးညီညွတ်ရန် လူကြီးလူငယ် လက်ဝဲ လက်ျာအားလုံးစုပေါင်းစေပြီး၊ ဖက်ဆစ်ဝါဒ တိုက်ဖျက်ရေး အဖွဲ့ချုပ်ကြီးကို ခိုင်ခိုင်မြဲမြဲ ဖွဲ့စည်းခဲ့ပေသည်။ ထိုသို့ ပါတီအသီးသီးညီညွတ်ရေးသာမက၊ ဒုတိယလူနည်းစု ရှမ်း, ကရင်, ချင်း, ကချင်, မွန်,စသော လူမျိုးညီညွတ်ရေးကို အားတိုက် အင်တိုက် စွန့်စားပြန်သည်။ ထိုသို့ ကြိုးစားသည့် အတိုင်း။ လွတ်လပ်ရေးပန်းတိုင်သို့ဝင်သောအခါ၊ လူနည်းစုများနှင့် လက်တွဲ၍ ဝင်နိုင်ခဲ့ပေသည်။ ထို့ကြောင့် ဗမာပြည်သမိုင်းတွင် ဗမာတပြည်လုံး အမျိုးသား ညီညွတ်ရေးကို လက်နက်မဆောင် မသုံးဘဲ ဆောင်ရွက်ခဲ့ရာ၊ ''ကျန်စစ်သား နှင့် ဦးအောင်ဆန်း'' တို့လောက် ဘယ်သူမှ ထမြောက် အောင်မြင်ခြင်းမရှိဟု သမိုင်းဆရာများက ဆိုပေသည်။ ဒုတိယကြိုးပမ်းမှု ဖြစ်သော ဗမာပြည် လွတ်လပ်ရေး ရရှိအောင် ဆောင်ရွက်မှုနှင့် ပတ်သက်၍ အားလုံးပင် သိရှိပြီးဖြစ်သည်။ ဗိုလ်ချုပ် အောင်ဆန်းသည် ထိုသို့ နိုင်ငံ စည်းလုံး ရေးနှင့် လွတ်လပ်ရေးကို ကြိုးပမ်း ရုံသာမက နိုင်ငံတော် စီးပွားရေးနှင့် ယဉ်ကျေးမှု မြင့်တင်ရေး ကြံစည်ကြိုးပမ်းနေစဉ်တွင်လုပ်ကြံခြင်းခံရပြီးကွယ်လွန်ခဲ့ရပေသည်။ ဤသို့သောပုဂ္ဂိုလ်အား ချီးကျူးဂုဏ်ပြုရန် ကျေးဇူးသိတတ်သော လူမျိုးတို့၏ ဝတ္တရားပင် ဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်တိုင် တိုက်ရိုက်ကျေးဇူးတင်ရှိ နေချက်မှာ၊ လက်ရှိတပ်မတော်ကြီးကို စတင်အုတ်မြစ်ချပေးခဲ့သောအချက်ဖြစ်ပေသည်။ ဒါကြောင့် ကျွန်ုပ်တို့ ဤနေရာသို့ စုရုံး ရောက်ရှိပြီး၊ ထိုပုဂ္ဂိုလ်ကြီးအားချီးကျူးဂုဏ်ပြုခြင်းဖြစ်ပေသည်။ ချီးကျူး ဂုဏ်ပြုရုံတွင်မက ကျေးဇူးကို နားလည်သူတို့အနေနှင့်ရပြီးလွတ်လပ်ရေးနှင့်နိုင်ငံတော်ကြီးပြိုကွဲမသွားရန် လက်ရှိအလုပ်တာဝန်တို့တွင် ဆထက်ထမ်းပိုးတိုး၍အမှုထမ်းကြရန် စိတ်အား ထက်သန်စွာ သန္နိဋ္ဌာန်ချကြရမည်ဖြစ်သည်။

ဤနေ့ဤအခါတွင်ကျွန်ုပ်ကထပ်လောင်းပြီး ရဲဘော်တို့အား ပြောလိုသည့်အချက်မှာ လွန်ခဲ့သော ခြောက်လအတွင်း ဗမာပြည်တွင် အနှစ် တရာအတွင်း တခါဘူးမျှ မကြုံဘူးလောက်အောင် ကြီးမားသော ဘေးအန္တရာယ်နှင့် ကြုံတွေ့ရပေသည်၊ ထိုအန္တရာယ်ကြီးကို ကာကွယ်ခဲ့သော အဓိကအင်အားစုမှာ လက်ရှိ တပ်ပေါင်းစုံ ကြီးပင် ဖြစ်ပေသည်။ ထိုအန္တရာယ်သည်မည်မျှကြီးလေး၍ တပ်ပေါင်းစုံကြီးက အဘယ်မျှအသက်ပေါင်းများစွာ စွန့်ပြီး တာဝန်ကြေပွန်စွာ ထမ်းဆောင်ခဲ့သည်ကို နောင် ရာဇဝင် သမိုင်းတို့တွင် ထင်ရှားစေလိမ့်မည်။ ကျွန်ုပ်တို့ဤကဲ့သို့ အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့သည်မှာ၊ ကျွန်ုပ်တို့တပ်ဖွဲ့အသီးသီးအချင်းချင်း ညီညွတ်မှု၊ တာဝန်ကြေပွန်မှု၊ စည်းကမ်းရှိမှု တို့ကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့ဆက်လက်ပြီး အောင်ပွဲခံနိုင်ရန်မှာလွန်ခဲ့သော ၆-လတုံးကလို စည်းလုံးညီညွတ်ရန် တာဝန်ကြေပွန်ရန်စည်းကမ်းရှိရန်ဖြစ်လေသည်။ စည်းလုံးညီညွတ်မှုရှိရန်မှာတပ်ပေါင်းစုံကြီးတွင် တပ်ဖွဲ့အမျိုးမျိုးရှိပြီး တခုတည်းသော တာဝန်ကို ထမ်းဆောင် နေရပေသည်။



ဗိုလ်ချုပ် အောင် ဆန်း
တရားဟောပြောနေပုံ။



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာပြည် နောက်ဆုံး ဘုရင်ခံ
ဆာ- ဟူးဘတ်ရန့် (စ်) တို့ ရင်းရင်းနှီးနှီး ရယ်မောပြောဆိုနေပုံ
အမျိုးသား ဘလောက်တိုက်မှ လှူသည်။

ဗိုလ်ချုပ် အောင်ဆန်း ပြုံးရယ် နေပုံ။



ဗိုလ်ချုပ် ဘုကျသည်၊ မှုံတေတေနဲ့ဟု ပြောသော်လည်း၊
ဤကဲ့သို့ ချစ်စရာကောင်းသော မျက်နှာပေးကိုလည်း
တွေ့မြင်နိုင်ပါသေးသည်။

ဓါတ်ပုံကို ကိုလှဖေထံမှ ရရှိပါသည်။ အမျိုးသားဘလောက်တိုက်မှ
ကျေးဇူးပြုသည်။

ဤတပ်ဖွဲ့တို့သည်၊ အချင်းချင်း ယုံယုံ ကြည်ကြည် ညီညီ ညွတ်ညွတ် နှင့် မပူးပေါင်းဘဲ၊ တဦးစီ ကိုယ့်ဘက်ကသာ ကြည့်ပြီးလုပ်ကြလျှင်၊ ကျွန်ုပ်တို့ရှေ့တွင် တွေ့ကြုံရမည့်ပြဿနာများကို အောင်မြင်စွာ ဖြေရှင်းနိုင်မည် မဟုတ်ပါ။ စည်းကမ်း ရှိရန်မှာ၊ ဆိုင်ရာတပ်တွင်း စည်းကမ်းတွင်သာမက၊ အပြင်လူထုနှင့်ဆက်ဆံရာတွင် လူပုဂ္ဂိုလ် လွတ်လပ်မှုမထိခိုက်စေရအောင်နှင့် တရားဥပဒေအပြင်မရောက်ရှိအောင် ဂရုစိုက်ရမည်။ တာဝန်ကြေပြွန်ရန်မှာ၊ ကျွန်ုပ်တို့သည် ဘယ်လောက်ခက်ခဲသောတာဝန်နှင့်ရင်ဆိုင်ရပေစေ မရှုံ့၊မဆုတ်၊ဖွဲ့၊နှင့် ကြေပြွန်အောင် ထမ်းရွက် ရမည်။ ကျွန်ုပ်တို့အဘို့ အောင်မြင်ခြင်းမှာ၊ တာဝန်ကြေပြွန်ခြင်းသာဖြစ်သည်။ တာဝန်မကြေပြွန်သူမှာ ဘယ်တော့မှ အောင်မြင်ခြင်း ရှိနိုင်မည်မဟုတ် တာဝန်မကြေပြွန်သူလောက် သူရဲဘောနည်းသူ၊ သတ္တိကြောင်သူ၊ တိုင်းပြည်အား သစ္စာဖေါက်သူမရှိ၊ တာဝန်ကြေပြွန်သောသူသာလျှင်၊ ရဲစွမ်းသတ္တိရှိသူ၊ တိုင်းပြည့်အား သစ္စာရှိသူဖြစ်သည်။ ထို့ကြောင့် အချုပ်အားဖြင့်ပြောလိုသည်မှာ၊ကွယ်လွန်သူ ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုရာတွင်၊ ဂုဏ်ပြုကျေးဇူး သိတတ်သူ အနေနှင့်ရင်း၊ မိမိကိုယ်ကို မိမိ ရိုသေသူ အနေနှင့်ရင်း၊ နိုင်ငံတော်တွင် ရင်ဆိုင်လျက် ရှိသော ဘေးအန္တရာယ် တို့ကို အောင်မြင်နိုင်ရန်၊ အောင်မြင် ကြောင်းတံခါး ၃-ပါး ဖြစ်သော ကျွန်ုပ်တို့ အချင်းချင်း ညီညွတ်ပါမည်၊ စည်းကမ်းရှိပါမည်၊ တာဝန် ကြေပြွန်ပါမည် ဟူ၍ရင်း၊ ဤအခါတွင် ဤနေရာ၌ သန္နိဋ္ဌာန်ချကြပါစို့....။

ဗိုလ်ကျော်ဇော (တပ်ချုပ်။

---

# အခန်း ( ၃၃ )

## ဗိုလ်ချုပ်အောင်ဆန်းအား ဝေဘန်ကြပုံ။

စာရေးဆရာမြဒေါင်းညို၏ ဝေဘန် ရေးသားပုံကို ဖေါ်ပြရာတွင်။

ရဲဘော်စာအုပ် အသင်းမှ

''အောင်ဆန်းဘာလဲ စာအုပ်ဘာကြောင့်ထုတ်ဝေရသနည်းဆိုသော်

(၁) အများပြည်သူ- လူထု- ဘတ်ရှုနိုင်ရန် အကောင်းဆုံး အများဆုံး-အပေါဆုံးနှင့် ရဲဘော်စာအုပ်အသင်းက အထူးရွေးချယ်၍ ထပ်မံထုတ်ဝေလိုက်ပါကြောင်း။

(၂) ဖ-ဆ-ပ-လ-အဖွဲ့ချုပ်ရုံးပုံငွေ၊ အသင်းရုံးပုံငွေ။ ရဲဘော်များ ကိုယ်တိုင် ရောင်းချ- ဝင်ငွေလည်း ရသဖြင့်။ ပြည်သူ-ပြည်သား- ရဲဘော်များအကျိုးငှါ။ ထုတ်ဝေပါသည်။

N.P.W.—191-18, 10000

(၃) ဤစာအုပ်၏ စာမူကို ဖြည့်စွက် ရေးလှူ သော စာရေးဆရာ-မြဒေါင်းညိုနှင့်ကြိုက်သလို ထုတ်ဝေခွင့် ပြုသော ရဲရဲတောက်- ကိုရွှေထွန်းတို့အား အသင်းမှ အထူးကျေးဇူးတင်ပါ၏။

သိမ်းဆွေ (ဗိုလ်ကြီး။)
၃၁-၁၂-၄၅ အတွင်းရေးမှူး။
ရဲဘော်စာအုပ်အသင်း။

## အောင်ဆန်း ဘာလဲ။

ရေးသူ-မြဒေါင်းညို။

### ပြည်သူ့ထုတ်ဝေချက်အတွက်အချီး။

မြဒေါင်းညိုရေးသားသော ''အောင်ဆန်းဘာလဲ'' စာအုပ်ကို ဘတ်ရှ နှစ်မြိုက်၍ ရဲဘော်စာအုပ်အသင်း မှ အလှူးထုတ်ဝေ ရောင်းချ၍ ရဲဘော်စာအုပ်အသင်း ရံပုံငွေ အတွက်စာမူကို လှူဒါန်းရန် ၂၆-၁၂-၄၅ နေ့စွဲနှင့်၊ ရဲဘော်စာအုပ်အသင်း၏ အကျိုးဆောင်ထံမှ အကြောင်းကြားစာရရှိသဖြင့်၊ စာရေးသူ၏ပြောကြားချက်အရ၊ ရဲရဲတောက် မြန်မာ့ရေးတိုက်က ရဲဘော်စာအုပ်အသင်းအား။ ''အောင်ဆန်းဘာလဲ'' စာမူ လှူဒါန်း လိုက်ပါကြောင်း။ ဤ ''အောင်ဆန်းဘာလဲ'' ပြည်သူ့ အတွက် အထူး ထုတ်ဝေချက် (ပေါ်ပြူလာ အယ်ဒီရှင်း) ၌ ဖြည့်စွက်ချက် အနည်းငယ်ပါရှိသည်။

မြဒေါင်းညို။ ၃၁-၁၂-၄၅။

---

### မူလ-အချီး။

ဗိုလ်ချုပ်အောင်ဆန်း၊သို့မဟုတ် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ဆန်း နှင့် ပတ်သက်၍ စာတပုဒ် ရေးပေးရန်၊ ရဲရဲတောက် ရွှေထွန်း၏ ပြောကြားချက် အရ၊ ''အောင်ဆန်းဘာလဲ'' အမည်တပ်သော စာအုပ်ကို ရေးသား လိုက်ရပါကြောင်း။

ဗိုလ်အောင်ဆန်းနှင့် ပတ်သက်၍ အမျိုးမျိုးထင်မြင်ချက် ဖေးနေကြသည့်အထဲတွင်၊ ဗိုလ်အောင်ဆန်းသည် မည်သူ- မည်ဝါနည်းဟု မေးနေသော လူပြိန်းများ ရှိနေသဖြင့်၊ ဗိုလ်အောင်ဆန်း အကြောင်းကို သိရှိသဖွယ်လောက် ရေးသားရန် အကြောင်းဆိုက်လာပေ သတည်း။

မြဒေါင်းညို။ ၁-၁၂-၄၅။

## အောင်ဆန်း ဘာလဲ ?

အောင်ဆန်း ဘာလဲ....
အောင်ဆန်းဟာ ကွန်မြူနစ်လား....
ဖက်ဆစ်တဲ-ဆန်နေသလား....
အေ-အက်(ဖ)အိုဟာ ဘာလဲ....
အောင်ဆန်းနဲ့ အေ-အက်(ဖ)အို-ဟာ ဘာဆိုင်သလဲ....
အောင်ဆန်းမှာ ပါတီရှိသလား....
အေ-အက်(ဖ)အို-ဟာ ပါတီလား....
အောင်ဆန်း ဘာတွေလုပ်မလဲ....
သူ့ဘာပြုလို့ လူကြိုက်, လူကြည်ညို,များသလဲ....

ဒီလို အမေးမျိုးတွေကို ယာမေးတာဟာ မကြာခဏဘဲ၊ လူတွေက အောင်ဆန်း အကြောင်း သိပ်သိချင် ကြတယ်။ အောင်ဆန်းအပေါ်မှာ အပုံကြီး မြှော်လင့်ကြတယ်၊ ဒို့ကို လွတ်လပ်ရေး ရအောင်တိုက်ပေးမှာ အောင်ဆန်းဘဲလို့ ယူဆတဲ့လူတွေက ယူဆ ကြတယ်။

ရှေ့ကိုနိုင်ငံရေးနဲ့ ဘမ်းမယ် ဆီးမယ်ဆိုကာ ကျွန်တော်တို့အသိပင်ဖြစ်တယ်။ နိုင်ငံ ရေးလုပ်တယ်ဆိုရင် ဒါတွေကို ကြောက်နေလို့ မဖြစ်၊ ဘမ်းလေ ကောင်းလေ ဆိုတာ သိစေချင်တယ်။ ကျွန်တော်တို့ဘတွေဟာ နိုင်ငံရေးကို အသက်နဲ့ လဲထားသူများဖြစ်ကြ တယ်။ ဒီအခြေရောက်နေလို့မှ မရဲစရာ ဘာရှိသလဲ၊ နိုင်ငံကိုလဲရောင်းစားမဲ့ သူများ မဟုတ်တာကိုလူထုများသိစေလိုတယ်၊ ကျွန်တော်တို့ရဲ့ညီညွတ်ရေးဟာ ရာထူးယူတဲ့ ညီညွတ်ရေးမဟုတ်၊ တိုင်းပြည်အကျိုးရှိရာရှိကြောင်းဖြစ်နိုင်ရန် ညီညွတ်ကြခြင်းဖြစ်တယ်

လို့အေ-အက်(ဖ)အို-ခေါ်ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးအောင်ဆန်းက၊ အောက်တိုဘာလ ၂၉–ရက်နေ့ အေ-အက်(ဖ) အို- ဦးစီး အဖွဲ့ အစည်း အဝေးမှာ မိန့်ကြား ခဲ့တယ်။ ဒီမိန့်ခွန်း ကိုကြည့်၊ မကြောက် တရားရယ်၊ ညီညွတ်ရေးတရားဟောတာတွေ့ရတယ်။လူတွေအကြိုမှာ ဘမ်းတယ်-ဆီးတယ်ဆိုတာကို အထူးအဆန်း လုပ်ပြောနေကြတယ်၊ အောင်ဆန်းက အနိုင်မခံ-အရှုံးမပေးဘူး၊ ညီညွတ် တယ်ဆိုတာ လွတ်လပ်ရေးရယူရေးအတွက်၊ ညီညွတ်တယ်လို့ရှင်းပြနေတယ်။ ဒီလိုပြောင် ပြောတာကို လူထုကြိုက်တယ်။ ဘာကြောင့်လဲ....လူထုရဲ့စိတ်နဲ့ တထေရာထဲ မို့လို့....

အောင်ဆန်းဟာ အလောင်းမင်းတရာ ကြီးရဲ့ လူယုံတော် ညာလက်ရုံးတဆူဖြစ်တဲ့ ပင်း,မင်းကြီး-ဦးမြရဲ့အဆက်အနွယ်တဲ့.... ဒီဦးမြဟာ ရဲဘော် ခြောက်ကျိပ် ရှစ်ရောက် စာရင်းဝင်မဟုတ်ပေမဲ့, အလောင်းမင်းဘုရားနှင့်အတူ တတိယ နိုင်ငံတော်ကြီး ဖန်ဆင်း တူထောင်တဲ့အခါမှာအမှုတော်ထမ်းရွက်ခဲ့တယ်လို့သိရတယ်အောင်ဆန်းရဲ့အဘိုးအေက သီပေါ ပါတော်မူတဲ့အခါ, အင်္ဂလိပ်ခံချတဲ့ (ရွှေလရောင်) ဘွဲ့ခံ နတ်မောက် မြို့သူကြီး ဦးမင်းယောင်ဘဲတဲ့ အဲဒီဦးမင်းယောင်နဲ့ ပတ်သက်ပြီးတော့၊သခင်ကိုယ်တော်မှိုင်း ထခါ ပြောဘူးတာကတော့၊ ဒီအင်္ဂလိပ်နဲ့တိုက်နေ တုန်း ဦးမင်းရောင်တို့မှာ ခြွယ်စီးမီးကျောက်

ရွှေသနပ်စိန်ပြောင်းနဲ့နေတော့၊ ဦးမင်းယောင်က တောင်ပူတလျှောက်, တောင်တွင်းကြီးတလျှောက်, ဘုရားတွေဝင်ဖူးပြီး၊ တပည့်တော်တို့ လွတ်လပ်ရေးရပြီး ကိုယ့်မင်း ကိုယ့်ချင်းနဲ့ နေတဲ့အခါမှာနှစ်ဖလျှုပါမယ်, ဆိုဆိုပြီး တော့ ဘုရားတွေကကြေးခေါင်းလောင်းကြီးတွေ ဖြုတ်ပြီး လက်နက်ခဲယမ်းသွန်းလုပ်သတဲ့....အဲဒါ အောင်ဆန်းရဲ့သွေးသတ္တိအကြောင်း ရင်းဘဲ။ အလုပ်လုပ်ရမယ်ဆိုရင် တုံးတိုက်တိုက်– ကျားကိုက်ကိုက် မဖြစ်မရှိရ ဖြစ်ရမယ်၊ မြို့ဝင်ရင်လဲ နွားပါရမယ် စွန့်ရမယ်။

ကျောင်းသား ဘဝမှာ ဆိုရင် အောင်ဆန်းဟာ မီးခဲဘဲ၊ မဟုတ် မခံဘူး ရိုးရိုးနေ ရိုးရိုးကြီးဘဲ၊ အုပ်ချုပ်ရေးသစ် တိုက်ဖျက်ရေးပွဲ အမျိုးသား နေ့တွေမှာ၊ တက္ကသိုလ် ကျောင်းသားတွေကို အောင်ဆန်း ခေါင်းဆောင်ပြီးတော့ ပါဝင်ခဲ့တယ်။ (လူမိုက်အလို ရှိတယ်) ဆိုတာကို ကြွေးကြော်စခဲ့တယ်။ တက္ကသိုလ်ကျောင်းသားသမဂ္ဂအတွင်းရေးမှူး ဘဝ အိုးဝေ မဂ္ဂဇင်း အယ်ဒီတာ လုပ်တုန်းက၊ အောင်ဆန်းက အိုးဝေ မဂ္ဂဇင်း ထဲမှာ (အပိစိကအမဲ့လိုက်ခွေးလွတ်ထွက်လာပြီ) ဆောင်းပါးကို ထည့်သွင်းခဲ့တယ်၊ဆောင်းပါး ရေးသူ အမည်ကို ကျောင်းအုပ်ကြီးက ထုတ်ဖော်ပြောဘို့ တောင်းဆိုတယ်၊ အယ်ဒီတာ အောင်ဆန်းက သူ့တာဝန်ခံထုတ်လို့သူ့တာဝန်ဖြစ်တယ်မပြောနိုင်ဘူးဆိုလို့ ကျောင်းအုပ် ကြီးကအောင်ဆန်းကိုနှင်ပါရော....တာဝန်ရှိသေတဲ့အောင်ဆန်း။၁၉၃၈–ခုနှစ်လောက် ကျတော့ အောင်ဆန်းကို သခင်အောင်ဆန်းရယ်လို့ ထင်ထင်ရှားရှားကြီး သိခဲ့ကြရတယ်၊ ဒီတုန်းက ဝန်ထောက်ရာထူးကို ဗြိတိသျှအစိုးရက ဖြားယောင်းပေးခဲ့တယ်လို့ သိရှိတယ်။ ၁၉၃၉–ခု။ ဧပြီလ ၆–ရက်က ၉·ရက် မော်လမြိုင် သခင်ညီလာခံသဘင်ဝယ်၊ အတွင်း ရေးမှူး အောင်ဆန်းက စစ်ကြီးဖြစ်လာရင် ဗြိတိသျှ မကူစတမ်း အဆို တင်သွင်း ခဲ့တယ်။ ၁၃၀၀–ပြည့် အရေးတော်ပုံမှာလဲ အောင်ဆန်းဟာ ကြိုးကိုင်တဦး ဖြစ်ခဲ့တယ်။ နယ်ချဲ့ စံနစ် တိုက်ဖျက်ဘို့ ညီညွတ်ရေး တပ်ဦး ဖွဲ့ချင်တာနဲ့ ထွက်ရပ်ဂိုဏ်းမှာ အတွင်းရေးမှူး ဝင်လုပ်ခဲ့တယ်။ ၁၉၄၁–ခု။ မတ်လထဲမှာ သခင် အောင်ဆန်းက အိန္ဒိယရှိတဲ့ ကုလား ခေါင်းဆောင်ကြီးတွေနဲ့ရင်းနှီးဘို့ ကုလားပြည် သွားခဲ့တယ်၊ အနောက်မြောက် နယ်စပ် ရောက်....ပက်ရှာဝ မြို့မှာ၊ ကုလား လူမျိုးတွေ ကွဲမျက်ခဲ့တဲ့ ဆာမိုက်ကယ်အိုဒိုင်းရား သတ်ဖြတ်မှုနဲ့ပတ်သက်တဲ့ မျိုးချစ်စိတ်ဓါတ်ကို ကျွန်ဘော် လှိုက်လှိုက်လှဲလှဲကြီး ချီးကျူး ပါတယ်လို့ ဟောခဲ့တယ်။ လာဟိုမြို့မှာလဲ လွတ်လပ် ရေးကို သွေးနဲ့ ရင်းနှီး ရမယ်လို့ ဟောခဲ့တယ်၊ အဲဒီတုန်းက (အမျိုးအဘွက်အသက်အသေခံမဲ့လူစွမ်းကောင်းအလိုရှိတယ် လူစွမ်းကောင်းရှာတွေ့ဘို့ သူဟာသခင့်အောင်ဆန်းဘဲ) လို့ကွယ်လွန်သူသခင်ဘိုးလှကြီး ကရေးသာခဲ့တယ်။ အဲဒီ ကတဲကဘဲ. ... တက်မဲ့မီးဟာ စအိုနဲ့ ရဲရဲဘဲ၊ အောင်ဆန်းဟာ လူကြိုက်များလာတာဘဲ စကားပြောရင် ဘု–ကူပေမဲ့ သူဟာ အလုပ် သမား ဘဲလို့ အသိ အမှတ်ပြုခဲ့ကြတယ်။ ဥရောပတိုက် မြုနစ်မြို့တော်မှာ အင်္ဂလိပ် နန်းရင်းဝန် ချိန်ဘာလင်က ဂျာမဏီ ဟစ်တလာကို အညံ့ခံလိုက်လို့ ကမ္ဘာစစ်ကြီးဟာ ကမ္ဘာ့တံခါးဝ ဆိုက်နေတာ သိတဲ့နဲ့အောင်ဆန်းဟာ ကျောင်းသားအောင်ဆန်း ဘဝကနေပြီးတော့ တော်လှန်ရေး သမား အောင်ဆန်းဖြစ်ခဲ့တယ်၊

၁၉၄၁-ခု။ ဒီဇင်ဘာလ ၂၈-ရက်နေ့၊ ယိုးဒယားပြည် ဘန်ကောက်မြို့တော် ဗမာ့လွတ်လပ်ရေးတပ် စဖွဲ့တဲ့နေရာမှာ၊ အောင်ဆန်းက ရဲဘော်တွေနဲ့အတူ ဗမာ့လွတ်လပ်ရေးအတွက် လက်မောင်းသွေးဖေါက်ပြီး သွေးသစ္စာ သောက်ခဲ့ကြတယ်။ (စားဘို့ဆိုရင် ကျောက်ခဲ, အိပ်ဘို့ဆိုရင်-မြေကြီး, ဆုလာဘ်ဆိုရင်- သေဘို့ဘဲ, ) လို့ အောင်ဆန်းက မြွှော်လင့်ချက်ကြီးနဲ့ မလိုက်ကြဘို့ ဟောပြောခဲ့တယ်။ ၁၉၄၂-ခု။ ဇန်နဝါရီလကျတော့ သခင် အောင်ဆန်း ကို "ဗိုလ်ချုပ် ဗိုလ်တေဇ" အဖြစ်နဲ့ ဘီ- အိုင်- အေ- တပ်ဦးမှာ တွေ့ရတယ်။ ဒါပေမဲ့ အောင်ဆန်းဟာ— အောင်ဆန်းဘဲ လူတွေက ဘယ်လို မြှောက်ပေမဲ့ သူကမြောက်ပါမသွားခဲ့ဘူး။ ၁၉၄၂-ခု။မေလ ၁၉—ရက်နေ့ ကန်တော်မိတ် ထမင်းစားပွဲ တခုမှာ အောင်ဆန်းက....

မိမိသည် ထမင်းစားပွဲများ ညှော်ခံပွဲများကို တက်ရောက်ရန်ဝါသနာမပါခဲ့ပါကြောင်း၊ ယနေ့ မနေသာ၍ တက်ရောက်လာသော်လည်း ရှက်ကြောင်း၊ ထမင်းစားပွဲကြီးကျင်းပညှော်ခံသူများက တိုင်းပြည် ခေါင်းဆောင်ကြီးများဟာ တိုင်းပြည်အတွက် ဆောင်ရွက်အောင်မြင်ပြီး ပြန်လာကြတယ်ဆိုတဲ့ အထိမ်းအမှတ်နဲ့ညှော်ခံခြင်းဖြစ်ကြောင်း၊ မိမိဘာမျှခြားခြားနားနား မဆောင်ရွက်ခဲ့ရသေးသဖြင့် ထမင်းမစားလိုသေးကြောင်း၊ ဗိုလ်မှူးကြီး, အာဇာနည်ကြီးဟု ချီးကျူးကြသည်ကိုလည်း မခံလိုသေးကြောင်းများနှင့် မိမိသည် မည်သည့်ပါတီမှမလိုက် မိမိကြီးမှူးသော ဗမာ့ ကာကွယ်ရေးတပ်မတော်ကြီး မှာလည်း ဘယ်ပါတီနှင့်မှ မဆိုင် တတိုင်းပြည်လုံးနှင့်သာ ဆိုင်ကြောင်း....လို့ပြောကြားခဲ့တယ်။

အားလုံးကဘဲ သခင် အောင်ဆန်းဟာ သခင် မဟုက်တော့ဘူးလို့ ပြောခဲ့ကြတယ်၊ ဟုတ်တယ်, တိုင်းပြည်မှ မလွတ်လပ်သေးဘဲ ဘာပြုလို့ ထမင်းစားပွဲတွေ လုပ်ရမှာလဲလို့ ပြောလာခဲ့ကြတယ်။ ဗိုလ်ချုပ် ဗိုလ်တေဇဖြစ်ရတာလဲ ဗမာပြည်ပြန်ရချင်တာနဲ့ဖြစ်ရတာ ရဲဘော် ၃-ကျိပ်ခေါင်းဆောင်ရတာလဲ ဒီအကြောင်းကြောင့်ဘဲ၊ ဂျပန် သွားမခေါ်ရင်လဲ အင်္ဂလိပ် ပစ်ပြေးတဲ့ဗမာပြည်ကို ဂျပန်စွပ်ဝင်လာမှာဘဲ၊

၁၉၁၆-ခု။ အိုင်ရာလန် လွတ်လပ်ရေး ကြိုးပမ်းမှုမှာ ဆာရော်ဂျာ ကေးဆ်မင်းဆိုတာ ပေါ်ခဲ့တယ်၊ သူက ဂျာမဏီက လက်နက်တွေ အိုင်ယာလန်ကျွန်း ပို့ရန် တာဝန်ကျတာဘဲ၊ အိုင်ယာလန်ကျွန်းကို ရေငုတ်သင်္ဘောနဲ့ လက်နက်တွေ ယူလာတော့ အခြေမသင့်တာနဲ့ အဘမ်းခံရပြီး အသတ်ခံရတယ်။ အဲဒီအိုင်ရစ်သူရဲကောင်းလို အောင်ဆန်း ကြိုးစားခဲ့တယ်၊

မြန်မာ ရော်ဂျာ ကေးဆ်မင်း တယောက်ပေါ်ပေါက် လာမှဖြစ်မည်ဟု ကျွန်ုပ်တို့အားလုံး သဘောကြိုက်ညီကြ၏၊ ကျွန်ုပ်၏ကိုယ်နှင့် အသက်ကိုပင် မြန်မာ ရော်ဂျာကေးဆ်မင်း အဖြစ်ယူရန် နိုင်ငံအတွက် စွန့်လှူလိုက်၏၊ ထို့ကြောင့် ၁၉၄၀-ခု။ဩဂုတ်လ ၈-ရက်နေ့ ဂျာမနီလေတပ်ကြီးက ရာဇဝင်တွင် မကြုံဘူးသောလေကြောင်း စစ်ပွဲဆင်နွှဲကာ လန်ဒန်မြို့ကြီးကို တိုက်သောနေ့ ထိုနေ့ပင် မြန်မာနိုင်ငံမှ ကျွန်ုပ်သည် တရုပ် သင်္ဘောသား စိမ်း ခန့်ခွဲမောင်းနှင်သည့်နော်ဝေးပိုင် သင်္ဘောပေါ်တွင် တိတ်တဆိတ် ပုန်းအောင်း ထွက်ခွါလိုက်ပါသွားရလေတော့သတည်း။

(အောင်ဆန်း နိုင်ငံခြားအကူရှာဖို့ ထွက်ရှာပုံတော်။)

ကျွန်ုပ်၏အဖြစ်ကား သန်းခေါင် လကွယ် တောရပ်လယ်၌ ရောက်သူပမာ ရှိနေတော့သည်၊ ကျွန်ုပ်သွားရမည့်နေရာနှင့် ပတ်သက်၍ ကျွန်ုပ်ဘာတခုမှ မသိ၊ဆွေလည်းမရှိ မျိုးလည်းမရှိ ကမ္ဘာ့ အရှေ့ပိုင်းသားသည် အရှေ့ပိုင်း အကြောင်း အတုအယောင်မျှလောက်သာ သိကြ၏၊ သိသမျှလည်းမရေရာလှ ဆိုးဝါးလေစွ။

(အောင်ဆန်းမှာ မြော်လင့်ခြင်း ကင်းသလောက် ဖြစ်နေဘီ။)

ကျွန်ုပ်အရှေ့သို့ ထွက်လာသည့် အရေးမှာ အမှောင်တိုက်တွင်းသက်ဆင်းသည့်နှင့်တူ၏ဟုကျွန်ုပ်ဆို၏။ လူငယ်တို့၏တရှူးတိုး (တိုးတိုက်,ကျားကိုက်) စိတ်၏ လှုံ့ဆော်မှုကြောင့်သာ ထွက်လာခဲ့မိခြင်း ဖြစ်သတည်း၊ အလုပ်အစီအစဉ် ဟူ၍ အတိအကျဘာမျှ ရှိသည်မဟုတ်ချေ၊ ကျွန်ုပ်၏ မြော်မြင်တတ်သမျှ ဉာဏ်ဖြင့်သာ ကြုံရမည့်အရေး ဟူသရွေ့ကို စီမံအုပ်စီးရန် ကျွန်ုပ်၏ ရဲဘော်များက အာဏာကုန် လွှဲအပ်လိုက်ခြင်း ဖြစ်လေသည်။ အစာယ်သို့ပင် ဖြစ်စေငါသည် အကယ်၍သေသွားသည့် တိုင်အောင်မြတ်သောသေခြင်းနိုင်ငံအတွက် သေခြင်းသာ ဖြစ်သည်ဟု ကိုယ့်ကိုယ်ကို ကိုယ်နှစ်သိမ့်ရတော့၏။

(အောင်ဆန်းမှာ တိုင်းပြည်နဲ့ လူမျိုးအတွက် မိမိကိုယ်နဲ့အသက်ကို ပူဇော်နေပုံ။)

ဒီစာတွေကို ဗိုလ်ချုပ် ဗိုလ်တေဇ ရေးသားခဲ့တယ်။ ကျောင်းသားဘဝက ပျံလွန်သူ အသျှင်ဦးဥတ္တမကြီးရဲ့ဟောပြောချက်တွေ ကြားနာခဲ့ရတယ်၊ အနောက်ထက်အရှေ့ဘက်ကိုအာရုံစူးစိုက်ခဲ့တယ်၊ ခု ကိုယ်တိုင် အရှေ့သို့ သွားနေရဘီ။ အိုင်ယာလန်က ရော်ဂျာကေးဆ်မင်းက သူ့ရဲဘော်တွေဆီ လက်နက်တွေ မနိုင်ဘဲ သေပွဲ ဝင်သွား ခဲ့ရတယ်။ အောင်ဆန်းမှာ ဗိုလ်တေဇဖြစ်ပြီး ဗမာပြည်ကို ဘီ အိုင် အေ ဆိုတဲ့ လက်နက်တွေပေးအပ်ခဲ့တယ်။ ဘီ အိုင် အေ က ဘီ ဒီ အေ ဖြစ်၊ ဒီအတောအတွင်း အောင်ဆန်းက ကျုပ်ဘာဖြစ်မယ် မသိသေးဘူးဗျ ကျုပ်ဘာကောင်လဲ, လို့ပြောခဲ့တယ်။ အောင်ဆန်းက ဂျပန်ဟာ ဖက်ဆစ်မှန်း သိပြီးရင်းသိပြီး ထွက်ရပ်ပေါက်ရှာနေတယ်။

၁၉၄၅-ခု၊ မတ်လ ၂၇–ရက်နေ့၊ အောက်ဗမာပြည် ဖက်ဆစ်တော်လှန်ရေးမစခင် နိပ္ပွန်သေနာပတိကြီးတွေနှင့် ဒေါက်တာဘမော်တို့ကို လှည့်စားတဲ့ တပ်မတော်စစ်မြေပြင်ထွက်ပွဲမှာ အောင်ဆန်း ဘာပြောခဲ့သလဲ၊ ဘာဂတိ ပေးခဲ့သလဲ၊ ဗမာ့အိုးအိမ် စည်းစိမ် အသက်နဲ့ ဗမာပြည်ကို အသက်နဲ့ လဲပြီး ကာကွယ် ပါ့မယ်၊ တိုက်ပါ့မယ်၊ ဆိုတာ၊ ဘီ ဒီအေ ဟာ တော်လှန်ရေး တပ်မတော် ဖြစ်ပြီး နေရာတကာ တိုင်းမှာ ဂျပန် ဖက်ဆစ် အာဏာမွှသမားတွေ မောင်းထုတ် ခဲ့တာဘဲ၊ ၁၉၄၄-ခု၊ ဩဂုတ်လ ထဲမှာ အောင်ဆန်း ကြီးမှူးတဲ့ အေ၊ အက် (ဖ) အိုင်၊ စပေါ်တာဘဲ လျှို့ဝှက်တဲ့ အဖွဲ့ချုပ်ဖြစ်ခဲ့တယ်။ ဂျပန်ဖက်ဆစ် တော်လှန်ဘို့အမျိုးသားအစို ရဖွဲ့ဘို့ အတွင်းသူပုန်အဖွဲ့ဖြစ်ခဲ့တယ်။ ဒီ အေ၊ အက် (ဖ) အိုင်၊ ဆိုတဲ့ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ဟာ ဗမာပြည်တခုထဲမှာ ပေါ်တာမဟုတ်ဘူး၊ တရုပ်ပြည် ဂျပန်ပိုင်နယ်တွေမှာ ဥရောပတိုက် ဂျာမန်ပိုင်နယ်တွေမှာ ပေါ်ခဲ့တယ်။ ဖက်ဆစ်ရှိတဲ့နေရာတိုင်းမှာ ပေါ်ပေါက်ခဲ့တယ်။

အေ၊ အက် (ဖ) အိုင်၊ ဟာပါတီတခုထဲမဟုတ်ဒီမိုကရေစီလူထုကြိုက်တဲ့ပါတီအဖွဲ့တွေ စုပြီးနယ်ချဲ့စနစ်တိုက်ဖျက်တဲ့ညီညွတ်ရေးတပ်ဦးဖွဲ့ထားတာဖြစ်တယ်အေ၊ အက် (ဖ) အိုင်၊ တွေရဲ့ လုပ်ငန်းစဉ် ကတော့ ဖက်ဆစ်တွေ မောင်းထုတ်၊ မဟာမိတ် တွေနဲ့ ပေါင်း၊ ရွေးကောက်ပွဲလုပ်၊ လွှတ်တော်ကြီးခေါ်၊ အမျိုးသားအစိုးရဖွဲ့စည်း၊ ယူဂိုဆလေဗီးယားပြည်မှာဆိုရင် ခု အေ၊ အက် (ဖ) အိုင်၊ ထောင်တဲ့အမျိုးသားအစိုးရကနေ ဘုရင်အလိုမရှိ၊ သမ္မတနိုင်ငံကြေညာလိုက်ပြီ ဗမာပြည်မှာတော့အောင်ဆန်းတို့ရဲ့ အေ၊ အက် (ဖ) အိုင်၊ ကို တိုင်းပြည်ကမသိတဲ့သူတွေလမသိကြသေးဘူးအေ၊ အက် (ဖ) အိုင်၊ ထက်အောင်ဆန်းသာ နားလည် ပါးလည် ကြတယ်။ အောင်ဆန်း ရဲတယ်၊ ရိုးတယ်၊ ရှုပ်ရှုပ် ချွံချွံ လုပ်တယ်၊ သူ့အစီအမံခံမယ်လို့ ယူဆတဲ့ လူတွေက ပေါများနေတယ်။ အဖွဲ့ချုပ်ထက် ပုဂ္ဂိုလ်စွဲနေတုန်းဘဲ၊ အောင်ဆန်းလုပ်ပေးရင် လွတ်လပ်ရေးတကယ်ရမယ်လို့ ထင်ကြတယ်။

အောင်ဆန်း နာမည်တပ်ရင် အစည်းအဝေးကြီး ခေါ်ရတယ်။ အောင်ဆန်းဆိုရင် လူချင်တန်းချင်ကြတယ်၊ အောင်ဆန်းဆိုရင် လူကြီးလာတယ်၊ အောင်ဆန်းဟာလူထုလူ ဖြစ်နေတယ်၊ ဒါ အောင်ဆန်းခေတ်ဘဲ။ ဘာကြောင့်လဲဆိုတော့ အောင်ဆန်းက လူထုကြီး အင်္ဂလိပ် မကြိုက်တဲ့အခါ အင်္ဂလိပ် ချခဲ့တယ်၊ လူထုကြီးက နိုင်ငံခြား လာကယ်ထင်မဲ့ လူတွေမျှော်တဲ့အခါ ဂျပန် ခေါ်လာတယ်။ ဂျပန်တွေ ဖက်ဆစ်ဖြစ်လို့ ဂျပန် မောင်းထုတ် ပေးစေချင်တဲ့အခါ အောင်ဆန်းက တပ်မတော်နဲ့ မောင်းထုတ်ပေးခဲ့တယ်။ အောင်ဆန်း စိတ်နဲ့ လူထုကြီးစိတ်ဟာ တထေရာထဲ၊ အောင်ဆန်းဟာ လူထုကြီးလုပ်ချင်တာ လုပ်ပေး နေတယ်၊ ကိုယ်တို့လုပ်ချင်တာကို အောင်ဆန်းလုပ်ပေးနေတယ်၊ အောင်ဆန်းဟာ ဒို့လူဘဲလို့ လူထုကယူဆတယ်။ အောင်ဆန်းဟာ လူထုလူဖြစ်နေတော့ သိပ်စဉ်းစားမနေရဘူး လူထုထဲက ပေါ်ထွက်လာတဲ့ ယူတယောက်ဖြစ်နေတော့ လူထုဆန္ဒကို သိနေတယ်။ အောင်ဆန်း ဆန္ဒဟာ လူထုဆန္ဒ၊ လူထုဆန္ဒဟာ အောင်ဆန်း ဆန္ဒ၊ ဒါနဲ့ အောင်ဆန်း လုပ်သမျှဟာ လူထု လုပ်သမျှဘဲ၊ ဒါကို အင်္ဂလိပ်အစိုးရနားလည်တယ် မြင်နေတယ်။

၁၉၄၅-ခု။ ဩဂုတ်လ ၁၉-ရက်နေ့၊ နေသူရိန် အစည်းဝေးကြီးကြည့်၊ လူထုပရိသတ် ဘယ်လောက် စည်ကားသလဲ၊ အောင်ဆန်း တွေ့ချင်လို့ ဆုံဖြိုလာတဲ့ ဘုန်းကြီးတွေ ခေါင်းရွက်သည်တွေ၊ အလုပ်ကြမ်းသမားကြီးတွေ၊ တခဲနက်ဘဲ၊ မိုးလုံးရွာထဲမှာ မိုးထဲ ကနေပြီး အောင်ဆန်း အသံကို နားခံကြတယ်၊ အောင်ဆန်း ပြောသမျှ ဟုတ်နေတယ်။ ''ဒီအစည်း အဝေးကြီးမှာ လူအားကြောင့် ရုံအထက်ထပ် ကျိုးကျတယ်၊ ပရိသတ်က အိမ်ခြေမပျက်ဘူး အောင်ဆန်းအပေါ်သာ အာရုံစိုက်နေတယ်'' လို့ သူရိယ သတင်းစာကြီးက ရေးခဲ့တယ်။ အောင်ဆန်း ကန္တီစာချုပ် ချုပ်လာခဲ့တယ်။ သီဟုဠ္ဌ သွားပြီးတော့ အင်္ဂလိပ် အကြီးအကဲ အချုပ်အခြာ တွေနဲ့ တွေ့ပြီး တပ်မတော်နဲ့ ပတ်သက်ပြီး စာချုပ်ချုပ်ခဲ့တာ၊ အောင်ဆန်းရဲ့ တပ်မတော်က ဘာမှမပြော ဗိုလ်ချုပ်လုပ်ထာ ကောင်းတယ် မှန်တယ်လို့ ယူဆ ကြတယ်။ တပ်မတော်က အောင်ဆန်း ထွက်တယ်၊ တပ်မတော်က ဗိုလ်ချုပ်လုပ်တာကောင်းတယ် မှန်တယ်လို့ယူဆကြတယ်။ စည်းကမ်း သေဝပ်ကြတယ်၊ ဗိုလ်ချုပ် အပြင်မှာရှိတာ ပိုခရီးရောက်တယ်၊ အောင်ဆန်း၏ ဘပ်ဗိုလ် များက တညီတညွတ်ထဲဆိုကြတယ်။ သတင်းစာများကလည်း စေတနာကြီးမားပါဘိ....

> ဗမာ့ တပ်မတော်မှ ဗိုလ်ချုပ် အောင်ဆန်း နုတ်ထွက် ခဲ့သော်လည်း၊ နိုင်ငံရေး ဗိုလ်တို့တွင် ခေါင်ကချုပ်ထားလျက်ပင် ရှိသဖြင့် ဗိုလ်ချုပ်အောင်ဆန်း ဟူသော ဘွဲ့ထူးကို ဆက်လက် ချီးမြှင့်လိုက်သည်။

ဟု မြန်မာ့အလင်းသတင်းစာကြီးက ကျေညာ ခဲ့လေသည်။ ယခုအခါ အောင်ဆန်းသည် နိုင်ငံရေးဗိုလ်ချုပ်ဖြစ်နေဘီ။ နိုင်ငံရေးဗိုလ်ချုပ် အောင်ဆန်းဟာ အထက် ဗမာပြည် တရားဟောတက်သွားခဲ့တယ်။ (အစည်းအဝေးကျင်းပတိုင်း ပတ်ဝန်းကျင်မိုင် ၂၀-ခန့်က သူထုများတက်ရောက်ကြသဖြင့် ထမင်းထုပ်များ ကိုယ်စီနှင့်.... ) လို့ သတင်းစာတွေက တိုင်းပြည်ကို အစီရင်ခံကြတယ်။

> ကျုပ်တို့လိုသတ္တိရှိရင် ရွေးကောက်ပွဲနဲ့ စမ်းကြည့်ပါ၊ မဲစာရင်းသယ်ယူပို့ဆောင်ရေး ကိစ္စတွေကိုလဲ အေ, အက် (ဖ) အို, က ကူပြီး လုပ်ပေးပါ့မယ်၊ ရွေးကောက်ပွဲသာ မြန်မြန်လုပ်စမ်းပါ....

လို့ အောင်ဆန်းက (ချက်လင်း) အနိုင်မခံ ကျေညာ ခဲ့တယ်။ အင်္ဂလိပ် အစိုးရ အဖွဲ့က (အောင်ဆန်း ဝန်ကြီးအဖွဲ့ပါသင့်တယ်၊ အောက်ထစ်လွှတ်တော်အမတ် လုပ်သင့်ပါတယ်) လို့ လေပြော့ ဆင်းလာတာ တွေ့ရတယ်။ ခုနှယ်များ အောင်ဆန်းက (ဒေါ်မန်စမစ် ဂိုးဘက်ခ်) (ဘုရင်ခံပြန်သွား) ဆိုရင် ဘယ့်နှယ်တုံး။

> အောင်ဆန်းမှာ အသက် ၃၀-၃၁-နှစ်ခန့်သာရှိသေးသော်လည်း၊ စစ်ရေးနိုင်ငံရေးများတွင် လွန်စွာ အမြော်အမြင်ကြီးသူဖြစ်၍ မြန်မာနိုင်ငံ၏ မာရှယ် တစ်တိုး ဟုပင် ခေါ်ဆိုနိုင်ကြောင်း၊ ကျွန်ုပ်သည် မြန်မာနိုင်ငံသို့ ရောက်ခဲ့သူဖြစ်၍ ၎င်းအား တိုင်းပြည်က မည်သို့ သဘော ထားသည်ကို သိနားလည်ခဲ့ကြောင်း....

လို့ ဗမာပြည်ရောက်ဘူးတဲ့ လေဘာအမတ် ဒရိုင်းဘတ်က ဘီလပ် အောက်ပါလီမန်လွှတ်တော်မှာ ချီးကျူးစကားပြောခဲ့တယ်။ မာရှယ်တစ်တိုး ဆိုတာကတော့ ယူဂိုဆလေးဗီးယားက ပြောက်ကျား ဗိုလ်ချုပ်အော့ဇက် (ဗ) အို့ခေါင်းဆောင်၊ လူထုခေါင်းဆောင် ဒီလိုနေရာမှာ အောင်ဆန်းနဲ့ တစ်တိုး အတူတူဘဲ၊ ဒါပေမဲ့လို့ တစ်တိုးဟာ ကွန်မြူနစ်၊ အောင်ဆန်းဟာကွန်မြူနစ်မဟုတ်ဘူး လူထုကြီးဟာကွန်မြူနစ်မဖြစ်နိုင်သလို ခုနေ လူထုလူ အောင်ဆန်းဟာ ကွန်မြူနစ် မဖြစ်နိုင်သေး၊ ပါတီနိုင်ငံရေးမှာ မပါနိုင်သေး၊ ဒါပေမဲ့ အောင်ဆန်းဟာ မျိုးချစ်ပုဂ္ဂိုလ်လူထုရဲ့ဟီးရိုး ဒီမိုကရေစီသမား ဖက်ဆစ်တော်လှန်ရေးသမားဆိုတာ သိသာနေတယ်၊ လက်ဝဲနိုင်ငံရေးသမားတွေနဲ့ တဲ့ကာကတော့အမှန်ဘဲ၊ လက်ဝဲသမားတွေက ဥာမာ ဘုရင်စံနစ်မလိုလားဘူး သမတပ်နစ်လိုလားတယ်၊ ခုနေအခါ လူထုလက်နက်နဲ့နှလုံးရည်နဲ့လွတ်လပ်ရေးကိုက်ချင်တယ်။နိုင်ငံခြားသားတွေနဲ့ရင်းနှီးစွာ ဆက်ဆံချင်တယ်။ကုဦး မြင်းတဲ့လူမျိုးရေးတရားတွေမလိုအပ်၊အောင်ဆန်းက ဒီလက်ဝဲ (နယ်ချဲ့စံနစ်အတိုက်အခံ) အယူအဆတွေ ရှိတယ်၊ သူပြောဟောချက် တွေထဲမှာ သူ့အရေးအသားတွေထဲမှာ တွေ့ရတယ်၊ လူမျိုးပြီးပွဲမစည်တဲ့အကြောင်း၊ ခု လွတ်လပ်ရေးအားသွန်တိုက်ရမဲ့အခါ ပါတီနိုင်ငံရေးတွေ သိပ်မလုပ်ကြဘို့ (မှ) တွေ့သိပ်မတီးကြဘို့ အောင်ဆန်းက မကြာခဏ သတိပေးနေတယ်၊ နိုဝင်ဘာလ ၁၈-ရက်နေ့ ရွှေတိဂုံလူထုအစည်းအဝေးမှာ (ဗိုလ်ချုပ်အောင်ဆန်း ခေါင်းတယ်ပြီး ခေါ်သော အစည်းအဝေး.... စည်းကမ်းတကျအောင်မြင်ခြင်း.... လူဝသန်း ကျော်တက်ခြင်း.... နိုင်ငံရေးရာဇဝင်တွင် မကြုံဘူးအောင်ကြီးကျယ်ခြင်း....) လို့သတင်းစာများက ရေးခဲ့ကြတယ်။

> မကြုံစဘူးအောင် များပြားသော ပြည်သူ့ အစည်းအဝေး၏လူထုသည် ဗိုလ်ချုပ်အောင်ဆန်းကို ကြောက်၍ ခြိမ်းချောက်၍ သွားကြရသော လူထုဖြစ်သည်ဟု ဆင်ပြောင်ကို ယင်ကောင်ဖြစ်အောင် ပြောတတ်သော လူမသမာတို့၏ စကားသည်၊ လွတ်လပ်ရေးကို မြတ်နိုးသော လူထုအား စော်ကားရာရောက်သည့်လို့ ချီးကျူးခဲ့ကြတယ်....။

အောင် ဆန်း ဟာ လူထု လူ။ အောင်ဆန်း ဟာ လူထု လူ မဟုတ်ရင် ဗိုလ်ချုပ် အောင်ဆန်း မဟုတ်။ ဗိုလ်စုတ် အောင်ဆန်း ဖြစ်မယ် လို့ ဝေဘန် ကြတယ်။ ဒီစကား ခု သွေးထွက်အောင်မှန်နေတယ်။

> ဒီမှာ ကျုပ်တို့နဲ့ ဘုရင်ခံနဲ့ ဖြစ်နေတာကိုလဲ သူတို့သိရက်သားနဲ့ ဒီနိုင်ငံက ကြိုက်လို့ အေးနေသလိုလို ရေးတာ တွေ့လဲရှိတယ်။ ဒီနိုင်ငံကိုတော့ ဖရေးမကြီးသလိုထားကြတယ်။ ကျုပ်တို့ အေးချမ်းသာယာတဲ့နည်းနဲ့ နိုင်ငံရေး စခန်းသွားဘို့ လုပ်နေကြတာဘဲ။
>
> ငိုတတ်တဲ့ကလေး နို့တို့ရတယ်ဆိုတာလို ဆူပူမှ အခွင့်အရေးရတော့မလို ဖြစ်နေဘီ။ ဆူပြဘို့မခဲယဉ်းဘူး။ လုပ်ရဲတယ်,လုပ်နိုင်တယ်၊ ရွေးလာမဲ့စစ်ကြီး မှာ အနုမြူကို ဘယ်သူမှ မသုံးဝံ့ပါဘူး။ သူ့မှာလဲ အနုမြူနဲ့ ကိုယ့်မှာလဲ အနုမြူနဲ့ ဖြစ်နေမှာဘဲ၊ အနုမြူကိုကြောက်ဘို့ မလိုပါဘူး။

N.P.W.- 191-19- 10000

> နိုင်ငံရေး အာဏာကို ပေးသည်ဖြစ်စေ၊ မပေးသည် ဖြစ်စေ၊ ကျုပ်တို့ လက်ဝယ်ရောက်ဘို့နီးပြီ။ ရတဲ့အခါကျတော့မှ လုံခြုံစွာ ထိန်းသိမ်းထားဘို့ အရေးကြီးတယ်—။

လို့ အောင်ဆန်းက ဖက်ဆစ်ဘုရင်ခံနဲ့ အင်္ဂလိပ်အစိုးရအဖွဲ့ကို အရှုံးပေး(ချက်လင်း) လုပ်ပြန်ပြီ။ ဘိလပ်သွားဘို့ ရုံပုံငွေ ကောက်တာ ရန်ကုန်တွင်ဘဲ တသိန်းရတယ်၊ ဒါပြည်သူ့ ချွေးနည်းစာနဲ့ ပြည်သူ့ဆန္ဒ ဖေါ်ပြနေတယ်၊ ခု တသန်း လိုချင်တယ် ဆိုရင်လဲ ရမှာဘဲ။ အောင်ဆန်းတို့ ဘိလပ်သွားဘို့အကြောင်းနဲ့ ပတ်သက်ပြီး၊ အမျိုးမျိုး ပြောကြတာဘဲ၊ ဘုရားဖူးဘို့လား။ အဖူးအမျှော်တွက်ဘို့လား၊ လွတ်လပ်ရေးမှာ ခရေစ်စမက် ပါဆယ်ထုပ်ကလေး သဖွယ် လန်ဒန်မြို့မှာ ရမယ်မဟုတ်....တဲ့။ အောင်ဆန်းတို့ ဘိလပ်သွားတာ ဝန်ကြီးအဖွဲ့ပြန်ဖွဲ့ဘို့အတွက်မဟုတ်။ ဗမာ့အကြောင်းကို ကမ္ဘာကသိဘို့ ဘိလပ်ဟစ်တိုင်ကားအော်ဘို့ဘဲ၊ ကမ္ဘာ့တရားရုံးကြီးရှေ့မှာ အယူခံတက်ဘို့ဘဲ၊ ရွေးကောက်ပွဲကြီး အမြန်ကျင်းပဘို့ဘဲ။ ဘိလင်အလုပ်သမားအမတ်ဒရိုင်းဘတ် လာရောက်စဉ် မင်္ဂလာရှိသောညှော်ခံပွဲတပွဲ၌ ခရမ်းရောင်ခန်းဆည်း၊ ခရမ်းရောင် စားပွဲခင်းကျောပြု၍ ခရမ်းရောင် တဘက်တင်လျက် ခရမ်းရောင်လုံချည် ဝတ်ဆင်ထားသော အသက် ၄၀ နှီးရှိသော စုံပြေ ထယ်ဝါသော ဗမာ အမျိုးသမီးကြီး တဦးသည်၊ ဒရိုင်းဘတ်ကို ညှော်ခံနေစဉ်၊ ဗိုလ်ချုပ် အောင်ဆန်းမှာဒရိုင်းဘတ်နှင့် မျက်နှာချင်းဆိုင် ဆိုဖါပေါ်ထိုင်နေပြီး အတွေးနက်ဝင်နေ ရာမှ၊ တစုံတခု သတိရတာနဲ့ ရှေ့တိုးပြီး ပေါင်ပေါ် လက်တင်ကာ သူများစကားကြော ဝင်ဖြတ်လိုက်ထာက.....။

> မစ္စတာ ဒရိုင်းဘတ် - ကျွန်တော်တို့က ဗြိတိသျှ နယ်ချဲ့စံနစ်ကို ပုန်းရှိုး ကွယ်ရှိုးနဲ့ တိုက်ဖျက်နေတာ မဟုတ်ဘူး။ တေ့တေ့ဆိုင်ဆိုင် ပေါ်ပေါ်လွင် လွင်ကြီး ရင်ဆိုင်တိုက်ဖျက်နေတာအင်္ဂလိပ်မိတ်ဆွေတွေကို ပြန်ပြောလိုက်ပါ။

လို့ အသံမတွက်ဘဲ ရယ်ပြီး ပြောရာ။ ဒရိုင်းဘတ်က ဆိတ်ငြိမ်စွာ နားထောင်သွား ရှာတယ်။ ဒါဟာ အောင်ဆန်းရဲ့ သဘောနဲ့ အလုပ်ဘဲ။ ဒါဟာ ဗမာလူထုရဲ့ သဘော နဲ့ အလုပ်ဘဲ။

မြဒေါင်းညို။

---

(ဗိုလ်ချုပ်အသက်ရှင်လျက်ရှိနေစဉ် တန်ခိုးကြီးတိုး''မြဒေါင်းညို''ဝေဘန် ရေးသားတင်ပြသည့် ဆောင်းပါးဖြစ်ပါသည်။ စာအုပ် ၅၀၀၀-ထုတ်ဝေ ရောင်းချခဲ့ရပါသည်။ ရှေ့အခန်းတွင် ဒဂုန်တာရာ၏ ဗိုလ်ချုပ်ကို လှော့လာ ဝေဘန်ချက်မှာ ပိုမိုပြင်းထန်၍ ပုဂ္ဂိုလ်စွဲပါသည်ဟုစာရေးဆရာများက ပြောကြ ရေးကြပါသည်။ ဤအချက်များ၊ မှန်,မမှန် စာဘတ်သူများ၊ စဉ်းစား ဝေဘန် ဘတ်ရှုကြရန် တက္ကသိုလ်နေဝင်း [ဗိုလ်ထွန်းလှ]၏ ကိုယ်တွေ့ ဗိုလ်ချုပ်နှင့် ဆွေးနွေးတင်ပြသောဆောင်းပါးကိုလည်း ထည့်သွင်းဖေါ်ပြထားပါကြောင်း)

(ထုတ်ဝေသူ။)

# အခဏ်း ( ၃၄ )

ဗိုလ်ချုပ်အသက်ရှိစဉ် တာရာမဂ္ဂဇင်း ပဌမဆုံးထုတ်တွင် စာရေးဆရာ
ဒဂုန် တာရာ၏ ဝေဘန်ချက်ကို ဖေါ်ပြလိုက်ရ ပါကြောင်း။
(ထုတ်ဝေသူ။)

## အောင်ဆန်း-သို့မဟုတ်-အရှိန်း။

သူ၏အောက်မှလူထုကြီးသည်။ စည်းကမ်းသေဝပ်ခြင်း အတန်ငယ် ကင်းမဲ့စွာ နား ထောင်လျက်ရှိ၏။ လူထုကြီးသည် ရှုးစိုက်ခြင်းမရှိ၊ တချို့ကပြုံးရယ်၍နေ၏။ နောက်နားရှိ လူထုအစိတ် အပိုင်းတခုကား ဒေါ်ချင်းချင်း ခေါင်းချင်းကပ်ကာ တီးတိုးပြော၍နေ၏။ သို့သော် ပျက်ရယ်ပြုခြင်းကားမရှိ။ လေးစားခြင်းသည် အားလုံး၌ တညီ တညွတ်တည်း တည်ရှိ၏။ အစိမ်းပုတ်ရောင် ကတ္တီပါကားကြီးသည် သူ့ကို နောက်ကားခံ၍ ထား၏။ ကားလိပ်ကြီးမှာ ဘာရုပ်ပုံအောင်တောင်မှခြယ်လှယ်ထားခြင်းမရှိ။ ပကတိနိုင်းပြောင်ပြောင် ဖြစ်၏။ ကတ္တီပါကားသည် အခြားဘာအဓိပ္ပါယ်ကိုမျှ ထူးထူးခွေ့ခွေ့ မဖေါ်ပြ။ သို့သော် မှိုင်းညှို့ခြင်းတခုကိုသာ ရဲ့ရွှံ့စွာဆောင်၍နေသည်။ သူခါသည့် သည်းမိုင်းညှို့မှိုင်းသော ကားကြီး၏အရှေ့ စင်မြင့်ဇာတ်ခုံပေါ်၌ ရပ်ကာ စကားပြော၍ နေသည်။ သူသည် ဗမာ ပထဝီမြေကြီးမှ ဗမာ့ဂါဝွန် ခင်မြင့် ယက်လုပ်သည့် ပင်နီ ဖျင်ကြမ်းကြီး ကို ဝတ်ထား၏။ လုံချည်မှာ နီရဲသော ရွှေတောင်ပိုးလုံချည်ဖြစ်၏။ ခေါင်းမှာ ပွယောင်းယောင်းနှင့် မသေသပ် မျက်နှာ အသွင်အပြင်မှာ အပူမိုင်းသော အိမ်ကြေ့တာပေါ်ရှိ ကျွန်းစုများတွင် နေထိုင်သော မွန်ဂိုလီယံအနွယ် လူရိုင်း မျက်နှာနှင့်တူ၏။ သို့မဟုတ် ဓုဘောင် ပေါ်ချင်းတယောက်၏ မျက်နှာနှင့်လည်းတူ၏။ တက္ကသိုလ် ကျောင်းသား လူလတ်တန်းစား၏ လက္ခဏာ ဖြစ်သော ထယ်ဝါခြင်း၊ ဟဲ့ကျောက်မ်မွေ့ခြင်း ဖိုးသည်၊ သူ့တွင် လုံးဝမရှိအောင်း။ လမ်းပေါ်တွင် နေရာတကာ တွေ့မြင်နိုင်သော သာမန် ဆင်းရဲသားတဦးနှင့်သာ တူ၏။ ဗမာလူထုကြီးထဲမှ လူတဦး၏ အသွင်အပြင်ပျိုးသာဖြစ်၏။ သူသည် လက်နှစ်ဘက်ကို ဘောင်းဘီအိတ်ထဲသို့ ထိုးသွင်းကာ လှုပ်ကာလှုပ်ကာ စကားကိုပြော၏။ သူ၏စကားလုံးများကား ပြေပြစ် ခြင်းမရှိ၊ ချောမွေ့ခြင်းမရှိ။ သို့သော် အတွင်းသို့ကား ဆနက်ပါ၏။ သင် ပဌမဆုံးတွေ့မြင် သော အောင်ဆန်း၏ပုံပန်းကို ရေးခြစ်ပါဆိုလျှင် ကျွန်တော်သည် သည်ပုံကိုရေးပြမည် ဖြစ်၏။

ထိုအခါကား ၁၉၃၆-ခု ပထမ ဦးဆုံး ကျင်းပသော မဟာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ညီလာခံကြီးကို ရန်ကုန်မြို့ ဂျူဗလီဟော ခန်းမတွင် ဆင်ယင်နေသော အခါဖြစ်ပေသည်။ ကျွန်တော်သည် အထက်တန်း ကျောင်းတွင် ပညာသင်ကြားလျက်ရှိရာ နယ်မှ ကျောင်းသားကိုယ်စားလှယ်အဖြစ် ကျောင်းသားများညီလာခံသို့ တက်ရောက်စဉ် အောင်ဆန်း စကားပြောသည်ကို တွေ့မြင်ရခြင်းဖြစ်ပေသည်။ ၁၉၃၆-ခု၊ သပိတ်မှောက် ကြစဉ် ဘောက်စလောင်ဘောင်း ညှဲဆဲဆဲ၊ မီးခိုးများ အူနေသည့်အခိုက်။ "အောင်ဆန်း" ဆိုသည့်ကို သတင်းစာများတွင် ဘတ်ရသော အခါ၊ သူ့ကိုသိချင်သောစိတ် အင်မတန် ထက်သန်ခဲ့သည်။ ထိုအခါကအောင်ဆန်းမှာ တက္ကသိုလ် သမဂ္ဂအသင်း ၏ ဖြေကြားကြော်ငြာ

ဖြစ်သော အိုးဝေမဂ္ဂဇင်း အယ်ဒီတာဖြစ်၏။ ကျွန်တော်မှာ စာပေ ဝါသနာပါသူ ဖြစ်ရာ အောင်ဆန်းကို အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် စိတ်ဝင်စား၏။ အားကျ၏။ သူ့အကြောင်းကို သိချင်၏။ တွေ့ဘူးချင်၏။ သို့သော် ဂျူဗလီဟော ကျောင်းသားများ ညီလာခံတွင် သူ၏ ရုပ်သွင်နှင့် သူစကားပြောသည်ကို တွေ့မြင် ကြားနာရသောအခါ အထင်နှင့် အမြင် ကွာနေသည်ကိုတွေ့ရ၏။ ကျွန်တော်ထင်ထားသည်မှာ ကောလိပ် ကျောင်းသား ရုပ်ဖြောင့်၊ ဂိုက်ကျ စကားပြောကောင်း ဟုဖြစ်၏။ အယ်ဒီတာလည်း ဖြစ်သဖြင့် အတော်အထင်ကြီးထား၏။

တွေ့ရသောအခါ ရုပ်ကလည်းမဖြောင့် စကားပြောကလည်း မပြေပြစ်၊ သို့ဖြစ်၍ စိတ်ထဲကမကျေနပ်။ ထိုအခါကျွန်တော်မှာအရွယ်နုနယ်သေး၍ စိတ်ကူးယဉ်ယဉ် ဖြင့်သာ အောင်ဆန်းကို ရုပ်ဖြောင့်စေချင် စကားပြော ကောင်းစေချင်နေ၏။ ထို့ကြောင့်စိတ်ထဲက မကျေနပ်။ နောက်တနှစ်ခန့်ကြာသောအခါ၊ ကျွန်တော်လည်း တက္ကသိုလ်သို့ရောက်၍နေ သည်။ ကျွန်တော် တက္ကသိုလ်ရောက်သည့် ၁၉၃၇-၃၈-နှစ်က၊ ကိုအောင်ဆန်းသည် တက္ကသိုလ်သမဂ္ဂတွင် ဒုတိယ ဥက္ကဋ္ဌ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂတွင် ဥက္ကဋ္ဌဖြစ်၏။ ယင်းအခါကျွန်တော်သည် ကိုအောင်ဆန်းနှင့် အသိဖြစ်လာ၏။ အသိသာ ဖြစ်ရုံဖြစ်သည် မရင်းနှီးခဲ့ပေ။ သူနှင့်ကားရင်းနှီး၍မဖြစ်။ သူသည် ရင်းနှီးရှိရသော လူစားမျိုးမဟုတ်။ နိုင်ငံရေးအတူတူ တွဲဘက်လုပ်လျှင်သာ သူနှင့် ရင်းနှီးမည်ဖြစ်၏။ တက္ကသိုလ်တွင်နေစဉ်၊ ကျွန်တော်သည် သမဂ္ဂနိုင်ငံရေးကိုသာ တဘက်သတ်မလိုက်။ စာပေလည်း ဘတ်ချင်၏။ စာလည်းရေး၏။ ဂီတကိုလည်းလိုက်စားဘူး၏။ သည့်လို အစုံလုပ်ချင်သဖြင့် သူနှင့်မရင်းနှီးနိုင်ပေ။ သူကား နိုင်ငံရေးသမားသက်သက်ဖြစ်သည်။ ကိုအောင်ဆန်းနှင့် ကျွန်တော့်ကို ယခုသခင်ဘဟိန်းက အသိပေးခဲ့၏။ သို့သော်ကျွန်တော်သည် နိုင်ငံရေး သမားသက်သက်မဟုတ်သဖြင့် သူ၏အသိထက် လွန်မြောက်၍ ရင်းနှီးသော အဖြစ်သို့ မရောက်သွားခဲ့ပေ။ သခင်ဘဟိန်းနှင့်ကား သည့်လိုမဟုတ်၊ သခင်ဘဟိန်းသည် ယဉ်ကျေး သိမ်မွေ့သူဖြစ်၏။ စာပေ ကဗျာလင်္ကာကို နှစ်သက်၏။ ဂီတကို ချစ်၏။ ထို့ကြောင့် ကျွန်တော်နှင့် ခဏနှင့်ပင် ရင်းနှီးချစ်ခင်ကာ၊ ယခု သူ ကွန်မြူနစ်ဖြစ်နေသည့်ဘဝအထိပင် ရင်းနှီး ချစ်ခင်ခြင်းမပျက်။ ကျွန်တော်ကား နုခံရေးကိုလည်းမကြိုက်။ နိုင်ငံရေးသမားလည်း မဟုတ်။ သို့သော် ချစ်ခင်ရင်းနှီး၏။ ကိုအောင်ဆန်းနှင့်ကား ဤကဲ့သို့မဟုတ်။ ကျွန်တော် စာရေးဝါသနာပါသည်ကို ကိုအောင်ဆန်းသိ၏။ သို့ရာတွင် ကျွန်တော်ရေးခဲ့သော ဒဂုန်မဂ္ဂဇင်းမှ ရေတုပိုင်စိုးမှုစသော ကဗျာများ၊ ဝတ္ထုတို ဆောင်းပါးစသည့်စာပေများကို သူဘတ် ဘူးလိမ့်မည်မထင်၊ ဂရုစိုက်၍ဘတ်မည့်လူမျိုးလည်း မဟုတ်။ သို့သော်တခါက သခင်ဘဟိန်း နှင့်အတူ သမဂ္ဂ ကော်မတီခန်းတွင်၊ ပင်းယမဂ္ဂဇင်းတွင် ပုံနှိပ်ထားသော ကျွန်တော်၏ ဆောင်းပါးတခုကိုကား ကျွန်တော့်ရှေ့တွင် ဘတ်သည်ကို တွေ့ရဘူး၏။ ဘတ်ပြီးလျှင် ဝေဘန်ချက်ပေး၏။

ကိုအောင်ဆန်းသည်လည်းအင်္ဂလိပ်ဗမာဆောင်းပါးရှင်တဦးဖြစ်ပေသည်။ အင်္ဂလိပ်ဘာသာဖြင့်ရေးသော သူ၏ဆောင်းပါးများကို ဂန္ထလောက မဂ္ဂဇင်းတွင် ဖတ်ရဘူး၏။ သူသည် ဗုဒ္ဓဘာသာတရားတော်နှင့် ပတ်သက်သော ဆောင်းပါးများကိုရေး၏။ ကျောင်းသားများ အဝတ်အစား ဝတ်ဆင်ရေး ပြဿနာကိုလည်း၊ သူသည် ဂန္ထလောကတွင် ပန်းတနော်ဦးသန့်နှင့် အပြန်အလှန်ရေးသည်ကိုအမှတ်ရ၏။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအသင်း၏ ကြေးကြော်သံဖြစ်သော မျိုးညွန့် မဂ္ဂဇင်းတွင်ပါသော သူ၏ "လောကဝိဟာ" အမည်ရှိ ဗမာဆောင်းပါးတိုကလေးကိုကား-ကျွန်တော် အတော်သဘောကျပါ၏။ကမ္ဘာလောကကြီးကို ပညာ ဗဟုသုတအမြင်တို့ကို ပေးသော စာသင်ကျောင်းနှင့် ဥပမာတင်၍ ရေးထား၏။ ကိုအောင်ဆန်းသည် ဗမာစာ အရေးညံ့သူ မဟုတ်ပေ။ တိတိကျကျရေး၏။ ပါဠိကို မှန်ကန်စွာသုံး၏။ တခါတရံဟာသဉာဏ်ပါ၏။ ပုသိမ်မြို့တွင်ကျင်းပသော ကျောင်းသားများညီလာခံ သူ၏ဥက္ကဋ္ဌမိန့်ခွန်းတွင် ကင်းဘဲလ် အစီရင်ခံစာကို "ပညာရေး ပူရာတွင် ကျမ်းကြီးပေ တကား...." ဟု ပြောင်လှောင်ထားသည်မှာ သရော်ချက် (Irony) ပါ၏။ကျောင်းမှထွက်ပြီး တို့ဗမာ အစည်းအရုံးသို့ ဝင်သွားသောအခါ။ စာပြတ်လာ၍လား မပြောတတ်။ ဒဂုန်မဂ္ဂဇင်းတွင် ဆောင်းပါးရေးလိုကြောင်းကျွန်တော်ကိုပြော၏။ ကျွန်တော်လည်း တိုက်ရှင်တို့နှင့် စီစဉ်၍ လစဉ် ကိုအောင်ဆန်း ဆောင်းပါးများ ပါစေ၏။ ဒဂုန်မဂ္ဂဇင်းက ကိုအောင်ဆန်းရေးသော ဆောင်းပါးများအတွက် ငွေ ချီးမြှင့်၏။ သူရေးသော ဆောင်းပါးကား။ "နိုင်ငံရေး အမျိုးမျိုး" ဟူသော ဆောင်းပါး ဖြစ်၏။ ဂျတ်နိုင်ငံရေးက အစချီ၍ မျက်မှောက် ဗမာ့နိုင်ငံရေးအခြေအနေအထိရေး၏။ စာပြောင်၏။ဘတ်လို့ကောင်း၏။ သူလည်း ဒဂုန်တွင် ကြာကြာမရေးရ၊ မကြာခင် ဂျပန်ပြည်သို့ ထွက်သွားသဖြင့် သူ့ဆောင်းပါးလည်း ရပ်၍သွား၏။ အစိုးရကလည်း ညှိုးထား၍လားမပြောတတ်။ ဒဂုန်မဂ္ဂဇင်းမှာ ထိုနှစ်မှာပင်ပိတ်ခြင်းခံရရှာ၏။ သမဂ္ဂဥက္ကဋ္ဌဖြစ်သော ၁၉၃၈-၃၉နှစ်က သူသည် အီးအယ်လ်တန်းတွင်ရှိ၍၊ ဝဲခူးကျောင်းဆောင် အလယ်ထပ်တွင်နေသည်။အခန်းသည် သပ်ယပ်ခြင်းကင်းမဲ့၏။ သူ၏ အခန်းတွင် စာအုပ်များပြည့်နှက်၍နေ၏။ စာအုပ်များသည် စာပွဲပေါ်တချို့၊ ဘီဟိုပေါ် တချို့ ကြမ်းပြင်ပေါ်တွင်တချို့ ပြန့်ကြဲကာ၊ ရှုန်းရင်းဆန်ခတ် ဖြစ်၍ နေကြ၏။ သူသည် အင်တော်စာဘတ်သူတယောက်ဖြစ်၏။

သူသည် ဒေါသကြီးသူတဦး ဖြစ်၏။သည်းလိုအများကတင်၏။ ကျွန်တော်အထင်ကား ဒေါသကြီးသည် မကြီးသည်ကိုမသိ။သူ့တွင် ဝေဒနာလိုက်အနော ပါ စိတ် (Emotionalism) တွေရှိသည်ဟု ကျွန်တော်ထင်၏။ နှစ်ကိုကား အသေအချာမမှတ်မိတော့ သပိတ်မှောက်နှစ်လည်းအဘိဓမ်းအမှတ် ၄ တခု တက္ကသိုလ်သမဂ္ဂတွင် ကျင်းပ၏။ ဟိုသည်ထဲမှ ထ၍ မောဘ်စကားများ တပြောကြ၏။သို့ ပြောကြသည့်အထဲတွင် စစ်ကိုင်းကျောင်းဆောင်မှ ကုလား ကျောင်းသားတဦးက ဥက္ကဋ္ဌပေါင်း မဇ္ဈိမာရာရှစ်ကို ဝေဘန်ရာ၌ အတော်ထိခိုက်သောအပြစ်တွေကို ထုတ်ဖော်ပြော၏။ ကုလားကျောင်းသား ပြောသည့်စကားများသည် အခြေခိုင်သည် မခိုင်သည်ကိုကား မမှတ်မိတော့။ ကိုအောင်ဆန်းသည်

မစွတာ ရာရှစ် အတွက်ဒေါ်ပွကာ၊ ထိုကုလားကို ကြိမ်းမောင်း၍ ရှိရင်ထွက် စသော အသုံးမျိုးသုံး၏၊ လက်သီးဆုပ်ကာ ကုလားအမါးသို့ တိုး၍သွား၏။ ဘေးက ကျောင်းသားများက ဝိုင်း၍ဆွဲထားရ၏။ သူသည်ဒေါသကြောင့် ဆတ်ဆတ် တုံလျက် ရှိသည်။ ကုလား မမာ အမိကရုဏ်းအပြီး ဒေါက်တာဘမော်၏ တက္ကသိုလ် ဥပဒေပြင်ဆင်ရေး အဆိုကြမ်းကိုသမဂ္ဂကပြင်းပယ်လိုက်ပေသည့်ကိစ္စနှင့်ပတ်သက်၍ (အိုးဝေ) ညိုမြ (အမေရိကန်ပြန်) အမှူးရှိသော ကျောင်းသားတစုက မကျေနပ်သဖြင့်၊သမဂ္ဂကိုအယုံအကြည်မရှိ အဆိုတင်သွင်း၏။ ထိုအစည်းအဝေး၌ ကိုအောင်ဆန်းသည် ညိုမြကိုဒေါ်ပွကာ၊ ဥက္ကဋ္ဌ ကုလားထိုင်မှဆင်း၍ ညိုမြအတင်းကိုအတော်ပြောလိုက်၏။ သည်လိုစိတ်လိုက်မာန်ပါပြော ပြီးနောက် တပတ်လောက်ကြာသောအခါ၊ ထိုနေ့က အောင်ဆန်းက ညိုမြအား ရှုံ့ချပါသောစကားများကိုရုပ်သိမ်းလိုက်ကြောင်းကြော်ငြာစာကို တက္ကသိုလ်ကျောင်းဆောင် အသီးသီးတွင်၊ထွက်ပေါ်၍လာ၏။တက္ကသိုလ်တွင်ရှိစဉ်က၊ကိုအောင်ဆန်းသည် ပြုံးသော မျက်နှာထားကိုထားခဲ၏။ သူ၏မျက်နှာထားသည်၊ သုန်မှုန်၏။ တခါတွေ့ဘူးသောသူကို နောက်တခါတွေ့လျှင် နှုတ်ဆက်ချင်မှ ဆက်၏။ သူ့ကိုသိသူက ပြုံးပြသော်လည်း သူသည် တုံ့ပြန်၍ ပြုံးချင်မှပြုံး၏။ ဥက္ကဋ္ဌဖြစ်သဖြင့် သူ့ကိုကား ကျောင်းသားတိုင်းက သိကြ၏။ သူကလည်း အစဉ်လိုလို နိုင်ငံရေးကိုသာ တွေးနေဟန်တူ၏။ ဗမာပြည်၏ လွတ်လပ်ရေးအတွက် စိတ်ပူပုံရ၏။ ထိုကြောင့်သူသည် သုန်မှုန်လျက်နေသည်။ သူစကား ပြောလျှင်လည်း နိုင်ငံရေးအကြောင်းကိုသာပြောသည်။ သူပြောနေစဉ် ဘေးရှိလူများက နားထောင်နေရသည်။ ဘေးကလူများ၏ စကားကိုသူမကြား၊သူပြောချင်တာတွေကိုသာ ဗွတ်ပြော၍နေတတ်သည်။ တခါက ရန်ကုန်ကို ဂျပန်တို့ သိမ်းပိုက်စ အချိန်၊ ဝိတိုရိယ ရိပ်သာရှိ အိမ်တအိမ်တွင် သခင်မြနှင့် ရဲဘော်များ နေထိုင်လျက်ရှိကြသည်။ ကျွန်တော် မှာလည်း တောကရောက်ခါစဖြစ်၏။ ဧည့်ခန်းရှိ စန္ဒယားတွင် ကျွန်တော်က ထိုင်ခါ တီးနေ၏။ ဘေးမှသခင်စံဝေနှင့် တက္ကသိုလ်ကျောင်းသားအချို့ကဝိုင်း၍ သီချင်းလိုက်ဆို လျက်ရှိ၏။ တီ အိုင် အေ သမားများမှာ ဂီတ အင်မတန်ဝါသနာပါနေ၍၊သီချင်းသံကို တောင့်တ နေသဖြင့်၊ အတင်း တီးခိုင်းကြ၏။ စန္ဒယားမှာ အသံတွေ ပျက်၍နေ၏။ "ချစ်ခင်မှာ လား ကြင်မှာလား...ခင်ခင်ရယ်....ချစ်သနွယ် အဟုတ်ကို ချစ်ရတော့မယ်၊ ခင်ရယ် ကြင်မှာယ်—

ဝိုင်း၍ဆိုနေကြရာမှ သည်နေရာသို့ ရောက်သောအခါ ကိုအောင်ဆန်းသည် ဂေါက် ဂေါက် ဂေါက် နှင့်၊ တဘက်မှရောက်လာခါ၊ စန္ဒယား အပေါ်တွင် လက်ထောက်ခါ ရပ်လျက်၊ "ဟေ့ ရပ်ကြ။ ခုလိုအခါမျိုးမှာ ရဲစိတ် ရဲမာန် တက်စေမဲ့ ရဲတင်းသံတိုကို သာဆိုရတယ်ဗျ။ ဒီ-ချစ်မယ် ကြင်မယ်သီချင်းမျိုးက မဟန်ဘူး။" ရုတ်ကရက် ကြောင်၍ စန္ဒယားကို ခေတ္တ ရပ်လိုက်၏။လူသည်၊သူပြောချင်တာပြောပြီး၍ ထွက်သွားလေသည်။ ကျွန်တော်တိုလည်း ဆက်၍ သီးဝိုခါ ကျန်ရစ်ခဲ့ကြသည်။ သူကား သည်လိုလူစားမျိုး။ သမဂ္ဂဥက္ကဋ္ဌ ကိုလှမောင် (ယခု ဆိုရှယ်လစ်ပါတီဝင်) ၏ လက်ထပ်ပွဲသည် ဘီအိုင်အေ ခေတ်၌ ရွှေဘောင်ကြား တွင် လုပ်၏။ သူ၏ လက်ထပ်ပွဲသည်၊ ဘီ အိုင် အေ

သမားများတွင် ပဥ္စမဦးဆုံးဖြစ်၏။ လက်ထပ်ပွဲပြီးသောအခါ ဧည့်ခန်းဆောင်တွင် မိတ်ဆွေများ စုရုံးကာနေကြ၏။ ကြေးစား စန္ဒယားဆရာတဦးက တီးခါ ဖျော်ဖြေလျက်ရှိ၏။ သည်အတွင်း ကိုအောင်ဆန်းသည် စန္ဒယားဆရာကို ရပ်စေခါ ကျွန်တော့်ကို လူကြားထဲမှ အတင်းဆွဲခေါ်၍ သီချင်းတပုဒ်ကို တီးစေ၏။ သူသည် စန္ဒယားကို လက်ထောက်ခါ မရတရဖြင့် လိုက်ဆို၏။ တီးသောသီချင်းမှာ " ကညွန " သီချင်းပင်ဖြစ်၏။ တေးဆုံးလျှင် လက်ခုတ်တီးကာ နောက်တပုဒ် တီးခိုင်းပြန်၏။ တခါက ဂျပန်ခေတ် ဝန်ကြီး တဦး၏ ထမင်းစားပွဲတွင် သူလာ၏၊ ထမင်းစားပွဲ စ,မည်ပြုသောအခါ သူ့ကို စစ်သေနာပတိဟု အားလုံးက လေးစားသောအားဖြင့်၊ ထမင်းစားခန်းကြီးထဲသို့ သူ့ကို အရင် ဝင်စေ၏။ အခြား ဧည့်သည်များကား အဝတွင်ရပ်၍ သူ့အဝင်ကို စောင့်လျက် နေကြ၏။ သူသည် စစ်ဝတ်စစ်စားနှင့်ဝင်လာခါ၊ ရုတ်တရက် စားပွဲထိပ် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး၊ ဇွတ်ကနဲ ဘယာကြော် တတုံးကိုယူခါ စားလိုက်၏။ သူထမင်းစားနေစဉ် ဧည့်သည်ဝင်လာလျှင်လည်း ဗဟ္မ ဧည့်ဝတ်ထုံးစံအရ ထမင်းစားပါအုံးလား ဟု ခေါ်ချင်မှ ခေါ်သော လူစားမျိုးဖြစ်၏။ ဒါတွေကြောင့် သူ့ကိုမိတ်ဆွေရင်းများက 'ကြောင်သည်' ဟု အမှတ်ထားကြ၏။ သူ့တွင် သိမ်မွေ့ခြင်းမရှိ၊ အလှအပကို သူမမက်မော၊ သူသည် ကြမ်းတမ်းသည် ရိုင်းသည် ဆက်ဆံပေါင်းသင်းရေးတွင်ရှိသော ဧည့်ဝတ်ထုံးစံ၊ ယဉ်ကျေးခြင်းစသည်တို့ကို သူသည် လုံးဝဂရုမစိုက်၊ ဂီတ၊ ပန်းချီ၊ သဘင် စသော အနုပညာရပ်များကိုမလိုက်စား။ သူ့ကိုသူ အတင်း ယဉ်ကျေးအောင်မလုပ်၊ သူ၏ နဂိုရှိအတိုင်း ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်းပင် မပြုပြင်ဘဲနေ၏။

သူ့တွင် နိုင်ငံရေးဝိညာဏ်ကား၊ ပြင်းထန်လှချေ၏။ သူသည် နိုင်ငံရေး ကိုသာ တခုတည်းလုပ်သော လူတဦးဖြစ်၏။ သူသည် ရိုင်း၏၊ ကြမ်း၏။ ကြောင်၏။ ကိစ္စမရှိ။ သူသည် ဧည့်ခန်းဆောင်မှ ဂုဏ်သရေရှိ လူကြီးလူကောင်းမဟုတ်၊ တခု တည်းသော ယုံကြည်ချက်နှင့်တခုတည်းကိုသာလုပ်သောနိုင်ငံရေးသတ္တဝါဖြစ်၏။ ထို့ကြောင့် ကိစ္စမရှိ ၁၉၄၂-ခုနှစ်တွင်၊သူနှင့်နောက်ဆုံးတွေ့၏။သူသည် အတတ်ပညာ (Art) အကြောင်းကို ပြောပြ၏။ " အတတ်ပညာဆိုတာ ရှိတာဘဲ။ လင်မယားဘဝမှာလဲ အတတ်ပညာ မြောက်အောင် လုပ်ရတာဘဲ။ အတတ်ပညာမဲ့ယင် လင်မယားကွဲမှာပေါ့၊ ဒီလိုဘဲ တော်လှန်ရေးမှာလဲ အတတ်ပညာရှိတာဘဲ။ အတတ် ပညာ မြောက်မှ၊ တော်လှန်ရေး ဟာ လဲ တကယ့် တော်လှန်ရေး အစစ်ဘဲ " သည့် နောက် သူနှင့် ကျွန် တော် မတွေ့တော့၊ တွေ့ဆုံ ဘို့လည်း အကြောင်း မရှိ။ အကြောင်း မရှိဘဲ သူ့ဆီ သွား ယှည့်ကလည်း၊ ဖေါ်ဖေါ်ရွှေရွှေ လောကွတ်ပြု၄ါခေါ်မည့်လူစားမျိုးလဲမဟုတ်၊ တခါက ဗိုလ်ချုပ်ဘဝတွင် မော်တော်ကားကြီးထဲ၌ သူ၏ ဇနီး ခလေးများနှင့်၊ တမြို့ကြီးကို မြင် လိုက်၏။ အော်....သားနဲ့ မယားနဲ့မို့၊ လူစိတ်တော်တော်ပေါက်လာပြီ၊ အရင်ကလို "ကြောင်" တော့မည် မဟုတ်။ အကြမ်း, အရိုင်း, မှ ယဉ်ကျေး လာတော့မည် ဟု အောက်မေ့လိုက်၏။ မှန်, မမှန်ကား မပြောတတ်။ ဖ-ဆ-ပ-လ-ဥက္ကဋ္ဌ အမျိုးသား ခေါင်းဆောင် ဦးအောင်ဆန်း ကိုကား ကျွန်တော်မသိ၊ သူ၏ နိုင်ငံရေးကို ဝေဘန်ခြင်း

မဟုတ်၊ သူ၏လူအဖြစ်သာ ကျွန်တော်သိသည့်အထိ ပြောပြခြင်း ဖြစ်ပေသည်။ တခုတော့ ထင်သည်။ သူသည်၊ လူထုထဲမှသူတဦးဖြစ်၍။ လူထုနှင့်ဆက်စပ်နေ၍ လူထုခေါင်းဆောင် ဖြစ်လာသည်၊ ဖြစ်လိမ့်မည်။

ဒဂုန်တာရာ။

---

# အခန်း ( ၃၅)

တက္ကသိုလ်နေဝင်းကား ဗိုလ်ချုပ်အောင်ဆန်း၏အပါးတော်မြဲများအနက် ဂျပန်တော်လှန်ရေး အပြီးမှစ၍ ဖ-ဆ-ပ-လ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေစဉ် ကျဆုံးသည့်အထိ ဗိုလ်ချုပ်နှင့် အမြဲမကွာ လိုက်ပါခဲ့သော အပါးတော်မြဲ ဗိုလ်ထွန်းလှပင်ဖြစ်၏။ ၎င်း၏ ဗိုလ်ချုပ်အပေါ်တွင် တွေ့မြင်ခဲ့ဘဝ ပုံကလေး များကို ရှုမဝတွင်ရေးသားခဲ့ရာ တဖန်ပြန်လည်၍ ဖော်ပြလိုက်ပါကြောင်း။


(တုတ်ဝေသူ။)

## ကျွန်ုပ် သိသော ဗိုလ်ချုပ်။

"ရွှေသားရုပ်သွင်....ခင်မင်စရာငယ်....မျက်နှာတော်ဝါဝါဝင်း ရွှေလမင်းကြီး.... ပုံနှယ်.... ပတ္တမြားအသွေးနဲ့ တူညီပါတယ်.... ပါးကလေး....က မြင်ရသူလဲ....အသဲ စွဲတယ်...."


ဝတ္ထုထဲက ဇာတ်လိုက်မင်းသား မယ်ဘွဲ့သီချင်းဖြင့် မြူကြူနေခြင်းမဟုတ်၊ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ဥက္ကဋ္ဌလောင်း, ဗမာပြည်အစိုးရ ဝန်ကြီးအဖွဲ့ ခေါင်းဆောင်နှင့် စစ်ဝန် ကြီးလောင်း ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကဋ္ဌနသီချင်းကို သံနေသံထားဖြင့်ဆိုနေခြင်း ဖြစ်သည်။ ၁၉၄၂-ခု။ ဧပြီလ ၅-ရက်နေ့ည ဖြစ်လေသည်။ ဗမာပြည်၏ကံကြမ္မာ ရှေ့ကို ဘယ်လို ဖန်တီးလာဒုံးမည်ကို မသိရသေးဘဲ ကျွန်ုပ်တို့တတွေ စိတ်တထင့်ထင့်နှင့် ဗမာ ပြည်သို့ ဝင်လာမစဲတသဲသဲဖြစ်နေသော နေနတ်မျိုးနွယ် ကိုရွှေပေတွေကို ကြည့်နေရသော အချိန်၊ အထက်ဗမာပြည်က အင်္ဂလိပ် ဆုတ်မပြေးသေးသောအခါသမယတွင်၊ ကျွန်ုပ်တို့ ထဲမှ မိတ္ထီလာ ကိုလှမောင် (ယခု ယိုးဒယား ပြည်သွား သံအမတ်) က အရေးတကြီး မိန်းမယူလိုက်သဖြင့်၊ဘီ အိုင် အေ ခေတ် ပဌာဆုံး ပွဲဦးထွက် မင်္ဂလာဆောင် အခမ်းအနား (ဒုတိယ မင်္ဂလာဆောင်ကား သခင်ချစ်တို့ စုံတွဲဖြစ်သည်) ကို။ ရွှေတောင်ကြား အမှတ် (၅၆) တွင် ဆရာကြီး ကိုယ်တော်မှိုင်းက ကြီးမှူးလျက် ကျင်းပနေကြလေသည်။

မင်္ဂလာပွဲသို့ လာသော ပရိသာတ်မှာ လူ ၃၀-ကျော်မျှ ရှိသော်လည်း၊ တို့ဗမာ အစည်းအရုံး သခင်ခေါင်းဆောင်များ။တက္ကသိုလ်သမဂ္ဂခေါင်းဆောင်များ ဘီ အိုင် အေ စစ်ဗိုလ်များဖြင့် အတော်ကလေး မြိုင်ဆိုင်လျက်ရှိရာ၊ ဗမာ့လွတ်လပ်ရေး တပ်မတော်၏ သေနာပတိ ဗိုလ်ချုပ် (ဗိုလ်တေဇ) သခင်အောင်ဆန်းသည်လည်း သတိုးသား၏ ရင်းနှီး သောမိတ်ဆွေတဦးအဖြစ် ရောက်နေလေသည်။ ထိုညက ပရိသာတ်မှာ အတော်ပျော်ကျ ဟန်ရှိလေသည်၊ သမဂ္ဂဥက္ကဋ္ဌဟောင်း ကိုလှမောင် (ဗိုလ်ဇေယျ) ၏ ဇာတ်မင်းသားဟန် အာဝဇ္ဇန်း ရွှင်ရွှင်နှင့် နိုင်ငံရေးကရားဟောသံ၊ ဒဂုန်တာရာက စန္ဒယားတီး၊ ကျွန်ုပ်က



ဗိုလ်ချုပ် အောင်ဆန်း ကရင်ဗမာ ချစ်ကြည်ရေးအတွက်
ကပ္ပလီရွာတွင် တရားဟောအပြီး၌
ကရင်အမျိုးသား အဝတ်အစားနှင့် ပွေ့ဖြင်ချပုံ၊
ကရင်လူထု ချစ်ကြည်ညိုမှု ရရှိခဲ့၏။

အမျိုးသား ဘလောက်တိုက်မှ လှူသည်။



ဗိုလ်ချုပ်အောင်ဆန်း ကချင်ပြည်နယ်တွင်
ချစ်ကြည်ရေးအတွက် မနောပွဲတက်၍
ကချင် ခေါင်းပေါင်းနှင့် ဒါးချီးမြှင့်ကြ၏။
ကချင်လူထု၏ ကြည်ညိုမှု ရရှိခဲ့၏။

တယောထိုးလျက်၊ ဗိုလ်ဇေယျ၏ သံနေသံထားဖြင့် သီချင်းဆိုသံတို့ကို ကြားရပြီးနောက်၊ ''ဟော.... ဘိုးတာရာ.... ကဆွန် သီချင်းတီးခဲ့ပါ'' ဟု ဒေါ်ငွေ တဒေါ်ငွေက အော်သံကြားသဖြင့်၊ ကျွန်ုပ်တို့လည်း ချက်ချင်းပင် ခြောက်ပေါက်သံ ပြောင်း၍ စမ်းကာ ကဆွန်သီချင်းကို စအတီးတွင် ''ရွှေသားရုပ်သွင်....'' ၍ ပြည့်လျှဖေ၏ ကဆွန် သီချင်းသံကို ခြောက်ပေါက်လဲမဟုတ်၊ ခုနစ်သံလဲမဟုတ်၊ ဘယ်လိုမှ တူရိယာမှ မဆန်သော အသံကြီးဖြင့် ဆိုသံကြားရ၍ လှည့်ကြည့်လိုက်ရာ၊ လား....လား.... ဘိုဒိုင် အေ ဗိုလ်ချုပ်ကြီး ဗိုလ်တေဇ ခေါ် သခင်အောင်ဆန်း က အားရ, ပါးရ, သီဆိုနေသည်ကို တွေ့ရလေတော့သည်။

ကောလိပ်ကျောင်းသား ဘဝ၌၎င်း၊ သခင်ဘဝ၌၎င်း၊ ဂီတ-တူရိယာ အနုပညာ၌ လုံးဝ ဝါသနာမပါခဲ့သော ကိုအောင်ဆန်း၊ တက်ဘုန်းကြီးကိုသိန်းဖေက သူ၏ (သပိတ်မှောက်ကျောင်းသား၀တ္ထု) တွင်၊ အနုပညာ သမားတွေကို ခေါ်သည့် ထားသည်ကို သဘောကျခဲ့သောကိုအောင်ဆန်းသည်၊ သူ၏ဘူငယ်ချင်းကိုလှမောင် ဖျာပုံလှ အပျိုချော ဇသန်းရင်နှင့် ချစ်ပွဲဝင်တော့မည့်ညတွင် အလိုလိုအားကျသလို ဝမ်းနည်းသလိုလို ဖြစ်ရာက စိတ်ထဲတွင်ကြည်နူးကာ၊ သူ့ဝါသနာမဟုတ်သော သီချင်းကို စိတ်ပါ လက်ပါ ဆိုလိုက်ခြင်းဖြစ်လေသည်။ ပရိသတ် အားလုံးမှာလည်း အလွန် သဘောကျသွားကာ၊ လက်ခုပ်လက်ဝါးတီး ဩဘာ ပေးကြလေသည်။ သို့သော် တူရိယာ မဆန်သော ဗိုလ်တေဇ၏ အသံကို ပိုင်းကူသောသဘောဖြင့်၊ ကိုထွန်းအုံ (ယခု-မြန်မာ့ပါယင်းကြီး) နှင့်ယူဘားမား ကိုတင်မောင် (ယခု-အမေရိကံပြည် ဗမာသံရုံး အတွင်းဝန်) ဗိုလ်ဇေယျ, သခင်ချစ်တို့ လူစုကပါ သီချင်းကိုသံပြိုင်လိုက်၍ဆိုပေးကြလေသည်။ ဗိုလ်တေဇ ကဆွန်သီချင်းဆိုသည့်အတွက် သဘောအကျဆုံးလူကား ကျွန်ုပ်ပင် ဖြစ်သည်၊ တဏှာဒိုလ် သမဂ္ဂတုံးက ကျွန်ုပ်တို့လူစုက တူရိယာပြိုင်ပွဲ သမဂ္ဂမှ ကြီးမှူး ပြုလုပ် သည်ကိုပင် သူ သိပ်သဘောမကျခဲ့၊ လွန်ခဲ့သောတနေ့က (ဧပြီလ ၃-ရက်နေ့ည) ပင် သခင်မြအိမ်၌ ကျွန်ုပ်တို့တတွေ တီးမှုတ်သီဆိုနေစဉ် (တာရာရေး.... ''အောင်ဆန်း သို့မဟုတ် အရိုင်း'' တွင် ပါသည့် အဖြစ်အပျက်) ကျွန်ုပ်ကဆူဆူညံညံနှင့် လူများများကြားတွင် တီးကောင်းသည့် (ဇွတ်ချော်မယ်) သီချင်းကိုဆိုသည်ကို ဗိုလ်တေဇက ''ကိုယ့်လူတွေကလဲ အချစ်သီချင်းမယ်ဘွဲ့မောင်ဘွဲ့တွေ လုံးလုံးတီးဘို့မကောင်းဘူး၊ စစ်ချီ,စစ်တက်,သီချင်းလိုဟာမျိုးဘဲတီးဘို့ကောင်းတယ်''ဟု ပြောခဲ့သေး၏။ ဟော....အခုတော့ ၎င်းဗိုလ်တေဇကိုယ်တိုင်ပြည်လှဖေညှသော ကဆွန် မယ်ဘွဲ့သီချင်းကိုကြူနေလေပြီ၊ အဘယ်ကြောင့်နည်း....ဘယ်လောက်ပင်ကြမ်းတမ်းသော စစ်ဗိုလ်ချုပ်ကြီးဖြစ်စေကာမူ၊ ဗိုလ်တေဇသည် သာမည်လူတယောက်(ဝါ) ကိုအောင်ဆန်း မဟုတ် ပါလော .... ထိုကြောင့် တခါ တခါ ပုထုဇဉ် သားတို့၏ ပင်ကိုယ် စိတ်ဓါတ် (Instinct) သည်၊ တိုင်းပြည်နိုင်ငံရေး လုပ်ငန်းအစီအစဉ်တို့ဖြင့် အလွန် အလုပ်များလျက်ရှိသော သူ၏ဦးနှောက်ကို လွှမ်းမိုးပြီး၊ တကိုယ်တည်း လူပျိုကြီးဘဝ နေရသည်ကို ပျင်းရိငြီးငွေ့ကာ ယုယမည့် ချစ်သူ ရှာဖွေးသွား (ကဆွန်) ကို သူပစ်၍ဟစ်လိုက်ခြင်းဖြစ်ပေသည် ထိုညကပင် သူသည် နောက်သလို ပြောင်သလိုနှင့် ''ဘိုးလှမောင်တယောက် မကောင်း

N.P.W.—191-20 10000

ဘုန်းဆရာကြီးရဲ့ကျွန်ဘော်ဘွဲ့လုပ်ငန်းတွေမပြီးခင်မိန်းမယူတယ်''ဟုသခင်ကိုယ်တော်မှိုင်းအားတိုင်တန်းခဲ့သေးသည်။ အဓိပ္ပါယ်ကတော့ ကျွန်ုပ်တို့တတွေသိုလ် သမဂ္ဂ ထွက်နိုင်ငံရေးသမား တစုသည်၊ လူငယ်ဘာဝ အိမ်ထောင် ပြုကြရမည်၊ သို့သော် ဗမာ့ လွတ်လပ်ရေး တိုက်ပွဲကြီး ဆုံးခမ်းတိုင် မရောက်သေးမီ၊ အိမ်ထောင် မပြုသင့်သေးဟု သူ ယူဆသည်၊ အမှန် ကတော့ သူလဲ မိန်းမ လိုချင်လှပြီ၊ အချိန် အခါ မသင့် သေးသော ကြောင့်သာ အောင့်နေ ရသည်။ ထိုကြောင့် ကိုလှမောင် မိန်းမ ယူတာကို သူ အပြစ်မတင် မိန်းမယူစောတာကိုဘဲ သူ ဆိုလေသည်။

ငင်းနောက်.... သခင်ချစ်-ဗိုလ်ဇေယျ- သခင်လူအေး တို့၏ လက်ထပ်မင်္ဂလာပွဲတို့သည်၊ တခုပြီးတခု ဇက်တိုက် ဖြစ်ပေါ် လာကြသည်။ ကိုသိန်းအောင် (ကွယ်လွန်သူကျောင်းသားခေါင်းဆောင်) ဗိုလ်လကျာတို့သည်သည်း စွန့်,လှူဆဲဖြစ်နေလေပြီ။အင်္ဂလိပ်တို့လည်း ဗမာပြည်မှ လုံးလုံး လျားလျား ဆုတ်ခွါ သွားခဲ့လေပြီ။ အထက် မြန်မာပြည် စစ်မျက်နှာ၌ မကြာခဏ ဘီ အိုင် အေ နှင့် ဂျပန် တို့သည်၊ဘုကျကာ အချင်းများသည့်ကိစ္စတွေ ပေါ်ပေါက်ခဲ့လေသည်။ အထူးသဖြင့် အညာမှာ ဗိုလ်ဇေယျကို ဂျပန်ကင်ပေတာဖမ်းသည့်ကိစ္စက တပ်မတော်သား ရဲဘော်များ၏စိတ်ကို အထူး ထိခိုက် စေခဲ့လေသည်။ ယင်းသို့လျှင် ဗမာပြည်၏ နောင်ရေးနှင့် ''ဗမာ့ လွတ်လပ်ရေးကို မို့သွေး ခဲ့နဲ့ တည်ဆောက်အံ့''ဟု ကြွေးကြော်ကာ၊ လက်နက်စွဲကိုင် လာခဲ့သော ဘီအိုင်အေ တပ်ကြီး၏ကံကြမ္မာ တို့ ဘယ်လိုဖြစ်အုံးမည်မသိသေးသော အလွန် စိတ်ညစ်ဘွယ် ကောင်းနေသည့် အချိန်၊ အနောက်ဘောင် မုတ်သုန်လေ စတင်တိုက်ခတ်လျက် ချေမ်းသည့် မိုးပေါက်တွေ တဖြောက်ဖြောက် ရွာစပြုသော မိုးဦးကျအချိန်သမယတွင်၊ရန်ကုန်မြို့ အလံပြဘုရားလမ်း ပြည်သူ့ဆေးရုံကြီးတွင် စိတ်ရောကိုယ်ပါ ပင်ပမ်း နွမ်းနယ်လှသဖြင့်၊ အနားယူနေရသော လူငယ်တဦးသည်၊ အကြောင်းတစုံတရာကြောင့် ဦးကျောက်ရှုပ်နေလေသည်။ထိုသူကား ဗိုလ်တေဇ ခေါ် သခင် အောင်ဆန်း ပင်တည်း။ သူ၏ ဦးကျောက်တွင် ရှုပ်နေသော ပြဿနာကား၊ မကြာသေးမီက ကိုလှမောင် မင်္ဂလာဆောင်စဥ်၊ သူ့ခေါင်းထဲတွင် စတင်ပေါ်ပေါက်ခဲ့သော အိမ်ထောင်ပြုရေးပြဿနာပင်ဖြစ်သည်။

အမှန်ကတော့ ကိုလှမောင်ကစပြီး လုပ်ဘော်ကိုင်ဘက် လူငယ်နိုင်ငံရေးသမားတွေ တယောက်ပြီး တယောက် မိန်းမယူသွားကြ ကတဲက သူ၏စိတ်ထဲတွင် အတော်အားကျနေမိလေပြီ။ ''ငါတို့တတွေဗမာ့လွတ်လပ်ရေး အောင်ပန်းအဆုံးသတ်ဆွတ်လှမ်းပြီးမှသာ အိမ်ထောင်ပြုအခြေစိုက်ကြရမည်' ဟူသော သူ၏ယူဆချက်အပေါ်သည် မှန်ပါ၏လော.... သဘာဝကျပါ၏လော-ဟု သူ့စိတ်ထဲတွင် ဝေခွဲ၍မရအောင်ဇဝေဇဝါဖြစ်နေလေသည် ဗမာပြည်၏ နိုင်ငံရေးနှင့် တကွ သူ မျိုးစေ့ ကြဲကာ ပျိုးထောင် ခဲ့သော ဘီ အိုင် အေ တပ်မတော်ကြီး၏ နောင်ရေးတို့အတွက် စဥ်းစားရင်း၊ စိတ်ရော ကိုယ်ပါ နွမ်းနယ်လျက်ရှိသော သခင် အောင်ဆန်းသည်၊ သူ၏ နွမ်းနယ်မှုကို သက်သာရာ ရစေမည့် အပြုအစု ယုယမှုကို တောင့်တ မိလာလေပြီ။ ထိုအချိန်၌ သူ့အခန်းသို့ နေ့စဥ်လာ၍ ကိစ္စကြီးငယ်ဆောင်ရွက်ပေးရင်း ယုယပြုစုသော လုံးကြီးပေါက်လှ သူနာပြု ဆရာမကလေး တဦးကို

သူသတိပြုမိလေသည်။ ယုယစွာ ပြုစုစဉ် ဆရာမကလေးက ပြုံးကျယ်သော မျက်လုံးကြီးများဖြင့် သူ့အား စိုက်ကြည့်သည့် အခါ၊ ဒီလွန် နှစ်သိမ့်ဘွယ် ကောင်းသည် ဟု သခင်အောင်ဆန်း၏စိတ်ဝယ် ထင်မြင်မိလေသည်။ အခုလို နှစ်သိမ့်ဘွယ် အပြုအစု ယုယမှုသည်၊ မကြာခင်ဆေးရုံကဆင်းသည့်အခါပျောက်ကွယ်မသွားဘဲ၊ ရာသက်ပန်ဖြစ်နေလျှင် အင်မတန် ကောင်းမှာဘဲ ဟူ၍လည်း တွေးစပြုရင်း ''အိမ်ထောင် ပြုသင့်သော အချိန်ကာလ'' ပြဿနာကြီးကို သူ အကြီးအကျယ် ဖြေရှင်း နေရှာလေသတည်း။ ၎င်းဆရာမကလေးအမည်မှာ မခင်ကြည် ဟု ခေါ်လေသည်။

''ဗိုလ်တေဇနဲ့ ဖူးစာဘက်တာ....မခင်ကြည်မှာ အပျိုစင်ကညာ....'' ရက်များ မကြာမီ ဗိုလ်တေဇ ခေါ် သခင်အောင်ဆန်းနှင့် ပြည်သူ့ဆေးရုံမှ ဆရာမ မခင်ကြည်တို့ လျှပ်တပျက် လျင်မြန်စွာ လက်ထပ်သည့် အရေးကိစ္စ ပေါ်လာခဲ့ပြီး၊ ၎င်းဆေးရုံခန်းမကြီးမှာပင် ကျင်းပသော မင်္ဂလာဆောင် ဧည့်ခံပွဲတွင် (ရွှေပြည်မင်း) ရေးစပ်သော မင်္ဂလာ စုံတွဲ သီချင်းကို ကျွန်ုပ်တို့ ဝိုင်းဆို နေကြခြင်း ဖြစ်လေသည်။ သခင် အောင်ဆန်း သည် သူ အတော် စဉ်းစား ယူရသော ပြဿနာ၏ အဖြေမှန်ကို ရသွားလေပြီ။

''ဗိုလ်ချုပ်တယောက် မိန်းမရသွားပြီ။ သူ့ကိုချစ်ခင် ယုယသော ဇနီးသယ် (နောင်လာမည့် သားသမီးများ) အပေါ် သူ၏သံယောဇဉ်သည် တပ်မတော်က ရဲဘော်တွေအပေါ်ရှိသည့် သံယောဇဉ်ထက် ကြီးမား လေလိမ့်မည်၊ အိမ်ထောင် ပြုခြင်းကြောင့် သူ၏နိုင်ငံရေး လုပ်ငန်းအမြဲဒွန် ပျက်သွားတော့မှာဘဲ'' စသည်ဖြင့် တွေးတောပူပန်ကာ ဝမ်းနဲ့ပက်လက် ယူကြုံးမရ ဖြစ်ရှာသူ များကား....ဘီ အိုင် အေမှ ဘီဒီအေ ပြောင်းခါစ တပ်မတော်သား ရဲဘော်များ ဖြစ်လေသည်။ သူတို့စိတ်ဝယ် အတိုင်းမသိ ချစ်ခင်ကြည်ညို မြတ်နိုးသောဖခင်ကြီး နောက်မိန်းမယူမည်ကို စိုးရိမ်ကြောင့်ကြသော မိတဆိုး သားသမီးများပမာ ဝမ်းနဲ့ကြလေသည်။ တပ်မတော်က ရဲဘော်ကလေးတွေသာဒီဟုတ်....တပ်မတော်အရာရှိ ကြီးများအချို့နှင့် လုပ်ဘော် ကိုင်ဘက်လူငယ် နိုင်ငံရေးသမား အချို့ကပါ ယိုစဉ်က ဗိုလ်ချုပ် မိန်းမအယူ စောသည်ကို အကြောင်း ကြောင်းတွေကြောင့် သဘော မကျခဲ့ချေ။ သို့သော်သူ့စိတ်ထဲမှ မှန်သည်ဟု ဆုံးဖြတ်ချက်ချပြီးလျှင်ဘယ်သူဘာပြောပြော တဇွတ်ထိုး လုပ်တတ်သော ဗိုလ်ချုပ်အား မည်သူမှ မပြောသာ၊ မင်္ဂလာဆောင် ကိစ္စကိုသာ ဖြစ်သလို ဝိုင်းဝန်းကူညီကာ စီမံပေးကြရလေ တော့သည်။ သခင်အောင်ဆန်း အိမ်ထောင်ပြုသည်ကို လုံးဝ မကန့်ကွက်ခဲ့သူတဦးကား ပြည်မာသင်းရဲသားအစည်းအရုံး ဌာနချုပ်မှူး သဘာဝလိုင် ပြဿနာ အကြောင်း ကောင်းစွာ နားလည်သူ ကိုကြီးနုပင် ဖြစ်သတည်း။

''အဲဒီတုန်းက မိန်းမယူတဲ့အရေးကို ဗိုလ်ချုပ် အကြာကြီး စဉ်းစားပြီးမှ ဆုံးဖြတ်လို ရသလား''

ဖ-ဆ-ပ-လ အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ ခေါင်းဆောင် ကာကွယ်ရေး ဝန်ကြီး ဗိုလ်ချုပ် အောင်ဆန်း၊ ၁၉၄၆-ခု၊ ဇွန်ဘာလက....ရှမ်းပြည်သွားရင်း ...မိတ္ထီလာမှ

တောင်ကြီးသွား....ကားလမ်း ခရီးတွင်....ချစ်ဇနီး ဒေါ်ခင်ကြည်ပါ ခေါ်လာသည့် အခေါက်၊ ကျွန်ုပ်က ဗိုလ်ချုပ်အား မေးခွန်းထုတ်နေခြင်း ဖြစ်လေသည်။

''ဘယ်ဟုတ်မလဲကွာ....ငါက ကျောင်းနေတုံး ကတော့ ကိုယ်ယူမဲ့ စံပြ မိန်းမ လောင်းကို အကြီးအကျယ်စိတ်ကူးယဉ်ပြီးတွေးခဲ့သားပေါ့....ကျန်းမာရမယ်....သဘော ထားကြီးရမယ်....ရုပ်ရည်အသင့်အတင့် ချောမောရမယ်... မျိုးရိုးဇာတိ ကောင်းရမယ်- ငါ့ဓိဘ ဆွေမျိုးများနဲ့ သင့်တင့်ရမယ်....ဘာညာနဲ့....စုံလို့ပေါ့လေ....ဒါပေမဲ့ အဲဒီ အချိန်ကတော့၊ ခေါင်းကလဲရှုပ်ရှုပ်နဲ့၊ တခြားလူပျိုကြီးတွေလို ဟော်ဘယ်ဖွေဘာတွေ၊ တက်လဲ မပျော်ချင်ဘာ တကြောင်း၊ (ဟယ်....တတ်နိုင်ပါဘူး၊ နောင်ခါကျမှ ကွဲခါမှ ကွဲရော ခုတော့ မိန်းမယူမှဘဲ) ဆိုပြီး ဖွတ်ယူလိုက် တာပါဘဲကွာ၊ လူချင်းကြိုက်ပုံကလဲ၊ မင်းတို့ကောင်တွေလို သံသရာရှည်ကြီး လုပ်နေတာမဟုတ်ဘူး၊ တိုတိုတုတ်တုတ် လိုရင်း သဘောရောက်တဲ့ (Very business like ) နည်းဘဲကွ....''ဟု သူ့လက်ဝဲဘက်ရှိ ချစ်ဇနီး ဒေါ်ခင်ကြည်အား ပြုံးကြည့်ရင်း မြိန်ရေ ရှက်ရေ ပြော-ပြလေသည်။

တဖန် ဆက်သက်၍ ''ဒါထက်....နေစမ်းပါအုံးကွ၊ အဲဒီတုံးက ငါ မြိုးကနဲ မိန်းမ ယူလိုက်တော့ ဘတ်ထဲက ရဲဘော်တွေစိတ်မှာ ဘယ်လိုဖြစ်ကြသလဲ''ဟုဗိုလ်ချုပ်သည် သူ့စိတ်ထဲသိချင်သလောက် မေးခွင့်ရခဲ့သော မေးခွန်းကို မေးလိုက်လေသည်။

''ဟာ....ဘာဖြစ်ရမလဲ၊ ငါတို့ဗိုလ်ချုပ်တော့ သွားပြီ။ မိန်းမ ရတယ် ဆိုရင်ဘဲ၊ ဒို့ရဲဘော်တွေကို သိတ်ပြီး ဂရုစိုက်တော့မှာ မဟုတ်ဘူး။ ဒို့ဟာ မတော်ကြီးလဲ ဘယ်သို ဖြစ်အုံးမလဲ မသိဘူး။ အဲသလိုဘဲ ရဲဘော်တိုင်းလိုလို တွေးမိပြီး ဝမ်းနဲ့ ကြတာပေါ့၊ တချို့ ရဲဘော်ဆိုရင် မျက်ရည်ဆောင် ကျတာပေါ့ ဗိုလ်ချုပ်''ဟု ကျွန်ုပ်၏ ဘေးမှ (ထိုစဉ်က ဗိုလ်ရန်နိုင်၏တပ်ရင်း ၂ မှ) ဗိုလ်မင်းလွင်က ဖြေလိုက်ရာ-

''ဟေ ဟုတ်လား'' ဟုသာဆိုပြီး ဗိုလ်ချုပ်သည် ဘာမှမပြောတော့ဘဲ၊ စတေရှင် ဝက်ဂွန်း မော်တော်ကား ပြူတင်းမှ လမ်းဘေးရှိ တောင်ကျွန်းရုံကြီးများဆီသို့ ငေးမျှော် ကြည့်နေလေသည်။

ရဲဘော်အားလုံး (ဝါ) ဗဟာလူငယ် အပေါင်း တို့သည်၊ သူ့အား မည်မျှ ချစ်ခင် ကြည်ညို၍ အားကိုးကြသည်ကို သူကောင်းကောင်းကြီး သိပေသည်။

အမှန်ကတော့ ရဲဘော်တွေက သူ့ကိုကြည်ညို အားကိုးကြသလောက်၊သူကလည်း ရဲဘော်တွေအပေါ် သံယောဇဉ် အတော်ကြီးလေသည်၊ သားသမီး များများရှိသော ဖခင် ကဲ့သို့ သူ့တပည့်ဘပန်းရဲဘော်တွေ၏ နေထိုင်စားသောက်ရေး၊ ရဲဘော်တွေ၏နောင်ရေး ကိစ္စများကို သူ့စိတ်ထဲဝယ် တွေးဘော ပူပန် နေခဲ့ရှာလေသည်။

တော်လှန်ရေးတုံးက ဗိုလ်ချုပ်တို့၏ရှေ့ဘန်း စစ်ဌာနချုပ်မှာ ကျွန်ုပ်အမှုထမ်းလျက် ရှိသော တိုင်း အမှတ်-၇-နယ်ပါယ်ဖြစ်သော သရက်ခရိုင်၊ ဧရာဝတီမြစ် အနောက်ဘက် ကမ်းသို့ ရောက်နေခဲ့ရာ၊၁၉၄၅-ခု၊မေလဆန်းတွင် အာလံမြို့၌စခမ်းချထားသော အမှတ် ၂၆၀-ဗြိတိသျှ တပ်မဟာ ဗိုလ်မှူးကြီးမှတဆင့်-၁၄-နံပါတ် စစ်တပ်သေနာပတိဂျင်နရယ် ဆလင်းမ်က ဗိုလ်ချုပ်အောင်ဆန်းအား တွေ့ဆုံလိုကြောင်း အိရသဖြင့်၊ ဗိုလ်မှူးအောင်နှင့်

ကျွန်ုပ်တို့မှာ ဗိုလ်ချုပ်တို့စခန်း သရက်ချောင်းရွာနှင့် ကျွန်ုပ်တို့ လျှို့ဝှက်စွာနေရာ ရေဝတီမြစ်ကမ်းကြားတွင် ဂျပန် ၄၀၀၀-ကျော်ခန့် အစဉ်မပြတ် ဆုတ်ခွါလျက် ရှိခြင်းကြောင့်၊ တပ်မတော် တပ်ဖွဲ့များနှင့် ပြောက်ကြား တိုက်ပွဲများလည်း မကြာခဏ ဖြစ်ပွားလျက်ရှိသဖြင့်၊ ဗိုလ်ချုပ်ကို ၎င်းဂျပန်စစ်တပ်ထုကြီးကိုဖြတ်ကျော်၍ အတော် ပင်ပမ်းကြပ်တည်းစွာကြံဖန်ပြီး ဆောင်ကြဉ်း ခဲ့ရလေသည်။

ဗိုလ်ချုပ်လည်း ကိုယ်ရံတော် ဗိုလ်မင်းခေါင်နှင့်အတူ သရက်မှ အာလံသို့ ကူးကာ အာလံရှိ ဗြိတိသျှ တပ်မင်းကြီးနှင့် တွေ့ဆုံပြီးနောက်၊ လေယာဉ်ပျံနှင့်တဆင့် စစ်ဗဟိုဌာနချုပ်ရှိရာ မိတ္ထီလာသို့ ထွက်ခွါ သွားလေသည်။

နောက်ထပ် ဗိုလ်ချုပ်နှင့် အတော်ကြာအောင် မတွေ့ရတော့ဘဲ၊ ကျွန်ုပ်တို့ တပ်ဖွဲ့မှာလည်း တဖြည်းဖြည်း ရှေ့ရှိမိကာ ဆုတ်ပြေးနေသော ဂျပန်ကို နောက်ပိုင်းမှ ပြောက်ကြားစစ်ဆင်လျက် တိုက်ခိုက်လာခဲ့ရာ၊ ဇွန်လဆန်းသောအခါ ဗြိတိသျှတပ်မဟာ အမှတ် ၂၂-နှင့်အတူ တွဲဖက် တိုက်ခိုက်ရန် တိုင်းအမှတ် ၇- စစ်ဌာနချုပ်မှ နတ္တလင်း မြို့သို့ ရောက်လာခဲ့လေသည်။

နောက်မကြာမီ ဗြိတိသျှစစ်တပ်နှင့် ဗမာ့တပ်မတော် ဆက်ဆံရေးနှင့် ပတ်သက်၍ တပ်အသီးသီးကို ရှင်းလင်း ပြောပြရန် ဗိုလ်ချုပ်သည် ဗိုလ်မှူး လှအောင်နှင့်အတူ ပြည်မှ တဆင့် နတ္တလင်းသို့ ရောက်လာ ပြန်လေသည်၊ ဗိုလ်ချုပ်ရောက်လာသောနေ့နက်တွင်ပင် ဗိုလ်မှူးမြင့်အောင်သည်၊ သူ့ကိုယ်သူ အဆုံးစီရင်လိုက်ရှာလေသည်။

၎င်းနေ့ည နတ္တလင်းမြို့ ကျွန်ုပ်တို့ စခန်းချရာ ချစ်တီးတိုက်တွင် ဗိုလ်ချုပ်နှင့် ရဲဘော်တစု စကား ထိုင်ပြော နေကြ၏။ ဗိုလ်ချုပ်သည် အခြား နိုင်ငံရေးကိစ္စ တပ်မတော်၏ နောင်ရေးကိစ္စ အကြောင်းတွေ ပြောပြပြီးနောက်။

''နောက်တခုက ကျုပ်တို့ လုပ်ငန်းတွေက သသေ ချာချာ ပြီးမြောက် သေးတာ မဟုတ်ဘူး၊ ဒါကြောင့်မို့ ကိုယ့်လူထဲက မိန်းမ ယူမယ်ကြံတဲ့ လူတွေလဲ တနှစ်လောက်တော့ အောင့်ထားကြအုံး''ဟု ခတ်တည်တည် မှတ်လိုက်သဖြင့်၊ ကျွန်ုပ်တို့ လူပျိုရဲဘော်တစုက ပြုံးမိကြလေသည်။

''ဘာဖြစ်လို့လဲ,...ဗိုလ်ချုပ်ရဲ့....''

ကျွန်ုပ်က မရဲတရဲ တွန့်လိုက်မိသည်။

''နိုင်ငံရေးလုပ်ငန်း လုပ်နေတဲ့အခါ အိမ်ထောင် ပြုတော့ သားမယား သံယောဇဉ်တွေက အတော်ရှိသားကွ၊ နေ့ခါတော့... ထုံးစံအတိုင်း-မိုးမြင် လေမမြင် ပျော်သလောက် နောင်တဖြည်းဖြည်းကြာလ ပြီး၊ သားသမီးတွေ ရလာတဲ့အခါ၊ တာဝန်ကိစ္စတွေလဲ တဖြည်းဖြည်း များလာတတ်တယ်။ ဒါဆိုရင်တောင် လူပျို ဘဝတုံးက ဖြစ်သလိုနေခဲ့ပေမဲ့ ခုသားသမီးနဲ့ အိမ်ထောင်နဲ့ဆိုရင်ဘဲ၊ အနည်းဆုံး တွေးရှုရတဲ့ သံယောဇဉ်ကလေး ရှိလာတာဘဲ၊ ဘာဘဲ ဖြစ်ဖြစ်ကွာ-အိမ်ထောင်နဲ့ ဆိုတော့ လူပျို ဘဝလို တုံးတိုက်တိုက် ကမ်းတိုက်တိုက် သံယောဇဉ် ကင်းကင်းနဲ့ အလုပ်လုပ်လို့ မကောင်းလို့ပါဘဲကွာ''

ကြည့်စမ်းပါအုံး....ဗိုလ်ချုပ် ပါးစပ်က စီကာပတ်ကုံး ထွက်လာတဲ့ စကားတွေ ဘယ်လောက်များ သဘာဝကျပြီး ဘယ်လောက် လူ့ ဆန်သော စကားများ ပေနည်း။

၁၉၄၅–ခု ဒီဇင်ဘာလ။

ဗိုလ်ချုပ်သည် မဟာမိတ် သေနာပတိချုပ်- မောင့်ဘက်တင်က ပေးအပ်သော စစ်ဗိုလ်တပ်မင်းကြီး ရာထူးကို လက်မခံဘဲ၊ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဗမာ့လွတ်လပ်ရေး တပ်ဦးကို ပဲ့ကိုင်လျက် ရှိလေသည်။

ကျွန်ုပ်တို့မှာ ဗိုလ်မှူးအောင် ဦးဆောင်လျက်....ပြည်သူ့ ရဲဘော် တပ်ဖွဲ့ ကြီးကို တပင်တပမ်း တည်ဆောက် နေကြဆဲဖြစ်သည်။ တနေ့သောနံက် ကျွန်ုပ်ဗိုလ်ချုပ်အိမ်သို့ ရောက်သွားလေသည်။

''ဟေ့ကောင်....မင်း....ငါ့အိမ် လာနေပါလားကွ....''

''မဖြစ်ဘူးထင်တယ်... ဗိုလ်ချုပ်''

''ဘာဖြစ်လို့လဲ''

''ကျွန်တော် အခု မိန်းမရနေပြီ''

'' ဟေ....ဟုတ်လား၊ ငါလခွေး မင်းဟာကမြန်လှချီလား၊ ဘယ်တုံးက ရလိုက်တာလဲ၊ ဒို့တောင်မသိဘူး ဘယ်မှာလက်ထပ်သလဲ''

'' လက်ထပ်ထာမဟုတ်ဘူး၊ ခိုးပြေးတာ ''

စင်စစ် ကျွန်ုပ်မှာမိန်းမယူသည့်အတွက် ဗိုလ်ချုပ်က ကြိမ်းမှာ ကြောက်နေလေသည် လွန်ခဲ့သော ၆-လကပင် နတ္တလုင်းမှာတုံးက ဗိုလ်ချုပ်သည် လူပျိုရဲဘော်တွေ မိန်းမ, မယူကြသေးဘို့ ပြောခဲ့၏။

'' မင်းအသက် ဘယ်လောက် ရှိပလဲ ''

'' နှစ်ဆယ့်ခြောက်နှစ် ''

'' ဟာ—ဒါဖြင့်....အေ့ရိုက်ဘဲ....အမှန်ကတော့ စောစော အိမ်ထောင်ပြုတဲ့ (Early Marriage) စံနစ်ဟာ-ကိုယ့်မှာ အလုပ်အကိုင် အတည်တကျနဲ့ ဝင်ငွေမရှိသေးလို့ ဘိုင်ကျဘာကလွဲရင် အဲဘက်ဘက်က ကောင်းတာချည်းဘဲ၊ ဒို့ မြို့ကြီးပြကြီးတွေမှာသာ ဝကျနေတာ၊ တောအရပ်ဒေသတွေမှာဆိုရင် ရှေးစံနစ်အတိုင်း စောစော စီးစီးအိမ်ထောင်ပြုကြတာချည်းဘဲ။ အဲဒါ သိပ်ပြီး ကျန်းမာသန့်ရှင်းပြီး အစစ အရာရာကောင်းတဲ့နည်းဘဲကွ။ မြို့ကလူတွေမှာသာ အင်္ဂလိပ်ပညာသင်လို့ အချိန်ကုန်ရတဲ့အထဲ အလုပ်အကိုင် နေရာကျဘို့စောင့်ရ ဟိုပွဲခု သည်ပွဲရနဲ့ အချိန်တွေ ကုန်သဘက်ကုန်ပြီး လူလဲ ပိုင်းဆွေးပြီး မဟုတ်တာ ဖြစ်ချင်တဲ့လူလဲ ဖြစ်ကုန်တော့ဘာဘဲ။ ဒါကြောင့်ငါလဲ သိတ်ရှေ့ရှေ့ဝေးဝေး စဉ်းစားမနေဘဲ ဇွတ်မိန်း မ ယူလိုက်တာဘဲ ....ဟား ....ဟား ''

ရယ်ရယ် မောမောနှင့် ဗိုလ်ချုပ်သည် အိမ်ထောင်ပြုတရား ဟောနေလေသည်။

'' နောက်ပြီး ငါတခု ကြိုက်တာရှိသေးတယ်၊ ဗမာ့ထုံးစံဆိုပြီး မင်္ဂလာဆောင် အခမ်းအနား အကြီးအကျယ်လုပ်ပြီး ငွေတွေနင်းကန်ဖြုန်းတာဟာ....အပိုဘဲ၊ လက်ထပ် တယ်ဆိုရင် ဘယ်သူမှ ရှိ ရှိ နဲ့ ကျဉ်းကျဉ်း မလုပ်ချင်ကြဘူး၊ ဗိုက်ဆံဖြုံ့ပြီးလက်ထပ်မှ

ဟုတ်တယ်ထင်ကြတယ်။ ဒါကြောင့် ငါတော့ ခိုးယူတာ အဆိုးဆုံးဘဲလို့ထင်တယ်။ ဘာမှ သိတ်မကုန်ဘဲနဲ့ လိုရင်းရောက်တာဘဲ မဟုတ်လား ''

''ဒါတော့ ဟုတ်ပါတယ်ဗိုလ်ချုပ်၊ ဒါပေမဲ့လူတွေက ဒါလောက်ခေတ်မမှီသေးတော့ ခက်တာပါဘဲ၊ အခုကျွန်တော်မိန်းခလေးအိမ်ကို လူကြီးများနဲ့ပြန်အပ်ဘို့ စီစဉ်နေတယ်''

'' ဟာ-ဒီ ပြန်အပ်ထားလဲ ဖါတော့ ပိုတယ်လို့ထင်တာဘဲ၊ မိန်းမနဲ့ ယောကျ်ား နှစ်ဦးသဘောတူကြရင် လူသိနတ်ကြား လင်မယားအဖြစ် နေလိုက်ရင်ပြီ ရောပေါ့ကွ '' ဟု ဗိုလ်ချုပ် တအားမှုတ်နေသည်ကို သူ့ချစ်ဇနီး ဒေါ်ခင်ကြည်က ပြုံးရင်း နားထောင် နေသည်။

ငင်းတကြိမ်သာ မဟုတ်၊ သူရေတိမ်နစ် မကျဆုံးမီ ကလေးတွင် ကာကွယ်ရေး အတွင်းဝန် ဦးဘတင့်၏ မင်္ဂလာ ဆောင်သို့ ဗိုလ်ချုပ်နှင့် ကျွန်ုပ်တို့ သွားကြရာ....တကဲ့ ရန်ကုန်မြို့ မျက်နှာကြီး မင်္ဂလာဆောင် ဖြစ်သည့် အတိုင်း၊ အပိုဆာဒါတွေက အလွန် ရှုပ်ပြီး....တယောက်ကိုတယောက် ဂုဏ်ပြိုင်ကာ အရမ်းဝတ်စား ဆင်ယင် လာကြသော မင်းပရိသာတ် အပေါင်းကို သူအလွန် မျက်စိနောက်ဟန် ရှိလေသည်၊ လက်ထပ် မင်္ဂလာ ပွဲမှအပြန် ကားထဲတွင် ဗိုလ်ချုပ်နှင့် ကျွန်ုပ်တို့ ဇနီးမောင်နှံ ပေါင်း-၃-ယောက်ပါလာရာ တလမ်းလုံး မျက်မှောင်ကုတ်၍ စကားမပြောဘဲလာခဲ့သော ဗိုလ်ချုပ်သည်၊ တာဝါလိန်း ထဲသို့ မော်တော်ကား ချိုးဝင်ခါနီးသောအခါ၊

''ယောကျ်ားနဲ့မိန်းမအိမ်ထောင်ပြုတဲ့နေရာမှာခိုးယူတာအကောင်းဆုံးပါဘဲကွာ'' ဟု ကျွန်ုပ်၏ဇနီးအား လှမ်းပြော လိုက်လေသည်။

၎င်းကား....အိမ်ထောင် ပြုရေးနှင့် ပါတ်သက်၍ ဗိုလ်ချုပ်၏ အယူအဆ သဘော တရား (Philosophy) ပင်တည်း။

အော်....ဗိုလ်ချုပ်....ဗိုလ်ချုပ်....သူ့ကို အတိုင်းမသိ....ကြည်ညို အားကိုးသော ဗမာလူထုကြီးက ကောင်းကောင်း မသိသလောက်။ တကဲ့ သဘာဝ ကျသော အတွေး အခေါ် ယူဆချက်တွေနဲ့ 'လူ'နှင့် အလွန်တူသော ဗိုလ်ချုပ်။

''လွတ်လပ်ရေးရပြီးရင်....ငါတော့... နိုင်ငံရေးကထွက်ပြီး စာတွေရေးမယ်-နိုင်ငံ ရေးတွေ ရာဇဝင်တွေအပြင်၊ အိမ်ထောင်ပြုရေး သားသမီး စောင့်ရှောက် ပြုပြင်ရေး အချစ် ပြဿနာ....(Sex) လိင်ပြဿနာနဲ့ ပတ်သက်လို့ ငါ့အယူအဆ သဘော တားတွေ ကိုပါ စာအုပ်ရေးအုံးမှာဘဲ...'' ဟု ၁၉၄၇-ခု၊ ဧပြီလက မေမြို့မှာ ခေတ္တ အနားယူ နေရင်း ပြောခဲ့သော ဗိုလ်ချုပ်သည်၊ အထက်ပါသူ၏ ရည်ရွယ်ချက်ကလေးတွေမှ မပြည့် ဝသေးမီ ရေတိမ်နစ်ခဲ့ရ ရှာလေပြီကကား။

ဗမာ့လွတ်လပ်ရေး ဗိသုကာ နိုင်ငံ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အဖြစ် ဗမာ နိုင်ငံ လုံးက နှမြောတသ ကြသလောက်၊ သူ့ကို လူတယောက်အဖြစ် ကောင်းကောင်းကြီး သိခဲ့သော ဒေါ်ခင်ကြည်၊ အောင်ဆန်းဦး၊ အောင်ဆန်းလင်း၊ မမစု ကလေးတို့၏စိတ်ဝယ် မည်မျှယူကြုံးမရ ဖြစ်ရှာလေမည်နည်း။

# အခန်း ( ၃၆ )

## အောင်ဆန်းဦးတို့အခဖေ။

၁၉၄၆-ခု စက်တင်ဘာလ ၂၉-ရက်နေ့ဖြစ်လေသည်။

မိုးရာသီဘချိန်လုံး အုံ့မှိုင်းရီဝေနေခဲ့သော ရန်ကုန်မြို့၏ကောင်းကင်သည်၊ မိုးနိုပ်တိမ်လိပ်များကင်းစင်လျက် ကြည်လင်တောက်ပ၍ နေလေသည်။ ဗဟန်းလမ်း အတိုင်း တိရစ္ဆာန်ရုံဘေးမှ အလံပြဘုရားလမ်းဘက်သို့၊ တအားပြေးနေသော ဂျစ်ကားတစင်း၏ နောက်ပိုင်းတွင်၊ ကာကီခမ်းရောင် စစ်ဝတ်ယူနီဖေါင်း ဘိုသီဘတ်သီ ဝတ်လျက်၊ ကတုံး ဆံတောက်နှင့် လူရွယ်တယောက် မျက်လုံးမျက်ဖန် ကောင်းကောင်းနှင့် လုံးကြီးပေါက်လှ မိန်းမတယောက်တို့ကို မြင်ရလေသည်။ခဲဘော်အဝတ်အစားနှင့် စစ်သုံး ကက်ဦးထုပ် ဆောင်းထားသော လူငယ်တဦးက ဂျစ်ကားကိုမောင်းလျက်ရှိလေသည်။ တခြားလူတော့ မဟုတ်။ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ဥက္ကဋ္ဌ ပြည်သူ့ရဲဘော် တပ်ဖွဲ့ သေနာပတိ၊ ဗိုလ်ချုပ် အောင်ဆန်းသည်၊ယခုနေ့ကပင် ဘုရင်ခံ၏အမှုဆောင်ဝန်ကြီးအဖြစ် ရောက်သွားလျက် ပူပူနွေးနွေး ကာကွယ်ရေးနှင့် နိုင်ငံခြားရေး ဝန်ကြီး ဦးအောင်ဆန်း အဖြစ် သူ့ဇနီး ဒေါ်ခင်ကြည်နှင့်အတူ မြို့ထဲဘက်သို့ ထွက်လာခြင်း ဖြစ်လေသည်။ ဂျစ်ကားမောင်းသည့် ရဲဘော်ကား စာရေးသူပင် ဖြစ်သတည်း။တလမ်းလုံး စကားတခွန်းမှမပြောဘဲ၊ငေး၍သာ လခဲ့သော ဗိုလ်ချုပ်သည် အလံပြဘုရားလမ်း (အော်တိုကား) တိုက်ရှေ့သို့ရောက်သော အခါ၊ကျွန်ုပ်အားလှမ်း၍ အင်္ဂလိပ်သို ပြောလိုက်လေသည်။


(I am not happy in office.) "အစိုးရထဲဝင်ပြီး ရာထူးယူရတာ ငါတော့ မပျော်ပါဘူးကွာ"

"ဘာဖြစ်လို့လဲဗိုလ်ချုပ်"


ဒေါ်ခင်ကြည်က ဘာမျှမပြော။ ကျွန်ုပ်က လှမ်း၍ မေးလိုက်ခြင်းဖြစ်လေသည်။

"ဘာကြောင့်မှန်းမသိဘူး။ ငါတို့ နိုင်ငံရေးလုပ်လာတာ မြုံးကနဲဒီလို အစိုးရအဖွဲ့ထဲ ရောက်လိမ့်မယ်လို့ တခါမှစိတ်မကူးခဲ့ဘူး။ ခုတော့ မမျှော်လင့်ဘဲ အစိုးရအဖွဲ့ဝင် ရာထူး ယူလိုက်ရတော့ ငါ့စိတ်ထဲ ဘာကြောင့်မှန်းမသိ၊ ပျော်ကို မပျော်ပါဘူးကွာ"


ကျွန်ုပ်လည်းဘာမှ ပြန်မပြောတော့ဘဲ ကားကိုသာမောင်းမြဲ မောင်းနေလေသည်။ အမှန်တော့ သူဘာကြောင့်စိတ်ထဲမှာ မပျော်သလဲဟူသော မေးခွန်း၏အဖြေကို ကျွန်ုပ် သိသည်။ ကျွန်ုပ်သာမဟုတ် တလမ်းလုံးငေးလာရင်း အတွေးနယ်ကျွံနေဟန် ရှိသော ဗိုလ်ချုပ်နှင့် သူ၏ဘေးမှထိုင်လျက်ရှိသော ဒေါ်ခင်ကြည် တို့သည်လည်း ၎င်းအဖြေကို သူတို့စိတ်တွင်းမှ လိုက်လှဲစွာ သိကြသည်။ ထုတ်ဘော် မပြောကြ၍သာ။ ၁၉၄၆-ခု စက် တင်ဘာလ ၂၂-ရက်၊ တနင်္ဂနွေနေ့ကို အမှတ်၂၅-တာဝါလိန်းရှိ အိမ်သူ၊အိမ်သားတွေ စိတ်ထဲမှာ ထာဝစဉ် သတိရနေပေလိမ့်မည်။ အကြောင်းမူကား ထိုနေ့တွင် ဗမာ တနိုင်ငံ လုံးတွင်၊ အလုပ်သမားအရေး သပိတ်အရေးတို့ကြောင့် ဆာပေါ်ထွန်းအစိုးရ ပြုတ်ကျ ပြီးနောက်။ အကင်းပါးသော ဘုရင်ခံသစ် ဆာဟူးဗာတ်ရန့် (စ်) က, ဖ-ဆ-ပ-လ



ယခင်က ဗိုလ်ချုပ် အောင်ဆန်း သားကြီး အောင်ဆန်းဦး၊
သားလပ် အောင်ဆန်းလင်းနှင့် သမီးလေး အောင်ဆန်းစုကြည် တို့။



ယနေ့မူ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၊ သားကြီး၊ သားလပ်၊
သမီးကလေးများကို စသင်၍ ပြုစု ကျွေးမွေးနေရလေပြီ။
(အမျိုးသား ဘလောက် တိုက် ၂ လှူသည်)



ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်ခင်ကြည်၊ သားသမီးများ
ပျော်ရွှင်စွာ တွေ့မြင်ရပုံ။



မကွယ်လွန်မီ သားမယားများနှင့်အတူ
နောက်ဆုံးရိုက်ကူးခဲ့သောပုံ။
အမျိုးသားဘလောက်တိုက်မှ ယူသည်။

ခေါင်းဆောင်များနှင့် အပူတပြင်း ဆွေးနွေးလျက် ဗမာပြည်၏ရှေးရေး ကံကြမ္မာ သတင်းကို လူတိုင်းက စိတ်ဇောကြီးစွာ နားစွင့်နေခိုက်၊ အလုပ်အများဆုံး ခေါင်းအရှုပ်ဆုံးလူဖြစ်သော ဖ-ဆ-ပ-လအဖွဲ့ချုပ်ဥက္ကဋ္ဌဗိုလ်ချုပ်အောင်ဆန်း၏ချစ်ဇနီး ဒေါ်ခင်ကြည်သည် တွင် စတုတ္ထမြောက်။ ရင်နှစ်သည်းချာ သမီးရတနာကလေးတဦး မီးရှူးသန့်စင် ဖွားမြင်လေသောကြောင့်ပင်တည်း။

ဖ-ဆ-ပ-လ အလုပ်အမှုဆောင်အစည်းအဝေးများကား၊ ထိုအချိန်က ဗိုလ်ချုပ်အိမ်မှာချည်း လုပ်လေ့ရှိသည်။ ဗမာလူထုကြီး၏ ကိုယ်စားလှယ်အစစ်ဖြစ်သော ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီး၏ဦးနှောက်ကား အလုပ်အမှုဆောင်အဖွဲ့ပင်ဖြစ်ရာ၊ဗမာလူထုနှင့်ဗမာပြည်၏ ကံကြမ္မာကို ဖန်တီးနိုင်သည့် ဖ-ဆ-ပ-လ အလုပ်အမှုဆောင် အစည်းအဝေးများသည် (အထူးသဖြင့် ထိုကဲ့သို့လူထုအုံကြွမှုဖြစ်နေစဉ်တွင်) မည်မျှအရေးကြီးကြောင်းကို စာဖတ်သူများ တွေးကြည့်နိုင်ပေသည်။ တခါတခါ နံနက် ၉-နာရီက စသော အစည်းအဝေး တခုသည် (နေ့လည်စာကို အစည်းအဝေးအခန်းတွင်ပင် ခေါက်ဆွဲကျော် တပုဂံနှင့်ပင် ပြီးရသည်) ည ၉-နာရီ၊ ၁၀-နာရီလောက်မှပင် ပြီးဘတ်လေသည်။ “ တံခါး အမြဲပွင့်ထားသော” ဆာဒေါ်မန်စမစ်၏ လောကွတ်ကို အခါခါပြင်းပယ်ခဲ့သော ဖ-ဆ-ပ-လ အဖွဲ့ကြီး အစိုးရအဖွဲ့ ဇာတ်စဉ်ပေါ်တက်ကရမည့်အရေးသည် အလွန်ပင်အရေးကြီးရကား ဘုရင်ခံနှင့်စေ့စပ်ချက်များကို အထူးသတိကြီးစွာ သုံးသပ်ဝေဘန်ရသည်မှာ၊ ဖ ဆ-ပ-လ ခေါင်းဆောင်များအဖို့ အဘော်ခေါင်းရှုပ်စရာ ဖြစ်နေခဲ့သည်။ ဤကဲ့သို့လျှင်၊ ခေါင်းရှုပ်သော သူများ၏ သဘာပတိ ဗိုလ်ချုပ်အောင်ဆန်းသည်၊ ၎င်းတော်သလင်းလဆုပ် ၁၂-ရက်။ တနင်္ဂနွေနေ့က ဘူ့တွင် သမီးရတနာတဦး တိုးပြန့်ပြီဟူသော မင်္ဂလာသတင်းကောင်းကို ကြားရသောအခါ၊ မည်မျှဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရှာလေမည်နည်း။ သူ၏ကလေး အကြီးဆုံး နှစ်ယောက်မှာ ယောကျ်ားကလေးချည်း ဖြစ်ကြလျက်၊ တတိယကလေးမှာ မိန်းကလေး ဖြစ်သည်။ ပြေးလွှားကစား နေသာတတ်သည့် အရွယ်ဖြစ်သော သားနှစ်ယောက်ကိုကြည့်ရင်း တခါတခါ မျက်စိနောက်သော ဗိုလ်ချုပ်သည်၊ သူ၏ သမီးကလေး (မမစု) အပေါ် အချစ်တွေပိုမိလေသည်။ ယခုတဖန် သမီးရတနာတဦး ထွန်းကားပြန်ပြီ များမကြာမီ သူရုံးကပင်ပန်းပြီးပြန်လာတိုင်း လှေခါးထိပ် မော်တော်ကား ဆိုက်ရာသို့ “ ဖေဖေပြန်လာပြီ ” ဟုဆိုခါ၊ ဘဝင်စေရာ အပြုံးကလေးဖြင့် ဆီးကြိုတတ်သော မမစု နှင့်အတူ အဘော်ရမည့် သမီးထွေးကလေးကို စိတ်ကူးယဉ်ကြည့်ရင်း ဗိုလ်ချုပ် ( ဝါ ) အောင်ဆန်းဦးတို့အဖေ ဦးအောင်ဆန်း၏စိတ်တွင် နှစ်သိမ့်ကြည်နူးသွားလေသည်။

သို့သော်၊ ကံကြမ္မာကသူ၏မြော်လင့်ချက်အဆောက်အအုံကို တဟုန်တည်း မုန်တိုင်းဆင်၍ ချေမှုန်းဖျက်ဆီးပစ်လိုက်လေသည်။ စက်တင်ဘာလ ၂၆-ရက်နေ့ ( ဗိုလ်ချုပ်တို့ ဝန်ကြီးအဖြစ် ကျမ်းကျိမ်သောနေ့ ) တွင် ဗိုလ်ချုပ်၏ သမီးထွေးကလေးသည် ဘူ့ဖခင်၏ ဂုဏ်ရှိန်သမ္မာကို၊လူ့ပြည်တွင် ၅-ရက်မျှခံစားကာ အနိစ္စရောက်သွားရှာတော့သတည်း။ သတင်းကိုကြားကြားချင်း ဗိုလ်ချုပ်သည်တချက်မျှငိုင်သွားကာ....

N.P.W.—191-21 10000

''အင်း-အိမ်ထောင်ကျတဲ့ ၅-နှစ်အတွင်း ကလေးလေးယောက်ရလို့ များလှတယ်နိုဘဲ့ စိတ်တော့ညစ်မိပါတယ်။ ဒါပေမဲ့ ရှေးမှတော့ ကလေးကို မသေစေချင်တော့ သိတ်နှမြောတာဘဲများ''ဟု ညည်းရှာလေသည်။

နိုင်ငံရေးဘဝ အဝဝတွေကြောင့် အလွန် အလုပ်များလျက်ရှိသော သူ၏ ခန္ဓာကိုယ်အတွင်းရှိ နှလုံးထဲမှ ဖခင်တို့၏ ချစ်ခြင်းမေတ္တာအဟုန်လည်း ပေါက်ကွဲ၍ ထွက်လာလေသည်။ ကြည့်စမ်းပါဦး တနုက်ငွေနေ့ကဘဲ သွီးရတနာရခဲ့သည်။ ကြာသပတေးနေ့ကျသောအခါ အစိုးရအဖွဲ့သို့ဝင်ပြီး ဝန်ကြီးအဖြစ် ကျမ်းကျိမ်ခံ့သည်။ ၎င်းကြာသပတေးနေ့မှပင် ချစ်သွီးကလေး ဆုံးရပြန်သည်။ ကံကြမ္မာက သူ့အားပြောင်လှောင်ကာပျက်ရယ်ပြုခြင်းပင်မဟုတ်ပါလော။ ဘယ်လောက်ဘဲ ဝန်ကြီးရာထူးက စည်းစိမ်ရှိသည်ဆိုဆို ဘယ်လိုပင် မော်တော်ကား ရေဒီယို တယ်လီဖုံးစသောအဆောင်အယောင်တွေများများ အတိုးမဖြစ်နိုင်သော ရတနာ (သွီးထွေးကလေး) ဆုံးရှုံးရသည့် ဗိုလ်ချုပ်ခမြာမှာ အဘယ်မှာလျှင် ပျော်နိုင်ရှာ မည်နည်း။ ထို့ကြောင့်ပင်''အစိုးရထဲဝင်ပြီး ရာထူး ယူရတာ ဘာကြောင့်မှန်း မသိ။ ငါတော့ မပျော်ဘူးကွာ။''ဟုပြောသော်လည်း သူမပျော်ရသည့် အကြောင်းများအနက် အထက်တော်ပြပါအကြောင်းသည်၊ အရေးပါသောအချက်တချက် ဖြစ်ရမည်ဟု ကျွန်ုပ်တော့တထစ်ချ ယင်လိုက်မိသည်။ ဖ-ဆ-ပ-လ အလုပ်အမှုဆောင် အစည်းအဝေးများ တိုင်းပြုပြည်ပြု လွှတ်တော် ကော်မီတီ အစည်းအဝေးများ ကျင်းပစဉ် ဗိုလ်ချုပ်အား အမှတ်မဲ့ ချောင်းကြည့်ဘူးသူတို့သည်၊ သူ၏ စိတ်အားထက်သန်စွာ ဆွေးနွေးပုံ ဖြစ်လာနေသောပြဿနာအကြောင်းအရာ၌ စိတ်အားထက်သန်စွာ အာရုံစူးစိုက်နေပုံ (Power of Concentration) ကိုသတိမပြုဘဲ မနေနိုင်ကြချေ။ ထိုပြဿနာအကြောင်းအရာတခုခုကို အချိန်ကြာမြင့်စွာ စိတ်အာရုံ စူးစိုက် နိုင်ခြင်း မှာ ဗိုလ်ချုပ်၏ ထူးခြားသောအရည်အချင်းတခုပင်ဖြစ်လေသည်။ သူ၏ နေ့စဉ်လုပ်ငန်းအစီအစဉ်စာအုပ်ကလေးကိုအမှတ်မဲ့ကြည့်လိုက်လျှင်---

| | | |
|---|---|---|
| နံနက်-၇ နာရီ | .... | ဆိုရှယ်လစ်ပါတီ ပြန်လည်ထူထောင်ရေး အစည်းအဝေး။ |
| ၁၀။ | .... | အစိုးရအမှုထမ်း ကိုယ်စားလှယ်များနှင့်တွေ့၊ |
| ၁၁။ | .... | အမေရိကန် ကောင်စစ်ဝန်နှင့် ချိန်းထားသည်။ |
| ၁၂။ | .... | ကာကွယ်ရေးဆိုင်ရာ ကော်မီတီ အစည်းအဝေး။ |
| နေ့လည်-၂နာရီခွဲ | .... | တိုင်းပြည်ပြုလွှတ်တော်အခြေခံ ဥပဒေ ဆပ်ကော်မီတီ အစည်းအဝေး။ |
| ညနေ ၄-နာရီ။ | .... | ဖ-ဆ-ပ-လ အမှုဆောင်အစည်းအဝေး။ |

စသည်ဖြင့် တွေ့ရပေလိမ့်မည်။ နေ့စဉ်နှင့်အမျှ သူ၏ လုပ်ငန်းစဉ်မှာ ဤသို့ပင် ပြည့်ကြပ်လျက်ရှိသည်။ အစည်းအဝေး တခုနှင့်တခု ဆက်၍နေသလောက် ဆိုင်ရာပြဿနာအကြောင်းအရာကွဲမှာ တခြားစီဖြစ်နေသည်ကို တချိန်လုံးစိတ်အာရုံ စူးစိုက်လျက်၊ တခုပြီးတခု ပြဿနာတွေကို အောင်မြင်စွာဖြေရှင်းသွားနိုင်ခဲ့ခြင်းမှာ၊ ချီးမွမ်းအံ့ဩဘွယ်ရာပင်

တည်။ " ဗိုလ်ချုပ် အဲသလို အစည်းအဝေးတွေ တခုပြီး တခုတက်ပြီး၊ စိတ် အာရုံ (Concentrate) စူးစိုက်နိုင်တာ တော်သကွာ။ ငါတော့တခါတလေ အစည်း အဝေး လုပ်နေရင်း စိတ်ကတခြားကို လွင့်သွားတတ်လွန်းအားကြီးလို့ မနဲကိုအားခဲ့ပြီး အစည်း အဝေးထဲစိတ်ရောက်အောင် ကြိုးစားရတယ်"ဟု အစိုးရအဖွဲ့ထဲဝင်ခါစ, ကိုကြီးနုက ကျွန်ုပ်အားပြောဘူးလေသည်။ မှန်ပေသည်။ ဖြူစင်သိမ်မွေ့သော စိတ်ထားနှင့် အနုပညာ သမား ကိုကြီးနုသည်၊ အစိုးရအဖွဲ့ ခေါင်းဆောင်လုပ်ခြင်း၏တာဝန်ဝတ္တရားများ အစည်း အဝေးများ၊ မသွားမနေရသည့် ညစာခံ့-ထမင်းစားပွဲ ပါတီများ၏ဒဏ်ကို လူမှုရေးရာ နားမလည်ဟု အများကဆိုကြသော ဗိုလ်ချုပ်လောက်ခံနိုင်ရည်ရှိဟန်မတူရှာပေ။ အစည်း အဝေးများနှင့်မြင်ရသော ဘုကျကျမျက်နှာထားနှင့်ဗိုလ်ချုပ်အား အချို့ကအလိုလိုကြောက် ကြသည်။ အမှန်တော့ ဗိုလ်ချုပ်သည် စိတ်နှင့်အနေမသင့်လျှင် ဘုမှတ်တတ်သလောက် နူးညံ့သိမ်မွေ့သည့်ရှုသာမန်တို့၏စိတ်သဘောများ သူ့တွင် အပြည့်ရှိပေသည်။ သူ၏ချစ် ဇနီးနှင့်သားသမီးများအပေါ်ကြင်နာယုယသည့်စိတ်သည်လည်းအခြားလူများထက်မနဲပေ။ သူ၏သားသမီးများ ပြုစုစောင့်ရှောက်ရေး၊ ပညာသင်ကြားရေး။ သူတို့၏ ရွှေရေး အတွက် ဗိုလ်ချုပ်သည် စိတ်ထဲတွင် အစဉ်ပြင်းစား ဆင်ခြင် နေတတ်သည်။ ၁၉၄၇-ခုနှစ် စစ်ကြီး ပြီးစ အခါသမယတွင်၊ ပေါ်လွန်ရေးမျိုးချစ်မဟာတပ်ဖွဲ့တော်ကြီး၏သနာပတိ ဂျင်နရယ် အောင်ဆန်းဆိုသူအား နိုင်ငံခြား သတင်းစာဆရာများ သတင်းယောက်မှားသည်၊ အဟုန စိတ်ဝင်စားလျက်ရှိရာ၊ မကြာခဏ တာဝါလိန်း၊ ဗိုလ်ချုပ်အိမ်ကို လာရောက်တွေ့ဆုံစကား ပြောခြင်း မဟာမိတ် စစ်ဘက်အရာရှိကြီးများနှင့်ကွက်တွင် ထင်ရှားလှသော ဗိုလ်ချုပ် အောင်ဆန်းကို စုံစမ်းအကဲခတ်လေ့ရှိကြသည်။

" ခင်ဗျားရှေ့ကို ဘယ်လိုကြံစည်ဖို့တကူးပါသလဲ။ စစ်တပ်ကိုဘဲ ဆက်လက် ဦးစီး မလား။ သို့မဟုတ်- နိုင်ငံရေးကိုဘဲ တရှိန်ထဲလုပ်သွားမလား။ " ဟူသော မေးခွန်းကို ခဏခဏ မေးတတ်ကြသည်။

" ကျုပ်တော့အခုခဏလဲပြီးပြီနို့ စစ်တပ်ကိုဆက်လက်ဦးစီးရွှေဆောင် မလုပ်တော့ ပါဘူး။ ကျုပ်ကိုယ်စားအခုနှုတ်ယာဉ်ဆောနေ့ တေ ဗိုလ်လက်ျာကဘဲဦးစီးပါလိမ့်မယ်၊ ကျုပ် အဘို့ကတော့ နိုင်ငံရေးကိုသိပ်ထိရောက်မရောက် ဝင်လုပ်လိုက်အုံးမယ်။ ဒါလဲ ဗမာပြည် လွတ် လပ်ရေးရတဲ့အထိပါဘဲ။ လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးကထွက်ပြီး နေအေးအေး စာ အုပ်ကလေး ဘာလေး ရေးပယ်ကြံတာဘဲဗျာ၊ ကျုပ်ရဲ့အိမ်တောင် (Family) အတွက် ဂရုစိုက်ပြီး စီမံစရာတွေ အများကြီးရှိပေသေးတယ်၊ ကလေးတွေ ပြုစု စောင့်ရှောက်ရေး ပညာသင်ကြားရေးကိစ္စတွေလဲ ကျုပ်ကိုယ်တိုင် ကြည့်ရှုကြီးကြပ်ချင်တယ် "

ဗိုလ်ချုပ်၏ အဖြေကား ဤသို့ချည့်သာတည်း။

ဤသို့လျှင် ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ထိရောက်စွာ ဝင်မလုပ်ရသေးမီကပင် ဗိုလ်ချုပ်သည် နိုင်ငံရေးက ထွက်ချင်သည့် ဆန္ဒကို အတိအလင်း ထုတ်ဖော် ခဲ့လေသည်။ ဖ ဆ ပ လ အဖွဲ့ချုပ်ဥက္ကဋ္ဌလုပ်ရာက အစိုးရအဖွဲ့သို့ ဝင်ရသောအခါ၌မူကား

လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးက ထွက်မယ်ဟူသော စကားကို ခဏခဏပြောလာတော့သည်။

အိမ်မှာ ဆုညီစွာ ထော့ကစားရာမှ တယောက်နှင့်တယောက် ကစားစရာ လုကြငိုကြနှင့် လုပ်သောသားနှစ်ယောက်အား၊ တခါတခါ စိတ်မရှေသော ဒေါ်ခင်ကြည်က မိခင်ဘိုဘာဝ " တယ်ဆိုးတဲ့ ကောင်လေးတွေဘဲ"ဟု ညီးမိရာ ကုတင်ပေါ် လှဲရင်း စာဖတ်နေသော ကလေးတို့အဖေက....

" ငါ့ကလေးတွေ ဆိုးချင် ဆိုးပါစေကွာ။ အရေးကြီးတာက ခလေးဆိုတာ (Character) စိတ်ဓါတ် ကောင်းရှိဘို့ရယ် (Love of truth) သည်ကြည့်ဖြောင့်မတ်ခြင်းလိုသားတဲ့ စိတ်ရှိဘို့ရယ်။ ဒါဘဲအရေးကြီးတယ် " ဟု သူ့ကိုယ်နှင့်လည်း နှိုင်းလျက် သူ၏စိတ်ထဲတွင်ထင်မြင်မိသော (Ideal) စံပြယောက်ျားအကြောင်းကို မျှော်မှန်းရင်း ပြောလိုက်လေသည်။

ဟုဘ်ပါသည်။ သူ၏သားများကို တည်ကြည် ဖြောင့်မတ်သော စိတ်ဓါတ်ကောင်းကောင်းနှင့် တိုင်းပြည်၏သားကောင်းရတနာများဖြစ်စေချင်သည့် စေတနာတွေ ဗိုလ်ချုပ်တွင်အခြားအခြားသော ဖခင်များနည်းတူ ရှိခဲ့လေသည်။ သားနှစ်ယောက်အနက် အကြီး ( အောင်ဆန်းဦး ) မှာ ဖေသ့ သေးသွယ်သွယ် အသား အနည်းငယ်ညို၏။ မှတ်ဉာဏ်ကောင်းလှ၏။ လူကြီးများကဲ့သို့ အရွယ်နှင့် မလိုက်အောင် စကားကြီး စကားကျယ်တွေသည်းပြောတတ်၏။ သားအငယ် (အောင်ဆန်းလင်း) မှာမူ၊ ကိုယ်လုံးကိုယ်ပေါက်ထွားထွားကြိုင်းကြိုင်းနှင့် အသားအရေဖြူဖွေးပြီး ရီစရာ မောရာ အလွန်လုပ်တတ် ပြောတတ်၏။ ရဲဘော်တွေက သူ့ကိုတခါခါ ( ကိုလင်း ဘတ်ဖလိုး-ကျွဲကြီး ) ဟု ချစ်စနိုးခေါ်တတ်၏။ သူ၏ဝိုင်းစက်ပြူးကျယ်သော မျက်လုံးကြီးများမှာ၊ မိခင်ထံမှ ရရှိသောအလှအမွေများပင်တည်း။

တညနေ၌ မိသားတစုံညီစွာရှိစဉ် ဗိုလ်ချုပ်သည် သူ၏ ခလေးများကို ကြည့်ရင်းပီတိဖြစ်ရာမှ သူ့စိတ်ထဲတွင် ထင်မြင်ဝေဘန်ချက်များကို ထုတ်ဘော်ပြောလေသည်။

" အကြီးကောင် ငဦးက (Very Serious) အရွယ်နဲ့မလိုက်အောင် တည်တာရယ်။ မှတ်ဉာဏ်ကောင်းတာရယ်ကို ထောက်တော့- သူ့အဖေလို လာမယ်ထင်တာဘဲ။ အငယ်ငလင်းကြီးကတော့ သူ့ကြည့်ရတာရှုးပေါ်ပေါ်ကြီးဘဲ။ပေါ့ပေါ့စားပေါ့ပေါ့နေရင်း ကြီးလာမဲ့ အကောင်ကြီးဘဲကွ။ ကြီးလာရင် တော့များ နေအုံးမလားတောင် မသိဘူး။ ဘာဘဲပြောပြော ငါ့သမီးကလေး(စု) ကတော့ အားလုံးထဲမှာ အလိမ္မာဆုံး။ ချစ်စရာအကောင်းဆုံးဖြစ်မှာပါဘဲ။ ဒါပေမဲ့ မိန်းမရတဲ့ ၄-နှစ်အတွင်းမှာ ခလေးတနှစ်တယောက် မှန်မှန်ကြီးရတာက ဖွကျသကွာ....ဟဲ....ဟဲ"ဟု ရယ်သွမ်းသွေးကာနှင့် ပြောလိုက်ရာ အနီးရှိ ချစ်ဇနီး ဒေါ်ခင်ကြည်က ( ဘုကျပြီး အပြင်လူများ ကြောက်သည်ဆိုသော ) ဗိုလ်ချုပ်ကြီးအား မျက်စောင်းထိုးလိုက်လေသတည်း။

# အခန်း ( ၃၇ )

## အနုပညာ နှင့် ဗိုလ်ချုပ်။

ဗိုလ်ချုပ် အောင်ဆန်းကို နာမည်သာ ကြားဘူးကြသူ များသည်ဖြစ်စေ၊ လူကိုယ်တိုင် သိကျွမ်းခဲ့သူများသည်ဖြစ်စေ၊ သူ့လို စိတ်မြန်, ကိုယ်မြန်, ဒေါသကြီးတတ်သူအဖြစ် လောက ကြီးအား တိတိကျကျ မာကြောသော အကောင်းအထည် ရုပ်ဝါဒ မျက်စိဖြင့် ကြည့်တတ် သူတယောက် အဖြစ်သာ ထင်မြင်ကြ သိကြ ပေသည်။ သို့ရာတွင် စာပေကဗျာ, ဂီတ, တူရိယာ စသော ယဉ်ကျေးမှု အနုပညာနှင့် ပါတ်သက်၍ သူ၏အယူအဆ သဘောထား များကိုကား သိသူအတော်ရှားပေလိမ့်မည်။ တက္ကသိုလ် ကျောင်းသားဘဝက ခေါင်းစုတ် ဖွားနှင့် အဝတ်အစား ဘယ်အခါမှ သပ်သပ်ယပ်ယပ် ဝတ်လေ့ မရှိသည့်အပြင်၊ “ ဒီ အောင်ဆန်းဆိုတဲ့ ငတိဟာ....နဲနဲမှ ဆိုရှယ် ဖြစ်တာ မဟုတ်ဘူးကွ” ဟူ၍ ကောလိပ် ကျောင်းသူနှင့် ကျောင်းသား အပြင်းအထန် ပွက်ကြ, ဝေဖန်ကြသည်ကို “ ဆိုရှယ် ” ဖြစ်သည်ဆိုကာ ခေတ်စားနေချိန်က တက္ကသိုလ်ဟော်တယ်ထမင်းစားခန်းမကြီး၌ သူထိုင်စား နေသောစားပွဲခုံသို့ အခြားကျောင်းသားများပင်ဝင်မထိုင်ဘဲ ရှောင်သွားခြင်း ခံခဲ့ရသော ကိုအောင်ဆန်းသည်၊ ကျောင်းသားဘဝကပင် နိုင်ငံရေးနယ်သို့ စိတ်ရောကိုယ်ပါ ရောက် နေခဲ့လျက်၊ သူ၏ရှိသမျှသောအချိန်၌ တက္ကသိုလ်သမဂ္ဂမျှော်စင်မှနေ၍ မျက်စိတဆုံး မိုးကုတ် စက်ဝိုင်းတွင် ဗမာ့လွတ်လပ်ရေးအလင်းရောင်ကို မြင်လိုဇောဖြင့် တမေ့တမော မျှော်ကြည့်ခဲ့ ရှာသည်သာမက၊ ဂျပန်ခေတ်လုံးတွင်လည်း ကျွန်ုပ်တို့၏ ကျွန်ခေတ်သမိုင်းတွင် ပဌမ အကြိမ် ဗမာ့လက်နက်ကိုင် တပ်မတော်ကြီးကို တည်ဆောက်ခဲ့ပြီးနောက် ဖက်ဆစ်တော် လှန်ရေးစစ်ဆင်မှုများ၌သာ အလုပ်များခဲ့ရှာသေးသည်။ ထို့နောက်ဒုတိယ ကမ္ဘာစစ်ကြီး အပြီး တွင်ကား ဖ-ဆ-ပ-လ- တပ်ဦးကြီးကို တဖန်ပဲ့ကိုင် ခေါင်းဆောင်ရ ပြန်ကာ နောက်ဆုံးလူမသမာတို့၏လက်ချက်ဖြင့် အနိစ္စရောက် သွားရသည့်တိုင်အောင် တိုင်းပြည် တာဝန်ကို အချိန်ပြည့် နှုတ်ချွန်စွာ အမှုထမ်းခဲ့ရသူဖြစ်ခဲ့ရကား-သူလိုလူထု ခေါင်းဆောင် ကြီးတဦးသည်၊ လူထုထဲမှပုဂ္ဂိုလ်တယောက်ကဲ့သို့ ကဗျာနှင့် စာပေအကြောင်း သီချင်း ဂီတအကြောင်း။ ရုပ်ရှင်နှင့်ပြဇာတ် အကြောင်းများကို လေ့လာ သုံးသပ်ခြင်း။ ဆွေးနွေး ဝေဘန်ခြင်းများ ပြုနိုင်ရန်ခဲယဉ်းလှသလောက်၊ ဗိုလ်ချုပ် ကိုယ်တိုင်ကလည်း အလျင်း ဝါသနာပါမည်မဟုတ် ဟု အားလုံးက ထင်မှတ်ခဲ့ကြခြင်းပင် ဖြစ်လေသည်။

သို့သော်-သည်လောက်လဲ မဟုတ်သေးပါ။

တိုင်းပြည် ခေါင်းဆောင် ဗမာ့ တပ်မတော်၏ သေနာပတိဟောင်း ဗိုလ်ချုပ် အောင်ဆန်းသည်၊ ကျွန်ုပ်၏ ယခင် ဆောင်းပါး များ တွင် ဖော်ပြ ထားသည့် အတိုင်း လူသာမန်တို့၏ နူးညံ့သိမ်မွေ့သောစိတ်ထားများ ယဉ်ကျေးမှု အနုပညာကို သုံးသပ်လို စိတ်များ ချို့တဲ့ကင်းမဲ့ခြင်းမရှိသော “လူ-အောင်ဆန်း” လည်း ဖြစ်ပါသည်။

၁၉၄၆-ခု၊ ဒီဇင်ဘာလ တစ်မှိုင်မှိုင်ရှိလှသောအခါသမယဖြစ်လေသည်။ မိတ္ထီလာမှ တောင်ကြီးသွား မော်တော်ကား လမ်းပေါ်တွင် တောင်ကမ္ဘားယံ များကို ဝင်ဘား

လှည့်သကဲ့သို့၊ ကွေ့ကောက်ကာ ပြေးထက်လျက်ရှိသော 'စတေးရှင်ဝက်ဝွန်း' ကားစိမ်းတစီးတွင်၊ ကြက်သရေ ရှိလှသော ကြယ် ဖြူနှင့် အနီ ရင့်ရောင် ဖ-ဆ-ပ-လ အလံ တခု လွှင့်ထားသည်ကို အခြား ခရီးသွား မော်တော် ကားများက သတိ ပြုမိကြလေသည်။ ထိုအချိန်က ဖ-ဆ-ပ-လ အလံ တော်ကို မော်တော် ကား၌ လွှင့်ထူလေ့ ရှိသူ တဦးသာ ရှိလေသည်။ ထိုသူကား ဖ-ဆ-ပ-လ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ် အောင်ဆန်း ပင်တည်း။ ဒီဇင်ဘာလ ၂၃ ရက်နေ့က သံဖြူဇရပ်တွင် ကျင်းပခဲ့သည့်ကျဆုံးသောစစ်သည်တော်များ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်ရင်း၊ တနင်္သာရီတိုင်း ကရင်အမျိုးသားများ နှစ်ပတ်သည့်ပွဲ ကျင်းပရာ ကပ္ပလီရွာသို့ ပင်ပမ်းစွာ သွားခဲ့ပြီးနောက်။ ကရင်နှစ်သစ်ကူးပွဲ အမှီ ကရင်နီနယ် လွယ်ကော်မြို့သို့ ခရီးပြင်း နှင်ရန်အတွက် ရန်ကုန်မှ မိတ္ထီလာသို့ ဝေဟင်ခရီးဖြင့် လာခဲ့ပြီး။ မိတ္ထီလာမှတဆင့် ရှမ်းပြည်သို့ကားနှင့် တက်နေခြင်း ဖြစ်လေသည်။

တနင်္သာရီ တိုင်းတွင် ဆင်းရဲ ပင်ပမ်းစွာ ခရီးကြမ်းများ သွားခဲ့ရသော ဗိုလ်ချုပ်မှာ သင်းပျံ့သော ထင်းရှူးပင်နံ့များ လှိုင်နေသည့် ရှမ်းကုန်းမြင့်ဒေသမှ လေကောင်း လေသန့်များကို ရှူရှိုက်ရသောအခါ၊ တိုင်းပြည်ရေးရာ ကိစ္စများဖြင့် အလုပ်အလွန် များခဲ့သော သူ၏ဦးနှောက်တွင် အနည်းငယ် ကြည်လင်၍လာဟန် ရှိလေသည်။ သူ၏စိတ်ထဲဝယ် သည်တခါ ရှမ်းပြည် တက်ရ သည်မှာ ပို၍ ပျော်စရာ ကောင်းလှ၏။ ကားလမ်းဘေး တဘက်တချက်တွင် ရံသျက်ရှိသောတောင်တန်းကြီးများ၊ သစ်ပင်ဝါးပင်များ၏ရှုမျှော်ခင်းမှာလည်း ပို၍သာယာသည်ဟု ထင်မြင် မိလေသည်။ အကြောင်း မူကား ယခု တကြိမ် ခရီးထွက်ရာ၌ သူ၏ နံဘေးတွင် ကပ်လျက် ချစ်ဇနီး ဒေါ်ခင်ကြည်သည်၊ လိုက်ပါလာသောကြောင့် ပင်တည်း။

ဥပမာ—လမ်းခရီး၌ နာစေး ချောင်းဆိုးမှစ၍ နေထိုင်မကောင်း ဖြစ်ခဲ့လျှင် သူနာပြု အတတ်၌ ဝါရင့်ပြီး ဖြစ်သော ဆရာမ, ဒေါ်ခင်ကြည်က သူ့အား ပြုစု ယုယ လိမ့်မည် ဖြစ်သတည်း။

"........ဂန္ဓမာတောင်-လှိုင်ချောင်း မုတ်နန်းဆီ ဂုမ္ဘာန် တထောင် စောင့်ကြပ် ခါသီးသည်....နတ်ပန်းကလေးနဲ့ နတ်ပန်းကလေးနဲ့ သဏ္ဌာန်တူသည်....လေယူ ရာသင်း မွှေးလှုံ့လှိုင်ကြည်.....ဘုန်းသမ္ဘာရှင် မျှော်ကိုးကာ စောင့်ခဲ့ပြီ။"

လား—လာ၊ မော်တော် ကားသည်၊ ကလောမြို့သို့ နီးလာလေလျက် ပတ်ဝန်းကျင် ရှုမျှော်ခင်းမှာလည်း ပို၍စိမ်းစို သာယာလာလေရာ။ ဗိုလ်ချုပ်သည် သူ၏လက်ဝဲဘက်ရှိ ချစ်ဇနီး၏ ပေါင်ကို လက်ဝါးဖြင့် ပုတ်ခါ စီးချက် မှိတ်ရင်း အဘက်ပါ, မသန်းခေအး၏ (မြပန်းခွေ) သီချင်းကို ကူရိယာမသန့်သော သူ၏ အသံကြီးကြီးဖြင့် ဆိုနေခြင်း ဖြစ်လေသည်။

ကျွန်ုပ်သည် မော်တော်ကား ရှေ့ဆုံးတန်းမှနေ၍ ဗိုလ်ချုပ်နောက် တည့်တည့်တွင် ထိုင်ကာ ပေါ်ကုတ်ကုတ် လိုက်ပါ လာသော သတင်း ထောက်ကြီး ဦးပု ကလေးအား လှမ်းကြည့်လိုက်ရာ၊ အဘိုးကြီးက ပြုံးစိစိနှင့် သူ၏ကော်ကိုင်း မျက်မှန် ကြီးထဲမှ မျက်စိ ကာဖက်မှိတ်၍ ပြလိုက်လေသည်။

ဗိုလ်ချုပ် သည်လို သီချင်းဆိုသည်ကို ဘယ်သူက ယုံမည်နည်း။ တက္ကသိုလ် အင်းဝဆောင်တုံးက ကျွန်ုပ်၏ မိတ်ဆွေ တဦးသည်၊ ကျွန်ုပ်တို့တတွေ တူရိယာ ဂီတ တီးမှုတ်သီဆိုသမျှ အနားမှလာ၍ နားထောင်လေ့ရှိ၏။ သူကိုယ်တိုင်ကား ဘယ်တော့မှ သီချင်းဆိုလေ့မရှိ။ သူများက ဆိုခိုင်း၍လည်းမရ။ ရေချိုးခန်းတွင် လူတကာ နင်းအော်လေ့ရှိသော်လည်း ထိုသူမှာ ရေချိုးရာ၌ပင် သီချင်းတပုဒ်မှ ညည်းလေ့မရှိသူမဟုတ်ပေ။ အကြောင်းကိုမေးသောအခါ "ကျုပ်အသံက သီချင်းဆိုလို့ကိုမဖြစ်လို့ပါ" ဟု အဖြေပေးလေသည်။ ၎င်းမိတ်ဆွေကဲ့သို့ လူမျိုးအများပင် ရှိလေသည်။ ထိုသူများနှင့်စာလျှင် ဗိုလ်ချုပ် ခမြာ သူစိတ်ကူးရသည့်အခါ သီချင်းဆိုဘော်ရ၍ တော်လှပြီ မဟုတ်ပါလော။

"ဒိုရာသန်းဇေ အသံက ကောင်းတော့ အတော် ကောင်းတယ်ကွ။ ဒါတော့.... သူ့အသံရယ်-ခေရှင့်အသံရယ် အကြိုက်ဆုံးဘဲ" ဟု ကလောမြို့ အဝင်တွင် ဗိုလ်ချုပ်က လုပ်လိုက်သေးသည်။

ကိုင်း....ကဗျာမဆန်, တူရိယာမဆန် အနုပညာနှင့်ဘယ်လိုမှ ဆက်စပ်၍မရသော ဗိုလ်ချုပ်အောင်ဆန်းသည်၊ ယခု သူ့စိတ်ထဲတွင် ထင်မြင်သည့် အတိုင်း၊ ဗမာ တူရိယာ တေးသံရှင်များကို ထုတ်ဖော် ဝေဘန်လိုက်လေပြီ။ 'ဘိလပ်ပြန်သန်းနှင့်' "ခေရှင်" တို့၏ညှတုတုတေးသီသံသည်၊ စိတ်ကူးယဉ်ကာ နူးညံ့သော လူပျိုပေါက် ကောင်ကလေးများကဲ့သို့ပင် ဗိုလ်ချုပ်ကြီးအား နားဝင်ပီယံဖြစ်ကာ၊ ဘဝင်နှလုံးတွင် ရှင်ပြုံး စွဲမက် စေခဲ့ပေသည်။

၎င်း အကြိမ်တွင်သာမဟုတ် သူခရီးထွက်တိုင်းလိုပင် စိတ်ကူးပေါက်သည့် အခါ သူရသလောက် တပိုင်းတစ ကာလပေါ် တေးချင်းများကို သူ၏အသံကြီးဖြင့် ညီးလေ့ရှိကြောင်းကို သူနှင့်အမြဲလိုလိုပါသော ရဲဘော် ဗိုလ်မင်းလွင်၊ ဒရိုင်ဘာ ခင်မောင်နှင့် သတင်းထောက်ကြီး ဦးပုကလေးတို့သည် ကောင်းစွာ သတိထားမိကြလေသည်။

၁၉၄၇-ခုနှစ် နွေဦးတွင် ရွေးကောက်ပွဲများမတိုင်မီ ဖ-ဆ-ပ-လ အမတ်လောင်းတွေ မဲရဖို့အရေးအတွက် ဗိုလ်ချုပ်သည် မြိတ်မှ မြစ်ကြီးနားထိအောင် ခရီးပြင်းများ ဒလကြမ်းသွားကာ၊ ပင်ပမ်းဆင်းရဲစွာ မဲဆွယ်ခဲ့ရသည်ကို စာဖတ်သူများမှတ်မိပေလိမ့်မည် ဗန်းမော်မှကသာသို့ ဧရာဝတီမြစ်ကြောင်းမှ စုန်ဆင်း၍လာစဉ်၊ သာယာ စိမ်းစိုသော အထက်အညာမှ ရေဝတီပတ်ဝန်းကျင်ရှိ ကြည်နူးဘွယ် ရှုမျှော်ခင်းများကို ကြည့်ရင်း လက်ဝဲသုန္ဒရခေး မဲဇာတောင်ခြေ ရတုကြီးကို ဗိုလ်ချုပ်သည် တပိုင်းတစ ငြီးခဲ့သေးသည်။

"လှေကလေးကိုလှော်မည် ဘေးမသန်းဘဲ ချမ်းတော့သည်" ဟူသော သန်း၏ သီချင်းသည်၎င်း။ "လှိုင်းကလေးတွေဖွေးလို့ရယ် မြစ်ရေပြင်ဝယ်" ဟူသော ခေရှင်၏ တေးသွား သည်၎င်း။ ဗိုလ်ချုပ် ခဏခဏ ညီးလေ့ရှိသော သီချင်း တပိုင်းတစ အချို့ ပင်တည်း။

*"သစ္စာမဏ္ဍိုင်မြဲနိုင်ခဲ့ပေ မေတ္တာခိုင်းကျေသွန်းပြီးရွာစေ" ရှိ ပြည်လှဖေနှင့်ခေရှင်တို့ ဆိုတွဲသည့်သော (သက်ဝေ) သီချင်းကား- ဗိုလ်ချုပ်သဘောအကျဆုံး ကာလပေါ် သီချင်း တပုဒ်ဖြစ်သော ...သက်ဝေသီချင်းရေးပိုမှလာခိုက်တွင် သူအင်မှာရှိသည်အခါများတွင်

အိပ်ရာပေါ်တွင် မှိန်း၍ ဗီဒိနှင့် နားထောင်လေ့ရှိသည်။ တော်လှန်ရေးတုံးက ဧရာဝတီမြစ် အနောက်ဘက်ကမ်း သရက်ချောင်းရွာ ကလေးတွင်၊ ရွှေတန်း စစ်ဌာနချုပ် ခေတ္တရုံးစိုက်ထားစဉ်၊ မိုးမှာ ေ ါက်ဖြောက် ရွာနေသော ပျင်းရိညှိုးငွေ့ဘွယ် တညနေ၌ ဗိုလ်ချုပ်က ကျွန်ုပ်အား ( သက်ဝေ ) သီချင်း သီဆို ခိုင်းခဲ့သည်ကို ကျွန်ုပ် မှတ်မိပါသေးသည်။

၁၉၄၇-ခုနှစ် မိုးဦးကျ တညသ၌ ဗိုလ်ချုပ်သည်၊ အိပ်ရာပေါ်တွင် လဲလျောင်းကာ အာမ်းဖြေရင်း ရေဒီယိုကို သူ၏ဇနီးက ဖွင့်လိုက်ရာ— "မှုံကြယ် မြေမှာခကြွေ ကောင်းကင်မှာနေလတွေကွယ်စေ...." အစရှိသော သက်ဝေသီချင်း၏ (Chorus) အပုဒ်ကလေးကိုစတင်ကြားရသဖြင့်၊ဗိုလ်ချုပ်မှါသူ့အကြိုက်သီချင်းဖြစ်၍အထူးဂရုစိုက်ခါ နားထောင် လေသည်။ "နိုင်းတော့သက်ဝေ အချစ်စမ်းချင်စမ်း မစမ်းချင်နေ ထူးတဲ့ ခင်မင်တာတွေ အသက်ကို စွန့်ရတာတောင် မငြိုငြင်ဘူးရှင့် အသင့်လိုရာစေ "ဟူသော မေရှင်၏ သစ္စာတိုင်ချက် ကလေးများကို သူ့စိတ်ထဲမှာ ယုံချင်သလိုလို, သဘောကျချင် သလိုဖြစ်နေလေသည်။ တူရိယာသံ ဆုံးသွာ ပြီးနောက်၊ တက္ကသိုလ်နေဝင်း အပျော်သမ်း အဖွဲ့မှ ကာလပေါ်သီချင်းများဖြင့် ဖျော်ဖြေ၍ပြီးဆုံးကြောင်းကျေညာချက်ကိုကြားရသော အခါတွင်ကား ဗိုလ်ချုပ်မှာ အံ့အားသင့် သွားလေသည်။

နောက်တနေ့ နံနက် ထမင်းစားပွဲတွင် ကျွန်ုပ်နှင့်ဆုံရာ သူက....။

"ဟေ့ကောင်--ညက မင်းတို့တူရိယာဝိုင်း အတော်ဟုတ်သားပါလား၊ သက်ဝေ သီချင်းဆိုတာ ဘယ်သူလဲ ငါဖြင့် တကယ် မေရှင့်ဓါတ်ပြားမှတ်လို့" ဟု မေးလေသည်။

"ဆိုတာကတော့ ကျွန်တော့ မိန်းမပဲ ဗိုလ်ချုပ်။ စန္ဒယားက ဒဂုန်တာရာ။ တယောက ကျွန်တော်ပဲ"

"ဟေ---ဟုတ်လား။ ဒီလိုဆိုတော့ အနိတ်သားဘဲကွ၊ အေးလကွာငါ့မိန်းမကိုလဲ သီချင်းဆိုသင်ခိုင်းအုံးမှဘဲ" ဟုရယ်သွမ်းပွေးရင်း၊ အနီးရှိ ဒေါ်ခင်ကြည်ဘက်သို့လှည့်၍ ပြောလိုက်ရာ ဇနီးဖြစ်သူက——

" အမယ်လေး မလုပ်ပါနဲ့တော်၊ မေရှင်တို့ ဒိုရာသန်းဒေဝီ ဓါတ်ပြားတွေနား ထောင်ပြီး သဘောကျနေ တော်ရောပေါ့" ဟု ပြန်ပြောလိုက်လေသည်။

သူ့တပည့် ရဲဘော်တယောက်၏ ဇနီးက ရေဒီယိုမှ အသံလွှင့် သီချင်းဆိုကြောင်း သိရသောအခါ၊ သူ၏ ဇနီးကိုလည်း သီချင်းဆို တတ်စေချင်သည့် အားကျစိတ်များ ရှိကြောင်း ရယ်သလို မောသလိုနှင့် သူထုတ်ဘော်ပြောလိုက်ခြင်းဖြစ်လေသည်။

သည်ဟာကော သဘာဝ ကျသောလူ့စိတ်၊အနုပညာ၌ ဝါသနာထုံသောစိတ်များ မဟုတ်ပါလော။

(သက်ဝေ) သီချင်းကို ဗိုလ်ချုပ် ဘယ်လောက်ထိအောင် စွဲခဲ့သနည်း ဆိုသော် ၁၉၄၇-ခုနှစ်လန်က သူ့ဘိလပ်သို့ရောက်သွားစဉ်၊ သူ့အသဲစွဲ အဆိုတော် တဦးဖြစ်သူ "ဒေါ်ရာသန် ဧ" ကို လန်ဒန် မြို့၌ သွားတိုး လေရော၊ ဗမာ ကိုယ်စားလှည် အဖွဲ့ဝင်များ ဆွေးနွေးပွဲအပြီး ဗမာပြည် မပြန်မီညက (ဒေါ်ချက်စတာ) ဟော်တယ်၌ ညစာ စားပွဲ

ကျောင်းပရော၊ ဆိုညက "ဘိလပ်ပြန်သန်း" သည်လည်း ဗိုလ်ချုပ်၏ ဘေးတွင် ကပ်လျက် ထိုင်နေသည်ကို တွေ့ရလေသည်။ ထမင်းစားပွဲ အပြီးတွင် တုံးစံအတိုင်း အဆိုကျော် ဒေါ်သန်းအေး၊ သူ၏ ချိုတေး သံသာဖြင့် ဖြေဖျော်ရန် ပိုင်း၍ ပွဲတောင်းကြ လေသည်။ မသန်းအေး။ သူ၏ ဖေးဖရိတ် သီချင်းများဖြစ်သော (မြပန်းခွေ) (မိဖုရားစော) (ပေဝန်နန်း) (မိန်းမမြတ်) တို့ကို တပုဒ်ပြီးတပုဒ် ဆိုပြပြီးနောက်၊ အနီးဆုံးလူဖြစ်သော ဗိုလ်ချုပ်က....

"ဒိုရာ-ဟိုသီချင်း ဟာလေ၊ ရွှံကြယ် မြေမှာခကြွေ အဲအဲ-သက်ဝေ သီချင်း ဆိုစမ်းပါ" ဟု ဝင်၍ အော်ဒါ ပေးလိုက် သဖြင့်၊ မသန်းခေမြာ မနေသာဘဲ။ သူ့သီချင်း လည်းမဟုတ်။ သူဆိုနေကျလည်း မဟုတ် ဗမာသံ သက်သက်ဖြစ်သော မန္တလေး၊ မြို့မ ငြိမ်း ရေး (သက်ဝေ) သီချင်းကို ဆိုပြရလေတော့သည်။

သံပြိုင် ဆိုရခ ည့် "ရွှံကြယ် မြေမှာ ခကြွေ........" အပိုဒ်သို့ ရောက်လေလျှင် မသန်းသောမဟုတ်၊ ဗိုလ်ချုပ်ကိုယ်တိုင်က, ပါဝင်၍ သံပြိုင်ဆိုနေကြောင်း တွေ့ရသဖြင့်၊ ကျွန်ုပ်တို့တတွေမှာ သဘောမကျဘဲ မနေနိုင်တော့ချေ။

အခြား နိုင်ငံရေး ခေါင်းဆောင် များနှင့် မတူသော နောက်တချက် ဗိုလ်ချုပ်မှာ ရှိသေးသည်။ ယခုခေတ်တွင် လူငယ် နိုင်ငံရေးသမား များပင် ပျော်ရွှင်မှု တခု ဖြစ်သော ရုပ်ရှင်-ပြဇာတ်နှင့်ပွဲလမ်းသဘင်များသို့မှန်မှန်သွားလေ့ မရှိကြချေ။ အချို့ကဝါသနာမပါ အချို့က အချိန်မြုန်းသည်ထင်၍ မသွားကြခြင်း ဖြစ်လေသည်။ ဗိုလ်ချုပ် ကတော့ ရုပ်ရှင် ပြဇာတ်များကို မှန်မှန်ကြီး ကြည့်လေ့ရှိသည်။

ရုပ်ရှင် ဆိုလျှင် စစ်မဖြစ်မီ လူပွဲ နိုင်ငံရေး သမား သခင် အောင်ဆန်း ဘဝက တမတ်တန်းတိုး၍ ကြည့်ခဲ့သည်မှအစ၊ နောက်ဆုံး သူမသေမီအထိ ရုပ်ရှင် ကားကောင်း များကို သူမလွတ်တမ်း ကြည့်ခဲ့၏။ နက်နဲသိမ်မွေ့သော စိတ္တဗေဒနှင့် ယှဉ်သည့် ဇာတ်ကားများ (Character Story) သရုပ်ပြ ဇာတ်လမ်းများ၊ ရာဇဝင်သမိုင်းကို နောက်ခံ ကားပြုသည့် ရုပ်ရှင်များကို သူအထူး သဘောကျလေသည်။

စစ်မဖြစ်မီက ရန်ကုန်တွင် ပြသွားသော [Wuthering Heights] [Rebecca] [Gone with the Wind] [Lady Hamilton] [Waterloo Bridge] [The Good Earth] [Suez] စသည်တို့မှာ ဗိုလ်ချုပ်နှစ်သက်သော ရုပ်ရှင်အချို့ပင်တည်း။

၁၉၄၇-ခုနှစ်ဦးက ရန်ကုန်တွင်ပြသော စပိန် ပြည်တွင်းရေး စစ်ကို နောက်ခံကား ပြုသည့် [For Whom the bell tolls] ဇာတ်ကားကိုကား ဗိုလ်ချုပ် အထူးသဘော ကျလေသည်။

ဟာသနှင့်ယှဉ်သော ဇာတ်ကားများကိုလည်း သူကြည့်လေ့ရှိ၏။ ခေတ်သစ် လူရွှင် တော်များ ဖြစ်သော [Bud Abbot] နှင့် [Lou Costello] [Red Skelton] တို့ ပါဝင်သော ဇာတ်ကားများကို သူအကော် ကြိုက်လေသည်။

N.P.W.—191-22 10000

စစ်အတွင်းက စတင်ခေတ်စားလာသော ဗမာပြဇာတ်များကိုလည်း၊ ဗိုလ်ချုပ်သည် စိတ်ဝင်စား ခဲ့ပေသည်။ မြိုင်အဖွဲ့၏ (ဤစစ်ကြီးမှာ) (မောင့်ခေသွးခဲ) ပြဇာတ်များမှအစ မြို့ရန်ကုန်တွင် ကသော ပြဇာတ်ဟူသမျှကို၊ မလွတ်တမ်းကြည့်ခဲ့လေသည်။

ရုပ်ရှင်နှင့် ပြဇာတ်သည်၊ တိုင်းပြည်ရေးရာနှင့် နိုင်ငံရေး ဗဟုသုတကို လူ့ထံသို့ ဖြန့်ချိရာ၌ အကောင်းဆုံး ယန္တရား လက်နက်တခု ဖြစ်ကြောင်းကို တက္ကသိုလ် သမဂ္ဂမှာသဲက ယူဆခဲ့သော ဗိုလ်ချုပ်သည်၊ ဘခွေးလေး၏ (စစ်ပြန်) ပြဇာတ်ကို ကြည့်ရသော အခါ၌ကား၊ ၎င်း သူ၏ယူဆချက်ကို တထစ်ချ ယုံကြည်မိလေတော့သည်။

ဗမာရုပ်ရှင်နှင့်ပြဇာတ်လုပ်ငန်း၌ ဗိုလ်ချုပ်မည်မျှ စိတ်ဝင်စား ခဲ့ကြောင်းကိုကား ရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံးကြီး၏ အမှုဆောင်အဖွဲ့ဝင်များ အသိဆုံး ဖြစ်ပေသည်။

တခါသော်-ဗိုလ်ချုပ်သည်၊ ရယ်စရာဇာတ်ကားကြည့်ချင်သည်ဆိုပြီး လော်ရယ်နှင့် ဟာဒီတို့ပါဝင်သော [Beau Hunks] ရုပ်ရှင်သွားကြည့်၍အပြန်တွင် ကျွန်ုပ်က—

''ဘယ့်နှဲ့လဲ ဗိုလ်ချုပ်—ကောင်းရဲ့လား....''ဟုမေးရာ....။

''ဟာ-မနိုင်ပါဘူးကွာ၊ ဒီကောင်တွေ ရီစရာ လုပ်တာကလဲ သဘာဝ မကျတဲ့ [very silly jokes] ဟာတွေချည်းဘဲ။ငါဖြင့် ဒို့ဗမာလူရွှင်တော် ဖိုးပါကြီးလောက်ကို ကောင်းတယ် မထင်ဘူး'' ဟု ဝေဘန် လိုက်လေသည်။ ဟုတ်ပါသည်၊ မြိုင်ပြဇာတ် အဖွဲ့မှ မျက်မှန်ဝိုင်းကြီးနှင့် ဖိုးပါကြီးသည်၊ နိုင်ငံရေးကိစ္စတွေကြောင့် အလုပ် များသော ဗိုလ်ချုပ်၏ ဦးနှောက်အား ကြည်လင်ရွှင်ပျစေသည့် ပျော်ဘော်ဆက်တဦး ဖြစ်ပေသည်။ ဖိုးပါကြီး ပါဝင်သည့် ပြဇာတ် များတွင်။ ဗိုလ်ချုပ်သည် (မြိုင်ရုံ) ရှေ့ဆုံး တန်းမှ ထိုင်ကြည့်လျက် ဖိုးပါကြီး အမူ အရာ ပျက်လုံး များကို အားရပါးရ ဘေးလူတွေ အားလုံးထက် ကျယ်အောင် ရယ်မောသဘောကျလေ့ရှိကြောင်းကို မြိုင်ရုံ ပရိသတ်နှင့် တကွ၊ ဗိုလ်ချုပ်ရှေ့တွင်ကပ်လျက်ရှိသော (ရွှေပြည်ဒေ) တို့ တီးဝိုင်းမှ လူများ ကောင်း ကောင်းကြီး မှတ်မိကြပေလိမ့်မည်။

ဒုတိယ ကမ္ဘာ စစ်ကြီးအပြီး၊ စာပေ ခေတ်လျက် ရှိသော ခေတ်တွင် ပေါ်ထွက် လာသည့် (ဇဝန) ဂျာနယ် ပဌမ စာစောင်တွင်၊ ဗိုလ်ချုပ်၏ကာတွန်းဆွဲပုံတခု ပါလေ သည်။ ၎င်းပုံကိုဆွဲသူ၏ အမှတ်အသားကား ပုံအောက်နားတွင် [Z] အင်္ဂလိပ်အက္ခရာ တခုပင် ဖြစ်လေရာ၊ ၎င်းပုံဆွဲသူမှာ အခြားမဟုတ် ဟာသဒေဗ္ဗာ ဇဝန ကိုယ်တိုင်ပင် ဖြစ်ကြောင်း သိရသောအခါ၊ ဗိုလ်ချုပ်မှာ အထူးသဘောကျ ခဲ့လေသည်။

''ဒီဇဝနဆိုတဲ့ ငတိဟာ စာအရေးသာ မဟုတ်ဘူး။ ကာတွန်းဆွဲလဲမခေဘူးကွ၊ ပန်းချီပညာမြောက်တဲ့ အစွမ်းအစ သူ့မှာရှိတယ်....ဒါပေမဲ့ ဒီလူက ကောင်းကောင်း မနေဘဲ၊ ဘောဘာကခက်ဘယ်....'' ဟု ဂရုဏာ ဒေါသောနှင့် သူမှတ်ချက် ချခဲ့ဘူး လေသည်။

ဗိုလ်ချုပ်ကား။ ပန်းချီဘက်၌လည်း လုံးဝ ဝါသနာ မပါသူမဟုတ်ချေ။ ဗမာ့ဝတ္ထု မဂ္ဂဇင်းတွင်ပါသော ပန်းချီရုပ်များကို သူ-သေသေချာချာကြည့်ကာ ဝေဘန်လေ့ရှိသည်၊

''ဒီပုံက အင်္ဂလိပ်မ မျက်နှာကို ကူးဆွဲပြီး ဗမာဆံထုံး တပ်ထားတာဘဲကွ'' ဟူ၍ တခါက (ကောလိပ်ကျောင်းသား) ဝတ္ထုစာအုပ် မျက်နှာဖုံးမှ မိန်းမရုပ်တခုကို ကြည့်ရင်း ဝေဘန်ခဲ့ ဘူးလေသည်။

မင်းသုဝဏ် ရေးပြီး၊ ဆရာ ဦးခင်ဇော် တူရိယာသံ သွင်းသော (မောင်ခွေးကို) ခလေးချော့ စာအုပ်မှ ဆရာဦးဘဥာဏ်၏ ပုံများသည်၊ တကယ့်အဆင့်အတန်းမြင့်သော ပန်းချီဂုဏ် မြောက်ပုံများ ဖြစ်ကြောင်းကို ဗိုလ်ချုပ်သည် ကောင်းစွာ သိခဲ့သည်။ ထို့ကြောင့် ပန်းချီ လက်ရာ ကောင်းများ၏ အရသာကို သုံးသပ် ခံစား တတ်သည့် [Sense of Appreciation] အရည်အခြင်း သူ့မှာရှိကြောင်း ကျွန်ုပ်ဆိုဝံ့ပေသည်။

ဆရာဦးငွေကိုင်, ဦးဗကြည်တို့၏ လက်ရာများကိုလည်း ဗိုလ်ချုပ်မကြာခဏချီးမွမ်း လေ့ရှိသည်။

စစ်အတွင်းက ဗမာ့ တပ်မတော်တွင် (စစ်ပန်းချီဌာန) ဟူ၍ ဆရာ ဦးငွေကိုင်ကို ဦးစီးစေကာ တခမ်းတနား ဌာနကြီးတခု ဖွင့်ထားခဲ့ခြင်းကို ထောက်၍လည်း၊ ဗိုလ်ချုပ် သည် ပန်းချီပညာကို မည်မျှအားပေးလိုကြောင်း သိနိုင်ပေသည်။ ၎င်းစစ်ပန်းချီ ဌာနမှ ဆရာဦးငွေကိုင် အသက်သွင်းကာ ဘာရုပ် ဖေါ်လိုက်သော နာမည်ကျော် (ရွှေတောင် တိုက်ပွဲ) ၏ ပန်းချီ ကားကို ဗိုလ်ချုပ်အလူး သဘောကျ ခဲ့လေသည်။ သည်လို ပန်းချီ လက်ရာ ကောင်းများသည်၊ လူငယ်များ၏ စွန့်စားမှုနှင့် ဗမာ့ လွတ်လပ်ရေး သမိုင်းကို စာပေ ရာဇဝင် စာအုပ် များကဲ့သို့ပင် နောင်လာ နောက်သား များအတွက် မှတ်တမ်း တင်လိမ့်မည်ဟူသော အချက်ကို ဗိုလ်ချုပ် ကောင်းကောင်းကြီး သိခဲ့ပေသတည်း။

တက္ကသိုလ် သမဂ္ဂ အိုးဝေ မဂ္ဂဇင်း,ဒဂုန် မဂ္ဂဇင်း တို့တွင်၊ ဗိုလ်ချုပ်၏ ဆောင်းပါး များကို ဘတ်ဘူးသူများသည်၎င်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ နှစ်ပတ် လည်ညီလာခံ သဘင်များ၌ ဗိုလ်ချုပ်၏ သဘာပတိ မိန့်ခွန်း (အင်္ဂလိပ်လို) များကို ကြားဘူး သူများ သည်၎င်း၊ ဗိုလ်ချုပ်တွင် စာပေရေးသားရာ၌ ထူးချွန်သော အစွမ်း ရှိကြောင်း သိနိုင်ကြပေသည်။ ဗမာလိုရော အင်္ဂလိပ်လိုပါ နှယ်စုံမြောက် ကလောင်ရှင် တဦးပင်တည်း။

ဥပမာ-၁၉၄၆ ခု-နှစ်ဦးက ရွှေတိဂုံ ဖ-ဆ-ပ-လ ညီလာခံကြီးတွင် သူ၏ သဘာ ပတိ မိန့်ခွန်းမှာ တိုင်းပြည်သို့ဖြန့်ချီသော ဗမာဘာသာပြန်ထက် သူကိုယ်တိုင် ရေးသော အင်္ဂလိပ်လိုမူက သာလွန်ထူးကဲစွာ နက်နဲကောင်းမွန်ပြီး အဆီအသား ပါလှပေသည်။

၎င်းပြင် ဗမာလို ရေးသား ရာ၌လည်း ဗမာ စကားပြေတွင် ပါဠိစကား လုံးများကို အလူ့ကျွမ်းကျင် သပ်ယပ်စွာ သုံးတတ်သူ အလွန် ရှားသူ များအနက်၊ ဗိုလ်ချုပ်သည် တဦး ဖြစ်ပေသည်။ (ဥပမာ ဒဂုန် မဂ္ဂဇင်းမှာ သူရေး ခဲ့သော နိုင်ငံရေး အမျိုးမျိုး ဆောင်းပါး)

ဆန်းသစ်စ ဗမာစာပေ ခေတ်ကို ၎ည်မျှော်သော (တာရာ မဂ္ဂဇင်း) ကို သူအလူး ဂရုစိုက်ကာ ဘတ်လေ့ ရှိလေသည်။

တခါက ဒဂုန် တာရာသည်၊ (ဘဝှိန်း သို့မဟုတ် ကဗျာ) ဟူသော ''လူကိုလေ့လာခြင်း'' ဆောင်းပါးတပုဒ် ရေးလိုက်၏။ ဗိုလ်ချုပ်သည်၊ ၎င်းဆောင်းပါးကို ဘတ်ပြီးနောက်-

''ဆောင်းပါးကတော့ ကောင်းပါတယ်-ဒါပေမဲ့ ခေါင်းစဉ်ကိုတော့ ငါနဲ့နဲ့ပြောချင်တယ် (ဘဝှိန်း သို့မဟုတ် ကဗျာ) ဆိုတာက သိတ်ပြီး တိတိ ကျကျ မရှိသေးဘူး။ (ဘဝှိန်းသို့မဟုတ် Romance) ဆိုတာမှ မှန်တယ်ကွ။ ကဗျာကအင်္ဂလိပ်လို[Poetry] လို့အဓိပ္ပါယ်ရတယ်။ အဲဒီစကားက သိတ်မဆီ လျော်လှဘူး။ [Romance] ဆိုတဲ့ စကားမှ ဘဝှိန်းနဲ့ အတိအကျ ဆက်စပ်လို့ရတယ်''ဟု ခေတ်ဆန်း စာပေဂေါင်မှူးကြီး ဒဂုန်တာရာအား ဝေဘန်လိုက်ရာ၊ ကျွန်ုပ်မှာ အတော်အံ့သြ သွားမိ လေသည်။ အကြောင်းမှုကား... ကျွန်ုပ် ကိုယ်တိုင်ပင် ၎င်းဆောင်းပါးကို ဖတ်ပြီး၊ ကဗျာ ဟူသော စကားလုံးကို သိတ်မကြိုက် ချင်လှ။ သို့သော်....သူ့ထက်ပို၍ ဆီလျော်မည့် စာလုံးကိုတော့ တွေး၍မရ သောကြောင့် ပင်တည်း။

တည့်နေ့၌ စာပေ အကြောင်း ပြောရင်း တာရာမဂ္ဂဇင်းမှ (အောင်ဆန်း သို့မဟုတ် အရိုင်း) ဆောင်းပါး အကြောင်း ရောက်သွားပြီ၊ သူက ''ငွေးမြိုင် ကတော့ ငါ့ကို (အရိုင်း) တဲ့ကွ။ ဒါကတော့ ကြမ်းလွန်းတယ် ထင်တာဘဲ။ ငါဟာ စင်စစ် ရိုင်းသလောက်တော့ ရိုင်းပါတယ်။ ဒါပေမဲ့ မရိုင်းတဲ့ အချက် အလက် တွေလဲ အများကြီး ရှိသေးပါတယ်ကွ။ မဟုတ်ဘူးလား.... [What do you say?] ''ဟူ၍ အနီးတွင် ရှိသော ခေါ်ခင်ကြည် နက်သို့ကြည့်၍ ပြုံးဖြဲ ဖြဲနှင့် ပေးလိုက်လေသတည်း။


တက္ကသိုလ်-နေဝင်း။

---

# အခန်း ( ၃၀ )

## ဗိုလ်ချုပ်၏ ဇာတိဂုဏ်။

တက္ကသိုလ်ဆုမြိုင်၏ ဗိုလ်ချုပ် အထွေထွေအတွက် ရေးလိုက်သော ''ဗိုလ်ချုပ်၏ဇာတိဂုဏ်'' ဆောင်းပါးကို ''ရှုမဝ'' မှတဆင့် နောက်ဆက်တွဲအဖြစ် ထပ်မံဖေါ်ပြလိုက်ပါကြောင်း။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တက္ကသိုလ်ဆုမြိုင်တို့သည် ကျောင်းနေဘက် ကစားဘက် ရန်ဖြစ်ဘက် ဖြစ်ကြပါသည်။တက္ကသိုလ်ဆုမြိုင်ခေါ်ကိုဆုမြိုင်ယခုအခါနတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းအထက်တန်းကျောင်း၌ ဆရာကြီးလုပ်နေပါသည်။ ဤကဲ့သို့ ကျွန်ုပ်တို့ ဗိုလ်ချုပ်အောင်ဆန်း အထွေထွေ ပြုစုရာဖွေနေစဉ် ကူညီဆောက်ခံအားပေးရေးသားခြင်းသည်သူငယ်ချင်းစစ် မိတ်ဆွေစစ် ဝတ္တရားကျေပြွန်၍ နတ်မောက်မြို့သားဂုဏ်ကိုလည်း မြင့်တင်ရာရောက်မေးသည်ဟုကျွန်တော်ယူဆပါသည်။ ပြည်သူ ပြည်သားကောင်းလည်း မည်ပါပေ၏။



ကန်တော်မင် ပန်းခြံ

ဗိုလ်ချုပ်အောင်ဆန်း၏ ဈာပနပွဲသို့ တက်ရောက်ကြသော

လူထု [illegible]ဒေသပုံ။

ဓါတ်ပုံကို ကိုလှဖေဖေ ကျေးဇူးပြု၍

အမျိုးသား ကလောက်တိုက်မှ လှူသည်။



ဗိုလ်ချုပ်အောင်ဆန်း
ရွှေတိဂုံဘုရား အနောက်
ဘက်စောင်းတန်း အဝတွင်
တရားဟောပြော နေ...
စဉ်ပေါ်တွင် ဗိုလ်သိမ်း
ဆွေ၊ ဗိုလ်မှူးအောင်၊ ဗိုလ်
...ခေါင်၊ ဦးကျော်ညိမ်း
...ကတွင်သခင်နုသခင်
...ကြည် မြနှင့်...
...သာဘော၊ သခင်-...
ကိုကို ဗွေမြင့် နှင့်သည်...
(ဓါတ်ပုံဘလောက်ကို
ဗိုလ်သိမ်းဆွေ ကျေးဇူး
ပြုသည်။)

ထိုပြင် ကျွန်တော်ထင်မိတိုက်တွန်းလိုသည်မှာ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိကို တက္ကသိုလ် ဆုမြိုင်ဘဦးတည်း အစမှအဆုံးဆက်လက် ရေးသားထုတ်ဝေရန် ထပ်မံတိုက်တွန်းနိုးဆော်ပါရစေ။ သို့မှသာ ကျွန်တော့်နိဒါန်းတွင် ရှင်းလင်း ဖော်ပြသကဲ့သို့ ဗိုလ်ချုပ်ကို အမြင်အမျိုးမျိုး ဒေါင့်အမျိုးမျိုးမှ ရေးသားဖော်ပြခါ တိကျမှန်ကန်စွာ ဂုဏ်ပြုကျေးဇူးဆပ်ရာ ရောက်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။

(ထုတ်ဝေသူ။)

## ထူးတဲ့မြို့ကလေး။

အလောင်းဘုရား တည်းဟူသော ဗမာ့သားကောင်း ရတနာကြီး တဦးကြောင့် အလောင်းဘုရား မွေးဖွားရာ မုဆိုးဖိုရွာကလေးမှာ မြန်မာ့ရာဇဝင်တွင် စာတင်ရလောက်အောင်ထင်ရှားလာသကဲ့သို့၊ ဗိုလ်ချုပ်ဦးအောင်ဆန်း၏ ဇာတိချက်မြှုပ်ဖြစ်သော မကွေးဒိစတြိတ် တောင်တွင်းကြီးမြို့နယ် နတ်မောက်မြို့ကလေးမှာလည်း မြန်မာ့ ရာဇဝင်တွင် ကမ္ပည်းတင်လောက်အောင် ထင်ရှားလာပေတော့မည်။ နတ်မောက်မြို့ကလေးမှာလည်း "မင်းဗိဇ္ဇိယကန္တ ကနက်သဉ္ဇ။ ပဌမဖန်ဆင်း၊ စံမြန်းထောင်တည်၊ တန်ဆောင်ချီ၍ အောင်စည်ရွှန်းခတ်၊ ကွန်းဘွဲ့သတ်သဖြင့်။ ညွှန်ခဲ့ရသော နတ်မောက်မြို့ဇေယျ၊ ပြည်ဌာနဒ္ဓ" ဟူသောပညာရှိကြီးတဦး ဖွဲ့ကျူး ရေးသားထားခဲ့သည့်အတိုင်း ရှေးနှစ်ပေါင်း များစွာကပင် တည်ရှိခဲ့သော မြို့ကလေးဖြစ်လေသည်။ "ယင်းရဲခေါ်၊ ယင်းတော်ကကျဆင်း၊ မြစ်ဝင်းရောသို့၊ ရေလာဖြာလို့ဆင်းတယ်။ ချောင်းဇော်မြခင်း။" ဟု စပ်ဆိုထားသည့်အတိုင်း မိတ္ထီလာနယ်ယင်းတော်အရပ်၌အဖျားခံ၍ ဧရာဝတီမြစ်တွင်းသို့ စီးဝင်သော မိဂဿမဒ္ဒါမြစ် ဟုတွင်ခဲ့သည့် ယင်းခေါ် ချောင်းမကြီးသည်၊ ကုန်းမြင့်ကမူပေါ်၌တည်ရှိသည့်နတ်မောက်မြို့ အရှေ့ဘက်မှ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ နွေအခါတွင်ရေခန်းခြောက်ကာ ငွေရောင်သဲလွှာနှင့် တလက်လက်တောက်ပနေသော သဲပြင်ကြီးဖြစ်ကာ မိုးအခါတွင် ပြင်းထန်သော ရေများ တဝုံးဝုံးတဒိုင်းဒိုင်း စီးဆင်းနေသော အဆိုပါ ယင်းချောင်းကြီးသည်၊ နတ်မောက်မြို့ကလေး၏ သာယာပုံကို တမျိုးတဖုံ ဖန်တီးနေတော့လေသည်။

ဤမြို့ကလေးမှာ မြန်မာဘုရင် လက်ထက်တော်အချိန်အခါက အိမ်ခြေအနည်းငယ်သာရှိသည့် ဇနပုဒ်ရွာကလေး အရွယ်မျှသာ ဖြစ်သော်လည်း၊ မြို့ဟူသော ဘွဲ့ထူးဖြင့် သမုတ်ခြင်း ခံရလေသည်။ မင်းအုပ်ချုပ်ရေးသဘောအရ ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း သုံးမြို့ပေါင်းတွင် မြို့ဝန်တယောက်စီ ခန့်ထား၍ သီးခြား စီမံအုပ်ချုပ်ရန် တမြို့လျှင် မြို့စားလဖွယ် တန်ခိုး အာဏာ ကြီးမားလှသော သူကြီးတဦးကျစီ ခန့်ထားခဲ့လေသည်၊ နတ်မောက်မြို့ကလေးနှင့်တကွ ကျယ်ပြန့်သော နယ်ပယ်ပိုက်ရှိ နေထိုင်သူများမှာ ရှေးအခါက အလွန်ရိုးသားဖြောင့်မတ် တည်ကြည်သော တောင်သူလယ်သမား ယင်းရဲ သားအစစ်ဖြစ်ကြလေသည်၊ သို့သော် ရတနာပုံနေပြည်တော်ခေါ် မန္တလေး နေပြည်တော်သို့ ပညာသွားရောက်သင်ကြား၍ မြန်မာဘုရင်ထံ၌ အမှုတော် ထမ်းရွက်ကြသော သူများမှာလည်း မကြာခဏဆိုသလို ပေါ်ပေါက်ခဲ့လေသည်။ မန္တလေး နေပြည်တော်နှင့် ခရီး

အလွန်ပင်ဝေးကွာ၍ အသွားအလာ များစွာခက်ခဲသော်လည်း၊ နတ်မောက်နယ်သား တစုတို့မှာ၊ ဉာဏ်ပညာထက်မြက်ခြင်း ရဲစွမ်းသတ္တိရှိခြင်းစသော အရည်အချင်းများကြောင့် ရွှေမြို့တော်၌ လူသိ အတော်များ၍ ထင်ရှားသော မြို့တလေးတမြို့ ဖြစ်ခဲ့လေသည်။ ၁၂၄၇-ခုနှစ်တွင် သီပေါဒဲ့ရှင်ဘုရားအား၊ အင်္ဂလိပ်တို့ဖမ်းဆီး၍ ဗမာပြည်ကို သခင်ဘဝမှ ကျွန်ဘဝသို့ ရောက်အောင် သိမ်းသွင်း အုပ်ချုပ်လိုက်သော အချိန်၌ အင်္ဂလိပ်ကို အပြင်းအထန် ခုခံ တော်လှန်ဆိုးသော နယ်များအနက်၊ နတ်မောက်မြို့နယ် ကလေး တခုလည်း အပါအဝင်ဖြစ်ခဲ့လေသည်။ ဤမြို့နယ်ကလေးမှာ အတော်ပင်ကျဉ်းမြောင်းလှသော်လည်း။ အင်္ဂလိပ် လက်အောက်၌ ငြိမ်ဝပ်ပိပြားသော နယ်တနယ်ဖြစ်အောင် အင်္ဂလိပ်တို့နည်းမျိုးစုံဖြင့်အကြိတ်အနယ်ကြိုးစားမှအောင်မြင်နိုင်ခဲ့လေသည်။ရှေးအထက်ကျော် ဗမာဘုရင်များ လက်ထက်ကစ၍ ယခုအချိန်အထိ မိမိအမျိုးကို မိမိချစ်ခင်ကာ အမျိုးအတွက် အသက်ကို ပမာနမထားဘဲ၊သူတပါး၏ ကျွန်ဖြစ်ရေးကို ရွံရှာကာ ရှုပ်ရှုပ်ရွှန်ရွှန် တိုက်ခိုက်တတ်သော စိတ်ဓာတ်မျိုးကို နတ်မောက်သား ဇာတိမှန်သမျှ၌ တွေ့ရလေသည်။

အင်္ဂလိပ်များအုပ်စိုးမိသောအခါ၊ နတ်မောက်နှင့် ပင်းမြို့ကို ပေါင်း၍ ကျောက်ပန်းတောင်းမြို့နှင့် ခွဲခြားမြို့နယ်ကလေးအဖြစ် သတ်မှတ်ခြင်းခံရလေသည်။ ဤမြို့နယ်မှာရှေးမြန်မာမင်းများလက်ထက်ကကဲ့သို့ သီးသန့်မတည်နိုင်တော့ဘဲ၊ မကွေးဒိစတြိတ် တောင်တွင်းကြီးအပိုင် ဖြစ်ရှိသွားရေလသည်။ရှေးအခါက နတ်မောက်မြို့နယ်တွင်ပါဝင်ခဲ့သော မြန်မာရာဇဝင်၌ ကျော်ကြားခဲ့သည့် မြို့လုလင်ခေါ်မြို့နယ်မှာ၊ယခုခေတ်တွင် မြို့သစ်အပိုင်ကျေးရွာကလေးတမျှသာ ဖြစ်ရှိနေတော့လေသည်။ နတ်မောက်မြို့ကလေးတွင် မီးရထားပေါက်သည်မှာမကြာသေးချေ။ တောင်တွင်း ကျောက်ပန်းတောင်း မီးရထားလမ်းမကြီးသည် နတ်မောက်မြို့ကလေးကို ဖြတ်၍ဖေါက်ထွင်းရန် စီမံသော်လည်း၊ ရာဇဝင်တလျှောက် ထင်ရှားခဲ့သော နတ်မောက်မြို့ကလေး၏ ကြက်သရေကို ဆောင်နေသည့် ယင်းချောင်းကြီးက ကာဆီးနေသဖြင့်၊နတ်မောက်မြို့အရှေ့ဘက် ဝေးကွာသော နေရာတွင် မီးရထားလမ်းဖေါက်လိုက်ရ လေသည်၊ ဤတွင် နတ်မောက်မြို့ကလေး၏ ခေတ် အလျှောက် တိုးတက်ကြီးပွားရေးတမျိုး ဖင့်နွှဲသွားခဲ့ရလေသည်။

အင်္ဂလိပ်သက်ထက်တွင် နတ်မောက်မြို့ကလေးမှာ တစထက်တစ လူနေအိမ်ခြေ တိုးတက်စည်ကား အရောင်းအဝယ် တိုးတက်ဖွံ့ဖြိုးလာသည်ဟု ဆိုရငြားသော်လည်း၊ မြို့ကြီးပြကြီးများနှင့် လုံးဝဆက်သွယ်မိခြင်းမရှိဘဲ၊ ရှေးခေတ် အခြေအနေအရပင် အသွင်မပြောင်းဘဲ တည်တံ့ရှိနေခဲ့လေသည်။ မြို့ဟုသာ ဆိုရသော်လည်း၊ အင်္ဂလိပ် စာသင်ကျောင်းတကျောင်းမျှမရှိချေ။သို့သော် နယ်သူနယ်သားများ၏ ဇာတိစိတ် ဇာတိမာန်ဖြင့် ပညာကို အလွန် လိုလားကြသည့်အတိုင်း တမြို့တရွာသို့ စရိပ်အကုန်အကျခံကာ အပြိုင်အဆိုင် သင်ကြားကြသဖြင့်၊ ဘီအေ အောင်သူ, ၁၀-တန်း အောင်သူများ၊ လူဦးရေနှင့် နှိုင်းစာလျှင် အများဆုံး ထွက်သည်ဟု ဂုဏ်ယူနိုင်သော၊ မြို့ကလေးတမြို့ ဖြစ်လေသည်။ နတ်မောက်မြို့ကလေးမှာ အံ့ဘွယ်သူရဲ အလွန်ထူးခြား ဆန်းပြားသော ဂုဏ်ထူးဝိသေသ

များဖြင့် ပြည့်စုံ လေသည်၊ ၎င်း ထူးခြား ဆန်းပြားသော အကြောင်းအရာ များမှာ နတ်မောက်မြို့ဟု ခေါ်ဆိုသည့်အတိုင်း၊ မြင်းဖြူရှင်နတ်မင်း၏ ကျေးဇူး စောင့်ရှောက်မြင်း မှုချ ခံရသည်ဟု နတ်မောက် နယ်သူ နယ်သားတရာလျှင်၊ ၇၅-ယောက်ခန့် အသဲစွဲ ယုံကြည်ကြလေသည်၊ အင်္ဂလိပ်တက်စ အချိန်၌ တပြည်လုံးလှုပ်ရှားထကြွနေစဉ်၊ နတ်မော် မြို့ကလေးအား ဓါးပြလူဆိုးတို့ ဘေးရန်မှ မြင်းဖြူရှင် နတ်မင်းကိုယ်တိုင် မြင်းနှင့် လှည့်လည်၍ စောင့်ရှောက်ခဲ့သဖြင့်၊ ရန်ကစုံတရာ မတွေ့ခဲ့ရကြောင်းနှင့် နတ်မောက် တနယ်လုံးမှ၊ နတ်မောက်မြို့ကလေး အတွင်းသို့ ဝိုလှုံခဲ့ရသည့်အကြောင်းကို မှီလိုက်သူ များက အသေအချာ ယုံကြည်လောက်အောင် ထုတ်ဖော်ပြောဆိုခဲ့ကြလေသည်၊ ၎င်းတို့ ပြောဆိုသည့်အတိုင်းပင် ရှေးနှစ်ပေါင်း များစွာကစ၍ ယခုအချိန်အထိ နတ်မောက်မြို့ ပေါ်တွင် မီးလောင်ခြင်း၊ ရောဂါဖြစ်ခြင်း၊ ဓါးပြတိုက်ခြင်း၊ လုံးဝမပေါ်ပေါက်ခဲ့ဘူးချေ။

စစ်ကြီး အတွင်း ကလည်း လေယာဉ်ပျံများ အပြင်း အထန် ဗုံးကြဲ သော်လည်း အနည်းအကျဉ်း ပျက်စီးရုံမှအပ ပြောပလောက်အောင် ပျက်စီးခြင်း မရှိချေ။ နတ်မောက် တနယ်လုံးမှလည်း နတ်မောက်မြို့တွင် ဝင်ရောက် ခိုမှီးက ဘေးမရှိ နိုင်ဟု ယူဆကာ ဝင်ရောက် ခိုလှုံကြသည်ကို တွေ့ရလေသည်။ နတ်မောက်မြို့ဟု အမည် ပေးထားသည့် အတိုင်း မြင်းဖြူရှင်နတ် အမှန်တန်ခိုးကြီးသည်ကို အကြိမ်ကြိမ် သက်သေ သာဓကများ တွေ့ရပေရာ၊ မယုံလိုသော စိတ်မရှိနိုင်လောက်အောင် ဖြစ်နေတော့လေသည်။

နတ်မောက် မြို့ကလေးမှာ၊ အိမ်ခြေ အားဖြင့် အလွန် သေးငယ်သော မြို့ကလေး ဖြစ်သော်လည်း၊ ရှေးအထက်ကျော် ကာရီကစ၍ ယခု အချိန် အထိ အလွန် ထက်မြက် စူးရှသော မြန်မာကဗျာ လင်္ကာ ဆရာကြီးများ ပေါ်ပေါက် ခဲ့ခြင်း၊ မြန်မာ လူမျိုးများ အပေါ် အခြားလူမျိုးများ စိုးမိုး အုပ်ချုပ် ခြင်းကို မလိုလားဘဲ၊ လွတ်လပ်ရေး အတွက် ရဲရဲငံ့ငံ့တိုက်ခိုက် တွန်းလှန်ရဲသော မျိုးချစ်အာဇာနည်ကြီးများ ပေါ်ပေါက်ခဲ့ခြင်း၊ ယခု အချိန်အထိ နတ်မောက် နယ်သူနယ်သားမှန်က အများအားဖြင့်၊ ကဗျာ လင်္ကာ စာရေး သားမှုများကို ဝါသနာ ပါသူကပါ၍ တိုင်းပြည်အတွက် ဆောင်ရွက်လိုသူက ဆောင်ရွက် နေကြသည်များကို တွေ့ရခြင်းစသော ထူးခြားချက် တရပ် ရှိလေသည်။

အဆိုပါ မြန်မာ့လွတ်လပ်ရေး ရာဇဝင်တွင် မှတ်တမ်း တင်ရတော့မည့် နတ်မောက် မြို့ကလေး၏မြောက်ပိုင်း မင်းလမ်းမကြီး၏ အရှေ့ဘက်၌ အထိကရ မန်ကျည်းပင်ကြီးများ အုပ်ဆိုင်းထားသော အလွန်ကျယ်ဝန်းလှသည့် အိမ်ဝိုင်းကြီးတခု တွေ့မြင် နိုင်လေသည်၊ ၎င်းအိမ်ဝိုင်းကြီးမှာ ရှေးမြန်မာဘုရင်များ လက်ထက်အချိန်ကစ၍ နတ်မောက်မြို့ကိုစိုးမိုး အုပ်ချုပ်ရသော သူကြီးများ အစဉ်အဆက် နေထိုင်ခဲ့သဖြင့်၊ မင်းဝိုင်းဟု လူအများ ခေါ်ဆိုခဲ့လေသည်။ ၎င်းမင်းဝိုင်း၏ အလယ်ဗဟိုရ် တည့်တည့်တွင် အလွန် ထုထယ်ကြီး မား၍ မြန်မာဆန်ဆန် ဆောက်လုပ် ခဲ့သော ခုနစ် ဆောင်ပြိုင် အိမ်ကြီး တဆောင်ကို လွန်ခဲ့သော ၁၅-နှစ်ခန့်က တွေ့မြင်ခဲ့ရလေသည်။ ၎င်းအိမ်ကြီးမှာ ဆင်တရပ်ခန့်မြင့်၍ မြန်မာသံမှိုကြီးများ၊ မြန်မာဖြစ် သံစို့ကြီးများဖြင့်၊ သပ်ယပ်စွာ ဆောက်လုပ် ထားခဲ့ရာ ထိုခေတ်ကဆိုလျှင် နန်းတော်တဆောင်ကဲ့သို့ ကြီးကျယ်လှပေတော့သည်။ ၎င်းအိမ်ကြီးကို

ဆောက်လုပ် ခဲ့သူမှာ၊ နတ်မောက်မြို့တွင် မြို့သူကြီး အဖြစ် မြောက်စားခြင်း ခံခဲ့ရသော အထူးတန်ခိုးအာဏာနှင့် ပြည့်စုံသည့် မြို့သူကြီးဦးရွှေနီ ဖြစ်လေသည်။

၎င်းမြို့သူကြီးဦးရွှေနီမှာ စာပေပရိယတ္တိ၌ အလွန်လေ့လာ သင်ကြားခဲ့ရာကျမ်းတတ် ပုဂ္ဂိုလ်ကြီးတဦးဖြစ်သည့်ပြင် လောကီပညာဖြစ်သောဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်း ကဗျာလင်္ကာများပါ တဘက်ကမ်းခတ် တတ်မြောက်သူဟု ကျော်ကြား ခဲ့လေသည်။ သို့သော် ငယ်စဉ် အခါက အလွန်ဆိုးပေကာ ထင်ရာ စွပ်၍ လုပ်ကိုင် တတ်သဖြင့်၊ နတ်မောက်မြို့ပေါ်၌ အရုပ်မရှိ လေလွင့် နေသူ တဦးဟု လူအများက ရှုံ့ချ ပြောဆိုခြင်း ခံခဲ့ရလေသည်။ မည်မျှလောက်ပင် ဆိုးပေကာ လေလွင့်နေသော်လည်း၊ မျိုးရိုးဇာတိမှာ သူကြီးမျိုးဖြစ်၍ မဟုတ်မခံ ဇတ်ဇတ်ကြဲ လုပ်ကိုင် တတ်ခြင်းကြောင့် မြို့ပေါ်ရှိ လူငယ်အားလုံးတို့၏ ရိုသေလေးစားခြင်း ခံရလေသည်။ တနေ့တွင်၊ နတ်မောက်မြို့၌ နတ်မောက်မယ်ဟု ခေါ်ရလောက်အောင် အချောဆုံး၊ အလှဆုံး၊ အယဉ်ဆုံး ဖြစ်သည့် မယ်စိုးခေါ် လုံမပျိုကလေးတဦးဆို အသဲနှင့်ချစ်ကြိုက် မိတော့လေသည်။

အဆိုပါ လုံမပျိုကလေး မယ်စိုးမှာ ကုန်သည်ကြီးမျိုးဖြစ်ရာ ဥစ္စာဓနကြွယ်ဝသော ဦးရှိပ်ကြီးခေါ် ပုဂ္ဂိုလ်ကြီး၏ သမီးအထွေးဆုံးဖြစ်သည်၊ ၎င်း၌ မယ်ပြောင်၊ မယ်အောင်၊ မယ်ဖော်ငြိ အမည်ရှိ အစ်မသုံးဦးရှိ၍ ဦးပေတန်၊ ဦးမှူးဟူ၍ အစ်ကိုကြီးနှစ်ယောက် ရှိလေသည်၊ မယ်စိုးမှာ ဥစ္စာချော အဆင်းပါ ပြည့်စုံနေသဖြင့်၊ ဦးရွှေနီနှင့်ဆိုက ဂုဏ်ဒြပ်ခြင်း မိုးနှင့်မြေကွာနေတော့၏။ သို့သော် ဦးရွှေနီမှာ မရမနေသဘောမျိုးဖြင့်၊ မယ်စိုး၏မိဘများကို မရမကဖွဲ့ကပ်ပြောဆိုရာ ရှေးလူကြီး များမှာ ငွေသည်း ဥစ္စာထက် အမျိုး အရိုး ကောင်းကို ပိုမိုလိုလားကြသည့်အတိုင်း၊ ကလေကချေ ဖြစ်နေသော ဦးရွှေနီအား မငြင်းဆန်ဘဲ လက်ထပ်ထိမ်းမြားနှီး ပေးခဲ့လေသည်။ သို့သော် ဦးရွှေနီမှာ အိမ်ထောင် ကျသော်လည်း ငယ်စဉ်က ဆိုးပေခဲ့သော အကျင့်ကို မဖျောက် သေးဘဲ၊ ထင်သလို နေထိုင်ရာမှ မဘွင့်ခေါ် နတ်မောက်မြို့သူတဦးနှင့် အကြောင်းပါပြန် လေသည်။ မယ်စိုးမှာ မိကောင်း ဖခင် သားသမီးမှန်သည့်အတိုင်း ဦးရွှေနီအပေါ်၌ မငြူမစူဆက်လက်၍ မယား၏ဝတ္တရားကျေပွန်စွာ ရွက်ဆောင်မြဲ ရွက်ဆောင်လေသည်။

သို့သော် မဘွင့်၏မိဘများမှာ ဦးရွှေနီအပေါ်၌ တနေ့ထက်တနေ့ အထင်သေးလာသောအခါ၊ တနေ့တွင် သမီးဖြစ်သူအား "ညီးယောက်ျား ငြင်ကျည်ပွေ့ အတက်ပေါက် ရင်သာပေါက်မယ်၊ လူစဉ်မှီမယ် မဟုတ်ဘူး။ ကျုပ်ခိုးစင်က ထမင်းအိုးသေနတ်နဲ့ ပစ်ချပေးမှစားရမဲ့လူမျိုး" ဟုပြောဆိုမြည်တွန်သံကိုဦး ရွှေနီကြားရတော့လေသည်။ ဦးရွှေနီမှာ ထိုစကားကို ကြားရသောနေ့ကစ၍ ရှက်လည်းရှက်၊ နာလည်းနာ၊ မခံချင်စိတ် ပြင်းထန်လာကာ၊ နောက်ဆုံး၌ မန္တလေး ရွှေမြို့တော်သို့ အိုးကြိုင်ခါ ထွက်သွား တော့လေသည်။ လ,အတော်ကြာသောအခါ နတ်မောက်မြို့သို့ ဘုရင့် မြို့သူကြီး အဖြစ် ခန့်ထားသော စာချွန်တော်နှင့်အတူ ပြန်လည် ရောက်ရှိ လာလေသည်။ ရောက်လျှင် ရောက်ချင်းပင် မယားကြီးမယ်စိုး ထံသို့ မသွားသေးဘဲ၊ မဘွင့်၏မိဘများအိမ်သို့ ငြပ်ကျည်ပွေ့ တခုကို သင်္ကိုင်းစည်း၍ ယူဆောင်သွားလေသည်။ ယောက္ခမများနှင့် မယားမဘွင့်အား....

"ကဲ....ငြပ်ကျည်ပွေ့ အတက်ပေါက်လာပြီ။ဒီမှာကြည့်-ကျပ်ခိုးစင်ပေါ်ကထမင်းအိုးလဲကျစေမည်"ဟု ပြောပြောဆိုဆို ကျပ်ခိုးစင်ပေါ်၌တင်ထားသောထမင်းအိုးကိုတကယ်ပင် တူမီးသေနတ်ဖြင့် ပစ်ချလိုက်လေသည်။

ဇွတ်တရွတ်ပြောဆို လုပ်ကိုင်ရာ၌ သူမတူအောင် နာမည်ကြီးလှသော မြို့သူကြီး ဦးရွှေနီမှာ အထက်ပါ မင်းဝိုင်းအတွင်း၌ ခုနစ်ဆောင် ပျဉ်ထောင် အိမ်ကြီးကို ဆောက်လုပ်ကာ၊ဇနီးသည် မယ်စိုးနှင့်အတူ နေထိုင်၍ ရှေးကအကျင့်ဟောင်း အကျင့်ဆိုးများကို လုံးဝပယ်ကာ ဘုရားတရား ကြည်ညိုလေးစားခြင်း၊ လောကီလောကုတ္တရာပညာများကို လိုက်စားခြင်း အားဖြင့် အချိန်ဖြုန်းတော့လေသည်။ ၎င်း၏ ပညာဂုဏ်၊ သမာဓိဂုဏ်၊ ဆွေမျိုးဂုဏ်၊ သူရသတ္တိဂုဏ် စသော ဂုဏ်ထူးများကြောင့်၊ မြို့သူကြီးပင် ဖြစ်သော်လည်း အသက်ဦးဆံပိုင် ဘုရင်တမျှ တန်ခိုးအာဏာ ရှိခဲ့လေသည်။ ၎င်းတွင်ဇနီးမယ်စိုးကဲ့သို့ အလွန်ချောမောလှသည့် သမီးတဦးရှိလေသည်။ ၎င်းသမီးမှာ ရုပ်ရည်အလွန် ချောမောပြေပြစ်လှသဖြင့်၊သူဇာနတ်သမီးနှင့်နှိုင်းယှဉ်၍ မယ်သူဇာဟု အမည် ပေးထားလေသည်။ ၎င်းမြို့သူကြီးသမီး မယ်သူဇာမှာ၊ နတ်မောက်မြို့တွင် ပြိုင်ဘက်မရှိအောင် ချောမောလှပသူဖြစ်ရကား၊ဦးရွှေနီနှင့် ဇနီးတို့မှာ ရွှေပေါ်မြတင်ယုယုယုယဆင်ယင်၍ ဂုဏ်ယူနေကြလေသည်။

မယ်သူဇာအရွယ်ရောက်လာသေသောအခါ၊၎င်း၏ဘခင်ထံတွင် အတူလာရောက်နေထိုင်စားသောက်နေသည့် မောင်မြတ်အေး ဆိုသူနှင့် ကလေးတို့ဘာဝ ချစ်ကြိုက် မိကြတော့လေသည်။ သို့သော် မြို့သူကြီးနှင့် မြို့သူကြီး ကတော်တို့မှာ-ငွေလို ဦးထားသော သမီးကလေးမယ်သူဇာနှင့် ထိုက်တန်သူမရှိဟု ယူဆနေစဉ်၊ယခုကဲ့သို့သမီးကလေးမယ်သူဇာနှင့် မောင်မြတ်အေးတို့ ချစ်ခင်ကြောင်း ရိပ်မိသောအခါ၊ သဘောမတူနိုင်ဘဲ မယ်သူဇာအား အိမ်ခန်း အတွင်း၌ အစောင့် အရှောက် လုံလောက်စွာဖြင့် သွင်း၍ ထားလေသည်။ သို့သော် မယ်သူဇာမှာ ဘခင်ကြီး၏ မဟုတ်မခံ ဇွတ်လုပ်တက်သော စိတ်ဓာတ် မျိုးစေ့ပါလာရာ။ မိမိ၏ချစ်သူနှင့် သစ္စာပျက်ကာ ကွေကွင်းရခြင်းထက် သေခြင်းကမြတ်သည်ဟု သဘောထားပြီး အလွန်နုနယ်သော မိန်းခလေး ဖြစ်သော်လည်း၊မကြောက်မရွံ့အိမ်ခေါင်မိုးကိုဖေါက်၍အိမ်ပေါ်မှဆင်းပြီးလျှင် ချစ်သူနောက်သို့လိုက်သွားတော့လေသည်။တောင်းဆိုး,ပလုံးဆိုးသာ ပစ်ရိုးထုံးစံ၍ရှိသည်။ သားသမီးဆိုး ပစ်ရိုးထုံးစံမရှိ ဆိုသော စကားကဲ့သို့ သမီးကလေးကို အလွန် ချစ်သည့်အတိုင်း၊ မစွန့်ပစ် နိုင်ဘဲ အိမ်သို့ ပြန်လည် ခေါ်ငင်ကာ ခမ်းခမ်းနားနား မင်္ဂလာ ဆောင်ပေး၍ ၎င်းတို့နှင့်ပင် အတူနေထိုင်စေတော့လေသည်။

မယ်သူဇာနှင့် ဦးမြတ်အေး တို့တွင် သားယောက်ျား သမီးမိန်းမများ များပြားစွာ ထွန်းကားသည့်အနက်၊ ကျောက်ကောင်းတစ္ဆေ့ သားကောင်းတယောက်ဆိုသောစကားအတိုင်း မိန်းမတို့ ပြည့်စုံအပ်သည့် ဂုဏ်အရည်အခြင်း အားလုံးနှင့် ပြည့်စုံသောဗိုလ်ချုပ်ဦးအောင်ဆန်း၏ ကျေးဇူးရှင် မွေးသမိခင်ဒေါ်စုခေါ်သမီးကောင်းတယောက် ထွန်းပေါက်လာခဲ့လေသည်။ အာဇာနည် ဗိုလ်ချုပ်၏ မိခင်ဖြစ်သည့် ဒေါ်စုမှာ၊ အာဇာနည်သားကောင်း သားမြတ်တို့၏ မိခင်အစစ် ဖြစ်ထိုက်သော ကြန်အင် လက္ခဏာနှင့် ပြည့်စုံသည့်ပြင်၊ မိန်းမတို့ဇူနွှေ ရွှေပေးလို့မရ ဆိုသော စကားကဲ့သို့၊ အလွန် တည်ကြည်သော

N.P.W.—191-23, 10000

ထုမြေနှင့် ပြည့်စုံသည့်မြင်၊အကျင့်သိက္ခာ သမာဓိတို့မှာလည်း ဖြိုင်ဘက် ကင်းလောက်အောင် ကြီးမား မြင့်မြတ်လှလေသည်။ ယခု အသက်-၇၀-အရွယ် အံ့ထိ ဟက်ဟက်ပက်ပက် ရယ်မောချင်းမျိုး တကြိမ်တခါမျှ မတွေ့ရချေ။ အလွန် သဘော ကျမှသာ ပြုံးရုံပြုံးတတ်လေသည်။

၎င်းဒေါ်စု အရွယ် ရောက်သောအခါ၊ နတ်မောက်မြို့တွင် နေထိုင်သော ဘောင်သူကြီးဦးဒီကိုး၊ ဒေါ်ဖွဲ့လေးတို့၏သား ဗိုလ်ချုပ်၏ဘခင် ဦးဖါနှင့် လူကြီးမိဘများ၏သဘောတူချက်အရ လက်ထပ်ထိမ်းမြား ပေးလေသည်။ ၎င်းနောက် ဦးဖါနှင့် ဒေါ်စုတို့မှာဘကြီးမြို့သူကြီး ဦးရွှေနီ၏ ခုနစ်ဆောင်ဖွဲ့ အိမ်ကြီးမှခွဲ၍ ၎င်းအိမ်ကြီး၏ မြောက်ဘက် ကပ်၍ အိမ်တဆောင် ဆောက်ကာ ခွဲ၍နေထိုင်ကြလေသည်။

အိမ်ထောင်ခွဲစအချိန်တွင် ပစ္စည်း ဥစ္စာ မတောင့်တင်းသေးသဖြင့်၊ ဦးဖါမှာ‌ရှေ့နေ သူလုပ်၍ ဒေါ်စုမှာ ပိုးရိုင်းများကို ဝယ်ကာ ပိုးလုံချည် ယက်လုပ်ခြင်းဖြင့်၊ အိမ်ထောင်ကို ထိန်းကြ ရတော့လေသည်။ သမီးအကြီးဆုံး မခင်ညွန့်နှင့် သားအကြီးဆုံး ဦးဘဝင်းတို့ မွေးဖွားရန်ရှိလာသော အချိန်တွင်၊ ဦးဖါမှာ လုပ်ငန်းကိုင်ငန်းနေရာမကျသဖြင့်၊ ဇနီးသည် ဒေါ်စုကိုပင် အသိမပေးဘဲ နတ်မောက်မြို့ကိုစွန့်ခွါ၍ တကိုယ်ထည်းပျော်ဘွယ်နယ်ဘက်ဆီသို့ ထွက်ခွါ သွားတော့လေသည်။ ဒေါ်စုမှာလည်း လူမမယ်သားနှင့် သမီးနှစ်ဦးကို ခြင်းဖြင့် ရှာဖွေကျွေးမွေးကာ နေခဲ့ရရှာလေသည်။ ဦးဖါမှာ ပျော်ဘွယ်မြို့သို့ ရောက်သော အခါ အလုပ်များကို ဆင်းရဲစွာ လုပ်ကိုင်ရရှာလေသည်။


လ, အတော်ကြာသွားသောအခါ၊တနေ့တွင် ပျော်ဘွယ်မြို့ အမိန့်တော်ရရှေ့နေကြီး ဦးမောင်ကြီးထံဥပဒေပညာ သင်ကြားရန်အတွက် နတ်မောက်မြို့မှ ရောက်လာကြသော အမိန့်တော်ရရှေ့နေ ဦးဘိုးမိ၊ ဦးအောင်ဖေတို့နှင့် ရုတ်တရက်သွား၍ တွေ့တော့လေသည်။ ၎င်းအချိန်မှာ ဦးဖါ၏ ဇာတာ စန်းလာက် တက်လာသော အချိန်ပင် ဖြစ်တော့လေသည်။ မိတ်ဆွေ နတ်မောက်သား နှစ်ဦးနှင့် စကားစမြည်ပြောကြရာမှ ဦးဖါမှာ ရှေ့နေ စာမေးပွဲ ဝင်လိုသောဆန္ဒ ပေါ်ပေါက်သော်လည်း၊ မိတ်ဆွေ နတ်မောက်သား နှစ်ဦးကဲ့သို့ ဆရာ့ထံတွင် မနေနိုင်ဘဲ၊၎င်းနှစ်ဦးဘံမှ မှတ်စုများကို ငှါးရမ်းကူးယူ၍ အလုပ်လုပ်ရင်းဘတ်ရရှာလေသည်။ ၎င်းနောက် အလုပ်လုပ်၍ ရရှိသော ငွေအနည်းငယ်နှင့် ဥပဒေသင်ရန်လာသော နတ်မောက်သား မိတ်ဆွေနှစ်ဦးနှင့်အတူ၊ ရန်ကုန်သို့ စာမေးပွဲဝင်ရန် လိုက်ပါသွား၍ တတိယတန်း ရှေ့နေ စာမေးပွဲကို ဝင်ရောက် ဖြေဆိုခဲ့လေသည်။ ၎င်းနောက် ပျော်ဘွယ်သို့မပြန်တော့ဘဲ၊နတ်မောက်သို့ ပြန်လာကာ ဇနီးသည် သားသမီးများနှင့် အတူ နေထိုင်တော့လေသည်။ သို့သော် မိမိရှေ့နေ စာမေးပွဲ ဝင်ခဲ့သည့် အကြောင်းကိုကား၊ တစိမ်းကို မဆိုထားဘိ မိမိဇနီးသည်ကိုပင် အသိမပေးချေ။ စာမေးပွဲ အောင်စာရင်း ထွက်လာ၍ ၎င်း၏နာမည် အောင်စာရင်းတွင် ပါလာသော အခါကျမှသာ ဒေါ်စုနှင့် တကွ ဆွေမျိုးသားချင်း မိတ်ဆွေအားလုံးတို့ သိရှိကြရလေသည်။

ဗိုလ်ချုပ်၏ဘခင် ဦးဖါမှာ အခြားသူများကဲ့သို့ ဆရာ့ထံတွင် လက်တွေ့ သင်ကြားရခြင်းမရှိဘဲ၊ သူတပါး၏ မှတ်စုများကို ကူးယူ လေ့လာ ခြင်းဖြင့်၊ ရှေ့နေ စာမေး ပွဲကို

အလုပ်လုပ်ရင်း ဝင်ရောက်ဖြေဆိုရာ၊ အောင်သူပေါင်း-၁၇၄-ယောက်အနက် တတိယစွဲခဲ့လေသည်။ အကယ်၍သာ ဆရာ့ထံလက်တွေ့သင်ယူ၍ လွတ်လွတ်လပ်လပ် ကြိုးစားရက ပဌမပင် စွဲလိမ့်မည်ဟု အခြားဝင်ရောက် ဖြေဆိုသူများ၏ ချီးကျူး ပြောဆိုသံကို ကြားရဘူးလေသည်။ ၎င်းမှာစကားအလွန် ပြောရသော ရှေ့နေစာမေးပွဲအောင်မြင်သော်လည်း အလွန် စကား နည်းသူ ဖြစ်သဖြင့်၊ ရှေ့နေ အလုပ်ကို နာမည်လောက်သာ ထားကာ ကောင်းစွာ လိုက်လံ ဆောင်ရွက်ခြင်း မပြုချေ။ သို့သော် ၎င်းလိုက်သမျှ အမှု များမှာ ဉာဏ်ထက်မြက် စူးရှသည့် အတိုင်း အနိုင် ရရှိခဲ့သည်က များလေသည်။ ထိုအချိန်၌ ဒေါ်စု၏ ဉာဏ်ထက်မြက် စူးရှခြင်း၊ ချွေတာခြင်း၊ သမာဓိရှိခြင်း၊ စီးပွား ဇယားကောင်းခြင်းများကြောင့်၊ ပစ္စည်းများမှာ ဒီရေကဲ့သို့ တိုးတက်နေရာ၊ ရှေ့နေ မလိုက်သော်လည်း အရေးမကြီးလှတော့ပေ။ ၎င်းမှာ အလုပ်ရည်ဖြင့် ဒုတိယတန်း ရှေ့နေ အဖြစ်သို့ တိုးမြှင့်ခန့်ထားခြင်း ခံပြီးနောက် အသက် ၅၀-အရွယ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန် အနိစ္စ ရောက်သွားရ ရှာတော့လေသည်။

ဦးဖါ ရှေ့နေစာမေးပွဲ အောင်လာသောအချိန်တွင်၊ ဒေါ်စု၌လည်း ပစ္စည်းဥစ္စာ အခြေခံ အတော်ရရှိနေပြီ ဖြစ်ရကား- ဦးဖါက ရှေ့နေလုပ်ငန်းဖြင့်တဘက်၊ ဒေါ်စုက အရောင်းအဝယ်တဘက်ဖြင့်၊ ငွေဝင်လမ်းနှစ်ဘက်ရှိလေရာ၊ တနေ့တခြား ပစ္စည်းဥစ္စာ တိုးတက်လာသည့်ပြင်၊ သားသမီး ရတနာများလည်း ပိုမိုထွန်းကားလာတော့လေသည်။ သမီးမိန်းမ မခင်ညွန့်နှင့် မဝက်တို့ရရှိ၍၊ သားယောကျ်ား အာဇာနည်များ ဖြစ်ကြသော ဦးဘဝင်း၊ ဦးနေအောင်၊ ဦးအောင်သန်းတို့ကို ရရှိတော့လေသည်၊ သမီးနှစ်ဦးဖြစ်သော မခင်ညွန့်နှင့် မဝက်တို့မှာ မအေတူသမီးများဖြစ်ကြသည့်အတိုင်း၊ မိန်းမတို့တတ်အပ်သော ပညာများဖြစ်သည့် ယက္ကန်း၊ ဗိုင်းငင် အလုပ်မှစ၍ အိမ်ထောင် သိမ်းဆည်းမှုပါမကျန် အားလုံးပြည့်စုံသည့်ပြင်၊ အကျင့်သီကတဘက်၌လည်း အတော်ပင် ပြည့်စုံလှလေသည်။ အနေအထိုင် အပြောအဆိုမှစ၍ အလွန်ကျစ်လစ် သိပ်သည်းသည့်ပြင်၊ ဟိရီ ဩတ္တပ္ပ တရား နှစ်ပါးနှင့်လည်း ပြည့်စုံကြလေသည်။ မိဘများ၏ တိုက်တွန်းချက်အရ မခင်ညွန့်မှာ ရမြိစာရင်း အင်စပိတ်တော် ဦးသာရင်နှင့် လက်ထပ် ထိမ်းမြားခဲ့လေသည်။ ၎င်းမှာ မကြာမီက မီးယပ်ရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်ခဲ့လေသည်၊ ယခု အချိန်အထိ သမီးငယ် မဝက်မှာ အိမ်ထောင်မပြုဘဲ မိခင်ကြီးနှင့် အတူ နေထိုင်လုပ်ကြွေး ပြုစုလျှက် ရှိနေလေသည်၊

မြန်မာပြည်၏ နိုင်ငံရေးရာဇဝင်တွင် ထင်ရှားစွာ ပေါ်လွင်ထွန်းတောက်စေတော့မည့် ကျွန်ုပ်တို့၏အာဇာနည် ခေါင်းဆောင်ကြီး ဦးအောင်ဆန်းသည်၊ နတ်မောက်မြို့ အမိန့်တော်ရရှေ့နေကြီး ဦးဖါ၊ ကျောင်းအမကြီး ဒေါ်ဒေါ်စုတို့၏ မြင့်မြတ်သော ရင်နှစ်မှ နတ်မောက်မြို့ မင်းပိုင်းအတွင်းရှိ နှစ်ထပ်ပြင်ထောင်အိမ်ကြီး၌ ၁၂၇၆-ခု၊ တပေါင်းလဆန်း ၁-ရက်၊ စနေနေ့နံနက် စက်နာရီ ၃-ချက်တီးအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့လေသည်၊ ဗိုလ်ချုပ် ၏ထူးခြားလှသောဇာတာခွင်မှာ အောက်ပါအတိုင်းဖြစ်လေသည်။




ငင်းဇာတာခွင်အရ၊ အမှန် စစ်သူကြီး ဖြစ် ထိုက် သော အင်္ဂါ နှင့် ပြည့် စုံကြောင်းထင်ရှားလေသည်။ သို့သော်လက်မှာ၊ပါ၊ပ အင်္ဂါဂြိုဟ်နှင့် ပူးတွဲနေသဖြင့်စိတ်ရှုတ်ရခြင်း,ရန်များခြင်း,အသက် တိုခြင်း စသော အပြစ်များရှိလေသည်။ တအိမ်တည်း၌တွင်ဂြိုဟ် (၅) လုံးစုဝေးနေခြင်းဖြင့် အလွန်ပင်ထူးခြားပေရာ၊ မေဒင်လိုက်စားသူများအတွက် များစွာ အဘိုးတန် ပေလိမ့်မည်၊ ဗိုလ်ချုပ် မွေးဖွားသောနှစ်မှာ ပဌမ ကမ္ဘာစစ်ကြီး စတင် ပေါ်ပေါက်ခဲ့သော ၁၉၁၄-ခုနှစ်ဖြစ်ရာ၊စစ်နှင့် အကျိုးပေးသော ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။

ဗိုလ်ချုပ် မွေးဖွားလာသောအချိန်ကစ၍ မိဘနှစ်ဦးမှာ ဥစ္စာပစ္စည်းအလွန်တိုးတက်လာခဲ့လေသည်။ ဗိုလ်ချုပ်သည် မိဘနှစ်ဦးအား ပစ္စည်းဥစ္စာ တိုးတက်အောင် ကံကြီးခဲ့သူ ဖြစ်ခဲ့သော်လည်း၊ မိခင်ကြီးအား အသက် (၇၀) အရွယ်တွင် အကြီးဆုံးသော ပူဆွေးဒုက္ခပေးခဲ့ရှာလေသည်။ ဗိုလ်ချုပ်၏မိခင်ကြီးဒေါ်စုမှာ သားသမီးများအား နေရေးထိုင်ရေး၊ စားရေး၊ ဝတ်ရေးမှစ၍ စည်းစိမ်နစ်ကျကျ ကြပ်တည်းစွာ ဆုံးမပဲ့ပြင်အုပ်ချုပ်ခဲ့ရကား-ဗိုလ်ချုပ်မှာ မိခင်ကောင်း၏ သားအစစ်ဖြစ်တော့လေသည်။ ယခုကဲ့သို့ လောကီစည်းစိမ်သာယာမှု ဟူသမျှတို့ကို ပယ်ရှား၍ တိုင်းပြည်အတွက် ရှင်ရှပ်ချွန် ချွန်ဆောင်ရွက်လာနိုင်ခြင်းမှာလည်း မိခင်ကြီးထံမှ ရရှိသောမျိုးစေ့ကြောင့်ဖြစ်ရာ၊ မိခင်ကြီး၏ကျေးဇူးမှာ ဗိုလ်ချုပ်အပေါ်၌သာမက တတိုင်းပြည်လုံးအပေါ်၌ပင် တင်ရှိနေပေတော့သည်။

ဗိုလ်ချုပ်၏မျိုးချစ်စိတ်၊ မဟုတ်မခံလိုသောစိတ်၊ တည်ကြည်သောစိတ် ပြင်းထန်စွာထက်သန်လာရခြင်း အကြောင်းများကို ပိုမိုပေါ်လွင်စေရန် အတွက် မြန်မာ့ရာဇဝင်တလျှောက်တွင် ထင်ရှားခဲ့သော ဗိုလ်ချုပ်၏ ဆွေစဉ် မျိုးဆက်နှင့်တကွ၊ ဗိုလ်ချုပ်၏ထူးခြားသော ဘေးဘိုးဘီဘင်တို့၏ အကြောင်းကို အကျယ်တဝင့် ဖေါ်ပြရပေလိမ့်မည်။ သို့သော်- စာဖတ်သူများ နားမရှုပ်ထွေးစေရန် အောက်ပါအတိုင်း ဇယားချ၍ ပြပေအံ့၊

ရှေးမိုပုဂ္ဂိုလ်ကြီးများနှင့် တကွ၊ ဗိုလ်ချုပ်၏ ဘကြီးတော်သူ နတ်မောက် မြို့အုပ်ဟောင်း၊ ဦးရွှေထိုက်၏ ပြောပြချက်အရ ပုဂံပြည်ပျက်ပြားသွားသောအခါတွင် ပုဂံပြည်မှ မင်းသမီးနှစ်ပါးသည်၊ သူဆင်းရဲအသွင်ဆောင် ရုပ်ဖျက်ကာ ကျောက်ပန်းတောင်း နယ်ကိုဖြတ်၍ ပင်းနှင့် နတ်မောက်မြို့ နယ်သို့ ရောက်ရှိလာလေသည်၊ ၎င်းမင်းသမီး နှစ်ပါးမှာ ပင်းနယ်နှင့် နတ်မောက်နယ်မှာပင် အိုးအိမ်ပြု၍ လယ်ယာ လုပ်စားခြင်းဖြင့် နေထိုင်ခဲ့ကြလေသည်။

၎င်းနောက်အင်းဝပြည်ကြီးမှာ တလိုင်းတို့၏ရန်ဖြင့်ပျက်ပြားသွား၍ တလိုင်းမင်းများအုပ်စိုးနေသော အချိန်တွင်၊ အဆိုပါ မင်းသမီးနှစ်ပါးမှ သက်ဆင်းခဲ့သော ပင်းမြို့အနီးရှိ

မဲထီးရွာ၌ သူကြီးအဖြစ် အုပ်ချုပ်နေရသော သူကြီးဦးမြတ် ပေါ်ပေါက်ခဲ့လေသည်။ "ပင်းမြို့အနီး၊ ရွာမဲထီး၊ သူကြီးမောင်မြတ်" ဟူ၍ပင် စာစပ်ဆိုခဲ့ခြင်း ခံခဲ့ရလေသည်။

အဆိုပါသူကြီးဦးမြတ်မှာ ကိုယ့်ထီးကိုယ်နန်း ကိုယ်ကြွင်နန်းဖြင့်နေခဲ့ကြသောမြန်မာလူမျိုးများမှာ တလိုင်းလက်အောက်တွင် ကျွန်အဖြစ်ကျရောက်နေခြင်းကို အလွန်အကြူးဝမ်းနည်းကာ၊ မြန်မာများအား တလိုင်းတို့၏ ဖိနှိပ် ချုပ်ချယ် အုပ်စိုးခြင်းကို တွန်းလှန်ပယ်ဖျက်ရန် နေ့စဉ်ကြံစည် ကြိုးစားခဲ့လေသည်၊ ထိုအချိန်တွင် မိမိကဲ့သို့ အထက်မြန်မာပြည် ယခုရွှေဘိုခေါ် မုဆိုးဖိုရွာ၌ တလိုင်းတို့ကို လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်ရန်ကြံစည်နေသော သူကြီးဦးအောင်ဇေယျအမည်ရှိ ပုဂ္ဂိုလ်ကြီးတဦး ပေါ်ပေါက်နေသည်ဟူသောသတင်းကို ကြားရလေသည်။ ကြားရလျှင်ကြားခြင်းပင် မိမိနှင့်ထိုသူတို့မည်သူကမင်းဖြစ်နိုင်၍ တော်လှန်ပုန်ကန်ရာ၌ အောင်မြင်နိုင်မည်ကိုသိရှိနိုင်ရန် မဲထီးရွာရှိ ပညာရှိနှစ်ဦးအား၊ ဦးအောင်ဇေယျ၏ ဇာတာစန်းလဂ် လူ့အင်္ဂါရုပ်အထုပ္ပတ္တိ အခြေအနေတို့ကို သေချာစွာ စုံစမ်းထောက်လှမ်းရန် စေလွှတ်ခဲ့လေသည်။

၎င်း၏လူယုံတော် ပညာရှိနှစ်ဦးမှာ၊မုဆိုးဖိုရွာသို့ သွားရောက်၍ အလောင်းဘုရားဘွဲ့ခံ ဦးအောင်ဇေယျနှင့် ပတ်သက်၍ ဦးမြတ်သိလိုသော အချက် အလက်များကို သေချာစွာ စုံစမ်းမှတ်သားကာ မဲထီးရွာသို့ ပြန်ခဲ့ကြလေသည်၊၎င်းနောက် ဦးမြတ်အား ဦးအောင်ဇေယျသည်၊ အမှန်ပင်မင်းဖြစ်ထိုက်သော ဇာတာရှိ၍ ဥပဓိရုပ်နှင့် ပြည့်စုံသူဖြစ်ကြောင်း၊လုပ်ရည် ကိုင်ရည်မှာလည်း လွန်စွာပြည့်စုံကြောင်းများကို၊ပြန်လှန်ပြောပြကြလေသည်။ သူတပါး၏လက်အောက်မှ ဇာတိလူမျိုးများအား လွတ်မြောက် စေလိုသော ဆန္ဒမှတပါး၊ အခြားကိုယ်ကျိုးရှာလိုသော ရည်ရွယ်ချက်မျိုးမရှိသော ဦးမြတ်မှာမိမိထက် အရည်အချင်းလက္ခဏာသာသော အလောင်းဘုရားဦးအောင်ဇေယျအား၊ခေါင်းဆောင်တင်၍တလိုင်းတို့ကို တော်လှန်ပုန်ကန်ရန်အတွက် မိမိ၏နယ်ပယ်မှလူယုံတော်သူရဲကောင်းများကို ဟိတ်တဆိတ်တစ်ဆောင်းခေါ်ငင်ကာ၊အလောင်းဘုရား ဦးအောင်ဇေယျနေထိုင်ရာ မုဆိုးဖိုရွာသို့ ချီတက်သွားလေသည်။

၎င်း ရွာသို့ရောက်သောအခါ ဦးမြတ်သည်၊ အလောင်းဘုရားနှင့် အတူပူးပေါင်း၍ မြန်မာပြည်အား တလိုင်း၏လက်အောက်မှ လွတ်မြောက်ရေး အတွက် တိုင်ပင်နှီးနှော ဆွေးနွေးပြီးလျှင်၊တလိုင်းတပ်ကြီးများကို တော်လှန်ပုန်ကန်ကြရာ၊ တလိုင်းတို့မှာအရှုံးကြီးရှုံး၍မြန်မာလူမျိုးတို့မှာ လွတ်လပ်ရေးကိုပြန်လည်ရရှိလာကြတော့လေသည်။တလိုင်းတို့၏ လက်အောက်မှ လွတ်မြောက်ရန် ကြိုးစားခဲ့ကြသော ပုဂ္ဂိုလ်ကြီးများ၏ စာရင်းတွင် ဦးမြတ်လည်း တဦးအပါအဝင် ဖြစ်တော့လေသည်၊အရေးတော်ပုံပြီးမြောက်၍ လွတ်လပ်သောမြန်မာနိုင်ငံတော်အား အလောင်းဘုရားဘွဲ့ထူးဖြင့် ဦးအောင်ဇေယျ စိုးမိုးအုပ်ချုပ်ရသောအချိန်တွင် တော်လှန်ရေး ဘက်တော်သားဖြစ်သော ဦးမြတ်အား၊ ပင်းမြို့သူကြီးအဖြစ် ခန့်ထားချီးမြှင့် ပေးသနားလိုက်လေသည်။

(ပင်းမြို့သူကြီး ဦးမြတ်ကစ၍ ဗိုလ်ချုပ်၏ မျိုးရိုးစဉ်ဆက်များဆက်သွယ်ခဲ့သည်မှာ ထင်ရှားသော ပရိုက်မှုများအရ အမှန်ပင် ဖြစ်ကြောင်း တွေ့ရလေသည်။ သို့သော်

၎င်းပုရပိုက်များ ကြွန်ုပ်ကိုယ်တိုင် ရရှိခဲ့သော်လည်း၊ စစ်အတွင်း မီးလောင် ရာ၌ ပါသွားခဲ့သဖြင့် မဆက်နိုင်အောင် ဖြစ်ရလေသည်။သို့သော် ဗိုလ်ချုပ်၏ဦးလေးတော်သူဦးဘ၏ မှတ်တမ်းအရ အသေအချာ မှတ်သားမိသော ဆွေစဉ်မျိုးဆက်များကိုဆက်၍ပြပါအံ့)၊ အဆိုပါ ပင်းမြို့သူကြီး ဦးမြတ်မှ ဆင်းသက်၍လာရာ၊နောက်ဆုံး ပင်းမြို့တွင် ဦးမင်းပျိုနှင့် ဦးမင်းအောင် ညီအစ်ကိုနှစ်ဦး ပေါ်ပေါက် လာလေသည်။ ဦးမင်းပျိုမှာ ဝန်စာရေးအဖြစ် ထမ်းရွက်လေသည်။ ပုဂံမင်းတရားကြီး လက်ထက်မိတ္ထိလာ ကန်တော် ကြီးကို အသစ်တဖန် ပြန်လည် ဆည်တော် မူရာ၌ မင်း၏အမိန့်အရ ဦးမင်းပျိုမှာ မိတ္ထိလာသို့ သွားရောက်ကာ ကန်ဆည်သောအလုပ်ကို လုပ်ရရှာသည်၊သို့ကန်ဆည်နေစဉ် အချိန်အတွင်း အကြောင်းတခုကို မကြေမနပ်သဖြင့် မဟုတ်မခံ ပြောဆိုမိရာ၊ ဘုရင့်ထံသို့ ကပ်ပိ၍ခေါ် ဆောင်သွားခြင်း ခံရလေသည်။ ၎င်းနောက် မင်းတရားကြီးအား အမျက်တော်ရှအောင် မိမိ လျှောက်ထား လိုသမျှကို မကြောက်မရွံ့ ဘွင်းဘွင်းကြီး တင်လျှောက် မိသဖြင့်၊ ကန်စတေးရန် အမိန့်ချမှတ်ခြင်း ခံရရှာတော့လေသည်။

အမိန့်ချသည့်အခါ အဆိုပါဦးမင်းပျိုက“သေသည်ဆိုသည်မှာ အဆန်းမဟုတ်ပါ။ သေခြင်းတရားကို မကြောက်ပါ။ သို့သော် ကျွန်တော်မျိုး၏ ဦးခေါင်းကို မြေသို့ မကျစေလိုပါ။ ကန်စတေးသော အခါ ဦးခေါင်း အောက်၌ မမာလွန်း မပျော့လွန်းသော လဲအလပ်စား ခေါင်းအုံးတခု ခံပေးရန် အခွင့်ပေးစေလိုပါသည်ဘုရား”ဟု ရဲရဲတည်ကြည်စွာ လျှောက်ထားသဖြင့်၊ ၎င်း၏အလိုဆန္ဒအတိုင်း ပြုလုပ်ပေးရန် ဘုရင်ကြီးက အမိန့်ချမှတ်ပေးရပြန်လေသည်။ ကန်စတေး မခံရမီ အချိန်ကလေးတွင် “ယခုမင်း၏ အမိန့်ဖြင့်သေရပြီးသည့်နောက်၌ ဤကန်တွင် စောင့်သော နတ်ဖြစ်ကာ၊ မိမိ၏ အထုပ္ပတ္တိကို ပြန်ပြောင်းပြောဆိုနိုင်ပါစေသောဝ်”ဟု ဆုတောင်းခဲ့လေသည်။ ၎င်း၏ ဆုတောင်း ခဲ့သည့်အတိုင်း မိတ္ထိလာကန်၌ ဦးမင်းပျိုနတ်ဖြစ်ကာ နတ်စင်ကြီးတခု ပေါ်ပေါက်လာခဲ့လေသည်။မကြာခဏပင် ဗိုလ်ချုပ်၏ အမျိုးအဆွေများကို ဝင်ရောက်ပူး၍ ၎င်း၏အထုပ္ပတ္တိကို ပြောပြလေ့ရှိကြောင်း တွေ့ရလေသည်။

အဆိုပါ ကန်စတေးခံရသော ဦးမင်းပျို၏ညီ ဦးမင်းအောင်မှာ၊ ပုဂံမင်း တရာကြီး ဘုရားထံတော်တွင် ဝန်စာရေးအဖြစ် အမှုတော်ထမ်းရွက်စဉ်၊ မိမိအစ်ကိုအတွက်မချိတရိ ဝမ်းနည်း ကြေကွဲခြင်း ဖြစ်ကာ၊ မဟုတ်မခံ ဘွင်းဘွင်း ပြောတတ် လုပ်ကိုင် တတ်သော ဇာတိကြောင့်၊ ဘုရင်မင်းမြတ်အား ပြန်လှန် လျှောက်ထားတော့ လေသည်။ ဘုရင်မင်းမြတ်မှာ မျက်မာန်တော် ရှကာ ဦးမင်းအောင်အား အထက် မဲဇာရွှေလီသို့ ပို့စေဟု တချက်လွှတ် နယ်နှင်သော အပြစ်ဒဏ်ကို ချမှတ်တော်မူလိုက်လေသည်။ ထိုအမိန့်တော် ချမှတ်သည့်အတိုင်း၊ဦးမင်းအောင်မှာ ပြောရဲလျှင် ခံရဲရမည် ဟူသော သဘော ပိုက်ကာ၊ နယ်နှင်ဒဏ် ခံရသော အပြစ်ကို ပြုံးပြုံး ရွှင်ရွှင်နှင့်ပင် လက်ခံ၍ မဲဇာသို့ထွက်ခွါသွားရန် စီစဉ်တော့လေသည်။ထိုအချိန်တွင်ဇနီးသည်မှာပင်းမြို့သို့ရောက်ရှိနေသည်။ဇနီးသည်ထံသို့ မဲဇာသို့ အပို့ခံရသဖြင့် ထွက်ခွါ သွားရတော့မည့် အကြောင်းကို စေလွှတ် အပြောခိုင်းသည်။ ၎င်း၏ဇနီးသည်မှာလည်း အာဇာနည်မိန်းမ ပီသပါပေသည်။ တဦးတည်းချန်မ

နေရစ်မှုဘဲ၊ ခင်ပွန်းသည်နှင့် အတူ တကွ လိုက်၍ ရေပူ ရေချမ်း ကမ်းလှမ်းရန် အတွက် ခင်ပွန်းသည်ထံသို့ အထုပ်အပိုးရွက်ကာ ခြေလျင်ထွက်ခွါ သွားလေသည်။

ဦးမင်းအောင်နှင့် ဇနီးတို့မှာ အမတ်ကြီး လက်ဝဲသုန္ဒရ အပို့ခံရသော မဲဇာမြို့တော ကြီးသို့ မြင်းမစီး လှည်းမပါ ခြေလျင် နှင့် တဖြည်းဖြည်း ထွက်ခွါ လာကြ ရလေ သည်။ မဲဇာသို့ ရောက်သောအခါ ဇနီးသည်မှာ သားတယောက် ဖွားမြင် လေသည်။ မဲဇာမြို့ အတွင်း၌ ခြင်ရိုင်းများ တဝီဝီမြည်၍ ဝိုင်းဝန်း ကိုက်ခဲသော အချိန်၌ မွေးဖွားသော သားဖြစ်သဖြင့် (မောင်ခြင်) ဟုအမည်ပေးလေသည်။ မဲဇာ၌နေစဉ် ဘုရင်မင်းမြတ်အား အမျက်တော်ပြေ၍ အပြစ်မှ ချမ်းသာခွင့် ပေးရန်အတွက် ဦးမင်းအောင်မှာ လက်ဝဲသုန္ဒရ အမတ်ကြီး၏ အတုယူကာ အမတ်ကြီးကဲ့သို့ ရတုကို စာဖြင့် မရေးဘဲ တောင်းတလုံး ယက်ရန် ကြံစားလေသည်။ ၎င်းပချုပ်မှာ အတော်ပင် လှပတင့်တယ် ရှုချင် စဖွယ် ရှိလှ လေသည်။ ၎င်းပချုပ်တွင် ယက်လုပ်ထားသော နှီးများမှာ နှီးဝိဇ္ဇာများ လက်ဖျား ခါရ လောက်အောင် ချောမော သေးသွယ် နုနယ် လှပတော့လေသည်။ တောင်းတခု လုံးတွင် သူတို့အိမ်သားတစုတို့မဲဇာ၌အဘယ်မျှဒုက္ခတရောက်နေထိုင်ကြပုံတို့ကိုအမတ်ကြီးကရတု နှင့်ဖေါ်ပြသကဲ့သို့၊ ဦးမင်းအောင်ကလည်း ရုပ်လုံးဖေါ်၍ပြကာ ယက်လုပ်ထားလေသည်။

ရုပ်လုံးဖေါ် တောင်းကလေးထိုးပြီးလျှင်ပြီးချင်း ဘုရင့်ထံသို့ အမြန် တင်ဆက်လိုက် လေသည်၊ ဘုရင်မင်းမြတ်မှာ တောင်းကလေးကို ရှုစားတော်မူရင်းပင် ဦးမင်းအောင်တို့ အိမ်သားတစု မဲဇာ၌ အတိဒုက္ခ ရောက်နေရပုံတို့ကို မျက်ဝါး ထင်ထင် မြင်ရသကဲ့သို့ သဘောတော်ပေါက်ကာ ကျွန်တော်ဦး င မင်း အောင် အတွက် မျက်ရည် စို့မတတ် သနားကြင်နာစိတ် ပြင်းထန် လာတော့ လေသည်။ ချက်ချင်းပင် မြင်းစေတော် လွှတ်၍ ငမင်းအောင်အား မဲဇာသို့ပို့ထားသော အပြစ်ဒဏ်မှ လွှတ်ကြောင်း၊ အမြန်ဆုံး နေပြည် တော်သို့ ပြန်လာရန် အကြောင်း အမိန့်ကြားမှတ်ရာ၊ ဦးမင်းအောင်နှင့် အိမ်သား တစု တို့မှာ ဝမ်းမြောက်ဝမ်းသာပြန်လာကြရှာလေသည်။ ရွှေဘိုမြို့သို့ ရောက်လာကြသောအခါ တွင် သားတယောက်ဖွါးမြင်ပြန်လေသည်။ ၎င်းသားကိုရွှေဘိုမြို့အစွဲပြု၍ (မောင်ရွှေဘို) ဟုအမည် မှည့်လေ သည်။ ၎င်းနောက် ဘုရင်မင်း တရားကြီးထံ အခစား ဝင်ရော ဦးမင်းအောင်အား ရှေးကထက်ပို၍သနားချစ်ခင် တော်မူပြီးလျှင်၊ အလိုရှိရာဆု အတောင်း ခိုင်းရာ ဦးမင်းအောင်က ၎င်း၏ ဇာတိချက်ကြွေ ပင်းမြို့သို့ ပြန်လည်ကာ မြို့သူကြီးအဖြစ် ဆောင်ရွက်လိုကြောင်း လျှောက်ထားသဖြင့်၊ ဘုရင်မင်းမြတ်က ချက်ခြင်းပင် လိုက်လျော ပေးသနားတော် မူလေသည်။ ပင်းမြို့သူကြီး မျိုးရိုးဖြစ်ခဲ့သော ဦးမင်းအောင်မှာ ပင်းမြို့သို့ ပြောင်းရွှေ့၍ သူကြီးအဖြစ် စိုးစံခဲ့လေသည်၊

ဦးမင်းအောင်တွင် ဦးခြင်နှင့် ဦးရွှေဘိုတို့ သားနှစ်ယောက်ရှိရာ၊ ဦးမင်းအောင် ကွယ်လွန် အနိစ္စရောက်သောအချိန်တွင်၊ ဦးခြင်မှာ ပင်းမြို့သူကြီးအဖြစ်ကို ဆက်ခံရလေ သည်။ ဦးခြင်၌ သားနှစ်ယောက်ရှိသည်။ ၎င်းတို့မှာ နတ်မောက် မြို့သူကြီး ဗိုလ်ချုပ်၏ အဘိုး ဦးရွှေနီနှင့် ဦးဘွားတို့ ဖြစ်လေသည်။ ဗိုလ်ချုပ်၏ အဘိုး ဦးရွှေနီ နတ်မောက်မြို့၌ မြို့သူကြီးအဖြစ်ဖြင့် အုပ်ချုပ်နေစဉ်၊ ဦးဘွားမှာ ရတနာပုံ နေပြည်တော် ဘဝရှင် မင်းတုံး

မင်းတရားကြီး ထံတော်၌ ဝန်စာရေးအဖြစ် ခစား နေလေသည်။ ဗိုလ်ချုပ်၏ အဘိုး ဦးရွှေနီ မည်မျှထင်ရှားလုပ်၍ မဘုတ်မခံ စွန့်စွန့်စားစားလုပ်တတ်ကြောင်းများကို ဖော်ပြပြီးခဲ့ပေပြီ။ ဗိုလ်ချုပ်၏ အဘိုးတော်သူ တော်လှန်ရေး သမားကြီး ဦးဘွားအကြောင်းကို ဖော်ပြ စရာ လိုပေသေးသည်။ ဦးဘွားအား ဘဝရှင် မင်းတုံးမင်း တရားကြီးသည်၊ အလွန်နှစ် သက်မြတ်နိုးတော် မူခဲ့လေသည်။ ရတနာပုံ နေပြည်တော်ရှိ တရုပ်လူမျိုးများ နေထိုင်ရာ ရပ်ကွက်ဖြစ်သောနယ်ကို အပိုင်စား အသနား ပေးသဖြင့်၊ မြင်းခြံအထက် တရုပ် မြို့ဝန် ဦးဘွားဟု နာမည် ကျော်စော ခဲ့လေသည်။ ၎င်းတရုပ် မြို့ဝန် ဦးဘွားမှာ လက်ရုံးရည် နှလုံးရည် နှစ်မျိုးလုံးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီးပေတည်း။

၎င်း၏ထံသို့ ဦးခြင်၏ညီ ဦးရွှေဘို၏သား ဦးရွှေထိုက်အား ပညာသင်ရန် စေလွှတ် အပ်ထားခြင်း ခံခဲ့ရလေသည်။ တရုပ်မြို့ဝန် ဦးဘွားမှာ မင်းတုံးဘုရင်ကြီး၏ မြှောက်စား ခြင်းခံရသော်လည်း၊ မြင်ကွန်းမင်းသားကြီး၏ လူယုံတော် လက်သုံးအစစ် ဖြစ်လေသည်။ ဘဝရှင် မင်းတရားကြီးအား မြင်ကွန်းနှင့် မြင်းခုံတိုင်တို့ တော်လှန် ပုန်ကန်ရေးတွင် တရုပ် မြို့ဝန်ဦးဘွားမှာ မြင်ကွန်းမင်းသားကြီး၏ ဘက်တော်မှနေ၍ ပါဝင်တော်လှန်ခဲ့လေသည် ၎င်းတော်လှန် ပုန်ကန် မှုကြီးမှာ ထမြောက် အောင်မြင်ခြင်း မရှိသဖြင့်၊ တရုပ် မြို့ဝန် ဦးဘွားမှာ ၎င်းအချိန်၌ မိမိ၏ဇာတ်လမ်းကို မြုပ်သိမ်း လိုက်ရ တော့လေသည်။ အချို့ ကလည်း မြို့ဝန်ဦးဘွားအား တော်လှန် ပုန်ကန်မှုဖြင့်ဖမ်းဆီး၍ ရင်ညွန့်ကိုလှံဖြင့်ထိုးသတ် ကွပ်မျက်လိုက်ကြောင်း ပြောပြ ကြသည်။ အချို့ကလည်း ၎င်းတော်လှန် ပုန်ကန်သော အချိန်တွင် မြို့ဝန်ဦးဘွားမှာ မြင်းခြံမြို့ရှိ မြမန်းစကြာသဘော်ကြီးကို အုပ်ချုပ်နေရသည်။ မြင်ကွန်းမင်းသားကြီး အရေးတော် မအောင်မြင်သဖြင့်၊ နေပြည်တော်မှ ပြေးလာသော အခါ မြင်းခြံမြို့သို့ အရောက်တွင် မင်းသားကြီးသည် ဦးဘွားနှင့်တကွ မြမန်းစကြာ သဘော်ကြီးကိုယူဆောင်၍ အောက်ပြည်သို့စုန်ဆင်းလာရာမှ တရုပ်မြို့ဝန်ကြီး ဦးဘွား၏ အကြောင်းကို မကြားရတော့ဟု ပြောင်ကြလေသည်။

နတ်မောက် မြို့သူကြီး ဦးရွှေနီ ကွယ်လွန် အနိစ္စ ရောက်သော အခါ၊ ဦးရွှေဘို၏ သားဖြစ်သူ ဦးရွှေထိုက်မှာ၊ မန္တလေးရွှေမြို့တော်၌ ပညာသင်ကြားနေရာမှ အစ်ကို မြို့ဝန် ဦးဘွားလည်း မရှိတော့သဖြင့်၊ နတ်မောက်မြို့ သူကြီးအဖြစ် ပြန်လည် ဆောင်ရွက်ရလေ သည်။

၎င်း ဦးရွှေထိုက်မှာ မြန်မာသီပေါ မင်းတရားကြီး ကုလားများဖမ်းယူ၍ မြန်မာများ အင်္ဂလိပ်လက်အောက် ကျွန်ဖြစ်ရလေပြီဟူသော သတင်းကြားရသောအခါ၊ ဇာတိမာန် ဇာတိသွေး အစစ်အမှန်ဖြစ်သည့်အတိုင်း၊ ရှိုက်ကြီးတငင် ရှက်ငိုကြီး ငိုကြွေးရှာတော့ လေသည်၊ အင်္ဂလိပ်၏ သစ္စာတော်ကို မည်သည့်နည်းနှင့်မျှမခံဟု စိတ်မာန်အလွန်တင်း ခဲ့လေသည်၊ အင်္ဂလိပ် စစ်တပ်များ နတ်မောက်သို့ ရောက်ရှိလာသောအခါ၊ အုပ်ချုပ် ရသော အင်္ဂလိပ်စစ်ဗိုလ်ကြီးသည်၊ မြို့သူကြီးဦးရွှေထိုက်တို့ သားချင်းတစုကို ရာထူးလက်ခံ အောင် ပြုလုပ်နိုင်မှသာ နတ်မောက်တနယ်လုံး ငြိမ်ဝပ်ပိပြားမှု ရရှိမည်ဟု သိရှိနားလည် သည့်အတိုင်း၊ မြို့အုပ်ရာထူးလက်ခံရန် သွေးဆောင်ရေးအတွက် မြို့သူကြီး ဦးရွှေထိုက်

နေထိုင်ရာနတ်မောက်မြို့၊မြို့မရပ်ရှိအိမ်သို့လာရောက်လေသည်ထိုသို့လာမည့်အကြောင်းကို ဦးရွှေထိုက် ကြိုတင်သိရှိထားရာ၊ လာလျှင် ကိစ္စတုံး လက်စားချေရန် အတွက် တူမိုး သေနတ်များ အသင့်ပြင်ဆင်ထားလေသည်။

သို့သော် ဦးရွှေထိုက်၏အကြံကို ဆွေမျိုး သားချင်း တစုတို့ သိရှိ ရိပ်မိ ကြသဖြင့် ဦးရွှေထိုက်အား "ယခုလို လုပ်ကြံ အောင်မြင်နိုင် သော်လည်း၊ နောက်ရန်မအေး တဆွေ တမျိုးလုံးဒုက္ခတွေ့ရလိမ့်မည်။ကြောက်၍မဟုတ် အားမတန်၍ မာန်လျှော့ရခြင်းဖြစ်သည်။ ဆွေမျိုး သားချင်း အားလုံးကို ငဲ့ညှာ၍က လုပ်ကြံရန် အကြံကို လျှော့ပါ" ဟု ဆွေမျိုး အားလုံးက ငိုယို တောင်းပန်မှ ဦးရွှေထိုက်မှာ တက်တခေါက်ခေါက်နှင့်ပင် အင်္ဂလိပ် စစ်ဗိုလ်ကြီးအား မိမိအိမ်၌ လက်ခံစကား ပြောတော့လေသည်။ ၎င်းနောက် အင်္ဂလိပ် စစ်ဗိုလ်ကြီးက နတ်မောက်နယ်အပိုင်၊မြို့လုင်မြို့တပိုက်၌ ခုခံတိုက်ခိုက်နေသောညီတော်သူ ရွှေလရောင်ဘွဲ့ရ ဦးမင်းရောင်အား လက်နက်ချ ဝင်ရောက်က မြို့အုပ် ရာထူးကိုပင် ပေးမည့်အကြောင်းပြောဆို၍ ဦးမင်းရောင်အားသွေးဆောင်ရန်ပြောဆိုရာ၊ ဦးရွှေထိုက်က သူဟာ ညီဖြစ်ပေမဲ့ မပြောရဲဘူး။ သူထင်တာ သူလုပ်ရမှ ကျေနပ်တယ်။ သူ့သဘောနှင့် သူလုပ်နေတာကို တားဆီး ဖျောင်းဖြလို့ ရမှာမဟုတ်ဘူး။ စိတ်မထင်လျှင် ခွေးသော မျိုးသော မရှောင်တတ်ဘူး" ဟုပြန်ပြော ငြင်းဆိုလိုက်လေသည်။ အင်္ဂလိပ်စစ်ဗိုလ်ကြီးမှာ ဦးမင်းရောင်အတွက် အားလျှော့ကာ ဦးရွှေထိုက်အား နတ်မောက်မြို့အုပ်အဖြစ်ခန့်ထား ပြီးပြန်သွားရလေသည်။

မြို့အုပ်ကြီး ဦးရွှေထိုက်မှာ ဗိုလ်ချုပ်၏ အဘိုးပင် ဖြစ်လေသည်။ အတော်ပင် သတ္တိ ကောင်းသူ ဖြစ်သည့်ပြင်၊ စာပေပရိယတ္တိ ဘက်၌လည်း သူမတူအောင် နှံ့စပ် လေသည်။ နတ်မောက် နယ်သူနယ်သားတို့မှာ-အင်္ဂလိပ် အစိုးရထက် မြို့အုပ်ကြီးဦးရွှေထိုက်အားပိုမို ကြောက်ရွံ့ လေးစားသဖြင့်၊ အင်္ဂလိပ်အရေးပိုင်များသည် ဦးရွှေထိုက်အား ဦးစားပေး၍ ထားရ လေသည်။ အင်္ဂလိပ် လက်ထက် တလျှောက်လုံးတွင် ဦးရွှေထိုက်မှာ မြို့အုပ်ပင် ဖြစ်ငြားသော်လည်း ရုံးတလုံး၊ ဓါးတစင်းပိုင် မြို့စားကြီးကဲ့သို့ အာဏာ စူးရှလှလေသည်။ နတ်မောက်နယ်၌ ဦးရွှေထိုက်က ဖြူဆိုဖြူ၊ မဲဆိုမဲရလေသည်။ အရေးပိုင်များနှောက်ယှက် ကန့်ကွက်ခြင်း မပြုဝံ့ကြပေ။ ဦးရွှေထိုက်မှာ နလုံးရည်,လက်ရုံးရည် နှစ်မျိုးလုံးနှင့် ပြည့်စုံ လေသည်။ ၎င်း၏ ဥပမိရုပ်မှာလည်း အလွန်ပင် ခံ့ညား တင့်တယ် လှလေသည်။ ရဲစင်း ကောင်ရှည်နှင့် သားမွေး အင်းကျီများ ဝတ်ဆင်ကာ အမြဲနေလေ့ ရှိလေ သည်။ ပွဲလမ်း သဘင်များ၌ ရွှေကျောင်ခတ် ပုဝါကို အမြဲ ပေါင်းလေ့ ရှိသည်။ ၎င်း၏အိမ် အနီး အနား တဝိုက်တွင် မည်သူမျှစကား ကျယ်လောင်စွာ မပြောဝံ့။

သီပေါမင်းတရားကြီး ပေက်ထက်တော်တွင် ဦးရွှေထိုက်မှာ နတ်မောက် မြို့သူကြီး အဖြစ် အုပ်ချုပ်နေစဉ်၊၎င်း၏သားဖြစ်သော ဗိုလ်ချုပ်၏ ဘကြီးဦးထွန်းဘုံအား မန္တလေး ရွှေမြို့တော်၌ ပညာသင်စေ လွှတ်ထားလေသည်။ဦးထွန်းဘုံမှာ ရွှေလရောင်ဘွဲ့ခံမြို့လင်မြို့ သူကြီး ဦးမင်းရောင်၏ညီ ဝန်စာရေးတော်ကြီး ဦးမင်းမောင့်ထံ၌ နေ ရလေသည်။ ၎င်းမှာလည်း မြို့သူကြီး ဦးရွှေနီကဲ့သို့ ယောကျ်ား ပြီသသော ပုဂ္ဂိုလ်ကြီး ပေတည်း

အရပ်အမောင်း ထောင်ထောင်မားမား ရှိလှသည်။ အားအင်ဗလနှင့် ပြည့်စုံသည်။ ရဲရဲတောက်ဇာတိသွေး ပါသူဖြစ်ရကား-မဟုတ်လျှင်မခံ ချက်ခြင်း လက်စားချေတတ်သောဖြတ်ရှိလေသည်။ မည်သူကမျှငင်းအား ချိုးနှိမ်၍မရချေ။ ၎င်းမှာ ကာယဗလ၊ ဉာဏဗလ်နှစ်မျိုးလုံးနှင့် ပြည့်စုံသည်။ လူပုံပန်း သဏ္ဌာန်မှာ ခံ့ညား တင့်တယ် ကြည်ညိုဘွယ်ကောင်းလှသည်။

အခါပါ ဝန်စာရေးကြီး ဦးမင်းမောင်ထံ၌ ပညာသင်ကြား နေစဉ် တနေ့၌၊ ၎င်းနှင့်အတူ ပညာသင်ကြားဘက် သူငယ်ချင်း တဦးက ၎င်းအား ရန်စလေသည်။ တဦးနှင့်တဦးဒေါသတွက်လာကြကာ ၎င်း၏သူငယ်ချင်းက ၎င်း၏ရောင်ကိုဆွဲမည်လုပ်ရာ၊ ၎င်းမှာအလွန်လျင်မြန် ဖျတ်လတ်သူဖြစ်သည့်အတိုင်း၊ လက်မြန်မြန်နှင့် ထိုသူ၏ဆံပင်ကို ဦးအောင်ဆွဲကာ ကတောင်ဖြင့် တောင်းပစ် လိုက်လေသည်။ ထိုသူကတောင်းပန်ဝန်ချ အညံ့ခံမှအတောင်းရပ်ပြီးလျှင် ''ငါနတ်မောက်သားကွ--ဘယ်သူ့ အစော် ကားမှ မခံဘူး'' ဟုပြောဆို ခဲ့လေသည်။ ထိုကဲ့သို့ တဦးနှင့် တဦး တတောင်နှင့် ထောင်းသော အချိန်တွင်နတ်မောက်မြို့၌ ၎င်း၏ဆွေမျိုး တဦးကို မြင်းဖြူရှင် နတ်က ဝင်ပူးကာ ''နင်တို့ကတော့ဘာမှမသိဘူး။ ဟိုမှာ ထွန်းဘုံကို တစ်မ်းက ရောင်ဆွဲ ထောင်းမယ် လုပ်လို့ ငါကူလိုက်ရတယ်''ဟု ပြောပြသည်ဟု မှီခိုက်သူများ၏ ဖေါက်သည်ချသည်ကိုကြားဘူးလေသည်။ ထိုအချိန်အခါက နတ်မောက်မြို့နှင့် နေပြည်တော်တို့မှာ အလွန်ဝေးကွာသဖြင့်၊ မန္တလေးရွှေမြို့တော်တွင် ဖြစ်ပျက်နေသောအကျိုးအကြောင်းကို ရုတ်တရက်မသိနိုင်ချေ။ ထိုကဲ့သို့မြင်းဖြူရှင်နတ် ဝင်ပူးပြောသည်ကို ဟုတ်မဟုတ် မှန်မမှန် သိနိုင်ရန် မန္တလေးမှရောက်လာသူများကို မေးကြည့်ရာ၊ အမှန်ဖြစ်သည်ကို သိရ၍ မြင်းဖြူရှင်နတ်ကို ပိုမိုယုံကြည်ကြလေသည်။

၎င်းနောက် မန္တလေး ရွှေမြို့တော်တွင် အရှင်သီပေါဘုရင်ကြီး၏ အမိန့်အရ၊ ဗမာမြန်မာပြသက်ဖွေ့ပွဲကြီးကိုနန်းတော်၌ကျင်းပလေသည်။ လက်ဖွေ့ပွဲကြီးသို့ဦးထွန်းဘုံမှာဝန်စာရေးကြီး ဦးမင်းမောင်နှင့်အတူ လိုက်ပါသွားလေသည်။ လက်ဖွေ့ပွဲတွင် ချန်ပီယံဖြစ်ပြီး ပြိုင်ဘက်ကင်းနေသော လက်ဖွေ့သမားကြီး တဦးနှင့် ယှဉ်ပြိုင်ရန် ဘက်မရှိဖြစ်နေသဖြင့်၊ ဘုရင်မင်းမြတ်က ယှဉ်ပြိုင်ဝံ့သူ ထွက်ရန်နှင့် အကယ်၍ အနိုင်ရရှိခဲ့သော်သူတော် လာဘ်တော် ချမည်ဟု အမိန့်တော် ချမှတ်သဖြင့်၊ ဦးထွန်းဘုံမှာ ယှဉ်ပြိုင်ရန်နေရာမှ ထလိုက်လေသည်။ ပြိုင်ဘက်ပေါ်လာရကား ဘုရင်မင်းမြတ်မှာ အလွန်သဘောတော်ကျ၍ ချက်ခြင်းပင် ယှဉ်ပြိုင် အထိုးခိုင်းတော်မူရာ၊ ဦးထွန်းဘုံက အနိုင် ထိုးသတ်လိုက်လေသည်။ ပြိုင်ဘက်ကင်းသူ လက်ဖွေ့ကျော်အား အနိုင်ထိုးသတ်နိုင်သဖြင့်သီပေါဘုရင်မင်းမြတ်က ရွှေကျင်ခတ်ပုဝါတထည် ဆုချတော်မူလေသည်။ ၎င်းရွှေကျင်ခတ်ပုဝါမှာယခုတိုင် မပျက်မစီး ရှိနေလေသည်။

မန္တလေး ရွှေမြို့တော်မှ ပညာများ သင်ကြား တတ်မြောက်ပြီးနောက်၊ နတ်မောက်မြို့သို့ ပြန်လည်ရောက်ရှိ လာပြီးနောက် ၎င်း၏ဘခင်ကြီးနှင့်အတူနေထိုင်ကာ နတ်မောက်မြို့ကို ကူညီအုပ်ချုပ်ရလေသည်၊ ၎င်းအား ရွှေကျင်ခတ်ပုဝါ ဆုလာဘ် ပေးသနားတော်

မွန်သော ဘဝရှင် သီပေါမင်း တရားကြီးအား အင်္ဂလိပ်တို့ ဖမ်းဆီး ယူငင် သွားကာ မြန်မာပြည်ကို အုပ်စိုးတော့မည့်အကြောင်း ကြားရသောအခါ၊ ဘခင်ကြီးဦးရွှေထိုက်ကဲ့သို့ ရင်ထုမနာဖြစ်ကာ အင်္ဂလိပ်အား ခုခံတိုက်ခိုက်ရန်အတွက် လူစု၍ စိုင်းပြင်းခဲ့လေသည်။ ဘခင်ကြီးအားလည်း အားမငယ်ရန် အားပေး၍ အင်္ဂလိပ်တို့နှင့် အသက်စွန့်လွှဲတိုက်ခိုက်မည့်အကြောင်းကို ဝန်ခံဂတိပေးလေသည်။ ဦးရွှေထိုက်မှာ ဆွေမျိုးသားချင်းများ၏ တောင်းပန်ချက်အရ နတ်မောက်မြို့သို့ ရောက်ရှိ လာသော အင်္ဂလိပ် စစ်ဗိုလ်ကြီးအား လုပ်ကြံရန်အကြံကိုလျှော့၍ လက်ခံစကားပြောဆိုရန် လိုက်လျောခဲ့ရသော်လည်း သား ဦးထွန်းဘိုနှင့် ၎င်း၏ အဖွဲ့သားများကို ပြောမရနိုင်အောင်ပင် ဖြစ်နေတော့လေသည်။ ဦးထွန်းဘိုမှာ တုံးတိုက်တိုက် ကမ်းတိုက်တိုက် မိမိ၏ ကျေးဇူးရှင် မင်းတရားကြီးအတွက် အသက် စွန့်ရန် စီစဉ် လေသည်။ ၎င်း၏ဘခင် ဦးရွှေထိုက်နှင့် အင်္ဂလိပ် စစ်ဗိုလ်ကြီးတို့ စကားပြောနေစဉ်၊ အိမ်ခန်းအတွင်းမှနေ၍ သေနတ်နှင့်ပစ်သတ်ရန် တိတ်တိတ်ပုန်း ချိန်ခွဲထားလေသည်။ သား၏အကြံကို ရိပ်မိသော ဘခင်ကြီး ဦးရွှေထိုက်မှာ စစ်ဗိုလ်ကြီးအား မလုပ်ကြံနိုင်အောင် သေနတ်နှင့် ပစ်မည့် နေရာနှင့် စစ်ဗိုလ်ကြီး အကြားဖွင့် ဝင်ရောက်ထိုင်ကာ ကိုယ်နှင့် ကာကွယ်ထားသဖြင့် ဦးထွန်းဘိုမှာ အကြံ မအောင်ဘဲ၊ လက်လျှော့လိုက် ရတော့လေသည်။

ဘခင်ကြီး ဦးရွှေထိုက် အသက်အရွယ် ကြီးရင့်သဖြင့်၊ မြို့သူကြီးအလုပ်ကိုမလုပ်ကိုင်လိုတော့သဖြင့် သားဦးထွန်းဘိုအား သူကြီးရာထူးကို လွှဲအပ်လိုက်လေသည်၊ အင်္ဂလိပ်ကို အလွန်မုန်းသော ဦးထွန်းဘိုမှာ ဘခင်ကြီး၏အလိုဆန္ဒကို မလွန်ဆန်နိုင်သဖြင့်၊ အင်္ဂလိပ်လက်အောက်တွင် မြို့သူကြီးအလုပ် ရိုးရာမပျက် ဝင်ရောက်လုပ်ကိုင်ရရှာတော့လေသည် ၎င်း၏လက်ထက်တွင် ဘခင်ကြီးကဲ့သို့အတော်တန်ခိုးအာဏာစူးရှလေသည်။တနယ်လုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရလေသည်။ မင်းကြီး၊အရေးပိုင်တို့မှာလည်း ဦးထွန်းဘိုအား သူကြီးဖြစ်သော်လည်း အမိန့်ကောင်းစွာ မပေးရဲ၊ သူ၏အလိုသို့သာလျှင် လိုက်၍ချော့ ချော့မော့မော့ ပြောရလေသည်။ ဦးထွန်းဘိုမှာ ဘခင်ဦးရွှေထိုက်ကဲ့သို့ အတော်ပင် ခံ့ညား၍ ဦးရွှေထိုက်ထက်ပင် သူရသတ္တိ၌ ပိုမိုလေသည်။ ဦးထွန်းဘို သူကြီး ရာထူးကို ဆက်ခံ ပြီးသည့်နောက်၊ အောက်မြန်မာပြည် ပဲခူးနယ်၌ ၎င်း၏ ညီအစ်ကို တဝမ်းကွဲ တော်သူ ဦးဘိုးမြ ခေါင်း ဆောင် သည့် တော်လှန် ပုန်ကန်သော အရေးတော်ပုံကြီး ပေါ်ပေါက် လာတော့ လေသည်။ သူပုန် ခေါင်းဆောင်ကြီး ဦးဘိုးမြမှာ ဦးရွှေဘို၏ကြီး မလယ်၏သားဖြစ်ရာ ဗိုလ်ချုပ်၏ ဘကြီး တော်သူတဦးပင် ဖြစ်လေသည်။

ဦးဘိုမြသည်၊ ပင်းမြို့ ဇာတိဖြစ်၍ အလုပ်အကိုင် ရှားပါး လွန်းသဖြင့်၊ အထက် အညာတွင် မနေလို တော့ဘဲ၊ မိမိ၏ ညီဖြစ်သူ ဦးရေအေး ဆိုသူနှင့် အလုပ် ရှာရန် အောက်မြို့ ကျေးရွာသို့ ဆင်း၍သွားရာ၊ ပဲခူးနယ်၌ လယ်ယာလုပ်သော အလုပ်ကိုရရှိပြီး ကြိုးစား လုပ်ကိုင် လေသည်။ ထိုအ ချိန်တွင် ''မန်ကျည်း ခုနစ်စင် ယင်ပါလေ့ ဆိုတဲ့ ရပ်ကယ်က၊ ကိုကြီးမြတဲ့ သူခေါ်ရာ လိုက်ပါရစေ ရေလိုအေး၊ ထမိပုဝါလိုပါသေးရဲ့'' ဟူသော သီချင်းတပုဒ် ပေါ်လာလေသည်။ ပဲခူးနယ် မန်ကျည်းခုနစ်စင်အရပ်၌နေထိုင်၍

လယ်လုပ်နေသော ဦးဘိုးမြနှင့် ညီဦးရေအေးတို့မှာ၊ ဇာတိမာန် ဇာတိသွေး ပါသူများ ဖြစ်ရာ၊ ဆင်းရဲသား တွေးတော စဉ်းစားခြင်းမျိုး မစဉ်းစားဘဲ၊ အထက်တန်း ကျကျ စဉ်းစား တွေးတောကာ၊ အဆိုပါ သီချင်းသည်၊ မိမိတို့အတွက် ပေါ်ပေါက် လာသော တဘောင်ဟု ယူဆကြလေသည်။ ၎င်းတဘောင်အရ အင်္ဂလိပ်အစိုးရကို တွန်းလှန်ကာ၊ မြန်မာမင်းဆက် ပြန်လည်အုပ်စိုးနိုင်လိမ့်မည် ဟုယုံကြည်လာကြ လေသည်။

ထိုကဲ့သို့ ယုံကြည်နေစဉ်၊ ဘော်လှန်ရေးကိုသာ စိတ်စော နေရကား-တညတွင် ၎င်းဦးဘိုးမြသည်၊ အိပ်ပျော် နေခိုက် ဝတ်ဖြူ စင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီး တယောက်က ''ဟဲ့ငမြ၊မင်း ....မင်းဖြစ်ချင်ရင်မင်းရဲ့ ခေါင်းရင်းမှာမွေးထားတဲ့ ကြက်ဖကြီးရဲ့ခေါင်းကို စားရမယ်'' ဟု အိပ်မက်တခု မက်လေသည်။ အိပ်မက်မှာ ထင်ရှားလွန်းသဖြင့်၊ အိပ်ရာမှ ချက်ချင်းထကာ ဘုရားပုဆိုးရှိခိုး၍ တော်လှန်ရေးကို ဆက်လက် တွေးတော နေပြန်လေသည်။ ပေါ်ပေါက် လာသော သီချင်း တဘောင်နှင့် ထင်ရှားသော အိပ်မက်နှစ်ခုကို ပေါင်းစပ်ကာ အမှန်ပင် မင်းဖြစ်ရ မည်ဟု အသဲစွဲ ယုံကြည် လာရကား-အလွန် ချစ်ခင် မြတ်နိုးသော ကြက်ဖကြီးကို နှမြောစွာနှင့်ပင် သတ်၍ခေါင်းကို ချက်စားလိုက်လေသည်။ ၎င်းနောက် ဇာတိမာန် စိတ်တက်ကြွကာ မိမိ၏ညီ ဦးရေအေးနှင့်အတူ၊အခြား လယ်လုပ်သမားများကိုစုရုံး၍ တော်လှန်ရေး ခေါင်းဆောင်ကြီး ရာထူးကို ယူလိုက်လေသည်။

၎င်းနောက် အနီး အနားရှိ ကျေးရွာ သူကြီး များထံမှ သေနတ်တို့ကို အနုနည်း အကြမ်းနည်းနှစ်မျိုးဖြင့် တိုက်ခိုက်သိမ်းဆည်းခဲ့ရာ။တရွာပြီးတရွာ အောင်မြင်ခဲ့လေသည်။ ထိုကဲ့သို့ပဌမပွဲဦးထွက်တွင် အောင်မြင်မှုကြောင့် စိတ်ပိုမိုတက်ကြွကာ၊ ပဲခူးပုလိပ်ဌာနကို အလုံးအရင်းနှင့် ဝင်ရောက် စီးတော့လေသည်။ ဤတွင်ပုလိပ်များ၏ ခုခံ ပစ်ခတ်မှုကြောင့် တော်လှန်ရေး တပ်ဦး၌ ကျဆုံးသွားရ ရှာလေသည်။ ညီ ဦးရေအေးမှာ လွတ်မြောက် လာကာ နတ်မောက်နယ်သို့ တိတ်တဆိတ် ထွက်ခွာခဲ့လေသည်။ ၎င်းနောက် ဦးရေအေး ကားသောက်ကိုစွန့်ကာ ရဟန်းဘောင်သို့ ဝင်သွားတော့ လေသည်။

ဗိုလ်ချုပ်၏ ရာဇဝင်တွင် စာတင်ရသည့် ဆွေစဉ်မျိုးဆက်များကို ဗိုလ်ချုပ်၏မိခင် ဒေါ်စု၏ ဘကြီးဘက်မှ အစဉ်အဆက်များ အထက်ပါအတိုင်းဖေါ်ပြခဲ့ပေပြီ။ သေချာစွာ နားလည် နိုင်ရန်ဇယားချ၍ ပြပေအံ့။

## ပုဂံပြည်မှ မင်းသမီးနှစ်ပါး။

အဆက်မသိရ—

ဦးမြတ်

အဆက်မသိရ—

ဦးမင်းပျို (ကန်စတော ခံရသည်) — ဦးမင်းအောင် (ပြည်နှင်ဒဏ်ခံရသည်)

ဦးမင်းအောင်
- ဦးရွှေဘို
  - ဦးရွှေထိုက်-မလယ်
    - ဦးထွန်းဘုံ၊ ဦးဘိုးမြ၊ ဦးရေအေး (ပေါ်လှန် ပုန်ကန်ခဲ့သည်)

ဦးချင်
- ဦးရွှေနီ-မယ်စိုး၊ (ပုန်ကန်ရန် ကြိုးစားသည်)
  - မယ်သူဇာ
    - ဒေါ်စု
      - ဗိုလ်ချုပ်

---

## ဦးရိပ်ကြီး-မယ်ခဲ

- ဦးမှူး၊
  - ဦးမင်းရောင်၊
- ဦးပေတန်၊
- မယ်ပြောင်၊
  - မကြို
    - ဦးမင်းဇင်
- မယ်ဖေါင်၊
- မယ်အောင်၊
- မယ်စိုး၊
  - မယ်သူဇာ
    - မယ်စု
      - ဗိုလ်ချုပ်

ဗိုလ်ချုပ်၏မိခင် ဒေါ်စု၏ ဘွားအေဘက်မှ အလွန်ထင်ရှားပေါ်လွင်သော ဆွေစဉ် မျိုးဆက်များကို အကျယ်တဝင့် ဖေါ်ပြပေအံ့။ နတ်မောက်မြို့တွင် သူကြီးမျိုးရိုးဖြစ်သော ဗိုလ်ချုပ်၏ အဘိုး ဦးရွှေနီ၏ အမျိုးနှင့် အတူ တချိန်တည်း အလွန် အမျိုး သန့်သည့် ကုန်သည်ကြီးမျိုးတမျိုး စင်ပြိုင် ပေါ်ပေါက် ခဲ့ရလေသည်။ ၎င်းအမျိုးမှာ ဦးရိပ်ကြီးဒေါ်ခဲ၏ အမျိုးပင်ဖြစ်လေသည်။ ဦးရိပ်ကြီး မယ်ခဲ့တို့မှာ-တောင်သူ တဘက်, ကုန်သည် တဘက် ရိုးသားစွာ လုပ်ကိုင်သော အမျိုးဖြစ်သည်။ ၎င်းတို့တွင် (၁) ဦးမှူး (၂) ဦးပေတန်

ဟူသော သားနှစ်ယောက်ရှိ၍ (၁) မယ်ပြောင် (၂) မယ်ဖေါင် (၃) မယ်ခွေအောင် (၄) မယ်စိုး ဟူသော သမီးလေးယောက် ရှိလေသည်။ မယ်စိုးမှာ အငယ်ဆုံး၊ အချောဆုံး၊ အလှဆုံး၊ အယဉ်ဆုံးဖြစ်ရာ၊ ဗိုလ်ချုပ်၏ ဘွားအေပင် ဖြစ်လေသည်။

မယ်ပြောင်မှာ မယ်ကြူးဟူသော သမီးတယောက်ရှိသည်။ ၎င်းမယ်ကြူး၏ သားသမီးများအနက် နတ်မောက် မြို့တွင် အလွန် ထင်ရှား ကျော်စော ခဲ့သော မြန်မာ ပညာရှိ အထက်တန်း ရှေ့နေကြီး ဦးမင်းဇင်တဦး ပေါ်ပေါက် ခဲ့လေသည်။ ဦးမင်းဇင်မှာအတောင်သူလုပ်နေရာမှ အမိန့်တော်ရ စာမေးပွဲကို ဗိုလ်ချုပ်၏ ဘခင်ကဲ့သို့ ယာထွန်ရင်း မှတ်စု ကလေး များကို ဘက်ကာ၊ ရှေ့နေ စာမေးပွဲ အောင်မြင် ခဲ့သော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ ထို့ကြောင့်ပင် "ယာခင်းပြင်၊ ငါမင်းဇင် ဥပဒေကျက်စဉ်က" ဟူသော ဟာသ ကဗျာ တပုဒ်ကို ရေးသား ခဲ့လေသည်။ ၎င်းမှာ ဉာဏ်အလွန် ထက်မြက်သည်။ မှတ်ဉာဏ်အလွန် ကောင်းသည်။ မည်သည့်စာကိုမဆို တခါကြည့်က အလွတ်ရလေသည်။ ရာဇဝင် ပုံပြင် ဝတ္ထုများနှင့်တကွ ရှယ်စရာ ပုံတိုပတ်စ များကိုလည်း တဘက်ကမ်း ခတ်လောက်အောင် ပြောဆိုနိုင်လေသည်။ စာပေ၌ အလွန် ဝါသနာ ပါသည်။ စာများကို အမြဲ ဘတ်လေ့ ရှိသည်။ မျက်စိမှုန်သဖြင့် ကိုယ်တိုင် မဘတ်နိုင်သော်လည်း၊ သား သမီးများကို အဘတ် ခိုင်းကာ နားထောင်လေ့ရှိသည်။

ဦးမင်းဇင်မှာ စံနှံ့သာမြိုင်ရွာပုံတော်ကြီးကို ရေးသားခဲ့သည့်ဝန်စာရေးဆရာကျော်၏ သင်ကြား ပြသ ခြင်းကို ခံရ သဖြင့်၊ ဆရာကျော် နည်းတူ ကဗျာ အပုဒ်ပေါင်း များစွာ ရေးသား ခဲ့လေသည်။ ဗဟု သုတ ဘက်တွင် အလွန် စုံသူ ဖြစ်သည်။ အလုပ် အမျိုးမျိုး ကိုလည်း တတ်မြောက်အောင် လေ့လာသူ ဖြစ်သည်။ ရှေ့နေ ဖြစ်သော်လည်း တရား သူကြီးများ၏ ရိုသေကိုင်းရှိုင်းခြင်းကို ခံရလေသည်၊ နတ်မောက်တွင် ရှေ့နေအလိုက်ရဆုံး ပုဂ္ဂိုလ်ကြီးပင်ဖြစ်လေသည်။ ၎င်း၌ တန်ခိုးအာဏာ မရှိသော်သည်း၊ ၎င်း၏ပညာဝိရိယ၊ သမာဓိဂုဏ် များကြောင့် တနယ်လုံး ရိုသေကိုင်းရှိုင်း ရလောက်အောင် ဩဇာ ကြီးမား ခဲ့လေသည်။ ၎င်းမှာ ဇာတိ မျိုးရိုးကြောင့် သီပေါမင်းတရား အင်္ဂလိပ်တို့ ဘမ်းဖမ်း၍ မြန်မာပြည်ကို သိမ်းပိုက်သော အချိန်တွင် အတော်မခံမရပ်နိုင် ဖြစ်ခဲ့လေသည်။ ၎င်းမှာ နှလုံးရည်သမား သက်သက်ဖြစ်သဖြင့်၊ ၎င်း၏စိတ်၌ မည်မျှထိခိုက်နေသည်ကို ပါတော်မူ စာတမ်းတခု ရေးစပ်ထားရာ၊ ဘတ်ရသူတိုင်းပင် မျက်ရည်ကျကြလေသည်။

ဦးမင်းဇင်မှာ အသက် (၇၃) နှစ်အရွယ် နတ်မောက်၌ ကွယ်လွန် အနိစ္စရောက်ရှာလေသည်။ ၎င်းမှာ ဗိုလ်ချုပ်၏ဦးလေးဖြစ်လေသည်။ ၎င်း၌ သားသမီး များစွာရှိရာ၊ အားလုံးပင် ခေတ်ပညာတတ်များ ဖြစ်လေသည်။ ပညာရေးကို အထူးလိုလားသဖြင့်၊ သားသမီးတိုင်း ခေတ်ပညာမတတ် တတ်အောင်' ကြိုးစား သင်ပေးခဲ့ ရှာလေသည်၊ ဗိုလ်ချုပ်မှာ စာရေး ဝါသနာထုံသူတဦးဖြစ်ရာ။ ဤဝါသနာပါခြင်းမှာ အထက်ပါပုဂ္ဂိုလ်ကြီး၏ သွေးပါခြင်းကြောင့် ဖြစ်သည်ဟု ဆိုရပေမည်။

## ရွှေလရောင်။

မမှော်သူရဲကောင်းတို့ သန္ဓေတည်ရာ ပေါ်ထွက်ရာ၊ ဘူမိနက်သန် အစင်ဖြစ်သည့် နတ်မောက်မြို့ကလေးတွင်၊ ဗိုလ်ချုပ်၏အဘိုး မြို့သူကြီး ဦးရွှေနီ ကြီးစိုးနေစဉ်၊ ရပ်ကွက် တခု၌ ရိုးရာအားဖြင့်၊ တောင်သူအလုပ်ကို လုပ်ကိုင်နေရှာသော ဦးမှူးခေါ် တောင်သူကြီး တဦးပေါ်ပေါက်လျက်ရှိလေသည်။ ၎င်းဦးမှူးမှာ ဗိုလ်ချုပ်၏အဘွားမြို့သူကြီး ဦးရွှေနီ၏ ဇနီးသည်၏ မောင်အရင်းဖြစ်ရာ၊ ဗိုလ်ချုပ်၏အဘိုးပင် ဖြစ်လေသည်။ ၎င်းဦးမှူးမှာ လယ်ယာချောင်းမြောင်း လုပ်ကိုင်ရင်း မြန်မာစာပေ ပရိယတ္တိများကို အပတ်တကုတ် ကြိုးစား အားထုတ် လေ့လာခဲ့ရာ၊ လောကီ လောကုတ် ဗဟုသုတပြည့်စုံသော ပုဂ္ဂိုလ်ကြီး ပေတည်း။

ဦးမှူးတွင် မမင်းကာ, မမင်းပွေ့ဟူသော သမီးများအပြင်၊ မြန်မာရာဇဝင်၌ ထွေးဖြင့် စာတင်ခဲ့သော အာဇာနည် သားကောင်းယောကျ်ားနှစ်ဦး ပေါ်ထွန်းခဲ့လေသည်။ အကြီး သားမှာ ရွှေလရောင်ဘွဲ့ရ မြို့လုလင်မြို့သူကြီး ဦးမင်းရောင်ဖြစ်၍ အငယ်သားမှာ မြန်မာ ဘုရင်များ၏ ရွှေတော်တွင် ထင်ရှားခဲ့သော သုံးမြို့ဝန် အခွန်ဝန် စာရေးကြီး ဦးမင်းမောင် ပင်ဖြစ်လေသည်။ ၎င်း တို့ညီအစ်ကိုနှစ်ဦးမှာ ဘခင်ကြီးနှင့်အတူ ပေါင်းရှင် စွာနေထိုင်ကြစဉ်၊ ဘခင်ကြီးဦးမှူးသည် လူကြီးရောဂါဖြင့် ရုတ်တရက် ကွန်လွန် အနိစ္စ ရောက်သွားရှာ လေသည်။ အားကိုးရာ ဘခင်ကြီးလည်းမရှိ၊ ပစ္စည်းဥစ္စာများကလည်း ချို့လွင်း လာရကား- ကလေးအရွယ် ဘ, တဆိုးဖြစ်ကြရရှာသော ဦးမင်းရောင်နှင့် ဦးမင်းမောင်ညီအစ်ကို နှစ်ဦးတို့မှာ အနာတော်ပင် အတိဒုက္ခ ရောက်ကြရ ရှာလေသည်။ သို့သော်-မီးတောက်အောင် ကောင်းစားမည့် ဇာတာရှင်များဖြစ်သဖြင့်၊ ၎င်းတို့အား တွေ့မြင်၍ ပညာသင်ကြားပေးမည့် အဘိုးတယောက် ပေါ်ပေါက် လာလေသည်။ ၎င်းအဘိုးမှာ ဗိုလ်ချုပ်၏အဘွား ပယ်သူဇာ၏မောင် ဦးမင်းခေါင်ဆိုသူပင်ဖြစ်လေသည်။ ဦးမင်းခေါင်မှာ အန္တိုပါ ညီအစ်ကိုနှစ်ဦး၏ အစ်ကို တဝမ်းကွဲဖြစ်လေသည်။

အဆိုပါ အစ်ကိုကြီး တဝမ်းကွဲ ဦးမင်းခေါင်၏ကျေးဇူးကြောင့်၊ ညီအစ်နှစ်ဦးမှာ မကြောင့်မကြ နေထိုင်စားသောက်၍ နတ်မောက်အပိုင်၊ အင်းကွန်းရွာ ဆရာတော်ကြီး ဦးအာဒိစ္စနှမ်၏ ကျောင်းတိုက်၌ လေ့ကျက်ရာ အခြေခံပညာများ သင်ကြားတတ်မြောက် ပြီးနောက်၊ရတနာပုံနေပြည်တော်တွင်ရှိ မန္တလေး ရွှေမြို့တော်သို့ ပညာဆက်လက်သင် ကြားရန်နှင့်မင်းတခုခုကြီး ထံတော်တွင် အမှုတော် ထမ်းရွက်ရန်အတွက် ထွက်ခွါသွား ကြလေသည်။၎င်းတို့ညီအစ်ကိုနှစ်ဦးမှာမန္တလေး ရွှေမြို့တော်၌ဝန်ထောက်မှုပေးကြီးတဦး၏ အိမ်တွင် ခစားနေထိုင်ကာ ပညာများကို ဆက်လက်သင်ကြား ကြလေသည်။ ၎င်းတို့၏ ဥာဏ်ပညာထက်မှု၊ ရဲစွမ်းသတ္တိရှိမှု၊ မဟုတ်မခံ ဖော်လှန်တတ်မှု များကြောင့်၊ ၎င်းတို့ ညီအစ်ကိုနှစ်ဦး၏ အရည်အချင်းကို မင်းတရားကြီး ကိုယ်တိုင် တစ တစ သိရှိသောကာ၊ အစ်ကို ဦးမင်းရောင်အား နတ်မောက်အပိုင် မြို့လင် မြို့သူကြီးအဖြစ် ခန့်အပ်၍ ညီဦးမင်း မောင်အား လက်ထောက်ဝန်စာရေး ရာထူးကို ခန့်အပ်တော်မူလေသည်။

ထိုကဲ့သို့ ညီအစ်ကိုနှစ်ဦးတို့ ငယ်စဉ်အခါကစ၍ မကွဲမကွာအတူတကွ နေထိုင်ခဲ့ကြရာမှ ဘုရင်မင်းမြတ်၏ အမိန့်တော်အရ၊ အလုပ်ဝတ္တရားများကို ခွဲခြားဆောင်ရွက်ရတော့မည်ဖြစ်ရာ၊ တဦးနှင့်တဦး ခွဲခွါနေထိုင်ခြင်း ပြုရတော့လေသည်။ ဦးမင်းမောင်မှာ ဝန်စာရေးဖြစ်သည့်အတိုင်း၊ မန္တလေး ရွှေမြို့တော်၌ပင် နေထိုင်ရ၍ ဦးမင်းရောင်မှာ မန္တလေး ရွှေမြို့တော်မှ ထွက်ခွါ၍မြို့လှိုင်မြို့တွင် မြို့သူကြီးအလုပ်ကို သွားရောက်လုပ်ကိုင်ရလေသည်၊ အဆိုပါ ညီအစ်ကိုနှစ်ဦးတို့မှာ တဦးနှင့်တဦး အလွန်ပင် ချစ်ခင် ကြင်နာကြသော်လည်း စိတ်ဓာတ်ဝါသနာမှာ များစွာကွဲပြား ခြားနား လေသည်။ ဦးမင်းမောင်မှာ အနုသမား ဖြစ်သည်။ ဦးမင်းရောင်မှာ အကြမ်း သမား ဖြစ်သည်။ စိတ်နု ကိုယ်နု ဖြစ်သော ဦးမင်းမောင်မှာ အလုပ်နုဖြစ်သော ဝန်စာရေးအလုပ်ကို လုပ်ကိုင်ရ၍ စိတ်ကြမ်း ကိုယ်ကြမ်း ဖြစ်သော ဦးမင်းရောင်မှာအလုပ်ကြမ်းဖြစ်သော နယ်ပယ်အုပ်ချုပ်ရသည့် သူကြီးအလုပ်ကို လုပ်ကိုင်ရလေသည်၊

၎င်းတို့ ညီအစ်ကိုနှစ်ဦးလုံးပင် အရပ်အမောင်းလွန်စွာ တောင့်တင်းကြီးမား လှလေသည်။ ပုပု ပြတ်ပြတ် ဖြစ်သည်ဟု ဆိုရသော်လည်း ကိုယ်လုံး ကိုယ်ပေါက် အားဖြင့် အတော်ပင် ကြည့်ရှု ကောင်းအောင် ခံ့ညား တင့်တယ် လှလေသည်။ ညီ အစ်ကို နှစ်ဦး လုံးပင် ရုပ်ရည်သန့်ပြန့် လှသဖြင့်၊ ဥပမိရုပ် အလွန် ကောင်းသူ များဟု လူအ များ၏ ချီးကျူးခြင်း ခံရလေသည်။ မင်းညီမင်းသားများ မဟုတ် သော်လည်း၊ မင်းညီ မင်းသား စိတ်ရှိကြသူများဖြစ်သည်။ အလွန် အဖိုးတန်သော သားမွေး လောင်းကုတ်ကြီးများနှင့် ဖရဲစင်းခေါင်းတောင်ရှည် ကွက်ထောက်ကြီးများကို အမြဲဝတ်ဆင်လေ့ရှိသည်။

ဝန်စာရေးကြီး ဦးမင်းမောင်မှာ လက်ရေး လက်သား အလွန် လှပ သွက်လက်စွာ ရေးသားနိုင်သည့်ပြင် လောကီ လောကုတ် ဗဟုသုတများ စုံလင်သူဖြစ်သဖြင့်၊ ဝန်စာရေး ကြီးများ၊ လွှတ်တော်ဝန်ကြီးများမှစ၍ဘုရင်မင်းမြတ်အထိ သဘောကျ ကြနပ် ကြလေ သည်။ ၎င်းမှာ မြန်မာဘုရင်များ လက်ထက် တော်တွင် အမိန့်တော် စာချွန်များကို ရေးသားရသူဖြစ်သည်။ မန္တလေးမြို့၌ပင် အိမ်ထောင် ကျသဖြင့် ခင်ခင်ကြီး၊ ခင်ခင်လေး ဟူသော သမီးနှစ်ဦးအပြင် ခင်မောင်ထွေး ဟူသော သားတယောက် ရှိလေသည်။ ၎င်းတို့ အားလုံးပင် မန္တလေးရွှေမြို့တော်ကြီး၌ ဖွားမြင်သူများ ဖြစ်သဖြင့် ထိုးမွှနန်းရာ ဆန်သည့် အမည်များ မှည့်ခေါ် ထားခြင်း ဖြစ်သည်။ မြို့သူကြီး ဦးမင်းရောင်မှာ မြို့လှိုင် မြို့တွင် ပြန်လည်နေထိုင်၍ မြို့သူကြီး အဖြစ်ဖြင့်၊ စီမံ အုပ်ချုပ် ရပေရာ၊ ဘုရင်မင်းမြတ် ကိုယ်တိုင် စာချွန်တော်ဖြင့် ခန့်အပ်ခြင်း ခံရသော သူကြီး ဖြစ်သည့်ပြင်၊ ဘုရင့် အပါးတော်၌ ခစား နေရသော ညီဝန်စာရေးကြီး ဦးမင်းမောင်၏ အကူ အညီရရှိခြင်း၊ မြင်သူတိုင်း တုန်လှုပ် သွားအောင် ခံ့ညားသော ရုပ်ရည်ရှိခြင်း၊သတ္တိဗျတ္တိ နှင့် မျိုးလုံးနှင့်ပြည့်စုံခြင်းများကြောင့်၊ မြို့လှိုင်မြို့နယ် တဝိုက်သာမက နတ်မောက်၊ ပင်း၊ ကျောက်ပန်းတောင်း မြို့နယ်များ အထိ၊ တန်ခိုးအာဏာတူးရှ ကျော်စောထင်ရှား ခဲ့လေသည်။

ဦးမင်းရောင်မှာ အရပ်အမောင်းအားဖြင့် ၅ ပေ ၆ -လက်မ ရှိသည်။ အသား မဖြူ မညို အသားလတ်ဖြစ်သည်။ မျက်လုံး မျက်ဖန် ကောင်းသော်လည်း ငယ်စဉ်က မျက်မိုး

တက်ရောက်စွဲကပ် ခဲ့သည်။ မျက်ခုံး များမှာ အလွန် ရှည်လျားသည်။ နဖူးပြင် ကျယ်၍ နှာတံပေါ်သည်။ ဆံပင်မှာ သုံးတောင် ကျော်ခန့် ရှည်၍ အလွန် ကောင်းသည်။ ဖရဲသီး သဏ္ဌာန်ရှိ ဖရစင်းခေါ် တောင်ရှည်ပုဆိုးနှင့် သားမွေးအင်္ကျီကို ဝတ်ဆင်လေ့ ရှိသည်။ ၎င်းတွင် မြင်းဖြူကြီးတကောင်ရှိသည်။ ၎င်းမြင်းဖြူကြီးမှာ အလွန်ပင် ဒေါက်ကောင်း၍ အပြေးတွင် အလွန်လျင်မြန်သည့်ပြင် အခုန်အလွှားဘက်၌လည်း ကျွမ်းကျင် လေသည်။ ၎င်းမြင်းဖြူကြီးကား ဦးမင်းရောင်၏ ကျွန်ဘော်ရင်း အဖြစ်ဖြစ်ရကား ဦးမင်းရောင်မှာ ၎င်းမြင်းကြီး ကို အသဲစွဲချစ်ခင်လေသည်၊ ဦးမင်းရောင်သည်၊ ၄က်ကြီး ဘောင်ဓါးကြီးနှင့် လှံရှည်နှစ်မျိုးလုံးကို ကိုင်လေ့ရှိသည်။ နေ့စဉ်ပင် အချိန်မှန်မှန် ဓါးခုတ် လှံထိုးအတတ် များကို လေ့ကျင့်သင်ကြားလေ့ရှိသည်။ ဓါးထက်လှံကို ပိုမိုကျင်လည်စွာ ထောက်ခုံခြင်း၊ ထောက်ဝင်ခြင်း၊ ထိုးသတ်ခြင်းများကို ပြုလုပ် နိုင်လေ သည်။ ဖရဲစင်း တောင်ရှည်နှင့် သားမွေးအင်္ကျီဝတ်ကာ မြင်းဖြူကြီး စီး၍ ၄က်ကြီးတောင် ဓါးကြီးကိုလွယ်လျက် လှံရှည် ကြီးတချောင်းကို ကိုင်ဆောင်၍ သွားလာတတ်လေသည်။ ထိုအချိန်တွင် နတ်မောက်မြို့၊ ပင်းမြို့များ၌ ၎င်း၏ ဆွေမျိုးသားချင်း တရုံတို့မှာလည်း အလွန်ဩဇာထက်မြက်၍ တန်ခိုး အရှိန်တောက်နေရကား ဦးမင်းရောင်မှာ ပို၍ပင် ဩဇာ စူးရှကာ၊ ၎င်း၏ အရှိန်မှာ အတော် ပျံ့နှံ့လျက် ရှိလေသည်။

၎င်း၏ဇနီးမှာ မောင်နမ ဝမ်းကွဲ တော်သော မသင် အမည်ရှိ အမျိုးကောင်း အာဇာနည်ပြီသူ တဦးဖြစ်လေသည်။ ၎င်းမသင်မှာ ဦးမင်းရောင် ကဲ့သို့ပင် စိတ်ထက် မြက်စူးရှခြင်း၌ တူညီလေသည်။ ၎င်းတို့ ဇနီးမောင်နှံနှစ်ဦးမှာ သတ္တိ အလွန်ကောင်းလေ သည်။ ဦးမင်းရောင်မှာ မသင်အား အထူးပင် ချစ်ခင် မြတ်နိုးသည့်ပြင် ကြည်ညိုလေးစား လေသည်၊ ၎င်းတို့၌ မသင်းကြွေ မညီမလေးခေါ် သမီး နှင်းယောက် ဖွားမြင် သော်လည်း သားယောကျ်ား တဦးတယောက်မျှ မပေါ်ပေါက်ချေ။ သားယောကျ်ား မရှိခြင်းအား ဖြင့် အာဇာနည် အစစ် ဖြစ်သော ဗိုလ်ချုပ်၏ အဘိုး ရွှေလရောင်တွင်ရှ ဦးမင်းရောင်၏ အာဇာနည်စိတ် အဆက်ပြတ် သွားရကား အတော်ဝမ်းနည်းစရာ ကောင်းလေသည်။

ထိုကဲ့သို့ ဦးမင်းရောင်နှင့် ဦးမင်းမောင် ညီအစ်ကို နှစ်ဦးတို့မှာ လွတ်လပ်သော ဗမာပြည်ကြီး၌ တဦးက ဘုရင့်အပါးတော်၌ ခ,စား၍ တဦးက မြို့သူကြီးအဖြစ် ဖြင့် ဗမာများ၏ အထွဋ်အထိပ်ဖြစ်သော ဗမာဘုရင် မင်းတရားကြီး၏ ကျေးဇူးသစ္စာတော်ကို ဦးထိပ်တင်ရွက်ကာ အမှုတော်များ ကြေပွန်အောင် အားထုတ် ထမ်းရွက်နေကြစဉ်၊ ယခု ဗိုလ်ချုပ်နှင့်တကွ မြန်မာ့အာဇာနည် ခေါင်းဆောင်ကြီးများ ကွယ်လွန် အနိစ္စရောက်ရှာ ရသည့် ၁၃၀၉-ခု နှစ်ဆိုးကြီးနှင့်တူသော ၁၂၄၇-ခုနှစ်ဆိုးကြီး ပေါ်ပေါက်လာတော့ လေသည်။ ဦးကောင်းလိမ်ထုတ် မင်းဆက်ပြတ် ဟူသော ရာဇဝင်လက်ာအရ ထင်ရှား ခဲ့သည့် ၁၂၄၇-ခု နှစ်ဆိုးကြီးတွင် ရွှေထီး ရွှေနန်း ရွှေကြငှန်းဖြင့် နှစ်ပေါင်းများစွာ ကိုယ့်မင်းကိုယ့်ချင်း လွတ်လပ်သော တိုင်းပြည်အဖြစ် နေထိုင်ခဲ့ကြသော ဗမာလူမျိုး တမျိုးလုံးမှာ၊ ထီးကျိုးစည်ပေါက် ကြငှန်းပါ ပျောက်ရသော အရေး တော်ပုံကြီးနှင့် တွေ့ကြုံရလေသည်။ မြန်မာတို့၏အထွဋ်အထိပ်ဖြစ်သော ကုန်းဘောင် ၁၁-ဆက်သီပေါ

N.P W —191-25 10000

အရှင်မင်းတရားကြီးအား၊ ဗြိတိသျှနယ်ချဲ့တို့ ဘမ်းဆီး ခေါ်ဆောင်ကာ၊ မြန်မာတပြည်လုံးအား သခင်ဘဝမှ ကျွန်ဘဝသို့သွင်းလိုက်ပြီ ဟူသော သတင်းဆိုးကြီးပေါ်ထွက်သောအခါ၊ မြန်မာတပြည်လုံးမှာ ယခု ဗိုလ်ချုပ်တို့ ကူဆုံးရသကဲ့သို့ပင် ယူကြုံးမရဖြစ်ကြရှာလေသည်။

ဇာတိမာန် ဇာတိသွေးတက်ကြွနေသော ငမာသူရဲကောင်းတို့မှာ အတုံးအရုံးအသေခံကာ အဘဗမာပြည်ကြီး၏မြေကို ရန်သူ့လက်သို့ မရောက်ရန် ရဲရဲတောက် ဓားသတ္တိများဖြင့် တိုက်ခိုက်ခဲ့သော်လည်း အကျိုး ပေးညံ့ဖျင်းလှသဖြင့်၊ အကြောင်းအမျိုးမျိုးအရ အရေးရှုံးနိမ့်ကာ အညံ့ခံလိုက်ကြရတော့လေသည်။ သို့သော်-သေမြေကြီး၊ ရှင်ရွှေထီး ဟူသောစကားကိုငင်း၊ လူမျိုးခြားကိုဖြင့်ဘုရားမထူ ပြီဟူသောဗမာ့ယုံကြည်မှုအားဖြင့်ငင်း၊ နှစ်ပေါင်းများစွာ ရာဇဝင်တလျှောက်၌ တောက်ပြောင်နေသော ဗမာ့အစွမ်းအားဖြင့်ငင်း အင်္ဂလိပ်လက်အောက်တွင်၊ အညံ့ခံ ဝင်ရောက်ရခြင်းထက် သေရခြင်းက မြတ်သည်ဟု ယူဆသူများအနှံ့အပြားပေါ်ပေါက်လာတော့လေသည်။ ထိုသူများကား၊ တစုဘည်းတည်း မဟုတ် မြန်မာတပြည်လုံးအနှံ့အပြားတော်လှန်တိုက်ခိုက်နေကြသည့်အစုငယ်ကလေးများဖြစ်တော့လေသည်။ ငင်းတော်လှန်ရေး အစုငယ် ကလေးများမှာ ရန်သူ အင်္ဂလိပ်နှင့် လက်နက်အင်အား၊ လူအင်အားတွင် အဆမတန် နည်းပါးသော်လည်း၊ အရှုံးမပေးအနိုင်မခံဟူသော စိတ်ဓါတ်တခုတည်းသာ၊ ရန်သူ့ထက်အင်အားပိုမိုများပြားလေသည် ငင်းစိတ်ဓါတ် အင်အားတခုတည်းကို အားကိုးပြု၍ သေသည့်အထိ တိုက်ခိုက်ခဲ့ကြရာ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုး ဦးမင်းရောင် လည်း တဦး ပါဝင်ခဲ့လေသည်။ အရှင်မြင့်တော့ကျွန်ဘင့် ဆိုသောစကားကဲ့သို့ မြန်မာဘုရင်မင်းမြတ် လက်ထက်တော် အခါက ရှုံးဘလုံး ဓါးတစင်းပိုင်အာဏာရှုး၍ မြောက်စားခြင်းခံခဲ့ရသည့်၊ ဦးမင်းရောင်မှာအရှင်၏ ဂုဏ်ကျေးဇူးများကို ခံယူစံစားခဲ့ရသည့်အတိုင်း၊ ဗမာ့ရှင်ဘုရင်နှင့်တကွဗမာတပြည်လုံးအား သစ္စာမဖေါက်လို၊ ဗမာဘုရင် ကုလားလက် ပါရှာလေပြီ ဟူသောသတင်းကြားရခြင်းပင် လှိုက်လှိုက်လှဲလှဲငိုကြွေးရှာတော့လေ သည်။

သူရဲကောင်းတို့၏ ငိုကြွေးခြင်းကား- စိတ်ဓါတ် ညံ့မှုကြောင့်မဟုတ်၊ တကယ့်သစ္စာတည်မြဲသော လက္ခဏာကို ပြခြင်းပင်ဖြစ်သည်။ အသွန် ဆိုးသွမ်းယုတ်မာသောလူဆိုးများနှင့်တကွ ဘုရင့်ရန်သူဟူသမျှကို သူရဲကောင်းပြီပြီ ချေမှုန်းကာ၊ အရွဲ့နှိမ်နင်းခဲ့သော အာဇာနည်ကြီးဦးမင်းရောင်မှာဗမာ့သစ္စာတော်ကိုမည်မျှစောင့်ထိန်းကြောင်း မျက်ရည်ဖြင့်ပြခဲ့ပြီးနောက်၊ သွေးဖြင့်ပြရန် အဓိဋ္ဌာန် ပြုလိုက်ဘော့ လေသည်။ ငင်း၏ ကြွေးကြော်သံကား၊ "ကုလားကိုဖြင့် ဘုရားမထူးပြီ၊ ငါသစ္စာမဖေါက် အသက်ပေး၍ဗမာ့သစ္စာကိုအပြီးတိုင် စောင့်ထိန်းတော့မည်။" ဟူသောအချက်ပင်ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့စစ်တပ်များဖြင့်၊ အထက်မြန်မာပြည်အား စတင်တိုက်ခိုက်သောအချိန်တွင်၊ ငင်းရန်သူ့စစ်တပ်များကို ခုခံရန်အတွက် ဘုရင်၏ဆင့်ဆိုချက်အရ၊ ဦးမင်းရောင်မှာ ဗမာ့လက်ရွေးစင် တပ်မတော်သား ၃၀၀၀- ခန့်ပါသောတပ်ကြီးတတပ် ဖွဲ့စည်းပြီးရှိလေသည်။ ငင်းကိုယ်တိုင်ခေါင်းဆောင်၍ တောင့်တင်းသောတပ်ကြီးကို စစ်မြေပြင် အသုံးမပြုရသေးမီ၊ မြန်မာ

ပြည်မှာရန်သူ့လက်တွင်းသို့ ကျဆင်းသွားရပေရာ၊ ဦးမင်းရောင်မှာ ဘက်ထဲခေါက်ခေါက် နှင့်ဖြစ်နေတော့လေ သည်။ ၎င်းပြင် ဦးမင်းရောင်၏ ဆွေမျိုးများ ဖြစ်သော မြို့သူကြီး ဦးရွှေထိုက်၏ နတ်မောက်မြို့နယ်တပိုက်၌လည်း၊ ၎င်းတပ်နှင့်ပူးပေါင်း၍ အင်္ဂလိပ်စစ် တပ်ကိုခုခံရန် ကြိုတင်ဖွဲ့စည်းထားခဲ့သော်လည်း၊ နတ်မောက်နယ်ဘက်သို့ အင်္ဂလိပ်များ မမျှော်လင့်ဘဲရုတ်တရက်ရောက်ရှိလာသဖြင့်၊ အကြံတပိုင်းတစ ပျက်သွားရရှာလေသည်။

သို့သော်-အာဇာနည်ပီပီစိတ်မလျှော့ဘဲ တပ်သားများ၊လက်နက်အင်အားများကို ရနိုင်သမျှရအောင် ကြိုးစား စုဆောင်းရာ၊ လက်နက်အင်အား အတော် နိုင်လုံသော တသောင်းတပ်ကြီးကို ဖွဲ့စည်းအောင်မြင်လေသည်။ ဦးမင်းရောင်မှာမြန်မာဘုရင်မင်းမြတ် လည်းမရှိတော့သဖြင့် ငါကိုယ်တိုင် ဘုရင်လုပ်ကာမိစ္ဆာအင်္ဂလိပ်ကိုအနိုင်ထိုက်တော့မည် ဟုစိတ်ဆုံးဖြတ်ပြီးလျှင်မြို့လင်မြို့အရှေ့ဘက် ပဲခူးရိုးမအနီးရှိကိုဒူခေါ် တောင်ကုန်းကြီး ပိုင်း ကြီးအတွင်းတွင်၊ ထီးနန်းသစ် ဖွင့်ကာ- မင်းအဖြစ်ကို ခံယူတော်မူလေသည်။ ၎င်း သစ် တပ်ကြီးအတွင်း၌ အမှန်ပင်မြန်မာဘုရင်မင်းများကဲ့သို့ ယာယီထီးနန်း ဆောက်လုပ်၍ လ, ပေါင်းများစွာ စိုးစံခဲ့လေသည်။ ဦးမင်းရောင်၏ တပ်ကြီးစွဲရာ သစ်တပ်ကြီးမှာ အလွန်ပင် ခံ့ညားတောင့်တင်းလှလေသည်။ သစ်တလုံးတလုံးလျှင် ဆင် တရပ်ခန့်မြင့်၍ လူတဘက်ခန့်ထုရှိလေသည်။ အထပ်ထပ် ကာရံထားသဖြင့်၊ ရန်သူတို့ ရုတ်တရက် အနီးသို့ မချဉ်းကပ်နိုင်ချေ။ သို့သော်- ၎င်း၏တပ်သားများမှာ အများအားဖြင့်၊ မါးလှံ သာကိုင်နိုင်၍ လူအနည်းငယ်လောက်သာ တူမီးသေနတ် ကိုင်နိုင်လေသည်။ လက်နက် အားဖြင့် အတော်ပင် အင်္ဂလိပ်ဘက်ညံ့၍နေလေသည်။ သို့သော်-ဦးမင်းရောင်၏ခေါင်း ဆောင်မှုကြောင့်၊ လက်နက်အလွန်ကောင်းသော အင်္ဂလိပ်စစ်တပ်ကြီးများကို လပေါင်း များစွာ ခုခံတိုက်ခိုက် နိုင်ခဲ့လေသည်။

အင်္ဂလိပ်စစ်ဗိုလ်ကြီးများမှာလည်း၊ တောင်းတွင်း၊ နတ်မောက်၊ ပင်း၊ ကျောက် ပန်းတောင်းနယ်တပိုက်တွင် ဦးမင်းရောင်တပ်ကြီးရှိနေသမျှ ကာလပတ်လုံး ငြိမ်သက် ဝိပြားရေး ရမည်မဟုတ်သည့်ပြင်၊ အင်္ဂလိပ်အုပ်ချုပ်ရေး အုတ်မြစ်မချနိုင်ဟု ယုံကြည်လာ ကြကာ- ဦးမင်းရောင်အား အနုနည်း၊ အကြမ်းနည်းနှစ်မျိုးဖြင့်၊ ဘမ်းဆီးရမိအောင် ကြိုးစားကြမှတော့လေသည်။ အနုနည်းမှာဦးမင်းရောင်နှင့် ဆွေမျိုးတော်စပ်သူ ညီအစ်ကို ဦးကြီး ဦးလေးတို့မှတဆင့် ရာထူးဖြင့်များကာ၊ အချိုနည်းဖြင့် ဖိနှိပ်ရန်ဖြစ်သည်။ ထို့ ကြောင့်ပင် နတ်မောက် မြို့အုပ်ကြီး ဦးရွှေထိုက်အား၊ ဦးမင်းရောင်ထံသို့ မြို့အုပ်ရာထူး ပေးအပ်၍ ဆက်သက်မြှောက်စားမည့်အကြောင်း ပြောပြ၍အောင်သွယ်ပေးရန် နှိုင်းစေ ခြင်းပင်ဖြစ်သည်။ ဦးရွှေထိုက်မှာ ဦးမင်းရောင်၏ စိတ်ဓါတ်ကိုသိသ ၍၊ စ ဗိုလ်ကြီး များ၏ တောင်းပန်ချက်ကို ငြင်းပယ်ခဲ့လေသည်။

သို့သော်-အင်္ဂလိပ်စစ်ဗိုလ်ကြီးများမှာ အားမလျှော့သေးဘဲ ဦးမင်းရောင်တို့ ညီ အစ်ကိုနှစ်ဦးကို ငယ်စဉ်က ကျွေးမွေးပြုစုခဲ့သော အင်ကိုဝမ်းကွဲတော်သူဦးမင်းခေါင်အား သွားရောက်သွေးဆောင်ရန် စေခိုင်းတောင်းပန်ပြန်လေသည်။ ဦးမင်းခေါင်မှာလည်း အင်္ဂလိပ်နှင့် အင်အားမမျှသဖြင့်၊ ခုခံတိုက်ခိုက်နေသော်လည်း၊ အကျိုးမရှိ မဖလယ်သာ

သေကြေပျက်စီးမည့်အရေးကို မြော်တွေးကာ—ကြောက်ကြောက်နှင့်ပင် ဦးမင်းရောင်စိုးစံနေသော ကိုဗူဘပဲကြီးသို့ သွားရလေသည်။ တပ်ကြီးသို့ရောက်သောအခါ အဖေါ်မပါ တဦးတည်းသာလျှင် ဝင်ရောက်ခွင့်ပေးရမည်ဟု အမိန့်ပေးသဖြင့်၊ ဦးမင်းခေါင်လည်း တယောက်ထည်း ဝင်ရောက်၍ ညီဦးမင်းရောင်အား ''ယခု မြန်မာတပြည်လုံး စစ်ရှုံးပြီ။ မခံဘုရင်ကို သစ္စာမဖေါက်လိုသော်လည်း အင်အားမညီမျှသဖြင့် အညံ့ခံကြရလေသည် ဆက်လက် တိုက်ခိုက် နေခြင်းဖြင့် အကျိုးမရှိ၊ သေကြေ ပျက်စီးခြင်းသာ ရှိတော့မည်။ ယခု ဒို့အမျိုး အဆွေများကိုလည်း အင်္ဂလိပ်က ဆက်လက် မြှောက်စား သည်။ သူကြီး ဦးရွှေဘိုက် အားလည်း မြို့အုပ်အရာ ပေးသည်။ ဒို့အမျိုး တောင်သာ သူကြီး ဦးရွှေအိကိုလည်း မြို့အုပ်ခန့်ပြီ။ မင်းဝင်ရင်လည်း မြို့လဲ မြို့အုပ်အဖြစ် ခန့်ထားမည်လို့ အရေးပိုင်က ကတိပေးပြီးဖြစ်သည်။ ယခုအချိန် တော်လှန် တိုက်ခိုက်မှု ရပ်စဲပြီး လက်နက် ချဝင်လျှင် ကောင်းမည်ထင်သည်''ဟု ပြောပြလေသည်။

ထိုစကားများ ကြား ရသောအခါ၊ ဦးမင်းရောင်မှာ ခေါင်းကို အကြိမ်ကြိမ် ခါကာ ''အစ်ကို၊ ဒီကိစ္စမျိုးနဲ့ဆိုရင် ဒီတခါဘဲလာပါတော့၊ ကျုပ်ကား ခင်ဗျားတို့ကဲ့သို့ကုလား ကိုဘုန်းမထူနိုင်။ သေချင် သေပါစေ၊ သေရင် ကုလားကျွန် မဖြစ်ရလို့ မြတ်ပါတယ်''ဟု ပြန်ပြောပြီး ငြင်းဆန်လိုက်လေသည်။ ၎င်း၏ပြောပြချက်များကိုဦးမင်းခေါင်က အရေးပိုင်အား ပြောပြရာ၊ အရေးပိုင်နှင့်စစ်ဗိုလ်များအားလုံးပင် ငေးမှိုင်သွားကြတော့လေသည်။ သို့သော် အာမလျှော့သေးဘဲ ဦးမင်းရောင်၏ညီ ဦးမင်းမောင်အား မြို့လင် မြို့သူကြီး အဖြစ်ခန့်အပ်၍ ဦးမင်းရောင်အား လက်နက်ချရန် ဒုတိယ အကြိမ် သွေးဆောင်ရေး အတွက် လွှတ်ပြန်လေသည်။ ဦးမင်းရောင်နှင့် ဦးမင်းမောင်တို့ အတော်ကြာ လက်ရှိအခြေအနေကို သဘောပေါက်လောက်အောင် ဆွေးနွေးပြောဆိုပြီးနောက်၊ ဦးမင်းမောင်က လက်နက်ချ ဝင်ရောက်၍ မြို့အုပ်ရာထူးလက်ခံရန် အကြိမ်ကြိမ် တောင်းပန်သော်လည်း အထက်က ဦးမင်းခေါင်ကို ပြန်ပြောလိုက်သကဲ့သို့ ပြောဆိုကာ ကြိမ်းမောင်း လွှတ်လိုက်လေသည်။

ထိုကဲ့သို့ နှစ်ကြိမ် တိုင်တိုင် အနုနည်းဖြင့် ဖြားယောင်း သွေးဆောင် သော်လည်း မအောင်မြင်တော့သဖြင့်၊ အကြမ်းနည်းနှင့် တိုက်ခိုက် နှိမ်နင်းရန် အင်္ဂလိပ် စစ်တပ်များ စီစဉ်ရတော့လေသည်။ ပဌမဦးစွာ ကိုဗူတပ်ကြီး၏ အခြေအနေကိုထောက်လှမ်းစုံစမ်းရန် အတွက် လှံစွပ်တပ်ဆင်ထားသော သေနတ်ကိုင် စစ်သား ကုလား-၂၀-ခန့်ကို စေလွှတ်လိုက် လေသည်။ ၎င်းကင်းထောက် ကုလားတပ် ကလေးမှာ နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ရွာ အရှေ့ဘက်တောရ ဘုရားအနီးသို့ ရောက်သောအခါ၊ ကိုင်းရွာရှိ မိမိ အမျိုး အဆွေ များ ထံ အလည်အပတ်လာရန် မြင်းဖြူကြီး စီးထားသော ဦးမင်းရောင်နှင့် ပက်ပင်း တွေ့ကြလေသည်။

၎င်းကင်းတပ်သား ကုလား များသည် ဦးမင်းရောင်အား လေးမျက်နှာမှ ဝိုင်း၍ လှံစွပ်ဖြင့် ချိန်ရွယ်ကာ၊ မြင်းပေါ်မှ အဆင်း ခိုင်းလေသည်။ သို့သော် ဦးမင်းရောင်မှာ သူရသတ္တိ ပြည့်စုံစွာဖြင့် မြင်းပေါ်မှ မဆင်းဘဲ၊ အကြံယူသကဲ့သို့ ကုလားများကို စိုင်းနှိုင်

ကြီးကြည့်၍ နေလေသည်။ ချက်ခြင်းပင် အမြဲ ကိုင်ဆောင် ထားသော လှံဖြင့် ကုလား စစ်သားတဦးအား ထိုးကာ မြင်းနှင့် ခုန်လွှား စိုင်းနှင် သွားတော့ လေသည်။ ကုလား စစ်သား များမှာလည်း ရုတ်တရက်ဖြစ်သဖြင့် မှင်သက်မိကာ ငေးကြည့်နေကြ လေသည်။ အတော်ကြာမှ သတိရကာ သေနတ်နှင့် လှမ်းပစ်သော်လည်းဦးမင်းရောင်အား ထိမှန်ခြင်း မရှိချေ။ ထိုကဲ့သို့ မြင်းလိမ္မာကြီး၏ ကျေးဇူး မကြောက် မရွံ့သော စိတ်ဓာတ်၊ လျင်မြန် သွက်လက်သော ဉာဏ်တို့ကြောင့်၊ ရန်သူ့ လက်တွင်းမှ သီသီကလေး လွတ်မြောက် လာသောသတင်းကို ကြားရသောအခါ၊ ၎င်း၏ တပ်သားများမှာ ဦးမင်းရောင်သေနတ် ပြီးသည်။ ဘုန်းတန်ခိုးကြီး၍ အမှန်မုချပင် မင်းဖြစ်ရမည်ဟုပိုမိုယုံကြည်လာကာရှေးကထက် စိတ်ဓာတ်ပိုမို ထက်သန်လာတော့လေသည်။

၎င်းနောက် အဆိုပါ ကင်းတပ် အဖွဲ့ကလေး၏ သတင်း ပေးချက်အရ၊ အင်္ဂလိပ် စစ်ဗိုလ်ကြီး ခေါင်းဆောင် ကုလားစစ်သား (၁၀၀၀) တပ်တတပ်သည် ဦးမင်းရောင်၏ ကိုဒူတပ်ကြီးကို အတင်း ဝင်ရောက် တိုက်ခိုက် ကြလေသည်။ သို့သော် ဦးမင်းရောင်၏ စစ်တိုက်ရေး ပရိယာယ်အရ အင်္ဂလိပ်စစ်တပ်များ ချီလာသော တောင်တက်လမ်း တခုမှ နေ၍ ကြီးမားလှသော ကျောက်မောင်းကြီးကို တပ်ဆင်ကာ အင်္ဂလိပ် စစ်တပ် အပေါ်သို့ ဖြုတ်ချလိုက်ရာ၊ ကုလားစစ်သား အမြောက် အမြားပင် ကျောက်မောင်း၏ ဒဏ်ဖြင့် အတုံးအရုံး သေကြေကာ တပ်ပျက်၍ နောက်ဆုတ်သွားကြရလေသည်။ ဦးမင်းရောင်နှင့် တကွ မြန်မာတပ်သား များစွာတို့မှာ အောင်ပွဲအကြီးအကျယ် ခင်နွှဲရသဖြင့်ဝမ်းမြောက် ဝမ်းသာဖြစ်၍ နေကြစဉ် တညသ၌ ဦးမင်းရောင်မှာ ထူးခြားသော အိပ်မက် တခု မြင်မက် လေသည်။ ၎င်းအိပ်မက်မှာ "ကိုင်းရွာ၌တည်ရှိသော ရန်အောင်မြင် ငါးမျက်နှာဘုရား၌ ဆွမ်းလုပ် ကျွေးရသည်"ဟူ၍ မှက်လေသည်။ နောက်တနေ့ နံက်လင်းသော အချိန်တွင် အမြဲ ပေါင်းလေ့ ရှိသော ဘောင်းတော်မှာ အလိုလို မီးထ၊တောက် နိမိတ်ထူး တရပ် ပေါ်ပေါက် လာပြန်လေသည်။ ၎င်းထူးခြားသောအိပ်မက်နှင့် အတိတ်နှစ်ခုတို့ကိုဘက်စပ် ကာဦးမင်းရောင်၏ ထံပါး၌ခစား နေကြသော ပညာရှိကြီးများက "ဦးမင်းရောင်သည် အမှန်ပင် သသနာ့ ဒါယကာ ဘုရင် မင်းမြတ် အစစ်ဖြစ်နိုင်သည်" ဟု နိမိတ်ဘတ် ဟောကြားကြခြင်းကြောင့် ဦးမင်းရောင်သည်၊ ရွှေလရောင် ဘွဲ့နှင့် ရာဇ ဘိသိက် ခံယူ တော်မူလေသည်။

၎င်းနောက် အိပ်မက် မြင်မက်တော် မူသည့်အတိုင်း၊ ကိုင်းရွာရှိ ရန်အောင်မြင် ငါးမျက်နှာ ဘုရားသို့ နောက်လိုက် ဗိုလ်ပါ အပြည့် အစုံနှင့် ကြွရောက်ကာ၊ ဆွမ်းလုပ် ကျွေးသောအမှုကို ခမ်းနားကြီးကျယ်စွာ ရှူဒါန်း ပြုလုပ်တော်မူလေသည်။ ထိုအချိန်တွင် စုံနံ့သာမြို့ ရှာပုံတော်ကြီးကို ရေးသားခဲ့သဖြင့်၊နာမည်ကျော်ကြားသော ကဗျာဆရာကြီး ချေဘတ်စာရေး ဦးကျော့ ကိုယ်တိုင် ဦးမင်းရောင်၏ အပါး၌ရှိသဖြင့်၊ "အမှန်ပင် မင်းဖြစ်၍ ရာဇဝင်တွင် ကျော်ကြားခဲ့သော ကုန်စစ်သား ငထွေးရှူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီးစစ်သူကြီး လေးဦးသဖွယ် တန်ခိုးတေဇာထွန်းပမည့် ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း" ရှုံ့နှံ့ကာ သံချိရှည်ကြီးနှစ်ပုဒ်ကို တမုဟုတ်ခြင်းရေးသား၍ ဆင်ဆက် ဘတ်ပြ လေသည်၊

ဦးမင်းရောင်မှာ ၎င်းသံချို နှစ်ပုဒ်ကို အလွန် သဘော ကျတော် မူလှ၍ ဦးကျော်အား ဝိတ်တအုပ်နှင့် ငွေ ၁၀၀-ဆုတော်အဖြစ် ပေးကမ်းချီးမြှင့်ခဲ့လေသည်။ အဆိုပါ ဆွမ်းလုပ်ကျွေးပွဲကြီး ပြီးစီးသည့်နောက်၊ မိမိစံမြန်းရာ ကိုဒူးသစ်တပ်ကြီးသို့ ပြန်လည်တော် မူလေသည်။ သို့သော် အင်္ဂလိပ်အား ခုခံ တိုက်ခိုက်ခဲ့သည်မှာ သုံးနှစ် ရာသီမျှပင် ကြာလာပြီဖြစ်ရကား၊ အစားအသောက် ခက်ခဲခြင်း၊ လက်နက် ခဲယမ်း မီးကျောက် ချို့တဲ့လာခြင်း၊ အနီး အနား တဝိုက်ရှိ နယ်ပယ် များမှ အကူ အညီ မရရှိခြင်း၊ အင်္ဂလိပ် စစ်တပ် များ၏ အဘက်ဘက်မှ ဝိုင်းညှပ်ထားခြင်းကို ခံရခြင်း၊ ငွေ,ရာထူးစသည်တို့ဖြင့် မြှားခြင်း ဘက်သို့ ပါသွားသော သစ္စာဖေါက် သူလျှိုများ ပေါ်လာခြင်း စသော အကြောင်း များကြောင့် ဦးမင်းရောင်၏ တော်လှန်ရေး တပ်တော်ကြီးမှာ တဖြည်းဖြည်း အင်အား ယုတ်လျော့လာတော့လေသည်။

ထိုသို့ အင်အား ယုတ်လျော့ နေစဉ်တွင် အင်္ဂလိပ်စစ်တပ်များမှာ အခွင့်ရေးကောင်း အဖြစ် အသုံးပြုကာ ရမည်းသင်းမှ တတပ်၊ တောင်တွင်းမှ တတပ်၊ မကွေးမှ တတပ်၊ နတ်မောက်မှ တတပ်၊ တပ်ကြီးလေးတပ်ကို လေးမျက်နှာခွဲ၍ ကိုဒူးစစ်တပ် အားတင်းကြပ်စွာဝန်းဝိုင်းထားပြီးနောက်၊ အမြောက်ကြီးများဖြင့် အဆက်မပြတ် ပစ်ခတ် တိုက်ခိုက်ရာ၊ အလွန်စိတ်အား ထက်သန်သော ဦးမင်းရောင်၏ တပ်တော်ကြီးမှာ ကစင့် ကရဲ ပြိုကွဲသွားရရှာတော့ လေသည်။ တော်လှန်ရေးတပ်ကြီး ကွဲပြိုသွားသော အချိန်တွင် ဦးမင်းရောင်မှာ နတ်မောက်နယ်၌ နေ၍မဖြစ်နိုင်သည့်အကြောင်းကို သိရှိရိပ်မိရကား၊ ရှမ်းပြည် ဘက်သို့ ချီတက်သွားပြီး ရှမ်းပြည်မှတဆင့် ခုခံရန်အကြံ ဖြစ်ပေါ်လာလေသည်။ သို့သော် သစ္စာဖေါက်သူလျှိုများ တနေ့တခြား ပေါများလာ ဖြင့်၊ လူများစွာကို အယုံ မပေးတော့ဘဲ၊ လက်ရွေးစင် ငယ်ကျွန် ၃၀-ကျော်ကို ခေါ်သွားဖေါ်ကာ သစ္စာရေ တိုက်၍ ရှမ်းပြည်သို့ ထွက်ခွါ သွားတော့မည့် အကြံကိုထုတ်ဖေါ် မပြောဆိုရာ၊ အဆိုပါ ရဲဘော် သုံးကျိပ်တို့ကလည်း သေအတူ ရှင်အမျှ မခွဲမခွါ နောက်တော်က တပါတည်း လိုက်ပါ၍ အမှုတော်ထမ်းမည့် အကြောင်း ကတိ သစ္စာ ဆိုကြ လေသည်။ ရှမ်းပြည်သို့ ထွက်ခွါမသွားမီ ကိုင်းရွာနှင့် မကွေး နတ်မောက်လမ်း အကြားရှိ လေးတိုင်စင်ရွာ၌ နေကြသော ၎င်း၏ဇနီးသယ်မသင်နှင့် ဒွေးမျိုးအချို့တို့အား နှုတ်ဆက်လိုရကား ဦးမင်းရောင်နှင့် ဘကွ ရဲဘော် သုံးကျိပ်တို့မှာ ကိုဒူးတပ်ကြီးမှ ရုပ်ဖျောက်၍ ကိုင်းရွာသို့ ညအချိန်တွင်ထွက်ခဲ့ကြလေသည်။

ကိုင်းရွာ၌ ဒွေးမျိုး အချို့ တို့အား နှုတ်ဆက်ပြီးနောက် လေးတိုင် စင်ရွာ၌ ရှိသော ဇနီးသယ်အား နှုတ်ဆက်ရန်ကိစ္စမှာ အင်္ဂလိပ်စစ်တပ်များ၏ ရန်အလွန် နီးကပ်နေသဖြင့် နောက်လိုက် ရဲဘော် သုံးကျိပ်ကို ကိုင်းရွာ၌ ထားခဲ့ကာ တဦးတည်း ငယ်ကျွန်တော် မြင်းဖြူကြီး စီး၍ ထွက်ခဲ့လေသည်၊ ကိုင်းရွာ၏အထွက်တွင် မြင်းဖြူကြီးမှာ ရှေ့ခရှေ့ရှု ရှုမသွားဘဲ၊ ပတပ်ရပ်ကာ နောက်သို့ဆွန့်တွန့်ဆွန့်တွန့်ဖြစ်နေသော အတိတ်ဆိုးတခု ရှိလေသည်။ ဦးမင်းရောင် မှာလည်း ၎င်းအတိတ်ကြောင့် စိတ်လေး လာလေ သည်။

သို့သော် မသွားမပြီးအရေးကြီးလာပြီ ဖြစ်ရကား၊ မြင်းဖြူကြီးကို ဇွတ်အတင်း နှင်ကာ လေးတိုင်စင် ရွာဘက် ဆီသို့ ဆက်၍ သွားကြ လေသည်။

နတ်မောက်အပိုင် တန်ခွန်တိုင်ရွာသို့ရောက်သောအခါ တန်ခွန်တိုင် ရွာသူရွာသားတို့မှာ ဦးမင်းရောင်အား အထူး ကြည်ညို လေးစား အားကိုး ကြသည့် အတိုင်း သောင်းသောင်းဖျဖျ ပိုင်းဝန်းကြိုဆိုပြုစု ကြလေသည်။ ၎င်းတန်ခွန်တိုင်ရွာ၌အချိန်အတော်ကြာနေပြီးနောက်၊ ရွာသူရွာသားများအား ၎င်းသွားသောခရီးလမ်းကို အင်္ဂလိပ်စစ်တပ်များမေးလျှင် မပြောဘဲနေကြရန် မှတ်ပိတ်၍ လေးတိုင်စင်ရွာဘက်သို့ ဆက်လက်စီးသွားလေသည်။ သို့သွားပြီးနောက် သူလျှိုတဦး၏ သတင်း ပေးချက်အရ၊ အင်္ဂလိပ် စစ်ဗိုလ်ကြီး မစ္စတာ ဂျန်းဒေါ်သည် ဦးမင်းရောင် လေးတိုင်စင်ရွာ ဘက်သို့ မကွေ့လမ်း အတိုင်း ထွက်ခွါသွားကြောင်းသိရှိရသောအခါလက်နက်အပြည့်အစုံပါသော မြင်းတပ်တတပ်နှင့် နောက်က အပြင်း လိုက်လေသည်။ တန်ခွန်တိုင်ရွာသို့ ရောက်သောအခါ၊ ဦးမင်းရောင်၏ သတင်းကို မေးမြန်း စစ်ဆေးရာ၊ မည်သူတဦး တယောက်ကမျှ အမှန် သတင်းကို မပြောဘဲ၊ လိမ်လည်ပြောဆိုကြလေသည်၊ နောက်ဆုံးတွင် အမျိုးမျိုးရိုက်နှက် နှိပ်စက်ကာ မေးမြန်း စစ်ဆေးသော်လည်း သတင်းမှန် မရသဖြင့် စစ်ဗိုလ်ကြီး မစ္စတာ ဂျန်း ဒေါ်သည် တန်ခွန်တိုင်ရွာ အနောက်ဘက် သဲပြင်ကြီးတွင် မြင်းခြေရာခံ၍ လေးတိုင်စင် ရွာသွားလမ်း အတိုင်း ဆက်လက် လိုက်ပြန် လေသည်။

ထိုအချိန်မှာ ညနေ ၁-နာရီခွဲ အချိန် ဖြစ်သည်။ နေကလည်း အလွန် ပူပြင်းလျက် ရှိသည်။ ဦးမင်းရောင်၏ ကျွန်တော်ရင်း မြင်းဖြူကြီး မှာလည်း တကိုယ်လုံး ချွေးများ ထွက်ကာ အမြှုပ်တစီစီနှင့် မောဟိုက်နေပြီဖြစ်သည်၊ မြင်းကိုအနားပေးသော သဘောဖြင့် မြင်းပေါ်မှဆင်းကာ လမ်းနံဘေးရှိ ချောက်တခု အတွင်းသို့ဆင်း၍ ကွမ်း စားရင်း ခေတ္တ အနား ယူနေလေသည်။ နာရီဝက်ခန့် ကြာသော အခါ၊ သေမင်း တမန်နှင့် တူသော စစ်တပ်မှမြင်းခွါသံများကိုရုတ်တရက် ဦးမင်းရောင်ကြားရတော့လေသည်၊ ဦးမင်းရောင်မှာ ချက်ခြင်းပင် ကွမ်းစားရာမှထ၍ ခါးတောင်း ကျိုက်လိုက်လေသည်။ ၎င်းနောက် ဘေးရန် တွေ့လျှင်အမြဲကယ်ဆယ်ခဲ့သော၎င်း၏ကျွန်တော်ရင်း မြင်းဖြူကြီးအပေါ်သို့ လွှားတက်ကာ ဇက်ကုန် နှင်ရန်အပြုတွင် ဒိုင်း-ဟူသော သေနတ်သံကြီးတချက် ပေါ်ထွက်လာပြီးနောက် မိမိသခင်၏ အမှုတော်ကို အပွဲပွဲ၌ ကြေပွန်အောင် ထမ်းရွက် ခဲ့သော မြင်းဖြူကြီးမှာ ဘုံးကနဲလဲ၍ မိမိသခင်၏ အကျိုးကို သေသည်အထိ သစ္စာရှိရှိဆောင်ရွက် သွားပေတော့သည်။ မြင်းကြီးအား ထိသော ဒဏ်ရာမှာ ဦးမင်းရောင်၏ ပေါင် တဘက်ကို ဖေါက်ထွင်းကာ ထိမှန်သော အင်္ဂလိပ် စစ်တပ်မှ ပစ်သည့် သေနတ် ကျည်ဆံ ဒဏ်ရာ ဖြစ်လေသည်။


ဦးမင်းရောင်မှာ သေနတ် ဒဏ်ရာဖြင့် မြင်းပေါ်မှ လိမ့်ကျ သွားလေ သည်။ မစ္စတာ ဂျန်းဒေါ်နှင့်အတူ စစ်သားများသည် ဦးမင်းရောင်အားဝိုင်း၍ကာ သေနတ်ဖြင့် ချိန်ထားကြလေသည်။ ၎င်းနောက် မစ္စတာ ဂျန်းဒေါ်သည် ဆူပွက် နေသော နတ်မောက်နယ် တဝိုက်၌ ဦးမင်းရောင် သေပြီဟူသော သတင်း ကြားရက ပိုမိုအုံကြွကာ ဆူပွက် ကလဲ့

စားချေမည့်အရေးကိုတွေး၍ စိုးရိမ်ဟန် ရှိသည်။ ၎င်းပြင် ဦးမင်းရောင်အား ရာထူးဖြင့် သွေးဆောင်၍ တဆင့်အုပ်စိုးခိုင်းခြင်းက ပိုမိုထိရောက် နိုင်မည့် အရေးကို တွေးမိကာ ဒက်ရာဖြင့် လဲနေသည့် ဦးမင်းရောင်အနီးသို့ လျှောက်သွားလေသည်။ ဦးမင်းရောင်ကား မသေသေး၊ စကား ပြောနိုင် သေးသည်။ မစ္စတာ ဂျန်းဒေါ်သည် ဦးမင်းရောင်အား အင်္ဂလိပ်သစ္စာကိုဆို၍ မြို့အုပ်ရာထူးလက်ခံရန် အမျိုးမျိုး ချော့မော့ ပြောသိုလေသည်။ သို့သော်ဦးမင်းရောင်ကား သံမဏိစိတ်ဓာတ် ရှိသူဖြစ်သဖြင့် "ငါ့ကုလားတော့ ဘုရားမထူးဘူး၊ ဗမာ့သစ္စါဖေါက်ပြီး ကုလားရဲ့သစ္စာမခံဘူး၊ သေချင်ရင် သေပါစေ၊ မင်းတို့ပေးတဲ့ရာထူးကို မလိုချင်၊ ကျွန်ဖြစ်နေခြင်းထက်သေတာက မြတ်တယ်ဟေ့" ဟုပြင်းထန်စွာ ပြန်လည်ပြောကြားသောအခါ မစ္စတာဂျန်းဒေါ်သည်သေနတ်ဖြင့် အသေ ပစ်သတ် ရုံမှတပါး အခြားနည်းဖြင့် မအောင်မြင် နိုင်ကြောင်း နားလည် သွားရကား ကျွန်ုပ်တို့၏ ရဲရဲတောက် အာဇာနည် ပုဂ္ဂိုလ်ကြီး ဦးမင်းရောင်အား သေနတ်ဖြင့် အသေပစ်သတ်၍ ခေါင်းကိုတိုကန်နေအောင် ဖြတ်ယူကြ လေသည်။

ဦးမင်းရောင် အမှန်တကယ်ပင် ကွယ်လွန် အနိစ္စရောက်ပြီဖြစ်သော်လည်း နယ်သူနယ်သားတို့ မယုံကြည်ဘဲ၊ ရှိနေမည်စိုးသဖြင့် မစ္စတာ ဂျန်းဒေါ်သည် ဦးမင်းရောင်၏ သွေးတစက်စက် စီးထွက်နေသော ဦးခေါင်းပြတ်ကြီးကို နတ်မောက်အထိ ယူဆောင်လာကာ ယခုဗိုလ်ချုပ်၏ ဦးလေးအရင်း ဘုန်းတော်ကြီး ဦးဃောသိတ၏ သိမ်တော်ကျောင်းတိုက်ရှေ့ ဥရှစ်ပင် မြောက်ကိုင်း၌ ချိတ်ဆွဲထားလေသည်၊ ဗိုလ်ချုပ်သည်၊ လွတ်လပ်ရေး တိုက်ပွဲကြီးတွင် ရှေ့ဆုံးမှနေ၍ရင်ကို မြေကတုတ်ပြုကာ ဇွဲဖြင့် တိုက်ခိုက်နေစဉ်၊ နယ်ချဲ့၏ လက်ပါးစေ ပယောဂကြောင့် အသေဆိုးနှင့် တွေ့ဆုံကာ ကျဆုံး ရရှာသကဲ့သို့ မျက်စိရှေ့တွင် နိုင်ငံကြီး ဆုံးရှုံး သွားရသည်ကို မကြည့်ရက်နိုင်ဘဲ ပြန်လည် ကယ်ဆယ်လိုသောစိတ်ဓာတ်ဖြင့် နယ်ချဲ့စစ်တပ်များကို ခေါင်းဆောင်ကာ ချေမှုန်းတိုက်ခိုက် ကြိုးစားခဲ့သော ဗိုလ်ချုပ်၏အဘိုး ရွှေလရောင်ဘွဲ့ခံ ဗမာ့အာဇာနည်သားကောင်း ဦးမင်းရောင်မှာလည်း နယ်ချဲ့၏လက်နက်ဖြင့် ကျဆုံးသွားခဲ့ရှာလေသည်။

ဤကား ဗိုလ်ချုပ် အောင်ဆန်းသည် အဘယ့်ကြောင့် တော်လှန်ရေး သမားတဦး ဖြစ်လာ ရသည် ဆိုသော မေးခွန်း အတွက် အဖြေ ပေးသည့် ဇာတိဂုဏ် အကြောင်း ပေတည်း။

ဆုမြိုင်။



ယခင်ကဗိုလ်ချုပ်နှင့်နေရူး ရင်းနှီးစွာဆွေးနွေးသကဲ့သို့
ယခုအခါ ဒေါ်ခင်ကြည်နှင့် နေရူးတို့ စကားပြောနေကြပုံ။



ဒေါ်ခင်ကြည်(ဗိုလ်ချုပ်ကတော်သည်)မိခင်နှင့်ခလေးများစောင့်ရှောက်ရေး
ညွှန်ကြားရေးဝန်အဖြစ် အမှုထမ်းလျက်ရှိရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပွဲ
ဗမာပြည့်ကိုယ်စားလည်အဖြစ် ဂျာနီဗါတွင်တက်ခဲ့ရ၏။ ကိုလံဘိုတွင် [illegible] ခဲ့
ရာ၊ ဥက္ကဋ္ဌအဖြစ် ၁၉၅၀-၅၁ ခုနှစ်တွင် ဆောင်ရွက်ရ၏။
အမျိုးသား ဘာလောကတိုက်မှ လှူသည်။



**လွှတ်တော်သို့**

၁၉၄၇-ခုနှစ်၊ ဇွန်လ ၁၀-ရက်နေ့တွင် တိုင်းပြုပြုလွှတ်တော်သို့ ဖ-ဆ-ပ-လ အမတ်များအား ခေါင်းဆောင်၍ ဗိုလ်ချုပ်အောင်ဆန်း ချီတက်လာပုံ။

ဘေးမှ ဗိုလ်မှူးအောင်၊ နောက်တွင် ဝန်ကြီးချုပ် သခင်နုနှင့် ဦးဗဆွေတို့ကို တွေ့မြင်နိုင်ပေသည်။

အမျိုးသား ဘလောက်ဘိုက်မှ ရှုသည်၊

# အခန်း ( ၃၉ )

၁၉၅၀ ခု၊ ဇူလိုင်လ ၁၉-ရက်နေ့ အာဇာနည်နေ့ခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင် ကြီးများ ကျဆုံးသော နေ့ထုတ် မော်သား စာ သတင်း စာတွင် ရေးသား ဖော်ပြ ခဲ့သော စာရေးဆရာ ဇော်ဂျီခေါ် (ဦးသိန်းဟန် အမ် အေ တက္ကသိုလ် စာကြည့်တိုက်မှူး)ရေးသားသည့် ဆောင်းပါးကို ထပ်မံဖော်ပြလိုက် ပါကြောင်း။ ထုတ်ဝေသူ၊

## မြန်မာ့သမိုင်း၌အခံ့ဘွယ်သူရဲထူးကဲခဲ့ခြင်း

## တိုင်းပြည်ပြုလွှတ်တော်ပဉ္စမ နေ့တွင် ဗိုလ်ချုပ်အားတွေ့မြင်ရပုံ။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၀-ရက်နေ့။ ။ဤနေ့သည် မြန်မာ နိုင်ငံ သမိုင်းတွင် အံ့ဘွယ်သူရဲ ထူးကဲသောနေ့ ဖြစ်လေသည်။

ဤနေ့တွင် အချုပ်အချာ အာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုသမတ မြန်မာ နိုင်ငံတည်းဟူသောအုတ်မြစ်အတွက်အဦးအဖျားအထွတ်အထိပ်ဖြစ်သောအုတ်တချပ်ကို ချခဲ့သည့်နေ့ ဖြစ်လေသည်။

ဤနေ့တွင် တိုင်းပြည်ပြု လွှတ်တော်ကို စတင်ကျင်းပခဲ့လေသည်။ မိုးသောက်သော အခါ မိုးတဖွဲဖွဲ ရွာလျက်ရှိသည်၊ မိုးစင်စင်လင်းလာသောအခါ ဖွဲရာမှသဲလာလေသည် တဖန်သဲရာမှ စဲသွားပြန်လေသည်၊ တဖန်စဲရာမှ ဖွဲလာပြန်လေသည်၊ ဖွဲလိုက်သဲလိုက်, သဲ လိုက်စဲလိုက် နှင့် ဖေါက်ပြန်ချင်သလိုဖေါက်ပြန်နေသော ထိုအခါတွင်နေရောင်ခြည်ကား မဖေါက်မပြန်၊ အဖွဲ-အသဲ-အစဲ အလျဉ်ကို ထွင်းဖေါက်၍ တောက်ပသည်ထက်တောက်ပ လျက်သာ လာလေသည်၊ ထိုအချိန်တွင် ဗိုလ်ချုပ်သည် တိုင်းပြည်ပြု လွှတ်တော် အမတ် များကို ဗန္ဓုလပန်းခြံမှ ဦးဆောင်ကာ အတွင်းဝန်များရုံးအရှေ့တံခါးမှဝင်လာလေသည်။

### စစ်ဝတ်မဆင် ယဉ်စစ

ဗိုလ်ချုပ်သည် စစ်ဝတ်အင်းကျီကို မဝတ်၊ စစ်ဝတ်ဘောင်းဘီကို မဆင် ယဉ်စစရှိ လှသည်၊ ခေါင်းပေါင်းမှာ ပန်းရောင်၊ အပေါ်အင်းကျီမှာ ပိုးပင်ဖြူ၊ ခါးဝတ် လုံချည်မှာ မဟာဖလာ ပန်းရောင် အချိပ်ဆင် ဖြစ်လေသည်။

ဗိုလ်ချုပ်တံခါးဝမှ ဝင်လာပုံကို ပြောပြချင်ပါသေးသည်၊ ဗိုလ်ချုပ်၏ခြေလှမ်းသည် သွက်လှသည်ဟုလည်း မဆိုသာ၊ လေးလှသည်ဟုလည်း မဆိုသာ၊ ဗိုလ်ချုပ်၏ခြေလှမ်း သည် ကြဲလှသည်ဟုလည်း မဆိုသာ၊ စိပ်လှသည် ဟုလည်း မဆိုသာ၊ သွက် သလိုလို လည်းရှိသည်၊ လေးသလိုလိုလည်းရှိသည်၊ ကြဲသလိုလိုလည်းရှိသည်၊စိပ်သလိုလိုလည်း ရှိသည်၊ ဤသို့ပင် ထင်ရ လေသည်။ ကိုယ်ကား ရှေ့သို့ ကိုင်းနေ သည်ဟု ဆိုရ သည် ခေါင်းလည်း မြေသို့ စိုက်နေ သည်ဟု ဆိုရသည်၊ သို့ရာတွင် ယာလက်ဖြင့် ခါးပုံစကို ဆွဲပုတ် လှမ်းလာရာ၊ ဝဲဘက်တွင်လုံချီသည် စွန်တောင်သိမ်းလျက် ရှိလေသည်။ ဤသို့

လျှင် ဗိုလ်ချုပ်သည်၊ အတွင်းဝန်ရုံး အရှေ့တံခါးမှ အတွင်းဝန်ရုံးအလယ်သို့ လျှောက်လာလေသည်။

## ဖက်ဆစ် တော်လှန်ရေး အလံ

အတွင်းဝန်ရုံး အတွင်း အလယ်ဗဟိုမှ မြောက်ဘက်သို့ မျက်နှာ မူလိုက်သော်၊ တိုင်းပြည်ပြု လွှတ်တော်ကို မြင်နိုင်လေသည်။ ထိုလွှတ်တော်သည် ဗိုလ်ချုပ်အားစောင့်မျှော်လျက် ရှိလေသည်၊ လွှတ်တော်ရှေ့ မျက်နှာစာတွင် အုတ်ခုံအလံတိုင် ရှိလေသည်။ ထိုအလံတိုင်သည် အရိုးတံသက်သက်သာ ဖြစ်လေသည်။သို့ရာတွင် ဗိုလ်ချုပ် ထိုအလံတိုင်ရှေ့သို့ရောက်လာသောအခါ၊ဖက်ဆစ် တော်လှန်ရေး အလံသည်၊ ထိုအလံတိုင် အရိုးတံမှ ပေါ်ပွင့်လာကာ ဗိုလ်ချုပ်ကို ဆီး ကြိုလေသည်။

ယခင်ကသော်၊ အနီခံလက်ဝဲဘက်ထောင့် ကြယ်ဖြူတပွင့် ဖက်ဆစ် တော်လှန်ရေး အလံသည်၊ ရှေးဦးစွာ ဖ-ဆ-ပ-လ အစည်းအရုံးတွင် တလူလူပျံခဲ့လေသည်။ ထို့နောက် မြို့တိုင်းတွင် ပျံသည်။ ထို့နောက် ရွာတိုင်းတွင် ပျံသည်။ ယခုမူ အတွင်းဝန်ရုံး အလယ် ဗဟိုတွင်ပျံသည်။ ဖ-ဆ-ပ-လ— အစည်းအရုံးတွင် တလူလူ ပျံစဉ်က၊ ထိုအလံသည် နိုင်ငံကိုချစ်သော နိုင်ငံချစ် ခေါင်းဆောင်တို့၏ ဆန္ဒသာဖြစ်လေသည်။ ထို့နောက် မြို့တိုင်း၊ ရွာတိုင်းတွင် ပျံသောအခါ လူထု၏ဆန္ဒ ဖြစ်လာ၍၊ အတွင်းဝန်ရုံး အလယ်ဗဟိုတွင် ပျံသောအခါ၊နိုင်ငံ၏အချုပ်အချာ အာဏာဖြစ်လာလေသည်။ဗိုလ်ချုပ်သည် ခေါင်းဆောင်၏ဆန္ဒကို လူထုဆန္ဒအဖြစ်သို့ ပြောင်းခဲ့သည်။ ထိုမှတဆင့် နိုင်ငံ၏အချုပ်အချာ အာဏာအဖြစ်သို့ ပြောင်းခဲ့ခြင်းပင်တည်း။

ခေါင်းဆောင်၏ဆန္ဒ၊ လူထု၏ ဆန္ဒတို့မှ ရသော အချုပ်အချာ အာဏာသည်။ လွှတ်တော်ရှေ့ အလံတိုင်တွင် လွင့်ပျံ လျက်ရှိလေပြီ။ ဗိုလ်ချုပ်သည် ထိုအာဏာကို အလေးပြု၍ ဦးညွှတ်ခဲ့လေသည်။ ထိုအာဏာ၏အရိပ်ကို ခိုလှုံလိုက်ရသော တိုင်းပြည်ပြု လွှတ်တော်လည်း အာဏာနှင့် ပြည့်စုံသော နိုင်ငံ၏အထွတ်အထိပ် အဖွဲ့အစည်းဖြစ်လာလေသည်၊ ဗိုလ်ချုပ်သည် တိုင်းပြည်ပြု လွှတ်တော်အား၊ ထိုနေ့နံနက်တွင် အာဏာ အပ်နှင်း လိုက်လေပြီ။

## တိုင်းပြည်ပြု လွှတ်တော်

တခါ၊ထိုနေ့နံနက်ပိုင်း (၁၁) နာရီသာသာအချိန်၌ပင်ဗိုလ်ချုပ်သည်၊ထိုအာဏာကို ပဌမစတင် သုံးစွဲလိုက်လေသည်။ ထိုအချိန်တွင် တိုင်းပြည်ပြု လွှတ်တော် အမတ်အစုံအညီ စည်းဝေးကြလေသည်၊ လွှတ်တော်ဥက္ကဋ္ဌနေရာ၏လက်ျာဘက်တွင် ဗိုလ်ချုပ်သည် ခုံတန်းထိုင်ကထိုင်လေသည်။ နံနက် စောစောက ဝတ်ဆင် လာသကဲ့သို့ပင်၊ ပန်းရောင် ခေါင်းပေါင်း၊ ပိုးပင်ဖြူ ရင်စိ၊ ဘန်ကောက် ပန်းရောင်လုံချည်နှင့် ဗိုလ်ချုပ်သည် ယဉ်စစ ရှိလှလေသည်၊ လွှတ်တော် အတွင်းတွင် ဥက္ကဋ္ဌနေရာသည် ဟင်းလင်းသာ ရှိသေးလေသည်။ထိုအခါ ဗိုလ်ချုပ်သည် လွှတ်တော်အစည်းအဝေးတွင် ရှေးဦးစွာထိုင်ရာမှထ၍

တိုင်းပြည်ပြုလွှတ်တော် အမတ်များ ခင်ဗျား၊ ယနေ့တိုင်းပြည်ပြု လွှတ်တော် အစည်းအဝေးမှာ ကျွန်တော်တို့ အစည်း အဝေးပွဲ တက်ရောက်လာတဲ့အခါ၊ ထုံးစံ အတိုင်း သည်အစည်းအဝေးကို ထိန်းသိမ်း စောင့်ရှောက်သွားရန်အတွက် သဘာပတိလိုပါတယ် သည်လို သဘာပတိအဖြစ် တင်မြှောက်ဘို့ ကျွန်တော်က ဘဏ္ဍာရေး ဝန်ကြီး သခင်မြကို အဆိုတင်သွင်းပါတယ်ဟု အသံအောင်အောင်ဖြင့် အရေး ဆိုလိုက် လေသည်။ ထိုအခါ မန်းဘခိုင်သည် မားမား မတ်မတ်ထ၍-

" ကျွန်တော်ကထောက်ခံပါတယ်။ "

ဟု ဗိုလ်ချုပ် ဆိုလိုက်သော အရေးကို ဖေးမ ကူညီလိုက်ရာ၊ လွှတ်တော် တခုလုံး လက်ခုတ်သံ ဆူညံသွားကာ သခင်မြအား သဘာပတိအဖြစ် တင်မြှောက်လိုက်ကြလေသည်။ ဗိုလ်ချုပ်သည် မိမိ၏နေရာမှထ၍ သခင်မြဆီသို့သွားသည်၊ နောက်သခင်မြကို ရှေ့ဆောင်၍ လွှတ်တော်ဥက္ကဋ္ဌ နေရာသို့ လိုက်ပို့ရှာလေသည်။

သခင်မြသည် သဘာပတိမိန့်ခွန်းကိုချွေစဉ် ဗိုလ်ချုပ်သည် မိမိရှေ့ရှိ စားပွဲကိုလက်နှစ်ဘက်ဖြင့် တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ကာ မိန့်ခွန်းကို နာယူလျက်ရှိလေသည်။ ထိုသို့ နာယူရင်း ဗိုလ်ချုပ်သည်၊ မိမိ၏စိတ်မျက်စိတွင်တည်လတံ့သော ပြည်ထောင်စုနိုင်ငံ၏ နိမိတ်ကိုမြင်နေမည်မှာ မုချပင်ဖြစ်လေသည်။

ကျွန်ုပ်သည် ဗိုလ်ချုပ်အား ၁၉၄၇-ခုနှစ် ဇွန်လ ၁၀-ရက် အင်္ဂါနေ့က ထိုကဲ့သို့ပင် မြင်လိုက်ရပေသတည်း။

ရှုံးသူ - ဇေယျာ။

---

# အခန်း ( ၄၀ )

၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၂၉-ရက် အင်္ဂါနေ့မြန်မာနိုင်ငံတော်-တိုင်းပြုပြည်ပြုလွှတ်တော်ဒုတိယ ညီလာခံ့ တင်တမ်းမှ ဝန်ကြီးချုပ်သခင်နု အဆို မိန့်ခွန်းနှင့် ဝန်ကြီး ဦးကျော်ငြိမ်း၏ ထောက်ခံချက် မိန့်ခွန်း များကိုသာ နေရာ ရှိသဖြင့် ဝန်ကြီးချုပ်သခင်နု သဘောတူညီ၍ တက္ကသိုလ်စာကြည့်တိုက်မှူးဦးသိန်းဟန်က ညွှန်ကြားအကြံဥာဏ်ပေးချက်အရ ဤ ထူ ထည့်သွင်းဖော်ပြလိုက်ရပါကြောင်း။

(ထုတ်ဝေသူ)

## ဗိုလ်ချုပ်အောင်ဆန်း နှင့် ခေါင်းဆောင်ကြီးများ ကျဆုံး၍ ကြေကွဲဝမ်းနည်းကြောင်း အဆို။

ဗိုလ်ဖိုးကွန်း (ယာယီသဘာပတိ)။ ။ယခုသခင်နုက မိမိ၏အမည်နှင့်တင်သွင်းထားတဲ့အဆိုကို တင်သွင်းပါ လိမ့်မည်။

သခင်နု (မြိတ်ကျေးလက်)။ ။“တိုင်းပြည်ပြု လွတ်တော် အမတ်များ ဖြစ်ခဲ့ကြသော ခေါင်းဆောင်ကြီး ဦးအောင်ဆန်း၊ သခင်မြ၊ မန်းဘခိုင်၊ ဦးဘချို၊ မစ္စတာအဗ္ဗဒူရာဇတ်၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွားကြီးတို့သည် ၁၃၀၉-ခု၊ ဝါခေါင်လဆန်း ၂ ရက် (၁၉၄၇ ခု၊ ဇူလိုင်လ ၁၉-ရက်) စနေနေ့ ၁၀ နာရီ၊ မိနစ် ၃၀-နှင့် အချိန်တွင်၊ လူ့သသမာတို့၏ လုပ်ကြံမှုကြောင့် ကွယ်လွန် အနိစ္စ ရောက်ကြရသည့်အတွက်၊ ဤလွှတ်တော်က ကြေကွဲဝမ်းနည်း ကြောင်းကို မှတ်တမ်း တင်၍ ထိုကဲ့သို့ ကြေကွဲ ဝမ်းနည်းကြောင်းကို ကျန်ရစ်ခဲ့သော ဇနီးသည်များနှင့် သားသမီး ဆွေမျိုးများထံသို့ သဘာပတိက အကြောင်းကြားပါရန်။”

သည်အဆိုကို ကျွန်တော် မဘင်သွင်းမီ ကျဆုံးသွားတဲ့ ခေါင်းဆောင် ကြီးများရဲ့ အတ္ထုပ္ပတ္တိကို ကျွန်တော်ရှင်းပြချင်ပါသေးတယ်။ ရှေးဦးစွာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးဗိုလ်ချုပ် အောင်ဆန်းဟာ၊ ကျွန်တော်နှင့် ယူနီဘာစီတီ ကောလိပ် ကျောင်းမှာ ၁၉၃၄-၃၅-ခု နှစ်က ပြီး တွေ့ရပါတယ်။ အဲသည် အချိန်က ဆိုလျှင် ဗိုလ်ချုပ်ဟာ ကိုအောင်ဆန်းလို့ဘဲ နာမည် တွင်ပါသေးတယ်။ ကျွန်တော်တို့ တွေ့ကြရပုံက အဲသည် အချိန်မှာ ကိုအောင်ဆန်းက အိုင်-အေ- အတန်းမှာ သင်တုန်းပါဘဲ။ ကျွန်တော်ကတော့ ဘီ-အေ-အောင်ပြီး၊ ဥပဒေတန်းတက်ပြီး တတိယအကြိမ် ကျောင်းပြန် ရောက်သွားတဲ့ အခါ ဖြစ်ပါတယ်။ သည်တော့ ကျွန်တော်ပြန်ရောက်သွားတဲ့ အချိန်အခါမှာ၊ ကောလိပ်ကျောင်းမှာ နောင်ရာဇဝင်တွင်မည့် ပုဂ္ဂိုလ် သုံးယောက်ရောက်နေတာ ကျွန်တော်သတင်း ကြားရပါတယ်။ အဲသည်ပုဂ္ဂိုလ်တွေရှိတဲ့ အကြောင်းကို ယခု ဖ-ဆ-ပ-လ ရဲ့ ကိုယ်စားလှယ်အဖြစ် ဘိသပ်မှာ ဆောင်ရွက်နေတဲ့ ကိုအုန်းကပြောပါတယ်။ သည်လူသုံးယောက်ဟာလူထူးလူဆန်းတွေ၊ ခင်ဗျား နှင့် မိတ်ဆွေ ဖွဲ့ပေး ချင်တယ်။ လာပါဆိုပြီး လူထူးလူဆန်း တွေရဲ့ အခန်းကို ခေါ်သွားတာနှင့် ကျွန်တော်လည်း သွားပြီး တွေ့ပါတယ်။ တွေ့တဲ့အခါ ဘယ်သူတွေနှင့်တွေ့ရသလဲဆိုတော့၊ ယခုကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီး ထိုအခါက ကိုအောင်ဆန်းဆိုတဲ့လူရယ်၊ ယခုပြည်ထဲရေးဝန်ကြီးလုပ်နေတဲ့ ဦးကျော်ငြိမ်း၊ နောက် တိုင်းပြည်မှာ တက်ဘုန်းကြီး သိန်းဖေလို့ နာမည်ကျော်တဲ့ ကိုသိန်းဖေ အဲသည် ပုဂ္ဂိုလ်တွေ တွေ့ရပါတယ်။ အဲသည်လိုတွေ့ရတဲ့အခါမှာ၊ ကိုအောင်ဆန်းဟာသူများနှင့် မတူအောင်ထူးခြားတဲ့ အမူအရာတွေကို စပြီးတွေ့ရတာဘဲ။

ဥပမာ- စပြီးတွေ့ကြတယ်ဆိုလျှင် တယောက်နှင့် တယောက် ဟက်ဟက် ပက်ပက် နှုတ်ဆက်ကြတယ် ပြောကြ ဆိုကြတယ်၊ သူတယောက် ထည်းကဘဲ ဘာမျှ မပြောဘဲ ငုတ်တုတ်ထိုင်နေတယ်။ သည်တော့ တော်တော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ဘဲလို့ အောက်မေ့ပြီး အဲသည်နေ့ အချိန်ကုန်ပြီး ပြန်ခဲ့ရပါတယ်။ အဲသည်မှာတွေ့တဲ့အကြောင်းကိုအစ ကြောင်း ပြုပြီး လမ်းမှာတွေ့တဲ့အခါ ဘယ်သွားမလို့လဲ၊ ဘယ်လာကြမလဲ၊ ဘာလုပ်မလို့လဲဆိုပြီး နှုတ်ဆက်ကြတယ်။ နှုတ်ဆက်တဲ့အခါမှာ၊ ကိုအုန်း၊ ကျွန်တော်၊ ကိုသိန်းဖေ၊ ကိုကျော်ငြိမ်း တို့ကသာ အဲသည်လို နှုတ်ဆက်ကြတယ်။ ကိုအောင်ဆန်းကတော့ နှုတ်ဆက် ပေမည့် လှည့်မကြည့်ဘဲ လျှောက်သွားချင် သွားတာဘဲ။ ပြန်ပြောချင်မှ ပြောတယ်။ ရပ်ကြည့်ပြီး

လျှောက်သွားချင် သွားတာဘဲ။ သူ့ပြောဘူးဆိုပြီး သူ့ကို ဘာသိ ဘာသာ နေလိုက်ပေမည့် အဲသည်အခါမှာ အပိုမပါ ပြောစရာ ရှိတာ လာပြီး ပြောတာဘဲ၊ ကျွန်တော်ကလည်း အကြောင်းမသိဘူး၊ တွေ့ဘာလည်း နောက်ကျနေတယ်။ တနေ့ကျတော့ ကိုသိန်းဖေ ကိုအဲသည်ကိုအောင်ဆန်းဆိုတဲ့ လူဟာ ဘယ်လိုလူစားလဲ။လမ်းတွေ့လျှင်နှုတ်ဆက်လို့လည်းမရဘူး၊ ပြုံးလို့လည်းမရဘူး၊ သူ့ကိုလူလူးလူဆန်းတမျိုးဘဲလို့ အဲသည်လို အမှတ်သညာ ထားလိုက်တယ်။ နောက် ၆-လလောက် ကြာတော့ သူနှင့် ရင်းရင်းနှီးနှီး ပေါင်းကြည့်လိုက်တဲ့ အခါကျတော့၊ ကိုအောင်ဆန်းဟာ အပိုတွေဆိုလျှင် ဘာမျှမလုပ်ချင်ဘူး။ လောကွတ်ဆိုတာ သူသာပြီး အယုံအကြည် မရှိသေးတယ်။ လောကွတ်ပြောနေတဲ့ သူတွေဟာ တယောက်နှင့် တယောက် ညာနေတဲ့ လူတွေဘဲ။ သည်တော့ကာ တယောက်နှင့် တယောက် ချစ်ချစ် ခင်ခင် ရင်းရင်း နှီးနှီး ပေါင်းရမည့် လူတွေဟာ၊ လောကွတ်တွေဘာတွေ အပိုအလုပ်တွေ ပြောနေဘို့မလိုဘူး။ ပြောစရာရှိတာတွေပြော၊ ဆိုစရာရှိတာတွေဆို၊ အရေးရှိတဲ့အခါမှ ပြောဆိုဘို့၊ ဆွေးနွေးစရာရှိတာ ဆွေးနွေးဘို့၊ တာဘဲ။ အဲသည်အခါမှာ သွားတွေ့တော့ ကိုအောင်ဆန်းဟာ ကျွန်တော်တို့ ထင်တဲ့ အတိုင်း ကတ်သီး ကတ်သတ် လူတမျိုးသို မဟုတ်ဘဲ၊ အတိအကျကို လိုလားတဲ့ပုဂ္ဂိုလ် တယောက်ဆိုပြီး ကျွန်တော်တို့ တွေ့ရပါတယ်။

နောက်သည်နှစ် ပြီးတော့ ၁၉၃၅-၃၆ ခုနှစ်မှာ၊ တက္ကသိုလ် သမဂ္ဂ အသင်း ရွေးကောက်ပွဲလုပ်ကြတယ်။သည်ရွေးကောက်ပွဲမှာကိုအောင်ဆန်းတို့၊ ကိုကျော်ငြိမ်းတို့ ကိုသိန်းဖေတို့ စီမံချက်တိုက်ပွဲဆင်နွှဲအရ၊ ကျွန်တော်ဟာ ဥက္ကဋ္ဌအဖြစ် အရွေး ခံတယ်။ ကိုအောင်ဆန်းတို့၊ ကိုကျော်ငြိမ်းတို့၊ ကိုသိန်းဖေတို့၊ မစ္စတာ ရာရှစ်တို့က အမှုဆောင်လူကြီးများအဖြစ်နှင့် ဝင်ပြီးအရွေးခံတယ်။ အားလုံးကျွန်တော်တို့ လူတွေချည်းဘဲရတယ်။ သည်လိုကျွန်တော်တို့လူတွေချည်းဘဲ တက္ကသိုလ်သမဂ္ဂအသင်းမှာ စည်းစည်း လုံးလုံးနှင့် ကျွန်တော်တို့လူတွေချည်း လုပ်လိုက်ကြတာ၊ သပိတ်မှောက်တဲ့ကိစ္စကြီးဖြစ်ပေါ်လာတဲ့ အထိဖြစ်တယ်။ သည်သပိတ် မှောက်တဲ့ ကိစ္စကြီးထဲမှာ တိုင်းပြည်က ဟိုအခါတုန်းက သိကြတာက ကျွန်တော့ကို ကျောင်းက ထုတ်ပစ် လိုက်တဲ့ အတွက်၊ သပိတ်မှောက် တယ်လို့ သည်လိုသိကြတယ်။ အမှန်ကတော့ သည်လိုမဟုတ်ဘူး။ ဖြစ်ရတဲ့ အဖြစ်အပျက် အမှန်ကို ပြောရမည်ဆိုလျှင်၊ သပိတ်မှောက်တဲ့အခြေအနေ ဆိုက်ရောက်သွားရတာက ကိုအောင်ဆန်းကို ကျောင်းထုတ် လိုက်လို့ဘဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့ကို ကျောင်းထုတ်ပစ်လိုက်တယ် ဆိုတဲ့သတင်း ကျွန်တော့ဆီရောက်လာတော့ စာမေးပွဲနီးနေပြီ။ ကျောင်းသားတွေ စာကြည့်နေကျချိန်ဘဲ။ ကျွန်တော့ကိုကျောင်းထုတ်ပစ်တယ် ဆိုတဲ့သတင်းကို ကျောင်းသားတွေ သိလျှင်၊ ကျောင်းသားတွေ ဆူဆူပူပူဖြစ်တော့မှာဘဲ ဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော့ကိုကျောင်းထုတ်လိုက်တဲ့စာအိတ်ကိုထဲထည့်ထားပြီးတော့ တိတ်တိတ်ဘဲနေတယ်။ တာပေမည့် တယောက်ကစ တရာဆိုတာလို ကျောင်းသားတယောက်က နောက်တယောက်ကို ပြောတာနှင့် သတင်းပေါ်လာတဲ့ အခါကျတော့ အမှုဆောင်အဖွဲ့က ကျွန်တော့ကို လာပြောတယ်။ ခင်ဗျားကို ကျောင်းကထုတ်ပစ်တာ

ကျွန်တော်တို့ကြားတယ်။ အဲဒါကို အရေးယူရမည်။ ခင်များက အရေး မယူချင် ပေမည့် ခင်များကိုယ်ခင်များ မပိုင်ဘူး။ အမှုဆောင်အဖွဲ့က ပိုင်တယ်လို့ပြောတယ်။ သည်တော့ ကျွန်တော်ကအမှုဆောင်အဖွဲ့ကိုဘာမျှအရေးတယူလုပ်မနေကြပါနှင့်ကျောင်းကထုတ်ပစ် တာနာမည်သာရှိတယ်၊ ဘီ-အယ်(လ်)စာမေးပွဲကိုတော့ ဆက်ဝင်နိုင်တယ်၊ စာမေးပွဲ ဖြေပြီးလျှင်လည်း ကျောင်းက ထုတ်ပစ်တဲ့ နာမည်သာရှိတယ်၊ ဘာမျှ မထိခိုက် ဘူးလို့ ပြောတယ်။ သည်အတွင်း သတင်းတခု ထပ်ပေါ်ပေါက် လာတယ်။ လူတယောက်က သည်အစည်းအဝေး လုပ်နေတုန်း လာပြောတယ်။ ဘယ်နှယ် လာပြော သလဲ ဆိုလျှင် ကိုအောင်ဆန်းကိုလည်း အိုးဝေမဂ္ဂဇင်းထဲမှာပါတဲ့ ဆောင်းပါးတခုကြောင့်၊ ကျောင်း ဆရာကြီးက ကျောင်းထုတ် ပစ်လိုက် တယ်ဆိုတဲ့ သတင်းတခု ကြားရ တယ်လို့ လာပြောတယ်။ တာနှင့်ဟုတ်သလား မဟုတ်ဘူးလားဆိုတာ ယူနီဗာစီတီ အုပ်ချုပ်ရေး အဖွဲ့ဝင် ဦးဘလွင်ဆီကို ကျွန်တော်က ချက်ခြင်းဘဲ အမေးခိုင်းဘယ်။ ဟုတ်တယ်ဆိုတာ သိကြတော့ စိတ်ကိုထိန်းလို့ မရတော့ဘူး။ ကျွန်တော်က စထိန်းလို့မရတော့ ကျွန်တဲ့အမှု ဆောင်အဖွဲ့ကလည်း စိတ်ထိန်းလို့မရဘူး။ တာနှင့် အစည်း အဝေးခေါ်ပြီး အမှုဆောင် အဖွဲ့က ကျောင်းသားတွေကို ဥက္ကဋ္ဌ ကိုနုနှင့်အယ်ဒီတာ ကိုအောင်ဆန်းတို့ကို ကျောင်းက ထုတ်ပစ်တဲ့ အတွက် ကျွန်တော်တို့ အမှုဆောင် အဖွဲ့က စာမေးပွဲ ဝင်မဖြေ တော့ဘူး။ သည်လောက်ပြောပြီး ရပ်ထားတယ်။ ခင်များတို့ စာမေးပွဲမဝင်လျှင် ကျွန်တော်တို့လည်း မဝင်ဘူးဆိုပြီး သပိတ်မှောက်တာဘဲ။ တာကို ကြည့်ရခြင်း အားဖြင့် ဟိုအခါ တုန်းက ထင်ကြတဲ့အတိုင်း၊ ကျွန်တော့ကို ကျောင်းက ထုတ်ပစ်လို့ သပိတ်မှောက်တာမဟုတ်ဘူး၊ Immediate cause. ချက်ခြင်း လက်ငင်းဖြစ်တာက၊ အယ်ဒီတာ ကိုအောင်ဆန်းကို ကျောင်းက ထုတ်ပစ် လိုက်လို့ဆိုတာ ကျွန်တော် ထပ်ရှင်း ပါတယ်။ သည်သပိတ် ကျွံ ကြီးပြီးတဲ့ အခါကျတော့ ကျွန်တော်တို့ ကျောင်းပြန်တဲ့ လူတွေက ပြန်ပြီ။ ကျွန်တော်က ကိုအောင်ဆန်းကို တိုက်တွန်းပြီးလွှတ်လိုက်ပါတယ်။ ကျွန်တော်တို့ သည်ခေါင်းဆောင် တွေနှင့် ဥမကွဲ သိုက်မပျက် ဖြစ်ရအောင်၊ တည်နေ နိုင်အောင်၊ အဆက် ရနေအောင် ခင်များတို့ဘတွေ ကျောင်းပြန်ပြီး သည်ကျောင်းသား လူထုကြီးကို ကိုယ့်လက်ထဲက မလွှတ်အောင်ဆိုပြီး လွှတ်လိုက်တော့ ကိုအောင်ဆန်းတို့ ကျောင်းပြန် သွားကြပါတယ်။ ကျောင်းပြန်သွားပေမည့်ကျောင်းသား တွေနှင့်ပတ်သက်ပြီးဘာမျှမလုပ်နိုင်ဘူး။နိုင်ငံရေးကို စိတ်အင်မတန် ဝင်စား နေတယ်။ သည်အခါ တိုင်းပြည်မှာ ဘယ်လို ဖြစ်နေ သလဲ ဆိုတော့၊ သခင် နှစ်ခြမ်း ကွဲနေတယ်။ သည်လို အခြေ အနေ ရောက်လာတယ်။ သခင် ဗစိန်တို့ကတဘက်၊ သခင်ကိုယ်တော်မှိုင်းတို့ကတဘက်၊ သည်လိုကွဲနေတာဟာ ဟိုအခါ တုန်းက ဘာဘဲပြောပြော၊ တိုင်းပြည်မှာ စွန့်စွန့်စားစား လုပ်နေတာ သခင် တွေဘဲ။ သည်လိုလုပ်နေကြတဲ့ သခင်အစည်းအရုံးကြီးဟာ တချို့ ခေါင်းဆောင်တွေ အမြော် အမြင်နည်းမှုကြောင့်၊ ဖရိုဖရဲ ဖြစ်သွားမှာ အင်မတန်စိုးရိမ်လို့ ကျွန်တော်တို့ ကိုအောင် ဆန်းတို့ တွေ့ဆုံပြီးတိုင်ပင်ကြတယ်။ တိုင်ပင်ကြတော့ သည်လိုအင်မတန် စွန့်စွန့်စားစား လုပ်နေတဲ့ အစည်းအရုံးကြီးကို ဥမကွဲ သိုက်မပျက် ဖြစ်ရအောင် ကျွန်တော်တို့ တတွေ

နိုင်ငံရေးကိုဝင်ပြီး ဂိုင်မှဘဲလို့သည်လိုသဘော ပေါက်လာတယ်။ သဘောပေါက်တာနှင့် ယခု ကွန်မြူနစ် ပါတီမှာ ခေါင်းဆောင် လုပ်နေတဲ့ သခင် သန်းထွန်းရယ်၊ ကိုအောင်ဆန်းရယ်၊ ကျွန်တော်ရယ် တို့ဗမာအစည်းအရုံးထဲကိုတနေ့တည်းဝင်ရောက်လာကြတယ်။ သည် တို့ဗမာ အစည်း အရုံးကို သခင် အဖြစ်နှင့် ဝင်ရောက် ကြတဲ့ အခါ၊ ကိုအောင်ဆန်းရဲ့ Sterling Qualities ခေါ်တဲ့ အင်မတန် ထူးခြားတဲ့ ဂုဏ်ပုဒ်တွေကို တို့ဗမာ အစည်း အရုံး ရောက်တဲ့ အခါကျတော့ ငြိပြီး မြင်လာတယ်။ ဟိုအခါတုန်းက ကျောင်းသား အဖြစ်နှင့် မြင်တဲ့ကတော့၊ သူဟာ စာအရေး အသားမှာ အင်မတန် တော်တယ်။ ဗမာလိုရေးရေး၊ အင်္ဂလိပ်လိုရေးရေး။ စကားလုံးဟာ အင်မတန်ပြောင်တယ် သည်လိုရေးတတ်တဲ့ သူ့အတိအကျ ဝါသနာပါတာကိုကအပိုတွေ၊ ရှုတ်တွတ်တွတ်တွေ၊ လောကွတ်စကားတွေလုပ်ဘို့ဝါသနာမပါပါဘူး။ တို့ဗမာအစည်းအရုံးကိုရောက်တဲ့အခါ ကျမှ တကယ့်ကို အစမ်းခံနိုင်တဲ့ အရည် အချင်းကို ကျွန်တော် သွားတွေ့တယ်။ တို့ဗမာ အစည်းအရုံးကို ဝင်တဲ့အခါမှာလည်း၊ အပေါ်ယံ ကြည့်လိုက်တော့ သခင်ဖြစ်သွားတာဘဲတွေ့ကြတယ်။ ဘယ်လောက်တောင် စွန့်စားရတယ်၊ ဘယ်လောက်တောင် အနစ်နာခံရတယ်၊ ဘယ်လိုအနစ်နာ ခံရသလဲဆိုလျှင် ကျွန်တော်တို့ ကောလိပ်ကျောင်းမှာ နေစဉ်အခါတုန်းက။ မိဘကပို့တဲ့ပိုက်ဆံကို ဖေါဖေါသီသီသုံးလို့ ထမင်းကောင်း ဟင်းကောင်းစားလို့၊ လဘက်ရည် သောက်ချင်တိုင်း သောက်လို့၊ ဘိုင်စကုတ် ကြည့်ချင်တိုင်းကြည့်ပြီး၊ ပိုးလုံချည် တရှမ်းရှမ်းနှင့် သည်လို လုပ်နေတဲ့ လူတွေဟာ၊ တို့ဗမာ အစည်း အရုံးထဲ ရောက်လာကြတဲ့အခါကျတော့၊ တို့ဗမာ အစည်းအရုံးမှာ ဖြစ်ပျက်နေတာက၊ ဟိုအခါတုန်းကနိုင်ငံရေးကိုလုပ်နေတဲ့ အမှုဆောင်၊ ဌာနချုပ်မှာရှိတဲ့ အမှုဆောင်တွေဟာ၊ ထမင်းတနေ့ကို နှစ်နပ်မှန်မှန်စားဘို့ အင်မတန် ခဲယဉ်းတယ်၊ တခါတလေ ထမင်း တနပ်သာ စားရတယ်။ တခါတလေ မနက်စာစားလို့ ညစာမစားရဘူး။ တခါတလေ ညစာစားလို့ မနက်စာ မစားရဘူး။ တခါတလေ လဘက်ရည်နှင့်ဘဲ တင်းတိမ်ရတယ်။ တခါတလေ ပြောရင်တောင် ယုံမှာမဟုတ်ဘူး။ အရှင်းတောင် မစားရတာရှိတယ်။ နိုင်ငံရေးကတော့ ကျွန်တော်နားမလည်ဘူး။ သခင်သန်းထွန်းနှင့် သခင်အောင်ဆန်း ခင်ဗျားတို့ လုပ်ကြပါ။ တရားလည်ဟောဘို့နှင့် ငွေစုဆောင်းပေးဘို့ ကျွန်တော့တာဝန်ထားပါဆိုလို့၊ ကျွန်တော် ငွေထိန်းနှင့် ဝါဒ ပြန့်ပွားရေးဘဲ ကျွန်တော် ကိုင်နေရတယ်။ ကျွန်တော် ငွေထိန်းဖြစ်တဲ့ အခါမှာ၊ တို့ဗမာ အစည်းအရုံး ဌာနချုပ်မှာ လုပ်နေတဲ့လူတွေဟာ၊ တမင်းတနပ်လောက် မစားရလျှင် အောင့်နေနိုင်တယ်။ နှစ်နပ်လောက်ဆိုလျှင်တောင် အောင့်နေနိုင်သေးတယ်။ နှစ်ရက်လောက် မစားရလို့ မအောင့်နိုင်တဲ့အခါမှာ၊ ဌာနချုပ်ကလူတွေကျွန်တော့ဆီကို မကြာခဏ လာပြောတယ်။ ပိုက်ဆံ ရှာပေးပါဦး၊ ကျွန်တော်တို့ သည်လို အခြေ အနေ ရောက်လာပြီလို့၊ သည်လိုလာပြောတဲ့လူက တော်တော်များတယ်။ သည်လူတွေကို ကျွန်တော် အပြစ်တင် နေတာ မဟုတ်ပါဘူး။ အမှန်စင်စစ်ကတော့ အုမ္မ တော့်မှ သီလ စောင့်နိုင်မည်ဆိုတာလို အူမမှာ ဘာမျှမရှိဘူးဆိုလျှင် အင်မတန် ခဲယဉ်းတယ်။ ဗိုလ်ချုပ် အောင်ဆန်းက အဲသည်လို ဖြစ်လာတဲ့ အချိန် အတော အတွင်းမှာ။ တခါ ဘူးမျှ

ကျွန်တော့ကို ကျုပ်ထမင်း မစားရသေးဘူး၊ အဲသည် အတွက် ပိုက်ဆံ ရှာပေး စမ်းပါ။ ကျုပ်တော့ဖြင့် ဆာတယ်စသည်ဖြင့် သည်လိုတခါမှပြောသံ မကြားခဲ့ရဘူး၊ ဖြစ်သလိုနေသွားတာဘဲ။စားရလျှင်လည်း စားလိုက်တာဘဲ၊ မစားရဘူးဆိုလျှင်လည်းထိုင်နေတာဘဲ။ စာအုပ်ကိုထိုင်ဘတ်ပြီး နေလိုက်တာဘဲ။ ပိုက်ဆံရှိတဲ့လူတွေက လာထမင်းစားရအောင် သခင်အောင်ဆန်း လာပါဆိုမှ စားလိုက်တာဘဲ။ မစားရတဲ့အခါလည်း သည်လိုထိုင်နေတာဘဲ။အဆင်းရဲကို သူအသေအချာ ခံနိုင်တယ်။ ဗမာလိုကတော့ ဥပေက္ခာတရားပေါ့။ ဘယ်လိုလဲဆိုလျှင် ကောလိပ်ကျောင်းမှာ၊ ကောလိပ် ကျောင်းသားတို့ ဘာဝ အလိုက် ခင်ဗျားတို့လည်း သိတဲ့အတိုင်းဘဲ၊ ကိုယ့်ခုတင်နှင့် ကိုယ့်ဇာခြင်ထောင်နှင့်၊ ကိုယ့်ငွမ်းစောင်ကြီး တွေနှင့်ကိုယ် သန့်သန့် ရှင်းရှင်းပေါ့၊ ဗိုလ်အောင်ဆန်းကတော့ ဖြစ်သလိုနေတာဘဲ။ ဗိုလ်ချုပ် အောင်ဆန်းတို့ နေတဲ့ ကျွန်တော်တို့ တို့ဗမာ ဌာနချုပ်မှာ အခန်းတခု ရှိတယ်။ ဌာနချုပ်မှာဆိုလျှင် အမှုဆောင်တွေ နေတဲ့ ဌာနချုပ်ဘဲ။အဲသည်မှာဆိုလျှင် အိပ်ရာ လိပ်တွေ ဘာတွေ ကျကျနန ရှိတယ်။ သည်အမှုဆောင် အဖွဲ့ဝင်တွေက အိပ်ပြီးလျှင်လိပ်၊လိပ်ပြီးဘယ်ဆိုလျှင် မှက်,ခြင်,ယင် စသည်ဖြင့် ဖုတ်တွေဘာတွေမပေရအောင်တရိုတသေထားလို့၊ ကိုယ်ဟာကိုယ် ဂရုစိုက်ပြီးနေကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ တာတွေကို ဘာမျှဂရုမစိုက်ဘူး။ သည်လိုအိပ်တယ်၊ အိပ်ရာကဥပမာပုံဆိုလျှင်၊ သူ့စောင်ဟာ သည်လိုဘဲထားတယ် ခြုံပြီး သည်အတိုင်းဘဲထားတယ် နောက်တနေ့အိပ်ကို့အချိန်ရောက်လာလျှင်။သည်စောင်ကိုသည်လိုခြုံပြီး အိပ်လိုက်တာဘဲ ငါ့စောင်ဟာမညီးနေပါလား၊ဖုံတွေတက်နေပါလား၊ငါ့အိပ်ရာမှာကြမ်းပိုးတွေနဲ့ပါလား ဆိုတာတွေကိုဂရုမစိုက်ဘဲ၊ နိုင်ငံရေး တခုတည်းဘဲ အာရုံစိုက်နေတာဘဲ၊ ဗိုလ်ချုပ်အောင်ဆန်းတယောက်ဘဲ အိပ်လို့ရတယ်။ သည့်ပြင်လူ အိပ်လို့မရဘူး။ အဖြစ်အပျက်ကလေးတခု တော်တော်ရယ်ရကောင်းတဲ့ အဖြစ်အပျက်ကလေးတခုပြန်ပြောရအုံးမယ်။ ဗိုလ်ချုပ်အောင်ဆန်းအိပ်တဲ့ အိပ်ခန်းဟာ အပြင်ကပြ ကြည့်လိုက်လျှင် ဌာနချုပ်မှာ တော်တော်ကောင်းတဲ့ အခန်းဘဲ။ အဲသည်အခါမှာ ရေနံချောင်းက ကျွန်တော်တို့ သခင်တွေ၊ သခင်မတွေ ဘုရားဖူးရအောင်လာကြပြီးတော့၊ ဌာနချုပ်မှာတည်းတဲ့အခါကျတော့၊ ဌာနချုပ်ကလူငယ်ကလေးတွေက ''ခင်ဗျားတို့ဧည့်သည်တွေဖြစ်တယ်။ အပြင်ဘက်မှာတော့ မနေကြပါနှင့်''အဲသည်အခါက သခင်အောင်ဆန်းကလည်း၊ အထွေထွေအတွင်းရေးမှူး ဖြစ်နေတယ်။ '' အထွေထွေအတွင်းရေးမှူး နေတဲ့အခန်းမှာ အိပ်ပါ '' ဆိုပြီးတော့ထားလိုက်တယ်၊ ဟိုလူတွေက ကြွားလို့ပေါ့လေ၊ အထွေထွေအတွင်းရေးမှူးအိပ်တဲ့အခန်းထဲမှာသိပ်ဘယ်ဆိုပြီး အခန်းထဲမှာအိပ်နေကြတော့ ညဉ့်၁၂-နာရီလောက်ကျတော့အိပ်ရာလိပ်တွေကိုလိပ်ပြီ တော့၊အပြင်ဘက်ထွက်ပြေးလာကြတယ်။ ကြမ်းပိုးတွေကြောင့်နေကိုမနေနိုင်ဘူး၊ ဗိုလ်ချုပ်အောင်ဆန်း တယောက်တည်းအိပ်နိုင်တယ်၊ ကြမ်းပိုးကိုက်တာကိုဂရုမစိုက်နေဘို့ သူ့မှာအချိန်မရှိဘူး အဲသည်လို ဥပေက္ခာတရားတွေ လုပ်လာတာတွေတွေ့ရပါတယ်၊ အင်မတန်ဆင်းဆင်းရဲရဲနှင့် ဖြစ်နေတာတွေကို ခင်ဗျားတို့မြင်စေချင်တယ်၊ အဲသည်လိုဆင်းရဲတယ်လို့ ညည်းညူသံကို ကျွန်တော်တို့ မကြားရဘူးဘူး။

ကျွန်တော်တို့ဆိုလျှင်ညည်းညူ တာဘဲ၊ဥပမာပုံဆိုလျှင်-တခါတလေ ပိုက်ဆံကလည်းမရှိ ထမင်းကလည်းမစားရသေးဘူး။ လမ်းလျှောက်သွားလို့ ပလာတာဆိုင်က အကြော်အလှော်နံ့တွေကို အခု ဗိုလ်လက်ျာ ခေါ်တဲ့ ဘခင်လှဖေတို့က တောက် ခေါက်ပြီး "အခုနေ သည် ပလာတာနှင့် ဆိတ်သားကျော်ကလေး စားလိုက်ရလျှင်၊ ရေဒီယိုလေး ထပြီးနားထောင်လိုက်ရလျှင်ဆိုပြီး" ညည်းညူမိတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ တခါမျှ ညည်းညူတယ်လို့ မကြားခဲ့ရဘူး။ အဲသည်လို လောကကြီးတခုလုံး ဇိမ်ခံပြီး တင့်တင့်တယ်တယ် ထယ်ထယ်ဝါဝါ နေနိုင်တဲ့ပုဂ္ဂိုလ်တွေ အဲတာတွေကို ဂရုမစိုက်ဘဲ ဥပေက္ခာတရားကိုပိုက်ပြီး၊အဲသည်လိုနေကြတာကိုကျွန်တော်တွေ့ခဲ့ရတဲ့အတွက်၊ နိုင်ငံရေး သမား၊ တကယ့်တော်လှန်ရေးသမားပီပီ လုပ်နိုင်တဲ့၊ လူတယောက်ဖြစ်ပါပေတယ်လို့ ဟိုအခါ ကတည်းက လုံးဝစိတ်ထဲမှာ ချီးကျူးခဲ့တယ်။ ရဲဘော်ဟောင်း တွေကလဲပြော ကြတယ်၊ နိုင်ငံရေးမှာဝင်လာပြီးတော့ ကျွန်တော်က သာယာဝတီညီလာခံမှာ ဆုံးဖြတ် ချက်တခုဘတ်ဘို့ဖြစ်လာတယ်။ သခင်အောင်ဆန်းကတော့ ဇလွန်မှာသွားပြီးတော့တရား ဟောရတယ်။ အဲသည်တရားဟောနေစဉ်မှာ ၁၂၄ (က) ပုဒ်မအရ၊ သူ့ကိုအပြစ်ရှိတယ် ဆိုပြီး၊ ဟင်းသာတက ရာဇဝတ်ဝန်ကြီးက လိုက်ပြီးတော့ဘမ်းရမည်ဆိုတဲ့အမိန့် ထုတ် လိုက်တယ်။ ကျွန်တော့ကိုလည်းညီလာခံမှာ အဆိုကိုဘတ်ပြီးတော့၊ ဘတ်တဲ့အတွက် ဘမ်းရမည်ဆိုတဲ့အမိန့်ထွက်လာတယ်။ အဲသည်အခါကျတော့ သည်ကကိုကျော်ငြိမ်း အိမ်မှာဘဲကျွန်တော်တို့ ရဲဘော်တစုသွားပြီးတော့၊ စုပြီးတော့ဆွေးနွေးတိုင်ပင်ကြတယ်။ တိုင်ပင်ကြတဲ့အခါကျတော့၊ ကျွန်တော်ကတော့ထုံးစံအတိုင်းဘဲ၊ အသရေပျက်အောင် ဟောမိလို့ဆိုလျှင်အဘမ်းခံ၊ အဘမ်းခံပြီးတော့ထောင်ကျလျှင်၊ ထောင်ထဲသွားနေလျှင် ပြီးတာဘဲလို့ သည်လိုဘဲတွက်တယ်။ တာပေမည့် ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော် တွက်သလိုမဟုတ်ဘူး၊အခုနေအခါမှာအင်မတန်အရေးကြီးတယ်။ထောင်ထဲသွားနေတယ် ဆိုလျှင် အပြင်ဘက်က အလုပ်တွေ ဟာကုန်မှာဘဲ၊ အခုလို အရေးကြီးတဲ့အခါမှာ၊ ပုန်းပြီးတော့ မြေတွင်းအောင်း ပြီးတော့။ (Under-ground) အဲသည်လိုဟာတွေလုပ် ပြီးတော့ တိုင်းပြည်အတွင်းမှာဘဲ ဗြိတိသျှ နယ်ချဲ့စံနစ်ကိုတိုက်ဖျက်ရမည်။ နိုင်ငံခြားကို သွားပြီးတော့ အစီအစဉ်လုပ်ရမည်။ နိုင်ငံခြားကိုသွားပြီးတော့ အကူအညီကို ရှာတန် ရှာပြီးတော့ အလုပ် လုပ်ရမည်။အဲသည်လို အခြင်းအခုံ ဖြစ်ခဲ့ကြတယ်။ တာပေမည့် ဟိုအခါတုန်းက ကျွန်တော်တို့က လွှမ်းမိုးလို့မရဘူး။ ကျွန်တော်တို့ကလည်း ကျွန်တော် တို့လုပ်ပါမည် ဆိုပြီးတော့၊ သခင်အောင်ဆန်းကို မြေတွင်းပုန်းဘို့ အစီအစဉ်တွေလုပ် ခဲ့တယ်။ သို့သော်လည်း ကျွန်တော်တို့နောက်ဆုံးမှာ ကွဲသွားတာဘဲ၊ ဘယ်နေရာမှာလဲ ဆိုလျှင်၊ကျွန်တော်မှတ်မိသလောက်ဆိုလျှင်၊ အခုမြေနီကုန်းကင်းဂတ်ဆိုတဲ့ အဲသည်နေ ရာရှေ့မှာဘဲ၊ သူပုန်းဘို့ဘယ်ထိအောင် စီစဉ်ရမည်ဆိုတာ သည်နေရာမှ အစီအစဉ်တွေ လုပ်ပြီး လွှဲပေးလိုက်တယ်၊ ကျွန်တော်ကတော့အိမ်ပြန်ပြီးတော့ နောက်တနေ့အဘမ်းခံရ တာဘဲ၊ အဲသည်အခါမှာ သူကိုယ်တိုင်က နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့၊ ဘယ်လောက် အထိတောင် စဉ်းစားထားတယ်ဆိုတာ ကျွန်တော်တို့တွေ့ရတယ်။ ကျွန်တော်တွက်တဲ့

N.P.W.—191-27, 10000

အတိုင်း ကျွန်တော်က ထောင်ထဲသွားပြီးတော့ နေလိုက်တော့ အလကား သက်သက် ၂-နှစ်အချိန်ကုန်သွားတယ်။ပဋ္ဌမကျကာခကတော့သူတို့ဘမ်းတာကိစ္စမရှိဘူး။ မကြောက်ဘူးကွဆိုပြီး ကိုယ့်ကိုယ်ကို ကိုယ်နှစ်သိမ့်ပြီးတော့ ဖျော်ဖြေလို့ရသေးတယ်။ တာပေမည့် ခြောက်လခေလာက် နေပြီးတဲ့အခါကျတော့၊ အပြင်ဘက်မှာသာ သည်အချိန်အခါမှာ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် ကျွန်တော်တို့ပြီးတော့ နိုင်ငံရေးလုပ်လိုက်ရလျှင် အတော်ခရီးရောက်မှာဘဲဆိုတာသိရတယ်။ အဲသည်အခါကျမှ ဗိုလ်ချုပ်အောင်ဆန်းဟာ၊နိုင်ငံရေးနှင့် ပတ်သက်သလျှင်၊ ဘယ်လောက်အထိ အချိန်ယူပြီးစဉ်းစားထားတယ်။ ဘယ်လောက်အထိ အမြော်အမြင်ကြီးတယ်ဆိုတာ၊ အဲသည်မှာ ကျွန်တော်တို့သွားတွေ့ရတယ်။

အဲသည်လောက်က စပြီးတော့ လူချင်းကွဲသွားတာ ဂျပန်ခေတ်ရောက်သာတဲ့အခါ၊ အင်္ဂလိပ်တွေကကျွန်တော်တို့ကို အိန္ဒိယပြည်ခေါ် မသွားနိုင်တော့ မန္တလေးမှာလွှတ်ပစ်ခဲ့တယ်။ သည်အခါမှာဗိုလ်ချုပ်ကလည်း၊ဗိုလ်တေဇအမည်ခံပြီးတော့ ဗမာပြည်ထဲ ကိုဝင်လာတယ်။ ဗမာ့တပ်မတော်ကြီး ခေါင်းဆောင်ပြီ တော့၊ အဲသည်လို ဝင်လာခဲ့ပြီးတော့ အစိုးရအဖွဲ့တွေဖွဲ့ချော၊ အဲသည်တော့ခတ်တိုတိုပြောရမည်ဆိုလျှင် ဂျပန်ခေတ်တခေတ်လုံးမှာဘာဘဲပြောပြော၊ အစိုးရဘယ်လိုဘဲရှိရှိ၊ တိုင်းပြည် တကယ်ကြည်ညိုနေတာကတော့၊ ဗမာအစိုးရအဖွဲ့မဟုတ်ဘဲ ။ ဗိုလ်ချုပ်အောင့်ဆန်းဖြစ်နေတယ်ဆိုတာ ဘယ်သူမျှငြင်းလို့မရဘူး။ ဗမာအစိုးရက ဘယ်လိုအမိန့်တွေထုတ်ထုတ် ဗိုလ်ချုပ်အောင်ဆန်း တခွန်းပြောတာနဲ့မတူဘူး။ အဲ့သည်လိုတိုင်းပြည်မှာဖြစ်နေတယ်။ သည်လောက်အရှိန်အဝါကြီးတယ် သည်လောက်အထိတန်ခိုးသြဇါတွေကြီးတယ်အဲသည့်လိုဖြစ်နေတဲ့အချိန်အခါမှာဗိုလ်ချုပ် နေရာမှာဗိုလ်ချုပ်မဟုတ်ဘဲနဲ့ တခြားကကိုယ့်စိတ် ကိုယ်မထိန်းနိုင်တဲ့လူစားမျိုး၊လောဘကြီးတဲ့လူစားမျိုး၊အဲသည်လို လူစားမျိုးတယောက်ယောက်ရှိနေမည်ဆိုလျှင်၊ ဂျပန်ခေတ်တုန်းက တသက်မဟုတ်ဘူး၊ ဆယ်သက်မကုန်နိုင်အောင် ပစ္စည်းတွေစုနိုင်တယ်။အဲသည်လောက်အထိ ဖြစ်နိုင်တယ်။ ဂျပန်ခေတ်တုန်းက သည်လိုရတဲ့အရှိန်အဝါ၊ သြဇာတွေကိုအလွဲသုံးစားလုပ်ပြီးတော့ ပိုက်ဆံတွေဟာ သုံးမကုန်နိုင်လောက်အောင်စုသွားကြတဲ့ လူတွေ အကြောင်းကိုလည်း သည်မှာကွဲလာတဲ့ အမတ်မင်းတွေအသိပါဘဲ။ဗိုလ်ချုပ်မှာဆိုလျှင်၊ ရှပ်အင်္ကျီနှစ်ထည်၊ ဘောင်းဘီ နှစ်ထည်ဘဲ ရှိတယ်၊ အဲသည် နှစ်ထည် ထဲမှာ တထည်ကလည်း ခပ်စုတ်စုတ် လောက်သာ အဖတ်တင်ပြီး ကျန်ရစ်ခဲ့တဲ့ ဗိုလ်ချုပ်ဟာ သူ့လိုအင်မတန် ကြီးကျယ်တဲ့အရှိန်အဝါ ကြီးကျယ်တဲ့ တန်ခိုးသြဇာ၊ ကြီးမားတဲ့အချိန်အခါမှာ ဘယ်လောက်အထိ ကိုယ့်လောဘကို ဘယ်လောက်အထိကိုယ့်စိတ်ကို ကိုယ် နိုင်နိုင်နင်းနင်းနှင့် ချုပ်တည်း သွားနိုင်တယ် ဆိုတာကို ထင်ထင်ရှားရှားကြီး ခင်ဗျားတို့သိပါလိမ့်မည်။ဟိုတုံးက ဗိုလ်ချုပ်လိုနေရာမျိုး မပြောနှင့် ဗိုလ်ချုပ်နေရာထက် ဆယ်ပုံတပုံလောက်သာ တန်ခိုးသြဇာရှိတဲ့ လူတွေတောင်မှ အင်မတန်ကို ပိုက်ဆံချမ်းသာပြီး ထယ်ထယ် ဝါဝါကြီး ခေတ်သစ် သူဌေး ဖြစ်နေ ကြတာ ခင်ဗျား တို့လည်း တွေ့မှာပေါ့။ တာဘယ်သူမျှ ပြောနေစရာ မလိုဘူး။ ကျွန်တော်က ထုတ်ပြီးတော့ ပြောနေစရာ မလိုဘူး။ ခင်ဗျားတို့ကိုယ်တိုင် အမြင်ဘဲ၊ တိုင်းပြည်ကအသိဘဲ။ ထုတ်ပြောလျှင်[ Defamation, ]

အသရေပျက်မှုဆိုတဲ့ သည်ပုဒ်မတွေ ဘာတွေနှင့် စွပ်စွဲမှာ စိုးလို့ ပြောချင် ပေမည့်လို့ အသာငြိမ်ပြီး ခံကြရတယ်။ ဘယ်သူအလွဲသုံးစားလုပ်ပြီး ငွေစုံသွားတယ်ဆိုတာ ထင်ထင် ရှားရှားဘဲ။ ဗိုလ်ချုပ်မှာ ကြည့်မည်ဆိုလျှင် ဗိုလ်ချုပ်လည်းခဏခဏပြောတယ်။ ဘယ်အခါ မဆို ကျွန်တော် အစစ် အဆေး ခံရဲတယ်တဲ့။ ခင်ဗျားတို့လည်း မှတ်မိမှာပေါ့၊ ဟိုခေတ် ဟိုအခါတုန်းကသည်အနားဆီမှာ (အင်္ကျီလည်ပင်းကိုကိုင်ပြသည်) စုတ်နေတဲ့ကာကီရှပ် အင်္ကျီတထည် ကာကီဘောင်းဘီ တထည်ဘဲရှိတယ်၊ ဗမာ့တပ်မတော်ကို ခေါင်းဆောင် ပြီးတော့ လုပ်လာတဲ့ အဲသည်ကာကီ အဝတ်အစားနှင့်ဘဲ ဗိုလ်ချုပ်ဖြစ်လာတဲ့အခါမှာ၊ သာမန်အဝတ်အစိမ်းရောင်ဖြစ်တဲ့ အဲသည်အပေါ်အင်္ကျီရယ်၊ ဘောင်းဘီရယ် အဲတာဘဲ ကျွန်တော်တို့တွေ့ရတယ်၊ အဲသည်အပေါ်အင်္ကျီရဲ့ အောက်ကဘောင်းဘီဘဲ။ အဲဘာဘဲ ကျွန်တော်တို့ တွေ့တယ်။ တခါတလေများ ထမင်းစားပွဲတို့ ဘာတို့ကို ဂျပန်တွေက ဘိတ်လို့ ကျွန်တော်တို့ သွားတဲ့အခါ ဟိုတုန်းက [Blackout] မှောင်ချထားတဲ့အခါ ဖြစ်လို့ တံခါးတွေ ပိတ်ထားရတော့အိုက်တယ်။ အိုက်တော့ ထမင်းစားပွဲတွေမှာ အင်္ကျီ ချွတ်ချင် ချွတ်ကြပါလို့ ပြောလို့ အိုက်ကလဲ အိုက်လို့ အင်္ကျီ ချွတ်လိုက်တဲ့ အခါမှာ၊ အပေါ်ကသက္ကလပ်၊ စစ်အင်္ကျီကလွဲပြီးအထဲမှာဘာမျှ မပါပါဘူး။ အဲသည်လိုဟာတွေကို ကျွန်တော်တို့ တွေ့ရတယ်။ အဲသည်လောက် အင်မတန်ကို ကြီးကြီး ပမ်းပမ်းနှင့် စွန့်စွန့် စားစား တိုင်းပြည်ကို သစ္စာမဖေါက်ဘဲ မိမိရရှိတဲ့ ဂုဏ်ထူးတို့ ဩဇာအာဏာကို အလွဲ သုံးစား မပြုဘဲ၊ ဗိုလ်ချုပ် နေခဲ့တယ်ဆိုတာ ကျွန်တော်တို့ ထင်ထင်ရှားရှား တွေ့ရပါတယ်။

နောက်ပြီးတော့ တာထက် ထူးချွန်တဲ့ အချက်တခုက ဘာလဲဆိုလျှင်၊ ဂျပန်စစ် ပုလိပ်ဆိုလျှင် အားလုံးက ဖိန့်ဖိန့်တုန်နေရတဲ့ အချိန်မှာ လက်သည်း ခွါမှာ စိုးရတာက တမျိုး၊ ရေနွေးပူနှင့်ပက်မှာ စိုးရတာကတမျိုး ထုတ်မှာဇောက်ထိုးဆွဲထားမှာစိုးရတာက တမျိုး၊ အမျိုးမျိုးကြောက်နေရတဲ့ခေတ်မှာ ဘယ်သူမှမှန်တာကို တိုင်းပြည်ကိုမပြောရဲဘူး။ အဲသည်လို လူတွေနှင့် တွေ့ရမည်ဆိုလျှင် နှစ်ယောက်တည်း တွေ့တာတောင် မမှန် တာကို မပြောရဲတဲ့ခေတ်မှာ ဗိုလ်ချုပ်ဟာ ပြောခဲ့ တာဘဲ။ အဲသည်လို ခေတ်မှာ လူထု ရှင်းပွဲတွေမှာ၊ ဗိုလ်ချုပ်က တိုင်းပြည်ကို မလှည့်စားဘဲ၊ လွတ်လပ်ရေးဟာ အစစ် အမှန် မဟုတ်သေးဘူးလို့ ဖွင့်ပြောခဲ့တာ၊ ဟိုအခါတုန်းက သတင်းစာဆရာတွေဟာ အကုန်လုံး အသိဘဲ။ ဘယ်လောက်များလဲဆိုလျှင် ဗိုလ်ချုပ်ဟာလူထုနှင့်တွေ့ပြီးစကားပြောတော့မည် ဆိုလျှင်၊ ဂျပန် စစ်ပုလိပ်တွေ၊ စုံထောက်တွေ၊ စစ်ဘက်က အရာရှိတွေဟာ ပြာလောင် ခတ်နေတာတွင်မကဘူး။ ကျွန်တော်တို့ လူကြီးတွေပါ ပြာလောင်ခတ်နေတယ်။ ဘာဖြစ် လို့လဲဆိုတော့ ဗိုလ်ချုပ်ဘာတွေများ ဘွင်းဘွင်း ဖွင့်ချလိုက်မလဲ။ ဘာတွေများ ဖျောင် ဖွင့်ဆော်လိုက်မလဲ။ သည်လို ပြောလိုက်လျှင်၊ ကျွန်တော်တို့ လုပ်ငန်း အစီ အစဉ်တွေ ဘယ်လောက်များ ထိခိုက်သွားမလဲ။ အဲတာ ဘယ်လိုချုပ်ချယ် မှုတွေ ပေါ်လာမလဲ။ ဗိုလ်ချုပ်ကိုများ သူ့ဘို့စစ်ပုလိပ်တွေက ချောင်းသတ် မလားဆိုပြီး သိတ်စိတ် ပူရတယ်။ တာမျိုးတွေဟာ သူတို့ လုပ်နေကျကိုး။ မန်ချူးကိုးတို့၊ တရုတ်ပြည် တို့မှာ ဆိုလျှင် သူတို့ သဘောမကျတဲ့ အစိုးရအဖွဲ့ခေါင်းဆောင်တွေ၊ လူကြီးတွေကို တိတ်တိတ်ချောင်းသတ်

ပစ်တယ်။ ကျွန်တော်တို့က ဟိုအခါတုန်းက ပါနေတယ်။ပါနေတော့ ဗိုလ်ချုပ်က သည်လို ပွင့်ပွင့် လင်းလင်း လူထုရှေ့မှာ ထုတ်ဖော် ပြောနေလျှင်၊ ဗိုလ်ချုပ်ရဲ့ အသက်ကိုဘဲ သည်လူတွေ ရန်ရှာမလားဆိုပြီး၊ ကျွန်တော်တို့ ရဲဘော်ဖြစ်တဲ့ လုပ်ဘော် လုပ်ဘက်တွေက အင်မတန် စိုးရိမ်ပူပန်ကြတယ်။ ဗိုလ်ချုပ်က တိုင်းပြည်ကို မလှည့်စားဘဲနှင့် အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ပြောသွားတယ် ဆိုတာကို တိုင်းပြည်နှင့် လူထုက ကောင်းကောင်း သိတယ်။

ပြီးတော့ တော်လှန်ရေး အချိန် ရောက်လာတော့၊ တော်လှန်ရေးကို စီစဉ်တဲ့အခါမှာ၊ လူရင်း တယောက် အနေနှင့် ကျွန်တော် ပါရှိနေတော့၊ တော်လှန် ရေးမှာ ဗိုလ်ချုပ်က ဘယ်လောက်အသိ အရေးပါ အရာရောက်တယ်ဆိုတာ ကျွန်တော်သိတယ်။ အမှန်အတိုင်း ပြောရမည်ဆိုလျှင်၊ သည်တော်လှန်ရေးမှာ တကယ်လို့ ဗိုလ်ချုပ် မပါဘဲ ခေါင်းတိမ်းပြီး နေမည်ဆိုလျှင်၊ ဗမာပြည်မှာ တော်လှန်ရေးဟာ ဖြစ်သလောက်တော့ ဖြစ်မည်။ တာပေမည့် အခုပြီးခဲ့တဲ့ ဖက်ဆစ်တော်လှန်ရေးလို မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဖြစ်မှာ မဟုတ်ဘူး။ တာကို နိုင်ငံရေးသမားရော၊ နိုင်ငံရေးသမားမဟုတ်တဲ့လူရော ဝန်ခံရမည်။ အဲသည်လို ဗိုလ်ချုပ်မပါလျှင် မြိုင်မြိုင် ဆိုင်ဆိုင်ကြီး မဖြစ်မှာစိုးလို့တဲ့အတွက်ဗိုလ်ချုပ်မပါ ပါအောင် အတော့ကို ကြိုးပမ်း ခဲ့ကြတယ်။ ကြိုးပမ်းခဲ့တာ ကျွန်တော် ကိုယ်တိုင် အသိ ဖြစ်ပါတယ်။ ဗိုလ်ချုပ်ပါပြီးဆိုလျှင် ဘာတွေ ဖြစ်ပေါ် လာသလဲ ဆိုတော့၊ အဲသည်လို တော်လှန်ရေး သမားတွေ တနေရာက တနေရာ သွားချင်လျှင် သွားလို့ ရပါတယ်။ ဘယ်လို သွားလို့ရပါသလဲ ဆိုလျှင် ဘီ-ဒီ-အေ-စစ်ဝတ် စစ်စားနှင့် သွားနိုင်တယ်။ တော်လှန်ရေး တပ်တွေဆီကို လူစေလွှတ်တယ်။ အဲဒါ ဗိုလ်ချုပ်လုပ်ပေးတဲ့ အစီအစဉ်တွေဘဲ။ အဲသည်လို တော်လှန်ရေး ပြီးတော့ တိုက်ကြတော့၊ စစ်တိုက်တယ် ဆိုတာ၊ တော်လှန်ရေးတွေ လုပ်တယ်ဆိုတာ များသောအားဖြင့် ခေါင်းဆောင် လုပ်တဲ့သူဟာ ဘယ်တော့မှ ထွက်မတိုက်ဘူး။ နောက်လိုက် လူတွေကသာ အသေခံပြီး တိုက်ရတယ်။ ခေါင်းဆောင်လုပ်တဲ့လူက အင်မတန်လုံခြုံတဲ့ နေရာမှာ နေရတယ်။ အဲသည်လိုနေရာကနေပြီး စီမံခန့်ခွဲရတယ်။တာပေမည့် ဗိုလ်ချုပ်ကတော့ မရဘူး။ သူကိုယ်တိုင် ထွက်တိုက်ချင်တယ်။ သူနှင့်တပါတည်း ကျွန်တော်ကအတူ ပါမသွားတော့ မသိပါဘူး။တာပေမည့် အတူပါသွားတဲ့ ရဲဘော်တွေက ပြောပြတာကြားရတာ အင်မတန် အသည်းထိတ်စရာ ကောင်းတယ်။ တနေ့မှာ ဗိုလ်ချုပ်တို့ရှိတဲ့ နေရာမှာ ကင်းတွေ ချထားတယ်။ အဲသည် ကင်းတွေရဲ့ ထွက်ပေါက် တနေရာမှာ ဂျပန်တွေက ဗိုလ်ချုပ်ရှိတဲ့ နေရာကို လာနေတာမြင်နိုင်တဲ့ နေရာမျိုးကို ရောက်နေတယ်။ ဗိုလ်ချုပ် ရှိတယ် ကြားလို့ လာတာဘဲ။ ဗိုလ်ချုပ်ရှိတဲ့နေရာကို ဝိုင်းပြီးမဲပစ်တယ်။ မဲပစ်တော့ ဗိုလ်ချုပ်နှင့်အတူ ရှိတဲ့ လူတွေက ဗိုလ်ချုပ် ထိုင်နေပါလို့ ပြောကြတယ်။ Cover ယူထားစရာ Trench. တူးမြောင်းထဲမှာ ထိုင်နေပါလို့ ပြောတာ ပြောလို့ မရဘူး။ ဗိုလ်ချုပ် ကိုယ်တိုင် စက်သေနတ် ပစ်တဲ့ လူအနားမှာသွားပြီး ဘယ်နေရာကိုပစ်ဆိုပြီး စီမံခန့်ခွဲ နေတာကို ရဲဘော်တွေမြင်ရတယ်။ နောက်ဆုံးကျတော့ ဘယ်လိုလုပ်ရသလဲဆိုလျှင်၊ ဟိုကလာနေတဲ့ ကျည်ဆံတွေကလည်း

အဆက်မပြတ် လာနေတော့၊ ဗိုလ်ချုပ်ခါးကိုဘက်ပြီး မြေကြီးပေါ်ကို အတင်း လှဲချပြီး ဖိထားရတယ်။ အဲသည်လို ဗိုလ်ချုပ်ဟာ သတ္တိပြရတဲ့နေရာ ကျလျှင်၊ သူမတူအောင် ရဲရဲ ဝံ့ဝံ့ စွန့်စွန့် စားစား ပြခဲ့တယ် ဆိုတာ ကျွန်တော်တို့ သိရှိရပါတယ်။

တာနှင့် အခုသည်ခေတ် ရောက်လာတော့ မြန်မာဆို ဗိုလ်ချုပ်နှင့်လူထု။ လူထုနှင့် ဗိုလ်ချုပ်။ ခွဲခွာရအောင်ဖြစ်လာတဲ့ အခြေအနေကို ကျွန်တော်တို့ မျက်ဝါးထင်ထင်တွေ့ ရတယ်။ အဲဘာက ဘာလဲဆိုလျှင်၊ လူထုရဲ့အကြည်ညိုကို ခံရအောင် လုပ်ရတာဟာ၊ သည်လူမှာ အကြည်ညိုခံရဘို့အကြောင်းတွေမရှိလျှင် ဘယ်တော့မျှမဖြစ်နိုင်ဘူး။ သည်ဟာ တွေဟာလည်း လွယ်လွယ်နှင့်ရနိုင်တဲ့ ကိစ္စတွေမဟုတ်ဘူး။ ဗုဒ္ဓဘာသာအရ ပြောမည် ဆိုလျှင် ဗုဒ္ဓဘာသာမှာ အကြောင်းနှင့်အကျိုး၊ အကျိုးနှင့်အကြောင်း ဆိုတာရှိတယ်၊ သည် အကျိုးဖြစ်ထွန်းတာ သည်အကြောင်းကြောင့်ဖြစ်တယ်။ သည်အကြောင်းမရှိလျှင် သည်အကျိုးမဖြစ်နိုင်ဘူ ဗိုလ်ချုပ်နှင့်လူထုလူထုနှင့် ဗိုလ်ချုပ်ခွဲမရနိုင်အောင်တနိုင်ငံလုံးဟာ အုံကြွပြီ နေရတယ်ဆိုတာ ဘာကြောင့်လဲဆိုလျှင်၊ အဲသည်လို အုံကြွပြီးတော့အကြည်ညို ခံသောက်အောင်လူထုရဲ့ အသည်းစွဲဖြစ်အောင်ဖြစ်တာ၊ ဘယ်လိုကျွန်တော်တို့ မှတ်ယူရ မလဲဆိုဘာ၊ အဲသည်အကြောင်းတွေဟာ ဗိုလ်ချုပ်မှာပါလာတယ်ဆိုတာထင်ရှားတာဘဲ ဘယ်လို အကြောင်းတွေလဲဆိုလျှင်၊ တော်လှန်ရေးနှစ်ခုမှာ အသက်စွန့်ပြီး အသက်ကို လက်ထဲမှာကိုင်ပြီး တော်လှန်ခဲ့တဲ့ ရဲစွမ်းသတ္တိတွေ၊ အဲသည်လို တော်လှန်ဘို့ အချိန် ရောက်လို့ တော်လှန်ဘို့ အမိန့်ပေးနိုင်လောက်အောင်ရှိတဲ့ စွမ်းရည်သတ္တိတွေ၊ ပြီးတော့ လည်း လူထုကို ဘယ်အခါမှ မလှည့်ဖြားခဲ့တဲ့ တည်ကြည် ဖြောင့်မတ် မှုတွေ၊ မိမိ ကိုယ်တိုင်တန်ခိုးတွေ ဩဇာတွေအင်မတန်ကြီးကြီးကျယ်ကျယ် ရနေပေမည့် အဲသည်ဟာ တွေကို အလွဲသုံးစားမလုပ်ဘဲနှင့် ရိုးရိုးကျင့် မြင့်မြင့်ကြံခဲ့တဲ့ ဂုဏ်ပုဒ်တွေ၊အဲသည်ဂုဏ်ပုဒ် တွေဟာ လူထုကမကြည်ညိုဘဲ မနေနိုင်အောင် ဖြစ်တဲ့အကြောင်းတွေဘဲ။ အသည်းစွဲ မဖြစ်ဘဲ မနေနိုင်အောင် ဖြစ်တဲ့အကြောင်းတွေဘဲ။

လူထုက တခါတည်းနောက်က တန်းတန်းစွဲမလိုက်ဘဲ မနေနိုင်တဲ့အကြောင်းတွေဘဲ ဆိုဘာအမတ်မင်းများ သိရှိစေလိုပါတယ်။အခုဗိုလ်ချုပ်ရဲ့ အခြေအနေဟာဘယ်လောက် အထိရောက်နေသလဲဆိုတာကို ကျနော်ထုတ်ဖော်ပြောရလျှင်၊ကျွန်တော်မှတ်မိသလောက် ကျွန်တော် တသက်မှာ သည်လိုလူမျိုး၊ သည်လိုခေါင်းဆောင်မျိုး ဗမာနိုင်ငံမှာ တခါမှ မပေါ်ဘူးသေးပါဘူး၊မပေါ်ဘူးလို့ဆိုတာ အခုပြောနေတာဟာ ဗိုလ်ချုပ် အနိစ္စရောက် သွားလို့ချီးကျူးပြောနေတဲ့အခန်းမျိုးမဟုတ်ပါဘူး။ဗိုလ်ချုပ်ရှိနေကတည်းက ဖ-ဆ-ပ-လ အလုပ်အမှုဆောင်တွေ ကောင်းကောင်းသိပါတယ်။ ကျွန်တော်စာတစောင် ရေးလိုက်ဘူး ပါတယ်။ အဲသည်စာမှာ ကျွန်တော် ဘာတည့်ရေးသလဲဆိုလျှင် အခု ဗိုလ်ချုပ်ဟာဘယ် အခြေ အနေရောက်နေပြီ။ ဘယ်အခါမှာဘယ်လိုလုပ်လျှင်ကောင်းမည်ဆိုတဲ့ အကြောင်း တွေကို ကျွန်တော် ထည့်ရေးထားတဲ့စာဟာ အလျှင်တုံးက ဗမာပြည်မှာ ဦးချစ်လှိုင် ဦးဥတ္တမ အစရှိတဲ့ ခေါင်းဆောင်ကြီးတွေ ပေါ်ခဲ့ဘူးပါတယ်။ တာပေမည့် သည်ခေါင်း ဆောင်ကြီးတွေကို တောနယ်က လူထု အကြည်ညို ခံရတာလည်း ရှိပါတယ်။ မြို့က

လူထုကသာ ထွက်ပြီးတော့ အကြည်ညို ခံရတာလည်း ရှိပါတယ်။ ပြီးတော့ မြို့ကရော တောကရော၊ အကြည်ညို ခံရတာလည်း ရှိပါတယ်။ လူငယ်တွေ ကတော့ တောမှာရော၊ မြို့မှာရော အကြည်ညိုခံရပါတယ်။ တပေမည့် ကျွန်တော်တို့ရဲ့ သွေးချင်း သားချင်း တိုင်းရင်း သားချင်း ဖြစ်တဲ့ ချင်း၊ ကချင်၊ ကရင်၊ ရှမ်း အစရှိတဲ့ သည်လိုပုဂ္ဂိုလ်တွေရဲ့ ယုံကြည်ခြင်း၊ အားကိုးခြင်း ထောက်ခံခြင်းကို ခံရခဲ့တယ်။ ယခု ဗိုလ်ချုပ်လက်ထက်ရောက်တော့ မြို့က လူထုကလည်း ကြည်ညိုတာဘဲ။ တောက လူငယ်လူကြီးတွေကလည်း ကြည်ညို တာဘဲ။ ဗမာပြည်မကပင် မဟုတ်ဘဲ၊ ဗမာ နိုင်ငံမှာ ရှိတဲ့ တိုင်းရင်းသား သွေးချင်းများဖြစ်တဲ့ ချင်း၊ ကချင်၊ ကရင်၊ ရှမ်းအစရှိတဲ့ သည့်တိုင်းရင်းသားတွေဟာ ဗိုလ်ချုပ်ကို ယုံကြည်တယ်၊ အားကိုးဘယ်၊ ကြည်ညိုတယ်ဆိုတာ အထင် အရှား တွေ့ခဲ့တယ်။ ဘာမျှ အထူး ပြောနေ စရာ မလိုပါဘူး။ ယခုသည် လွှတ်တော် ထဲမှာ ရှိတဲ့ သွေးချင်း သားချင်းဖြစ်တဲ့ ရှမ်း၊ ကရင်၊ ကချင်၊ ချင်းအစရှိတဲ့ လူတွေရယ်၊ ခေါင်းဆောင်ကြီးတွေ၊ စော်ဘွား ကြီးတွေ၊ ကိုယ်စားလှယ် ကြီးတွေ၊ အမတ် ကြီးတွေ သည်မှာ ရှိပါတယ်။ ဟုတ်မှုဟုတ် သက်သေ ခံနေပါတယ်။ ဗမာပြည် လူထုကြီးကလည်း သည် အတိုင်းဘဲ မြို့မှအမတ်တွေ နယ်လူထုရဲ့ ကိုယ်စားလှယ်အမတ်တွေ တပြည်လုံးမှာရှိတဲ့ ကိုယ်စားလှယ်တွေ၊ သည်မှာလာဆုံတဲ့ သည်ပုဂ္ဂိုလ်တွေ အားလုံး အသိ ဖြစ်ပါတယ်။ အဲသည်တော့ ဗိုလ်ချုပ်ကို တနိုင်ငံလုံးမှာရှိတဲ့ ကလေး လူကြီးပါ မကျန် အကုန်လုံး အုံကြွပြီးတော့ အကြည်ညို ခံရတယ်ဆိုတာ ကျွန်တော်တို့တသက်မှာ တခါမျှမတွေ့ဘူး။ မတွေ့ဘူးတဲ့ အကြောင်း ကိုလည်း ဗိုလ်ချုပ်ဆီ သည်အတိုင်းဘဲ ကျွန်တော် ရေးလိုက် ပါတယ်။ နောက်ကိုအခွင့်အရေးရလျှင် လူထုကိုရော တိုင်းပြည်ကိုရော သည်အကြောင်းကို ထည့်ပြီး ပြောပြ ပါမည်။ ယခုခေတ်မှာ ဗိုလ်ချုပ်ရဲ့ အခြေအနေဟာ ဘယ်လောက်အထိ ဖြစ်နေသလဲဆိုလျှင်၊ ကျွန်တော်တို့ ဗမာရာဇဝင် နှစ်ပေါင်း ၂၀၀၀-ကျော်လောက်ရှိတဲ့ အထဲမှာ ၄ ကြိမ်လောက်သာ ပေါ်ဘူးသေးတယ်။ သည်လိုပေါ်ဘူးတဲ့ အဖြစ် အပျက် မျိုးဟာ ယခု ဗိုလ်ချုပ်ရဲ့ လက်ထက်မှာ လာဖြစ်တယ်။ ဘယ်လိုလဲဆိုလျှင် အမှတ်မင်းများ အားလုံး သိတဲ့အတိုင်းဘဲ။ ဗမာ့ရာဇဝင်ကို ပြန်ကြည့်လျှင် ဟိုကတမင်း၊ သည်ကတမင်း၊ ဟိုကတဗိုလ်၊ သည်ကတဗိုလ်၊ ရွာကလေးတရွာနှင့် တရွာလည်း လူစွမ်းကောင်းလုပ်နေ တယ်။ ဘယ်တော့မျှ တနိုင်ငံလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိခဲ့တာမဟုတ်ဘူး။ မြန်မာပြည်ကို စည်းစည်း လုံးလုံးညီညီညွတ်ညွတ်နှင့် လုပ်နိုင်တာ ဗမာရာဇဝင်ပြန်ကြည့် လျှင်၊ အနော်ရထာမင်းစော လက်ထက်မှာတကြိမ်၊ ဘုရင့်နောင် လက်ထက်မှာတကြိမ်၊ အလောင်းဘုရား လက်ထက်မှာတကြိမ်၊ ဆင်ဖြူရှင် လက်ထက်မှာတကြိမ်၊ အဲသည် လေးကြိမ်ဘဲ။ ဗမာနိုင်ငံ တနိုင်ငံလုံးကို စည်းစည်းလုံးလုံးနှင့် လုပ်နိုင်တာကို ကျွန်တော် တွေ့ရတယ်။ ယခု ဗိုလ်ချုပ်ခေတ်မှာဆိုလျှင်၊ သည်တခေတ်လည်း လေးကြိမ်လိုဘဲ။ တနိုင်ငံလုံးမှာ လူကြီးရော ကလေးရော စည်းလုံးအောင် လုပ်သွားနိုင်တယ်ဆိုတာ ကျွန်တော်တို့ တွေ့ရတယ်။ တာပဿယင်အရှားဖြစ်တယ် သည်အကြောင်းနှင့် ပတ်သက်ပြီး ကျွန်တော် တခုပြောရမည်ဆိုလျှင်၊ ဂျပန်လက်ထက်တုန်းက အင်မတန် အသိဉာဏ်နည်းတဲ့ လူငယ်

တစ်ခုဟာ အင်္ဂလိပ်ကိုမောင်းထုတ်ပြီးတော့၊ ကရင်ဘဲ ရှိတယ် ဆိုပြီး ရှာတွေ မီးနှင့်ရှို့ အဲသည်လိုဟာတွေ။ မတော်မတရား ကိစ္စတွေ သည်လိုလုပ်တဲ့ အတွက် ကရင်တွေက ဗမာတွေ အပေါ်ကို စိတ်နာပြီး၊ ကရင်-ဗမာ အဓိကရုဏ်း မြစ်ဝ ကျွန်းပေါ်မှာ အတော် ဖြစ်ခဲ့တယ်။ အဲသည်လို ဖြစ်တဲ့ ကိစ္စကို အမှန်စင်စစ် ဟိုအချိန် အခါ တုန်းက နိုင်နိုင် နင်းနင်းနှင့် ကရင်-ဗမာ ချစ်ကြည်ရေးကို ရအောင် မလုပ်နိုင်လျှင်၊ မီးဟာ သည်အချိန် အထိ လောင်နေမှာဘဲ။ ယခုလိုအခါမှာ ကရင် ကိုယ်စားလှယ်တွေနှင့် ကျွန်တော်တို့နှင့် တိုင်းပြည်ပြု လွှတ်တော် ထဲမှာ ရှင်ရှင်ပျပျ ညီရင်း အစ်ကိုလို ချစ်ချစ် ခင်ခင် တွေ့ဆုံဘို့ အခြေအနေတွေရှိနိုင်မည် မဟုတ်ဘူးဆိုတာ ဟိုအခါက ကရင်-ဗမာ အဓိကရုဏ်း ကရင် ဗမာ စိတ်နာကြည်းနေတဲ့ အခါကနေပြီး၊ ကရင်-ဗမာ ချစ်ကြည်ရေး၊ ကရင်-ဗမာ နားလည်ရေး ဆိုတာကို ရောက်အောင် ဗမာတွေ ဘက်ကနေပြီး၊ မားမား မတ်မတ် လုပ်ခဲ့တာဘယ်သူလဲဆိုလျှင် ဗိုလ်ချုပ်ဖြစ်ခဲ့ တဲ့အကြောင်း။ကရင်ကိုယ်စားလှယ်ကြီးတွေ၊ ခေါင်းဆောင်ကြီးတွေကသည်မှာ အတည့်အလင်းဝန်ခံပါလိမ့်မည်၊ ဗိုလ်ချုပ်နှင့်ပတ်သက် ပြီးကျွန်တော်ရေးတဲ့ (ငါးနှစ်ရာသီ ဗမာပြည်) ဆိုတဲ့စာအုပ်မှာ ဗိုလ်ချုပ်နှင့်ပတ်သက်ပြီး တော့ရေးထားတာက ဘယ်လိုရေးထားသလဲဆိုလျှင် ဗိုလ်ချုပ်ဟာ သံလိုက်နှင့် တူတယ်၊ သူနှင့်တွေ့တဲ့ အခါမှာဆိုလျှင်၊ တွေ့တဲ့လူဟာ မေတ္တာတွေ၊ စေတနာတွေ၊ ကရုဏာတွေ ပိုလာတယ်။ သူ့ကိုမကြည်ညိုတဲ့လူ မရှိသလောက် ဖြစ်နေတယ်။ သူ့ကို ပုံအပ် ချင်တဲ့ စိတ်တွေ၊ ကြည်ညိုချင်တဲ့စိတ်တွေ တဖွားဖွားပေါ်လာတယ်။ သူနှင့် တွေ့တဲ့ အခါမှာ စေတနာတွေ၊ မေတ္တာတွေ၊ ကရုဏာတွေ ပုံအပ် ချင်တဲ့ စိတ်တွေ၊ ယုံကြည် ချင်တဲ့ စိတ်တွေ ပေါ်လာတာဘဲလို့ ကျွန်တော်ရေးထားပါတယ်။ဟိုအခါတုန်းက အင်မတန်ကို ခံရပြီးတော့ အင်မတန်စိတ်နာနေတဲ့ ကရင်လူထုကြီးနှင့် ကရင်ခေါင်းဆောင်ကြီးများနှင့် ဗိုလ်ချုပ်ဟာ တွေ့လိုက်တဲ့အခါမှာ၊ ဗမာလူငယ်တချို့ဟာ အင်မတန်ဘဲ အမြော်အမြင် နည်းပြီး ယုတ်မာ ညစ်ညမ်း သော်လည်း ဗမာ ထဲမှာဖြင့်၊ ကျွန်တော်တို့ ကရင်များ ယုံကြည် ထိုက်တဲ့ ပုဂ္ဂိုလ် ခေါင်းဆောင် ဟာဖြင့် သည်မှာ ရှိပါ သေးသလား ဆိုပြီး။ ဗိုလ်ချုပ်နှင့် စကား ပြောရ တာနှင့် သူတို့မှာရှိတဲ့ စိတ်ခုတ် အကုန်လုံး ပြေပျောက်ပြီး ကရင်-ဗမာချစ်ကြည်ရေး၊ ကရင်-ဗမာ ညွှန်ပေါင်းရေး ပေါ်လာတယ်။ သည် အခါက စပြီး ကရင် ဗမာချစ်ကြည်ရေး အစွန်မြစ် ချလိုက်တာ ဘယ်လောက်အထိ နိုင်မြဲသွားသလဲ ဆိုလျှင်၊ ဖက်ဆစ်ဂျပန်ကို တော်လှန်တဲ့အခါမှာ၊ ကရင်-ဗမာချစ်ကြည်ရေးသာ ဗိုလ်ချုပ် ကိုယ်တိုင် ခေါင်းဆောင်ပြီး၊ ဟိုအခါတုန်းက လုပ်လို့ မရခဲ့လျှင် တော်လှန်ရေး ဖြစ်ဘို့ အတော်ခဲယဉ်းပါတယ်။ ဗိုလ်ချုပ်ခေါင်းဆောင်ပြီး ကရင်-ဗမာချစ်ကြည်ရေးကိုလုပ်သွား တဲ့အတွက် ဖက်ဆစ်ဂျပန်ကို တော်လှန်တဲ့ အခါမှာ၊ ကရင်-ဗမာအကုန် တညီတညွတ် တည်း အလုံးတခုတည်းကိုကိုင်ပြီးတော့ တိုက်ခိုက်ခဲ့တဲ့ အတွက် မြှင့်မြှင့်ဆိုင်ဆိုင်ကြီး ဖြစ်ခဲ့ တာကျွန်တော်တို့ အထင်အရှားတွေ့ရပါတယ်။နောက်ပြီးတော့ လွှတ်တော်ထဲမှာဆိုလျှင် သွေးချင်း သားချင်းတွေ ညီရင်းအစ်ကိုမက ချင်း၊ ကချင်၊ ကရင်၊ ရှမ်း အစရှိတဲ့ သည်လို ကိုယ်စားလှယ် ကြီးတွေ အများ အပြား ရောက် နေတယ်။ သည်လို ရောက်နေတဲ့

အကြောင်းဟာ၊ဘယ်သူက ဘာဘဲပြောပြော အတွင်းရေးအပြင်ရေးကို ကောင်းကောင်း သိတဲ့လူတယောက်အနေနှင့် တည့်တည့် လင်းလင်း ပြောချင်တာတခုရှိတယ်။ဘာလဲဆို လျှင်ဖြင့်သည်ကိုယ်စားလှယ်ကြီးတွေ သည်ထဲမှာ စိတ်ချယုံကြည်စွာနှင့် ထောက်ခံခဲ့တဲ့ အကြောင်းတွေဟာ ၉၅ ရာခိုင်နှုန်းဟာ ဗိုလ်ချုပ်ကို ကြည်ညိုလို့ ယုံကြည် စိတ်ချလို့ ထောက်ခံတယ်ဆိုတာ မလွဲဘူးလို့ ကျွန်တော် တည့်တည့်လင်းလင်းပြောပါတယ်။ ယခု ဗိုလ်ချုပ်ဟာ မသမ ာရန်သူတွေရဲ့ လက်ချက်နှင့် ကျဆုံးသွားတယ်။ အဲသည်လိုကျဆုံး သွားတာတောင်မှ ဗိုလ်ချုပ်ဟာ တိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်လျက် ပါဘဲဆိုတာ သတိချပ်စေ ချင်ပါတယ်။ ဘယ်လိုတိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်နေသလဲဆိုလျှင်ဖြင့် ဖ-ဆ-ပ-လ-ကို အတိုက်အခံ လုပ်နေ့တဲ့လူတွေ၊ အတိုက်အခံ လုပ်နေတဲ့ ဂိုဏ်းသား တွေရဲ့ စိတ်ဓာတ်တွေဟာ၊ ဗိုလ်ချုပ် အနိစ္စ ရောက်သွားတယ် ဆိုတာကို အကြောင်း ပြုပြီးတော့ ဗိုလ်ချုပ်အပေါ်မှာ စေတနာ၊ မေတ္တာ၊ ကရုဏာသက်လာပြီးတော့သည်စိတ် ဓာတ်မျိုးတွေ ၉၅/ ၉၉ ရာခိုင်နှုန်းလောက်အထိ၊ ဗမာပြည်မှာ ပပျောက်နေတယ်ဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့ သိရပါတယ်။ယခုအခါမှာဆိုလျှင် ဗိုလ်ချုပ်ရဲ့ အတွက်ကြောင့် ဗိုလ်ချုပ်အပေါ်မှာထားရှိတဲ့မေတ္တာတွေ၊ ကရုဏာတွေကြောင့် ဗိုလ်ချုပ်ခေါင်းဆောင် သွားတဲ့ ဖ-ဆ-ပ-လ နောက်မှာရှိတဲ့ အင်အားများဟာ၊ ဆထက်တံပိုးတိုးပြီးများလာ တယ်ဆိုတာ ထင်ထင်ရှား ရှား တွေ့တဲ့အခါမှာ၊ ဗိုလ်ချုပ်အသက်ရှင်စဉ် အခါကနေပြီး အသက်သေဆုံးသွားတဲ့ အခါတောင်မှ ဗမာပြည်ရဲ့ လူထုအကျိုး၊တိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက် နေပါသေးတယ်ဆိုတာ ကျွန်တော်တို့ ထင်ထင်ရှားရှား တွေ့ရပါတယ်။

တာပေမည့် ကျွန်တော်တို့ အင်မတန်ဝမ်းနဲစရာကောင်းတဲ့ အချက်တခုက ဘာလဲ ဆိုလျှင်၊ကျွန်တော်တို့ ခေါင်းဆောင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်ဟာ သူလုပ်သွားတဲ့အလုပ်ကြီး ပြီးခါနီး၊ ပန်းတိုင်ရောက်ခါနီး ဖြစ်နေတာကို သူကိုယ်တိုင် မတွေ့ရဘဲ။ မသမာတဲ့ရန်သူ တွေရဲ့လက်ချက်နှင့် ကျဆုံးသွားတာ အင်မတန်အသည်းနာစရာကောင်းပါတယ်။အမှန် စင်စစ်ပြောရမည်ဆိုလျှင်၊ တိုင်းပြည်ကြီးတာဝန်ကို ဗိုလ်ချုပ်မရှိတဲ့နောက်၊ ကျွန်တော်တို့ တတွေ ထမ်းမထားဘူး။ လုပ်ချင်တာ လုပ်နိုင်တဲ့ အခြေ အနေမျိုး ထိပ်ရောက် နေမည် ဆိုလျှင်၊ သည်အချိန်၊ သည်အခါဟာ ဘာတွေဖြစ်နေမည်ဆိုတာ မတွေးရဲ၊ မကြံစည်ရဲ လောက်အောင်ဖြစ်နေပါတယ်။ အမတ်မင်းများလည်း သိတော်မူကြတဲ့ အတိုင်း၊ သည် လောက်အထိ ဗိုလ်ချုပ်ဟာ သူ့အလုပ်ကို လုပ်ပြီး သွားတယ် ဆိုတာ မြင်မသွားရတဲ့ အတွက်၊ သူရတဲ့လမ်းစဉ်ဟာ ပန်းတိုင် ရောက်သွားတာ မြင်မသွားရဘဲ၊ မသမာတဲ့ ရန်သူ့လက်ချက်နှင့် ကျဆုံးသွားရတာကို ကျွန်တော်တို့ အင်မတန်နစ်နာစရာကောင်းတဲ့ အချက်ဖြစ်ပါတယ်။ အဲသည်တော့ ကျွန်တော်တို့ ဗိုလ်ချုပ်အပေါ်မှာ တကယ်သစ္စာရှိတယ်၊ တကယ်ကျေးဇူးဆပ်ချင်တယ်၊ တကယ်တိုင်းပြည်လူထုအတွက် လုပ်ချင်တယ်၊ ကျေးဇူး တွေပြန်ဆပ်ချင်တယ်ဆိုလျှင်၊ ကျွန်တော်တို့ရဲ့ရှေ့မှာ လမ်းတလမ်းတည်းရှိတယ်။ ဘာလဲ ဆိုလျှင် စည်းစည်း လုံးလုံး ညီညီ ညွတ်ညွတ်နှင့် ဗိုလ်ချုပ် ရှိစဉ် အခါ တုန်းကထက် ဆထက်တံပိုးတိုးပြီး၊ ကျွန်တော်တို့တတွေဟာ ဗိုလ်ချုပ်ချသွားတဲ့ ရည်မှန်း ထားတဲ့



ဗိုလ်ချုပ် အောင်ဆန်း ဘိလပ်သို့အရောက်တွေ့မြင်ရပုံ၊


(ဗိုလ်ချုပ် နေ့နေ့ စာစောင်မှ ကျေးဇူးပြုသည်။)



ဖ ဆ ပ လ ဥက္ကဋ္ဌ ဗိုလ်ချုပ် အောင်ဆန်း ကိုင်းပြည်ပြုလွှတ်တော်သို့ မတက်ရောက်မီ လူထုအစည်းအဝေးပွဲ၌ တရားဟောပြောနေပုံ

အမျိုးသား ဘလောက်ပိုက်မှ လှူသည်။

တခါမှ ဖေါ်မပြဘူးသည့် ဓါတ်ပုံကို ဓါတ်ပုံသတင်းထောက် ဦးလှဖေထံမှ ရရှိပါသည်။



၁၉၄၅ - ခုနှစ်၊ ပဉ္စမဆုံးအကြိမ် ပြည်လုံးကျွတ် ဖ-ဆ-ပ-လ ညီလာခံ သဘင်ကြီးကို ရွှေတိဂုံဘုရား အလယ်ပစ္စယံတွင်ကျင်းပခဲ့ရာ၊ ဖ-ဆ-ပ-လ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းအား ဖ-ဆ-ပ-လ- ရံပုံငွေ ၅-သိန်းအတွက်၊ ညီလာခံ အစည်းအဝေး တက်ရောက်သူများ၊ လူကိုယ်တိုင် ရွှေ, ငွေ, လက်ဝတ်, လက်စားများ လှူဒါန်း ခဲ့ကြ၏။ အမျိုးသမီး ကလေး တဦးက မိမိ၏ ရွှေဘယက် (လည်ဆွဲ) ကို စေတနာထက်သန်စွာ ရံပုံငွေအတွက် လှူဒါန်းသည့်ပုံ ဖြစ်ပါသည်။

(အမျိုးသား ဘလော့ဂ်တိုက်မှ ကျေးဇူးပြုသည်။)

လွတ်လပ်တဲ့ သမတ ဗမာနိုင်ငံထူထောင်ပြီးတဲ့နောက်၊ နှစ်ပေါင်းတရာ၊ နှစ်ရာစသည်ဖြင့် ကျွန်တော်တို့ တတွေ ညီညီ ညွတ်ညွတ်နှင့် ချီတက် သွားကြဖို့ ကျွန်တော် မြလေးလေး နက်နက် တောင်းပန်ပါတယ်။

\+ \+ \+ \+

ဦးကျော်ငြိမ်း။ (ပြည်-မြို့မ)။ ။ဥက္ကဋ္ဌကြီး ခင်ဗျား၊ သခင်နု တင်သွင်းသွားတဲ့ အဆိုကို ကျွန်တော် ထောက်ခံပါတယ်။ ကျွန်တော် ထောက်ခံရင်း ပြောရမည့် စကားက အားလုံးလွှတ်တော်အမတ်မင်းများ ဝမ်းနည်းနေတဲ့ အချိန်အခါမှာ၊ ကျွန်တော် ကိုယ်တိုင်လည်း စိတ်အင်မတန် ထိခိုက်နေတဲ့ အတွက် ကျွန်တော် အနည်းငယ်ဘဲ အစီရင်ခံလိုပါတယ်။ ရုတ်တရက်ကြည့်လိုက်လို့ရှိလျှင် ကျွန်တော့အတွက်မှာ ဆိုလို့ရှိလျှင်၊ ဥက္ကဋ္ဌကြီး ခင်ဗျား၊ ရုတ်တရက်ကျွန်တော်အတွက်မှာကြည့်လိုက်လို့ရှိလျှင်၊ အိပ်မက် မက်သလိုဖြစ်နေပါတယ်။ အလျင်တလလောက်ကဘဲ ပဌမဦးဆုံးအကြိမ်၊ ပဌမအပတ် အစည်းအဝေးမှာ ကျွန်တော်ရပ်နေတဲ့ နေရာမှာဘဲ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးဗိုလ်ချုပ်ဟာ၊ သည် ကျွန်တော်တို့ တိုင်းပြုပြည်ပြုလွှတ်တော်ကိစ္စတွေကို ခေါင်းဆောင်ပြီး ဆွေးနွေးရင်းနှင့် စကားပြောခဲ့ပါတယ်။ ကျွန်တော်ရပ်နေတဲ့ နေရာမှာဘဲ၊ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုဟာ အာပေါင်အာရင်း ခပ်သန်သန်နှင့် အဆိုတွေ တင်သွင်း ခဲ့ပါတယ်။ ကျွန်တော်ရပ်နေတဲ့ နေရာမှာဘဲ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးဖြစ်ခဲ့တဲ့ မန်းဘခိုင်ဟာ ကရင်ဗမာညီညွတ်ရေးနှင့် ပတ်သက်ပြီးတော့ သူယုံကြည်တဲ့ အချက်ကို စိတ်အားထက်ထက်သန်သန်နှင့် ဒေါပါပါ မာန်ပါပါနှင့် ပြောသွားခဲ့ပါတယ်။ ကျွန်တော်တို့ယခု ထိုင်နေတဲ့ ခုံတန်းမှာဘဲ၊ ကျွန်တော်တို့ထိုင်နေတဲ့ ခုံနေရာတွေမှာဘဲ၊ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုတဲ့ ကျွန်တော်တို့ရဲ့ ရဲဘော်ရဲမက်အမတ်မင်းများ၊ ခေါင်းဆောင် များတို့ဟာ ထိုင်ပြီးတော့ကာ သွားကြပါတယ်။ သည်နေ့ ဒုတိယအကြိမ်အခါ ဒုတိယအပတ် သည် အစည်းအဝေး ပြန်စတဲ့ အချိန်အခါမှာ သည်တိုင်းပြည်ရဲ့ အကျိုးအတွက် အသက်စွန့်သွားတဲ့ သည်ပုဂ္ဂိုလ်ကြီးတွေ မရှိတော့ဘဲနှင့်သည်ပုဂ္ဂိုလ်ကြီးတွေရဲ့ အကြောင်း၊ သည် ပုဂ္ဂိုလ်ကြီးတွေရဲ့ ဂုဏ်ပုဒ်ကိုချီးကျူးရင်းနှင့် သည်ပုဂ္ဂိုလ်ကြီးတွေသေဆုံးတဲ့ အချက်ကို ဝမ်းနည်းတယ်ဆိုပြီး ကျွန်တော်တို့ စဉ်းစားပြီးတော့ အဆိုကိုတင်သွင်းနေရတဲ့ အခါမှာ အိပ်မက်များ မက်နေလေရော့ သလားလို့ စိတ်ထဲက ထင်မိပါတယ်။ ကျွန်တော် ထင်မိသလိုဘဲ ဥက္ကဋ္ဌကြီးနှင့်တကွ အမတ်မင်းများအားလုံးလည်း ထင်မိလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ကမ္ဘာ့ရာဇဝင်မှာ ကြည့်လို့ရှိလျှင် အခြားတိုင်းပြည်ကြီးတွေ မှာလည်း တိုင်းပြည်ရဲ့အကျိုးအတွက် အသက်စွန့်ပြီးတော့ ဆောင်ရွက်နေရင်းမှာ မိမိရဲ့ ရည်ရွယ်ချက်အောင်မြင်ခါနီးမှာ ဒုက္ခအမျိုးမျိုး၊ ဘေးရန်အမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုး လွတ်လာပြီးမှ မမြော်လင့်တဲ့ နေရာက မမြော်လင့်တဲ့ ရန်သူက မမြော်လင့်တဲ့ လုပ်ယုတ်မာ လူဆိုးတွေက ပစ်သတ်လို့သေရတဲ့ ထုံးတမ်းတွေရှိပါတယ်။ ကျွန်တော်တို့ အမေရိကန်ပြည်မှာ ဆိုလို့ရှိလျှင် တောင်ပိုင်းနှင့် မြောက်ပိုင်းနဲ့ပြီးတော့ အမေရိကန်ပြည်ကြီးဟာ၊ အစိပ်စိပ် အမြွာမြွာ ဖြစ်တော့မည့်အချိန်အခါမျိုးမှာ၊ အစိပ်စိပ်အမြွာမြွာမဖြစ်အောင် ပြည်တွင်းစစ်

N.P,W.—191-28,10000

ဖြစ်သလောက် ဖြစ်ရပြီးတော့၊ အမေရိကန်ပြည်ကြီး အစိုးစိုးအမြဲမြဲ မဖြစ်အောင် ကြိုးပမ်းပြီး အောင်မြင်ခါနီးမှာ၊ အောင်မြင်ခါစမှာ အီဘရာဟင်လင်ကွန်းဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ၊ ရုတ်တရက် ရှောင်တခင် လူမသမာတဦးရဲ့ သတ်ပစ်ခြင်းကိုခံရပါတယ်။ အဲသည်လိုပုဂ္ဂိုလ်ကြီး ကျဆုံးတဲ့အတွက် အမေရိကန်ပြည်ကြီးက အများကြီး နစ်နာခဲ့ပါတယ်။ နောက်တခါ ၁၉၂၂-ခုနှစ်လောက်မှာ နှစ်ပေါင်းများစွာ မိမိတို့ကို ကျွန်လုပ်လာခဲ့တဲ့ အင်္ဂလိပ်နှင့် စစ်ကိုတိုက်ရင်းနှင့် လပေါင်းများစွာ အင်္ဂလိပ်ကိုသူပုန်ထရင်းနှင့် အင်္ဂလိပ် ခြောင်းပစ်တဲ့ သေနပ်၊ အင်္ဂလိပ်အစိုးရကလိုက်ဘမ်းတဲ့ ကျိုးကွင်းတွေအမျိုးမျိုးလွတ်လာပြီးမှ နောက်ဆုံး အင်္ဂလိပ်နယ်ချဲ့စံနစ် နယ်ချဲ့အစိုးရက ထိုအချိန်အခါက လွတ်လပ်ရေး မပေးလျှင်မနေနိုင်တဲ့ အခြေအနေဖြစ်ပြီးတော့- အိုင်ယာလံပြည်ကို လွတ်လပ်ရေး ပေးရတဲ့အခြေအနေ၊ အိုင်ယာလံကို လွတ်လပ်ရေးပေးတဲ့ စာချုပ်ကို ချုပ်ပြီးတဲ့ အချိန်အခါမှာ၊ ရုတ်တရက် ရှောင်တခင် တဘက်ရန်သူရဲ့ လက်ချက်နှင့် မသေရဘဲနှင့် မိမိတို့တိုင်းရင်းသား သစ္စာဖေါက် လူယုတ်မာတချို့တို့၏ သေနတ်နှင့် ရုတ်တရက် သေသွားရတဲ့ မိုက်ကယ်ကောလင်းဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေလည်း ရှိခဲ့ပါတယ်။ မိုက်ကယ်ကောလင်း သေတဲ့အတွက်ကြောင့် အိုင်ယာလံပြည်တပြည်လုံးမှာ၊ ကြိမ်မီးအုံးသလိုဘဲ စိတ်သောက အများကြီး ရောက်ခဲ့ပါတယ်။ အများကြီးဆုံးရှုံး နစ်နာခြင်း ဖြစ်ခဲ့ပါတယ်။ အဲသည်လို အမေရိကန်ပြည်မှာ အီဘရာဟင် လင်ကွန်း သေတဲ့အတွက် နစ်နာခဲ့တာတွေ၊ အိုင်ယာလံပြည်မှာ လွတ်လပ်ရေး ပန်းတိုင်ကို ရပြီးလို့ လွတ်လပ်ရေးနှင့် တိုင်းပြည် တည်ဆောက်ခါနီးမှာ ခေါင်းဆောင်ကြီး မိုက်ကယ်ကောလင်း သေရတဲ့ အချက်တွေဟာ အဲသည်လို သေခဲ့ရတာလို သူတို့တိုင်းပြည်ကနစ်နာတာတွေဟာ ကျွန်တော်တို့တိုင်းပြည်မှာယခုလို ရုတ်တရက်ရှောင်တခင် ခေါင်းဆောင်ကြီး တဦးတည်းမဟုတ်ဘဲနှင့် ခေါင်းဆောင်ကြီး အမြောက်အမြား ရာဇဝင်မှာမကြားစဘူး၊ မမြင်စဘူး ရက်ရက် စက်စက် အသေခံရတဲ့အတွက် ကျွန်တော်တို့တိုင်းပြည် ဘယ်လောက် နစ်နာတယ်ဆိုတာ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ အမတ်မင်းများ သာမက တပြည်လုံး၊ တနိုင်ငံလုံး၊ တကမ္ဘာလုံးက အသိဖြစ်ပါတယ်။ ယခုလို ကျွန်တော်တို့ ဆုံးရှုံးနစ်နာ ရတာဟာ၊ ရုတ်တရက်ရှောင်တခင်အားဖြင့် သည်လိုဖြစ်ရတာဟာ၊ သဝဏ်လွှာစာတစောင်မှာ ပါတဲ့ အတိုင်းဘဲ၊ မိုးကြိုးပစ်လိုက်သလားလို့ ကျွန်တော် အောက်မေ့ပါတယ်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း အမှူးရှိတဲ့ ကွယ်လွန်သွားတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ အကြောင်းကို ပိုပြီးတော့သိရှိတဲ့ ပိုပြီးတော့ရင်းရင်းနှီးနှီးနှင့် လုပ်ခဲ့ဘူးတဲ့ လူတွေအတွက်မှာ သာပြီးတော့ စိတ်ထိခိုက်စရာရှိပါတယ်။ ယခုဥက္ကဋ္ဌမင်းကအစ ကြွရောက်လာတဲ့ အမတ်တွေအားလုံးဘဲ ရင်းရင်းနှီးနှီးနှင့် ကျွန်တော်တို့ ခေါင်းဆောင်ကြီးတွေရဲ့ နောက်မှ လိုက်ပြီးတော့ကာ တိုင်းပြည်ရဲ့အကျိုး၊ တိုင်းပြည်ရဲ့လွတ်လပ်ရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်ခဲ့ရပါတယ်။ အဲသည်လို ဆောင်ရွက်ခဲ့ရတဲ့အထဲမှာ ပိုပြီးတော့ ရင်းရင်း နှီးနှီးနဲ့ ပိုပြီးတော့ ဒုက္ခအမျိုးမျိုးကို အောင်မြင်အောင် အတူတူ ဒုက္ခအမျိုးမျိုးကို ခံခဲ့ရတဲ့ လူတွေက ပိုပြီးတော့စိတ်ထိခိုက်ပါတယ်။ အဲသည်လို ပိုပြီးတော့စိတ်ထိခိုက်တဲ့ လူတွေ

ထဲမှာ ကျွန်တော်လည်းတယောက်အပါအဝင်ဘဲလို့ထင်ပါတယ်။ကျွန်တော်တို့ကျဆုံးတဲ့ ပုဂ္ဂိုလ်ကြီးတွေ အကြောင်းကို သခင်နုကလည်း တနာရီ မိနစ်သုံးဆယ် ကျော်ကျော် အတော်ဘဲစိတ်ထဲမှာထိခိုက်တဲ့အတိုင်း ပြောသွားပါပြီ။ ကျွန်တော်ကလည်း ကျွန်တော် စိတ်ထဲမှာ ပေါ်လာတာကို ကျွန်တော်ပြောနိုင်သလောက် တတ်နိုင်သလောက် ပြောချင် တယ်။ ပြောချင်တာတွေ အများကြီးရှိပါတယ်။ ကျွန်တော်ပြောလို့ မရဘူး။ ယခုတော့ မြန်မာတပြည်လုံးတွင်မကဘဲ တကမ္ဘာလုံးက ချီးကျူးနေရတဲ့ ကျွန်တော်တို့ရဲ့ ခေါင်း ဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ခုတင်က အဆိုတင်သွင်း သွားတဲ့ပုဂ္ဂိုလ် သခင်နု ပြောတဲ့အတိုင်းဘဲ ကျွန်တော့အတွက်မှာဆိုလို့ရှိလျှင် အမျိုးမျိုးသိခဲ့ပါတယ်။တက္ကသိုလ် ကျောင်းမှာ ကျောင်းနေဘက် အဖြစ်နှင့် ဟိုအချိန်အခါက နိုင်ငံရေး ဝါသနာ ပါတဲ့ လူအချင်းချင်း၊ နိုင်ငံရေးလုပ်ကြတဲ့ လူအချင်းချင်း စာဘတ်ကြတဲ့ လူအချင်းချင်း ကျွန်တော်သိရှိခဲ့ပါတယ်။မိတ်ဆွေအဖြစ်နှင့်သိရှိခဲ့ပါတယ်။

နောက်တချက် ကျွန်တော်တို့ဗိုလ်ချုပ်အောင်ဆန်းဟာကျောင်းသားခေါင်းဆောင် ဘဝကနေပြီး၊ သခင်ခေါင်းဆောင် တဦးအဖြစ်နှင့် ဆောင်ရွက်တဲ့အခါကျတော့လည်း၊ ကျွန်တော်သူ့ကို လေးစားခဲ့ပါတယ်။ အဲသည်နောက်မှ တခါ အသက်ကိုစွန့်ပြီးတော့ အင်္ဂလိပ်နှင့်ဂျပန်စစ်ဖြစ်တဲ့အခါမှာ၊လွတ်လပ်ရေးဟာထောင်ကျရုံနှင့် အင်္ဂလိပ်ကို ဆဲရုံ နှင့်မရဘူး။ဘိုက်မှရမည်ဟုပြီးတော့ကာ၊ ကြံစည်ပြီးတော့ သက်ဆိုင်ရာသက်ဆိုင်ကြောင်း စပ်မိရာစပ်မိကြောင်း၊ယုံကြည်ရာ ယုံကြည်ကြောင်း၊လူ ၄-၅-၁၀ ယောက်လောက်တိုင် ပင်ပြီး ငါတို့တော့ထချ‌ဘဲဆိုပြီး ကြံစည်ကြတုန်းမှာ ကျွန်တော်သိရှိရပါတယ်။ သည်အ ချိန်အခါတုန်းကဆိုလို့ရှိလျှင်၊တော်တော့လူတွေဆိုလို့ရှိလျှင် သူပုန်ထဘို့ အိပ်မက်တောင် မမက်ရဲပါဘူး။ ကျွန်တော်တို့ ဗမာလူမျိုး.တွဆိုလျှင် လက်နက်ဆိုလို့ ထားမတိုတချောင်း ထက်ပိုပြီး မရှိပါဘူး။ သည့်သောက်တောင် လေယာဉ်ပျံတပ်၊ အမြောက်တပ်၊ စက်သေ နတ်တပ်တွေများတဲ့ အင်္ဂလိပ်အစိုးရကို ဟိုအချိန်အခါတုန်းက လက်နက်ဘာမျှမရှိဘဲနှင့် သူပုန်ထဘို့ ကြံစည်ရဲတဲ့လူ၊ သူပုန်ထဘို့ စိတ်ဓါတ်ကြီးဖြစ်လာအောင် ဆောင်ရွက်ရဲတဲ့ လူဟာ အင်မတန်ရှားပါတယ်။ အဲသည်လို ဆောင်ရွက်ဘို့၊ သူပုန်ထဘို့၊ တိုင်းပြည် အတွက် သေချင် သေပေစေဟုပြီး ထပြီး တိုက်ဘို့အကြံဉာဏ်ပေးတာ၊ ကျန်တဲ့သူတွေကို အားပေးတာ၊ သတ္တိမရှိတဲ့လူတွေကို သတ္တိရှိလာအောင်လုပ်ရဲတာ၊မသေရဲတဲ့လူတွေကို သေရဲအောင်လုပ်ရဲတာ၊ ဟိုအချိန်အခါတုန်းက သည်လို ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ဟာ ကျွန်တော်တို့ ဗိုလ်ချုပ်အောင်ဆန် ဖြစ်ပါတယ်။သူရဲ့ဂုဏ်ပုဒ်တွေကိုတော့ကာ၊သခင်နုလဲ အများကြီး ပြောသွားပါပြီ။ ကျွန်တော်တို့ ကျဆုံးသွားတဲ့ ခေါင်းဆောင်ကြီးဟာ ကျောင်းသားဘဝကတည်းကိုကဘဲ လူများနှင့်မတူဘူး။တွေ့ကာဇမှာဆိုလို့ရှိလျှင်။သူ့ကို မသိတဲ့ကျောင်းသား၊ သူခေါင်းဆောင်မဖြစ်ခင်က ကျန်တဲ့ အတူတူ အလုပ်လုပ်ဘက် ကျောင်းသားတွေက ကျွန်တော်မှတ်မိသလောက်၊ သူ့တို့တွေ့ခြင်း သိပ်ပြီး သဘော မကျကြဘူး။ သည်လူဟာ လူထူးလူဆန်းတယောက်ဆိုပြီး စကားပြောလျှင်လည်း သူပြန် ပြောချင်မှ ပြောတယ်။ ခေါ်လျှင်လည်း ပြန်ခေါ်ချင်မှ ခေါ်တယ်။ သူပြောတော့လည်း

သူပြောချင်တာသာပြောပြီး ပြန်သွားတယ်။ အဲသည်လိုဖြစ်နေတယ်။ အဲသည်လိုဖြစ်နေပြီး သူရဲ့ဂုဏ်ပုဒ်တွေကိုသိလာကြတဲ့အခါမှာ ၁၉၃၇-ခုနှစ်မှာ၊ ဗမာတပြည်လုံး ကျောင်းသားတွေကသော်လည်းကောင်း၊ တက္ကသိုလ်ကျောင်းသားတွေကသော်လည်းကောင်း၊ သမဂ္ဂဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ပါတယ်။ အဲသည်လိုကျောင်းသားခေါင်းဆောင်အဖြစ်နှင့် တည်သောင်ပြီး ဆောင်ရွက်ခဲ့တာတွေ များလေလေ၊ သူ့အစွမ်းအစတွေကို သိလာလေလေဘဲ။ စောစောတုန်းကတော့ သူလိုငါလိုဘဲ မိတ်ဆွေချင်း သဘောထားပြီး၊ သူလည်း မျိုးချစ်စိတ်ရှိတာဘဲ။ ငါလည်းမျိုးချစ်စိတ်ရှိတာဘဲ။ သူလည်းတိုင်းပြည်အတွက် ဆောင်ရွက်တာဘဲ။ ငါလည်း တိုင်းပြည်အတွက် ဆောင်ရွက်တာဘဲဆိုပြီး သူလိုငါလို သဘောထားကြတယ်။ နောက်ရင်းနှီးတဲ့မိတ်ဆွေတွေ။ သူငယ်ချင်းတွေက သည်ပုဂ္ဂိုလ်ဟာသာမန်လူမဟုတ်ဘူး။ ဒို့ရဲ့ခေါင်းဆောင် ဖြစ်ထိုက်ပါကလားဆိုပြီး၊ တဖြည်းဖြည်း တယောက်ကစ တရာဆိုသလို ကျောင်းသားအချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ သူငယ်ချင်းအချင်းချင်း၊ ခေါင်းဆောင် တင်ထိုက်တယ်ဆိုပြီး၊ တပြည်လုံး ကျောင်းသားတွေရဲ့ ခေါင်းဆောင်အဖြစ်တင်ခဲ့တယ်။ ယခုအခါမှာ တကမ္ဘာလုံးက ဗမာပြည်ရဲ့နှင်ယောက်မရှိဘဲ တဦးတည်းသော ခေါင်းဆောင်ဟူ၍ ဖြစ်လာတဲ့ အခြေအနေအထိ ရောက်လာပါတယ်။ ကျွန်တော်မှတ်မိသေးတယ်။ သည်စကားကို ယခုလို မြန်းကနဲ သေသွားတဲ့အခါမှာ သွားပြီး သတိရသေးတယ်။ ကျွန်တော်တို့ အင်္ဂလိပ်ကို သူပုန်ထမည်လို့ ရည်ရွယ်စဉ်တုန်းက၊ ပိုက်ဆံကလည်း တပြားမျှမရှိ၊ စားစရာကလည်းမရှိ၊ လက်နက်ဆိုလို့ ဝေးလို့၊ အဲသည်အထဲကနေပြီး နိုင်ငံခြားအကူအညီ ရအောင်ဆိုပြီး ရတဲ့နည်းနှင့် ရတဲ့သင်္ဘောနှင့်အသက်စွန့်ပြီး၊ ဘယ်တော့မျှ ရန်ကုန်အပြင်ဘက် တမိုင်နှစ်မိုင်တောင်မရောက်ဘူးတဲ့ပုဂ္ဂိုလ်ဟာ၊ နိုင်ငံခြားကိုစွန့်ပြီး ထွက်သွားတယ်။ နိုင်ငံခြားမှာလည်း ရန်သူတွေက အမျိုးမျိုးသတ်မယ်လို့ ကြံကြတယ်။ အဲသည်လိုကစပြီး ဗမာ့တပ်မတော်ကြီးဖြစ်အောင် တည်ထောင်လာတယ်။ ဗမာ့တပ်မတော်ကြီး ဖြစ်ပြန်တော့လည်း ဂျပန်တွေရဲ့ ညစ်ပတ်မလိမ်မာတဲ့ ဖက်ဆစ်စံနစ်ကြောင့်၊ ဂျပန်ကိုပြန်ချရတဲ့ အခြေအနေမျိုး ရောက်ပြန်တယ်။ အဲသည်အချိန်အခါတုန်းက ကျွန်တော်မှတ်မိသေးတယ်။ မနက်ဖြန်ကာကို ကျွန်တော်တို့ လူစုပြီး၊ သဘက်ခါကို ကျွန်တော်တို့ ဗမာပြည်တပြည်လုံးမှ ဂျပန်စစ်တပ်တွေကို တိုက်ဘို့ ကြံစည်တယ်။ သဘက်ခါလိုမှာ တိုက်ရအောင် မနက်ဖြန်မနက်လူစုခဲ့၍၊ သည်နေ့ ညနေလိုမှာ ကျွန်တော်တို့ နောက်ဆုံးတွေ့ကြတယ်။ ကျွန်တော်မှတ်မိသေးတယ်။ ဗမာ့တပ်မတော်ထဲမှာ စစ်ဗိုလ်မှူးတဦးဖြစ်နေတဲ့ ကရင်လူငယ်ခေါင်းဆောင်တဦးဖြစ်တဲ့ ကာနယ်စောကြာဒိုးလည်း ရှိတယ်။ ဗိုလ်ဇေယျလည်းရှိတယ်။ ခင်ဗျားတို့ကျုပ်တို့ မနက်ဖြန်ကာ ထွက်မယ်။ အခုနောက်ဆုံး နှုတ်ဆက်တာဘဲ၊ သည်တခါတော့ သေလျှင်လည်းသေ၊ မသေလျှင် ဗမာပြည်ကြီးလွတ်လပ်ဘို့ သေချာအောင်လုပ်ရမည်ဆိုပြီး မျက်နှာပြုံးပြုံးနှင့် ပြောသွားတယ်။ သည်အချိန်အခါတုန်းကမသေရဘဲ၊ ယခုလို အချိန်အခါမှမြန်းကနဲသေရတာ အင်မတန် စိတ်နာစရာကောင်းတယ်။ အင်အားကြီးတဲ့ တဘက်ရန်သူတွေကို အမျိုးမျိုး မလျှော့တဲ့လုံ့လ၊ အတိုင်းမသိတဲ့ စိတ်ဓါတ်အမျိုးမျိုးနှင့် တိုက်ပြီးတော့

သည်အမြောက်တွေကြား၊ ဗုန်းဆံတွေကြား၊သေနတ်တွေကြားထဲမှာ မသေတဲ့နှင့် ကိုယ့်နေရာဟောင်းဖြစ်ခဲ့တဲ့ နှစ်ပေါင်း ၅၀-ကျော် ၆၀-ဆုံးနေတဲ့ ကိုယ့်ခံတဲပ်ဟောင်းကိုကိုယ် ပြန်သိမ်းပြီးတော့ကာ၊ အောင်ပွဲခံခါနည်း အောင်လံလွှင့်ထူဘို့ ပြင်ဆင်နေတဲ့ အချိန်အခါမှာ ကိုယ့်လူမျိုးထဲက မမြော်လင့်တဲ့နေရာက၊ ယုတ်မာတဲ့သစ္စာဖေါက် သုံးလေးယောက်ကနေပြီး၊ လက်ပစ်ဗုန်းနှင့်ပစ်တဲ့အတွက် စစ်ဌာနချုပ်တခုလုံး Headquarters ပျက်သွားရတာ အင်မတန် စိတ်နာစရာကောင်းတယ်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်ပြီ တော့ ကျွန်တော်မှတ်မိသလောက်၊ ကျွန်တော်ပြောနိုင်သလောက်၊ ကျွန်တော် စိတ်နိုင်သ လောက် အစီရင်ခံငြီးပါပြီ။

---

အဖွဲ့အသင်းကိုယ်စားလည်များအဖြစ်ဗိုလ်မှူးအောင်၊သခင်တင် ကွန်မြူနစ်သခင်သန်းဖေ၊ ညောင်ရွှေစော်ဘွား၊ ဦးထွန်းမြင့် ဦးဝမ်ကိုဟော၊ ဆမားဒူဝါ ဆင်ဝါနောင်၊ စောစံဘိုးသင် ဒေါ်စောရွှေတို့ထောက်ခံပြောဆိုကြပါကြောင်း။ အချိန်မရ၍ မွန်ထွန်းရင်၊ ဦးစံထွန်းအောင်၊မစ္စတာရေးဗျူး၊ ဒေါ်ခင်လှ သခင်ချစ်မောင်၊သခင်လှကြွေတို့ မပြောဆိုခဲ့ကြရချေ။ ဝန်ကြီးချုပ်သခင်နုအဆိုကို လွှတ်တော်တခုလုံးရှိ အမတ်များနှင့်တကွ၊ လွှတ်တော် အရာရှိများ၊ ရုံးသားများပါ မကျန် အားလုံးသဘောတူ ထောက်ခံ အတည်ပြုလိုက်ကြပြီး၊ အစည်းအဝေးကို ရွှေ့ဆိုင်းရုပ်သိမ်းလိုက်ကြပါကြောင်း။ ထုတ်ဝေသူ။

## အခန်း ( ၄၁ )

ယခုအခါ ပြည်မြို့စာနယ်ဇင်းကိုယ်စားလှယ်လုပ်နေသော ကိုခင်မောင်သည်၊ ဗမာ့တပ်မတော်စစ်သားဘဝ၌ ဗိုလ်ချုပ်အားကိုယ်တိုင်တွေ့မြင်ရပုံ အဖြစ်အပျက်ကလေးကို တင်ပြလိုက်ပါကြောင်း။ ထုတ်ဝေသူ။

## ဗိုလ်ချုပ်စစ်သားတွေ့သက်ညှာပုံ။

ကျွန်တော် ဂျပန်ခေတ် ဗမာ့ခြေလျင် တပ်မတော် တပ်ရင်း အမှတ်-၂ - ဗိုလ်မှူးသူရ (ကွယ်လွန်သူ) တပ်ရင်း တပ်ခွဲ အမှတ်-၃-ဗိုလ်ကျော်ထွန်းတင် တပ်မှာ တာဝန်ယူနေစဉ်က ဖြစ်ပါသည်။ နေ့တွေ ရက်တွေ ကိုတော့ မမှတ်မိတော့ပါ ကျွန်တော်တို့တပ်ဟာ ဒီအချိန်က အလုံစခမ်း ရေခဲစက်အနီး (ယခုကရင်ဝန်း) ထဲမှာ နေရပါသည်။ ကျွန်တော်တို့တပ်ရဲ့အနီးမှာဘဲ၊ ဗမာ့တပ်မတော် စစ်ဆေးရုံကြီး ရှိပါသည်၊ ၎င်းဆေးရုံမှ လူနာရဲဘော်များမှာ ဆေးရုံတာဝန်မှူးများ အလစ်တွင် အပြင်ဘက်သို့ လယ်ခြင်း၊ တွေ့ကရာအစား အသောက်များ စားခြင်း များကို ပြုလုပ်နေသဖြင့် ဆေးရုံ တာဝန်မှူး များမှာ ရဲဘော်များကို ကြပ်မတ် စောင့်ထိန်းရန် အတွက် ကျွန်တော်ကတပ်ရင်းမှူးထံလာရောက် အကူအညီ တောင်းပါသည်။ များမကြာမီဘဲ တပ်ရင်းမှူး အမိန့်ဖြင့် တပ်ခွဲတိုင်း တပ်ခွဲတိုင်းမှ တနေ့စီဆေးရုံဂိတ်တွင် ကင်းရုံကလေး ဆောက်ခါ ကင်းတာဝန်ကို ယူကြရပါသည်။ တနေ့တော့ (နေ့, ရက်, လ) ကိုးတော့ မမှတ်မိတော့ပါ၊ ဗိုလ်ဦးဘာ တပ်စုတပ်ကြပ်ကလေး ကိုစံတင် တပ်စိပ်မှ ကင်းတာဝန်ယူရန် တပ်ခွဲမှူး အမိန့် ရောက်လာပါသည်။ အမိန့်ရောက်သည့် အချိန်မှစ၍ တပ်သား ၆-ယောက် ကျွန်တော်ပါ ပါပါသည် ကင်းဗိုလ်အဖြစ် တပ်ကြပ်ကလေး ကိုစံတင်ကဦးဆောင်ခါပဌမကင်းဟောင်းနှင့်လဲလှယ်၍ စောင့်ကြ ရပါသည်။ စောင့်ရပုံမှာ ရဲဘော် လူနာ ကလေးများ ခိုးထွက်လေ့ ရှိသောအပေါက်တွင် တယောက်ကို ၂-နာရီကျ စောင့်ကြရ၍ ယနေ့ညနေ ၆-နာရီမှ ကင်းတာဝန်ယူလျှင် မနက်ဖန် ၆-နာရီမှ ကင်းတာဝန်များ ကုန်ဆုံးပြီးလျှင် နောက်တပ်ခွဲ တခွဲမှ ကင်းတာဝန် လာရောက် လဲလှယ် ရပါသည်။ ကျွန်တော်တို့ကင်းစောင့်လို့ ညတညလွန်မြောက်၍ ကုန်ဆုံးကာနီးအချိန် ညနေ ၃-နာရီခန့်တွင် ကင်းစောင့်ရဲဘော်၏အချက်ပေးအော်သံတွင် အလံဝါကားလာပြီ။ (ဗိုလ်ချုပ်ကား) ကိုဆိုလိုသည်၊ ထိုအချိန်က စစ်ဝန်ကြီး (ဗိုလ်ချုပ်) ကားသာ အလံဝါစိုက်ရပါသည်။ ကင်းစောင့်ရဲဘော်၏ အချက်ပေးသံကြားလျှင် ကြားခြင်း ကျွန်တော်တို့ကင်းရုံတရုံလုံးမှာ ပြာလောင်ခတ်အောင်ပင်ပြင်ဆင်ရပါတော့သည်။ ကျွန်တော့မှာလည်း ထိုအချိန်က သာမန်ရဲဘော်ကလေးတယောက်သာဖြစ်၍ ဗိုလ်ချုပ်ကို နာမည်သာကြားဘူးပြီး တခါမှ မမြင်ဘူးပါ၊ ထိုကြောင့်ပင် ထိုအချိန်က အလွန်တွေ့ချင် မြင်ချင် နေပါသည်။ ထိုနည်းတူ အခြား ကင်းရုံထဲရှိ ရဲဘော် ကလေးများမှာလည်း ကျွန်တော်ကဲ့သို့ ဖြစ်နေကြောင်း ထိုနောက် ၎င်းတို့ ပြောပြမှပင် သိရပါသည်။ ပြာလောင်ခတ်အောင် ပြင်ဆင် နေရခြင်းမှာလည်း ဟိုစဉ် ဂျပန်ခေတ် ဗမာ့ တပ်မတော်

တုံးကဆိုလျှင် ဗိုလ်မှူးကခွဲလေးမှစ၍ ဗိုလ်ချုပ်အထိ လာလျှင်တန်းစီ၍ အလေးပြု ကြရပါသည်။ ကျွန်တော်တို့လည်း ကင်းရုံရှေ့တွင် တန်းစီ၍ ဗိုလ်ချုပ်ကားအလာကိုအလေးပြုရန် စောင့်ဆိုင်း အသင့်ပြင်ထား ပါတော့သည်။တပ်စိပ်မှူးကလည်း တောင့်တောင့်တင်းတင်း ရပ်၍ အလေးပြုကြရန် မမှားရန် သတိပေး နေပါသည်။ ကျွန်တော်တို့ပြင်ဆင်ပြီး၍ မကြာမီပင် ဗိုလ်ချုပ်ကား အလံဝါကြီး တလူလူနှင့် ကင်းပေါက်ဝ (ဘယ်ဘက်မှ ဝင်လာပါတော့သည်) ဝင်လာလာချင်း ကင်းဗိုလ်၏ သတိ-ဆိုသော အမိန့်သံနှင့်အတူ အားလုံး သတိ အနေအထား မလှုပ်မရှက် တူရူသို့ကြည့်ကာရပ်နေကြ၍ ကင်းဗိုလ်၏ နောက်ထပ် လာမည့်အမိန့်ကို စောင့်ဆိုင်း နေစဉ် အတွင်းပင် (ဗိုလ်ချုပ်ကိုအလေးပြုရန်ညာကြည့်) ဆိုသောအမိန့်နှင့်အတူ အချို့ကလည်း ညာဘက်ကင်းဗိုလ် အမိန့်အတိုင်းကြည့်၍ အချို့ကလည်း ဗိုလ်ချုပ်ဝင်လာသည့် ဘယ်ဘက်သို့ ကြည့်ကြ ပါသည်။ ကင်းဗိုလ် မှာလည်း ဗိုလ်ချုပ်ကို အလွန်ရိုသေပြီး အကြောက် လွန်သွား သောကြောင့်၊ အမိန့်ပေး လွဲသွားကြောင်းဖြစ်ပါသည်။ တချိန်တည်းပင် ဗိုလ်ချုပ် ကားကြီးသည် ကျွန်တော်တို့ တန်းစီနေသော ရှေ့တည့်တည့်တွင်ရပ်ခါ ကင်းဗိုလ်အားခေါ်၍ ဘယ်တပ်ရင်း ဘယ်တပ်ခွဲကလဲဟု မေးမြန်း မှတ်သား သွားပါသည်။ ကျွန်တော်တို့ ရဲဘော်ကလေးများ စိတ်တွင်ကား အလွန် ကြောက်လန့် နေပါတော့သည်၊ ကင်းတာဝန် ပြီးဆုံး၍ တပ်သို့ ပြန်ရောက်သော်လည်း မစားနိုင် မအိပ်နိုင်နှင့် ရဲဘော်ကလေးများမှာ ကျရောက် လာမည့် အပြစ်ကြီးကိုသာ စိတ်တထင့်ထင့် မျှော်မှန်း နေကြရ ပါတော့သည်။ နံက်လင်း၍ကျရောက်မည့် အပြစ်ဒဏ်ကို စောင့်မျှော် နေစဉ်ပင် တပ်စုမှူး ဗိုလ်ဦးဘာ အမိန့်ဖြင့် မနေ့က ဆေးရုံကင်းကြသော ရဲဘော် ကလေးများနှင့် တပ်စိတ်မှူးကို ခေါ်ခိုင်း လိုက်ကြောင်း ရဲဘော်ကလေးတယောက် လာပြောသဖြင့် စိတ်တထင့်ထင့်နှင့် တပ်ခွဲရုံးသို့ လိုက်ပါ သွားကြရပါတော့သည်။ တပ်ခွဲ ရုံးပေါ်သို့ ရောက်သည်နှင့် ပြုံးရွှင်စွာ တပ်စုမှူး ဗိုလ်ဦးဘာက ငါ့ရဲဘော်တွေ တော်တော်ရှော်သေးဒါဘဲ။ မင်းတို့အတွက်နဲ့ တပ်ရင်းမှူး (ဗိုလ်သူရ) ကွန်လွန်သူကို ဗိုလ်ချုပ်က ကြိမ်းသွားတယ်၊ ထိုအချိန် မှပင် ကျွန်တော်တို့ တတွေမှာ ပြုံးနိုင် ပါတော့သည်။ ဗိုလ်ချုပ်မှာ ရဲဘော် ကလေးတွေ အပေါ် ဒါလောက်တောင် ညှာပါလားဟု ရဲဘော် ကလေးများ စိတ်တွင် ဖြစ်ပေါ် နေကြောင်းကို ရဲဘော် ကလေးများ၏ မျက်နှာ အမူအရာ ပေါ်တွင် ပေါ်လွင် နေကြ သည်ကို မပြောဘဲ သိရပါသည်။ နောက် တပ်စုမှူးက ဆက်လက်၍ ဗိုလ်မှူးကတဆင့် ငါ့ကိုခေါ် ကြိမ်းဒါ ပေါ့ကွ-ရဲဘော် ကလေးတွေကိုတော့ခေါ်ပြီး ကြိမ်းလား မောင်းလားနဲ့ အပြစ်မပေးရဘူးလို့ ဗိုလ်ချုပ်က မှာသွားတယ်တဲ့၊ မှားဒါတွေသာ နောက်ဂရု စိုက်ကြကွာ ဆိုပြီး ပြန်လွှတ် လိုက်မှပင် ကျွန်တော်တို့မှာ သက်မကြီးတွေကို ပြိုင်တူချမိ ပါတော့သည်။

ခင်မောင် (ပြည်)။

## ဗိုလ်ချုပ်၏ ဇာတိဂုဏ် ဖြင့်ဆင်ချက်။

ဗိုလ်ချုပ်၏ ငမ်းကွဲညီအစ်ကိုတော်သော တက္ကသိုလ်ဆုမြှိုင်ရေးသော ဗိုလ်ချုပ်၏ ဇာတိဂုဏ် ဆောင်းပါးတွင်ပါရှိသည့်အမှားကို ဦးတင်လှ (လွှတ်တော် ရှေ့နေကြီး)က ဖြင့်ဆင် ရေးသား ပေးပို့လိုက်ပါသဖြင့်၊ ထည့်သွင်းဖော်ပြလိုက်ရပါကြောင်း။ (ထုတ်ဝေသူ)

ကျွန်တော်၏ ညီဖြစ်သူ တက္ကသိုလ် ဆုမြှိုင်က ဦးမင်းမောင်၏ အကြောင်းနှင့် ပတ်သက်၍ ရေးသားဖော်ပြရာတွင် ကျွန်တော်တို့၏ဘခင်ကြီး ဦးမင်းဇင် ပြောကြားချက်များနှင့် များစွာကွဲလွဲနေသည်ကိုတွေ့ရပါသည်။ ထိုကဲ့သို့ကွဲလွဲရခြင်းမှာလည်း ကျွန်တော်၏ညီ မောင်ဆုမြှိုင်က ငယ်ရွယ်သူဖြစ်၍ ဘခင်ကြီး၏စကားများကို နားရှင်းအောင် မကြားလိုက်ရ၍ ဖြစ်ဟန်တူပါသည်။

ဦးမင်းမောင်တွင် သမီး (၁) ခင်ခင်ကြီး။ (၂) ခင်မင်လေး။ (၃) သား-ခင်မောင်ကြီး။ (၄) ခင်မောင်ခွေးဟူ၍ လေးယောက်ရှိပါသည်၊ သုံးယောက်မဟုတ်ပါ။ ခင်ခင်ကြီးမှာ၎င်း၏သားမက်တော်သူ၊ ယခု တိုင်းပြည်ပြု လွှတ်တော်ကြီးတွင် ဥက္ကဋ္ဌရာထူးဖြင့် ဆောင်ရွက်နေသူ သတိုးသီရိသုဓမ္မဘွဲ့ရ ပျော်ဘွယ်ဦးမြအိမ်တွင် ယခုတိုင် နေထိုင်လျက်ရှိပါသည်။

ဦးမင်းမောင်သည်မင်းတုံးရှင်ဘုရင်ကြီးလက်ထက်တော်တွင်၁၂၃၀-ပြည့်နှစ်ကစ၍ အခွန်တော်စာရေးကြီး-ရွှေတိုက်စိုးရာထူးများနှင့် ထမ်းရွက်ရ၍ မဟာမင်းကျော်မင်းတင် ဟူသောဘွဲ့တံဆိပ် အပ်ပေးခြင်းခံယူရပါသည်။ ထို့နောက် ၁၂၄၀-ခု သီပေါမင်းတြား နန်းတက်တော်မူသောအခါ ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း သုံးမြို့ဝန်အဖြစ်နှင့် အမှုတော်ကို ထမ်းဆောင်ရပါသည်။ ထို့နောက် တောင်ငူ၊ ရမည်းသင်း နယ်များက အင်္ဂလိပ်မင်းတို့၏ နယ်စပ်နှင့် နီးကပ်၍နေသဖြင့် နိုင်ငံရေး ရှုတ်ထွေး၍ နေသောကြောင့် ၎င်းနယ် နှစ်နယ်တွင် နှစ်မြို့ဝန်အဖြစ် အမှုတော်ကို ထမ်းဆောင်ရသည့်အပြင် သေနတ်ဗိုလ်အဖြစ်နှင့်လည်း ထမ်းဆောင်ရပါသည်။ ထိုအခါ ဘွဲ့တော်မှာ နေမျိုးသတိုးသုမ္မောဘွဲ့တော်ကို သီပေါဘုရင်ကအပ်နှင်းတော်မူပါသည်။ အင်္ဂလိပ်မင်းများ အထက်မြန်မာနိုင်ငံတော်ကို သိမ်းပိုက်မိသည့်အခါ၊ ဦးမင်းမောင်၏ အစ်ကိုတော် ဦးမင်းရောင်အား သမတ ရွှေလရောင် ဟူသောဘွဲ့ကို နယ်သူ နယ်သားများက ချီးမြှင့်ပြီး ဗိုလ်တင်၍ တောင်တွင်းဘက်က ပုန်ကန်၍နေသဖြင့်၊ တောင်တွင်းမင်းကြီး အဖြစ်နှင့် ထမ်းရွက်ရန် ဦးမင်းမောင်အား အင်္ဂလိပ်မင်းတို့က ခန့်အပ်သည့်အခါ၊ နီးကပ်သောသူများကိုတော့ (ကျွန်တော်တို့မှာ တပါးကျွန်ဖြစ်ပါသည် နှစ်ပါးကျွန် မခံတတ်ပါ)ဟု ပြောဆိုပြီး အင်္ဂလိပ်မင်းများထံကိုတော့ မကျန်းမာ၍ မင်းမှုထမ်းရန် မဖြစ်နိုင်ကြောင်း ဆေးလက်မှတ်များ တင်ပြပြီး၊ တောင်တွင်းမင်းကြီးရာထူးကို စွန့်ပယ်ခဲ့ပါသည်။ မြို့လင်မြို့သူကြီးရာထူးကို မည်သည့်အခါကမျှ ဦးမင်းမောင်မလုပ်ဘူးပါ။ ခန့်လည်းမခန့်ဘူးပါ။ ၎င်း၏ အစ်ကိုဖြစ်သူ ဦးမင်းရောင်သာ မြို့လင်မြို့သူကြီးရာထူးနှင့် အမှုထမ်းခဲ့ပါသည်။

ဦးတင်လှ၊ လွှတ်တော်ရှေ့နေကြီး။